
www.burmeseclassic.com

# လရောင်ကျူးရင့်

## သင်မြတ်နိုးခွင့်

BURMESE CLASSIC



www.burmeseclassic.com

ပထမပိုင်း

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်
*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့်

# သင်မြတ်နိုးခွင့်

ရွှေသမင်စာပေ
အမှတ် (၁၇/၁၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၀၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၆၆၃၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၅၁၉၁၁၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၉–ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (ဧ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း


BURMESE CLASSIC



## အခန်း (၁)

မိုးသံက ကိုယ့်နောက်ကို မြင်းတပ်စစ်သည်တစ်သောင်းလောက် သဲကြမ်းလိုက်လာနေသည်နှင့်တူ၏။ ပြေးနှုန်းကိုထပ်မြှင့်ရင်း လေရှူးရယ်လိုက်မိသည်။

မိုးနဲ့လေရှူး စိန်ပြေးတမ်းကစားနေရသလို ထင်လာကာ ကိုယ်မှာ မိုးပေါက်တစ်ပေါက်မှ မစိုစေရဟု ဆုံးဖြတ်ပြီး မြဲထဲကို တစ်ရှိန်ထိုး ပြေးဝင်သည်။ မိုးစက်တွေက ထက်ကြပ်မကွာ မြည်သံပေး၍ ပါလာခဲ့၏။

"ဟိတ် ..."

ကျောနောက်မှာ အေးစိမ့်လာသည့်အသိကြောင့် မာန်တစ်ချက် သွင်း၍ သစ်သားလှေကားငါးထစ်ကို လှမ်းခနဲ ကျော်တက်ပစ်လိုက်၏။ ထိုအချိန်နှင့်ထပ်တူမှာပဲ အိမ်ခေါင်မိုးထက်သို့ တဖြောင်းဖြောင်းသွန်ချလာသည့် မိုးစက်တွေက လေရှူး ကိုယ်ပေါ် ကို ကျခွင့်မရခဲ့၍ ဒေါသ ခန်မှုန်ပြင်းနေသည့်နှယ် ...။

"ဟား ဟား ဟား ....."

လေရှူး ခါးတောက်၍ ရွှေ့ခနဲ ခုန်သည်။ ကိုယ်ကို နှစ်ပင်သုံး



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်သွားအောင် ခုန်ပေါက်ပစ်လိုက်သဖြင့် နားပန်းဆံပုံစံနှစ်ဖက် စည်းထားသည့် ဆံပင်ရှည်တွေလည်း ငြိမ်ငြိမ်မနေနိုင်။

"ဘာတတ်နိုင်သေးလဲ ... ဟား ဟား ဟား"

တအားရယ်နေသည့်အသံလေးက 'ဟောဟဲ' ဖြစ်နေသည်။ ငြိမ်ငြိမ်သက်သက် ရပ်လိုက်ပြီးတော့ ရင်ဘတ်လေးကို ပြန်ဖိထားရသည်။ သို့သော် ကိုယ့်အသံကိုယ်တောင် ပြန်မကြားနိုင်အောင် ရွာသွန်းနေသည့် မိုးစက်များကိုကြည့်ပြီး လေရှူး သဘောတွေကျနေ၏။

ခရီးက နီးလို့လား ..၊ မိုးတွေ အော်လာပြီဆိုတာ ကြားလိုက်ရာ စည်းက အနည်းငယ်ကျန်နေသေးသည့် ကွာစေ့ထုပ်ကို ရောက်ချင်ရာရောက် လွှင့်ပစ်လိုက်သည်။ ဗရုတ်သုတ်ခဖြစ်ကုန်ကြသည့်လူတွေထဲမှာ လေရှူးက လျစ်ခနဲ ပြေးတဲ့သူ။

ကားမှတ်တိုင်ကနေ လမ်းထဲဝင်ရသည်။ ကိုယ့်အိမ်က အလယ်ကြားသာသာမှာဆိုတော့ ဒီမိုးကို တစ်ချက်မှမထိအောင် လွတ်လာခဲ့တာ ကိုယ့်လိုလူ ဘယ်သူရှိမလဲ။

"အဲဒါမှတ်ထား ..."

တစ်ယောက်တည်းပြောရင်း ရယ်တော့ အရူးနှင့်တူနိုင်သည်။ လေရှူး ကတော့ ဘာနဲ့တူတူ ကိုယ့်ရဲ့ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းနှင့် ပတ်သက်သည့် ခံစားချက်အားလုံးမှာ ဘယ်သူ့ကိုမှ ဂရုစိုက်ထိန်းချုပ်နေဖို့မလိုဟု သတ်မှတ်ထားခဲ့သည်။

အားပါးတရကြည့်နေသည့် မိုးစက်တွေကို လက်ထဲနှုတ်ဆက်သလို တစ်ယောက်တည်းလုပ်ရင်း ဒီဘက်လှည့်လိုက်တော့ သော့ဖွင့်လျက်တန်းလန်းနှင့် တံခါးနှစ်ချပ်ကြောင့် မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွား၏။

"အမေ ရောက်နေပြီပဲ"





တံခါးကို အသာလေးတွန်းဖွင့်၍ အထဲဝင်လိုက်တော့ အထဲမှာ မှောင်မိုက်နေသဖြင့် လေရှူး နှာခေါင်းရှုံ့ပွပွဖြစ်သွားကာ ...

"အမေကလဲ၊ ပြတင်းပေါက်တွေအားလုံး ပိတ်ထားရင် မီးတော့ ဖွင့်ထားမှပေါ့။ ခုမှ နေ့နဲ့ည တစ်ပြိုင်တည်းလာတွေ့နေရတယ်"

ဖိနပ်ကို စနစ်ကျကျ မကျကျ ဖြစ်သလိုချွတ်ပစ်လိုက်သည်။

"အမေ .."

မိုးသံတွေကို ထွင်းဖောက်သွားအောင် တအားအော်ခေါ်လိုက်ပြီး .........

"အမေရေ၊ ဆောင်းလေရှူး ဆိုတဲ့ မိန်းမချောမိန်းမလှလေးရဲ့ ကျွေးသဖခင်ကြီး ..."

ဒီနေ့ အလုပ်သွားရှာခဲ့သည်။ အဆင်ပြေလာတော့ လေရှူး တစ်ကိုယ်လုံးမှာ အပျော်များနှင့်သာ ပြည့်လျက် ရွှင်မြူးတက်ကြွနေ၏။ ပြီးတော့ အမေနဲ့လေရှူးက သားအဖဆိုတာထက် မောင်နှမတွေလို သူငယ်ချင်းလို၊ အမျိုးမျိုးသော ရင်းနှီးပွင့်လင်းမှုများနှင့်သာ ဆက်ဆံပြောဆိုနေကျမို့ စကားလုံးတွေက တချို့လူတွေကြားလျှင် ကဲ့ရဲ့စရာပင်။ အမေကတော့ ဘယ်သူဘာပြောပြော အပြုံးမပျက်။

"လေရှူး ညည်းယောကျ်ားရရင်တော့ ဝါခေါင်းပေါ် အဲဒီကောင် တက်ထိုင်မှာ လုံးဝသေချာတယ်"

"မထိုင်ပါဘူး အမေရာ၊ လေရှူး ပြောလိုက်မှာပေါ့၊ ကိုယ့်ခုံနဲ့ကိုယ် လာခဲ့လို့"

"ဟာ ... ဒီခွေးသူခိုးလေးကတော့ ..."

သောက်ရေအိုးထဲက ရေကိုခပ်သောက်ရင်း ရေခွက်ကိုလည်း အသံမြည်အောင် ပြန်ချသည်။ အမေနဲ့လေရှူး ရင်းနှီးခဲ့တဲ့အကြောင်းတွေကို တွေးမိရင်း ရင်ထဲက အပျော်တွေရောစုရုံးကာ ပြတင်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်ကို သွားဖွင့်လိုက်သည်။ မိုးရေတွေက ဖြန်းခနဲ ကိုယ်မှာ လာစိုသွား၏။

"အံမာ .. အံမာ၊ ခုမှ ငါက တမင်တကာ အစိုခံလို့များ ... ဟွန်း"

မိုးစက်တို့ကို ချစ်စနိုးပြော၍ ချစ်သောအဖေ့ကို လိုက်ရှာမိသည်။

"အဖေရေ ..."

နောက်ထပ် လှမ်းခေါ်ကာ ထူးသံမကြားတော့မှ 'အဖေ ရှိရဲ့လား' ဆိုသည့် အတွေးလေးဝင်လာသည်။

"အဖေ ..."

ထပ်ခေါ်လည်း မထူးခဲ့ပါ။ သားအဖနှစ်ယောက်တည်းရှိပေမယ့် အဖေက အိမ်သိပ်မကပ်။

"သမီး ဘယ်သွားသွား တံခါးပိတ်ဖို့ မမေ့နဲ့နော်"

ဟုလည်း အမြဲတမ်း မှာတတ်သည်။ သူကကျတော့ ထွက်သွားပြီဆို တစ်ခါတလေ သုံးရက်လေးရက်ကြာသည်။ တစ်ပတ်လောက်မှာ အိမ်မှာကပ်တာဆိုလို့ နှစ်ရက်လောက်ပဲရှိနိုင်၏။

အိမ်က တစ်ဝိုင်းထဲမှာ အိမ်နှစ်လုံးဆောက်ထားသလိုဖြစ်နေသဖြင့် အိမ်နီးချင်းလည်း စိတ်ချရသည်။ ထို့ကြောင့် အဖေက အိမ်မကပ်တတ်ပါချေ။

"အကြောင်းကြီးငယ်ရှိရင် ခြေရင်းအိမ်ကို လှမ်းအော်လိုက်" ဟု လေရှူး ကိုမှာသည်။ ဟိုအိမ်ကိုကျတော့ တစေ့တစောင်းလောက် ကြည့်ရှုဖေးမပေးပါဟု အပ်ထားခဲ့၏။

"ငါမရှိတဲ့အချိန် မလိမ္မာရင် သုံးမပါလို့တော့ မမှာရဲဘူး။ အဲဒီလိုသာ မှာမိရင် ငါ့သမီး အရိုးတခြား အသားတခြား ဖြစ်သွားမှာလေ၊ ညည်းက မိန်းမဆိုးလေးပဲ"

သူ့သမီးအကြောင်းလည်း သူသိသည်။ သမီးကို တယုတယ ပြုစု





စောင့်ရှောက်လာခဲ့တာမဟုတ်ပေမယ့် ဂရုစိုက်ခဲ့သည်။ ရိုက်နှက်မဆုံးမခဲ့ဖူးသော်လည်း တတွတ်တွတ်ပြောနေတတ်တာလည်း ဆုံးမစကားတွေပဲဖြစ်၏။

ခုကျတော့ အဖေက အိမ်ထဲဝင်လာပြီး တံခါးမပိတ်ခဲ့ဘဲ ပြန်ထွက်သွားတာလား။ အဖေ့ကို မထူးမချင်းခေါ်ဖို့ ဆုံးဖြတ်ကာ 'အဖေ၊ အဖေ' ဆိုတာကို တစ်စတစ်စ အသံပိုခေါ်ကြည့်ရင်း နောက်ဖေးထိ ရောက်လာခဲ့၏။

"အဖေက ဘယ်မှာလဲ၊ မရှိဘူးလား၊ မရှိရင်လဲ မရှိဘူးလို့ ပြောလေ"

အဖေ မရှိလောက်ဘူးထင်ပေမယ့် လေရှူး က ထုံးစံအတိုင်း နောက်သည်။ တစ်ခါတလေ အဖေက ရှိနေလျက်နှင့် လေရှူး အသံအကျယ်ကြီးခေါ်တာကိုမကြိုက်တော့ မထူးဘဲနေတာမျိုးရှိသည်။

ဘာလို့ မထူးတာလဲဟုမေးလျှင် 'မထူးချင်လို့' ဟု ဖြေ၏။ ထိုအခါ လေရှူး ကလည်း ပြန်ညစ်ခဲ့ဖူးသည်။ အဖေ့ကို တကာယ်အရေးတကြီး လေသံနှင့် လေးလေးနက်နက် ခေါ်လိုက်ပြီး ...

"အဖေ ..."

"ဟေ ..."

"ခေါ်ကြည့်တာ"

အဖေ့မျက်နှာကြီး နီသွားတာကို သေချာကြည့်ပြီးမှ ကျောခိုင်းပစ်သည်။ ဒီဘက်လှည့်၍ အားပါးတရ ဖြုံးကာ ...

"မှတ်ထား ..."

ဟု ကြိမ်းဝါး၍ ရင်ဘတ်မှာ လက်သီးဆုပ်လေးကပ်၊ လက်မထောင်ကာ ကျေနပ်ပျော်ရွှင်ခဲ့ဖူးတာလည်းရှိ၏။

လေရှူး အဖေ့ကိုရှာရင်း တွေးလာရင်းနှင့် မတွေ့တော့ အသံလေး ပြန်တိတ်သွားခဲ့သည်။ အောက်နေခြင်းထက် မျက်လုံးကရှ၍ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်က ပိုသွက်လာ၏။

နောက်ဖေးရောက်ပြီး တစ်ပတ်ပြန်လှည့်တော့မှ မပိတ်ဘဲထားသည့် လေရှူး ၏ အိပ်ခန်းတံခါးချပ်မှာ ညှပ်ထည့်ထားသော စာရွက်ခေါက်လေးကို သတိထားမိလိုက်၏။

ဒါကိုမမြင်ဘဲ ဒီနားမှာ ခေါက်တုံ့ခေါက်ပြန်ဖြတ်နေခဲ့သည့် ကိုယ့်အဖြစ်ကိုလည်း ဒေါသထွက်သွားမိသည်။ ဒီအဖေဟာ ဘာတွေ လုပ်သွားပြန်ပြီလဲဟု တွေး၍ စာရွက်ခေါက်ကို ဖွင့်ဖတ်လိုက်သည်။

လေရှူး ....

အဖေ ပြဿနာပေါ် လို့ ခဏရှောင်နေရမယ်၊ ကိုယ့်ဟာကိုယ်နေတတ်သလို နေလိုက်ဦး။ ဒီကိစ္စက ညည်းနဲ့ဆိုင်တယ်နော်၊ 'အဖေကလဲ' ဆိုပြီး ရှုံ့မဲ့မသွားနဲ့၊ ပြန်လာရင် သတင်းထူးပေးမယ်၊ ညည်းဝမ်းသာမှာပါ ...။

အဖေ

လုပ်ပြီ ...။ ရှုံ့မဲ့သွားရုံမဟုတ်ဘူး၊ ဟွန်းခနဲ အသံထွက်ပြီး စာကိုဆောင့်အောင့်ခေါက်နေတာ ဒီမှာ အဖေလာကြည့် ...။

အနားမှာမရှိသည့်အဖေ့ကို မုန်း၍ စာခေါက်သည့်လက်ကို မြှောက်ပြနေမိသေးသည်။ အဲဒါကြောင့် ချစ်သဲ ကပြောတာ ...။ ချစ်သဲဆိုတာ လေရှူး ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်၏။

"နင်တို့သားအဖကလဲ အံ့ဩစရာပဲနော်၊ မောင်နှမလိုလို၊ ညီအစ်မတွေလိုလိုနဲ့၊ နင့်အဖေကလဲ ပေါ့ပေါ့ပဲ၊ နင်ကလဲ ဂရုမစိုက်ဘူး၊ အံ့ရော" တဲ့။

အဲဒါ ကဲ့ရဲ့လိုက်တာလေ ...။ အဖေ လေရှူး ကို ဂရုမစိုက်တာတွေပေါ့။ ခုလည်း သွားပြန်ပြီ။ နေတတ်သလိုနေ တဲ့။ ဒီနေ့ အလုပ်ရှာခဲ့တာ မရဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ တကယ် .. ရှားပါတယ်၊ အဖေ့





လို ချစ်စရာကောင်းတဲ့ အဖေ၊

ဒီလောက် မိုးတွေရွာနေတာ၊ အိမ်တံခါးတောင် ပြန်မပိတ်ခဲ့နိုင်ဘဲ ဘယ်လောက်အရေးကြီးတဲ့ကိစ္စမို့လို့လဲ၊ အဖေ တစ်ခါတလေ မဟုတ်တာတွေလုပ်နေပါတယ်လို့တော့ ထင်သား။

ပြောလိုက်ရင် ဝန်မခံချင်၊ ခုတော့ ဒါတွေပဲမဟုတ်ဘူးလား ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

ဝတ်ထားတာက ခိုပြာရောင် ရင်စေ့ခါးရှည်ကြီးကို လက်ရှည်နှစ်ဖက်က အဖြူရောင်ဖြစ်သည်။ ဒူးကျ ခိုပြာရောင်ဘောင်းဘီကျပ်ကျပ်လေးကြောင့် ပေါင်တံသွယ်သွယ်လေးက ထင်းနေသည်။

ဘေးနှစ်ဖက်မှာ ဆံပင်ရှည်တွေကို ခွဲစည်းထားကာ နားဆွဲဝိုင်းကြီးတွေက လှုပ်ခါနေသည်။ အင်္ကျီခါးပတ်တစ်ဖက်စ ချထားတာနှင့် ဘောင်းဘီက ရှိန်းကွင်းတွေက တန်းလန်းကျနေတာတွေ ရောကာ တစ်ကိုယ်လုံးမှာ ရှုပ်ယှက်ခတ်နေသည်။

ကိုယ့်သူငယ်ချင်းကို ငေးကြည့်၍ ချစ်သဲက ပြုံးမဲ့မဲ့မျက်နှာလေးနှင့် ကြို့နေသည်။

"လာပါ၊ ထိုင်ပါ၊ လာမယ်ဆိုပြီး လာချင်မှလာတတ်တဲ့ လေရှူး၊ လေရှူး ဆိုတဲ့အတိုင်းပဲ၊ တိုက်ချင်သလိုတိုက်၊ ရောက်ချင်ရာ ရောက်နေတာပဲနော်၊ နင် ရွှေ့လျားဖို့ကျတော့ ဗီအားမလိုဘူး"

အနားမရောက်သေးဘဲ အပြစ်တင်ပြောမိ၏။ ပြီးတော့ သူမအတွက်





ခုံကလေးကိုလည်း သေချာနေရာချထားပေးလိုက်သေးသည်။ လေရှူးက ခုံပုလေးမှာ ဝင်ထိုင်လိုက်ရင်း ရွှံ့မဲ့ပြကာ ...

"နင်ကလဲ၊ ဒါပဲသိတာ၊ ငါ့မှာ သမီးအဖြစ်မှာ စွန့်လွှတ်ခံနေရလို့"

"ဘာ ... ဘာရယ်"

"ဩော် ... ပြောတာကို ဆုံးအောင်နားမထောင်ဘူး"

"နင့်ဟာက မကြားဝံ့မနာသာ လေရှူးရယ်၊ ကဲ ... ပြောစမ်းပါ၊ အမွေပါ ဖြတ်လိုက်ရောလား"

"ဟုတ်တယ်၊ ပေးဖို့အမွေရှိရင် ဖြတ်သွားနိုင်သေးတယ်"

လေရှူးက မြီးရှည်တစ်ပွဲနှင့်အအေး မှာလိုက်ပြီးမှ အဖေ ခရီးထွက်သွားတာကို ပြောပြသည်။ အစက အလုပ်ရှာဖို့က အေးအေးဆေးဆေး၊ အခုကျတော့ မရှိမဖြစ်လုပ်ရတော့မည့်အဖြစ်တွေပါ ပြောလိုက်၏။ နားထောင်ပြီး ချစ်သဲ သက်ပြင်းချမိလေသည်။ လေရှူး ဟာ အဖေတစ်ခု သမီးတစ်ခုဘဝနှင့် စုတ်စုတ်ပြတ်ပြတ် ဆင်းရဲတာမျိုး တော့မဟုတ်ဘဲ မပြည့်စုံတာဖြစ်သည်။

အဖေဖြစ်သူကလည်း ပေါ့ပေါ့ပါးပါး ပျော်သလိုနေသည်။ သမီးလည်း ကိုယ့်ဘဝကိုယ်ထိန်း၊ ကိုယ့်လမ်းကိုယ်သွားဟု ကြေညာထားသည်တဲ့။ ကိုယ့်အတွက်၊ သမီးလေးအတွက် ဆိုပြီး အထူးကြိုးစားရှာဖွေတာ ဘာမှမလုပ်ဘဲ ဘာကြောင့်မှ ဝန်ထုပ်ဝန်ပိုး အပိုမလိုချင်တာမျိုးလို့ ပြောရမည်လား။

လေရှူး ဒီလောက်ထိ ကိုယ့်ကိုကိုယ် ထိန်းကျောင်းနေနိုင်တာပဲ ချီးကျူးဖို့ကောင်းပါသည်။ ဒါတောင်မှ သူ့အဖေက ရပ်ကွက်ထဲမှာ လူရိုသေ ရှင်ရိုသေ ရှိတဲ့သူဟု လေရှူးက ပြောသေးသည်။ ပြောလို့သာ ကြားရ၊ မယုံစရာပါလား ဟုသာ ပြောလိုက်ချင်တော့သည်။

"ဘာမှဲ့တာလဲ"

www.burmeseclassic.com



"ဘာမှမဲ့ဘူး၊ ကဲ ... ဆက်ပြောစမ်းပါ"

"ပြီးပြီလေ၊ အဲဒါပဲ၊ ငါ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"နေပါဦး၊ နင့်အဖေက အဲဒီလို နင့်ကိုထားထားပြီး ခရီးထွက်နေတာ၊ တော်တော်စိတ်ချလက်ချ ရှိတာပဲနော်"

ချစ်သဲ ကတော့ နားမလည်နိုင်ခြင်းများနှင့် အခြေခံသော အဖေ၏ ခံယူချက်များအပေါ်မှာ ဝေဖန်ချင်သူပါ။ သူမကျတော့ မိဘတွေက ချမ်းသာလောက် ချုပ်ချယ်ကြ၊ တားဆီးကြနှင့်ရှိကာ ခုလို ခဏတာ သွားလာလည်ပတ်ခွင့်လေးတောင် ခဲယဉ်းစွာ တောင်းဆိုရသည်ဟု ပြောဖူးသည်။

ထို့ကြောင့် အဖေ့ကို လေရှူး က နားလည်ပေမယ့် ချစ်သဲ က နားမလည်။

"ငါ ကြားဖူးတဲ့မိဘတွေအကြောင်းထဲမှာ နင့်အဖေလိုခံယူချက်၊ အယူအဆတွေ မကြားဖူးသလိုပဲ"

ဟုလည်း ပြောဖူး၏။ ခုတော့ ခေါင်းတညိတ်ညိတ်၊ ပါးစပ်ဖွင့် လျက်ဖြစ်သွားကာ ...

"အိမ်နီးချင်း ဘယ်လိုကောင်းကောင်း ကိုယ့်သမီးလေး တစ်ယောက်တည်းကိုများဟာ"

သူငယ်ချင်းမို့ လေရှူး ကလည်း ချစ်သဲ ဝေဖန်နေတာကို စိတ်မဆိုးတော့ပါ။

"ဟုတ်တယ်၊ အဖေက ငါ့ကို ပညာအမွေဆိုလို့ ဂျူဒို ကရာတေးလောက်ပဲ ကိုယ်တိုင်ပဲ သင်ပေးခဲ့တာ၊ မိန်းကလေးဘဝအတွက် ဒီပညာကမှ ပိုအရေးကြီးတာတဲ့"

"မဟုတ်တာပဲဟယ်၊ ဒါတော့ ဒါပေါ့၊ ဆယ်တန်းအောင်ပြီးတော့လဲ ပထမနှစ် ဆက်တက်ခဲ့ရတာ၊ နင့်ဟာနင် ရှာရတာမို့လား၊ ဒုတိယနှစ်





တောင် ဆက်မတက်နိုင်ခဲ့ဘူးဆို၊ တကယ်ဆို မိဘက ဝတ္တရားကျေသင့်တာ၊ ပြီးတော့ သားမဟုတ်ဘူးလေ၊ သမီးမိန်းကလေးတစ်ယောက်"

စိတ်ရှုပ်သည့်မျက်နှာလေးကနေ လေရှူး က ချက်ချင်းရယ်ပစ်လိုက်၏။

"အဖေပြောတာလဲ ဟုတ်တော့ဟုတ်ပါတယ်လေ၊ ငါ အဲဒီလို ပညာတွေတတ်လို့လဲ နင်တို့နဲ့ မတူတာပေါ့၊ ငါ့ကိုယ်ငါ ကာကွယ်နိုင်တယ်၊ မတွေ့ဘူးလား"

ချစ်သဲ ခေါင်းညိတ်လိုက်ရသည်။ သားအဖ လိုက်လည်းလိုက်ပါသည်။ ဖအေကလည်း ပေါ့ပေါ့ပဲ၊ သမီးကလည်း ကြာကြာစိတ်မညစ်တတ်၊ ချက်ရှည်မကျတတ်တဲ့သူ။

"ကဲ ... ဒါဆိုလဲ ညစ်မနေနဲ့တော့၊ ဒီမှာတွေ့လား၊ ဖိတ်စာ"

"ဟင် ... ဘာလဲ"

"မွေးနေ့ဖိတ်စာလေ၊ အရိုပ်စစ် ဟိုတယ်မှာ"

ဖိတ်စာ၏အဆင့်အတန်းကိုမြင်ကတည်းက လေရှူး လိုက်ခဲ့ဝမ်းသာသွား၏။

"အရိုပ်စစ်မှာ ...ဟုတ်လား"

ထပ်မေး၍ မျက်နှာလေးတစ်ခုလုံး ရွှင်မြူးသွားခဲ့သည်။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ ခဏခဏ မြင်နေခဲ့ရသည့် ဟိုတယ် ...။ အထပ်တိုင်းမှာ ရေကန်တွေ၊ ပန်းခြံတွေရှိသည်။ ဟိုတယ်သည် ဆလင်ဒါပုံ မကျတကျဖြစ်ပြီး အိပ်ခန်းတိုင်းမှာ မျက်နှာစာဖြစ်နေအောင် စီစဉ်ထားသည်ဟု ဆို၏။

သီချင်းစိတ်နှင့် ဖိတ်စာကို လှမ်းယူလိုက်တော့ ချစ်သဲက လက်ကို နောက်သို့ပစ်လိုက်ကာ ...

"ဆန္ဒမစောနဲ့၊ လိုက်မလား၊ မလိုက်ဘူးလား၊ အဲဒါပြော"



www.burmeseclassic.com

www.burmeseclassic.com



"အို … မလိုက်ဘဲနေမလား။ ငါ့အတွက် အဝတ်အစားသာ နင် လုပ်ပေးနေပါဦး၊ ဘယ်သူ့မွေးနေ့လဲ၊ နင့်ကိုဖိတ်တာ ငါအံ့ဩလို့"

လေရှူး က ဖိတ်စာကို လိုချင်လို့ လက်တပြင်ပြင်ဖြစ်နေသဖြင့် ချစ်သဲက ပြုံးစိစိနှင့် ဖိတ်စာကို လက်ဝါးနှင့် တဖတ်ဖတ်ရိုက်၍ …

"အံ့ဩစရာပေါ့၊ ငါ့ကိုဖိတ်မယ့်သူ ဘယ်သူရှိမှာလဲ"

"ဒါဆို …."

"ဒါ မမချစ်ဖူးရဲ့ ဖိတ်စာ၊ ငါ ခိုးထားတာ"

"ဟင် …"

လေရှူး စိတ်ဓာတ်ကျသွား၏။ မျက်နှာလေး ညှိုးသွားရှာကာ …

"နင်ကလဲ၊ သူများဟာကြီးနဲ့"

"အံမာ၊ ဒီလိုပဲ လှည့်ပတ်ထွက်နေကျဟာ၊ ဘာလဲ၊ မလိုက်ဘူးလား"

"လိုက်မှာပေါ့၊ အဟွန်း … ရမလားလို့ တင်းကြည့်တာ"

ချစ်သဲ က မျက်စောင်းထိုးသည်။ ဖိတ်စာကို မေးဖျားမှာ ပြောင်း၍ ရိုက်ပုတ်ရင်း စဉ်းစားနေကာ …

"အစကတော့ ငါသွားဖို့ စိတ်ကူးမရှိပါဘူး။ အဲဒီမှာဆိုတော့ သွားချင်လာတာလဲ ပါတယ်၊ ပြီးတော့ မမချစ်ကိုလဲ မသွားစေချင်လို့"

"ဘာဖြစ်လို့လဲ"

"ဟိုတယ်ပိုင်ရှင်ကို မမချစ်က အသေအလဲကျနေတာ၊ သိသာအောင် ကြွေတာ၊ သူ့ဟာသူ ဘာကောင်ကြီးပဲဖြစ်ဖြစ်ဟာ၊ ကိုယ့်သိက္ခာနဲ့ကိုယ်ပေါ့"

"ဘာ … ဘယ်လို … ဟိုတယ်ပိုင်ရှင်၊ ဟုတ်လား။ မမချစ်က ဟိုတယ်ပိုင်ရှင်နဲ့ ရင်းနှီးလို့လား၊ ဟိုက လူပျိုတဲ့လား"

"ပျိုလိုက်တာမှ ချောလိုက်တာ မှန်လို့၊ မြင်လိုက်ရင် ရင်ဘတ်ကို





ဖိပြီး ဖုတ်လှိုက် ဖုတ်လှိုက်ဖြစ်ကျန်ခဲ့အောင် ချောတာ၊ ဒါပေမယ့် အဲဒီသူဌေးက ဘာပြောတယ်မှတ်လဲ"

"အင်း … ဘာတဲ့လဲ"

"သူ့ကို သတင်းထောက်တွေက ချစ်သူမတွေ့သေးဘူးလား၊ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား မေးတော့ ပြန်ဖြေတယ်၊ အချစ်ဆိုတာ မြည်းစမ်းဖို့ပဲကောင်းတာ၊ ပိုင်ဆိုင်ထားဖို့ မလိုဘူးတဲ့"

"အံမာ …."

"အဲဒီလို … အဲဒီလို၊ ဟွန်း …နင်လဲ မမြင်ဖူးသေးတော့ ငါက လိုက်ပြချင်တာ"

"နင်က မြင်ဖူးတယ်ပေါ့"

"ဟင့်အင်း …"

အူကြောင်ကြောင်ခေါင်းခါပြီး ချစ်သဲက ရယ်သည်။

"ဂျာနယ်ထဲမှာ တစ်ခါမြင်ဖူးတယ်၊ အဝေးက တစ်ခါ ဖျတ်ခနဲ မြင်လိုက်သေးတယ်၊ ဘာပဲဖြစ်ဖြစ် ငါ နင့်ထက်သာပါတယ်"

"အင်းပါ၊ ကဲ … နင့်အစ်မနဲ့ ဟိုမှာဆုံမိကြရင် ဘယ်လိုလုပ်မလဲ"

"ဆုံပစေပေါ့၊ ဖိတ်စာမပါဘဲ သူ မသွားလောက်ပါဘူး၊ ဒါပေမယ့် သူက အဲဒီသူဌေးနဲ့ ရင်းနှီးတော့ သွားချင်လဲသွားမှာ၊ ပြောလို့တော့ မရဘူး။ ငါတို့ကျတော့ ဒီဖိတ်စာက မပါလို့မရဘူးလေ၊ ဖိတ်စာမပါရင် ဝင်ရဘူး"

"ကြိုးကျယ်လိုက်တာ၊ ချစ်သဲ … ငါတို့သွားဖြစ်အောင် သွားမယ်"

"ဒါပေါ့"

"ဒါနဲ့ မွေးနေ့ရှင်က ဘယ်သူလဲ"

"သူပဲလေ"

"အယ် …"



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲတော့ ဖြစ်သွားၵ၏။ စီစဉ်ထားပြီးပုံရသည့် ချစ်သဲ ကတော့ မျက်နှာမပျက်ပါ။

"သူ ဆိုတော့ ဘာဖြစ်လဲ၊ အဲဒါကြောင့်ကို သွားသင့်တာ၊ သူများက အဲဒီမှာလုပ်တာဆိုရင် သတ်မှတ်တဲ့နေရာလေးမှာပဲ ရှိမှာ၊ ပိုင်ရှင်ဆိုတော့ ကြီးကျယ်ခမ်းနားမယ်၊ အစားကောင်း အသောက်ကောင်းတွေ ပါမယ်၊ ငါက နင့်ကို စားစေချင်လို့"

"အေးပါ၊ ဘာဖြစ်ဖြစ် ဒီပွဲကို ငါ လိုက်မှာ"

'ညီစေ' ဟု ပြောကာ ညာဘက်လက်သန်းချင်း ချိတ်လိုက်ကြသည်။

သူများကား၏ နောက်မီးလုံးကွဲအောင် ပြုမူလိုက်မိသည့် ချစ်သဲ တစ်ယောက် ဒုက္ခအကြီးအကျယ်ရောက်နေတုန်း လေရှူးနဲ့ စတင်ဆုံစည်းခဲ့တာဖြစ်သည်။ ဘဝအခြေအနေချင်းမတူပေမယ့် စိတ်ဓာတ်စရိုက်ချင်းတော့ တူကာ ချစ်သဲနဲ့လေရှူး ရင်းနှီးခင်မင်ခဲ့ကြတာဖြစ်သည်။

သူများကားမီးလုံးကွဲတော့ ကိုယ့်ကြောင့်မို့ ဟိုဘက်က ပြောဆိုသမျှကို ချစ်သဲ လှိမ့်ခံနေခဲ့ရသည်။ စွာတော့ စွာတတ်ပါသည်။ ဒါပေမယ့် တစ်ဖက်ကားပေါ်မှာ ကိုယ့်ထက်စွာ၍ အုပ်စုတောင့်ကြတော့ ချစ်သဲ မလှန်နိုင်။ အမြင်မတော်လျှင် ဝင်ပါချင်တတ်သည့် လေရှူး ကြောင့် ချစ်သဲ အားရှိသွားခဲ့သည်။ ရှုံးနိမ့်နေရခြင်းမှ နာလန်ပြန်ထူနိုင်ခဲ့သည်။

အဖြစ်က ဒါပါပဲ။ သို့သော် ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်ခဲ့ကြသည်။ ချစ်သဲ၏ ကူညီမှုကြောင့် ဒီလိုပွဲမျိုးတွေကို လေရှူး တက်ဖူးခဲ့သည်။ မစားဖူးတာတွေလည်း စားရ၏။ မဝတ်ဖူးတာတွေလည်း ချစ်သဲက ဆင်သည်။ ခုလည်း ချစ်သဲ၏ကျေးဇူးကြောင့် ရောက်ဖူးရတော့မည်။

'အရိပ်စစ်' ဟိုတယ် သို့ ..............။

❂ ✿ ❂





အခန်း (၃)

ဖိတ်စာနှင့်ဝင်တာဆိုတော့ မွေးနေ့ပွဲထဲကို အခက်အခဲမရှိ ရောက်လာခဲ့ကြသည်။ ရှစ်ထပ်မြောက် အလယ်ခန်းမမှာ ကျင်းပသည့် မွေးနေ့ပွဲက လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေတာမျိုးတော့ မဟုတ်ပေ။

အလယ်မှာ စိမ်းမြဖိတ်လဲ့နေသည့် ရေကန်ကြီးရှိကာ ကန်ပေါင်ပတ်လည်မှာ အလှပန်းအိုးများနှင့် သစ်ပင်အတုတွေလည်း ဆင်ထားသည်။ သစ်ပင်တွေမှာ ရောင်စုံမီးသီးလေးတွေ ဆင်ထားပုံက သစ်ပင်တွေပျောက်ကာ ရောင်စုံကောက်ကြောင်းလေးတွေပဲဖြစ်ပြီး ရေပြင်မှာလည်း ရောင်စဉ်တွေ ဖြာနေသေးသည်။

နေရာခပ်ကျဉ်းကျဉ်းမှာ စားပွဲတွေ တန်းစီပတ်ခွေထား၏။ စားစရာကျတော့ ဘူဖေးစနစ်မို့ စားသောက်စင်ကို တစ်ကန့်သပ်သပ် ခေါးမှာထားပေးသည်။

စားပစ်မှာ၊ ကဲပစ်မယ်လို့ ကြိမ်းဝါးလာခဲ့ပြီးမှ လေရှူး မစားနိုင်။ စားစရာတွေက အမျိုးမျိုးရှိနေပေမယ့် ဘယ်နိုင်ငံက ဘယ်လိုမစား



www.burmeseclassic.com

www.burmeseclassic.com



အစာတွေမှန်းမသိ။ ဘယ်ပန်းကန်ဆွဲပြီး ဘယ်လိုထည့်ရမှန်းလည်း မသိတော့ နှစ်ယောက်သား သူများတွေလုပ်သွားကြတာကို မသိမသာ အကဲခတ်ပြီး ခပ်တည်တည်နဲ့ လိုက်ထည့်ရသည်။

ချိုသလား ချဉ်သလားမသိသော စားစရာတွေကို စားပွဲမှာချ၍ ထိုင်လိုက်တဲ့အထိ စိတ်ပျက်စွာ ...။

"ဟဲ့ ..."

ချစ်သဲက ခပ်ကြိတ်ကြိတ်ခေါ်သည်။ လေရှူး က မကြည့်ချင် ကြည့်ချင်နှင့် စိတ်မရှည်သလို မျက်လွှာပင့်ကြည့်သည်။

"ဘာဖြစ်နေတာလဲ စားလေ"

"ဘာတွေမှန်းမှမသိတာ၊ နင် စားကြည့်ပါလား၊ ချိုရဲရဲ၊ ချဉ်စုပ် စုပ်တွေ"

"နင်ကလဲ၊ ထမင်းကြမ်းနဲ့ပဲပြုတ် မစားရတဲ့ဘောသား၊ လက်ဖက် ရည်ပွဲကြည့်ပြီး ငိုင်နေတာကျနေတာပဲ၊ စားချင်စိတ်မရှိရင်လဲ ရှိုးပေါ့ဟာ"

ဟန်ဆောင်ပန်ဆောင်မျိုချသင့်တာကို သိသည်။ ဒါပေမယ့် လျှာ ကမှ ဟန်မဆောင်နိုင်တာ၊ ဒီပြင်စားပွဲတွေကို ကြည့်လိုက်တော့ ကိုယ့် လိုမဟုတ်ပေ။

လေရှူး နှုတ်ခမ်းလေး ရှုံ့တွသွားသည်။ အလကား ... မကောင်း မှန်းသိရက်နဲ့ ဟန်လုပ်ပြီး မျိုချနေတာ ... ဟွန်း ။

ရှုံ့မဲ့ပြီးတော့လည်း ခက်ရင်းနဲ့စားပါးလေးကိုကိုင်၍ သူတို့လိုပဲ လေရှူး လိုက်လုပ်ရသည်။ ကိုယ့်ခေလေ့၊ ကိုယ့်အစားအစာနဲ့ပဲ ပါးစပ်က အဆင်ပြေသည်။ မြန်မာက မြန်မာ့အစားအစာကိုပဲ နှစ်သက်မှာပေါ့။ တရုတ်အစားအစာလောက်ကို နှစ်သက်တယ်ဆိုရင်တောင် သဘာဝ ကျသေးသည်။

ခုတော့ စိုစိစိ နီရဲရဲတွေရော၊ အစိမ်းတွေ၊ အဝါတွေ စုံနေသည်။





အသားကို ဘယ်လိုပုံစံလှီးဖြတ်ပြီး မစစ်ရှက်လို တွန့်ချိုးထားမှန်းမသိ၊ ဒိုဆိုးတာက ချက်ပြုတ်ထားတာနှင့် လုံးဝမတူတာပဲဖြစ်၏။ စိုစိစိ နီတိတိတွေက ကင်ပြီး ဒီတိုင်းချထားတာလား၊ အစိမ်းအတိုင်းကြီးလား။

လေရှူး နားထဲမှာ မွေးနေ့ရှင်ကိုရော၊ တူရိယာသံတွေကိုရော ဘာမှမရှိတော့ဘဲ မျက်စိရှေ့ရောက်နေသည့် ပန်းကန်ထဲမှာပဲ အာရုံက စူးစိုက်နေသည်။ ချစ်သဲ ကိုကြည့်လိုက်တော့ အလဲ့ ... သူ့ကျတော့ ဟုတ်လို့ပါလား။

ချစ်သဲက လှီးလိုက် ဖြတ်လိုက်နှင့် အဆင်ပြေနေသည်။ ခက်ရင်း နှင့် ဖိထောက်ဆွဲလွဲကြည့်လို့မှမရလျှင် ပါးစပ်ထဲ ဒီတိုင်းထိုးသိပ်ထည့် ၏။ လေရှူး ကြည့်နေတာကို မျက်လွှာပင့်ကြည့်ပြီး မျက်လုံးပြူးပြ သည်။ ပန်းကန်ကိုမေးဆတ်၍ သူ့လိုပဲစားဖို့ တိုက်တွန်း၏။

ပြီးတော့ ကနေကြသည့်ဘက်ကို လက်ညှိုးထိုးပြသည်။ လေရှူး က 'အိုကေ' ဟု မျက်ခုံးလေးနှင့်အချက်ပြ၍ စားသောက်ခြင်းကို ကြိုးစားပမ်းစား ဆောင်ရွက်သည်။

ထိုစဉ်မှာ စားပွဲအသီးသီးမှလူတွေ ထသွားကြလေသည်။ နှစ်ယောက် သား ခေါင်းထောင်ကြည့်လိုက်တော့ ရေကန်၏ထိပ်စားပွဲမှာ မွေးနေ့ ကိတ် လှီးပြဖို့အစီအစဉ်ဖြစ်၏။

"ဘယ်မှာလဲဟဲ့၊ မွေးနေ့ရှင်က ..."

"မတွေ့သေးဘူး"

"ဟွန်း ..."

မကောင်းတကောင်း စားစရာတွေကို မျိုချရှုံ့မဲ့၍ လေရှူး က ခက်ရင်းကို ဆောင့်ချသည်။ ကြည့်လိုက်တော့ ပန်းကန်ထဲမှာ ပြောင် သလင်းခါနေသည်။

လေရှူး တို့က မကြိုက်ဘူးဆိုပေမယ့်လည်း အဲဒီလို မျိုချပစ်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးသည်။ ချစ်သဲက ပြုံးစိစိနှင့် ...

"ဘာလဲ၊ မဝလို့ ဒေါသထွက်နေတာလား၊ သွားထပ်ယူလေ"

"မဝစရာလား၊ မကျက်တကျက်ဆေးဆိုးပြီး အရောင်တင်ထားတာတွေ မျိုချနေရတာ၊ တကယ်ပါပဲ၊ မွေးနေ့ဆိုပြီး မွေးနေ့လက်ဆောင်လဲ မပါကြဘူး၊ ကြိုမယ့်သူ မရှိ၊ နှုတ်ဆက်မယ့်သူ မရှိ၊ တကယ့်ဘိုရူးပဲ"

"ဟုတ်တယ်၊ ရူးဖူးအောင်လို့ နင့်ကိုခေါ်လာတာ၊ ငါတောင် ဒီမှာ ဒါမျိုးကြုံဖူးတာ၊ လာ ...ထ၊ ဟိုမှာ သွားကြည့်ရအောင်"

"နင့်အစ်မ မလာဘူးနော်"

"ကောင်းတာပေါ့၊ ဖိတ်စာမရှိလို့ဖြစ်မှာ၊ ဝမ်းသာလိုက်တာ ... ဟွန်း"

နှစ်ယောက်သား မွေးနေ့ကိတ်လှီးနေကြသည့် နေရာနားရောက်တော့ 'ဟက်ပီဘတ်ဒေး' သီချင်းသံက ငြိမ့်ငြိမ့်တိုးတိုးလေးကနေ စတင်လာ၏။

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ညံသွားသည်။ ထိုအခါကျမှ အားလုံးဝိုင်းဝန်းဆိုလိုက်ကြသည့် ဟက်ပီဘတ်ဒေးသီချင်းသံက မြူးကြွမြိုင်ဆိုင်စွာ ထွက်ပေါ်လာခဲ့လေသည်။

"ဟော ... ဟိုမှာ ... ဟိုမှာ၊ အဲဒါမွေးနေ့ရှင်ပဲ"

"ဘယ်မှာလဲ"

လူတွေ စုရုံးနေကြတော့ အသည်းအသန်ရှာကြည့်မိသည်။ စားပွဲ၏နောက်မှာ ပျော့အိပြောင်လက်နေသော အနက်ရောင်ဝတ်စုံနှင့် ဆံပင်က ကုပ်ပေါ်မှနားရွက်နောက်ထိ ဘာမှမရှိဘဲ အပေါ်ပိုင်းမှာပဲ အရှည်ထားသဖြင့် နောက်က အုန်းမှုတ်ခွက်နှင့်တူကာ ရှေ့ကျတော့ မျက်နှာပေါ်မှာ ဖရိုဖရဲ။ ရုပ်က တော်တော်ချောပါလျက်နှင့် ပိုချောအောင်လုပ်ထားတာက မုန်းဖို့ကောင်း၏။





"ဟိုအနက်နဲ့ တစ်ယောက်လား"

"အေးလေ၊ မျက်နှာက ဖြူနေတာပဲ ... မမြင်ဘူးလား၊ ဒီလောက်ထင်းနေတာ၊ သူ့နှုတ်ခမ်းတွေရဲနေတာ မြင်လား၊ အဲဒါ သဘာဝအတိုင်းပဲတဲ့၊ မမချစ်ဖူး အဲဒါကိုပဲ ပြောမဆုံးတာ"

လေရူး ကတော့ ဘာမှထူးခြားစွာ ချောမောနေသည်ဟု မထင်ပါ။

"နှုတ်ခမ်းတွေက သဘာဝအတိုင်းပဲလို့ ဘယ်သူပြောလဲ၊ ဒီခေတ်ထဲမှာ ပိုက်ဆံရှိရင် ကြိုက်တဲ့ပုံစံနဲ့လှအောင် လုပ်လို့ရတယ်၊ ပြောလေ၊ နင့်နှုတ်ခမ်းကို ဘယ်လိုအရောင်တင်ချင်တာလဲ"

ပြောနေရင်း ထိုနေရာမှလှည့်ထွက်ခဲ့သည်။ အမျိုးသမီးအားလုံးလိုလိုပဲ ထိုနေရာမှာစုပြုံနေသဖြင့် စားပွဲတွေမှာ လူမရှိပေ။ စောစောက ဟိုဘက်မှာ ကနေကြသည့် စုံတွဲတွေလည်း ခုတော့ ဒီဘက်ရောက်လာကြကာ မွေးနေ့သီချင်းကို ဆိုနေကြ၏။

မွေးနေ့ဆိုပြီး လာသမျှလူကို ကြိုဆိုတာမရှိဘဲ သူ့လူနဲ့သူ့အသက်ဘတော့ ဟုတ်လို့ပါလား။ အားလုံးရင်းနှီးရယ်မောကြလို့ သီချင်းသံတွေရော ဆူညံနေတော့သည်။

မွေးနေ့ရှင်က လက်မြှောက်၍ ကျေးဇူးတင်ကြောင်းတွေ ဘာညာကွိကွတွေ ပြောသံကြားရပြီး လာတဲ့လူတွေလည်း သူ့နေရာသူ ပြန်ရောက်ကုန်ကြ၏။ မွေးနေ့က ခုမှတကယ်စသလို ပို၍ဆူညံကာ နိပြခြင်းသို့ရောက်၏။

"အုပ်စီး .."

"ဟင် ..."

"ဟိုမှာ ကြည့်စမ်း"

သူ့ပါးစပ်နားရောက်နေသည့် ဖိုင်ကို ထွတ်ဦး က ဆွဲယူပစ်လိုက်သဖြင့် မျက်မှောင်ကုတ်သွားမိသော်လည်း မျက်လုံးကတော့ ထိုဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိပြီးဖြစ်လေသည်။

နက်ပြာရောင်ရင့်ရင့်က အနက်ဘက်ကို လုနေ၏။ ဝတ်စုံသည် ခြေသလုံးတစ်ဝက်လောက်မှာ လှုရိုင်းတွေလို အတိုအရှည်အမြိတ်တွေ အဖြစ် ပျော့အိတွဲကျနေသည်။ လည်ပင်းမှာကျတော့လည်း ဒယ်အိုးပုံ လို ဟိုက်ချထားကာ ပခုံးစွန်းနားကျမှ လက်ဖောင်းတွန့်တွန့်လေးတွေ ကို ကော်ဇော့အနက်လုံးလေးတွေနှင့် သီထား၏။ တင်းပြည့်သော ရင်ဘတ်လှလှလေးကို ပို၍ပေါ်လွင်စေအောင် ရင်ချိုင့်အောက်မှစ၍ တင်သားလေးတွေအထိ ကျပ်ကပ်နေလေသည်။

အဝေးကလှမ်းမြင်လိုက်ရသည့် ကိုယ်လုံးအလှမှာ သူ့ အသက် ရှူမှားသွား၏။ ဝင်းစိုဖြူနုနေသော ရင်ဘတ်ပြည့်ပြည့်လေးမှာ ဖန်စီ ကြိုးကုံးအနက်လေးက လော့ကက်လှလှလေးနှင့် ပေါ်လွင်နေသည်။

ဆံပင်တွေကလည်း အရှည်ကြီးပါပဲ၊ ဒါပေမယ့် နောက်မကျ တကျခပ်မြင့်မြင့်မှာ နှစ်ဖက်ခွဲစည်းထားသဖြင့် အနက်ရောင်နားကွင်း ဝိုင်းကြီးများနှင့် ပုံစံလေးက နုသစ်နေ၏။

“တော်တော်လှမယ့်ပုံပဲ”

သူ တိုးတိတ်စွာပြောတော့ ထွတ်ဦး က လူတတ်ကြီးပုံစံနှင့် ပြုံး သည်။ မိန်းကလေးကို မျက်နှာသေချာမမြင်ရပါ။ မုန့်ဘားနားမှာ ဖန် ကလပ်ကလေးနှင့် တစ်ဖက်က ဖွန်းခွက်လေးကိုင်ကာ ဘာစားမလို့ ရှာဖွေနေမှန်း မသိ။

“တော်တော်လှမယ့်ပုံ မဟုတ်ဘူး၊ တော်တော့်ကို လှတာ၊ ငါ အစောကြီးကတည်းက မြင်တယ်၊ မင်းမသိဘူးလား၊ ဖိတ်စာရလို့ လာ တာနေမှာပေါ့”

“ငါ မဖိတ်ဘူး၊ သိမှမသိတာ”

နှစ်ယောက်သား ခေါင်းချင်းရိုက်ပြီး တစ်ခွန်းနှစ်ခွန်းပြောလိုက်





လာရောက်နှုတ်ဆက်သူတွေကို ပြန်၍ပြုံးပြနှုတ်ဆက်လိုက်နှင့် မျက်လုံးတွေကတော့ ထိုဆီမှာပဲဖြစ်၏။

“ဟိုစားပွဲမှာထိုင်နေခဲ့တဲ့ ခရမ်းရောင်လေးနဲ့ အတူဝင်လာတာကွ၊ ပုံစံကြည့်ရတာ ဒီပွဲမျိုး ခုမှတက်ဖူးပုံပဲ၊ သိပ်မနပ်သေးဘူး၊ ဒါပေမယ့် ရေရေလည်လည် လန်းတယ်၊ မင်း စိတ်ဝင်စားလား”

သူက ခေါင်းညိတ်လိုက်၏။ ထွတ်ဦး ကလည်းခေါင်းညိတ်ကာ ...

“ခဏစောင့်၊ ငါ နည်းနည်းသွားဖောလိုက်မယ်”

“ဟေး ... ကိုစီး။ ဟက်ပီးဘတ်ဒေးနော်၊ အသက်ရာကျော်ရှည်ပါ စေ၊ ဒီ့ထက်ပိုပိုပြီး ချောလာပါစေ”

အနီရဲရဲကိုယ်ကျပ်နှင့် ဆံပင်တိုတိုကို ကိုရီးယားမင်းသမီးတွေလို ဘေးစောင်းနားမှာ စည်းတင်ထားသည့် ဆွေဇင်ဆက်က သူ့လက်ထဲ က ဝိုင်ကိုဆွဲယူလိုက်ပြီး နှုတ်ဆက်၏။ ဒီဝိုင်တစ်ခွက်ဟာ ခုချိန်ထိ ပါးစပ်ထဲ မော့ရသည့်အဖြစ်သို့ မရောက်။

“ဆွေ ... ခုမှရောက်တာလား”

“ဟော ... တွေ့လား”

ဆွေဇင်ဆက်က နှုတ်ခမ်းလေး စူသည်။ ဒီတော့မှ မွှေးနေ့ကိတ် လှီးနေတုန်းက သူ့လက်မောင်းမှာ ထပ်ဆုပ်ကိုင်၍ ကိတ်လှီးပေးကြ သော မိန်းကလေးတွေထဲမှာ သူမ ပါတာကို သတိရလိုက်သည်။

“သြော် ... ဟုတ်ပြီ၊ ဆောရီး ...”

သူ့မျက်လုံးတွေက နက်ပြာရောင်ကောင်မလေးနားမှာ မတ်တတ် ရပ်နေပြီဖြစ်သည့် ထွတ်ဦး၊ ထံသို့ တစ်ချက်ဝေ့သွားသေးသည်။ ဆွေဇင်ဆက်ကတော့ မသိ။

“ကိုစီးကတော့ ဆွေ့ ကိုဆို အမြဲတမ်းအမှတ်တမဲ့ပါပဲ၊ ဒါပေါ့လေ”

ဆွေဇင်ဆက်က စားပွဲတိုင်းမှာ မိန်းကလေးတွေချည်းဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို လှည့်ကြည့်လိုက်သေးသည်။ ပြီးမှ ...

"အားလုံးကို ပိုင်ဆိုင်နေတာဆိုတော့ အမှတ်တမဲ့တွေလဲ များမှာပေါ့"

"မဟုတ်ပါဘူးကွာ"

ဆွေခင်ဆက်သည် သူနဲ့ပတ်သက်ခဲ့ဖူးသည့် ချစ်သူများထဲက တစ်ယောက်ဖြစ်သည်။ သူမ ပြောသလိုပါပဲ၊ အချစ်နဲ့ပတ်သက်လျှင် 'လင်းအုပ်စီး' အတွက်က ကံထူးကံကောင်းတွေပဲမို့ နက်နဲခက်ခဲခဲ့တာ သိပ်မရှိပေ။

ခင်တာရော၊ ချစ်တာရော လွယ်လွယ်လေးပဲဖြစ်သည်။ တစ်ခါတလေ ကိုယ့်ကို မှန်နဲ့ စိတ်ကောက်တာ၊ စကားနာထိုးတာတွေ လုပ်လာရင်တောင်မှ သူမနဲ့ကိုယ် ချစ်သူဖြစ်ခဲ့သလား၊ သူငယ်ချင်းအဆင့်ပဲ ရှိခဲ့တာလား ပြန်စဉ်းစားရသည်။

တစ်ခါတလေ ပြီးခဲ့ပြီးသည့်တစ်ယောက်ကို သွားတွေ့ပြီး ဟိုပြောဒီပြော ပြောမိလို့ ရှင်းရတာတွေလည်း ရှိ၏။

"မင်း ဘာသွားလုပ်တာလဲ၊ ပုလဲနဲ့မင်း ခရစ်စမတ်မှာ ပြီးခဲ့ပြီလေ"

"ဟုတ်လား၊ ငါက မပြီးသေးဘူးမှတ်လို့"

ဟု ကိုယ့်ကိုကိုယ် ရယ်ချင်ပက်ကျိဖြစ်ခဲ့တာတွေလည်း မနည်းတော့ပေ။ သူ့အကြောင်း၊ သူ့ပြဿနာတွေကို ထမ်းပိုးသိမ်းကျုံး၍ တာဝန်ထမ်းဆောင်နေရသည့် ထွတ်ဦး ကလည်း သူငယ်ချင်းကောင်းပီသသလို တပည့်တစ်ယောက်လိုလည်း အားကိုးရသည်။

ကောင်မလေးက လှလွန်းလို့ သူငယ်ချင်းအတွက် သတိရတာပါ။ သူ အနားရောက်သွားတော့ သူမက မုန့်ပွဲကိုင်လျက်နှင့် ကနေကြသူတွေကိုငေးရင်း စားပွဲဆီကို လှည့်ထွက်လာပြီဖြစ်၏။ ပန်းတစ်ဖက်နှင့် သူမ၏ မုန့်ပွဲဘက်က လက်မောင်းလေးကို တိုက်ချပစ်လိုက်တာ မသိ





သောလေးပင်။

"ခွမ်း ..."

"အယ် ..."

အမှတ်တမဲ့နေတုန်းမို့ လေရှူး လက်ထဲက ခက်ရင်းနှင့်ဖန်ကလပ်လေးက ကျောက်ပြားပေါ်သို့ ပြုတ်ကျသွား၏။ ဖန်သားကလည်း ကွဲသွားသည်။ ခက်ရင်းကျသံကလည်း ကျယ်သွားသဖြင့် အားလုံးလှမ်းကြည့်ကြ၏။

လေရှူး မျက်လုံးလေး ပြူးဝိုင်းလျက် ပတ်ဝန်းကျင်ကိုရော၊ သူ့ကိုရော အထိတ်တလန့် ကြည့်သည်။

"မင်းက ငေးလိုက်တာကွာ"

"အို ... လေရှူး ကြောင့်မဟုတ်ဘူး၊ ခင်ဗျားတိုက်တာ"

"ဟာ ... မင်းဘေးမှာ တို့ရပ်နေတာ ကြာပြီ၊ မင်းက ဒီတက်ကို ခွတ်လှည့်လိုက်တာလေ"

ဟုတ်သည်။ လေရှူး ရုတ်တရက် ဘာမှမပြောနိုင်ဖြစ်သွား၏။

"ဟော့ ... ဒီမှာ လာရှင်းစမ်း"

သူ လှမ်းအော်လိုက်ပုံကိုမြင်တော့ ဒီဟိုတယ်က တာဝန်ရှိသူတစ်ယောက်မှန်း လေရှူး သိလိုက်၏။ ထို့ကြောင့် နည်းနည်းတော့ ရှိန်သွား၏။

"ဖယ်ပေးလိုက်"

အလုပ်သမားတစ်ယောက်ပြေးလာတော့ ကြောင်ကြောင်လေးရပ်နေသည့် လေရှူး လက်ကို သူက ကိုင်၍ တစ်ဖက်ကိုဆွဲခေါ်သွား၏။

"ဘာလုပ်တာလဲ၊ ဖယ် ..."

လေရှူး က လက်ကိုဆောင့်ရုန်းပစ်လိုက်သည်။ သူ့ဟာသူ ဘာကောင်ဖြစ်ဖြစ် ဆွဲစရာလား။ မျက်မှောင်းတစ်ချက်ပါထိုး၍ ချစ်သဲခဲ့ပြန်စိုက်ကြည့်လိုက်မြင်တော့ သူက ရှေ့ကနေပိုကြည့်စိုက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် လေရှး တဲ့လား"

"ဘာဖြစ်ဖြစ်ပေါ့"

"ဘယ်သူဖိတ်တာလဲ"

"ဘာ ..."

"မင်းကို သူဌေးက မသိဘူးတဲ့၊ ဒီပွဲက သူဌေးရဲ့ပွဲလေ၊ သူမိတ်ဆွေ နည်းနည်းလေးပဲ ဖိတ်တာ"

သွားပြီ ...။ လေရှး ဘာပြောရမှန်းမသိ။ သူဌေး ဆိုသော လူထံသို့ လည်ပင်းလေးရှည်ကြည့်လိုက်တော့ မိန်းမသုံးယောက်အလယ်မှာ စကားပြောနေသည့် မျက်နှာခပ်ဖောင်းဖောင်းကို မြင်ရသည်။

ဒီလူက ငါတို့ကို လှမ်းမြင်ပြီး ဆွဲထုတ်ခိုင်းတာများလား ...။

ချစ်သဲကို လှမ်းကြည့်လိုက်တော့ ချစ်သဲက 'ဘယ်လိုလဲ အခြေအနေ' ဟု မေးသလိုမျိုး စားပွဲကနေ မျက်ခုံးပင့်မေး၏။

"ဆောရီး ... မင်းက မွေးနေ့ကို လာချီးမြှင့်တာပဲ၊ ကျေးဇူးတင်ပါတယ်"

လေရှး ဒုက္ခရောက်သွားတာကို စာနာသလိုမျိုး သူကပဲ ခပ်ပြုံးပြုံးနှင့် တောင်းပန်ခွင့်လွှတ်ရင်း ....

"တို့က ထွတ်ဦး တဲ့၊ သူ့ရဲ့ ပီအေပေါ့၊ တို့နဲ့ မင်းလိုက်ကနိုင်မလား"

"ဘာ ..."

"ဟိုမှာလေ ... ကနေကြတာ၊ ဒီကိုရောက်ရင် အားလုံးဒီလိုပဲ လာပါ ... ခဏဖြစ်ဖြစ်"

"ဟာ ... ဟင့်အင်း"

လေရှး ဟင့်အင်းဆိုပေမယ့် သူများမဖိတ်ဘဲလာခဲ့ရသည့် ကိုယ့်အဖြစ်ကို မလုံလဲသည့်စိတ်ဖြင့် ...ိုက်လျှောလိုက်သလိုဖြစ်သွားခဲ့သည်။

ကနေကြသည့် အုပ်စုထဲ...င်းရောပါသွားပြီး ကလည်းမကတတ်ပေ...





...တ်ဦး ဆိုသည့်လူက လေရှး၏ လက်မောင်းကိုဆွဲလိုက်၊ ဆွဲလှည့်...ိုက် တစ်ခါတစ်ခါလုပ်ကာ ...

"က,လေ၊ နည်းနည်းပါးပါး လှုပ်ကွာ၊ ဒါ ခင်မင်မှုပဲဟာ"

တေးသံလေးက ငြိမ့်ပေမယ့် ဆွဲဆောင်မှုရှိ၏။ ဘေးမှာရော၊ ရေ...ဲမှာရော၊ ရောင်စုံတွေ ယှက်ဖြာနေသည်က ကိုယ့်ကိုကိုယ် နတ်ဘုံ...ာ်နန်းသို့ရောက်နေရသလို မြူးကြွလာစေသဖြင့် လေရှး ပြုံးလိုက်သည်။

ဘာဖြစ်လဲ၊ လူတွေအများကြီးနဲ့ ရောကတာ ဘာဖြစ်နိုင်မှာလဲ။

လက်လှုပ်၊ ကိုယ်လှုပ်ရုံလောက်တော့ မတတ်ဘဲနေမလား၊ ...လေရှး တို့က နိုင်ငံခြားသီချင်းတွေတောင် လိုက်ဆိုနိုင်သေးတာ၊ ကကြ...ိန်ကြတာလောက်တော့ အသာလေးရယ် ...။

တကယ်သွေးကြွလာတော့ ကရတာ ပျော်စရာပါပဲ။ ချစ်သဲ...တောင်မှ စိုးရိမ်တကြီးလိုက်ကြည့်နေရာကနေ ပြုံးနိုင်ရယ်နိုင်ဖြစ်သွား၏။

"ဟိတ် ..."

လူချင်းက နီးနီးလေးမို့ ထွတ်ဦး က ကပ်ခေါ်သည်။ လေရှး ...ကြည့်လိုက်တော့ ပြုံးပြကာ ...

"ဘယ်ကလာတာလဲ"

"အိမ်ကပေါ့"

ထွတ်ဦး က သဘောကျသလိုရယ်လိုက်ပြီး မျက်နှာချင်းဆိုင်က...နေရင်းကနေ ခါးကို လှမ်းကိုင်လိုက်၏။ လေရှး က ပုတ်ချပစ်လိုက်...သည်။ ဒါကိုလည်း သဘောကျနေသေး၏။

"သူဌေးကို မင်းသိလို့လာတာမို့လား"

စောစောကတော့ ဒါတွေထားလိုက်ပါတော့ ဆိုသည့်ပုံနှင့် ဒီကို...ခဲ့ခေါ်လာခဲ့သည်။ ခုကျမှ ဘာဖြစ်လို့ ပြန်မေးနေတာလဲ။

လေရှး ဖြုတ်ခနဲ ပျော်သွားသည့်စိတ်လေး ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ဦး က ရီဝေဝေကြည့်ကာ ...

"သူဌေးက မင်းကိုသဘောကျတယ်"

"ဟင် ..."

ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။ ဒါ ဘာစကားလဲ။

"ဟေ့ ... သိလား၊ သူ ဒီညလွတ်လပ်တယ်၊ မင်းကျေနပ်ရင် အဲဒီကအားလုံးကို တို့ရှင်းပေးလို့ရတယ်၊ ဘယ်လိုလဲ"

လေရှူး သိလိုက်ပြီ။ ထွတ်ဦး မျက်နှာကို စေ့စေ့စပ်စပ်ကြည့် လိုက်ပြီး အံကြိတ်၏။ ပြီးတော့ မထိတထိပြုံးလိုက်ကာ သူ ကိုင်လိုက် သည့်လက်ကို ခါချ၍ တစ်ဖက်လှည့်လိုက်သည်။ ထွတ်ဦး ကလည်း ထက်ကြပ်မကွာ လိုက်လာသည်။

အားလုံး၏အမြင်မှာ မျက်နှာချင်းဆိုင်ကနေကြတာပဲဖြစ်ကာ လေရှူး တို့အဖြစ်ကို ဘယ်သူမှ မသိကြပေ။

"ဘယ်လိုလဲ၊ တို့လမ်းဖွင့်ပေးမယ်၊ လိုက်မလား"

လေရှူး လှမ်းကြည့်လိုက်တော့ ပိုမိုများပြားလာသော မိန်းမတွေ အလယ်မှာရှိနေသော သူဌေးဆိုသူက ဒီဘက်ကိုလှမ်းကြည့်လိုက်တာနှင့် တိုး၏။

ဒီလိုပဲ လုပ်စားနေကျလား ...။ နှုတ်ခမ်းလေးမှာ မဲ့ရွဲ့ပစ်လိုက် ခြင်းကို သိသာအောင် လုပ်ပြကာ လေရှူး ဒီဘက်ကို ဖျတ်ခနဲ လှည့် လိုက်၏။

ဟန်ကျပန်ကျ ကသလိုလုပ်ရင်း အနားမှာ ယုတ်ယုတ်မာမာတွေ လာပြောနေသည့် ထွတ်ဦး ကိုယ်ကြီးကို အားရှိပါးရှိ ဆောင့်တွန်းပစ် လိုက်သည်။

"ဟာ ..."

"ဗွမ်း ..."





"အယ် ..."

"ရေထဲကျသွားပြီ"

"ဘယ်သူလဲ"

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ လေရှူး ဖျတ်ခနဲလှည့် ကာ လူအများဆုံးစုနေသည့်ထဲကို တိုးဝင်ပစ်လိုက်သည်။ အနားကို ရောက်လာသည့် ခရမ်းရောင်လေးက ချစ်သဲ မှန်းသိလိုက်ကာ ကမ်း လာသည့်လက်ကို ဖမ်းဆွဲလိုက်သည်။

ပြေးလိုက်စမ်း ဆောင်းလေရှူး .......။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"ဟား ဟား ဟား ဟား"

"အေးဖါ .. ရယ်ပါ၊ မင်းက .."

"ရယ်မှာပေါ့၊ မင်းက သေချာမစူးစမ်းဘဲ ဘာလိုင်းကြီးသွားရော တာ၊ ဟိုက ရေထဲပဲတွန်းချသွားတာ ကျေးဇူးတင်"

ပြောရင်းရယ်ရင်းနှင့် အဲဒီကောင်မလေးကိုပဲ သူ မြင်နေသည်။ အူကြောင်ကျားပုံလေးနှင့် ကမယ်ဆိုတော့လည်း လိုက်ကနေတာပဲ ဖြစ်သည်။ သူ လှမ်းကြည့်နေမိတုန်း ဗရုတ်သုတ်ခတွေ ထဖြစ်ကုန် သည်။ သတ္တိကတော့ မခေ။

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ချက်ချင်းကြီး မဟုတ်တရုတ်တွေ သွားပြောလိုက်တာလဲ"

"ပြောစရာမဟုတ်ဘူးလား၊ သူတို့က ဘာမှန်းညာမှန်းမသိဘဲနဲ့ ဝင်လာရောနေကြတာဥစ္စာ၊ မဖိတ်ဘဲနဲ့ ဝင်လာတာလဲသိလိုက်တော့ မင်းကို ပစ်ကျနေပြီလို့ ထင်လိုက်တာ"

ရောက်လာကြသည့် မိန်းကလေးတွေကလည်း ထိုနည်းနှင်နှင်





မို့ ထွတ်ဦး က လျှော့တွက်လိုက်ခြင်းဖြစ်မည်။ ဒါပေမယ့် ...

"အဲဒါ မင်းညံ့တာပေါ့၊ ဝင်လာကတည်းက မင်းကြည့်နေတာဆို ပြီးတော့ ဒီလောက်တောင် မင်း အကဲမခတ်နိုင်ဘူးလား"

"ဘာလဲ"

"အဲဒီကောင်မလေးက ဒီဘက်ကိုလာတာမှမဟုတ်တာ၊ သူ့ရဲ့စိတ် ဝင်စားမှုကို မင်းအရင်သိဖို့ ကောင်းတာပေါ့"

"အုပ်စီး"

"ဘာလဲ"

"ငါခံလိုက်ရတာ မင်းအတွက်နဲ့နော်"

"ငါ နိုင်းလို့လား"

"ပြီးရော၊ နောက်မှ ..."

"မဟုတ်ဘူးလေ၊ နောက်မခံရအောင် သတိထားဖို့ပြောတာ"

အုပ်စီး မျက်နှာက ပြုံးစိစိနှင့်၊ ထွတ်ဦး ကတော့ ဒေါသမှုပြနိုင်။ ပြောနေတုန်းကဖြင့် ဟုတ်တော့မလို၊ ကြည့်တော့မလို၊ ပြီးတော့ ထွက် ပြေးသွားလိုက်တာ ဘယ်မှာမှ အစရှာမတွေ့ပေ။

"နာမည်က လေရူး ဟုတ်လား"

"သိချင်ရင် သွားရှာပြီးမေး"

ထွတ်ဦး တင်းနေပြီကိုသိတော့ အုပ်စီး က ခပ်ပျော့ပျော့ရယ်ပြီး ပခုံးကို ဖက်လိုက်၏။

"ပြောပါကွာ၊ မင်းကလဲ၊ ချစ်စရာလေးပါ"

"ဘာမှ ချစ်စရာမကောင်းဘူး၊ ဒီတစ်ခါတွေ့လို့ကတော့ လက်သီး စာပဲ"

"ဟာ ... အဲဒါတော့ မရဘူးနော်၊ မင်း ကောင်မလေးကို မထိနဲ့"

"လုံးဝ မကျေနပ်ဘူး၊ ဒီမှာ အရှက်ကွဲခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ပေးရင် ကျေနပ်မလဲ၊ ကြိုက်တာပြော"

ထွတ်ဦး မျက်နှာကြီးက စိတ်ဝင်စားဟန်ဖြစ်လာ၏။ အချိန်ပြည့် အားနေကြသည့် သူတို့နှစ်ယောက်အတွက်မှာ မရောက်ဖူးသည့် ကော်ဖီဆိုင်မရှိ။ စားသောက်ဆိုင်ဆို ဘယ်လောက်ကောင်းတဲ့ သီးသန့် ခန်းဖြစ်ဖြစ် အကုန်ရောက်ဖူးသည်။ ကိုယ်က ဟိုတယ်ပိုင်ရှင်ပေမယ့် ကော်ဖီဆိုင်ထိုင်တာကို အုပ်စီး က အထူးဝါသနာကြီးသူဖြစ်၏။

ထို့ကြောင့် အထူးပွဲစီစဉ်ပြီဆို ခေါင်းခြောက်အောင် စဉ်းစားရ၏။ ဘယ်သွားရမလဲ၊ ဘာစားရမလဲ၊ စဉ်းစားစမ်း ...။ ကြိုက်တာ လက်ညှိုး ထိုး၊ ကောင်မလေးကို ကျေနပ်ပေးဖို့ သူ ဘာမဆိုပေးမည်။

တကယ်ကျတော့ ဟိုတယ်ပိုင်ရှင်ဟု နာမည်ကြီးနေပေမယ့် ဟိုတယ်နှင့်ပတ်သက်၍ အုပ်စီး ဘာမှစိတ်ဝင်စားတာမရှိ၊ ကိုယ်တိုင် လည်း ဘာမှလုပ်ကိုင်ခဲ့ဖူးတာမရှိပေ။

သူ့ရဲ့အထူးလုပ်ငန်းက ပျော်ပျော်နေမည်၊ လွတ်လပ်စွာ သုံးစွဲ သွားလာနေရဖို့မှာ ကောင်မလေးတွေလည်းပါ၏။ ရည်းစားမရှိသည့် နေ့ရက်၊ နာရီ သူ့မှာ လုံးဝမရှိဖူးသေးပါ။

သို့သော် သူဟာ ဟိုတယ်ကြီးနှင့်အတူ ရော၍ နာမည်ကြီးခဲ့ရပြီး သူဌေးဦးအောင်လင်းကနေ သူဌေးလင်းအုပ်စီး ဖြစ်ခဲ့ရ၏။

ဒါကျတော့ ပြောရမည်ဆိုလျှင် ... ကိုယ့်ကုသိုလ်နှင့်ကိုယ်။

❁ ✿ ❁





အခန်း (၅)

"ငါ့မှာ ကုသိုလ်ဘာမှမရှိခဲ့ဘူးထင်တယ်၊ ဒုက္ခရောက်ပြီဆိုတော့ အတာမ်းအလှမ်းကို မဲ့သွားတာပဲ"

"လေရှူးရယ်၊ မငိုတတ်ဘဲနဲ့ စိတ်ညစ်ခံမနေစမ်းပါနဲ့၊ ဖအေတစ် ယောက်လုံး ပျောက်သွားတာကို မငိုဘဲနေခဲ့ပြီးမှ နေစရာမရှိတာအတွက်နဲ့"

"ဟဲ့ ... ငိုတော့ရော အဖေက ပြန်လာမှာမှမဟုတ်တာ၊ အဖေ့ အကြောင်းကို ငါအသိဆုံး။ ဟိုတုန်းကတည်းက ငါနဲ့အဖေက သူငယ် ချင်းလိုပဲ နေခဲ့ကြတာ၊ ငါ့အပေါ် အထူးဂရုစိုက်ကြင်နာခဲ့တာလဲ မဟုတ်ဘူး၊ စောင့်ရှောက်တာက စောင့်ရှောက်တာပဲ၊ အဲဒါကြောင့် ထင်တယ်၊ အဖေထွက်သွားတော့ ရင်ထဲမှာ ဝမ်းနည်းသလိုလို၊ ဒေါသ ဖြစ်မိသလိုလိုနဲ့ အားကိုးမဲ့သွားတာမျိုး ဘဝပျက်မတတ်တော့ မခံစား ရပါဘူး"

"ဒါကတော့ သူပြောသွားသလို သွေးမတော်လို့ဖြစ်မှာပေါ့"

ဒီလိုပြောတော့လည်း လေရှူး မခံနိုင်ပါ။

"အဲဒီလောက်တော့ အဖေ ငါ့ကိုမစိမ်းခဲ့ပါဘူးဟာ၊ နှစ်တွေ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ရှာဖွေကျွေးမွေးခဲ့တာပဲ”

ဟု အားနည်းသောလေသံလေးနှင့် ခုစ်ပြောလိုက်မိ၏။ သားသမီးလို ရင်အုပ်မကွာ မွေးမြူခဲ့တာမျိုးမဟုတ်ပေမယ့် အဖေ ကျွေးမွေးစောင့်ရှောက်ခဲ့လို့ လေရူး ဒီအရွယ်အထိ ကြီးပြင်းရှင်သန်ခဲ့ရသည်။ ဥပေက္ခာတရားနှင့် စောင့်ရှောက်ခြင်းကို အဖေက တွဲလျက်ဆောင်ရွက်ခဲ့သလို လေရူး ကိုလည်း နားလည်တတ်အောင် လေ့ကျင့်ပေးခဲ့တာနှင့်တူ၏။

ယယ်ယယ်ကတည်းက ပွေ့ပိုက်ကြင်နာခဲ့တာမရှိခဲ့သော အဖေ့ကို လေရူး ကလည်း ပွေ့ပိုက်ကြင်နာစေချင်သည့်စိတ်မျိုး ဘယ်တုန်းကမှ မဝင်ခဲ့ပေ။

ဘယ်သူနဲ့ရန်ဖြစ်ဖြစ် အဖေ့လက်သုံးစကားက ချသာချ၊ ဆော်သာဆော်၊ ပြီးတော့ ပြောသေးသည်။

“ညည်းကို မိမဆုံးမ ဖမဆုံးမလို့ လူတွေကပြောရင် မနာနဲ့၊ ဟုတ်တယ်၊ မဆုံးမခဲ့ဘူးလို့ပဲ ပြန်ပြော၊ အဖေကလဲ ဒေါသမဖြစ်ဘူး၊ ဟုတ်တာပဲမို့လား၊ ညည်းမှာ အမေလဲ မရှိဘူး၊ အဖေကလဲ ဆုံးမခဲ့တာမဟုတ်တာ” တဲ့။

သူကိုယ်တိုင် ဤသို့သင်ပေးခဲ့တာဖြစ်သည်။ ပြီးတော့ ယောကျ်ားလေးတွေနဲ့ ရန်ဖြစ်လို့ရှုံးလာပြီဆို ‘သူတို့က ယောကျ်ားလေးတွေကိုလို့ ဘယ်တော့မှ သွားမပြောနဲ့။

“ဂုဏ်လေးချင်းပဲ ရှိသေးတာ၊ ယောကျ်ားမိန်းမ အင်အားက အတူတူပဲ၊ ဘာလို့ ရှုံးခဲ့ရတာလဲ”

ဆိုပြီး ခေါင်းထပ်ခေါက်သည်။ ဘယ်သူနဲ့ရန်ဖြစ်ဖြစ် ကုတ်ဖဲ့လုံး ထွေးမသတ်ရဘူး ဟုပြော၍ ကရာတေးသင်ပေးခဲ့တာလည်း ရှိသည်။ တော်လှ တတ်လှသည်မဟုတ်ပေမယ့် ထိုးတာ ကန်တာလောက်ကို





ကျကျနန ကျွမ်းကျင်ပြီးသည့် လေရူး ကလည်း ထစ်ခနဲဆို လက်ပါသာခဲ့၏။

ငိုတာကို အလွန်မုန်းသည့် အဖေ့ရှေ့မှာ အဖေ ချိုးနှိမ်ပြောတာတွေကို မခံချင်တာနှင့် မငိုမိအောင် ထိန်းချုပ်ခဲ့ရင်း ခုတော့ တကယ်ငိုတတ်တော့ပါ။

လေရူး ငိုင်နေတော့ ချစ်သဲ က စိတ်မကောင်းစွာကြည့်၍ ....

“ဒါ နင့်ကို စိတ်ပြေလက်ပျောက် ဘယ်ခေါ်သွားရမလဲ”

“တော်ပါပြီဟာ၊ ဟိုညကလိုဖြစ်ရင် ဒီတစ်ခါဆို လွတ်အောင်ပြေးနိုင်ဖို့ မသေချာဘူး”

စကားပြောကြရင်း ထိုညဆီသို့ ဦးတည်သွားမိကြသည်။ ချစ်သဲ ကရယ်လိုက်ပြီး ...

“နင်ကလဲ မဆင်မခြင်လုပ်လိုက်တာကိုး၊ ကိုယ်မကြိုက်ရင် ကြိုက်ဘူးပေါ့”

“ဟာ ... နင်မသိဘဲနဲ့၊ သူက ချစ်တာကြိုက်တာကို ပြောတာမှမဟုတ်တာ”

“ဒေအးလေ”

“တော်ပါဟာ၊ ရှုံလွန်းလို့၊ ငါဖြင့် ဒီတစ်ချက်တည်းနဲ့ ဟိုတယ်ပိုင်ရှင်ဆိုတဲ့လူကိုပါ အထင်ကြီးလို့မရတော့တာ”

“မဟုတ်လောက်ပါဘူးဟာ၊ အဲဒီလူ သက်သက်ငါတို့ကို အထင်သေးပြီး သွေးတိုးစမ်းတာဖြစ်မှာပါ၊ ငါတို့ကိုမဖိတ်ဘဲ ဝင်နေကြတာမှန်းသိလို့ ဖြစ်မှာပေါ့”

“မဖိတ်ဘဲ ဝင်တာနဲ့ပဲ ဒီလိုထင်စရာလား၊ ငါတို့က စုတ်စုတ်ပြတ်ပြတ်သွားတာမှမဟုတ်ဘဲ”

“လေရူးရယ်၊ အဲဒါကြောင့် ပိုထင်တာပေါ့၊ စုတ်စုတ်ပြတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ရင် အခန်းထဲက ဆွဲထုတ်ခံရတာပဲရှိမယ်"

လေရှူး ကတော့ ဘယ်တော့မှ ကျေနပ်မှာမဟုတ်ပေ။ အဲဒီ ထွတ်ဦး ဆိုတဲ့ မျက်နှာကြီးကို ပြန်ပြန်သတိရပြီး မေးဖျားကို လက်သီးနဲ့ သုံးလေးချက်လောက် ပင့်ထိုးပစ်လိုက်ချင်မိသည်။

"ကဲပါ၊ အဲဒါတွေ မပြောတော့ဘူး၊ နင် အခုဘာလုပ်မှာလဲ"

"မသိဘူး၊ အိမ်တံခါးပိတ်ပြီး ထွက်လာခဲ့တာ"

"အိမ်က ဘယ်သူ့ကို ရောင်းခဲ့တာတဲ့လဲ"

"မသိဘူး"

"နင့်အဖေ နင့်ကို အဲဒီမှာကပ်နေမှာစိုးလို့ တမင်ပြောတာများလားဟယ်၊ ဒီလိုလုပ်မှ သူ့အဖေအရင်းဆီ ရောက်သွားမှာဆိုပြီးတော့"

လေရှူး က ခေါင်းခါပြီး ခြံထဲမှာရှိသမျှ ပန်းပင်တွေကို အဓိပ္ပာယ်မဲ့ လျှောက်ငေးနေ၏။

"ကိုယ့်အိမ်မှာပဲ ကိုယ်နေကြည့်လိုက်ပါလား လေရှူးရယ်၊ တကယ် ဝယ်ထားတဲ့သူလာတော့ ..."

"ဆင်းတော့ လို့ သူများပြောမှ ငါက အထုပ်ဆွဲပြီး ဆင်းရမှာလား"

"လေရှူးရယ်"

"ငါ့မှာ အဲဒီလိုမာနမျိုးရှိတာ အဖေသိတယ်၊ ဘာကြောင့်ပဲပြောခဲ့ပြောခဲ့၊ ဒီလိုပြောခဲ့ရင် ငါနေမှာမဟုတ်ဘူးဆိုတာ သိလို့ပြောတာ"

"ငါက နင် ဒုက္ခရောက်မှာစိုးလို့ ပြောတာပါ၊ ပစ္စည်းတွေရော"

"ဘာမှမပါဘူး၊ အဝတ်အစားပဲ ထည့်ယူလာတာ"

"ဘယ်မှာလဲ"

"ငါ နေမယ့်နေရာမှာ"

လေရှူး က စိတ်ဆိုးနေပြီဆို ဘယ်တော့မှ စကားကောင်းပြောလို့ မရပေ။ ဘာပဲဖြစ်ဖြစ် ချစ်သဲ ကတော့ လေရှူး အပေါ်မှာ စိတ်မဆိုး





ဘတ်အောင် ကိုယ့်ကိုကိုယ် လေ့ကျင့်ထားခဲ့ပြီးသားပင်။

လေရှူး က ချစ်စရာကောင်းသည်။ ကူညီစရာရှိလျှင် ကိုယ်ကျိုးမှန်ကူညီတတ်၏။ ဒါပေမယ့် ဆင်းရဲရှာသည်။ စိတ်ဆတ်သည်။ ထို့ကြောင့် လေရှူး နှင့်ပတ်သက်၍ ချစ်သဲ သည်းမခံနိုင်ဖွယ်ဖြစ်ခဲ့တာ ဘာမှမရှိလောက်အောင် နားလည်ပေးနိုင်ခဲ့၏။

ဘဝနှင့်ပတ်သက်သည့် ဒီပြဿနာအရေးအခင်းကျမှ ကိုယ်လည်း ဘာမှမတတ်နိုင်တော့တာကို စိတ်မကောင်းကြီးစွာဖြစ်ရရင်း မေးလည်း မေးရက်တော့ပါ။

ဘာလုပ်သင့်တယ်ဆိုတာ သူမ ရင်ထဲမှာတော့ ဆုံးဖြတ်ထားပြီး ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

ဓာတ်လှေကားဆင်းလာနေတာကိုပြသည့် အနီရောင်မြားကလေးကို စိုက်ကြည့်ကာ စိတ်က စောနေမိ၏။ ဘယ်တုန်းကမှ မရှုတ်ခဲ့ဖူးသည့် ကုတ်အင်္ကျီက စိတ်အိုက်လူအိုက်နှင့် လက်ထဲမှာ ကိုင်ထားလျက်သားဖြစ်နေခဲ့သည်။

နာရီတစ်ချက်ငုံ့ကြည့်ကာ ကိုယ့်ဘေးကိုဝေ့ကြည့်တော့ ကိုယ်တစ်ယောက်တည်းမို့ ကျေနပ်သွား၏။ ထိုစဉ် ဓာတ်လှေကားတံခါးပွင့်သွားသည်။ အထဲကလူတွေအားလုံး ထွက်လာကြ၏။

စိတ်စောနေသဖြင့် လှုကုန်ပြီထင်ကာ သူ အထဲဝင်လိုက်တော့ အထဲမှာ မိန်းကလေးတစ်ယောက်ရှိနေသေးတာကို မြင်လိုက်ရသည်။ သူ မျက်မှောင်ကုပ်သွားလျက် သူမ ထွက်လို့ရအောင် ကိုယ်ကို ရွှေ့ရပ်ပေးလိုက်သေးသည်။ ဒါပေမယ့် သူမက သူ့ကို မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်နေလျက် တုတ်တုတ်ပင်မလှုပ်။

သူ စိတ်ရှုပ်ရှုပ်နှင့် မျက်ခုံးနှစ်ဖက်ကို ပို၍ စုကျုံ့သွားအောင်





တွန့်ကုတ်ပစ်လိုက်ပြီးကြည့်တော့မှ ပခုံးလေးနှစ်ဖက် မသိမသာတွန့်သွားပြီး မျက်ဝန်းလေးတွေ ရွှေ့သွားသည်။ ပြီးတော့ အထပ်နံပါတ်တွေဆီ လက်လှမ်းလျှင် ...

"နေဦး"

သူ မိန်းကလေး၏လက်ကောက်ဝတ်လေးကနေ သူ့လက်နဲ့ ပုတ်ထုတ်ပစ်လိုက်ကာ ...

"ဘယ်ကိုသွားမှာလဲ"

သူမက မကျေမနပ်ဖြစ်သွားသည့် မျက်ဝန်းလေးတွေမှာ အမြင်းစားဖို့အားတွေထည့်ပြီး မော့ကြည့်၏။

"ခြောက်ထပ်ကို"

"တို့က ရှစ်ထပ်ကို သွားမှာ၊ ပြန်ဆင်းမှ မင်းဝင်လိုက်ပါ၊ ဒီမှာ လူနာအရမ်းဖြစ်နေလို့"

ပြောရင်း ရှစ်ထပ်ကို နှိပ်ပစ်လိုက်၏။

"အို ... ဒီလိုရမလား၊ လူတိုင်းမှာ အရေးကြီးနေတာပဲ"

"ဟိတ် ..."

ပုတ်ချပစ်လို့မရတော့ သူမ လက်ကို ဖမ်းဆွဲလိုက်ရသည်။

"အံမာ ... လူကို ဆွဲလားရမ်းလာနဲ့၊ ဓာတ်လှေကား ခဏလေး ရပ်တာ ဘာဖြစ်သွားနိုင်လို့လဲ"

"အင့် ..."

သူ ဘယ်လိုမှမထင်လိုက်ဘဲ ဆွဲထားမိသည့်လက်လည်း လွတ်သွားသည်။ သေးချွန်သည့် တံတောင်နှင့် နောက်ပြန်တိုက်ပစ်လိုက်တော့ သူ့ဗိုက်မှာ စူးခနဲ အောင့်ကာ အသက်ရှူမှားသွား၏။ ဓာတ်လှေကားပေါ်မှာ နှစ်ယောက်တည်းတိုက်ခိုက်နေမိကြရင်း သူမှာသာ ကုန်းကွသွားခဲ့လျက် သူမက လက်ဖဝါးလေးနှစ်ဖက်ကို ပွတ်သပ်ခါရင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထပ်မှ အေးအေးလူလူ ထွက်လိုက်ရင်း ...

"ဆောရီး၊ ဒီက ဓာတ်လှေကားအပျော်လိုက်စီးနေတာ၊ ကိုယ့်ဖီးလ်နဲ့ကိုယ်"

ကြည့်စမ်း ...။ ရင်ဝမှာ ခုထိအောင့်နေတုန်း။ သူ အံကြိတ်လျက်ကျန်နေခဲ့သည်။ ရှစ်ထပ်ရောက်တော့ စိတ်ဓာတ်ရှိသလောက် မပြေးနိုင်တော့ဘဲ ခြေလှမ်းကျဲကျဲလျှောက်တာတောင် ရင်ဝက အောင့်နေ၏။

ခေါင်းမှာ နားပန်းဆံနှင့် မျက်နှာသွယ်သွယ်၊ မျက်လုံးပြူးပြူးတို့ ဖျောက်မရတိုင်း ဒေါသက အလိပ်လိုက်တက်နေသည်။ ဆေးရုံမှာ ဓာတ်လှေကား အပျော်စီးပါသတဲ့။

နာတာထက် ရှက်တာက ပိုနေသည်။ သူက မိန်းကလေး၊ ကိုယ့်အောက်မှာ ခေါင်းတစ်လုံးလောက် နိမ့်နေသေးသည်။ ယောကျ်ားတန်မယ့် မိန်းကလေးက ထိုးနှက်သွားလို့ အနာတရဖြစ်ကျန်ခဲ့ရသည့် ကိုယ့်အဖြစ်ကို ခုလောက်ဆို ကွယ်ရာမှာ ဘယ်လောက်ထိ အားရပါးရ ရယ်နေမလဲ။

❁ ✿ ❁





အခန်း (၇)

"ဟား ဟား ဟား ... ကျားလေးရယ်၊ မင်းကလဲ အရူးကျနေတာပဲ၊ မင်း ရှစ်ထပ်ထိသွားမယ့်ဟာ၊ ကြားထဲမှာ တက်လာမယ့်လူ မရှိတော့ဘူးတဲ့လား"

အုပ်စီး က အူနှိပ်ရယ်သည်။ သူများက မရယ်ဘဲ ကိုယ့်ညီအစ်ကိုချင်းက ပြန်ရယ်နေသဖြင့် မကျေနပ်တာလည်းဖြစ်ကာ သူ့နှုတ်ခမ်းတွေ ပြုံးတုံ့တုံ့ဖြစ်သွား၏။

နှစ်ယောက်စလုံးမှာ စီးကရက်သောက်လက်စတွေ လက်ကြားညှပ်လျက်နှင့်ရှိစဉ် အုပ်စီးက စီးကရက်ကို ပစ်ချပြီး ခြေဦးနှင့်ဖိနင်းဝင်လိုက်၏။ စီးကရက်ဆို ဘယ်တော့မှ တစ်ဝက်ကျိုးအောင် မသောက်တတ်တာ သူ့အကျင့်ဖြစ်သည်။

ကျားလေးသည် အုပ်စီး ပစ်ချလိုက်သည့် စီးကရက်ကို လိုက်ကြည့်၍ ဖိချေပစ်လိုက်သည်အထိ အစအဆုံး လိုက်ကြည့်နေသည်။

မြံထဲမှာ ပန်းပင်လေးတွေ သိပ်မရှိပါ။ အရိပ်ရသစ်ပင်ကြီးများနှင့် မြက်ခင်းစိမ်းလေးတွေပဲ ရှိသည်။ ဘယ်ကိုကြည့်ကြည့် မြေပြင်ရှု



www.burmeseclassic.com

www.burmeseclassic.com



အောင် စိုက်ထားတာကိုက အစိမ်းရောင်ကမ္ဗလာလွှမ်းနေတာကို နှစ်သက်၍ဖြစ်သည်။

မြက်ခင်းလေးတွေ ရှန်းစိုစိမ်းလက်နေဖို့ တာဝန်ကလည်း သေးလှတာမဟုတ်၊ ဒီမြက်ခင်းနဲ့ စီးကရက်တိုကိစ္စကြောင့် အုပ်စီးနဲ့သူ ပြဿနာဖြစ်ရပေါင်းလည်း မနည်းတော့ပါ။

ဘယ်နှစ်ခါဖြစ်ဖြစ်၊ ဘာပြောပြော အုပ်စီး ကလည်း ဂရုမစိုက်နေကျ။ အိမ်ကို စိတ်လိုလက်ရ လာတာ၊ ထိုင်တာကလည်း တစ်နှစ်နေလို့မှ နှစ်ခေါက်ပြည့်တတ်တာ မရှိတော့ ဒါကိုမြင်နေရတိုင်းလည်း မပြောဘဲ နေလိုက်တော့သည်။

မီးအပူဟပ်ပြီး ဝိပြားသွားသည့် မြက်ခင်းနေရာလေးကတော့ အလှပျက်သွားပါပြီ။ အုပ်စီး က ကျားလေး မျက်ဝန်းတွေ စူးခနဲ ကြည့်လိုက်သည့်နေရာကို သတိထားမိသည်။ နှုတ်ခမ်းမှာ တွန့်ခနဲ မဲ့ကျသွားပြီး မသိသလိုနေလိုက်ကာ ...

"ဘယ်လိုလဲ၊ ဗိုက်က အနာပျောက်သွားပြီလား"

ကျားလေး က နှုတ်ခမ်းဖြင့်မဟုတ်ဘဲ မျက်ဝန်းများမှာ ရယ်မြူးရိပ်ဖြစ်သွားပြီး ခါးမတ်မတ်ပြင်ထိုင်သည်။ အုပ်စီးက ဖိုင်ဘာခုံ၏ ကျောမှီသေးသေးလေးမှာ တစ်ကိုယ်လုံး ပစ်ခတ်မှီထားသဖြင့် ခြေထောက်တွေသာ ထောက်မထားလျှင် ခုံပေါ်ကနေ လျှောကျသွားနိုင်၏။

"အဲဒီနေရာမှာ ငါသာဆိုရင် မင်းလိုတော့ ဗိုက်နှိပ်ပြီးကျန်ခဲ့မှာမဟုတ်ဘူး"

"ပြောပါဦး၊ ဘယ်လိုတုံ့ပြန်မှာလဲ"

"ဟား ... မိန်းကလေးနဲ့ယောကျ်ားလေးပဲ၊ ခံစရာလား"

"အမှတ်တမဲ့ကိုးကွ၊ ပြီးရော့ ကောင်မလေးက ကိုယ်ခံပညာတတ်တယ်ထင်တယ်"





"တတ်တော့ ဘာဖြစ်လဲ"

"မင်းကတော့ တတ်တာကိုး၊ ဒါပေမယ့် ငါ ပညာတတ်လဲ မိန်းကလေးတစ်ယောက်ကိုတော့ တိုက်ခိုက်ပြီး အနိုင်မယူဘူး"

"တိုက်ခိုက်ဖို့ပြောတာ မဟုတ်ဘူး၊ မိန်းမလှလေးတစ်ယောက်ရဲ့ မျက်နှာဆိုတာ ဒဏ်ရာဖြစ်စေဖို့မှမဟုတ်တာ၊ ချစ်စရာကောင်းရင် ချစ်ပစ်လိုက်မှာပေါ့၊ ဆွဲချုပ်ပစ်လိုက်ပြီးမှ မှတ်လောက်သားလောက်အောင် ဒဏ်ပေးမယ်"

ကျားလေး မျက်နှာ နီမြန်းမြန်းဖြစ်သွားပြီးမှ လှောင်ပြုံးနှင့် ပြန်ကြည့်၍ ...

"ကောင်မလေးက စုတ်ပြတ်နံစော်နေရင် ဘယ်လိုလုပ်မလဲ၊ မျက်နှာမှာ တင်းတိတ်တွေ၊ ဝက်ခြံဖုတွေနဲ့လေ"

"ဟား ဟား ဟား"

အုပ်စီးက ရယ်ပစ်လိုက်ရင်း ခုံနေရာမှာ ကျုံကျနန ပြန်မတ်ထိုင်၏။

"ကျားလေးရာ၊ ဒီလိုဆေးရုံမျိုးကို ဝင်လာမှတော့ အဲဒီပုံစံ ဖြစ်ကို မဖြစ်နိုင်ဘူး၊ ပြီးတော့ မင်းဖြစ်လာတဲ့ပုံထဲမှာ ကောင်မလေးကို ဒေါပွနေတာ စိတ်ဝင်စားမှုတွေနဲ့ပါ"

"သွားပါကွာ၊ ငါ့ကို မင်းလိုကောင်မှတ်လို့လား"

"မမှတ်ပါဘူး၊ မဟုတ်တာလဲ ကောင်းပါတယ်၊ ဟုတ်နေရင် မင်းနဲ့ငါ ခုလို ညီအစ်ကိုသူငယ်ချင်းဘဝနဲ့ တာရှည်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖြိုင်ဘက်ကို ငါက မုန်းတတ်တယ်"

"ကြောက်စရာပဲ"

ကျားလေးနဲ့အုပ်စီးက ညီအစ်ကိုဝမ်းကွဲတော်သည်။ အုပ်စီး တို့က အရှိန်မပျက် ချမ်းသာနေခဲ့ကြပြီး ကျားလေးကျတော့ အဖေသေလိုက်၊ အမေသေလိုက်နှင့် သူ ခုနစ်နှစ်သားကတည်းက မိဘမဲ့ အထည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပျက်ဘဝကို ရောက်ခဲ့၏။

'မနောမြတ်' စံအိမ်ကြီးမှ ဦးမင်းညိုနှင့် လက်ထပ်ခဲ့သော ဒေါ်သဇင်ကသာ ခေါ်ယူစောင့်ရှောက်ခဲ့ခြင်းမရှိပါက ဒီနေ့ ဒီလို နေရာမှာ လင်းအုပ်စီးလိုလူနှင့် ပခုံးချင်းယှဉ်နိုင်ဖို့ပင် မလွယ်။

ဒါပေမယ့် ဘဝနှင့်ယှဉ်သော အသိပညာရင့်ကျက်မှုတွေ သူ့မှာ ရှိသည်။ အုပ်စီး ကျတော့ အားလုံးပြည့်စုံနေသည့်ဘဝမှာ အလေး အနက်ပြုမှုဆောင်ရွက်ဖွယ် ဘာမှမရှိ။ သူက ဒီလိုမြင်လျှင် အုပ်စီး က ဟိုလိုတွေး၏။ သူက ဒါကောင်းတယ် ဟုပြောလျှင် အုပ်စီး က မကောင်းဘူးဖြစ်၏။ မသင့်မြတ်တာမျိုးတော့မဟုတ်ဘဲ ဘယ်တော့မှ စိတ်တူကိုယ်တူ အံဝင်ဂွင်ကျ မဖြစ်ခဲ့တာ ဒီနေ့ထိ။

"ကျားလေး"

"ခင်ဗျာ ..."

ဦးမင်းညို ရုတ်တရက်လှမ်းခေါ်လိုက်သဖြင့် အုပ်စီး ကို ဒီတိုင်း ထားခဲ့ပြီး သူ ထလာခဲ့သည်။

"ဦးကောက် ပြန်ရောက်နေပြီ"

"ဟုတ်ကဲ့"

ဦးမင်းညိုနဲ့ သူ အထဲကိုဝင်လိုက်လာခဲ့စဉ် အပြင်ကို သမင် လည်ပြန်ကြည့်လိုက်မိ၏။ အုပ်စီး က နောက်ထပ်စီးကရက်ကို မီးညှိ ရင်း ဒီဘက်ကို လျှောက်လာနေတာမြင်မှ အထဲကို ဆက်ဝင်လာခဲ့သည်။

"လူလေး"

ဦးကောက်က ညှော်ခန်းမှာထိုင်နေရာကနေ သူတို့လာတော့ ကပျာကယာ ထလာ၏။

"ဦးလေးကောက်၊ ဘယ်လိုလဲ"

ဦးမင်းညိုကတော့ ဘာမှဝင်မမေးဘဲ ကျားလေး မေးတာကိုပဲ





ဦးကောက် ဘယ်လိုဖြေမလဲဆိုတာကို စိတ်ဝင်တစား နားထောင်နေ၏။

"ခုချိန်ထိတော့ ဘာမှ ရေရေရာရာမသိခဲ့ရဘူး လူလေး၊ ဒီကလေး ဘကယ်အသက်ရှင်နေတယ်လို့ သေချာမှတ်ရလောက်အောင် ဘာ အထောက်အထားမှ မရှိဘူး၊ ဖုန်းဆက်တဲ့မိန်းမကိုလဲ ဘယ်မှာမှ စုံစမ်း လို့မရဘူး၊ ဒါပေမယ့် သူ ပြောသွားတဲ့ အဲဒီ ညောင်ကုန်း ဆိုတဲ့ရွာ ကတော့ မိုးကုတ်နဲ့ တော်တော်လှမ်းတယ်၊ မေးကြည့်တော့ ဒေါ်မြမြ ဆိုတာတွေ အများကြီးဖြစ်နေတယ်ကွယ့်"

"ဒါဆိုရင် ဘာမှ အနီးစပ်ဆုံး မသိခဲ့ရဘူးပေါ့"

"ဒီလိုပဲပြောရတော့မယ်၊ ဒါပေမယ့် အဲဒီမှာ ဈေးဆိုင်လေးတစ် ဆိုင်က အဘွားအိုတစ်ယောက်ကတော့ ပြောတယ်"

"လာပါ၊ ဒီမှာ ထိုင်ပြောပါ ဦးလေးကောက်ရဲ့"

သုံးယောက်စလုံး ဆိုဖာပေါ် ပြန်ရောက်သွားကြသည်။ ဦးကောက် က အစကတော့ မနောမြတ်စံအိမ်က ဒရိုင်ဘာပါ။ လုပ်ငန်းတွေကို ကျားလေး ဦးစီးလိုက်တော့မှ သူ ယုံကြည်ခင်မင်နေခဲ့သည့် ဦးကောက် ကို အနားမှာ လူယုံအဖြစ် ထားလိုက်ခြင်းဖြစ်သည်။

ရာထူးတိုးသွားသလို ဦးကောက်ကလည်း သူနဲ့မိသားစုအားလုံး အပေါ်မှာ သစ္စာရှိလူယုံတစ်ဦးလို တာဝန်ကျေခဲ့၏။ ခုချိန်မှာ မနော မြတ်အရှင်သခင်ကြီး ဦးစက်ရှင်၏ ကျန်းမာရေးက နေ့လား၊ ညလား တွေးပူနေရသည့်အခြေအနေ ဖြစ်နေသည်။

ရောဂါကတော့ လူကြီးရောဂါပေမယ့် စိတ်ထောင်းနေသည့်ကိုယ် ကို ကျန်းမာအောင်ကုသဖို့က ခက်နေသည်။ သူ့မှာ တစ်ဦးတည်းသော သမီးလေးတစ်ယောက်ပဲ ရှိသည်။ နယ်ဝေးရပ်ခြားကနေ ကျောင်းလာ တက်သည့်လူငယ်နှင့် မေတ္တာမျှသွားခဲ့၏။

ဒီသမီးလေးကို သူ ဘယ်သူ့လက်ထဲမှ မထည့်နိုင်။ တစ်နေ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရက်သားကျသွားခဲ့ရင် ဆိုသည့် သဘာဝတရားကို လက်ခံနိုင်ဖို့အတွက် အဆင်သင့်ပြင်ထားရမှာကိုလည်း သိလျက်နှင့် ကိုယ်မှာလည်း အဆင်သင့်မဖြစ်သေး။

ကြိုက်မယ့်ကြိုက်တော့လည်း မြန်မာပြည်အထက်ပိုင်း နယ်စွန်နယ်ဖျားက လူတစ်ယောက်ကိုမှ ကြိုက်ခဲ့သည်။ ဦးစက်ရှင် သဘောမတူနိုင်တာက အဆင့်အတန်းကြောင့်မဟုတ်ပါ။ တစ်နေ့ သျှောင်နောက်ဆံထုံးပါပြီဆိုလျှင် အဖေတစ်ခု၊ သမီးတစ်ခုဘဝကနေ ပို၍ အလှမ်းကွာသွားကြတော့မည်။ ထို့ကြောင့် ဒီလူကိုမှ ချစ်ခင်စုံမက်ပြီး နိုးရာလိုက်သွားခဲ့သည့်သမီးကို ရင်ထဲကပါ နာသွားခဲ့၏။

ကိုယ်က မခွဲနိုင်မခွာရက် ချစ်ခဲ့ရသလောက် သူတို့ကျတော့ ချစ်သူနောက်ကို ကောက်ကောက်ပါသွားသည့်အဖြစ်က ဘယ်လိုမှ ဖြေလို့မရသည့်နာကျင်မှုဖြစ်သည်။

အမွှေဖြတ်စွန့်လွှတ်လိုက်သည်အထိ ကရုဏာဒေါသက ကြီးမားသွားခဲ့သည်။ ဒါပေမယ့် သမီးကလည်း ပြတ်တောက်စွာပဲ တကယ်ပေါ်မလာခဲ့သောအခါ ဦးစက်ရှင်၏ မာနမျက်နှာကြီးက တဖြည်းဖြည်း ပြိုကျပျက်ပြယ်လာခဲ့၏။

အနားမှာ သမီးနဲ့ဆို မောင်နှမဝမ်းကွဲတော်မည့် တူဖြစ်သည့် ဦးမင်းညိုတို့လင်မယားလည်း ရှိနေသည်။ လိုလေသေးမရှိ ပြုစုဂရုစိုက်ကြပေမယ့် မပြည့်စုံနိုင်။

ထိုရောဂါသည် နေမြင့်လေ အရူးရင့်လေ ဖြစ်လာခဲ့ရင်း သုံးနှစ်ကျော်ကြာတော့ သတင်းစာထဲမှာ ကြော်ငြာထည့်၍ သမီးဖြစ်သူ မေမြတ်ရှင် ကို ပြန်ခေါ်ခဲ့သည်။ သမီးက ပြန်ဆက်သွယ်လာတော့ ဂါဝန်လှလှလေးနှင့် မြေးမလေးကို ချီထားသည့် မိသားစုဓာတ်ပုံလေးတစ်ပုံနှင့် စာတစ်စောင်။





စာထဲမှာ ဖခင်၏ဒေါသကိုကြောက်၍ မလာဘဲနေခဲ့ကြောင်း၊ သူ့ယောကျ်ားကလည်း သူ့မဘဝကို ဘယ်လိုပြည့်စုံအောင် ကြိုးစားစောင့်ရှောက်ထားခဲ့ကြောင်းနှင့် အားလုံးကို ခွင့်လွှတ်ပါရန် တောင်းပန်ထားခဲ့၏။

လာမည့်နေ့ရက်ကို အတိအကျရေးထားသော်လည်း ထိုနေ့မှာ သူရောက်မလာခဲ့ဘဲ ကြားလိုက်ရသည်က နာရေးသတင်းဖြစ်၏။ အလွန်ခေါင်သီသော တောလမ်းမှ ရထားအဖြတ်မှာ မသမာသူတွေ မိုင်းထောင်ထားခဲ့သဖြင့် ရထားနှစ်တွဲ ပေါက်ကွဲသွားခဲ့သည်။

သမီး မေမြတ်ရှင် ၏ဘဝက ထိုမှာပဲ အဆုံးသတ်ခဲ့လေသည်။

ဦးစက်ရှင်သည် ထိုအချိန်မှစ၍ စီးပွားရေးက နည်းနည်း၊ အရက်က များများနှင့် လေလွင့်လာခဲ့၏။ နောက်နှစ်များစွာမှာ အရက်ကြောင့် အိပ်ရာထဲ လဲလေသည်။

ထို့ကြောင့် အိမ်မှာ လူငယ်ဆိုလို့ သူပဲရှိနေသဖြင့် ကျားလေး ဆယ်တန်းအောင်ကတည်းက လုပ်ငန်းတွေထဲ စဝင်ခဲ့ရတာဖြစ်သည်။ လုပ်ငန်းက ကားလုပ်ငန်းဖြစ်သည်။ သူ့ကိုယ်တိုင် ဝါသနာပါသဖြင့် မေကယ်နီကယ်မေဂျာကို အဓိကယူခဲ့သည်မို့ ကျားလေး မှာ အရွယ်ငယ်ပေမယ့် လုပ်ငန်းတွေကို နိုင်နင်းခဲ့သည်။

ဦးစက်ရှင်ကတော့ ဒီစိတ်နဲ့ပေမယ့် သူ့ကိုယ်သူလည်း ဖြေနိုင်အောင် ကြိုးစားခဲ့ရှာသည်။ အခြေအနေအားလုံးက ဒီတိုင်းပဲ ဆက်သွားသင့်ပေမယ့် တစ်နေ့မှာ ဦးစက်ရှင်၏ မြေးမလေး မသေကြောင်း၊ လင်မယားနှစ်ယောက်က ကယ်တင်သွားခဲ့ကြောင်းနှင့် မိန်းမ၏အမည် ဒေါ်မြမြ ဖြစ်ကြောင်းကိုပါ သတင်းပေးမည့်သူ ပေါ်လာခဲ့သည်။

သတင်းက မသေချာပါ။ နောက်ထပ်လည်း ဘာမှဆက်သွယ်လာခဲ့ခြင်း မရှိပေ။ ဒါကို ဦးမင်းညိုတို့က မမှန်သတင်းဟု သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



၍ အစဖျောက်ဖို့ ကြိုးစားကြသည်။ ဦးစက်ရှင် ရောဂါပိုတိုးဖို့သာ ရှိသည်မို့ စေတနာထားခဲ့ခြင်းဖြစ်၏။ ဦးစက်ရှင်က ဘယ်လိုမှ လက်မခံခဲ့ပေ။

ရထားမှောက်ခဲ့သော နယ်ပယ်တစ်ခွင်ကို စုံစမ်းပေးဖို့ ချက်ချင်း အမိန့်ထုတ်ခဲ့၏။ ဒ်သတင်းကြောင့်ပဲ မြေး ဆိုသည့် မိန်းကလေးနောက်ကို လိုက်နေခဲ့တာလည်း ကြာပါပြီ။ သတင်းစုံစမ်းရသည့်သူလည်း မျက်နှာမလှတော့ပါ။ သို့သော် ဒီတစ်ခေါက်တော့ ထူးခြားမြဲထင်သည်။

ဦးကောက်က စိတ်ဝင်စားနေကြသည့် ကျားလေးနှင့်ဦးမင်းညို ရှေ့မှာ စကားမများရအောင် သေချာစဉ်းစားရင်း ပြောပြသည်။

"ညောင်ကုန်းက လင်မယားနှစ်ယောက်ကတော့ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က တစ်နှစ်သမီးလောက်ရှိတဲ့ ကလေးမလေးတစ်ယောက်ကို ခေါ်လာခဲ့ဖူးတယ်တဲ့"

"ဟင် ..."

"ဒါ ... ဒါ တကယ်လား ဦးလေးကောက်"

"အင်း ... အဲဒီလို သူက စလိုက်ပြီးမှ ပြန်လျှောသွားတာက အဲဒီလင်မယားက ဖယားခပ်ရှုပ်ရှုပ်ပဲတဲ့၊ ယောကျ်ားကလဲ မိုးကုတ်က ရောက်ရောက်လာတဲ့ ကျောက်ပွဲစားတွေနဲ့ ဗရုတ်ဗရက်ဆိုပဲ၊ နောက်ထပ် မိန်းမတစ်ယောက် ထပ်ရောက်လာတော့ ကလေးက အဲဒီမိန်းမရဲ့ ကလေးလိုလို ပြောကြပြန်ရောတဲ့၊ သူတို့မှာ ကလေးမရှိကြတာတော့ သေချာတယ်တဲ့"

"အဲဒီလင်မယားကို အခု မတွေ့ခဲ့ဘူးလား"

အားတက်သရောမေးတော့ ဦးကောက်က ခေါင်းခါသည်။

"မရှိကြတော့ဘူး၊ မိန်းမက ဒေါ်မြမြတဲ့၊ နောက်ရောက်လာတဲ့ မိန်းမကိုလဲ မသိဘူး၊ ယောကျ်ားကိုလဲ မမှတ်မိတော့ဘူးတဲ့၊ အဲဒီအသွား





ကြီးကလွဲပြီး ဒီလင်မယားအကြောင်း သိကြတဲ့လူ ထပ်မရှိတော့တာသဲ သေချာတယ်၊ ဦးကောက် လိုက်မေးတာ ဘယ်သူမှ သိတဲ့သူမရှိဘူး"

"ဒါဆို အဲဒီကလေးလေး ခေါ်လာတဲ့အချိန်နဲ့ ရထားမှောက်တဲ့အချိန် ထပ်တူညီသလား မေးမကြည့်ခဲ့ဘူးလား"

ကျားလေးကပဲ ထပ်မေးသည်။ ဦးကောက်က ခေါင်းခါလိုက်ရင်း စိတ်မကောင်းသည့်မျက်ဝန်းများနှင့် ကြည့်၏။

"အဲဒီလောက်ထိ ဒီအဘွားအိုက ဘယ်သိတော့မလဲ လူလေးရယ်၊ သတင်းအရဆိုရင် ဖုန်းနဲ့သတင်းပေးတဲ့မိန်းမက မရေမရာပြောပြီး ပျောက်သွားပေမယ့် ဒါကိုသိထားလို့ ပြောတာလဲဖြစ်နိုင်တယ်၊ ပြီးမှ သေချာလို့ ထပ်မပြောဘဲ ကိုယ်ယောင်ဖျောက်သွားတာလဲ ဖြစ်နိုင်တာပဲ"

ထိုစဉ် ဦးမင်းညိုက တွေးတွေးဆဆနှင့် ...

"ဒီမိန်းမက သူကိုယ်တိုင် ကာယကံရှင်လဲ ဖြစ်နိုင်တာပဲ"

ကျားလေးက ဦးမင်းညို ပြောတာကို စဉ်းစားလိုက်ပြီး ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။

"ဟုတ်တယ်၊ လေးလေးပြောတာ ဖြစ်နိုင်တယ်"

"ဘာဖြစ်နိုင်နေကြတာလဲ"

စကားဝိုင်းထဲသို့ ဒေါ်သံစင် ဝင်လာသည်။ လူမမာခန်းထဲက ထွက်လာတာပေမယ့် ဒီကပြောတာတွေကို သေချာနားထောင်နေခဲ့ပြီးမှ ဒီနားရောက်လာတာဖြစ်သည်။ အသံကိုနှိမ့်ချထားပေမယ့် အားမလိုအားမရ ဒေါသသံတွေနှင့် ...

"လူမမာက ဒီအသံကြားကတည်းက ပက်လက်ကနေ မထနိုင်တော့ဘူး၊ ရှင်တို့က အစကနေပြန်ဖော်ပြီး လူနာကို သတ်နေကြတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုပြောလိုက်တာလဲ သဇင်၊ ဦးလေးက သူ့မြေးကို မြင်လိုက်ရရင် ခုချက်ချင်း ထထိုင်လာနိုင်သေးတယ်လေ၊ မြေးကို တွေ့ချင်လို့ တငင်ငင်ဖြစ်နေတာကွ"

"အို ... မဟုတ်ပါဘူး၊ သမီးဆုံးသွားပြီဆိုတာတောင်မှ သူ့ကိုယ်သူ ဖြေနိုင်ခဲ့သေးတာ၊ ဒီအသံကြားမှ ခုလိုဖြစ်သွားတာ၊ ဒီသတင်းကို လူမမာသိအောင် ပြောလိုက်တာကိုက ရှင်တို့မဟုတ်တာပဲ၊ ပြီးတာတွေကို ထားလိုက်ပါတော့လား၊ အလကား မဟုတ်ကဟုတ်ကတွေ"

ဒေါ်သဇင် ဒေါပွနေတာကို ဦးကောက်က စူးစိုက်ကြည့်ပြီး သက်ပြင်းချသည်။ တကယ်တမ်းကျတော့ ဦးစက်ရှင်နဲ့ သွေးတော်သူက ဦးမင်းညိုဖြစ်သည်။ ဒေါ်သဇင်က သူ့စိမ်းပဲဖြစ်သည်။ ပြီးတော့ ကျားလေးက ဒေါ်သဇင့်ဘက်က တူဖြစ်သည်။ ဒါပေမယ့် ဦးစက်ရှင် အပေါ်မှာ ကျားလေးက တကယ့်အဘိုးအရင်းကဲ့သို့ ပြုစုသည်။ မှုဝင်သည်။

"သွေးမတော်ပေမယ့် ကျွန်တော့်ကျေးဇူးရှင်ပါ။ လိုလေသေးမရှိ ကြည့်ရှုစောင့်ရှောက်ခဲ့တယ်၊ ပညာသင်ပေးတယ်၊ ကျွန်တော့်မိဘနဲ့ အတူတူပါပဲ" ဟု တဖွဖွပြောတတ်ခဲ့၏။ ကျေးဇူးသိတတ်တဲ့ ကလေးပဲ ဖြစ်၏။

ဒါကြောင့်လည်း ဘယ်ဘက်ကမှ သားထောက်သမီးခံ ထပ်ရဖို့ မမြင်ခဲ့သည့် ဦးစက်ရှင်က သူ့အပေါ်မှာ သားမြေးအရင်းကဲ့သို့ ကျိုးနွံ လိမ္မာသော ကျားလေးကိုသာ စုပုံအားထားခဲ့၏။ နောက်ဆုံး သူ မရှိတော့သည့်အခါမှာ ကျားလေးကိုသာ အမွေတွေပေးခဲ့တော့မှာဖြစ်သည်။

ခုကျမှ မြေးအရင်းကိစ္စပေါ်လာတော့ ဒေါ်သဇင် မျက်စိမျက်နှာ ပျက်နေတာက သိသာလှသည်။ ဦးကောက် မျက်နှာလွှဲ၍ ထိုင်ရာမှ ထလိုက်သည်။ ဒါဟာ မိသားစုအတွင်းရေးဖြစ်သောကြောင့် သူ ဆက်





လက်နှားမထောင်သင့်ဟု ယူဆလိုက်သည်။

"ကျားလေး၊ ဒီမှာ ... အန်တီဇင့်ကို မင်းကြည့်စမ်း"

ဒေါ်သဇင်က ကျားလေး လက်မောင်းကို ဖျစ်ညှစ်ကိုင်လှုပ်ကာ ...

ငါက မင်းရဲ့အဒေါ်အရင်းနော်၊ အဲဒါ မမေ့နဲ့၊ ငါဘာလုပ်လုပ်၊ ဘာစဉ်းစားစဉ်းစား မင်းအတွက်ချည်းပဲ"

"ဟုတ်ပါတယ်၊ အန်တီဇင့်ကို ..."

"နေဦး၊ ငါပြောတာပဲ မင်းနားထောင်"

ကျားလေး မျက်နှာမသာမယာနှင့် ငြိမ်ကျသွား၏။ ဇနီးသည်ကို ချစ်သော ဦးမင်းညိုလည်း ဘာမှမပြောနိုင်။

"ဒါ တကယ်ရှိနေတာဆိုရင် ငါ ဘာမှမပြောဘူး၊ ဟုတ်လဲမဟုတ်ဘဲနဲ့ ညောင်ပင်တစ်ပင်လုံးကို အမြစ်ကနေလှန်ပစ်လို့ ကြိုးစားနေကြတာ မပင်ပန်းလွန်းဘူးလား"

"ဟုတ်နေတာတွေရှိလို့ ကျွန်တော်တို့ ဝိုင်းစဉ်းစားနေကြတာပါ၊ အန်တီဇင် မကြားလိုက်ဘူးထင်တယ်၊ အခု ဦးလေးကောက် ..."

"တော် တော်၊ အဲဒါတွေကိုပဲ မပြောစေချင်တာ၊ ဘယ်လောက် ခိုင်လုံနေလို့လဲ၊ အဲဒီမိန်းကလေးကို အခု သွားခေါ်လာလို့ရသလား"

"ဒါက ..."

"ဘာမှ ထပ်မပြောနဲ့တော့၊ ရောဂါကုတာကို ပိုက်ဆံနဲ့ ဆက်ကုလို့ရတယ်၊ သူ ခံစားရရင် ခဏပေါ့၊ ဒါတွေအားလုံး မဟုတ်ကဟုတ်ကတွေဆိုတာ အဖေ သိဖို့ပဲလိုတာ"

"ဟာ ... ဒါတော့မဖြစ်ဘူး အန်တီဇင်၊ ရှိနေတာကို မဖော်ထုတ်နိုင်တဲ့အပြင် ဖျောက်ဖျက်ပစ်ဖို့က ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စ၊ ဘိုးဘိုးရဲ့ စိတ်ဝေဒနာကို မြေး ဆိုတဲ့မျက်နှာလေးတစ်ခုနဲ့ကုမှ ပျောက်မှာ၊ ဘိုးဘိုးအတွက် ကျွန်တော်ကတော့ ကြိုးစားရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ........."

ပြောရခက်လှချည်လား ဒီကောင်လေး ...။ ဒေါ်သဇင် အံတကြိတ်ကြိတ်နှင့် ဦးမင်းညိုရှေ့မှာ ဆက်ပြောလို့ကလည်း မကောင်းတော့ပေ။ လူမမာစိတ်ချမ်းသာဖို့လို့ ကင်ပွန်းတပ်ပြောနေရပေမယ့် တကယ်က များပြားလှသည့် အမွေတွေကြောင့်ဖြစ်၏။

မြေးအရင်းပေါ်လာရင် ကိုယ် ဘေးရောက်သွားမှာကို သင်း မသိလေရော့သလား ..။ ကိုယ်က သွေးမတော်သားမစပ်သည့် သူစိမ်း။ သူ့မြေးရောက်လာရင် မြေးမဟုတ်တဲ့သူစိမ်းကိုပဲ ခါထုတ်ပစ်မှာပေါ့။

ဒါကို ကိုယ်က သူစိမ်းလိုမနေဘဲ ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်နေသင့်သလား ...။ ကျားလေးဆိုတဲ့အတိုင်း ဘာပဲလုပ်လုပ် ရဲရင့်လွန်းတာ လွန်နေသည်။ 'မင်းယောကျ်ား' ဆိုသည့် နာမည်အရလည်း ယောကျ်ားပီသပါဘိ။

ဒါပေမယ့် ပြောရရင် မင်းသိပ်ကို နုံသေးတယ် 'မင်းယောကျ်ား'။

❂ ✿ ❂





အခန်း (၇)

ရောက်ကတည်းက 'မြန်မြန်စားမှ ဖြစ်မှာ' လို့တော့ ချစ်သဲက ပြောသွား။

"နှင်နဲ့ငါ အရိပ်စစ်က မွေးနေ့ပွဲကိုသွားကြတာ မမချစ်ဖူး သိသွားတယ်ဟာ၊ နှင် ငါ့ကို စိတ်တော့မဆိုးနဲ့ဟာ၊ ငါ့ကို နှင်နဲ့ လုံးဝမဆက်သွယ်ရဘူးလို့ အိမ်က တင်းကျပ်နေကြပြီ"

စားစရာတွေ တစ်ပုံတစ်ပင်ကြီးမှာပေးနေတာက နှစ်သိမ့်တာဆင်ပါသည်။ ဒါပေမယ့် လေရှူး စိတ်မဆိုးပါ။ ကိုယ်က ကလေကချေအဝနဲ့လူပဲ၊ ချစ်သဲက ပင်တိုင်စံထိပ်ထားလေးနှင့် တူသည်၊ ကိုယ်နဲ့ဆေါင်းမှ သူမမှာ ပြေးရလွှားရ၊ အိမ်ကို လှည့်ပတ်လိမ်လည်တတ်လို့သမ်းသရဲမလေး ဖြစ်ခဲ့ရှာတာ။

မိဘတွေဘက်က စာနာပေးလိုက်ရင်း လေရှူး အပြုံးမပျက် ခေါင်းညိတ်လိုက်၏။

"ရပါတယ် ချစ်သဲရယ်၊ ငါ နားလည်ပါတယ်၊ အဲဒါတွေ မပြောနဲ့တော့ဟာ၊ ဒါ နှုတ်ဆက်ပွဲပဲဖြစ်ဖြစ် ဗိုက်တင်းအောင် စားလိုက်ဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆက်လွမ်းမယ်လေ နော် ...”

လေရှုး က အပြုံးမပျက်ပေမယ့် ချစ်သဲ မျက်ရည်ဝဲနေခဲ့၏။ ဘယ်တော့မှ မငိုတတ်သည့် လေရှုး၊ ကြာကြာလည်း စိတ်မညစ်တတ်သည့် သူငယ်ချင်းလေးပါ။ ဒီနေ့ လေရှုး ဘယ်လောက်ထိ ဒုက္ခရောက်နေသလဲဆိုတာ သူမ သိသည်။

“ငါ လုံးဝရေခမ်းနေပြီဟာ၊ ဗိုက်တွေလဲ ဆာနေပြီ”

ဟု ဖုန်းဆက်တော့ သူမမှာ ဘယ်လိုမှ မနေနိုင်တော့ဘဲ ပိုက်ဆံထည့်ပြီး လူကြီးတွေအလစ်မှာ လှည့်ပတ်ထွက်လာခဲ့ရသည်။ ဒါဟာ နှုတ်ဆက်ပွဲ တကယ်ပဲဖြစ်မှာပါ။ လေရှုး ကို မေမေတို့ ဘယ်လော ထိ အထင်မြင်သေး နှိမ့်ချခဲ့သလဲဆိုတာ ပြောကြတာတွေကို ပြန်တော မတွေးရက်ပေ။

“လေရှုး ငါ နင့်ကို ပိုက်ဆံလဲ ပေးထားမယ်သိလား၊ ဖုန်းတော မဆက်နဲ့တော့၊-ဒါပေမယ့် ငါ နင့်ကို ရှာဖွေလာခဲ့မှာပါ”

လေရှုး ကိုထားခဲ့ပြီး ရုတ်တရက်ထပြေးမသွားခင်အထိ ချစ်သဲ ပြောနေခဲ့သေးသည်။ ခုတော့ သူ့အမေနဲ့မမချစ်ဖူးကို လှမ်းမြင်လိုက ကာ ‘လေရှုး ခဏလေး’ ဟု ပြောခဲ့ပြီး ထွက်ပြေးသွားတာ ပြန်မလာ တော့ပေ။

ဗိုက်ဆာဆာနှင့် စားသောက်ထားခဲ့သော ပန်းကန်တွေက လေရှ ရှေ့မှာ အထပ်လိုက်။ စားထားတာတွေက တကယ့်ဈေးကြီးသော အစာ အစာတွေချည်းပဲဖြစ်သည်။ ဒါတွေ ဘယ်လိုလုပ်ရမလဲ။

ကြာကြာစိတ်မညစ်တတ်သည့် ရာဇဝင်က ပျက်ခဲ့ပြီဖြစ်၏။ နှု ပြေပြေမှာ ချွေးများပင် စို့လာခဲ့သည်။ ‘ဗီးနပ်စ်’ စားတော်ဆက်ဆိုသည် ဆိုင်းဘုတ်ကြီးက ညနေခင်းမှာပဲ ရောင်စုံမီးတွေရှပ်တိုက်ပြေးကာ တခမ်းတနား ရှိနေတာဖြစ်၏။





အတွင်းဘက်မှာ ကာရာအိုကေစတေ့ချ်ရှိုးနှင့် ဖျော်ဖြေရေးအစီအစဉ်လည်းရှိနေသဖြင့် ဒီအချိန်မှာပဲ လူတွေက များပြားနေပြီဖြစ်သည်။

ဘာလုပ်မလဲ လေရှုး၊ နင် ဒါတွေ ဘယ်လိုရှင်းမလဲ၊ စားတော်ဆက်၏ဘေးက မီနီမတ်ကက်ရှေ့မှာ ချစ်သဲတို့အိမ်ကကား၏အမြီးပိုင်းကို မြင်နေရသေးသည်။ ထို့ကြောင့် ချစ်သဲ ပြန်ရောက်လာဖို့က ဖြစ်နိုင်ခြေမရှိတော့တာကို တွက်မိလိုက်သည်။ လေရှုး ရေခဲရေသောက်ပေမယ့်လည်း မအေးတော့ပေ။

တစ်ရှူးတွေ တစ်ခုပြီးတစ်ခု ယူသုတ်နေလွန်းသဖြင့် စားပွဲပေါ်မှာ တစ်ရှူးတွေလည်း ပုံနေပါပြီ။ နှုတ်ခမ်းတွေလည်း ညိုပုပ်နေလောက်ပါပြီ။

ဖန်စီတွေဝတ်ဖို့ ဝါသနာပါသည်။ အင်္ကျီဒီဇိုင်းတွေကို သူများတွေလိုက်ကြည့်လောက်အောင် ထွင်၍ ဝတ်ရတာကို ကျေနပ်၏။ မိတ်ကပ်ရောင်စုံခြယ်ဖို့တော့ ဝါသနာသိပ်မပြင်းခဲ့သဖြင့် နှုတ်ခမ်းနီလည်း သိပ်မဆိုးဖြစ်ခဲ့ပေ။ သို့သော် ဒီနေ့နှုတ်ခမ်းမှာ ဆေးကူဖို့မလိုဘဲ တစ်ရှူးနဲ့သုတ်လွန်းလို့ တော်တော်လှနေမှာက သေချာသည်။ ထိုစဉ် ....

“တစ်ယောက်တည်းစားထားတာတွေ များလှချည်လားကွ”

“ဟင် ...”

တော်တော်မွှေးပျံ့နေသည့် ရေမွှေးနံ့နှင့်အတူ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ မျက်နှာငုံ့မေးလာသူကို မြင်လိုက်ရ၏။

“ခင်ဗျား .....”

ရုတ်တရက် သတိမရ၊ ဒီမျက်နှာကို သိနေသလိုထင်လိုက်သဖြင့် မျက်ခုံးလေးတွန့်ကုပ်နေအောင် စဉ်းစားတော့မှ ပေါ်လာသည်။

“ခင်ဗျား ... အရိပ်စစ်က ... ဟို ...”

“လင်းအုပ်စီး ... မင်း မသိဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ဟား ဟား ဟား "

ရယ်စရာမဟုတ်ဘဲ ရယ်လိုက်ပြီး စားပွဲပေါ်ကို နှာခေါင်းတစ်ချက်ရှုံး၍ ငုံ့ကြည့်ပြန်ကာ ....

"ပေပွနေတာပဲ ... စားလက်စတွေ၊ ဟိုဘက်မှာ တို့နဲ့ ခဏလိုက်ထိုင်ပါလား"

"ဟင် ..."

အုပ်စီး က ရှေ့ကစားပွဲတစ်လုံးသို့ မျက်နှာလှည့်၍ မေးဆတ်ပြရင်း ...

"ဟိုရှေ့မှာပါ၊ မွေးနေ့မှာတုန်းက မွေးနေ့ရှင်ကိုမသိဘဲ လာပြီး ကောင်းကောင်းမစားလိုက်ရဘဲ ပြန်ပြေးသွားတာကို စိတ်မကောင်းလို့"

လေရှူး က မျက်နှာကို ခပ်တည်တည်လေးပြန်ပြင်ပြီး ရဲရဲတင်းတင်း မော့ကြည့်လိုက်သည်။

"ခင်ဗျားက လာရှိနေတာလား"

"ဘာဖြစ်လို့ ရှိရမှာလဲ လေရှူးရယ်၊ ကိုယ့်လူကို မင်း ရေထဲတွန်းချခဲ့ပေမယ့် မင်းမှာ အပြစ်မှမရှိတာ၊ တကယ်ပါ။ တို့က တောင်းပန်တဲ့အနေနဲ့ပေါ့၊ ဘာဖြစ်ဖြစ် လိုက်ထိုင်ပါ"

"မစားနိုင်တော့ဘူး"

လေရှူး ပြောလိုက်တော့ မျက်နှာလေးကိုပါ မဲ့ရွဲ့ထားသဖြင့် အုပ်စီး က စားပွဲကို ပြန်ငုံ့ကြည့်၍ ရယ်သည်။

"မစားနိုင်ဘူးဆိုလဲ ဒါတွေအားလုံးအတွက် တို့ပဲရှင်းလိုက်ပါ့မယ်၊ စကားလေးဘာလေးပြောရအောင် ဖြစ်တယ်မို့လား"

လေရှူး က မျက်နှာလေးမဲ့မဲ့နှင့် ခေါင်းညိတ်လိုက်ကာ ...

"ဖြစ် ... ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီမှာလဲ စားပြီးသားကြီးကို၊ ဟိုဘက်တော့ မလိုက်ချင်ဘူး၊ ဒါတွေရှင်းနိုင်းပြီး ဒီမှာပဲ ထိုင်မယ်လေ"





အုပ်စီး က မျက်ခုံးတစ်ချက်ခြစ်ပြီး စဉ်းစားသည်။ ပြီးမှ ခေါင်းညိတ်၏။ တစ်ဆက်တည်း ဝိတ်တာကောင်လေးကို လှမ်းခေါ်ပြီး အားလုံးရှင်းနိုင်းလိုက်သည်။

"တစ်ခုခုသောက်ဦးလေ၊ ဒီတိုင်းကြီးတော့ မကောင်းပါဘူး"

သူ့အတွက် စတော်ဘယ်ရီမစ်ရှိတ်တစ်ခွက်မှာပြီး လေရှူး ကို မေးဆတ်ပြောသည်။

"ရေလေးတစ်ငုံတောင် မျိုချလို့မရတော့ဘူး၊ ဒီမှာ .."

ဟု ဆိုပြီး ဆက်မပြောဘဲ လေရှူး ဗိုက်ကို မသိမသာနှိပ်၍ မဲ့သွားသဖြင့် အုပ်စီး မျက်နှာမှာ တကယ်စိတ်မကောင်းဟန်တွေ ဖြစ်သွားသည်။

"မင်း တော်တော်လွန်သွားပုံရတယ်၊ ဘာလဲ၊ ကိုရီးယားကားတွေထဲကလို စိတ်ညစ်ညစ်နဲ့ ပါးစပ်ထဲ ထိုးသိပ်ထည့်ပစ်လိုက်တာလား၊ ညစ်လေ ဝါးလေ လုပ်ပြတာလေ"

"မဟုတ်ပါဘူး၊ စားတုန်းကတော့ တကယ်ဆာလို့၊ အား ..."

"ဟာ ... ပြဿနာပဲ၊ ဒီလောက်ဆိုးဝါးနေရင်လဲ ခဏသွားပြီး ဝိတ်လျှော့လိုက်လေ၊ ဒီထဲမှာရှိမှာပေါ့"

"အင်း ...ခဏနော်"

အုပ်စီး ပြုံး၍ ခေါင်းညိတ်ပြ၏။

လေရှူး မျက်နှာက တကယ့်အကယ်ဒမီရှော့ခ်။ မြင်ကွင်းရဲ့အကွယ်ကိုရောက်တာနဲ့ ပြေးစမ်း လေရှူး ...။ နောက်ကျဝဲ့ခြေထောက် သစ္စာဖောက်ပဲ။

ဒီလူ့သတင်းတွေကို အားလုံးကြားဖူးထားပြီးသား၊ ပန်းကို သူကနမ်းတာမဟုတ်ဘူး၊ ခြွေတာ၊ နှာခေါင်းမပါဘူး၊ ပါးစပ်ပဲ ပါတာတဲ့။ သူ့ဟိုတယ်တင် မကဘူး၊ တခြား သူမရောက်ဖူးတဲ့ဟိုတယ် မရှိဘူးဆိုတာတွေ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိနေကာမှ ရှင့်လိုလူနဲ့ အတူတွဲထိုင်စရာလား ပေါ်ရဲ့။ ဗီးနပ်စ်နဲ့ဝေးအောင် ပြေးနေရင်း ဗိုက်က ခုမှ တကယ်နာလာသည်။ သေပြီ ...တကယ်သေပြီ။ ခြေလှမ်းကို နှေးပစ်လိုက်မိရင်း ဗိုက်ကို ကိုင်လိုက်မိ၏။ ထို့ပြင် သတိရလိုက်သည်က ခုချိန်မှာ လမ်းဘေးမှာပဲ သန့်စင်ခန်းဝင်ဖို့တောင်မှ လက်ထဲမှာ ပိုက်ဆံမပါ။

နောက်ပြန်ကြည့်တော့လည်း အုပ်စီး ကို သတိရမိပြန်သည်။ သူ့မှာ ကားပါနိုင်သည်။ ဒီတိုင်း မောင်းလိုက်လာလျှင် တွေ့သွားနိုင်သည်မို့ လမ်းဘေးကို ဖဲ့ဝင်လိုက်ဖို့သတိရကာ လမ်းကြောင်းပြောင်းလိုက်သည်။

အာရုံတွေများနေသဖြင့် ဘာမှမရှုပ်သည့် မကျယ်သောလမ်းကလေးအဝမှာ မျက်လုံးထဲကို ကားတစ်စီးက ဘွားခနဲ ဝင်လာ၏။

"အား ..."

ချက်ချင်း နီးနီးကပ်ကပ်ကြီးမို့ အလန့်တကြား နောက်ဆုတ်လိုက်တာတောင် ခြေထောက်ချင်းပြန့်ခလုတ်တိုက်၍ ပက်ခနဲ လန်ကျလေသည်။

"ဟာ ... တိုက်ကုန်ပြီလား"

"ဘာဖြစ်ကုန်တာလဲ"

လမ်းထိပ်မုန့်ဆိုင်ထဲက လူတချို့ ပြေးလာကြသည်။ ကားကလည်း ချက်ချင်းရပ်သွား၏။ ကားက ကိုယ့်ကို မတိုက်ရသေးပါ။ ပြောရလျှင် ကားကို ကိုယ်ကတိုက်မိတာဖြစ်၏။

ဘေးလူတွေအမြင်မှာ ကား၏ရှေ့ဘီးအောက်မှာ လေရှုး လဲကျသွားတော့ ကားနင်းမိပြီထင်ကုန်ကြကာ ပြေးလာကြတာဖြစ်သည်။ အားလည်းနာ၊ ရှက်လည်းရှက်နှင့် ကိုယ့်ဟာကိုယ် ပြန်ကျူးထဖို့ လက်ထောက်လိုက်စဉ် မျက်နှာရှေ့မှာ ပြောင်လက်သော ရှူးဖိနပ်နှင့်





ဘောင်းဘီအညိုရောင်ဝတ်ထားသော ခြေထောက်အစုံက ဝင်လာ၏။

လေရှုး မော့ကြည့်လိုက်မိသည်။

"ဟင် ..."

"ဩော် ..."

သူ့ဘက်က သံရှည်က ပိုကြာကာ ချက်ချင်းပြောင်းလဲမှုကျသွားသည့်မျက်နှာနှင့် ...

"ခင်ဗျားပဲကိုး"

"ဟွန်း ..."

လေရှုး ကလည်း မဲ့ရွဲ့ပစ်သည်။ စိတ်ကူးတွေ၊ အစီအစဉ်တွေ ချက်ချင်းပြောင်းသွားပြီး ကိုယ်က ရုတ်တရက်ကြီး ခွေခေါက်နဲ့ ကျသွားတာ ....

"အား ... ခြေထောက် ... ခြေထောက်၊ ကျိုးပြီထင်တယ်၊ နာလိုက်တာ"

"ဟင် ... ဘီးနဲ့ ကြိတ်မိသွားတာထင်တယ်"

"ဟုတ်လိမ့်မယ်၊ မင်းတို့ကလဲ လမ်းထဲမှာ ကားကို အရမ်းမောင်းရသလားကွ"

"မဟုတ်ပါဘူးဗျာ၊ ကားက သူ့ကို လုံးဝမတိုက်ရသေးပါဘူး"

"ဘာဗျ၊ ခင်ဗျားက တာဝန်မယူချင်လို့လား"

လူအများ၏စကားထဲကို သူ့စကားက တိုးလို့မပေါက်။ လေရှုးကလည်း ခြေထောက်တစ်ဖက်ကို ဖိနှိပ်ကာ ညည်းညူနေသဖြင့် သူ နှံ့သွားလေသည်။

ခြေထောက်နာတယ် ဆိုတာ ချက်ချင်းယောင်ကိုင်းလာမည်၊ အမှုမဟုတ် ဒဏ်ရာပေါ်လာမည် ဘာမှကြည့်လို့မရအောင် သူမ ဖိဆုပ်ထားသည့်နေရာက ပေါင်ရင်းကို။



www.burmeseclassic.com

www.burmeseclassic.com



"ကဲဗျာ၊ ကျွန်တော့်ကားပေါ် ဝိုင်းတွဲတင်ပေးကြပါ၊ ကျွန်တော် သူ့ကို ဆေးခန်းပို့ပေးလိုက်ပါ့မယ်"

ကားပေါ် တင်ပေးကြတော့ လေရှုး က ခြေထောက်လုံးဝမထောက်နိုင်သလို မွေ့တင်တဲ့အတိုင်း ပုံ့ပုံ့လေးထိုင်ရှာသည်။ ထိုနေရာကနေ ကားထွက်လာတော့ ....

"ဆေးခန်းကို မမောင်းနဲ့နော်၊ 'ဒေဝစ္ဆရာ' ဗျူတီပါလာရှေ့မှာ ချပေး"

"ဘာ ...."

ကျားလေး ဒေါသထွက်သွား၏။ အမူအရာအတွေ အပိုလုပ်နေတာကိုသိသည်။ ဘာမှမဟုတ်ဘဲ ဒီလောက်သရုပ်ဆောင်နိုင်မည်လို့တော့ မထင်ခဲ့ပေ။ ဘယ်လောက်ရှုံ့ဖို့ကောင်းတဲ့ မိန်းကလေးလဲ။ ကားက လွတ်ကျွတ်ရာမှာ ဒေါသထန်ကာ တုံ့ခနဲ ထိုးရပ်သွား၏။

"ဘယ်ရှေ့မှာမှ ချမပေးဘူး၊ ဆင်းတော့ ..."

"အံမယ် ... ဘာလို့ဆင်းရမှာလဲ"

"မဆင်းရင် ဆွဲချပစ်မှာပေါ့၊ ဒီမှာ ..."

စတီယာရင်မှာ လက်တစ်ဖက်ကွေးတင်လျက် တစ်ဖက်က လေရှုး ထိုင့်နေသည့်ကူရှင်ကို လှမ်းကိုင်ကာ ...

"ဆေးရုံက ဓာတ်လှေကားကို အပျော်စီးတယ် ပြောလိုပြော၊ တွေ့တဲ့ကားရှေ့မှာ ပြေးဝင်ပြီး အမူအရာတွေ လုပ်လိုလုပ်၊ မင်း ဘယ်လို မိန်းကလေးလဲ ဟင်"

လေရှုး ထောင်းခနဲတော့ဖြစ်သွားသည်။ ဒါပေမယ့် ပြုံး၍ ...

"ရိုးရိုးလေးပါ၊ ရှင်နဲ့တွေ့တိုင်းပဲ ဆန်းနေတာတော့ ရေစက်ပေါ့"

"ဘာရေစက်လဲ၊ မင်းလိုမိန်းကလေးနဲ့ နောက်တစ်ခါထပ်ဆုံဖို့လား၊ လွဲပါစေ၊ ဖယ်ပါစေ လို့ဆုတောင်းပြီး ရေစက်ချလှူလိုက်ဦးမယ်၊





ဆင်းကွာ၊ မြန်မြန်ဆင်း ..."

"မဆင်းနိုင်ဘူး၊ ရှင် လေရှုး ကို ဆွဲချရဲဆွဲချကြည့်"

"တောက် "

"လေရှုး ခြေထောက်တကယ်နာသွားတယ်၊ ထောက်လို့ရသည်ဖြစ်စေ၊ မရဘူးဖြစ်စေ ဆေးဖိုးဝါးခ ရှင်ပေးရမယ်၊ နောက်တစ်ခုက လေရှုး ပို့ခိုင်းတဲ့နေရာကို ရှင်ပို့ရမယ်၊ ကဲ ... မောင်း"

ပြောပုံက ရင့်သည်။ ကူရှင်မှာမှီ၍ ရှေ့ကိုကြည့် လက်ပိုက်ကာ အမိန့်ပေးသလိုမျိုး။ ကျားလေး စတီယာရင်ကို ထုချပစ်လိုက်ပြီး နေရာမှာ ဆောင့်ခနဲ ပြန်ထိုင်သည်။ မောင်းမလို့ လက်တင်လိုက်ပြီး မမောင်းဖြစ်ဘဲ သူ့မဘက်ကိုလှည့်၍ ပိုက်ဆံအိတ်ကို ထုတ်၏။

"ဆေးဖိုးဘယ်လောက်ယူမလဲ၊ ကဲ ... ပြော"

"ငါးသောင်း ..."

"ခုနစ်သောင်းပေးတယ်၊ မင်း .. အခု ကားပေါ်ကဆင်း"

"မလိုပါဘူး၊ လေရှုး သွားမယ့်နေရာကိုမရောက်ဘဲ မဆင်းနိုင်ဘူး၊ ကဲ ... မောင်းစမ်းပါ၊ နားညည်းလိုက်တာ၊ ခုမှ လေလံခန်းမထဲရောက်နေတာကျနေတာပဲ"

အပြတ်အသတ်တင်းနေလိုက်မှ ကားက စေတနာမရှိစွာ ရှေ့သို့ ထွန်းလေသည်။ ကားမှန်ထဲကနေ ကြည့်လိုက်တော့ မေးရိုးကြီး ထောင်ကားနေတဲ့အထိ အံကြိတ်လျက် မျက်နှာကြီးကလည်း နီနေသည်။ ဆံပင်ရှည်တွေက နောက်ဘက်ကုပ်ပေါ်မှာ ခွေဝိုက်ဖေးတင်လျက် နဖူးကဆံပင်တွေကို သေသေသပ်သပ် နောက်လှန်ဖြီးထား၏။

ထူထဲသည့် မျက်ခုံးတန်းတွေက ထင်းနေသည်။ နှာတံသည် လိုတာထက်နည်းနည်းပို၍ ကြီးသလိုထင်ရပေမယ့် ညီညီရိပ်သမ်းနေသည့် နှုတ်ခမ်းပြည့်ပြည့်များနှင့်ဆိုတော့ ကြည့်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင် ခုတင်လှေကားထဲမှာ ဆုံပြီးကတည်းက ကော်ဖီရောင် ဘောင်းဘီရှည်၊ ပုစွန်ဆီရောင်ဖျော့ဖျော့ ရှပ်လက်ရှည်နှင့် ကိုင်ထား သောကုတ်အင်္ကျီအနက်ကို ခြုံငုံကြည့်မိခဲ့သည်။ မြင့်သောအရပ်နှင့် ချပ်ချပ်ရပ်ရပ်ရှိသော ကိုယ်ဟန်က တောင့်သည်။ ဒီပုံစံကို လေရှူး ခဏခဏ သတိရနေမိခဲ့သည်။

သူကတော့ လေရှူး ကို ပစ်စလက်ခတ် အထင်သေးသွားပါပြီ။ လေရှူး ရင်ထဲမှာကတစ်မျိုး၊ ပြောမိတာတွေကတစ်မျိုး ဖြစ်ခဲ့သည်။ တကယ်က လေရှူး သူနဲ့ပတ်သက်ချင်တာဖြစ်သည်။

"ဆင်းတော့"

ဟု ပြောပြီး ရင်ခွင်ထဲကို ပိုက်ဆံတွေ ထည့်ပေးသည်။ လေရှူး ဆင်းလိုက်တော့ တံခါးကို သူဟာသူပြန်ဆွဲပိတ်ပစ်လိုက်ပြ ဂျိမ်းခနဲ မြည်၏။ အိမ်ရောက်ရင် တရော်ကင်ပွန်းနဲ့များ ခေါင်းလျှော်မလား မသိ။

လေရှူး ပြုံးလိုက်မိသည်။ ကစဉ့်ကလျား ဆုပ်ကိုင်ထားခဲ့မိသည့် ထောင်တန်တွေကို နမ်းပစ်လိုက်ရင်း ပခုံးတွန့်၏။

ပိုက်ဆံက တကယ်လိုလို့တောင်းတာလေ၊ ဒါပေမယ့် ရှင့်ဆီက မို့လို့ ယူတာနော်၊ ဝါသနာပါရင် ဂုဏ်ယူလိုက်ဦး။

စိတ်ထဲမှာပြောရင်း နီရဲသုန်မှုန်နေသည့် မျက်နှာကြီးက ပေါ် လာသည်။

မုန်းချင်မုန်းပေါ့၊ ဒီကတော့ ချစ်တယ်၊ ရှင်တကယ်ချောတာ သိရဲ့လား။

❁ ✿ ❁





အခန်း (၈)

"လှလေး"

"ဗျာ .. ဘိုးဘိုး၊ ကျွန်တော်ရှိပါတယ်၊ ဒီနားမှာ ဆရာဝန်ကြီးတွေ အားလုံးလဲရှိတယ်၊ ဘိုးဘိုး ဘာဖြစ်လဲဟင်၊ ဘယ်လိုနေလို့လဲ"

ဦးစက်ရှင်သည် မျက်လွှာတစ်ချက်အပွင့်ကို ဆင်းရဲပင်ပန်းစွာ ဆောင်ရွက်နေရင်း သူထံသို့ အကြည့်မရောက်နိုင်ဘဲ မျက်ကြောစင်းစင်း နှင့် အသက်ရှူပြင်းလာ၏။

"ဘိုးဘိုး ...၊ ဒေါက်တာ ... ကြည့်ပါဦး"

ကျားလေး ဦးစက်ရှင်လက်တစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်ထဲ မှာ ထပ်အုပ်ဆုပ်ထားရင်း အနားမှာရပ်နေကြသည့် ဆရာဝန်ကြီးတွေ ကို မော့ကြည့်ပြောသည်။ ဦးစက်ရှင်၏ လက်ချောင်းတချို့က သူ့လက်ကိုပြန်၍ ဖျစ်ညှစ်လိုပုံနှင့် အားယူလှုပ်ရှားလာကာ ...

"ကျားလေး ..."

"ပြောပါ ဘိုးဘိုး၊ ကျွန်တော် နားထောင်နေပါတယ်"

သူ ဦးစက်ရှင်နဲ့ မျက်နှာချင်းနီးသွားအောင် ပို၍ တိုးကပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ကိုယ်လုံးမှာ ပိုက်တွေ ရှုပ်ထွေးစွာ ဆက်သွယ်လျက်နှင့် ဦးစက်ရှင်အခြေအနေက ဘယ်လိုမှ မကောင်းနိုင်တော့ပါ။ ထို့ပြင် ဆရာ၊ ဆရာမတွေ အနားကပ်ပြီး လိုအပ်တာ လုပ်ကိုင်ပေးကြတာကို လည်း မခံယူချင်တော့သလိုမျိုး ဦးစက်ရှင်က အမူအရာလှုပ်ရှားမှု တချို့နှင့် ငြင်းဆန်နေပြန်သည်။

“မင်း ... မင်းတို့ ငါ့ရဲ့ဆန္ဒကို မလိုက်လျောနိုင်ကြဘူးလား၊ ငါ ငါ့မြေးလေးနဲ့ ...”

စကားတွေပြတ်တောက်သွားကာ ရင်ဘတ်ကြီးမှာ မို့မောက်လှုပ်ရှားလာပြန်၏။

“ဘိုးဘိုး၊ ကျွန်တော်တို့ အဲဒီကိစ္စကို ကြိုးစားပမ်းစား လိုက်နေကြတာပါ၊ ဘိုးဘိုး စိတ်ကိုတင်းထားပါ၊ ကျန်းမာရေးပြန်ကောင်းလာအောင် နေပါနော်၊ မကြာခင် ဘိုးဘိုးရဲ့မြေးကို ဘိုးဘိုးဆီရောက်အောင် ခေါ်လာနိုင်မှာပါ”

“မင်းတို့ ... ခုထိ ... မထူးခြားဘူးလား ... ဟင်”

“ဟို ... ထူးခြားပါပြီ၊ နည်းနည်းလေးလွဲနေတာလေးတွေ ရှိလို့ပါ၊ မကြာပါဘူး ဘိုးဘိုးရယ်၊ ဘိုးဘိုး ဝမ်းသာရတော့မှာ ... နော် .. ဘိုးဘိုး”

ရင်ထဲမှာ မကောင်းပါ။ ဒီမျှော်လင့်ချက်လေးနဲ့ ဘိုးဘိုး အသက်ဆက်နေရတာကို သူသိသည်။ ဦးလေးကောက်ကို မိုးကုတ်ဘက်က သတင်းနောက်လိုက်ဖို့ သူ့အမိန့်နဲ့ ထပ်လွှတ်တော့လည်း အန်တီဇင်က လုံးဝကန့်ကွက်ခဲ့၏။

“ဘာထူးမှာမို့လို့လဲ၊ မင်းကို အန်တီဇင် နားမလည်နိုင်တော့ဘူး။ မြေးကိုတွေ့တွေ့ မတွေ့တွေ့၊ အဖေ့အခြေအနေက ထူးခြားလာမှာမှ မဟုတ်ဘဲ”





“ထူးခြားတာ မထူးခြားတာထက် ဒီလောကမှာ ဘိုးဘိုးရဲ့မြေး အရင်းရှိနေသေးရင် ဒါကို ဖော်ထုတ်ရမှာပဲ အန်တီဇင်၊ ကျွန်တော်က ဘာဆိုင်လို့လဲ”

“ဟဲ့ .. အမွေပစ္စည်းဆိုတာ စားထိုက်မှ စားရတာ၊ သူ့သမီး မေမြတ်ရှင်ကို ကြည့်ပါလား၊ လင်ယူပြီး ကောက်ကောက်ပါသွားလိုက်တာ၊ သေတဲ့အထိ ဒီအရိပ်ထဲ ပြန်ရောက်ခဲ့လို့လား၊ အဲဒါ လက်တွေ့လေ၊ တစ်ဦးတည်းသော သမီးအရင်းက စုတ်စုတ်ပြတ်ပြတ် တောကြို အုံကြားမှာသေရပြီး တူတော်တဲ့လူက ဒီမှာစံစားနေရတာ၊ ဒီလိုဖြစ်အောင် ကိုမင်းညို လုပ်ခဲ့တာလဲမဟုတ်ဘူး။ မေမြတ်ရှင်ကိုယ်တိုင် ကြည်ဖြူပြီး နေရာလဲပေးခဲ့တာလဲ မဟုတ်ဘူး၊ တစ်ယောက်ကောင်းစားချင်ရင် တစ်ယောက်က ပျက်စီးရတယ်ဆိုတဲ့စကားအတိုင်း ဘုရားက ဖြစ်သင့်တဲ့အတိုင်း စီရင်သွားတာ၊ ခုလဲ ဒီလိုပဲ၊ မင်း ဘာမှ သိပ်ပြာမလုံစရာ မလိုဘူး၊ ကိုယ်ဖန်တီးစရာမလိုဘဲ ဖြစ်လာတဲ့ အခွင့်အရေး”

ဦးမင်းညို ကွယ်ရာမှာလည်း ဒေါ်သဇင်က အကြီးအကျယ် ကန့်ကွက်နေခဲ့သည်။ ရှေ့တင်မှာကျတော့ လူမမာကိုအကြောင်းပြ၍ ကောင်းအောင်ပြောရင်း တားသည်။

“လူတစ်ယောက်ကို မွေးကတည်းကနေ ကိုယ်မြင်ဖူးခဲ့တာ မဟုတ်ဘူးလေ၊ ခုချိန်ကျမှ ဦးစက်ရှင်ရဲ့မြေးပါဆိုပြီး ပေါ်လာတော့ရော၊ ဘယ်လိုစစ်ဆေးပြီး လက်ခံမှာလဲ၊ နီးစပ်တဲ့အသိုင်းအဝိုင်းအားလုံးထဲမှာ ဦးစက်ရှင်ဘယ်လောက်ချမ်းသာသလဲဆိုတာ သိနေကြတာ၊ ဒီက ဒီလိုရှာဖွေတဲ့သတင်းတွေကြားပြီး မသမာသူတွေ အကောက်ကြံရှင်လဲ စက်ဦးမယ်၊ သဇင်က သွေးမတော်တဲ့ဘက်ကနေ ပြောရတော့ သဲ သိပ်အကျည်းတန်တာပဲ၊ အနှစ်နှစ်ဆယ်လောက်က ပျောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ ဒီနေ့မနက်ဖြန် အသက်ထွက်မလိုဖြစ်နေတဲ့ လူမမာ၊ ဘယ်ဟာပိုအရေးကြီးသလဲဆိုတာရော စဉ်းစားမိကြရဲ့လား၊ ခုချိန်မှာ လူနာကိုဝေဒနာသက်သက်သာသာနဲ့ နေလို့ရအောင် ပြုစုစောင့်ရှောက်ကြဖို့ပဲ လိုတာပါ”

ဦးမင်းညိုကလည်း ဖြစ်သင့်တာကို သိသည်။ လုပ်သင့်တာကို လုပ်ဖို့လည်း စဉ်းစားသည်။ ထို့ပြင် ဖနီးသည့် တားမြစ်နေသည်က လိုလားခြင်း၊ မလိုလားခြင်းတွေ ရောထွေးနေတာကိုလည်း နားလည်ပါသည်။ ဒါပေမယ့် ပြောတာတွေက ဟုတ်တာလည်း ပါနေ၏။ စဉ်းစားသင့်တဲ့အချက်တွေပဲ ဖြစ်သည်။

ဝေဒနာဆိုတာကတော့ လူတိုင်းမှာ ရှိနေကြတာပဲဖြစ်သည်။ တူဖြစ်သူအတွက် ဒေါ်သဇင် နေရာပျောက်မှာစိုးတာလည်း သူမဘက်ကတော့ စိုးရိမ်သင့်တာပဲဖြစ်သည်။

သူရော၊ ဒေါ်သဇင်ရော၊ ဒီအိမ်မှာရှိလာခဲ့သည့် သက်တမ်းတစ်လျှောက်လုံး စီးပွားရေးကအစ၊ ဦးစက်ရှင်၏ကျန်းမာရေးအားလုံးကို ကိုယ့်စီးပွား၊ ကိုယ့်မိဘလို ဖြူစင်စွာ ပြုစုစောင့်ရှောက်လာခဲ့ကြတာဖြစ်သည်။

ဒေါ်သဇင်ကိုယ်တိုင် ကျားလေးကို ကိုယ်ဖိရင်ဖိကူညီဖို့ ဦးစက်ရှင်အနားမှာ ထားပေးခဲ့သည်။ ဒီနေ့အခြေအနေတွေဖြစ်လာတဲ့အထဲမှာ ကောက်ကျစ်မှု ဘာမှမပါခဲ့ပေ။

အားလုံးကို အစမှအဆုံး သုံးသပ်ကြည့်ပါလျှင် ဆိုးတာ၊ ကောင်းတာအားလုံးဟာ သူ့အလိုလိုဖြစ်သွားခဲ့တာတွေပဲဖြစ်၏။

ဘယ်လိုဆက်လုပ်မလဲ ...။ ကားမောင်းနေရင်း ရင်ထဲမှာ ပူလောင်နေသည်။ သူကိုယ်တိုင်ဆင်းရတော့မည်လား၊ ဒါဆို ဒီကအလုပ်တွေလူမမာကိစ္စတွေကို ဘယ်လိုလုပ်မလဲ၊ ဘာပဲဖြစ်ဖြစ် ဘိုးဘိုး၏အသက်





တစ်ရက်တစ်မနက်ပဲ ရှင်ပါစေ၊ စိတ်ချမ်းသာသွားစေချင်သည်။

အံန်တီဇင် ဘာပြောပြော ဘိုးဘိုး တမ်းတနေသည့် မြေး ဆိုတာကို ဆွဲထုတ်နိုင်ဖို့အတွက် ဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



၉

## အခန်း (၉)

"ဟဲ့ ... ဘာဖြစ်နေတာလဲ"

ရွက်စိမ်းပင်အုပ်ကို အနားသပ်တွေလိုက်ညှိပေး၍ ထိပ်ဖျားကို သေချာမော့ကြည့်နေတုန်း ခြံစောင့်၏ခေါ်သံကြောင့် လှမ်းကြည့်လိုက်မိသည်။

ခြံစောင့်မောင်စိန်က တံခါးမဖွင့်သေးပါ။ အပြင်မှာ မိန်းကလေး တစ်ယောက်က ပခုံးတစ်ခြမ်းမှာ ခပ်ပျော့ပျော့အိတ်မည်းလေးတစ်လုံး ကိုချိတ်လျက်။

ဒေါ်သဇင် ခြံဝဆီသို့ ခပ်ဖြည်းဖြည်းလျှောက်သွားရင်း မောင်စိန့် နားမှာရပ်လိုက်ကာ ....

"သူက ဘယ်သူလဲ"

"ဘဘကြီးရဲ့ မြေးတဲ့"

"ဟင် ... ဘာ ... ဘာပြောတယ်"

ဒေါ်သဇင် အထိတ်တလန့်နှင့် ကိုင်ထားသည့်ကတ်ကြေးကြီးကို





ဝင် ယောင်ယမ်းချပစ်မိတော့မတတ်ဖြစ်သွား၏။

"ဘာပြောလိုက်တယ်၊ ဟော့ ... မင်းက ဘာလဲ"

ထပ်မေးမိသည်။ ရှေ့ကိုထပ်တိုး၍ မောင်စိန့်ကို တံခါးဖွင့်ဖို့လည်း လက်နှင့် အမိန့်ပေးလိုက်၏။ မောင်စိန် ပျာပျာသလဲ တံခါးဖွင့်လိုက်တော့ ရှေ့မှာရပ်နေသည့် သူမနှင့် ဒေါ်သဇင် လက်တစ်ကမ်းသာသာပဲ ကွာတော့သည်။

လီမွှော်ရောင်နှင့် အဖြူစပ်ကျား စပို့ရှပ်လက်ရှည်နှင့် အရောင် တူကွာတားဘောင်းဘီလေးကို ဝတ်ထားသည်။ မိန်းကလေးက ရှိလှမှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်လောက်ပဲရှိမည်။

အဖေ ပျောက်ဆုံးနေသော မြေးမလေး၏ အရွယ်လောက် ပေါ့။ ဆယ့်ရှစ် သို့မဟုတ် ဆယ့်ကိုးအတိအကျဆိုလျှင် ဒီအရွယ်ပါပဲ။

ဒေါ်သဇင် တံတွေးကို ဂွိခနဲ မျိုမိ၏။ ဖြန့်ချလိုက်လျှင် တင်ပါး လောက်ထိ ရှိနိုင်မည့် ဆံပင်ရှည်တွေကို ဘေးနှစ်ဖက်မှာ ခပ်မြင့်မြင့် တင်ပြီး စည်းထားသည်။ အဖျားရှူး၍ သွယ်တန်းနေသည့် မျက်ခုံး၊ ပြာလဲ့သော မျက်ဝန်းအိမ်လေးနှင့် နှာတံချွန်ချွန်၊ မျက်လုံးက သူမ မျက်နှာမှာ စေ့စေ့စပ်စပ် ရောက်သွားပြီးမှ ...

"ဟော့ ... မေးတာဖြေလေ၊ မင်းကို ဘယ်သူလွှတ်လိုက်တာလဲ"

"အဖေ လွှတ်လိုက်တာ"

"အဖေ ... ဘယ်အဖေလဲ"

"လေရှူး ကို မွေးစားတဲ့အဖေ"

ဒေါ်သဇင် ကြားဖူးနေသည်က ကလေးနှင့် မိန်းမနှစ်ယောက် အစပျောက်နေတာဖြစ်သည်။ အဖေ ဆိုတာမပါ။ မိုးကုတ်ကနေ ရောက် လာတာလား။ ဟုတ်နေရင်လည်း သွေးရိုးသားရိုးတော့ မဖြစ်နိုင်ပေ။

"နေပါဦး။ မင်းကို ဒီကသူဌေးရဲ့မြေးပါလို့ လွှတ်ရအောင် ဘာ



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားပါလို့လဲ"

လေရှူး ကခေါင်းခါပြသည်။

"မပါဘူး"

ပါမှမပါဘဲ ..၊ အဖေ ဖုန်းဆက်ပြောတဲ့အထဲမှာ အင်းဖျားလမ်းထဲက သူဌေးကြီးဦးစက်ရှင်ဆိုတာကို စုံစမ်းသွား၊ အဲဒါ ညည်းရဲ့အဘိုးပဲ တဲ့။

"အထောက်အထားကတော့ မရှိတော့ဘူး၊ အခုအချိန်မှာမှ ညည်းမသွားဘူးဆိုရင် သူများကြဲ့စည်တာခံရပြီး အခွင့်အရေး ဆုံးရှုံးသွားမှာပဲ၊ မေးရင် ပြောလိုက်၊ ပေါက်ကွဲပျက်စီးနေတဲ့ ရထားပိုင်း အတိုအစတွေကြားထဲကနေ မွေးစားအဖေက ကျွန်မကို ကယ်ထုတ်သွားခဲ့တာလို့"

မှာလိုက်တာက ဒါပဲဖြစ်သည်။ မသေချာဘဲနဲ့ မသွားချင်ဘူးဆိုပြီး ထိုင်နေတော့လည်း သူမမှာ ငွေဆိုလို့ ခြူးတစ်ပြားမှ မရှိတော့ပေ။ ပြီးတော့ အဖေဟာ လူကောင်းဟုတ်ချင်မှဟုတ်မည်။ သူများအပေါ်မှာ မရိုးသားစွာ လိမ်လည်လှည့်စားခဲ့ဖူးတာလည်း ရှိနိုင်သည်။ ဒါပေမယ့် လေရှူး ဒုက္ခရောက်အောင်၊ အရှက်ကွဲအကျိုးနည်းတဲ့အထိဖြစ်ဖို့ လိမ်ညာပြောလိုက်တဲ့အထိ လှည့်ပတ်တာ မဖြစ်နိုင်ပေ။

ထို့ကြောင့် အခန့်မသင့်လျှင် လိမ်ညာဟန်ဆောင်မှုဖြစ်သွားနိုင်တာကို သိပေမယ့် စွန့်စားလိုက်ရခြင်းဖြစ်သည်။

လေရှူး ဒီလိုမှ မလုပ်လျှင် ....။

"ဒီမှာဟေ့၊ မင်းနာမည် ဘယ်သူလဲ၊ လူတွေကို ဘာအောက်မေ့လို့ တစ်ပတ်ရိုက်ဖို့ ကြိုးစားနေတာလဲ၊ ပြဿနာမကြီးကျယ်ခင် မင်း ထွက်သွားလိုက်တော့"

"ဘာလို့ သွားရမှာလဲ၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ရထားမိုင်းမိလို့





ပေါက်ကွဲတဲ့ထဲမှာ လေရှူးရဲ့မိဘတွေ ပါသွားတယ်၊ လေရှူး ကို အခု မွေးစားထားတဲ့အဖေက အသက်ကယ်ခဲ့လို့ မသေခဲ့တာ၊ ဒါကို ဘာအထောက်အထားပြရဦးမှာလဲ"

"ဒါက ပြောလို့ရတာပဲ၊ ဒီမှာ လူမမာရှိနေလို့ သူဌေးရဲ့မြေးကို စုံစမ်းနေတယ်ဆိုတဲ့အသံကို တစ်ဆင့်စကားနဲ့ကြားရင် မင်းပြောတဲ့ စကားမျိုး လူတိုင်းပြောတတ်တယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မင်းထပ်ပြောလာရင် ရဲကိုဖုန်းဆက်ရမှာပဲ၊ မောင်စိန် ... တံခါးပိတ်"

"ဟုတ် "

အမိန့်ပေးလိုက်ပြီး နောက်ကို ခြေနှစ်လှမ်းလောက် ပြန်ဆုတ်သည်။ မောင်စိန်က တံခါးကို ပြန်ဆွဲပိတ်ဖို့ပြင်၏။ လေရှူး က တံခါး နှစ်ချပ်စေ့မသွားခင် ကြားထဲမှာ ဝင်ရပ်လိုက်ပြီး ...

"အန်တီက အဘိုးနဲ့ ဘာတော်တာလဲ၊ လေရှူး ကို အဘိုးနဲ့ တွေ့ခွင့်ပြုပါ"

"ကြည့်စမ်း ... ကြည့်စမ်း၊ ကဲလိုက် ရဲလိုက်တာ၊ ထွက် ... အခုနောက်ဆုတ်လိုက်"

"သက် ... သက် ... ဘာဖြစ်တာလဲ"

ဦးမင်းညို လှမ်းမေးရင်း အပြေးတစ်ပိုင်းရောက်လာ၏။ ဇနီးဖြစ်သူမျက်နှာက ဒေါသနှင့် ထိတ်လန့်ခြင်းတွေ ရောယှက်ကာ သူ့ကိုလှည့်ကြည့်ပြီး ကတ်ကြေးကို မြက်ခင်းအစပ်သို့ ဂျိုင်းခနဲ ပစ်ချသည်။

"ဒီမှာလေ၊ မဟုတ်မမှန် လုပ်ကြံဇာတ်တွေခင်းပြီးတော့ 'အဘိုးပါ။ အဖေပါ' လာလုပ်နေတယ်၊ 'မနော်မြတ်' စံအိမ်ကို ဘာမှတ်နေသလဲ မသိဘူး"

"မင်းက .."

ဆံပင်နှစ်ဖက်စည်းထားသည့် မိန်းကလေးကို လက်ညှိုးထိုး၍



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းညို မေးမလို့ပေမယ့် စူးစူးရဲရဲ ပြန်ကြည့်လာသည့် မျက်ဝန်းလေးတွေကြောင့် စကားက ရပ်တန့်သွား၏။ ထိုညွှန်ထားမိသောလက်ညှိုးက လျှော့တိလျှော့ရဲ ပြန်လျှောကျလေသည်။

"ကျွန်မက ဆောင်းလေရှူး၊ ဒေါ်မေမြတ်ရှင်ရဲ့ သမီးပါ၊ ဒီက ဦးစက်ရှင်ဆိုတာ လေရှူးရဲ့အဘိုးပဲ"

"ဘယ်သူပြောလိုက်တာလဲ"

"လေရှူးကို မွေးစားခဲ့တဲ့ အဖေ"

ဦးမင်းညို မျက်မှောင်ကုတ်သွား၏။

"အမေရော မရှိဘူးလား၊ မွေးစားအမေကို မေးတာ"

လေရှူး မျက်ခုံးလေးတွန့်သွားပြီး ခေါင်းခါသည်။ အလွန်ကံဆိုးခဲ့သည့် သူမဟာ မွေးစားအမေဆိုတာကိုတောင် ပြန်စဉ်းစားမှ ဝါးတားတားလေးပဲ သတိရသည်။ ဘယ်လိုပုံစံဆိုတာ ပြန်ဖော်ကြည့်တိုင်း မရပေမယ့် အဖေ့လိုမဟုတ်တာတော့ သေချာပါသည်။ အမေက လေရှူး ကို ယုယုယယ ထွေးပွေ့ချစ်ခဲ့တာတွေကို မှတ်မိနေတာတွေ ရှိသေးသည်။

ဦးမင်းညိုက စိတ်မကောင်းသည့်မျက်နှာနှင့် ခေါင်းတယမ်းယမ်း ဖြစ်သွားကာ ...

"မင်း ခက်ခဲနေရင် မဖြေပါနဲ့တော့၊ တစ်ခုရှိတာက ဒီမှာပျောက်နေတဲ့မိန်းကလေးဟာ 'မနှောမြတ်' စံအိမ်ရဲ့သခင်မလေးပါ၊ သိပ်ကို အရေးပါအရာရောက်တဲ့ အခန်းကဏ္ဍဖြစ်နေတော့ သူ့ဋ္ဌေးရဲ့မြေးတွေ ဘယ်လောက်များများထွက်လာပစေ၊ ဒီလိုလွယ်လွယ်တော့ လက်မခံနိုင်ဘူး"

"လေရှူး ကို အဖေက မညာဘူး၊ မမှန်ဘဲနဲ့ ပြောမှာလဲမဟုတ်ဘူး အားလုံး အဘိုးနဲ့တွေ့ရင် ရှင်းသွားမှာပဲ၊ လေရှူး ..."





"မဖြစ်ဘူး မိန်းကလေး၊ မင်းပြန်ပါ"

"ဘာလို့ပြန်ရမှာလဲ"

လေရှူး ကလည်း လှည့်ပြန်ဖို့ လုံးဝစိတ်ကူးမရှိပါ။ သွားတော့လို့ အဖေလွှတ်လိုက်ပြီဆိုကတည်းက မှာသည်။ "ဘုရင့်နောင် ဖောင်ဖျက်သလိုမဟုတ်ပေမယ့် ကုန်းပေါ်မှာလည်း ညည်းအတွက် နောက်ပြန်ဆုတ်ဖို့မြေ မရှိတော့ဘူးနော်၊ အဖေ့မှာ ကိုယ့်ဒုက္ခနဲ့ကိုယ် ပြေးနေရတာ၊ ကြောက်တတ်ရင် ခံပေတော့" တဲ့။

ခံရစရာလား၊ ကိုယ်က မမှန်တာ လာပြောနေတာမှမဟုတ်တာ၊ ဒါပေမယ့် ဘာ့ကြောင့်မှန်တယ်ပြောတာလဲလို့ မေးလျှင် သူမမှာ ပြောစရာမရှိပေ။

"မင်းမှာ ဒီစကားကလွဲပြီး ပြောစရာမရှိတော့ဘူးမို့လား"

ဒေါ်သဇင်က ခါးတစ်ဖက်ထောက်၍ မေးကာ လေရှူး ကို အထင်မြင်သေးစွာ စုန်ချည်ဆန်ချည် ကြည့်၏။ ပြီးတော့ မဲ့ကာ ...

"ဘယ်ရှိမလဲ၊ ဒီကလူတွေနာမည်ကို အလွတ်ကျက်ပြီး ထလာတာကို၊ ထပ်မေးမယ်၊ မင်း အခုထွက်သွားမလား၊ မသွားဘူးလား"

"မသွားနိုင်ဘူး အန်တီ၊ လေရှူး အဘိုးနဲ့တွေ့ရမှဖြစ်မယ်၊ အဖေက အဲဒါ နှင့်အဘိုးအိမ်ပဲလို့ လက်ညှိုးထိုးပြပြီးတာနဲ့ လေရှူး ကို ထားခဲ့တာ၊ တခြားဘယ်မှ သွားစရာမရှိဘူး"

"ဩော် ... ဟုတ်လား။ ဖြစ်ရလေအေ၊ ဒီလို ငွေလိုချင်တာဆိုလဲ အစကပြောပါလား"

ဦးမင်းညိုက ပင့်သက်ရှိုက်လိုက်ပြီး လေရှူး ကို သနားသလို ကြည့်၏။

"မင်း အဆင်ပြေအောင် ပေးလိုက်မယ်၊ နောက်ထပ်ပြဿနာ လာမရှုပ်ပါနဲ့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



လေရှုး မျက်နှာလေးတင်းသွားသည်။ ဒါပေမယ့် ထပ်ပြောဖို့ စကားကမရှိ။ ရဲကိုဖုန်းဆက်လိုက်လို့ ရောက်လာကြလျှင် ဘယ်လို ရှင်းမလဲ။

ဦးမင်းညိုက ရုပ်အင်္ကျီအိတ်ထဲမှာ အသင့်ပါလာသည့် ထောင်တန်တွေကို အားလုံးဆွဲထုတ်လိုက်ပြီး မရေမတွက်ဘဲ လှမ်းပေး၏။

"တကယ်ဆို ဘာမှတော့မဆိုင်ပါဘူး၊ မင်းက မင်းရဲ့ပြဿနာရှိနေသရွေ့ ဒီကနေ သွားမယ့်ပုံမပေါ်လို့ အရှုပ်တွေမဖြစ်ချင်လို့ ပေးတာ၊ နောက်တစ်ခါဆို မင်းသံတိုင်တွေထဲ ရောက်သွားမှာပဲ၊ အဲဒါကို နားလည်ပါ။ ရော့ ..."

လေရှုး နှုတ်ခမ်းလေးကို ဖိပိတ်၍ ပေစောင်းစောင်းကြည့်သည်။ ငွေနဲ့ ဦးမင်းညိုကို နှစ်ခေါက်လောက်ကူးလူးကြည့်လိုက်ပြီးမှ လှမ်းယူကာ ...

"လေရှုး က ကိုယ်မှန်တယ်ထင်ရင် မလုပ်ရဲဘူးဆိုတာ မရှိဘူး သံတိုင်တွေထဲရောက်ဖို့မရှိအောင် ပိုပြီးသေချာတဲ့တစ်နေ့မှာ ရောက်လာဦးမှာပဲ"

"ဘာ ...."

ငွေ လက်ထဲရောက်မှ စိန်ခေါ်သလိုပြောလိုက်တာမို့ ဒေါ်သဇင် ရှုံ့ရှုံ့ရှားရှားဖြစ်သွား၏။ လေရှုး ၏မျက်ဝန်းလေးတွေက သူမထံ ဖျတ်ခနဲ ရွေ့လာပြီး ...

"နောက်တစ်ခါဆို ဒီလိုငွေပေးတိုင်း လှည့်ပြန်မှာမဟုတ်ဘူး သံတိုင်တွေနောက်ကို ပို့ချင်တယ်ဆိုရင် ဦးစက်ရှင်ရဲ့မြေးအဖြစ် ဘယ်သူလာလာ ပြန်တွန်းလှတ်နိုင်အောင် ကြိုးစားထားပေါ့ ... နော်၊ အသိပေးထားတာပါ"

ပြောပြီး နောက်တစ်လှမ်းဆုတ်သည်။ သူမ ထွက်သွားပြီး သိ





မကြာမီ ကျားလေး၏ကားဝင်လာတာကို မြင်လိုက်ရ၏။ ခြံဝမှာ မိုးတိုးမတ်တတ်ရှိနေဆဲကို မြင်ကာ ကျားလေး ကားရပ်ပြီးဆင်းလာ၏။

"ဘာတွေဖြစ်နေကြတာလဲ လေးလေး"

မေးရင်း သူ လာခဲ့သည့်ဘက်ကိုလည်း ပြန်ကြည့်၍ .........

"ဟိုမှာ ဆံပင်စည်းထားတဲ့ ကောင်မလေးက ဒီကထွက်သွားတာလား"

လမ်းမှာ သူမကိုယ်သူမ လေရှုး ဟုကင်ပွန်းတပ်ကာ အလွန်အမြင်ကပ်စရာကောင်းသည့် မိန်းကလေးကို သူမြင်ခဲ့ရ၏။ ဒီမှာလည်း ဗရုတ်ဗရက်နဲ့မို့ သူဆက်စပ်တွေးမိလိုက်ခြင်းဖြစ်သည်။

ဒေါ်သဇင်က ခေါင်းညိတ်လိုက်ပြီး ခံထောက်ထားခြင်းကို ဖြုတ်သည်။

"ဟုတ်တယ်၊ ဆောင်းလေရှုး တဲ့၊ နာမည်ကိုက သန့်သန့်ခန့်ခန့်မရှိတာ၊ ဦးစက်ရှင်ရဲ့မြေးဆိုပြီး ရောက်လာတာလေ၊ သူ့မွေးစားအဖေက ပြောလိုက်တာတဲ့၊ သေသွားတဲ့လူတွေကို သက်သေထူပြီး ဒေါ်မေမြတ်ရှင်ရဲ့သမီးလို့ ပြောသေးတယ်၊ မေးကြည့်ပါလား၊ နှင့်လေးလေးကို"

ဒေါ်သဇင် သက်သေပြုတော့ ဦးမင်းညိုက ခေါင်းညိတ်၍ ...

"ဟုတ်တယ်ကွာ၊ နောက်ဆုံး ရဲတိုင်မယ်ဆိုတော့မှ ပိုက်ဆံယူပြီး လှည့်ပြန်သွားတာ"

"သူ့မွေးစားအဖေ ဘယ်သူလဲလို့ မမေးလိုက်ဘူးလား"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ အုပ်စုလိုက်ပေါင်းလိမ်တဲ့ဥစ္စာ၊ ငါ့မယုံ ငါ့မယားမေးကြည့် ဆိုတာမျိုး ဘယ်လိုလုပ်ယုံမလဲ၊ လာ .. လာ၊ ဝင်ခဲ့တော့"

ကျားလေး မျက်မှောင်ကုပ်နေရင်း ပေါ်တီကိုအောက်မှာ ကားရပ်ပြီးတဲ့အထိ တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေဆဲဖြစ်သည်။ ထို့နောက် ကားပေါ်ကဆင်းလိုက်ပြီးမှ ပြန်တက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အပြင်ခဏသွားဦးမယ်"

"ဟဲ့ ...ညော် ... လူမမာအခြေအနေလေးတောင် မမေးရသေးဘူး"

"အန်တီဇင် အစုသွားမှာမို့လား၊ မသွားလို့မရဘူး၊ အဘိုး သိပ်နေမကောင်းဘူးနော်၊ ကျွန်တော် ဒီနားတင်"

ပြောခဲ့ပြီး သူ ထွက်လာခဲ့သည်။ ဘိုးဘိုး သိပ်နေမကောင်းဘူးလို့ ပြောလိုက်တာနှင့် အန်တီဇင် ပျာယာခတ်သွားတာကို မြင်ခဲ့သဖြင့် စိတ်ချသွားသည်။

သူ ထွက်လာခဲ့သည်က အမြဲတမ်း ပိုက်ဆံလိုချင်နေတတ်သော ဟိုအရှုပ်မလေးကို ရှာဖို့ ...။





အခန်း (၁၀)

ဘယ်လောက်နက်ရှိုင်းစေတဲ့ ခံစားချက်ပဲဖြစ်ဖြစ်၊ ရင်ထဲမှာ စူးနစ်မဝင်၊ ကြာရှည်သိမ်းဆည်းမထားခဲ့သော သူမဟာ ဒီအဖြစ်မှာတော့ ခြေလှမ်းတွေ ထောင်ပေါင်းများစွာ လှမ်းလာခဲ့ပြီးတဲ့အထိ ဘယ်လိုမှ မျောက်မရနိုင်ဘဲ ဖြစ်နေသည်။

ဖြူသလား၊ မည်းသလား၊ နုပျိုနေဆဲလား၊ အိုမင်းရင့်ရော်နေပြီလား ဘယ်လိုမှ ခန့်မှန်းမမြင်တတ်ခဲ့သည့် အဘိုး ဆိုတာကို တွေ့ချင်လို့သွားခဲ့သည်။

ဖြူဖြူနုနု သန့်ပြန့်ချောမွေ့နေဆဲဖြစ်သော ဘယ်သူတွေမှန်းမသိသည့် ယောကျ်ားမိန်းမတွေက သူတောင်းစားနှင်သလို နှင်လွှတ်ခဲ့ကြ၍ ရင်ထဲမှာ တဖျတ်ဖျတ်နာကျင်နေခဲ့တာကို သိသည်။ ငိုချင်နေတာ မဟုတ်တော့ ဝမ်းနည်းသည့်ခံစားချက်တော့ မဟုတ်နိုင်ပါ။ နာကြည်းနေတာဆိုရင်လည်း သဘာဝမကျ။

ဒီလောက်ချမ်းသာသည့် သူဌေးကြီး၏မြေးဆိုတာ လူတိုင်းဖြစ်ချင်ကြမှာပဲ၊ 'မြေးပါ' လို့ပြောရုံနဲ့သာ လက်ခံပေးလိုက်မည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



မြေးတွေ နောက်ထပ်အများကြီး ပေါ်လာနိုင်သေးသည်။

ဒါ မှန်ပါသည်။ မှားနေတာက သူမလား၊ ကိုယ်မဟုတ်လျှင် အဖေ့ကို လက်ညှိုးထိုးရတော့မှာဖြစ်သည်။ လေရူး မျက်စိရှေ့ကနေ အဖေ ပျောက်သွားသည်။ သမီး ဘယ်လိုနေသလဲ၊ ဘယ်လိုစားသလဲ မမေးဘဲ ကွယ်ရာကနေ ဖုန်းဆက်တော့ "ညည်းက သူဌေးသမီးလေး ပါ" တဲ့။

"ဘာမှမေးမနေနဲ့ လေရူး၊ မမေးနဲ့ဆိုတာက အဖေ ဖြေနိုင်မှာ မဟုတ်လို့၊ ညည်းက သူဌေးသမီးမြေမြတ်ရှင်ရဲ့သမီး၊ သူတို့တွေက မရှိကြတော့ဘူးဆိုတော့ အဲဒီကို သူဌေးဦးစက်ရှင်ရဲ့မြေးအဖြစ်နဲ့ ညည်းသွားရမှာ၊ အဖြစ်ဆိုတာက မိဘတွေမရှိတော့လို့ မြေးအဖြစ်ကို ပြောတာနော်၊ သွားပြီး လိမ်ညာဖို့ကို ပြောချင်တာမဟုတ်ဘူး။ ညည်း ယုံယုံကြည်ကြည်နဲ့သွား၊ ငါဟာ ဦးစက်ရှင်ရဲ့တစ်ဦးတည်းသောမြေး ဆိုတာကို ခိုင်ခိုင်မာမာ နှလုံးသွင်း၊ ဒီလိုမှ သတ္တိမရှိရင်တော့ နေရာ ဆိုတာထက် တစ်လောကလုံးမှာ သွေးအရင်းဆုံး တစ်ယောက်တည်း သော ညည်းရဲ့အဘိုးကို ဆုံးရှုံးရမှာပဲ၊ နေရာကောင်းတစ်ခုဆိုတာ လူတိုင်းလိုချင်တယ် သမီး၊ ကိုယ်က နေရာမှန် လူမှန်ဖြစ်ရဲ့သားနဲ့ ညည်းဆုံးရှုံးခံမှာလား"

"ရဲရဲသွားပါ။ ညည်းအတွက်ပဲ အဖေကြိုးစားနေတာ၊ လောလော ဆယ် မျက်နှာငယ်တာ၊ အရှက်ရတာ ရှိရင်ရှိမယ်၊ နောက်ကျတော့ အားလုံးရှင်းသွားလိမ့်မယ်၊ နောက်တစ်ခုအထင်မလွဲဖို့က ဒီလုပ်ရပ် မှာ အဖေ့အကျိုးတစ်ခုမှမပါဘူးဆိုတာပဲ"

အဖေ့စကားတွေကို အစီအစဉ်မကျသော်လည်း လေရူး အားလုံး မှတ်မိနေသည်။ သွားခဲ့တုန်းကလည်း အဖေ့စကားတွေအတိုင်း ယုံကြည် ခိုင်မြဲစွာပဲဖြစ်၏။ ခုတော့ ...။





ပိုက်ဆံတွေပါသည့်အိတ်ကို ပခုံးပြောင်းချိတ်ရင်း ခြေလှမ်းတို့က တုံ့နှေးစ ပြုလာ၏။ ဒီငွေတွေကို လက်ခံပြီး လှည့်ပြန်လာခဲ့မိတာ မှား ပြီလား။

တွေးလိုက်မိတော့ နောင်တမရတတ်သည့်စိတ်က ခေါင်းခါခဲ့၏။ ခြံထဲတောင်အဝင်မခံဘဲ သက်သေအထောက်အထားမဲ့နှင့် သူဌေးရဲ့ မြေးဖြစ်ဖို့ ကြိုးစားသူကို နောက်ထပ်ဘယ်လိုပြောပြော ဘယ်သူက ယုံကြည်မှာလဲ။ ထပ်ပြောလေ ပိုဆိုးလေပဲဖြစ်မည်။ ဒါကြောင့် သူမ နောက်ပြန်ဆုတ်ခဲ့တာ မမှားဘူးဟု ကိုယ့်ကိုကိုယ် အားဖြည့်လိုက်သည်။

ဒီငွေကိုမယူပါဘူးဆိုပြီး ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို လှည့် ပြန်ခဲ့ဖို့၊ ဒါမှမဟုတ် ငွေတွေနဲ့ ပြန်၍ ပစ်ပေါက်ခဲ့ဖို့က ခုချိန်ထိ သူမ ထမင်းမစားရသေးပေ။

အတွေးများနှင့် ဘယ်ဆီဘယ်ဝယ် ရောက်လာမှန်းမသိသော် လည်း ခြေထောက်တွေက နေးကွေးနေပြီဖြစ်ကာ ဗိုက်ထဲမှာ အော် သံတွေ ဆူညံနေ၏။ ဘေးဘီကိုကြည့်လိုက်တော့ ရှေ့မှာ Thai Food လို့ စာရေးထားသည့် မှန်တံခါးနှစ်ချပ်ပေါ်က စာတွေကို မြင်လိုက်၏။ ပါကင်မှာလည်း ကားတွေ ကျပ်ညပ်နေတာကို ခြံပြင်ကနေ လှမ်းမြင် နေရသည်။

ဒီလိုဆိုင်မျိုးမှာ ငွေကုန်ကြေးကျများမယ်ဆိုတာကို သူမ သိ သည်။ အိတ်ထဲမှာ ငွေကလည်း သိပ်အများကြီးပါတာမဟုတ်ပေ။ ဟို လူကြီးက သူ့အိတ်ထဲကဆွဲထုတ်ပြီး ပါလာသမျှကို ပေးခဲ့တာဖြစ် သည်။ အလွန်ဆုံးရှိမှ သုံးလေးသောင်းပေါ့။ ဒါပေမယ့် မတတ်နိုင်။

စားပြီဆို ကောင်းတာ ဆန်းတာပဲ စားချင်သည်။ မဝတဝစားပြီး သူများစားတာကို မျှော်ကြည့်ပြီးတော့လည်း မထချင်ပေ။ အဝစား မည်၊ တစ်ထိုင်တည်း ဘာဖြစ်သွားသွား၊ နောက်နေ့ ဘာဖြစ်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်က နောက်ကျပြီး ခြေထောက်တို့က မှန်တံခါးအတွင်းကို ရောက်ခဲ့ပြီဖြစ်သည်။ စိမ့်ခနဲ လေအေးတစ်ချက်နှင့်အတူ မျက်ဝန်းတချို့ သူမထံ ရောက်လာကြသည်။

စနစ်တကျခင်းထားသည့် စားပွဲတွေကြားကနေ ထိပ်နားက စားပွဲမှာ သွားထိုင်လိုက်သည်။ လေအေးစက်က လေကို လေရှူးကြိုက်သည်။ ထို့ပြင် ရှာခီရာ၏ Hips Don't Lie သီချင်းကို ငြိမ့်ငြိမ့်လေး ကြားနေရသည်။

မောပန်းဆာလောင်တာတွေတောင် ရုတ်တရက် ပျောက်သွားခဲ့၏။ ဒီသီချင်းကို လေရှူး ကြိုက်မှန်းသိ၍ ချစ်သဲက MP4 မှာ သွင်းထားပြီး နှစ်ယောက်အတူ နားထောင်နေကျ။

အတွေးထဲမှာ ချစ်သဲ ပါလာမှသတိရကာ နေရာမှထ၍ ဖုန်းရှိရာကို သွားသည်။

"ဖုန်းဆက်မယ်နော်၊ ရတယ်မို့လားဟင်"

စားပွဲနောက်က မျက်မှန်နှင့်လူကြီးက သူမကို စိုက်ကြည့်ပြီး အားနာသလို ပြုံးပြသည်။

"စိတ်မရှိပါနဲ့ကွယ်၊ ဒါက လုပ်ငန်းခွင်သုံးသက်သက်ဆိုတော့"

"ဪ ... ရပါတယ်"

စကားမဆုံးခင်ဘဲ ဖြတ်၍ ခေါင်းညိတ်ပစ်လိုက်သည်။ ကပ်လျ... စားပွဲတွေမှာ လူတွေနဲ့မို့ မျက်နှာမှာ နည်းနည်းတော့ရှိန်းဖိန်းသွား... ဒီလိုဖြစ်နိုင်တာကို အစက တွေးမိပါတော့လား။

ကိုယ့်ကိုကိုယ်ကျိန်ဆဲရင်း ဒီဘက်ပြန်လှည့်လိုက်တော့ ...

"ဟိတ် ... ယူမလား၊ လာလေ"

ရယ်သံနှင့်စကားသံသဲ့သဲ့က နားထဲဝင်လာ၏။ မကြည့်သင့်... သိလျက်နှင့် မျက်လုံးက ထိုဆီသို့ ဒိုင်းခံနဲ့ ရောက်သွားသည်။ ပေါ...





တို့ အလယ်ပွင့်ရုံပဲဖြဲထားသည့် မျက်နှာလို ဖြူပွပွ၊ ပါးစပ်အပြဲသားနှင့် ရုပ်က စပ်ဖြဲဖြဲနှင့် ဟန်းဖုန်းကို ထောင်ပြသည်။

"ဒီမှာပေးမလို့"

ဒေါသက ထောင်းခနဲ ဖြစ်သွားစဉ် လေရှူး လက်တစ်ဖက်ကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်၏။ ကြည့်လိုက်တော့ လင်းအုပ်စီး။

"ဖုန်းဆက်လို့လဲ ရတယ်၊ စားချင်တာစား၊ ဒီမှာ မထိုင်နဲ့"

"ခင်ဗျား ..."

လေရှူး ဘာမှမပြောရသေးမီ သူက လေရှူး လက်ကိုဆွဲ၍ စားပွဲတွေကြားထဲကနေ ဝိတ်ကွေ့ကာ ဘေးတွဲက သီးသန့်စားသောက်ခန်း တစ်ခုထဲကို ဝင်သည်။

"ဖယ်စမ်းပါ၊ ဘာလုပ်တာလဲ ခင်ဗျား ..."

"ဒီမှာထိုင်"

"ဘာလို့ထိုင်ရမှာလဲ၊ ဖယ် ..."

လက်ကို ဆောင့်ရုန်းပစ်လိုက်သည်။ လူတွေရှေ့မှာ အသိလိုလို အာလိုလို ပိုင်စိုးပိုင်နင်း ဆွဲချလာတာကို မေ့လျော့ပါလာတာ မဟုတ်ပေ။ နောက်ထပ် ဗရုတ်ဗရက်ပြောစရာတွေ ထပ်ဖြစ်မှာစိုးလို့ မရုန်းဘဲ နေလိုက်တာဖြစ်သည်။

လင်းအုပ်စီး က အထက်အောက်အနက်တွေချည်းဖြစ်ကာ အကျီနဲ့ဘောင်းဘီရှည်မှာ ချိန်းကွင်းတွေက ရှုပ်ပွနေသည်။ ခါးပတ် အပြင် ခဲပုပ်ရောင် ပဝါစတစ်ထည်နှင့် ခါးမှာ လျော့တိလျော့ရဲ ပတ်ချည်ထားသေး၏။

အပေါ်ပွပွဆံပင်ပုံနှင့် ဝတ်စားထားပုံက တမင်တကာထွင်ထားမှန်းသိသာပေမယ့် ကြည့်မကောင်းဘူးလို့တော့ မပြောနိုင်။ သူ့ကို ကြည့်နေသည့် လေရှူး ကို သူက ဘာသဘောကျသွားသည်မသိ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပြောမလို့ ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်၍ လက်ပိုက်သည်။

ရှေ့မှာ တည့်တည့်ရပ်နေလိုက်ပြီး .....

"မမှတ်မိလို့လား၊ မင်းနဲ့ကျမှ ခပ်ပေါပေါဖြစ်ကျန်ခဲ့ရတဲ့ လင်အုပ်စီးလေ၊ တကယ်အစစ်"

မျက်နှာက ရယ်ချင်ပက်ကျိုရုပ်နှင့် .....။

"ဒီတစ်ခါ ဘယ်လိုသရုပ်ဆောင်ပြီးထွက်ပြေးမလဲလို့ ကြည့်မယ်ကဲ ... ထိုင်"

"ဘာလို့ထိုင်ရမှာလဲ"

"မင်းကို မုန့်ကျွေးမလို့လေ၊ ဘာလဲ ... ဟိုတစ်ခါ တို့ရှင်းလိုက်တဲ့အကြွေး တောင်းမှာစိုးလို့လား"

"မစိုးပါဘူး၊ အဲဒီလိုအကုန်ခံချင်နေတဲ့လူတွေကို လေရှူး အားနာတတ်တာမှမဟုတ်ဘဲ၊ မလိုချင်ပါဘူးဆိုတာ ရှင်ပဲပေးချင်နေတာမဟုတ်ဘူးလား၊ ပြန်စဉ်းစားလေ"

"ဟား ဟား"

အုပ်စီး က ပခုံးနှစ်ဖက်တွန့်ပစ်ပြီး ရယ်ပေမယ့် အသံမထွက်

"မင်းမသိဘူးထင်တယ်၊ ဘာဖြစ်လို့ပဲပေးပေး ယူပြီးရင် ပြန်ပေးရတယ်၊ မင်းလက်ခံခဲ့ပြီးပြီဆိုတော့ ပြန်ပေးရမှာပဲ"

"ခင်ဗျား ဘာစကားပြောတာလဲ"

"ရှင် ဆိုရင် တော်ရောပေါ့ကွ၊ 'ခင်ဗျား' ကြီးက စိမ်းပါတယ်"

ကိုယ်က ဒေါသတွေဖြစ်လာလေ၊ သူက ပြုံးနေလေမို့ ဒေါသ ကိုယ့်စိတ်ကို ပြန်ထိန်းသည်။ ဖွင့်ပြီးလျှင် သူ့အလိုလိုပြန်ပိတ်သွားသော ပါဝါဝင်းဒိုးကို စောင်းကြည့်လိုက်တော့ အုပ်စီး က ဟွန့်ခနဲ ရယ်သည်။

"မရဘူး လေရှူး၊ မင်းကို တို့စိတ်ဝင်စားလာအောင် မင်းပဲလုပ်ခဲ့တာ၊ ဘာဖြစ်လို့ အသာတကြည် မရှိရတာလဲ၊ ဆုံဖြစ်ကြတယ်၊ ခင်





ယ်၊ ဘာဖြစ်ဖြစ်ပေးမယ်၊ ယူမယ်၊ ဘာဖြစ်လဲ၊ ဒါက သာမန်စီးမြောမှု တစ်ခုပဲ၊ အထူးသဖြင့် တို့နဲ့ဆိုရင် တကူးတက အပင်ပမ်းခံပြီး ကြိုးစားကြတာတောင် ရှိတယ်"

"အရှက်မရှိတဲ့လူ၊ ကဲ ..."

လက်သီးချက်က မြန်သည်။ လှစ်ခနဲဆို အုပ်စီး၏မျက်နှာဆီသို့ ဝင်သွား၏။ ဘယ်လိုမှကို မထင်လိုက်သဖြင့် အုပ်စီး မျက်လုံးထဲ မီးပွင့်သွားလေသည်။ သို့သော် ကိုယ်လည်း သူလိုလူပဲ။

မျက်လုံးထောင့်မှာ သူ့မ လှည့်ထွက်လိုက်တာကိုမြင်လိုက်သဖြင့် တစ်ဖက်ကို ဆောင့်ဆွဲလိုက်သည်။ သူ့မ ပြန်ပါလာတော့ လက် တစ်ဖက်ပါ မြောက်တက်လာသည်။ မျက်နှာမော့၍ အသာလေးရှောင် လိုက်တာ မေးဖျားလေးကို ခပ်ဆတ်ဆတ်လေး ပင့်ရိုက်ပစ်လိုက်၏။

"အ ..."

ခွပ်ခနဲတော့ မြည်သွားသည်။ ဒါပေမယ့် အပြင်ဘက်မှာ သီချင်း က ရှိနေသည်။ အတွင်းဘက်က ပန်းအိုးကြီးနဲ့ အပြင်စားပွဲနောက် က ကန့်လန့်ကာ ကွယ်နေသဖြင့် သူတို့ဖြစ်နေကြတာကို ဘယ်သူမှ မြင်နိုင်။ လေရှူး မျက်နှာလေး ပက်ခနဲ လန်ထွက်သွားပြီး တိုက်ခိုက် ကြိုးစားသေးသည်။ သူ ကိုယ်ကိုပြန်ဆုတ်ကာ သူ့မ၏နောက်ကနေ ဆံပိုးကို လက်ပြန်တစ်ချက် ထပ်ရိုက်လိုက်တော့ အဖျားခတ်ထိမိပြန် သည်။

လေရှူး ညွတ်ကျသွား၏။ ဆွဲချုပ်သလို နောက်ကနေ ဖမ်းဆွဲ လိုက်သည်တွင် ဆံပင်တစ်ဖက်မှာ စည်းထားသည့် ခေါင်းစည်းကွင်း လေးက သူ့လက်ပတ်နှင့်ငြိ၍ ကျွတ်ထွက်သွား၏။

ကောင်မလေး နာသွားပြီကိုသိတော့ စိတ်မကောင်းဖြစ်သွားမိ သည်။ ဒါပေမယ့် မတတ်နိုင်။ ကိုယ်ခံလိုက်ရဦးမယ်ဆိုရင် ဒါနဲ့ဆို နင်



www.burmeseclassic.com

www.burmeseclassic.com



ခါရှိပြီ။ နာမှာစိုးလို့ လျှော့ထားလိုက်ရင်လည်း ဒို့ထက်ကြာကြာတိုက် ခိုက်နေရလျှင် လူတွေသိကုန်မှာဖြစ်၏။

လေရူး ကိုယ်လေးကို ကုလားထိုင်မှာ အသာလေးထိုင်ပေးလိုက် ပြီး လက်ကလေးနှစ်ဖက်ကိုရော၊ မျက်နှာလေးကိုရော စားပွဲပေါ်မှာ ထပ်မှောက်တင်ပေးလိုက်၏။ ကြည့်မကောင်းရှုမကောင်းဖြစ်သွား သည့် ဆံပင်တစ်ဖက်ကိုပါ ဖြုတ်ပေးလိုက်ကာ ဆံပင်တွေကို ဖားလျား ပုံစံ ကျောပေါ်မှာ တင်ပေးလိုက်သည်။

စားပွဲပေါ်မှာ ဘီယာပုလင်းနှင့် စားစရာတွေရှိနေသဖြင့် ဘီယာ မူးနေသလိုလို အမှတ်တမဲ့ ထင်သွားနိုင်အောင်ဖြစ်သည်။

"ဟူး ..."

စားပွဲမှာ ပြန်ထိုင်လိုက်ကာ နဖူးပေါ်ကဆံပင်တွေကို ခွဲဖွ လိုက်မိသည်။ ကိုယ့်ကိုကိုယ် ဘာတွေဖြစ်နေမှန်းပင် မသိတော့ပါ

ဒီကောင်မလေးကို မြင်လိုက်ကတည်းက သူ့မှာ ရယ်စရာဟာ တစ်ခုလို ဖြစ်ခဲ့သည်။ ပြီးတော့ သနားစရာမိန်းကလေးတစ်ယော ဖြစ်နေပြန်သည်။ မိဘမဲ့လေးလား၊ အခြေအနေမဲ့လေးပဲလား။ အ မဟုတ် နှစ်ခုစလုံး မဲ့နေတာလား။

လမ်းပေါ်မှာ ငေါင်တောင်တောင် လွင့်နေတာပေမယ့် ရော်ရွ ဝါလေးလိုမဟုတ်ဘဲ သစ်ရွက်စိမ်းကလေးလို လန်းနေသည့် ကော မလေး။

ဘယ်မိန်းကလေးမဆို သူ့အတွက်က အမှတ်တမဲ့ထက် ဘာ မပိုခဲ့ပေ။ ဒီကောင်မလေးက ဘာမို့လို့လဲ။

မဟုတ်ကဟုတ်ကလေးကို ငြင်းဆန်ရှောင်ထွက်သွားသည် အဖြစ်ကို မခံချင်မိခဲ့တာက စ၏။ ဟိုတစ်ခါက သူ့မှာ စားစရာ ထပ်မှာပြီး စားပွဲမှာ တစ်ယောက်တည်း ငပေါကြီးဖြစ်ခဲ့၏။ လေ





ဆိုသည့်မိန်းကလေးကို အမှတ်တမဲ့နဲ့ ဖျောက်မရတော့ဘဲ တုံ့ပြန်နိုင် ဖို့ အစီအစဉ်တွေ ရင်ထဲမှာဖြစ်ခဲ့သည်။

ဒါ မင်းလုပ်တာပဲ ...။ မျက်တောင်ကော့တွေ ပိတ်ယှက်၍ လက် တွေပေါ်မှာ တစောင်းလေး မှေးတင်မှေ့မြောနေသည့် လေရူး ကို စူးစိုက်ကြည့်နေမိသည်။

ဒီထိလုပ်ဖို့ ရည်ရွယ်ခဲ့တာမဟုတ်ဘဲ ဖြစ်ကုန်တော့ စိတ်တော့ ညစ်သွားမိသည်။ ဘယ်လိုလုပ်ရမလဲ ...။

ထိုစဉ် တံခါးက ရုပ်ခနဲ ပွင့်သွား၏။ သူ လှမ်းကြည့်လိုက်တော့ တံခါးဝမှာ ကျားလေး ...။ စိတ်ထဲမှာ မလုံမလဲနှင့် မျက်နှာပျက်သွားသဖြင့် ရုတ်တရက် နှုတ်ဆက်ဖို့လည်း မေ့သွား၏။ ဒါပေမယ့် ကျားလေးက စားပွဲပေါ်မှာ မှောက်နေသည့် ဆံပင်တွေပြေကျနေသော မိန်းကလေး ၏ကျောပြင်ကို ဝေ့ခနဲကြည့်သည်။ နောက်ထပ် အကြည့်မရောက် တော့ဘဲ ခြေလှမ်းကိုလည်း နေရာမှာပဲရပ်ကာ ...

"အပြင်မှာ မင်းကားတွေ့လို့ ဝင်လာတာပါ၊ ဆောရီး ..."

ပြောပြီး နောက်ပြန်လှည့်သည်။ ဒီတော့မှ ...

"ကျားလေး၊ မင်း ဘယ်ကိုလာတာလဲ"

'လာ ... ထိုင်လေကွာ' လို့ပြောတော့မလို ပါးစပ်က မပြောဖြစ် တော့ဘဲ ပြန်ပိတ်သွား၏။ ကျားလေးက ကျောခိုင်းပြီးတာကို ပြန်မ လှည့်ဘဲ သမင်လည်ပြန်ကြည့်၍ ...

"ဘိုးဘိုးကိစ္စပါပဲကွာ၊ ငါ လူတစ်ယောက်ကို လိုက်ရှာနေတာ"

"ငါ့ကို တွေ့ချင်တာကရော"

"တွေ့ချင်တာမဟုတ်ပါဘူး၊ ကားတွေ့လို့ ဝင်လာတာ၊ မင်း လွတ်လွတ်လပ်လပ်နေပါ"

"အေးကွာ၊ ဆောရီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်"

ကျားလေး ပြန်ထွက်သွား၏။ သူတစ်ယောက်တည်းဆိုလျှင် ဒီမှာ အတူထိုင်၍ စားသောက်မလို့ ဝင်လာတာမှန်း အုပ်စီး သိသည်။ ဘယ်တတ်နိုင်မလဲ ...။

သူ ပန်းတစ်ချက်တွန့်လိုက်ပြီး ရေခဲတုံးလေးတွေကနေ ရေဖြစ်အောင် စစ်ယူလိုက်သည်။ ပြီးတော့ ရေခဲရေတွေနှင့် လေရှုးမျက်နှာလေးကို ပက်ပစ်လိုက်လေသည်။

"အင်း ..."

လေရှုး မျက်နှာလေး ရှုံ့မဲ့မဲ့လေးဖြစ်သွားပြီး လှုပ်ရှားလာ၏။ ထို့နောက် မျက်လုံးတွေ ပွင့်လာကာ ...

"ဟင် ... ခင်ဗျား ..."

ပထမဆုံး ကိုယ်လေးမတ်သွားပြီး ဆတ်ခနဲ ထရပ်လိုက်သည်။ သွားတွေနှာကာ ဇက်ပိုးထဲက အောင့်သက်သက်ကြီးဖြစ်နေဆဲ။

"မင်းနဲ့တို့ထပ်မဖြစ်ချင်ဘူး လေရှုး၊ အေးအေးဆေးဆေး ထိုင်နေစမ်းပါ၊ မင်းကို တို့ ဘာမှ မမျှော်လင့်ဘဲ စေတနာသက်သက်နဲ့ ဒကာခံမယ်၊ ရလား"

"မရဘူး၊ ခင်ဗျားနဲ့ လုံးဝကိုမပတ်သက်ချင်တာ"

"ဘာဖြစ်လို့လဲ"

"အဲဒါ ကိုယ့်ကိုကိုယ်ပြန်မေးလေ"

"မင်းကိုယ်မင်းရော၊ မေးကြည့်ပါဦး၊ တို့ကို ငြင်းလောက်စရာ ရှိလို့လား"

လေရှုး မျက်နှာလေးတစ်ပြင်လုံး ရဲတွတ်သွား၏။ နာကျင်နေဆဲ ဒဏ်ရာတွေကြောင့် ပိုဆိုးသည်။

"စားစရာမြင်တိုင်း ဝါးမှာပဲ၊ မျိုမှာပဲဆိုရင်တော့ ခင်ဗျား တစ်နေ့





အဆိပ်သင့်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမျက်လုံးထဲမှာ ရွှက်ပဲရှိနေတာကိုး။ လေရှုး တို့က စားသင့်တာကိုပဲ စားတယ်၊ အဆိပ်ကို မျိုမချဘူး"

ပြောပြီး စားပွဲပေါ်က စီးကရက်ခွက်ကို လေရှုး ကောက်ကိုင်သည်။ အုပ်စီး ကမဲ့၍ .....

"မင်းထွက်သွားမလို့လား၊ ဘာပဲဖြစ်ဖြစ် တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့၊ မင်း ကြွေးတင်နေပြီ"

"ခင်ဗျားက ကိုယ့်ကျေးဇူးတွေချည်း မှတ်နေလို့ပါ၊ ငါးစာချလိုက်ပြီး ငါးမရဘဲ ငါးစာပါသွားတာတွေ မကြားဖူးဘူးလား၊ ဟွန်း ... ငါးမျှားချိတ်က လွတ်သွားတဲ့ငါးက အဲဒီငါးစာကို စားရတဲ့အတွက် ကျေးဇူးကြီးလှပါတယ်လို့ ပြောမလား၊ ရယ်စရာကြီး"

"ဟော့ ...နေဦး"

လေရှုး က ဆေးလိပ်ခွက်ကို မြှောက်ပြ၍ တံခါးကို လက်လှမ်းတာ ....

"ဒါ ခင်ဗျားကို လှမ်းထုဖို့မဟုတ်ဘူး၊ ပေါ့ဒီမှန်တွေကို ပေါက်ခွဲဝစ်ဖို့၊ နားလည်တယ်ဆိုရင် ပြန်ထိုင်နေလိုက်"

ခံလိုက်ဦးတော့ အုပ်စီး ...၊ မင်း ပြန်ထိုင်နေလိုက်တော့။

အဲဒါ ဆောင်းလေရှုး ဆိုတဲ့ ကောင်မလေးပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"တော်သေးတာပေါ့၊ နှင်နဲ့တန်းတွေ့လို့ ချစ်သဲရယ်၊ နှင် ခဏ ထွက်ခဲ့လို့ရမလား"

"မရဘူး လေရှူး၊ နှင် ပိုက်ဆံမရှိလို့လားဟင်"

"မဟုတ်ပါဘူးဟာ၊ ပြောစရာတွေ ရှိလို့ပါ၊ ငါလေ ..."

အဖေ မှာလိုက်တာတွေထဲက တချို့ကိုချန်ထားပြီး လေရှူး ချစ်သဲ ကို 'မနော်မြတ်' စံအိမ်နဲ့ပတ်သက်ခဲ့မိသည့်အကြောင်းတွေကို ပြောပြလိုက်၏။ ခုမှ ဗြုန်းခနဲ သိလိုက်သဖြင့် ချစ်သဲ တအံ့တသြကြီး ဖြစ်သွားပုံပေါ်သည်။

"လေရှူး၊ အဲဒါတွေက တကယ်ပေါ့၊ ဟုတ်လား"

"အေး ... နှင်လဲ မယုံနိုင်ဘူးမို့လား၊ ငါ ဆက်မပြောချင်တော့ တာ အဲဒါပဲဟာ၊ သုံးစရာလဲမရှိတော့ ပိုက်ဆံတွေကို ငါယူခဲ့တယ် မများပါဘူး၊ သုံးသောင်းရှစ်ထောင်ပဲရှိတယ်"

"အဲဒါ နှင်မိုက်တာပေါ့ဟာ၊ ဘာမဟုတ်တဲ့ပိုက်ဆံလေးနဲ့ ကိုယ့်





နေရာကိုယ် ပစ်ခဲ့သလိုဖြစ်သွားပြီ"

"ငါ ...."

"နှင့်အဖေပြောသွားတာ တကယ်ဆိုရင် နှင် ပိုက်ဆံယူခဲ့တာ အကျည်းတန်သွားတာပေါ့၊ နေပါဦး၊ နှင်က ဒါကို မယုံလို့လား"

"ယုံတယ် ဒါပေမယ့်ဒါတို့သားအဖရှုပ်ပဲ ယုံနေလို့ဖြစ်တာမှ မဟုတ်တာ၊ လက်မခံပါဘူး၊ ခွဲထုတ်မယ် ဆိုတဲ့ညစ္စာ၊ ဒို့မှာ သက်သေ လဲမရှိဘူး"

"ဒါကတော့ ဒါပေါ့ဟာ၊ နှင့်အဖေက နှင့်ကို နေရာဝင်ယူထားဖို့ ပြောသွားတယ်မို့လား၊ နောက်တော့ ရှင်းသွားကြလိမ့်မယ်ဆိုတာ၊ သူ့မှာ ခိုင်လုံတဲ့အကြောင်းတစ်ခုခု ရှိချင်ရှိမှာပေါ့"

ဖုန်းနဲ့ပြောနေကြရင်း စကားကတော့ ကောင်းသည်။ ဘေးမှာ စောင့်နေကြသူတွေရှိတော့လည်း အားနာမိ၏။

"နှင် အခု ဘယ်လိုနေလဲ"

"အဲဒီပိုက်ဆံကိုပဲ ချွေသုံးတာပေါ့၊ အဖေက လုံးဝထွက်မလာဘူး၊ အဖေ့ကို ငါဖြင့် နားမလည်တော့ဘူး ချစ်သဲရာ၊ တကယ်ဆို ဒီလိုမလုပ် ဘဲနဲ့ ငါ့ကို ကြိုပြောသင့်တာပေါ့၊ ခုတော့ ငါ လမ်းပေါ်မှာ လိမ့်နေရပြီ၊ ဒီကြားထဲ ဟိုပန်းစားဘီလူးက တစ်မျိုး"

"ဟင် ... ဘယ်သူလဲ"

"နောက်မှပဲ ဆက်တော့မယ်ဟာ၊ နောက်မှာ လူတွေများနေပြီ၊ နှင် ထွက်လာလို့ရရင် ငါ့ဆီလာခဲ့ဦးနော်"

မှာပြီး ဖုန်းချလိုက်သည်။ ကိုယ်ဖယ်လိုက်တာနှင့် ဘေးလူက ချက်ချင်းဝင်ကိုင်၏။ ဒီနေ့အဖို့ အလုပ်ထဲဝင်ဖြစ်ဖို့လည်း မရည်ရွယ်ဘဲ ဘယ်သွားရမှန်းလည်း မသိ။ အလုပ်လျှောက်ထားပြီးမှ မလုပ်ဖြစ်တာ က လခကလည်း နည်းသည်။ ခုမှသိလိုက်ရသည့် ဘိုးဘိုးဆိုသည့် မိသားစုပြဿနာကြောင့် စိတ်ကလည်း လေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်တစ်ဆိုင်မှာဝင်ထိုင်ပြီး သတင်းစာလှန်ဦးမည်။ လစာကောင်းကောင်းနှင့် အလုပ်တွေ့ရင်တော့ ဒီတစ်ခါလုပ်ဖြစ်ဖို့ ကြိုးစားရန်။

"ဟော့ ..."

လှမ်းခေါ်လိုက်သံက နည်းနည်းလှမ်းပေမယ့် လေရှုး လှည့်ကြည့်လိုက်တော့ လူက ဘေးမှာရောက်နေပြီဖြစ်သည်။

"ခင်ဗျား ......"

လေရှုး တအံ့တဩမော့ကြည့်မိသည်။ မြင်လိုက်တိုင်း ငေးမောသွားမိသည့် ကိုယ်မျက်လုံးတွေကို ကမန်းကတန်း ပြင်ဆင်ကာ ခပ်တည်တည်ပြန်လုပ်၍ ...

"ဘာလဲ .."

"မင်းတစ်နေရာ သွားစရာရှိသေးလား"

"ခု မရှိသေးဘူး"

"ဟိုဘက်က ကော်ဖီဆိုင်မှာ ခဏထိုင်ရအောင်၊ မင်းကို ပြောစရာ နည်းနည်းရှိလို့"

လေရှုး က ကော်ဖီဆိုင်ဆိုသည့်ဘက်ကို လည်ပင်းလေးရှည်ကြည့်၏။ ကော်ဖီဆိုင်ထိုင်ဖို့စိတ်ကူးက ရှိပြီးသားဖြစ်သည်။ ဒါပေမယ့် ဒီနားမှာထိုင်ဖို့မဟုတ်၊ သူ့ကို ပြန်မော့ကြည့်လိုက်ပြီး ...

"လိုက်မယ်၊ လေရှုး က တိုက်မှာနော်"

သူ့မျက်နှာက သိသာစွာ တင်း၏။

"မင်းကိုလဲ တိုက်ချင်လွန်းလို့ ခေါ်နေတာမဟုတ်ဘူး၊ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့"

သူကပဲစ၍ ချာခနဲ လှည့်ထွက်သွားသည်။ လေရှုး လည်ပင်းလေးတစ်ထွာလောက်ရှည်ထွက်လာ၏။ ပြီးတော့ ပခုံးလေးနှစ်ဖက် တွန့်ပစ်မိရင်း ....





"ဒီက မလိုက်ဘဲ လှည့်ပြန်သွားရင် ဘယ်လိုလုပ်မလဲ၊ ထွက်သွားတဲ့ပုံက .... ဟွန်း ..."

တစ်ယောက်တည်းပြော၍ ပညာပြလိုက်ဖို့စိတ်ကူးလေးက ယောင်ချာချာဝင်လာ၏။ ဒါပေမယ့် .....



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"အို ... လုံးဝမဖြစ်နိုင်ဘူး၊ မင်း ... မင်းဦးနှောက်နည်းလှချည်လား ကျားလေး၊ ပြဿနာတစ်ခုကို ဖြေရှင်းတာ နည်းမျိုးစုံရှိပေမယ့် အဖြေမှန်က တစ်ခုပဲရှိတာ"

"ကျွန်တော်တို့အားလုံးထဲမှာ အဖြေမှန်ကို ဘယ်သူသိလို့လဲ အန်တီဇင်၊ ဒီအဖြေထွက်လာဖို့အတွက် ကျွန်တော်တို့ အချိန်ယူသင့်ပေမယ့် လူမမာက နေ့လား ညလား ဖြစ်နေပြီ၊ မြေး ဆိုတဲ့ မျှော်လင့်ချက်လေးတစ်ခုတည်းနဲ့ သူ အသက်ရှင်နေသေးတာ၊ ဘိုးဘိုးအဖြစ်ကို ကျွန်တော် လုံးဝကြည့်မနေနိုင်ဘူး၊ အန်တီဇင်ပြောသလို မြေး ရောက်လာလာ မလာလာ သူက အသက်ပြန်ရှင်နိုင်တော့မှာမဟုတ်ဘူးဆိုရင်တောင် ....."

ဒီအဖြစ်ဆိုးကို စကားထဲထည့်ပြောလိုက်ရတာပင် သူ့ရင်ထဲမှာ မကောင်းနိုင်။ တကယ်ဆို ဘိုးဘိုးဟာ သွေးသားရင်းချာမြေးအစစ်ကိုတော့ ပြုစုပျိုးထောင်ခွင့်မရခဲ့ဘဲ ဆွေမျိုးနီးစပ်တွေအပေါ်မှာပဲ ကူညီပံ့ပိုးနေခဲ့ရှာသည်။





ဒီထဲမှာ ပို၍ ကျေးဇူးတင်ထိုက်နေတာက သူပဲဖြစ်သည်။ သူက ဘိုးဘိုးနဲ့ ဘာမှသွေးသားတော်စပ်တဲ့သူမဟုတ်၊ အန်တီဇင်ကိုယ်တိုင်လေးလေးနဲ့ညားခဲ့လို့ တူမဝမ်းကွဲတော်နေရတာဖြစ်သည်။ သူက အန်တီဇင့်ဘက်က တူ၊ ဦးစက်ရှင် ဆိုသည့် သူ့ဒွေးကြီးကသာ သနားငဲ့ညှာမှုများနှင့် ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းမရှိခဲ့ဘူးဆိုလျှင် ....။

"ဘာဖြစ်လဲ ဆက်ပြောလေ ကျားလေး"

ဒေါ်သဇင့်အသံက သူ့အတွေးများကို ဖြတ်တောက်ပစ်လိုက်ကာ ...

"မင်းရဲ့ပညာတွေနဲ့ အဒေါ်ဖြစ်တဲ့သူကို ဆရာလုပ်စမ်းပါဦး၊ ဝေဖန်ပြစမ်းပါ"

"မဟုတ်ပါဘူး အန်တီဇင်၊ ကျွန်တော် ဘယ်သူ့ကိုမှ မပုတ်ခတ်ဘူး။ အန်တီဇင် ပြောနေတာကိုလဲ နားလည်တယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့က ဘိုးဘိုးအတွက်ဆိုရင် ဘာမဆိုဖြစ်စေနိုင်တဲ့ လူယုံတော်အတိုင်ပင်ခံတစ်ဦးလို ဒါမှမဟုတ် ကျေးကောင်းကျွန်ကောင်းတစ်ယောက်လို အမြဲတမ်းပေးဆပ်နိုင်ရမယ်လို့ ခံယူထားတာ၊ နောက်ဆုံးထွက်သက်ပဲဖြစ်နေနေ၊ စိတ်ဆန္ဒပြည့်ဝပြီး ဖြောင့်ဖြောင့်တန်းတန်းသွားစေချင်တယ်"

"အဲဒါနဲ့ပဲ လမ်းပေါ်ကတစ်ယောက်ကို ကုပ်ဆွဲခေါ်လာခဲ့တယ်ပေါ့"

ကျားလေး မျက်မှောင်ကုပ်လျက်နှင့် မျက်နှာလွှဲသည်။ အခန်းတံခါးဝရောက်နေပြီဖြစ်သည့် ဦးမင်းညိုက ပြန်လှည့်လာကာ ...

"တစ်ဖက်မှာ လူမမာနဲ့ကွာ၊ စကားကို အေးအေးဆေးဆေးပြောစမ်းပါ၊ ကျားလေးပြောတာလဲ သူ့ဆန္ဒနဲ့ သူ့စေတနာ မှန်တာပဲ၊ မင်း သတိပေးတာလဲ မမှားဘူး၊ ဒါကို အကောင်းဆုံးဖြစ်အောင် ငါတို့က လုပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတို့လို့ မပြောနဲ့ ကိုမင်း။ အခု လုပ်ငန်းတွေကို ဦးစီးနေတာက သူ၊ ရှင်နဲ့ ဖေတို့က ဒီမှာ အုပ်ထိန်းသူအဖြစ်ပဲရှိတော့တာ၊ အချိန်တန်ရင် သူက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့သဘောနဲ့သူပဲ ဆုံးဖြတ်မှာ သိရဲ့လား။ မရိုင်းစိုင်းတာပဲ ရှိတယ်၊ ဘာဖြစ်ဖြစ် ပြန်မပြော နားမထောင် ကိုယ့်အဒေါ်ကိုတောင်မှ လေးစားနာခံရမှန်း မသိတော့ဘူး"

ကျားလေး ဒီဘက်ပြန်လှည့်လာသည်။ စူးရဲနေသည့်မျက်လုံးတွေက ဒေါ်သဇင့်မျက်လုံးများနှင့် ဆုံမိကာမှ မျက်တောင်များတို့ အနည်းငယ်လှုပ်ရှားကာ ခပ်ဖျော့ဖျော့ ဖြစ်သွားလျက် ...

"ပြန်မပြောနားမထောင်ဆိုတဲ့အဆင့်က မဆင်မခြင်၊ ထင်ရာလုပ်ပစ်တတ်တဲ့ စရိုက်တွေပါ။ ကျွန်တော် ဘာလုပ်လုပ် မဆင်ခြင်ခဲ့တာ ဘာမှမရှိဘူး အန်တီဇင်၊ မလုပ်ခင်မှာ စဉ်းစားတယ်၊ လုပ်ပြီးတဲ့အလုပ်အပေါ်မှာ ဆင်ခြင်သုံးသပ်တယ်၊ ဘိုးဘိုးအတွက် အခုလက်ရှိအလိုအပ်ဆုံးအရာဟာ ဆေးဝါးမဟုတ်ဘူး၊ ဓာတ်စာလဲ မဟုတ်ဘူး သူ့မြေး ဒါကိုပြည့်ဝသွားအောင် ကျွန်တော် ဖန်တီးရမှာပဲ၊ အဲဒီအတွက် နောင် ရှုပ်လာမှာတွေ၊ ရှင်းမရမှာတွေကိုလဲ တွေးမိတယ်၊ အဲဒါတွေ ဖြစ်လာခဲ့ရင် ဘယ်သူ့အပေါ်မှာမှ တာဝန်မပိုရအောင်၊ ဒုက္ခမများရအောင် ကျွန်တော် ရှင်းသွားမှာပါ"

"ကျားလေး။ ဒီကောင်မလေးက သူ့ကိုယ်သူ ဦးစက်ရှင်ရဲ့မြေးပါလို့ အယောင်ဆောင်ပြီး ရောက်လာခဲ့ဖူးတဲ့ မိန်းကလေး။ ဒီလိုလူမသမာတာတွေ ရှုပ်လာရင် မင်းဘယ်လိုရှင်းမလဲ"

"ဘယ်သူ့ကိုမှ တာဝန်မပိုစေရဘူးလို့ ကျွန်တော် ပြောပြီးပြီပဲ"

ကျားလေးက အညိုရောင်ပိုက်ဆံအိတ်ကြီးကို တစ်ဖက်ကကိုင်၍ နောက်ဖေးဘက်ကို လှမ်းကြည့်ကာ ...

"မိထူး ..."





"ရှင် ... အစ်ကိုလေး၊ လာပါပြီ"

မိထူး က ဆံပင်တိုတို အကျီပွပွလေးနှင့် ဝတုတ်တုတ်ကိုယ်လေးနှင့် မလိုက်ဖက်စွာ ချက်ချင်းပြေးရောက်လာ၏။

"ငါ အခန်းရှင်းခိုင်းထားတာ ပြီးပြီလား"

"ဟုတ်ကဲ့ရှင့်၊ အခု ရှင်းနေပါတယ်၊ ပြီးပါပြီ၊ ပြတင်းပေါက် ..."

"ဟိတ် ... တော်စမ်း၊ မေးရင် တစ်ခွန်းပဲဖြေ"

"ဟုတ် ... ဟုတ်ကဲ့"

"အားလုံး အပြည့်အစုံရှိပြီးသားတွေကို မပြီးတာ မလိုချင်ဘူး၊ အခု တစ်နာရီအတွင်း ပြီးအောင်လုပ်ထား"

"ဟုတ်ကဲ့ ..."

မိထူး အပေါ်မှာကြည့်သော စူးရှသည့်မျက်ဝန်းများက ဦးမင်းညိုနဲ့ဒေါ်သဇင့်ထံ နှုတ်ဆက်သလို ဝေ့ခနဲ ကြည့်၏။ ပြီးတော့ အပြင်သို့ ခြေလှမ်းကျဲများနှင့် ထွက်ခွာသွားလေသည်။

ဒေါ်သဇင့်မျက်နှာက ဒေါသကြောင့် ညိုမှောင်တင်းမာနေ၏။

"စေတနာတော့ စေတနာပဲ သဇင်၊ ဒါပေမယ့် နားလည်မှု အရာသင်မှာ၊ မိဘမေတ္တာဆိုတာ ကိုယ်မိဘဖြစ်မှ နားလည်တာမျိုးပါကွာ၊ မင်းလဲ သူ့ရဲ့အဒေါ်ပေမယ့် မိဘပဲမို့လား။ သားသမီးလိုပဲ သဘောထားပြီး ခွင့်လွှတ်လိုက်ပါ၊ ကျားလေးက လိမ္မာတဲ့ကလေးပါကွာ"

ဦးမင်းညိုက ဒေါ်သဇင့်ကို နှစ်သိမ့်သည်။ သူကတော့ ကျားလေး၏ သစ္စာရှိတည်ကြည်မှုကို ကြာလေ ယုံကြည်လေပါ။ မိန်းမကပါသည့် ဘူဆိုပေမယ့် ကိုယ့်ဦးလေးက ဘယ်လိုအရေးပေးပေး၊ ဘာတွေ တွေးကျွေး သူ ကြည်ဖြူခဲ့သည်။

ဒါက မိန်းမမျက်နှာနှင့် ကြည်ဖြူခဲ့ရတာသက်သက်မဟုတ်ပါ။ ကျားလေး၏ စာရိတ္တကို ငယ်ငယ်ကတည်းက သူ သိခဲ့သည်။ အရှင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးမယူ၊ ခိုးဝှက်သုံးစွဲခြင်းမရှိ၊ ရှိသေတာထက်ပိုမိုသော မျက်နှာသို့ မျက်နှာရ ပြုမူဆောင်ရွက်ခဲ့တာမျိုးလည်း တာမှမရှိခဲ့ပေ။

ထို့ပြင် ဦးလေး လူမမာဖြစ်တော့လည်း အရွယ်လေးငယ်ငယ်နှင့် စီးပွားရေးလောကထဲမှာ ကြိုးစားပမ်းစား လှုပ်ရှားလုပ်ကိုင်ခဲ့တာ ပညာရေးဘက်မှာ ချို့ယွင်းသွားတာမျိုးရော ရှိခဲ့လို့လား။

ကိုယ်တိုင်က အင်ဂျင်နီယာ၊ စက်မှုဇုန်မှာ ကိုယ်တိုင်ဦးစီးသည့် ကားကုမ္ပဏီတစ်ခုလုံးမှာလည်း သူ့ပဲ၊ ဒီလိုလူကို ဦးနှောက်မရှိပါဘူး ဆိုပြီး ကလေးဆူသလို ဆူလို့ရမလား။

အဒေါ်ဖြစ်သူက ကောက်ကျစ်တာမဟုတ်ပေမယ့် လောဘတော့ ရှိသည်။ ကိုယ်မဖန်တီးရဘဲ ရလာတာကို အိတ်ထဲကောက်ထည့်ထား လိုက်စေချင်၏။ ဂျူဖြစ်တဲ့သူက ဒီလိုမဟုတ်ဘဲ ပိုင်ရှင်ရှာချင်တဲ့ဆန္ဒ နှင့် လောဘကို ရှေ့တန်းမတင်ချင်။

အားလုံးကို သုံးသပ်မိနေပေမယ့် ကိုယ့်မိန်းမကိုလည်း ဦးမင်းညို မဝေဖန်ရက်ပါ။

အားလုံး မှန်နေသည်လို့ပဲ ........။

✿ ✿ ✿





အခန်း (၁၃)

ဗိုက်ဆံလက်ကျန်လေးနှင့် ဒီဆိုင်ထဲမှာ ဟန်ကျပန်ကျ ဝင်ထိုင်နေလိုက်ရင်း နာရီလည်း ငုံ့ကြည့်မိ၏။ ကော်ဖီတစ်ခွက်ကို ခြောက်ထောင်ပေးသောက်နေပေမယ့် လေးထောင့်ငါးရာပဲ ပေးရသည့် လက်ပတ်နာရီကတော့ ရေဝင်သွားကတည်းက အချိန်မမှန်တော့ဘဲ မြန်သွားလိုက်၊ နှေးသွားလိုက် ..။

ဒိုင်ခွက်မှာ နာရီနဲ့မိနစ်လက်တံတွေက လေးနာရီထိုးဖို့ ဆယ်မိနစ်ဆိုတော့ မြန်နေသည့် ဆယ်မိနစ်ကို ထပ်တိုးလိုက်လျှင် လေးနာရီ တိတိရှိပြီ။

လေးနာရီခွဲလာခေါ်မည်ဟု ချိန်းထားသဖြင့် သိပ်မလိုတော့ပေ။ ဘာကယ်ဆို လေရူး ဒီထဲရောက်နေတာ နှစ်နာရီခွဲကတည်းကဖြစ်သည်။ ဘယ်သူကြည်ကြည် မကြည်ကြည်၊ ဘယ်သူကြည့်ကြည့် မကြည့်ကြည့် ကော်ဖီတစ်ခွက်က ရေနွေးဓာတ်ဘူးတစ်လုံးနှင့် ဗိုက်ထဲမှာ အနည်ထိုင်စရာမရှိလို့ စစ်ဖြစ်နေကြပြီထင်သည်။

မျိုးချထားတာတွေက မရိုမသေနှ့်၊ ဒါတောင် မုန့်ပါရင် စားဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နံပြားထောပတ်သုတ်က မရလို့။

ပူတင်းပြည့်အင့်နေသည့် ဗိုက်က ခါးကို တုတ်နဲ့ တန်းထိုးထားသလို ဆန့်မတ်နေစေ၏။ စားပွဲပေါ်လက်တင်ကာ ရှေ့ကိုမှီတော့ ကော့ထွားရသည်။ နောက်မှာမှီတော့ နံရံမှာ ဝါးလုံးထောင်ထားသည့်အတိုင်း ...။

အကျင့်မကောင်းသည့်မျက်လုံးက ဗိုက်ကလေးပြည့်တာနှင့် အိပ်ချင်လာသည်။ ထောင့်ကျကျစားပွဲဆိုတော့ နည်းနည်းဖြစ်ဖြစ် ငိုက်မြည်းလို့ရ၏။ ဘယ်လိုလဲ ...။

တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်မိသေးသည်။ လူတွေက ကိုယ့်ကို မကြည့်ပေမယ့် ဗိုက်ကြီး ပူတင်းနေတာကြောင့် သက်သောင့်သက်သာမှ မနေနိုင်တာ။

မျက်နှာလေးရှုံ့မဲ့မဲ့နှင့် နာရီထပ်ကြည့်မိပြန်သည်။ အကြာကြီးစောင့်လာပြီးမှ မိနစ်ပိုင်းလောက်လေးကို သည်းမခံနိုင်ဖြစ်လာသည်။ အဖေက မရှိ၊ ဘာမှမပြည့်စုံနှင့် အစောကြီးထွက်လာခဲ့မိတာ ကိုယ့်ဖြစ်၏။

ပြီးတော့ ဒါဟာ ရတောင့်ရခဲအခွင့်အရေးဖြစ်သည်။ အဖေက ဒီအိမ်ကိုသွားပါ၊ နေပါ ဆိုတာကို သူမ မစွမ်းဆောင်နိုင်ခဲ့ပေ။ ဟိုလူက ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြီး ခေါ်ခဲ့သည်။

ခုချိန်ထိ နာမည်တောင်မှ သေချာမမေးမိသေးပါ။ ဒီလူနဲ့ 'မနော မြတ်' စံအိမ် ပတ်သက်နေမည်ကို လေရှူး လုံးဝမထင်ခဲ့သလို ကြားလိုက်ရတော့ ယုံတောင်မယုံချင်။ မနက်က ဒီဆိုင်ထဲမှာပဲ ထိုလူနှင့် လေရှူး စကားတွေပြောဖြစ်ခဲ့ကြ၏။

"မင်း ငါ့ကိုသိလား"

"ရှင်ကရော၊ လေရှူး ကိုသိလို့လား"





ပြန်မေးတာကို မကြိုက်သည့်ပုံနှင့် သူ မျက်မှောင်ကုပ်သွား၏။

"မင်းကို လမ်းပေါ်မှာ ဘယ်သွားသွား တွေ့နေရတာပဲ၊ ပြီးတော့ 'မနောမြတ်' ကိုလာပြီး မင်းကိုယ်မင်း သူဌေးကြီးရဲ့မြေးပါလို့ ပြောသွားတာရော"

"ဟင် ... ဘယ်လို ... အဲဒါကို ခင်ဗျား ..."

"မင်း ငါ့ကို မေးခွန်းတွေ ခဏခဏ ပြန်မထုတ်နဲ့၊ ပြောတာကို နားထောင်၊ ငါက 'မနောမြတ်' က သူဌေးဦးစက်ရှင်ရဲ့ ...."

"လုပ်မနေနဲ့၊ အဘိုးနဲ့ရှင် ဘာမှတော်စပ်ဖို့ မရှိဘူး၊ ဦးစက်ရှင်က ဒေါ်မေမြတ်ရှင်တစ်ယောက်ကိုပဲ မွေးခဲ့တာ၊ ဒေါ်မေမြတ်ရှင်ကလဲ သမီးတစ်ယောက်ပဲ မွေးတယ်၊ အဲဒါ လေရှူး"

သူက ခနဲ့ခြင်း၊ မဲ့ခြင်း ဘာမှလှုပ်ရှားသွားတာမရှိဘဲ လေရှူး ကို စူးစိုက်ကြည့်နေ၏။

"ပြောလေ၊ 'မနောမြတ်' စံအိမ်က လူတစ်ယောက်ပေါ့၊ အဲဒါ ဘာဖြစ်လဲ၊ လေရှူး နဲ့ ဘယ်လို ..."

"မင်းပါးစပ်ကို ခဏပိတ်ထားစမ်း"

"အံမယ် ..."

"မင်း ပြောတာကို၊ မေးတာကို၊ နားထောင်ဖို့လာတာမဟုတ်ဘူး၊ ငါပြောတာကို နားထောင်"

သူက အောက်နှုတ်ခမ်းသားတို့ကို သွားဖြင့် ခပ်ဖိဖိကိုက်နေရင်း တစ်ချက်ငြိမ်သွား၏။ ပြီးမှ ....

"မင်းကို အလုပ်တစ်ခုခန့်မယ်၊ အဲဒါက လူမမာကို စောင့်ရှောက်ဖို့၊ အဲဒီလူမမာက မင်းရောက်တာနဲ့ ဆုံးပါးသွားတာမျိုးလဲ ဖြစ်နိုင်တယ်၊ အခြေအနေကောင်းလာပြီး ထူထောင်လာရင်တောင်မှ သူ့အသက်တော့ ရှင်နိုင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို မချိုသောရင်နှင့် မပြောချင် ပြောချင် ပြောလိုက်ရတာမှန်း အက်ရှရှဖြစ်လာသော အသံတွေက သိသာ၏။ ပြီးတော့ စကားတွေက ပြတ်တောက်ပြတ်တောက်နှင့် ....

"ဘာပဲဖြစ်ဖြစ် မင်းရဲ့အလုပ်ချိန်အတွက် တစ်လ သတ်မှတ်မယ်၊ လစာက ...."

"နေပါဦး၊ 'မနော်မြတ်' က ဆိုလို့ စိတ်ဝင်စားပြီး နားထောင်နေတာ၊ ရှင့်အလုပ်ကို ဘယ်သူက လက်ခံမယ်ပြောလို့ လစာတွေဘာတွေ သတ်မှတ်နေတာလဲ၊ လေရှူး မလုပ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"အဘိုးနဲ့တွေ့ခွင့်ရဖို့ အများကြီးကြိုးစားရဦးမှာလေ၊ သက်သေသာဓကမရှိပေမယ့် လေရှူး က အဘိုးရဲ့မြေး၊ ဘာမှန်းမသိဘဲ အမွေမက်လို့ ဝိုင်းဝိုင်းလည်နေတဲ့ လောဘသားတွေက ..."

"ဟိတ် .. မင်း ပြင်ပြောစမ်း၊ လူကို ဘာအောက်မေ့လို့လဲ"

"ဘယ်လိုလုပ်သိမှာလဲ၊ လေရှူး ကျတော့ သွေးသားအရင်းကြီးပါဆိုတာတောင် မယုံကြဘဲနဲ့ ဘာမှမတော်တဲ့လူတွေကိုရော၊ မယုံလို့ မယုံဘူးပြောတာ ဘာဖြစ်လဲ၊ မြေးအရင်းပေါ် လာရင် ဘေးရောက်ကုန်မှာစိုးလို့ အဲဒီကလူတွေ လောဘဇောတိုက်နေကြတာက မဟုတ်လို့လား"

ထသတ်ရတော့မလား၊ ကိုယ့်ကိုပဲ လည်ပင်းထညှစ်လာမလားထင်လိုက်သော်လည်း သူ့မျက်နှာ တစ်မျိုးပြောင်းသွားကာ ...

"မင်းနဲ့ငါ ပဋိပက္ခမဖြစ်ချင်ဘူး လေရှူး၊ မဆိုင်တာတွေ ဖယ်ထားလိုက်၊ မင်းကိုပြောချင်တာက အခု မင်းပြုစုရမှာ သူဌေးကြီးဦးစက်ရှင်ပဲ"

"ဟင် ...."

"ဘိုးဘိုး အသည်းအသန်ဖြစ်နေတယ်၊ သူ့အတွက် နောက်ဆုံးအချိန်လို့လဲ ပြောလို့ရတယ်၊ အခု သူ့ရဲ့ဆန္ဒက ဒေါ်မေမြတ်ရှင်က





မွေးခဲ့တဲ့ကလေး မသေဘူးဆိုတာသိရပြီး အဲဒီကလေးကို တွေ့ချင်နေတာပဲ"

"ဒါဆို ပြီးနေပြီပဲ၊ လေရှူး က ကိုယ့်အဘိုးကို ပြုစုဖို့အတွက် ရှင့်အလုပ်သမားလို လစာတွေဘာတွေ ယူစရာလား"

"ဟုတ်တယ်၊ မယူလို့မရဘူး၊ မင်းက ငါရဲ့အလုပ်သမားဆိုတာလဲ ဖြစ်ကိုဖြစ်ရမှာ၊ မင်း ဘာပဲဖြစ်နေနေ၊ ဦးစက်ရှင်ရဲ့မြေးဆိုတာကို လက်ခံနိုင်လောက်အောင် မသေချာသရွေ့ အလုပ်သမားပဲ"

"အို ... အဓိပ္ပာယ်မရှိ..."

"မရှိဘူးထင်ရင် မင်းသဘောပဲ၊ မင်းနည်းမင်းဟန်နဲ့ 'မနော်မြတ်' ကို ဝင်ခဲ့တာ ရသလား၊ မင်းနိုင်မယ့်အင်အားရော မင်းမှာ အခုရှိလို့လား"

သူ မေးတော့ လေရှူး ဘာမှမပြောနိုင်ခဲ့ပေ။

"မင်း မကျေနပ်ရင် ကျေနပ်မယ့် နောက်ထပ်မြေးတစ်ယောက် ထပ်ရှာရုံပဲ၊ ဒီမှာ လေရှူး ... စည်းစိမ်ဥစ္စာမပြောနဲ့၊ ငွေတစ်သိန်းလောက်အတွက်နဲ့တောင် လူသတ်တဲ့အမှုတွေ အများကြီးရှိတယ်၊ မင်း နားလည်လား၊ အဲဒီတော့ လိုရင်းပြောမယ်၊ နားထောင်၊ ဘိုးဘိုးဆီကို သူ့ရဲ့မြေး ရှာတွေ့လာပြီဆိုတဲ့အဖြစ်နဲ့ မင်းသွားရမယ်၊ ဒါပေမယ့် မင်းက ငါရဲ့အလုပ်သမား၊ နောက်တစ်ခုက သတ်မှတ်တဲ့တစ်လအတွက် လစာကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ မင်းလက်ခံရမယ်၊ အလုပ်ကို ဒီလစာနဲ့ သို့မဟုတ် ဤငွေကြေးပမာဏနဲ့ ကျေနပ်စွာ လက်ခံခဲ့ကြောင်း စာချုပ်ပါအားလုံးအတိုင်း မင်း လက်မှတ်ထိုးရမယ်"

"မထိုးဘူး"

"ရတယ်လေ၊ သဘောပဲ၊ မင်းကိုငါက လူမမာအတွက် မြေးဒုအားတာ၊ မင်းပြောတာကို ယုံကြည်လက်ခံလို့ မဟုတ်ဘူး၊ နောင် ဖယား မရှုပ်နိုင်အောင် စာချုပ်စာတမ်းဆိုတာ ရှိရမှာပဲ၊ ကျွန်မအဘိုးလို့ မင်း



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်ပြောနေပြီး လူမမာအတွက် ငှဲ့ညှာစိတ်ကျတော့ ဘယ်မှာလဲ၊ ဟန်ဆောင်ချင်ရင်တောင် သဘာဝကျအောင်တော့ စိုးရိမ်ပူပန်ပြဦးမှပေါ့၊ ဒါမှ ကံကောင်းထောက်မပြီး နေရာလေးဘာလေး ရချင်ရမှာ"

"ရှင် ... လူကို မစော်ကားနဲ့နော်"

"စိတ်မဝင်စားဘူး လေရူး၊ ငါစိတ်ဝင်စားတာက အသက်ငင်နေတဲ့ လူမမာတစ်ယောက် အသေဖြောင့်ဖို့ပဲ၊ မင်း ဟန်ဆောင်မျက်ရည်မကျတတ်ဘူးဆိုတော့ ဟန်ဆောင်တတ်တဲ့သူ ရှာရမှာပေါ့၊ လွမ်းစရာမရှိဘူး"

"ဒီမှာ ..."

သူက ချက်ချင်းထရပ်လိုက်သည်။ လေရူး ပျာပျာသလဲ လိုက်မော့ကာ ...

"ဟိုအမျိုးသမီးကြီးက ဘာပြောနိုင်မလဲ"

သူက လှောင်ရိပ်နှင့် ခပ်စိုက်စိုက်ငုံ့ကြည့်၏။

"အလုပ်သမားစားလာတာကို ဘာပြောမှာလဲ၊ မင်း ငွေလက်ခံစာချုပ်မှာ လက်မှတ်ထိုးပြီးမှ 'မနောမြတ်' ကို လိုက်ရမှာ၊ သိပ် စိတ်ကူးမယဉ်နဲ့"

ပြောခဲ့ကြတာက ဒါပဲဖြစ်သည်။ သူက နိုင်၍ လေရူး အရှုံးပေးခဲ့ရသည်။ တကယ်တော့လည်း ဒါ ရှုံးသင့်တဲ့ပွဲပါ။ သူ့ဖွေးဦးစက်ရှင်ဆိုတာ ဘယ်လိုပုံမှန်း မသိ၊ ကိုယ်နဲ့ မြေးအဘိုးဆိုတာလည်း တကယ်ဟုတ်တာ မဟုတ်တာ လေရူး ကိုယ်တိုင်ဘာမှမသိပေ။ သို့သော် ဦးစက်ရှင်၏ နောက်ဆုံးအချိန် ဆိုသည့်အသံကိုကြားလိုက်တော့ ရင်ထဲမှာ ဒိန်းခနဲ မြည်သွားခဲ့သည်။ ဒါဟာ ရယူပိုင်ဆိုင်ခွင့်တွေနှင့် ဘာမှမဆိုင်ပါ။

အကယ်၍ အဘိုးသာ စုနေသေဆုံးသွားခဲ့ရင် သူမ တစ်သက်လုံး ဘယ်တော့မှ မြင်ခွင့်ရတော့မှာမဟုတ်ပေ။ ထိုအဖြစ်အတွက် ပူလောင်





သွားခဲ့မိ၍ ဖြစ်သည်။ 'အဘိုးရေ' လို့ ခေါ်ပြီး ပြေးဝင်သွားဖို့လည်း မလွယ်။ ထို့ကြောင့် လေရူး ဆုံးဖြတ်ခဲ့သည်။ အဘိုးကို မြင်ခွင့်ရဖို့အတွက် ဘယ်လိုအဖြစ်နဲ့ပဲ ဝင်ရဝင်ရ သူမ ခေါင်းမာနေလို့မဖြစ်။

"ညနေ လာခေါ်မယ်၊ မင်း အဆင်သင့်ပြင်ထား၊ လိပ်စာပြော"

"ဒီကပဲစောင့်မယ်"

သူ ဖျတ်ခနဲ ကြည့်သွားတာ အထင်မြင်သေးသည့်အကြည့် ဖြစ်သည်။ ရှိပစေတော့ ...။ အိမ်ကို သူ လာခေါ်လို့မဖြစ်ပေ။ ပြီးတော့ ပစ္စည်းဆိုလို့ ဝန်စည်စလယ် သယ်ပိုးဖို့လည်း ဘာမှမရှိပါ။

ကျောပိုးအိတ်လေးတစ်လုံးနှင့် ငွေတစ်သောင်းပါသည့် ပိုက်ဆံအိတ်လေးတစ်လုံးပဲဖြစ်၏။ လေးနာရီခွဲခါနီးတော့ ကော်ဖီဖိုး ရှင်းလိုက်သည်။ ထိုလူရောက်လာလျှင် ရှင်းလိုက်မှာစိုး၍ ဖြစ်သည်။

တော်ကြာ လင်းအုပ်စီး ဆိုသည့်လူလို ကျေးဇူးတင်ခံချင်နေလျှင် ခက်မည်။ ပိုက်ဆံအိတ်ထဲမှာ နှစ်ရွက်သုံးရွက်ပဲကျန်တော့သည့် ထောင်တန်တွေကို ကြည့်၍ မျက်လွှာအပင့်မှာ ဆိုင်ထဲဝင်လာပြီဖြစ်သည့် သူ့ကို မြင်လိုက်ရ၏။

"မင်း ဘာပါသေးလဲ"

"ဒါပဲ ..."

ပြတာက လွယ်ထားပြီးဖြစ်သည့် ကျောပိုးအိတ်ကိုဖြစ်ပေမယ့် အမှတ်တမဲ့ ရဝ်ဘတ်လေးကော့လိုက်သလိုဖြစ်သွားတော့ သူ ဖျတ်ခနဲ လှည့်သွား၏။ သူ ဖြစ်သွားတာမြင်မှ ကိုယ့်ကိုကိုယ် သတိထားမိပြီး လေရူး ရှက်ရမှန်းသိသည်။

"ဒီမှာ ..."

အပြင်ရောက်တော့ သူ အရင်ဝင်ထိုင်ပြီး လေရူး ဘက်ကတံခါးကို သူပဲ လှော့ဒ်ချပေး၏။ အလျှင်စလိုငုံ့ဝင်လိုက်စဉ် ကျောပိုးအိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခံကာ ပခုံးနှစ်ဖက်ကနေ ပြန်ဖြုတ်နေရသဖြင့် ဘူယံမှ ကျွတ်ခနဲ စုတ်သပ်လိုက်ခြင်းကို ကြားရ၏။ ထို့နောက် ကားက ဆောင့်ထွက်လေသည်။ လေရှုး က မျက်စောင်းထိုးတာမဟုတ်ဘဲ ခပ်စောင်းစောင်း ပြန်ကြည့်၍ ...

"စာချုပ်ထဲမှာ ဦးမင်းညို လို့ထည့်တာက ရှင်က ဦးမင်းညိုလား"

သူက လှည့်မကြည့်ဘဲ မဖြေချင်သလို မျက်ခုံးတွေကို တွန့်ပစ်၏။

"ဒီမှာ ... ရှင့်ကို ခင်မင်ချင်လို့ မိတ်ဖွဲ့နေတယ်မထင်နဲ့၊ ခုချိန်ထိ နာမည်တောင်မှမသိတာကို၊ နောက်ထပ် ဘယ်လိုခေါ်ရ ပြောရမှာလဲ"

သူ ကားမောင်းနေရင်း လှည့်ကြည့်သည်။ လေရှုး က မျက်ခုံးပင့်၍ ...

"ရှင့် နာမည်လေ .."

"မင်းယောကျ်ား"

"အမလေး ... ဘာ ......"

လေရှုး မျက်လုံးပြူး၍ သူ့ဘက်ကို လုံးလုံးလျားလျား လှည့်ထိုင်လိုက်ခြင်းက တစ်ထပ်တည်း။

"ရှင် စကားပြောတာ မာရေကျောရေရှိရုံတင် မကဘူး၊ မိုက်ရိုင်းလှချည်လားဟင်"

"ဘာလာဖြစ်တာလဲ၊ စိတ်ရှုပ်ရတဲ့အထဲ ..."

"ရှင်ပြောတာ ရှင်စဉ်းစားလေ၊ ဒီက နာမည်မေးတယ်ဆိုပြီးတော့ စော်ကားမော်ကားနဲ့၊ ဘာ မင်းယောကျ်ားလဲ၊ ဟွန်း ..."

"ဟ .. မင်းယောကျ်ား ဘာဖြစ်လဲ၊ မင်းကို ငါက ..."

"ရှင် ... ရှင် ... ပြောလေ ကဲလေပါလား၊ ရှင့်လိုလူကိုများ"

"ဟား ..."

သူ ဆတ်ခနဲ ခေါင်းခါသည်။ ကားကို ညင်ညင်သာသာမဟုတ်ဘဲ





ဝေါခနဲ ဝိုက်ကွေ့ပစ်လိုက်ပြီး :....

"တစ်ယောက်တည်း စိတ်ကူးတွေရင့်သန်ပြီး အတောင်ပေါက်နေဦးမယ်၊ မယ်မင်းကြီးမ .. ကိုယ့်ရုပ်ကိုယ် နည်းနည်းပါးပါး ပြန်ကြည့်ပါဦး"

"ဟင် ..."

နာခံတာမဟုတ်ဘဲနဲ့ လေရှုး တကယ်ငုံ့ကြည့်မိသည်။

"ငါ့နာမည်က 'မင်းယောကျ်ား'၊ အိမ်မှာ ကျားလေးလို့ခေါ်ကြတယ်"

ပြောပြီး 'လေရှုး ကို ချဉ်တူးတူးနှင့် မျက်လုံးစွေကြည့်၍ ...

"နောက်တစ်ခါ မတော်တရော်တွေ နားကြားမမှားနဲ့ ရှင်းရလင်းရနဲ့ အချိန်ကုန်တယ်"

သေလိုက်တော့ လေရှုး ....၊ တော့ ...။

❂ ✿ ❂



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဘိုးဘိုး ..."

မမြင်ဖူးစဉ်က ပါးစပ်ထဲမှာ 'အဘိုး' လို့ပဲ ခေါ်ဖြစ်နေခဲ့ပြီး မျက်စိအောက်မှာ တကယ်မြင်လိုက်ရတော့ လှုပ်ခါသွားသည့်ရင်ထဲမှာ ဘယ်လို အင်အားတွေ ဖြစ်သွားခဲ့မှန်းမသိပါ။

နွေး၍ တနင့်နင့်တုန်ယင်လာသည်။ "ဘိုးဘိုး" လို့ခေါ်မိတာ တစ်ခါမကဘဲ နေရာအနှံ့မှာ ပိုက်တွေတန်းလန်းနှင့် ပတ်သက်ငြိမ်နေခဲ့သော အဘိုးအိုဘေးမှာ လက်ကလေးနှစ်ဖက်ထောက်ရင်း ဒူးတွေ ညွတ်ခွေကျသွားခဲ့၏။

"ဘိုးဘိုး ..."

အမေပြောတဲ့ ဒါ ... ငါ့ရဲ့ဘိုးဘိုးဆိုတာလား။ နောက်မှာရောရှေ့မှာရော၊ ပတ်လည်ဝိုင်းရံနေကြသည့် ဆရာဝန် ဆရာမများနှင့် ကျားလေးတို့ မိသားစုအားလုံးကိုလည်း မေ့သွား၏။

မဟာနဖူးကျယ်နှင့် နှာတံကြီးထင်းလျက်ရှိသော ဦးစက်ရှင်





ဆိုသည့်သူဌေးကြီးဟာ နာတာရှည်လူမမာအဖြစ်သို့ ရောက်ရှိနေသော အခြေအနေမှာတောင် ခံ့ညားနေဆဲရှိသည်။

ဘိုးဘိုး၏လက်မောင်းကို လေရှူး သာသာလေး ဆုပ်ကိုင်လိုက်သည်။

"ဘိုးဘိုး ..."

"နေဦး"

လေရှူး ကို လှမ်းတို့မလိုပြင်ပြီးမှ ကိုယ်ရှိန်သတ်ကာ ကျားလေးက ဆရာဝန်ကြီးမျက်နှာကို လှမ်းကြည့်သည်။ ဆရာဝန်ကြီးက ခေါင်းညိတ်ပြပြီး လူနာကို စကားပြောနိုင်ကြောင်း ခွင့်ပြု၏။

လေရှူး ကတော့ မသိပါ။ 'နေဦး' လို့ တားလိုက်သည့် ကျားလေး၏လေသံသဲ့သဲ့ကိုလည်း ကိုယ့်ကိုပြောသည်မထင်တော့။ ဘိုးဘိုးမျက်နှာကိုပဲ ငေးစိုက်ကြည့်ကာ ...

"ဘိုးဘိုး ... လေရှူးလေ၊ လေရှူး က ဘိုးဘိုးရဲ့မြေးပါ၊ မျက်လုံးဖွင့်ကြည့်ပါဦး ဘိုးဘိုး၊ လေရှူး ကို မြေးဆိုတာ ဘိုးဘိုး အသိအမှတ်ပြုမှာလားဟင်"

မျက်နှာကို ငုံ့လိုက်တော့ လေရှူး ခေါင်းမှာစည်းချထားသည့် ဆံပင်တချို့က ဘိုးဘိုးရင်ဘတ်ပေါ်မှာ ဖေးတင်သွားကြ၏။

ဒီမိန်းကလေး လူမမာကိုကပ်ပြီး မလိုတာတွေ ဘာလို့ပြောနေတာလဲ ...။ ဒေါ်သဇင် နောက်ကကြည့်၍ အသည်းတွေ ယားနေသည်။ ဦးမင်းညိုကတော့ လူမမာ ဘယ်လိုပုံစံနှင့် မျက်လွှာတွေပွင့်လာမလဲဆိုတာကိုသာ စိတ်ဝင်တစား စူးစိုက်နေခဲ့၏။

ထိုအချိန်တွင် ကျားလေးက တစ်ဖက်မှ ဝင်ထိုင်လိုက်သဖြင့် လေရှူးနဲ့ကျားလေးက ဘိုးဘိုး၏တစ်ဖက်စီမှာ ဖြစ်သွားကြသည်။ ဆေးရှိန်နှင့် အင်အားချိနဲ့စွာ မိန်းမောနေခဲ့သော ဦးစက်ရှင်၏ မျက်တောင်များတွေ တဖျတ်ဖျတ် လှုပ်ရှားလာ၏။ ပြီးတော့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာခဲ့သည်။

"ဘိုးဘိုး၊ ဒီမှာ ... ဘိုးဘိုးတွေ့ချင်တဲ့ မြေးလေး၊ ကျွန်တော် ခေါ်လာခဲ့ပြီ၊ သူ့လေ ... ကြည့်ပါဦး ဘိုးဘိုးရဲ့"

ကျားလေး၏စကားသံအဆုံးမှာ လေရှုး က 'ဘိုးဘိုး' ဟု ခေါ်လိုက်သဖြင့် ဦးစက်ရှင်၏ မျက်ဝန်းတွေ ရွှေ့လျားလာသည်။

"ဘိုးဘိုး၊ သမီးနာမည်က ဆောင်းလေရှုးပါ၊ ဒေါ်မေမြတ်ရှင်က လေရှုးရဲ့အမေလို့ အဖေက ပြောတယ်၊ ဘိုးဘိုးက လေရှုး ကိုယ့်ရဲ့လားဟင်"

ဦးစက်ရှင်၏နှုတ်ခမ်းတွေ ပွင့်ဟလာခဲ့သည်။ ရီဝေအားနည်းနေခဲ့သည့် မျက်ဝန်းတွေက အရောင်လက်လာ၏။

"မြေး ..."

"ဘိုးဘိုး .."

"တူ ... တူလိုက်တာ၊ သမီးလေး မြတ်ရှင်နဲ့ တူလိုက်တာ၊ ဖြစ်ရလေ မြေးလေးရယ်"

စကားသံက တိုးပေမယ့် အားလုံးကြားကြသည်။ 'ဖြစ်ရလေ' ဆိုသော ကြေကွဲသံက ဘာကိုရည်ရွယ်ပါသနည်း။ ပြန်လည်ဆုံခွင့် မရလိုက်သော သမီးဒေါ်မေမြတ်ရှင်ကိုလား၊ ဘဝတစ်လျှောက်လုံး ဆင်းရဲခဲ့ရှာသည်ဟုတွေး၍ လေရှုး ကိုသနားတာလား၊ ဒါကို ဘယ်သူမှ နားမလည်ပါ။

ဦးစက်ရှင်သည် လေရှုး မျက်နှာကိုပဲ ကြေကွဲမဆုံးစွာငေးမော လျက် မျက်ရည်တွေ ဝေ့လာခဲ့သည်။ ထို့နောက် ပြုံးမဲ့မဲ့ကြီးဖြစ်လာရင်း မျက်ဝန်းထောင့်မှ မျက်ရည်စက်တို့ စီးကျလေသည်။

"ဒါတွေဟာ ကံဇာတ်ဆရာရဲ့ လှည့်စားချက်တွေပဲ၊ ဘိုးဘိုး ... ဝမ်း ... ဝမ်းသာလိုက်တာ"





လက်ဖဝါးချင်း ဖိဆုပ်ထားသော ဦးစက်ရှင်၏လက်တွေ တဆတ်ဆတ်တုန်လာသည်။ ရင်ဘတ်ကြီးက မို့မောက်ရှုံ့ကြွနေသလိုပင်။

"ဘိုးဘိုး ... ကိုလေး လုပ်ပါဦး"

"ဘိုးဘိုး ... စကားတွေ သိပ်မပြောပါနဲ့၊ ဒေါက်တာ ..."

ကျားလေး ပျာယာခတ်သွားသည်။ ဆရာဝန်တွေ အနားမှာ ဝိုင်းအုံလာတော့ သူတို့နှစ်ယောက်အနောက် ဆုတ်ပေးလိုက်ရ၏။ ကိုယ့်ကို ကိုယ်ပင် မထင်မှတ်ခဲ့သော မျက်ရည်တွေ မျက်ဝန်းမှာ ပြည့်သိပ်စွာ ရှိနေတာကို သတိထားမိလိုက်၏။

မျက်နှာကိုငုံ့ပစ်လိုက်ကာ မျက်တောင်နှစ်ချက်လောက် ဖိခတ် ပစ်လိုက်သည်နှင့် မျက်ရည်စက်တို့က သမံတလင်းပေါ်သို့ ခုန်ဆင်း ကြွေကျသွားခဲ့သည်။ မျက်ဝန်းတွေကို လက်ခုံနှင့် မသိမသာ ပွတ်သုတ်ပြီး မော့လိုက်လျှင် ...

"လေရှုး ..."

သူမ ရှေ့ကပ်ကပ်လေးမှာ ရပ်နေသည့် ဒေါ်သဇင်၏အကြည့် တွေက လေရှုး တစ်ကိုယ်လုံးကို တစ်နေရာမှ အထင်ကြီးဖွယ်မရှိဟု နှိမ့်ချကဲ့ရဲ့နေသလိုပင်။

"မင်းကိုပြောထားမယ်၊ အဖေက ယုံကြည်သွားပြီဆိုပြီး စကားကို အပိုတွေ ဘာမှမပါပါစေနဲ့၊ မင်း ဘာဆိုတာ ကျန်တဲ့လူတွေ အားလုံးသိ တယ်၊ ပြီးတော့ ..."

"သဇင် .."

ဦးမင်းညို ရောက်လာသည်။ ဒေါ်သဇင့်လက်ကို ဆွဲလိုက်ပြီး လေရှုး ကိုကြည့်၍ ...

"ဦးလေး သတိရလာပြီ"

လေရှုး အကြည့်တွေ လှနာခုတင်ဆီရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ ရှိတယ် ဘိုးဘိုး"

ခုတင်ဘေးက လူတွေထဲမှ ကျားလေး၏စကားသံကို ကြားလိုက်ရပြီး လည်ပင်းရှည်ကြည့်လိုက်တော့ လေရှူးနှင့်မျက်လုံးချင်း ဆုံသွား၏။ ကျားလေး၏မျက်လုံးထဲမှာ ဒေါ်သရောင်တွေနှင့် လက်နေ၏။ လေရှူး ဘိုးဘိုးဘေးသို့ ရောက်သွား၏။

"ဘိုးဘိုး ... လေရှူး ရှိတယ်လေ၊ ဘိုးဘိုး သတိရပြီလားဟင်၊ ကိုယ့်ကိုကိုယ်ကျန်းမာအောင်နေပါ ဘိုးဘိုးရယ်၊ စိတ်ကို တင်းထားပါ နော်၊ လေရှူး မှာ ဘိုးဘိုးကို ခုမှမြင်ဖူးခွင့်ရတာ၊ ထပ်ပြီး မဆုံးရှုံးပါရစေနဲ့"

ခန္ဓာကိုယ်ပေါ်မှာရှိပြီး ကိုယ်နဲ့မရင်းနှီးခဲ့တာက မျက်ရည်ပဲဖြစ်သည်။ မငိုတတ်ဘဲကျလာခဲ့သည့် မျက်ရည်တွေမှာ မာယာမပါခဲ့ပါ။ ဒါပေမယ့် မယုံမကြည်ကဲ့ရဲ့ခံရမှာကိုသိလို့ ကွယ်ရာမှာပဲ ကြိတ်၍ သုတ်ပစ်ခဲ့ရသည်။

ဒါတောင် ဒေါ်သဇင် မြင်သွားပြီး မဲ့ရွဲ့နှိမ့်ချကြည့်ခဲ့သေးသည်။ နောက်ထပ် လေရှူး မငိုချင်တော့ပါ။ သို့သော် ပို၍အားကောင်းစွာ ဖြစ်ထွန်းလာသော မျက်ရည်တွေက အရှက်မရှိခဲ့တာလား။

ဦးစက်ရှင်၏ နှုတ်ခမ်းထူထူကြီးတွေက ပြုံးယောင်သမ်းနေလျက် ...။ မပီပြင်ပေမယ့် ခေါင်းအထပ်ထပ်ညိတ်နေတာကို အားလုံးမြင်နေရ၏။

"မြေးလေးကို မြင်လိုက်ရလို့ ဘိုးဘိုး ... ဘိုးဘိုးအတွက်က ... သေပျော်နေပါပြီ ဒါ ... ဒါပေမယ့် ဟုတ်တာပေါ့ ဘိုးဘိုးသေလို့ မဖြစ်သေးဘူး"

ဦးစက်ရှင် မျက်ဝန်းတွေ တဖြည်းဖြည်းမှေးကျသွားခဲ့ရင်း ...

"ပြုခဲ့ဖူးသော ဒါန၊ သီလ၊ ဘာဝနာတရားတို့၏ အကျိုးကျေးဇူးကြောင့် နောက်ထပ်အသက်ဆက်ရှင်သန်ရပါစေ"

ဆုတောင်းသံသဲ့သဲ့မှာ အားလုံး မျက်ရည်ကျကြသည်။ ဒေါ်သဇင် အင့်ခနဲ ရှိုက်လျက် အသံမထွက်အောင် ပါးစပ်ကို လက်နဲ့အုပ်သည်။





ခေါင်းညိတ်က ပခုံးကို လာဖက်လိုက်သဖြင့် ပခုံးစွန်းမှမှီ၍ အသံတိတ် ငိုတ်နေခဲ့သည်။

ဦးစက်ရှင်ဆိုသော သူဌေးကြီးဟာ အားလုံးရဲ့ကျေးဇူးရှင်ကြီး ဖြစ်သည်။ ခင်ပွန်းသည်နှင့် ပတ်သက်မှ ဦးလေးတော်ရပေမယ့် ဒေါ်သဇင် စိတ်ရောကိုယ်ပါနှစ်၍ ပြုစုပေးခဲ့တာပါ။ ကိုယ့်တူလေး ကောင်းစားစေချင်သည့် လောဘစိတ်လေး နည်းနည်းပိုနေခဲ့ပေမယ့် ကောက်ကျစ်မှာ သိမ်းပိုက်ရယူလိုတာမျိုးတော့ မဟုတ်ပါ။ အထူးသဖြင့် ဦးစက်ရှင်ကို ကျန်းမာအသက်ရှည်စေလိုပါ၏။

"လူလေး၊ ကျားလေး ..."

"ဗျာ ... ဘိုးဘိုး။ ကျွန်တော် ရှိပါတယ်"

ကျားလေးက ကိုယ်ကို ရှေ့ကိုကိုင်း၍ ဦးစက်ရှင်၏လက်ဖဝါးကို ထွေးဆုပ်လိုက်သည်။

"မြေး ... မြေးမလေးကို မင်း စောင့်ရှောက်ရမယ်"

ကျားလေး မျက်နှာပျက်သွား၏။ လေရှူး က မကြားချင်ယောင်နေတာလား၊ မကြားလိုက်တာလား မသိပါ။ မျက်ရည်ကို ခေါင်းငုံ့ပွတ်သုတ်နေရင်းနှင့် အလုပ်ရှုပ်နေ၏။

"ကျားလေး ..."

"ဗျာ .. ဟုတ်ကဲ့ ဘိုးဘိုး။ ကျွန်တော် ကြားပါတယ်၊ ဘိုးဘိုးလဲ ဘာမှ မဖြစ်နိုင်ပါဘူး။ ဘိုးဘိုးချစ်တဲ့မြေးနဲ့ နောက်ထပ် ပျော်ပျော်ရွှင်ရွှင်နေဖို့တွေ ရှိသေးတယ်လေ၊ အနားမှာ ဆရာဝန်ကြီးတွေရော ဆရာမရော အားလုံး ဘိုးဘိုးကို ဂရုစိုက်နေကြတာ၊ ဘိုးဘိုး ဘာမှမဖြစ်တော့ဘူး"

"အင်း ... အင်း ..."

"ပြီးတော့ လေရှူး က အားငယ်နေရှာတာ ဘိုးဘိုးရဲ့၊ ဘိုးဘိုးကိုပဲ သူ အားကိုးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဘိုးဘိုးလဲ ကြိုးစားမယ်၊ ဒါပေမယ့် .... ဒါပေမယ့် တကယ်လို့များ ... ဘိုးဘိုးမရှိတော့ရင် ... မြေးမလေးကို ... မြေးမလေးကို မင်း ... လက် .. ထပ် ... ပါ၊ အမွေကိစ္စတွေအားလုံး ရှေ့နေဦးငြိမ်းနဲ့ ..."

"ဘိုးဘိုး ... ဘိုးဘိုး စကားတွေ သိပ်မပြောနဲ့လေ"

လေရှူး မျက်ရည်ကို လက်တစ်ဖက်နှင့်သုတ်ရင်း ပျာပျာသလဲကြီး ထပြောသည်။ မျက်လုံးလေးတွေပြူးကျယ်ကာ ဒီ့ထက်ပို၍ တားဆီး ပြောဆိုတော့မလိုဖြစ်နေသဖြင့် ကျားလေး မျက်ရိပ်ပြ၍ အံကြိတ်သည်။

ကျားလေး၏ဘေးမှ အပြာဝတ်ဆရာမလေးကလည်း လေရှူးကို လက်ကာပြ၏။ ဦးစက်ရှင် ပင်ပန်းကြီးစွာ အသက်ရှူရင်း ပြန်လည်ငြိမ်သက်သွားလေသည်။ ဆရာဝန်က တော်သင့်ပြီ ဟူသော အားနာပြုံးနှင့် အားလုံးကို ပြန်ခိုင်း၏။

"သခင် ... လာလေကွာ"

ကျားလေး၏ကားဆီသို့ လှမ်းလိုက်သော ဒေါ်သခင့်ခြေလှမ်းက ဦးမင်းညို ပြန်ဆွဲလိုက်သဖြင့် နောက်ကို တစ်ပတ်လည်ပါသွားခဲ့၏။

"ဟိုကားမှာ ဇင် သွားစီးမယ် ကိုညို၊ ပြောစရာတွေ ရှိသေးတယ် အိပ်ရာပေါ်က လူမမာ ဘာမှမသိလို့ ပြောတာတွေကို ဒီမိန်းကလေး အခွင့်အရေးယူတော့မှာ"

"အချိန်တွေရှိပါသေးတယ်ကွာ၊ ကျားလေးကလဲ လူညံ့မှမဟုတ်တာ၊ သူတို့လဲ ပြောစရာ ဆိုစရာတွေရှိမှာပေါ့၊ ကဲပါ ... တက်တော့"

ကားထဲရောက်တဲ့အထိ ဒေါ်သခင့်မျက်လုံးတွေက ကားနားမှာ ရပ်စကားပြောနေကြသည့် ကျားလေးနဲ့လေရှူးဆီမှာ ဖြစ်နေ၏။

"လူမမာ ပြောနိုင်ဆိုနိုင်လာလို့ ဝမ်းသာရတာတောင် ပြည့်ပြည့်ဝဝ မသာနိုင် ဘူး၊ ဇင်လေ ... ကိုယ့်တူကိုပြန်ပြီး လက်မြှောက်နေရတာ





ခံအပြင်းဆုံးပဲ၊ လူကြီး ဘာပြောပြော နားကိုမထောင်တော့ဘူး"

"ဩော် ... သခင်ရယ်၊ ကျားလေးကို မင်းမယုံနိုင်သေးလို့ပါ၊ ငါ ကတော့ ..."

"ယုံစရာလား ကိုညို၊ ရှင်ပြောသလို ကျားလေးက လူညံ့မဟုတ် ဘူးဆိုတာ ဘယ်နေရာမှာလဲ၊ သူ့အလုပ်၊ သူ့စီးပွားမှာ မညံ့တာ၊ ပုထုဇဉ် ယောကျ်ားတိုင်း ဘယ်မှာ ဘယ်လောက်ပဲတော်တော်၊ ထက်ထက် တစ်ချက်မှာတော့ ညံ့သွားကြတာပဲ၊ ဘာညံ့တာလဲ၊ ပြောပြရဦးမလား"

"အင်းပါ၊ သိပါပြီ မိန်းမရယ်၊ မင်း စိတ်ဆင်းရဲနေတာက မကြည့် ရက်လို့ ပြောနေတာပါ၊ ရိုင်းရိုင်းနှိုင်းရရင် 'သားမွေးတော့ အား" ဆို တာ မဟုတ်ပါဘူး၊ သားဆိုတာ နွားပဲ၊ ဒါက ရိုင်းပေမယ့် မှန်တယ်လေ၊ မိဘက ပညာသင်ပေးတယ်၊ ပြုစုပျိုးထောင်လာရပြီး အချိန်တန်အရွယ် ရောက်တော့ သားကျွေးမှု၊ မယားကျွေးမှုနဲ့ သူများဘက်မှာ ရပ်တည် သွားကြတာပဲ၊ ဒီလို ခိုင်ခိုင်မာမာ မရပ်တည်နိုင်ရင်လဲ ကိုယ့်သားလေး ပဲ မျက်နှာငယ်ရမှာမို့လား၊ မိဘက ဘာမှမမျှော်လင့်ခဲ့ဘဲ တစ်ဖက်သတ် ပေးဆပ်တယ်၊ သူတို့လဲ ဒီလိုပဲ ရပ်တည်သွားတာ ဓမ္မတာပဲလေ၊ မင်းရဲ့ အဘွားတွေ၊ အမေတွေရှေ့မှာ မင်းရဲ့အဘိုးတွေ၊ အဖေတွေ ရပ်တည် ခဲ့သလို အခု မင်းရှေ့မှာ ကိုယ်နေတယ်၊ မင်းရဲ့သား သူချစ်တဲ့မိန်းမရဲ့ ရှေ့မှာ ရပ်တည်ပေးမယ်ဆိုရင်လဲ မင်းကျေနပ်ရမှာပေါ့"

"ဒါကို ဇင် သိတယ်လေ၊ အခု ဒီမိန်းကလေးက ဘယ်ကမှန်း မသိ၊ ဘာမှန်းမသိ"

"နောက်တော့ သိလာမှာပေါ့၊ လက်ထပ်ဖို့ဆိုတာလဲ အလွယ် တကူဖြစ်လာမှာမှမဟုတ်ဘဲ၊ ယောကျ်ားပဲကွာ၊ ကိုယ်က တော်နေဖို့ပဲ လိုတာ၊ မိန်းမ အရမ်းတော်နေတော့လဲ ကိုယ်မှီခိုမှမဟုတ်ဘဲ၊ တကယ် လို့ ဒီမိန်းကလေးရဲ့အရည်အချင်းတချို့ကို ကျေနပ်ပြီး ကျားလေးက



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားတယ်ဆိုရင်တောင် ....”

“လုံးဝမကျရဘူး၊ ဖင် သဘောမတူဘူး ကိုညို၊ အဆင့်အတန်းကို ပြောနေတာ မဟုတ်ဘူး။ ဘယ်က ဘာမှန်းမသိတာကိုပဲ မကျေနပ် တာကဲပါ ... မောင်းပါတော့၊ ရှင်နဲ့စကားပြောရတာလဲ စိတ်မချမ်းသာပါဘူး”

“ခက်ပါလား ...”

ကိုညိုခေါ်လိုက်၊ ကိုမင်းခေါ်လိုက်နှင့် ကိုယ့်မိန်းမကိုကြည့်ပြီး တော့ပဲ ပြုံးမိလေသည်။

ဒီမိန်းမ ... စိတ်ကောင်းမရှိတာလည်း မဟုတ်ဘဲနဲ့ .....။





## အခန်း (၁၅)

“ဘာပြောလိုက်တယ်၊ ငွေထပ်လိုချင်တယ် ... ဟုတ်လား”

အသံက ဆောင့်ခနဲ ထွက်သွားပြီးမှ ပြန်၍ တိုးသွားသည်။ ဧကြည့်ခန်းတံခါးဝမှာ ရပ်နေသည့် လေရှး ကတော့ ခပ်တည်တည် လေးပင်။

“ပြောပါ ကျယ်ကျယ် ...၊ ဘယ်သူကြားမှာစိုးလို့လဲ၊ လေရှး ကို ရှင် ပိုက်ဆံပေးနိုင်ခဲ့တာပဲဟာ၊ ပိုက်ဆံစကားပြောနေကြတာ ဘာဖြစ် သွားမှာလဲ”

“မင်း ...”

ခြေလှမ်းနှစ်လှမ်းတည်းနှင့် သူ လေရှး ရှေ့ကို ရောက်သွားသည်။ လက်ကိုဆောင့်ဆွဲ၍ တံခါးပိတ်ပစ်လိုက်ပြီးမှ ...

“မင်း တော်တော်ကြောက်စရာကောင်းပါလား လေရှး၊ လုံးဝ မထင်ရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ရင်လဲ ဒီကလိုချင်တာကို ပေးလေ၊ မထင်ရဘူးဆိုတာ ဘာလဲ၊ ရှင်တို့မျက်လုံးထဲမှာ လေရှူး က အခြေမဲ့အနေမဲ့ ကလေကချေပဲ၊ ကလေကချေက အဆင့်အတန်းမရှိဘူးဆိုတာ ဘာမှ မဆန်းဘူး"

"ဘိုးဘိုးရှေ့ကိုရောက်တိုင်း မင်း မျက်ရည်တွေဝေ့ပြ၊ ကျပြနဲ့ အမူအရာကောင်းလုချည့်လား"

"ကောင်းတယ်၊ ရှင်ပေးထားတာနဲ့ တန်အောင် သရုပ်ဆောင်ရတာလေ၊ တကယ်ဝမ်းနည်းလို့ ငိုနေတာလို့များ ရှင်က ထင်လို့လား"

မျက်လုံးချင်းဆုံအောင် တမင်စိုက်ကြည့်နေရင်း ကျားလေး နှုတ်ခမ်းက လွန့်ခနဲ မဲ့ခနဲ ဖြစ်၏။ လေရှူး ကလည်း မေးဖျားလေး ပင့်နေတဲ့အထိ ပြန်ကြည့်နေပြီး မထိတထိပုံစံနှင့် လက်ပိုက်လိုက်သေးသည်။ ဆုံးဖြတ်ပြီးသားပါ။

ကံကြမ္မာကောက်ကြောင်းက ဘယ်ကိုပဲ ရွေ့လျားနေနေ မြင့်မြင့်မှန်းလို့ အကျနာရမှာထက် ဘာကိုမှမျှော်မကြည့်ဘဲ နောက်လှည့်ပြန်မှ ဖြစ်လာရင်တောင်မှ ခံနိုင်ရည်ရှိလိမ့်ဦးမည်။ ဘိုးဘိုးကိုမြင်တာနှင့် ရင်ထဲမှာနင့်နေအောင် ခံစားလိုက်ရသည်။

မျက်ရည်မလွယ်ခဲ့ပေမယ့် ဘိုးဘိုးရှေ့ရောက်တိုင်း ဖောဖောသီသီ ကျတတ်နေခဲ့တာ ဟန်ဆောင်မှုမပါခဲ့ပါ။ သို့သော် ဒေါ်သဇင်ကတော့ စူးရှကျဉ်းမြောင်းသော မျက်လုံးများနှင့်သာ စောင့်ကြည့်နေခဲ့သည်။

ဘိုးဘိုးက ကျားလေးနဲ့သူမကို လက်ထပ်ပေးမည်ဟုပြောလိုက်တော့ ပိုဆိုးသွားသည်။ ဘာမှမသက်ဆိုင်ပါဟု သတ်မှတ်ထားခဲ့သော လူတွေရှေ့မှာ လေရှူး ၏အမူအရာတွေရော၊ မျက်ရည်တွေအားလုံးက တန်ဖိုးမဲ့နေမှာပင်။

ထို့ပြင် အပလီခရာတွေကို မဲ့ရွဲ့ကဲ့ရဲ့တာတွေလည်း ရှိသေးသည်။ ဘာထူးမှာလဲ ...။ ဘိုးဘိုးကို ကျွန်မသာလျှင် ပိုင်ဆိုင်ပါသည်ဟု သူမမှာ





ဖြစ်စရာ ဘာမှမရှိ။ မဆိုင်တာကို မဆိုင်မှန်း ကိုယ်သိနေကြောင်းတော့ ပြရမည်ဖြစ်သည်။

စိုက်ကြည့်အကဲခတ်နေသည့် ကျားလေးကို ကြာရှည်ပြန်ကြည့်မနေတော့ဘဲ လေရှူး မျက်နှာလွှဲပစ်၏။ ရင်ထဲမှာတော့ မကောင်း။ ဘိုးဘိုးသာ သူမ၏စကားတွေကို ကြားခဲ့လျှင် ...။

"ကောင်းပြီ၊ နောက်ထပ်ပိုက်ဆံလိုချင်တဲ့အကြောင်း မင်းပြောမင်းနဲ့ငါ စာချုပ်ခဲ့တာမှာ ခဏဖြစ်ဖြစ်၊ တစ်လဖြစ်ဖြစ် မင်းနေရမှာပဲ၊ နောက်ထပ်အခွင့်အရေး မပါဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် အခုပါမှဖြစ်မယ်၊ အစက ကျွန်မက ကျွန်မအဘိုးလို့ ထင်ခဲ့တာရှိတာကိုး"

"အခု မထင်တော့ဘူးပေါ့"

ခေါင်းခါပစ်လိုက်စဉ် ရင်ထဲမှာ စူးတစ်ချောင်းနစ်ဝင်သွားသလို ဖြစ်၏။

"စာချုပ်အရ ငါ ထပ်မပေးနိုင်ဘူး"

"ဟွန်း ..."

လေရှူး က ရင်ထဲကနာတာနှင့်ရော၍ အကျည်းတန်သွားအောင် မဲ့ရွဲ့ပစ်သည်။

"ကျွန်မကလဲ လူနာအတွက် မရှိမဖြစ်လိုအပ်နေတဲ့ သရုပ်ဆောင် အဖြစ်ပြောမယ်၊ ငွေထပ်မရရင် မနေနိုင်ဘူး"

"မင်း ... ဘာပြောတယ်"

ပန်းနုစိမ်းဖက်ကို ဆောင့်ခါပစ်လိုက်ဖို့ ရှေ့တိုးလိုက်ပြီးမှ ပြန်ထိန်းရသည်။ ငွေကို နမြောလွန်းလို့ မဟုတ်၊ ဒီလိုအကျင့်စရိုက်ကို ရှုံတာ၊ အထင်မကြီးခဲ့တာမှန်ပေမယ့် ဒီလောက်ထိ ရင်ထဲမှာ တွေးထားခဲ့တာ မဟုတ်သည်မို့ ...။

"မင်းကို လက်မခံနိုင်ရင်ရတယ်လို့ ငါပြောခဲ့တုန်းက ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမခါခဲ့သလဲ၊ အခုကျမှ မင်း ...”

“သြော် ... ကြံ့ပါတယ်ဆိုမှ ပိုင်မှကြံ့မှာပေါ့၊ အခိုကက ကျွန်မ ခေါင်းထဲမှာ အဘိုးဆိုတာ လုံးဝမရှိတော့ဘူး။ အဲဒါ ရှင်သိ ...”

“သိတယ်၊ အစကတည်းက ဘာမှမဆိုင်ဘဲနဲ့ မင်း ဉာဏ်ဆင်နေတာကို၊ ဒါပေမယ့် ဒီလောက်ကောက်ကျစ်တာကိုတော့ ...”

“တော်တော်ခက်ပါလား ကိုမင်းယောကျ်ားရယ်၊ ကျွန်မက ရိုးသားပါတယ်၊ ကြိုးစားပါမယ်ဆိုတော့ လိမ်ပါတယ်၊ ညာပါတယ်နဲ့ ဘယ်သူမှ မယုံကြဘူး၊ အခု လိမ်ပါတယ်လို့ ဝန်ခံနေတော့လဲ မထင်ခဲ့ဘူးတဲ့၊ ကဲ ... အခုကစပြီး ထင်လိုက်တော့၊ မယုံမရှိနဲ့ ကျွန်မ ငွေပဲလိုချင်တယ်”

“ကောင်းပြီ၊ ဘယ်လောက်လိုချင်သလဲ ပြော”

အပြာရောင်ခေါင်းစည်းကွင်းလေးတွေနှင့် ဆံပင်နှစ်ဖက်ခွဲ စည်းထားသော သူမမျက်နှာကို ကျားလေး စားမတတ်ဝါးမတတ် ကြည့်သည်။

ဘောင်းဘီရှည်အနီရဲရဲ၊ အဖြူတစ်ထပ်၊ အနီတစ်ထပ်နှင့် စပို့ရှပ်ပွပွလေးကို ဝတ်ထားသည့် လေရှူး ဆိုသော မိန်းကလေးဟာ အနီရောင်ထက် ရင့်သည်။ ရုပ်ရည်လေးသနားကမားနှင့် မယုံနိုင်အောင် မျက်နှာပြောင်တိုက်တတ်တာလည်း ရှိ၏။ သူမ မျက်ဝန်းတွေမှာ ညို့ခနဲဖြစ်သွားလိုက်၊ တလက်လက်စူးရဲလာလိုက်နှင့် အမျိုးမျိုးပြောင်းနေပေမယ့်လည်း ဘယ်လိုမှ အကဲခတ်လို့မရခဲ့ပေ။

ဘိုးဘိုးကတော့ ပြောခဲ့ဖူးသည်။

“လူဆိုးပေမယ့်လဲ ‘ငါ လူကောင်းမဟုတ်ဘူးကွ’ လို့ ပြောရဲတဲ့သူမျိုးဆိုရင် မေါင်းထိုက်သေးတယ်ကွ၊ ရိုးပြီးလျှိုတဲ့ လူမျိုးကမှ ကြောက်ရတာ” တဲ့။

ဒီမိန်းကလေးက ဘာလဲ ....။ လေရှူး သူ့ဘက်ကို မျက်ခုံ လှည့်လာကာ ...





“ဘယ်လောက်ပေးသင့်သလဲ ရှင်စဉ်းစားပေါ့၊ ကျွန်မလဲ စဉ်းစားဦးမယ်၊ လူမမာက အခု အသားမစားနိုင်လို့ ပိုက်နဲ့သွင်းနေရတဲ့ အခြေအနေကနေ စားနိုင်သောက်နိုင်လာပြီ၊ နောက်ထပ် ဒီ့ထက်ထူထောင်လာရင် လေရှူး ပဲပြုစုရမှာ၊ ဒီတော့ သေချာပြန်တွက်မှ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီကတောင်းသလောက် ရှင်ပေးရမှာပဲ၊ အတောင်းနည်းသွားမှာစိုးလို့”

ပြောပြီး တံခါးလှည့်ဖွင့်သည်။ သို့သော် နောက်ပြန်လှည့်ကြည့်ကာ ...

“မကျေနပ်ရင် နောက်ထပ်မြေးတစ်ယောက် ရှာလို့ရတယ်နော်၊ ကျွန်မကတော့ လိုချင်တိုင်း တောင်းနေမှာ၊ သူ့ဌေးမြေးဖြစ်ဖို့ ကြိုးစားနေတာထက် ဟန်ဆောင်ပေးနေတာက လောလောဆယ်ပိုအဆင်ပြေမယ်ဆိုတော့ ရသလောက် ကဲ့မှာပဲ”

လေရှူး တံခါးကို ခွဲဖွင့်လိုက်တော့ အပြင်မှာရပ်နေသည့် ဒေါ်သဇင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားလေသည်။ ဒေါ်သဇင်က သူမကို အံ့ဩတာန်နှင့် ခြေဆုံးခေါင်းဆုံးကြည့်၏။ လေရှူး မျက်နှာမပျက်ပါ။

“အန်တီဇင် ...”

ဟု ခေါ်လိုက်ပြီး တံခါးကိုကိုင်ထားသည့် လက်ကိုပါဖြုတ်ချ၍ သတိအနေအထားနှင့် ရပ်လိုက််၏။

“ကျွန်မ တစ်ခုပြောပါရစေ၊ ဟိုတစ်ခါ ခြံရှေ့မှာ ဦးစက်ရှင်ဟာ ကျွန်မအဘိုးပါ လို့ ပြောဖူးခဲ့သမျှအားလုံးကို ဘာမှမပြောခဲ့ဘူးလို့ပဲ မှတ်ပေးပါနော်၊ တကယ်လဲ လေရှူး ဘက်မှာ ဘာမှမရှိခဲ့ပါဘူး၊ ဒီအဖြစ်တစ်ခုကိုသာ ဖျောက်လိုက်မယ်ဆိုရင် ဒီအိမ်မှာ ကျွန်မ ပိုပျော်မယ်ထင်တယ်၊ လောလောဆယ် ရှေ့ဘုံပေါ်မှာစံနေရတဲ့ ဒီအဖြစ်လေးကို ပွန်းပဲ့ခံနိုင်လို့ပါ၊ ပြီးတော့ သရုပ်ဆောင်ခအဖြစ် ကျွန်မ ဒီငွေတွေယူသုံးနေဦးဆိုတော့ မြေး ဆိုတဲ့နေရာကို လုံးဝစိတ်မကူးတော့ဘူးဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုသေချာသွားပြီပေါ့၊ အဲဒါပါ"

အရိုအသေပေးသလို ခေါင်းလေးငုံ့ပစ်လိုက်ပြီးမှ ကိုယ်ပြန်မတ်သည်။ ပြီးမှ ရှေ့ကနေ ထွက်သွားလေသည်။ ဒေါ်သခင်နှင့်ကျားလေး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

ဒီလို အမျိုးမျိုးဖြစ်နိုင်သလား ....။





အခန်း (၁၆)

"လူလေးမပါဘူးလား မြေးရဲ့"

"ဟုတ်ကဲ့ ဘိုးဘိုး၊ ကိုလေးက ဟိုရက်တွေမှာ အလုပ်တွေအများကြီး ပစ်ထားခဲ့ရလို့တဲ့၊ အခု ဘိုးဘိုး သက်သာသွားပြီလေ၊ လေရှူးလဲ ရှိနေပြီဆိုတော့ စိတ်ချသွားလို့ပါ"

ဦးစက်ရှင်က ခေါင်းညိတ်နေ၏။

"အဖေ ... နေကောင်းရဲ့လား၊ မျက်နှာကတော့ ကြည်နေတာပဲ"

ဆရာဝန်နှင့်သွားတွေ့ပြီး ပြန်ဝင်လာသည့် ဦးမင်းညိုနှင့်ဒေါ်သခင်တို့ ဝင်လာ၏။ ကြက်သားဆန်ပြုတ်တိုက်နေသည့် လေရှူး ဘေးမှာပဲ ဝင်ထိုင်ကာ ဒေါ်သခင်က ဦးစက်ရှင်၏လက်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။

"အသားအရေလဲ နွေးနွေးလေးပဲ၊ ဝမ်းသာလိုက်တာ"

"ကောင်းချင်ပါတယ်ကွယ်၊ ငါ့ကြောင့် အားလုံးလဲ ပင်ပန်းနေကြပြီ၊ သမီးတို့သွားတွေ့တာ ဆရာဝန်က ဘာတဲ့လဲ၊ ဆင်းလို့ရပြီတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြုစုရဆုံးဖြစ်သည့် ဒေါ်သဇင့်ကိုပဲ ဦးစက်ရှင်က မေးသည်။ ဦးမင်းညိုက ဘူဆိုပေမယ့် ကိုယ်ဖိရင်ဖိပြုစုပေးခဲ့သော ဒေါ်သဇင်ပဲ သမီးနဲ့မခြားဖြစ်သည်။ တချို့နေရာတွေမှာ တကယ့်သွေးကအစိမ်းရောင်ရင့်နေတာလည်း ရှိတတ်လေသည်။ သူစိမ်းကောင်းတော့ သွေးမျိုးမမှီ ဆိုသည့်စကားကိုလည်း ယုံကြည်သွားခဲ့၏။

ဒေါ်သဇင်က ပြုံးချိုသည့်မျက်ဝန်းများနှင့် ခေါင်းညိတ်သည်။

"ရပြီတဲ့ အဖေ၊ တကယ်တော့ အဖေက ရောဂါအကြီးအကျယ်ရှိတာမဟုတ်ပါဘူး၊ စိတ်ကြောင့်ဖိစီးပြီး အိပ်ရာထဲလဲခဲ့ရတာ၊ အခုအဖေစိတ်ချမ်းသာသွားပြီမို့လား"

"ဟုတ်တယ် ဦးလေး၊ လူကြီးဆိုတာ ဘာကြောင့်ပဲရောဂါဖြစ်ဖြစ် အစားဝင်နေရင် ကုလို့ရတယ်၊ အစားမဝင်တော့ဘူးဆိုတာနဲ့ သွားတာပဲ၊ ခံနိုင်ရည်ရှိဖို့က အဓိကလေ၊ အခု မြေးရောက်လာတာနဲ့ တစ်ကိုယ်လုံးပိုက်တွေ ဘာမှမရှိတော့ဘူးမို့လား"

ပြုံးနေသည့် ဦးစက်ရှင်၏ ပီတိမျက်ဝန်းများက လေရှူး မျက်နှာလေးပေါ်မှာပဲ ရှိနေခဲ့သည်။

"ရပြီ မြေး၊ ဘိုးဘိုး ဝပါပြီ"

လေရှူး က ဆန်ပြုတ်ပန်းကန်ကိုချ၍ ဘိုးဘိုးကို ပါးစပ်သုတ်ပေးလိုက်၏။ ပြီးတော့ ဆေးတိုက်ရန် ဆရာဝန်ဆေးညွှန်းကို ပြန်ဖတ်လိုက်သည်။

"အဲဒါတွေ ထားလိုက်ပါဦး မြေးရယ်၊ ဒီမှာ ဘိုးဘိုးကိုကြည့်စမ်း"

"ဟုတ်ကဲ့"

လေရှူး မျက်နှာမမော့ချင်ပါ။ ဖြစ်နိုင်လျှင် ဘိုးဘိုးရှေ့မှာ သူမရှိနေသည့်အချိန်များမှာ သူမနဲ့ဘိုးဘိုး နှစ်ယောက်တည်းပဲ ရှိနေချင်၏။

"မြေးလေး"





"ရှင် ...."

"မြေးရဲ့မေမေ့ဓာတ်ပုံ မြင်ဖူးပြီလား"

"ဟင့်အင်း"

ဦးစက်ရှင် မျက်နှာပျက်သွားတော့ ဒေါ်သဇင် ပျာပျာသလဲ ဖြစ်သွား၏။

"ဓာတ်ပုံက အဖေ့အခန်းထဲမှာပဲ ရှိနေတာလေ အဖေ၊ အဖေ့အခန်းတံခါးကို ကျားလေးက သော့ကိုင်ထားတာ၊ အလုပ်တွေလဲ ရှုပ်နေလို့ မပြဖြစ်တာထင်ပါတယ်"

"ဟုတ်တယ် ဦးလေး၊ အားလုံးကအရေးကြီးနေတော့ အဲဒီဘက်ကို မေ့နေတာပါ"

"ဒါလဲ အရေးကြီးတာပဲကွ၊ မြေးလေးက မိဘမျက်နှာကို မြင်ခဲ့ရတာမဟုတ်ဘူး၊ မျက်နှာစိမ်းနေကြလို့ မမေးရဲပေမယ့် ကလေးက မြင်ချင်မှာပေါ့"

"မြင်ချင်ပါတယ်၊ ဟို ... ဒါပေမယ့် ဘိုးဘိုးရဲ့ကျန်းမာရေးက အဓိကဖြစ်နေတော့ လေရှူး လဲ မပြောမိလို့ပါ၊ လေရှူး လေ ...သေဆုံးသွားတဲ့မိဘတွေကို ပြန်မရနိုင်တော့မှန်းသိသလို ဘိုးဘိုးကို ဆုံးရှုံးလိုက်ရမှာကို ပိုပြီး စိုးရိမ်မိခဲ့တာ"

"မြေးရယ်"

ဦးစက်ရှင် မျက်နှာကြီးပြုံ့ကျလုလုနှင့် လေရှူး ခေါင်းလေးပေါ်မှာ လက်ဝါးအုပ်တင်သည်။ ခေါင်းတညိတ်ညိတ်နှင့် ငြိမ်ကျသွားခဲ့၏။

"ဟုတ်တယ်၊ ဘိုးဘိုး ဆေးရုံက မြန်မြန်ဆင်းမှဖြစ်မှာ၊ မြေးမေမေရဲ့ဓာတ်ပုံကို ဘိုးဘိုးက သိပ်ပြချင်တာ၊ ဘာလို့လဲ သိလား၊ မြေးက အမေတူသမီးလေးဖြစ်နေလို့"

ဒေါ်သဇင်က ဦးမင်းညိုကို ကြည့်၏။ ဦးမင်းညို ပင့်သက်ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်လွှာချသွားခဲ့သည်။ လေရှူး ဘယ်ကိုမှ မကြည့်ပါ။ အရာအားလုံးကို မမြင်နိုင်သည့်ဘက်မှာ ထားလိုက်ပြီးသားမို့ မတုန်လှုပ်မိအောင် ထိန်းထားနိုင်ခဲ့၏။

"ဒါနဲ့ မြေးကိုမွေးစားခဲ့တဲ့ မိဘတွေရော၊ သူတို့က မြေးကို ဒီကို ခေါ်လာတာ ကျေနပ်ကြရဲ့လား"

"ဟို ..."

"ဒီလို အဖေ၊ ဟို ... လေရှူးရဲ့မိဘတွေက အမေမရှိတော့ဘူး တဲ့၊ သူ့အဖေကလဲ ခရီးသွားနေတုန်းလေ၊ အဲ ... အဲဒါကို ကျားလေးရဲ့ ကိုညိုက သေချာပြောပြပြီး ခေါ်လာတာ၊ သူ့အဖေ ပြန်ရောက်လာရင် ဒီကိုလိုက်လာမှာပေါ့၊ အဖေ ဘာမှစိတ်မပူပါနဲ့၊ သူ့အဖေကျေနပ်အောင် သမီးတို့အားလုံးဆောင်ရွက်ပေးကြမှာပါ"

"အေး ... ကျေနပ်အောင် သေချာဂရုစိုက်ပေးကြ၊ ငါ့မြေးကို ဒီ အရွယ်အထိ လုံလုံခြုံခြုံ စောင့်ရှောက်ပေးခဲ့ကြတာ နည်းတဲ့ကျေးဇူး မဟုတ်ဘူး၊ တတ်နိုင်သမျှ မမြူစုကြနဲ့"

"ဟုတ်ကဲ့ပါ"

ခေါ်သဖင် ညာပြောတာမဟုတ်ပါ။ လေရှူး ပြောဖူးသည့်အတိုင်း ပဲ ပြောလိုက်တာဖြစ်သည်။ ဒီကိစ္စကိုမေးတော့လည်း လေရှူး၏လေသံ က မာဆတ်ဆတ်နှင့် ....

"မင်းရဲ့အဖေက သူ့ဘာမှသက်သေပြစရာမရှိဘဲနဲ့ လွှတ်ပုံထောင် တော့ အကြောင်းအလန့်မရှိတဲ့သမီးကို ဒီမှာထားပြီး ငွေညှစ်ချင်ပုံ ရတယ်"

"ငွေညှစ်တိုင်းပေးဖို့ရော၊ လေရှူး .က ဒီစံအိမ်တစ်ခုလုံးရဲ့ မိုးခံ သေတ္တာသော့ကို ကိုင်နေရလို့လား၊ ဦးစက်ရှင်ရဲ့မြေး တကယ်ဖြစ်ခွင့် ရခဲ့သလား၊ ကိုမင်းယောကျ်ားဆီက အလုပ်သမားခ ဆိုတဲ့ငွေအပြင်





ကျွန်မမှာ ဘာမှမရှိဘူး၊ ပြောချင်ရင်လဲ မျက်စိတဆုံး ကြည့်ဖို့ကောင်း ပါတယ်"

ရောက်စတုန်းကဆို လေရှူးနဲ့ခေါ်သဖင် ဘယ်လိုမှ မျက်နှာချင်း ဆိုင်လို့မရခဲ့ပေ။ မြေး အဖြစ် လိမ်ညာရောက်လာခဲ့သည့်အဖြစ်ကို နှလုံးနာနေသမျှ လေရှူး လုပ်ကိုင်ပြောဆိုသမျှ အပြစ်ချည်းပဲ ဖြစ်နေခဲ့၏။

ခုတော့ သူမဘက်က အလုပ်သမားသက်သက်လို့ ဖွင့်ဟကြေညာ ခဲ့သည်။ လိုတဲ့ငွေကို ပေးလိုက်ဖို့လည်း ကျားလေးကို သူတို့ပဲ တိုက် တွန်းပေးခဲ့ကြ၏။ ဘာမှရှုပ်စရာမရှိတော့ဘူးဆိုတော့ အမြင်စောင်းနေ တာတွေလည်း မရှိတော့သလိုဝင်။

ထိုစဉ်မှာ ကျားလေး ရောက်လာသည်။

"ဘိုးဘိုး ... နေကောင်းတယ်နော်"

ထူထူထောင်ထောင်ဖြစ်နေသည့် ဘိုးဘိုးကို မြင်လိုက်ရသဖြင့် ကျားလေး မောသမျှတွေပြေသွားကာ မျက်နှာက ပြုံးချိုသွား၏။ လေရှူး က နေရာမှထဖယ်ပေးရင်း ပစ္စည်းတွေကို သိမ်းဆည်းနေလိုက်၏။

ကျားလေးက တိုခုံမှာ ဝင်ထိုင်ကာ ...

"ဖုန်းဆက်ဦးမလို့ပဲ၊ ဒါပေမယ့် ပြန်ရဗ်ဝင်မှာပဲဆိုပြီး မဆက် တော့တာ၊ ဘိုးဘိုး နေရတာ သက်သောင့်သက်သာရှိလား"

"ရှိပါ့ဗျာ၊ ငါ့မြေးတွေကို ထိမ်းမြားပေးဖို့အတွက် ဘိုးဘိုးက ဘယ် သေလိမ့်ဦးမလဲ၊ အဟွန်း ... မြေးမျက်နှာမြင်ရပြန်တော့ မြစ်ကို လိုချင် ပြန်ရော"

"ဘိုးဘိုးကလဲ"

ဟိုကောင်မလေး ဘယ်လိုနေသည်တော့ မသိ၊ ကျားလေး မျက်နှာ ရှသွားတာ တော်တော်နေရခက်၏။

"ဘာလဲ၊ ရှက်နေတာလား၊ ငြင်းချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး က ပဲ့ဘက်လှည့်၍ အလုပ်လုပ်နေသဖြင့် ဦးစက်ရှင်က ကျားလေးကိုပဲ ကြည့်မေး၏။

"ဘိုးဘိုးက ဘိုးဘိုးရဲ့ မြေးလေးလဲ မရှိတော့ဘူးလို့ သိထားလိုက်ရကတည်းက မင်းကို ကိုယ့်မြေးအရင်းလို မွေးခဲ့တာနော်"

"ဟုတ်ပါတယ်၊ ကျွန်တော် ဘိုးဘိုးကို ဘာမှလဲမပြောရသေးဘူး"

"အေး ... ပြောမှာစိုးလို့ပဲ၊ အမွေစားအမွေခံမြေးအဖြစ် သတ်မှတ်ထားပြီးသားကိုလဲ ဘယ်တော့မှ ဘိုးဘိုးမပြောင်းလဲဘူး။ အကယ်၍ ဘိုးဘိုးရဲ့ဆန္ဒအတိုင်း မလိုက်လျောနိုင်ဘူးဆိုရင်တောင် မင်းအတွက် ..."

"ဘိုးဘိုး ..."

ပြောနေရင်း စိတ်ဆင်းရဲသွားရှာသည့် ဘိုးဘိုးကို သူ မကြည့်ရက်ပေ။ လက်ဖဝါးနွေးနွေးကို ဆုပ်ကိုင်ထားလိုက်မိကာ ...

"အားလုံး ဘိုးဘိုးရဲ့ သဘောအတိုင်းပါပဲ၊ ဒါပေမယ့် အခု ဘိုးဘိုးလဲ ကျန်းမာလာပြီဆိုတော့ မင်္ဂလာကိစ္စကို အပူတပြင်း စဉ်းစားဖို့မလိုသေးတာ"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် ..."

"အဖေကလဲ ခုမှကျန်းမာတော့ ဘယ်ကိစ္စမှ ခေါင်းထဲမထည့်ပါနဲ့ဦး၊ နောက် ဒီ့ထက်ပိုပြီး ထူထောင်လာလို့ စိတ်ချရပြီဆိုရင် အဖေ့ဆန္ဒအတိုင်း သမီးတို့အားလုံး စီစဉ်ပေးကြမှာပါ"

ဒေါ်သဇင် ခေါ်တာကိုက 'အဖေ' ဖြစ်သည်။ ဦးမင်းညိုက ကိုယ့်ဦးလေးမို့ ဦးလေးပဲ ခေါ်ခဲ့သည်။ ထို့ကြောင့် ရင်းနှီးပုံချင်း မတူတာဖြစ်နိုင်၏။

"ဟုတ်သားပဲ ဦးလေးရာ"

"ဘာဟုတ်သားပဲလဲ မင်းညို၊ အသက်ခုနစ်ဆယ်နားနီးနေတဲ့ လူကြီးအတွက် ကျန်းမာရေးဟာ စိတ်ချရတယ်ဆိုတာ မရှိဘူး၊ ပြီးတော့





သူလေးအသက်ရော မယ်တော့လို့လား၊ မြေးလေး ..."

"ရှင် ..."

ဘယ်လိုပဲ အလုပ်ရှုပ်ပြနေနေ ခေါ်လိုက်တော့လည်း လှည့်ကြည့်ရသည်။

"လာစမ်း၊ ဒီမှာထိုင်"

လေရှူး က ကျားလေး၏ ကျောနောက်ကနေလာကာ ဦးစက်ရှင်၏ ခုတင်မှာ တင်ပါးလွှဲလေးထိုင်လိုက်၏။ ဦးစက်ရှင်က ကျားလေးနဲ့ သူမကို တစ်လှည့်စီကြည့်၍ ...

"နှစ်ယောက်စလုံးက မြေးပါပဲ၊ ဘိုးဘိုးက နှစ်ယောက်စလုံးကို ချစ်တာ၊ ကျားလေးကို ယုံကြည်တာတွေ၊ အားကိုးတာတွေနဲ့ စုပုံချစ်တာ၊ မြေးလေးရဲ့ ဘဝအတွက် ယုံကြည်ထိုက်တဲ့လူလို့လဲ ဘိုးဘိုး သတ်မှတ်တယ်၊ မြေးနဲ့ကျားလေးကို လက်ထပ်ပေးဖို့ကိစ္စမှာ မြေးဘက်က ငြင်းစရာများ ရှိသလား"

လေရှူး မျက်နှာလေးနှစ်ဖက် တွန့်ကျသွားတာကို ဦးစက်ရှင်က စိုက်ကြည့်နေ၏။

"ဆိုလိုတာက ဒီအရွယ်အထိ မြေးက တခြားမှာနေခဲ့ရတာဆိုတော့ ချစ်သူတွေဘာတွေ ရှိခဲ့သလားဆိုတာ ဘိုးဘိုးကို ပွင့်ပွင့်လင်းလင်းပြော"

လေရှူး ထွက်ပေါက်ရသွားသလို ခေါင်းလေး ဆတ်ခနဲ ညိတ်လိုက်တာ မော့လာ၏။

"ဟုတ်ကဲ့ ... ရှိ ..."

"မရှိဘူးဆိုတာ သမီးတို့အားလုံး မေးပြီးသားပါ အဖေရဲ့"

ဒေါ်သဇင်က အကင်းပါးသူပီပီ ချက်ချင်းဝင်ပိတ်ပစ်လိုက်၏။

"အဖေ မင်္ဂလာကိစ္စ စပြောတဲ့နေ့ကတည်းက ကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့က မေးမြန်းထားခဲ့တာ၊ တစ်ခုတော့ရှိတာပေါ့ အဖေရယ်၊ ချက်ချင်းကြီးဆိုတော့ သူတို့ချင်း စိမ်းနေကြသေးတယ်မို့လား"

ဦးစက်ရှင်က ဒေါ်သဇင့်စကားကို နားထောင်ပေမယ့် လက်ခံချင်ပုံမရပေ။ စောစောက လေရှူး တစ်ပိုင်းတစ်စ ပြောလိုက်သည့်စကားကိုပဲ စိတ်ဝင်စားနေကာ ...

"မြေးမှာ တကယ်မရှိဘူးလား၊ တစ်ခုခုပြောချင်သေးလား"

လေရှူး နားလည်သွားပါ၏။ ကိုယ်က သူတို့ဆန္ဒအတိုင်းပဲ ဖြစ်ရမှာမို့ ခေါင်းလေးခါလိုက်သည်။

"မရှိပါဘူး ဘိုးဘိုး"

"အေး ... ဒါဆိုပြီးတာပဲ"

ဦးစက်ရှင် ကျေနပ်သွား၏။

"ရင်းနှီးဖို့ မရင်းနှီးဖို့ဆိုတာ အချိန်တွေအများကြီး မလိုပါဘူးကွယ်၊ ခေါင်းညိတ်ကြပြီဆိုရင်ပဲ ဘိုးဘိုးက ဝမ်းသာလှပြီ၊ အသက်အရွယ်အရ မြေးလေးက ငယ်တယ်လေ၊ နောက်ထပ်အချိန်ကြာကြာ ဆွဲထားရင် ရင်းနှီးစေချင်တာက တစ်ယောက်၊ ရင်းနှီးသွားတာက တခြားဖြစ်ချင်ဖြစ်မှာ၊ ဒီလိုတော့ အလွဲမခံနိုင်ဘူး၊ ဒီမြေးနှစ်ယောက်ကို ဘယ်သူ့ကိုမှ ဆုံးရှုံးမခံနိုင်တဲ့အတူတူ မင်္ဂလာကိစ္စက အေးဆေးနေလို့တော့ မရဘူး"

အပြန်ကျတော့ ကားပေါ်မှာ လေရှူးနဲ့ကျားလေး ပြဿနာတက်လေသည်။

❂ ✿ ❂

ရွှေသမင်စာပေ



အခန်း (၁၇)

"ရှင့်ကိုမှ ကျွန်မမယူနိုင်တာ"

"မင်းကိုရော၊ ဘယ်သူက လိုချင်လွန်းလို့လဲ"

"ပြီးတာပဲ"

"ဟ ... ပြီးလို့ရမလား၊ လေရှူး ... မင်း တမင်တကာလုပ်နေတာဆိုရင်လဲ တော်သင့်ပြီထင်တယ်"

"ဘာလဲ၊ ဘာကို တမင်တကာလဲ"

ကားက လူရှင်းသည့်လမ်းဘေးတစ်နေရာမှာ ရပ်တန့်သွား၏။ ကျားလေးက လေရှူး ဘက်ကို ကျကျနနလှည့်၍ ...

"မင်းကို အန်တီဇင်တို့ မယုံကြည်ကြတဲ့အတွက် ရှဲ့နေတာလား၊ နောက်ထပ်ငွေလိုချင်သေးလို့လား"

"ငွေဆိုတာဟုတ်ပေမယ့် ခုတော့ မတောင်းသေးပါဘူး၊ ရှဲ့တာလဲ မှန်တယ်၊ ဒါပေမယ့် မဖြစ်နိုင်တာကို မဖြစ်ချင်တာလေ၊ ရှင့်ကိုလဲ ပြော

ရွှေသမင်စာပေ

www.burmeseclassic.com



ထားမယ်နော်၊ ဘိုးဘိုးရှေ့မှာ ခေါင်းညိတ်ထားတယ်ဆိုပြီး ပရောပရီ တော့ လာမလုပ်နဲ့"

"တောက် ... ဆွဲထိုးလိုက်ရရင် သေဦးမယ်"

"ထိုးကြည့်လိုက်လေ၊ မိန်းကလေးဆိုပြီး လျှော့မတွက်နဲ့၊ ရှင့် ထမင်းနှစ်နပ်လောက်ကို မျိုမချနိုင်အောင်တော့ ကျွေးလို့ရတယ်"

ပြော၍ ကူရှင်မှာ ဆောင့်ခနဲ မှီသည်။ လက်ပိုက်၍ မျက်စောင်း ထိုးလိုက်သေးသည်။

ဘယ်လိုဟာလေးလဲ ...။ လက်သီးလည်း ယားနေပြီ။ အံကြိတ် ထားရတာလည်း မနိုင်မနင်းဖြစ်လာခဲ့၏။ လေရှူး က သူ့ကိုမကြည့်ဘဲ ဆက်ပြောနေသေးသည်။

"မနက်ဖြန်ဆို ဘိုးဘိုး အိမ်ပြန်ရောက်တော့မှာ၊ လက်မထပ်ဖြစ် အောင် ရှင်တာဝန်ယူ၊ ပြီးတော့ လေရှူး မှာအလုပ်ရှိတယ်၊ အဲဒီအတွက် အပြင်ကိုထွက်ချင်တဲ့အချိန် ထွက်မှာ"

"လေရှူး၊ မင်း ငါ့ကို သက်သက်ဒုက္ခပေးဖို့ စဉ်းစားထားတာလား"

"ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ ရှင့်အတွက် ထည့်စဉ်းစားနေရအောင် ရှင်က ဘာမို့လဲ"

"ကွတ် ..."

သူ မျက်လုံးတွေမှိတ်ပစ်၍ ဆတ်ခနဲ ခေါင်းခါ၏။

"ကျွန်မစကားတွေက အရိုက်ကို တစ်လုံးပြီးတစ်လုံး မှန်နေတယ် ထင်တယ်၊ ရှင် တော်တော်စိတ်ထိန်းနေရတယ်ဆိုရင် ဒီမှာပဲ ကျွန်မကို ချထားခဲ့"

"လေရှူး ..."

"အား ..."

တံခါးလှည့်ဖွင့်လိုက်စဉ် လက်မောင်းတစ်ဖက်ကို နောက်က





ဆောင့်ဆွဲလိုက်သဖြင့် ဆိုဖာပေါ်သို့ ပက်ခနဲ လန်ကျသွား၏။

"ရှင် ... ဘာလုပ်တာလဲ၊ ဖယ်နော်"

လေရှူး ပြန်ရုန်းထပြီး ရုန်းတော့ ကျားလေးကမလွှတ်ဘဲ စိုက် ကြည့်ကာ ...

"မင်းကငွေမက်တော့ ငွေစကားပဲပြောမယ်၊ မင်းကို ငါ လုံးဝ စိတ်မဝင်စားဘူး၊ ဘယ်တော့မှလဲ ထိဖို့ ငြိဖို့ ကြိုးစားမှာမဟုတ်ဘူး၊ အဲဒါ ကတိပေးတယ်၊ မင်းဘက်က ဘိုးဘိုးရှေ့မှာ တာဝန်ကျေဖို့ရယ်၊ နောက်ထပ် ဘာလုပ်မယ်၊ ညာလုပ်မယ်နဲ့ ငွေညှစ်ချင်တဲ့ဆန္ဒတွေ ခဏခဏမပြဖို့၊ ဘယ်လောက် လိုချင်သလဲ"

လေရှူး ကမဲ့ပြီး သူ့လက်ကို ခါထုတ်ပစ်လိုက်၏။

"ဒါဆိုပြောလေ၊ ဘယ်လောက်ကြာဦးမှာလဲ"

"ခြောက်လ"

"သိန်းတစ်ရာ"

ကျားလေးမျက်နှာ မည်းညိုသွား၏။ နှုတ်ခမ်းကို အကြာကြီးဖိပိတ် ထားပြီးမှ ခေါင်းညိတ်သည်။

"ကောင်းပြီ၊ နောက်ထပ် ငွေတောင်းခွင့်မရှိတော့တာရယ်၊ မင်း ဘက်က စကားများလို့၊ မနေနိုင်လို့၊ ဘာဖြစ်ဖြစ် တစ်ခုခုပျက်ကွက်ခဲ့ရင် သုံးဆပြန်လျော်ရမယ်ဆိုတာလဲ လက်ခံရမယ်၊ ဖြစ်မလား"

"ဖြစ်တယ်၊ အဲဒီငွေကို အနံတီဖင့်လက်ထဲကနေ ပေးဖို့ပါ ကျွန်မ တောင်းဆိုတယ်"

သူ စိုက်ကြည့်မိပြန်သည်။ လေရှူး ဘာဖြစ်လို့ ဒီလောက်ပြောင်း လဲသွားခဲ့သည်ကို သိသလိုလိုနှင့် တွေးမရနိုင်ဖြစ်နေခဲ့၏။ လိုက်လာ ခဲ့တုန်းကတော့ မြေးဖြစ်လိုသည့်အခွင့်အရေးနှင့် ဘိုးဘိုးဘေးမှာ နေခွင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေမက်တတ်တာကို သိထားပေမယ့် မျက်နှာပြောင်အရွဲ့တိုက်တတ်တာတွေကို မသိခဲ့ပေ။ ခုကျတော့ အားလုံးကို ငွေနဲ့ချည်းပဲ စကားပြောနေသည်။

ပြီးတာပဲ ...၊ ဆုံးဖြတ်ရလွယ်တာ ငွေပဲရှိတာ ....။

○ ✿ ○





အခန်း (၁၈)

"ဪ ... ဟုတ်လား"

ခြံထဲဆင်းသွားသည့် လေရှူး ကိုကြည့်သော ဒေါ်မြတ်နိုး၏မျက်လုံးများက အံ့ဩရုံတင်မကဘဲ နှမြောတသခြင်းတွေလည်း ပါနေ၏။

"ကောင်မလေးက နဖူးဆံစပ်လေးတွေ ကျပုံရော၊ မေးဖျားသွယ်တာလေးရော၊ မြတ်ရှင်နဲ့ တော်တော်ဆင်တယ်နော်၊ ဘာမှမဆိုင်ဘဲနဲ့ သွားတူနေတာ အံ့ဩစရာပဲ"

ဒေါ်သခင်က ခေါင်းညိတ်သည်။ မနေ့ညက သူ့အမေ ဒေါ်မေမြတ်ရှင်၏ဓာတ်ပုံကို ထုတ်ပြလိုက်တော့ မျက်ရည်တွေဝေနေသည့် လေရှူးမျက်နှာကိုလည်း ဖျတ်ခနဲ မြင်၏။ ထို့ပြင် ဒီနောက်ပိုင်းကျမှ လေရှူးပုံစံ တော်တော်ပြောင်းနေတာလည်း သိသာသည်။

အဖေ့ကို ပြုစုပေးနေသည့်အချိန်မှလွဲလျှင် စကားလည်း မများ၊ အနေလည်း မှန်သည်။ ခြံဝမှာ လာပြောခဲ့တုန်းက ခပ်ဖွာဖွာ၊ ဂျစ်ကန်ကန်ပုံစံလည်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ်မှာ အမူအရာအားဖြင့် စကားနဲ့ရော နှိမ့်ချပြောဆိုခဲ့ဖူးသည့် ကိုယ့်အပေါ်မှာလည်း ကျေကျေနပ်နပ်ပုံစံနှင့် နေသည်။ ငွေတွေတောင်းနေသည့်ကိစ္စကို ပြောပြတော့လည်း ကိုညိုက 'ကောင်းတာပေါ့' တဲ့။

"အဲဒီတော့ မင်းတို့ ငါတို့ ပူပန်နေရတဲ့ပြဿနာတွေ မရှိတော့ဘူးပေါ့" တဲ့။

ကျေတော့ ကျေနပ်စရာပါ။ ဒါပေမယ့် ....။

"သဇင်ရယ်၊ ကံကြမ္မာဆိုတာ တစ်ခါတလေ သိပ်ကိုဆန်းကြယ်တာနော်၊ ဦးလေးစက်အတွက် စိတ်ချမ်းသာရအောင် အခြေအနေအရ ဖြေရှင်းလိုက်ရတာတော့ မှန်တယ်၊ ဒါပေမယ့် တိုက်ဆိုင်ပြီး တကယ့်မြေးဖြစ်နေခဲ့ရင်ရော"

"အဲဒီလိုဆိုရင် ကောင်းတာပေါ့ မမြတ်ရယ်၊ အဲဒီလိုသာဆို ဘာမှကို ပူစရာမလိုတော့ဘူး၊ အခု ဒီမိန်းကလေးကို မြေးလို့ထင်ပြီး ကျားလေးနဲ့ စေ့စပ်ထားလိုက်ပြီလေ၊ မကြာခင် လက်ထပ်ပေးမှာ၊ မဟုတ်တာတို ဘယ်လိုပြောပြရမှန်းမသိ ဖြစ်နေကြတာ"

"အေးနော်"

ဒေါ်မြတ်နိုးဟာ ဒေါ်သဇင်၏အစ်ကိုဝမ်းကွဲတော်သူ ဦးအောင်သင်း၏ နောက်အိမ်ထောင်ဖြစ်သည်။ နောက်အိမ်ထောင်ဆိုပေမယ့် ဒေါ်စနီးကလည်း သူမ၏အစ်မအရင်းမို့ သူစိမ်းတွေတော့ မဟုတ်ပါ။

ထို့ကြောင့် လင်းအုပ်စီး၏ မိထွေးဆိုသော်လည်း အဒေါ်အရင်း ဖြင့်၏ 'မနောမြတ်' စံအိမ်ကြီးအတွက်လည်း ဆွေမျိုးတွေပဲဖြစ်သည်။

ကြာခဏ လာတာမဟုတ်သော်လည်း ကိုယ်ရေးကိုယ်တာကိစ္စ ဘာမဆိုတိုင်ပင်ပြောဆိုလို့ရသည့် လူတွေဖြစ်၏။ ဟိုတုန်းကတည်းက 'မနောမြတ်' နဲ့ 'သဒ္ဒါဖြူ' စံအိမ်နှစ်အိမ်က ရင်းနှီးချစ်ခင်ခဲ့ကြသည့်





ညီအစ်ကိုတွေ ...။

ဒေါ်မြတ်နိုးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ သတိရကာ ...

"ဒါဆိုရင် တကယ့်မြေးအစစ်က ရှိသေးတယ်ဆိုတာ တကယ်ပေါ့၊ ဟုတ်လား သဇင်"

"အဲဒါလဲ မသေချာဘူး၊ ဦးကောက်ကို ကျားလေး ပြန်လွှတ်ထားတယ်၊ ဟိုနေ့ကမှပါ၊ ဒီမှာ မင်္ဂလာကိစ္စမဖြစ်မြောက်ခင် အမှန်ကို ဖော်ထုတ်မှဖြစ်မှာလေ၊ မသေမပျောက်ရှိနေသေးတယ်ဆိုရင်လဲ ပြန်တွေ့ချင်ပါပြီ မမြတ်ရယ်"

"ဒါပေါ့ဟယ်၊ ဒီအခြေအနေကြီးက တကယ်ရင်မောစရာကြီးပါ၊ ဘာပဲဖြစ်ဖြစ် သဇင်က ကံကောင်းပါတယ်"

"ဘာဖြစ်လို့လဲ မမြတ်"

"ဩော် .. ကျားလေးက အရမ်းတော်တဲ့ ကလေးပဲ၊ ပြီးတော့ လိမ္မာတယ်၊ သူ့ရွေးရဲ့မြေးနဲ့ ညားရင် ပိုကောင်းမယ်၊ မညားရင်လဲ ချမ်းသာပြီးသား၊ ဘာပူစရာလိုလို့လဲ"

သဇင်က ဝန်ခံသည့်အပြုံးနှင့် ငြိမ်နေသည်။ အစက သူမလည်း အမွေကိစ္စနှင့်ပတ်သက်ပြီး ကိုယ့်ဘက်ကိုယ်ပါစေချင်သည့်လောဘတွေနှင့် ပူလောင်သွားခဲ့သေးသည်။

မြေးအစစ်ပေါ်လာခဲ့လျှင် ကိုယ့်တူနဲ့ပဲ ထိမ်းမြားပေးမှာဆိုတော့ ပူစရာမလိုတော့ပါ။ ထို့ကြောင့် မြေးအစစ်တွေ့ဖို့အရေးက အရေးပါသလို လေရှုး ဒီအိမ်ပေါ်မှာ သရုပ်ဆောင်အဖြစ် ပီပြင်လာတာကိုလည်း ပြဿနာတစ်ခုလို့ မမြင်တော့ပေ။

တစ်ခုပဲရှိသည်။ ကျားလေးနဲ့လေရှုး ဒီ့ထက်ပို၍ မရင်းနှီးကြခင် ပြဿနာတွေရှင်းနိုင်မှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးက ချစ်တော့ချစ်စရာလေးနော် သဇင်၊ ဘယ်ကလဲ၊ သန့်သန့်စင်စင် ဟုတ်ရဲ့လား"

ဒေါ်မြတ်နိုးက လေရှူး ထွက်သွားသည့်ခြံထဲဘက်ကို လိုက်ကြည့်၍ စကားပြန်စသည်။

"ကျားလေး ခေါ်လာတာပဲ၊ စိတ်ချရပါတယ်လို့တော့ ပြောတာပဲ မမြတ်ရယ်၊ ဖြစ်လဲဖြစ်နိုင်ပါတယ်၊ ကောင်မလေးက စည်းကမ်းရှိတယ်"

"တော်ကြာ လေဘာတက်လာပြီး ကျားလေးကို ..."

"အို ... ဒီလိုဘယ်ရမလဲ"

ဒေါ်သဇင် စကားဆုံးအောင်ပင် နားမထောင်နိုင်ပေ။

ဒါ ဖြစ်စရာလား ...။ ဒီအိမ်ကို ဦးစက်ရှင်၏မြေးပါဆိုပြီး လေရှူး ရောက်လာခဲ့ဖူးတာတွေ၊ ငွေမက်လွန်းလို့ ပိုက်ဆံတွေပဲ ခဏခဏ တောင်းပြီး ငွေညှစ်သလို လုပ်နေတာတွေ၊ ဒါတွေကို ဒေါ်သဇင် ဘယ်သူ့ကိုမှ အတင်းအဖျင်းအဖြစ် ဖွင့်မပြောခဲ့ပေ။

"တို့ကစိုးရိမ်လို့ ပြောတာပါ၊ ကျားလေးလို ကလေးတစ်ယောက်ကို မဟုတ်တရုတ်တွေနဲ့ ဖြစ်မသွားစေချင်လို့၊ သား အုပ်စီး ကျတော့ ဒီလိုကိစ္စတွေမှာ လည်လွန်းလို့ ဘယ်ကဘယ်လိုဝင်ပါပြီး ဆုံးမရမှန်း မသိဘူး၊ သိတယ်မို့လား သဇင်၊ တို့ကိုလဲ သူက အမြင်ကြည်တာ မဟုတ်ဘူးလေ၊ အခု အရွယ်လေးရောက်လာမှ ဖအေကိုတောင်မှ ပြန်မပြောနားမထောင်တွေ လုပ်တတ်နေပြီသိလား၊ ကျားလေးကိုကြည့်ပြီး ဖအေက သားဖြစ်တဲ့သူကို အားမလိုအားမရတွေဖြစ်၊ သားက ဂရုမစိုက်နဲ့ ..."

"အခု အုပ်စီး က ဟိုတယ်လုပ်ငန်းတွေမှာ ဦးစီးနေပြီမဟုတ်ဘူးလား မမြတ်"

"အမလေး ... ဦးစီးတယ်လေ၊ ဟိုတယ်ကငွေတွေကို သုံးဖို့"





"ဟင် ..."

"အနားမှာ အပေါင်းအသင်းတွေကလဲ ဝိုင်းဝိုင်းလည်ပြီး သူ့လက်ညှိုးညွှန်သမျှ အကုန်လုပ်ပေးနေကြတာ၊ ဘယ်လိုလုပ်မလဲ၊ ဟိုတစ်ခါကများ ဖအေမသိဘဲနဲ့ ဟိုတယ်မှာ မွေးနေ့လုပ်လိုက်တာလေ၊ ဘာတွေဘယ်လိုကုန်မှန်း မသိဘူး၊ ဟိုတယ်လ်မှာရော၊ သူ့အတွက် စာရင်းဖွင့်ထားတဲ့ ဘဏ်မှာထုတ်ထားတာတွေရော၊ သိန်းသုံးရာကျော်ပဲ သိလား သဇင်"

"အို ... ဟုတ်ရဲ့လား၊ ဒီကလေး ..."

"ဟုတ်ပါ့ကွယ်၊ လွန်ကိုလွန်ပါတယ်၊ သူက တို့ကိုကျတော့ အဒေါ်လို့ မမြင်တော့ဘူး၊ မိထွေးလို့ပဲ သဘောထားတယ်၊ ဖအေကိုကျတော့လဲ ဒီကိစ္စနဲ့ပဲ အစာမကြေသလိုလို၊ ရှုံ့သလိုလို"

ဒေါ်သဇင် ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ ညီအစ်ကိုနှစ်ဝမ်းကွဲဆိုတာ သွေးမျိုးနီးစပ်ပဲတော်တာလို့ ပြောရင်ရသည်။ ညီအစ်ကိုတော်ပေမယ့် ကိုယ့်တူလေးက မိဘမဲ့ဖြစ်ပြီး ဒီလောက်တော်နေတာ ဂုဏ်ယူထိုက်ပြီပေါ့။

မချောလို့လည်း မဟုတ်၊ မထောတာလည်း မဟုတ်ပါ။ အုပ်စီးက ဆွဲဆောင်မှုဆိုသည့်ချောတာမျိုးဖြစ်ပြီး ကျားလေးက တည်သည်။ ချောတာမချောတာ အသာထား၊ ဒါကို စိတ်မဝင်စားတော့ ဒီလောကမှာ သတင်းမကြီးတာ မချောလို့ လို့ ပြောလို့ရမလား။ သားလေး တော်လိုက်တာလို့ သွားတွေးမိတော့ ပြုံးမိပြန်ပါပြီ။

ဟိုကောင်မလေးနဲ့များ .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၉)

ခြံထဲကို ကားကွေ့ဝင်လိုက်သည်နှင့် ဘယ်လိုမှမထင်မှတ်ခဲ့သော မြင်ကွင်းကိုမြင်လိုက်ရသည်။ ကားက ကတ္တရာလမ်းမပေါ်မှာပဲ တုံ့ခနဲ ထိုးရပ်သွား၏။

လေရှူး ...။ ဟုတ်သည်၊ ဒီကောင်မလေးပဲ။ အုပ်စိုး သေချာပြန် ကြည့်လိုက်မိသည်။ အဖြူပေါ်မှာ အနီစက်သေးသေးလေးတွေပါသည့် အကျီပွပွလက်ပြတ်လေးနှင့် ရှော့ပဲန်ကို ဝတ်ထားသည်။

ဆံပင်တွေက မြင်နေကျအတိုင်း အဖြူရောင်သားရေကွင်းလှလှ လေးနှင့် နှစ်ဖက်ခွဲစည်းထားသည်။ အလွန်ရှင်းလင်းနေသည့် မြက်ခင်း စိမ်းစိမ်းတွေပေါ်မှာ ကလေးလို ဒူးတစ်ဖက်ကွေး၍ ခြေတစ်ဖက်ဆင်း ထိုင်နေသည်။

သူမျှားတွေထိုင်ဖို့ဖြစ်သည့် အစိမ်းရောင်နှင့်အဖြူစက်တွေရော နေသော ကျောက်ခုံပုလေးပေါ်မှာ စာအုပ်ဖြန့်၍ ဘာတွေသည်းကြီး





ညည်းကြီး ရေးနေမှန်းမသိ။

သူ ကြည့်နေတုန်းမှာ ခေါင်းက တညွှတ်လိုက်၊ စောင်းလိုက် လေးခါ တေဖြစ်သွား၏။ ခဲဖျက်နှင့်ဖျက်လိုက်၊ အမှုန်တွေကို လက်နဲ့ခါထုတ် တာရော၊ ပါးစပ်နဲ့မှုတ်ထုတ်တာရော စုံအောင်လုပ်၍ ပြန်ရေး၊ ပြန်ကြည့်။

ထိုင်နေပုံနှင့်ရေးမှတ်နေပုံက မူကြိုကလေးတစ်ယောက် စာသင် နေတာနှင့် တူလေသည်။ ဒီမိန်းကလေး ဒီထဲမှာ ဘာလာလုပ်နေတာလဲ၊ ပုံစံအရ ညှို့သည်အဖြစ်နှင့် ခြံထဲမှာ လမ်းဆင်းလျှောက်တာမဖြစ်နိုင်။

လေရှူး ဆိုတဲ့အတိုင်း ဟိုမှာတွေ့၊ ဒီမှာတွေ့၊ ရောက်ချင်ရာ ရောက်နေပါလား။ ဆင်းဖို့မဆုံးဖြတ်ရသေးဘဲ ခြေထောက်တွေက နှစ် ထပ်စလုံးချပြီး ဖြစ်သွားသည်။

တစ်လှမ်းချင်းလျှောက်သွားကြည့်တော့ ကိုယ် သူမနောက်မှာ ရောက်နေတာကို သိပုံမပေါ်။ သူ ငုံ့ကြည့်လိုက်မိသည်။ စာရွက်ပေါ် မှာ စာရေးနေတာမဟုတ်ပေ။ ပြီးတော့ လေးကြောင်းမျဉ်းစာအုပ် သည်း မဟုတ်၊ ကကြီးခကွေး ရေးတာမဟုတ်တော့ သေချာသွားသည်။ ငုံ့ဆွဲစာရွက်ဖြူဖြူပေါ်မှာ ဘာပုံတွေ ဆွဲထားမှန်းမသိပေ။

"ဟင် ..."

ဘယ်လိုအငွေ့အသက်ကို ခံစားမိပြီး သိသွားသည်မသိဘဲ လေရှူး ချာခနဲ မော့ကြည့်၏။ ခဲသားဘောပင်နှင့်စာရွက်ကို ဆိုးဆိုးဆတ်ဆတ် ရောညှပ်ကိုင်လိုက်ပြီး ချက်ချင်းထရပ်သည်။

"ခင်ဗျား ..."

သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး သူမကလည်း တအံ့တသြနှင့်။

"ဒီကို ခင်ဗျား ဘာလာလုပ်တာလဲ"

"ကိုယ် ..."

အုပ်စိုး က ခါးထောက်၍ ပခုံးတွန့်သည်။ ပတ်ဝန်းကျင်ကို ငေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီးမှ ...

"မင်းကို ကမ္ဘာပတ်ရှာနေတယ်လို့ ထင်လား"

"ထင်စရာလား၊ ခင်ဗျားနဲ့လေရှူး ဘာဆိုင်လို့လဲ"

"မင်းကရော၊ ဒီမှာ ဘာလုပ်နေတာလဲ"

"ဘာလုပ်လုပ်ပေါ့"

လေရှူး က ထုံးစံအတိုင်း ဂျစ်ကန်ကန်ပြန်ကြည့်၏။ အုပ်စီး က မဲ့ကြည့်ပြီး ရယ်သည်။

"တော်တော်အထင်သေးဖို့ကောင်းတဲ့မိန်းမပဲ"

သူ့ကိုယ်သူ တစ်ယောက်ပြောနေသလို ရယ်လို့မပြီးနိုင်ဘဲ ...

"ဒါပေမယ့် မင်းက စိတ်ဝင်စားဖို့ကောင်းနေတော့ ခဏခဏ သတိရနေတယ်၊ မင်းကို ဘယ်ကလာပြီး ဘယ်ကိုပျောက်ပျောက်သွား မှန်း မသိတော့ လေရှူး ဆိုတာ မင်းနဲ့လိုက်တယ်၊ အဲဒီသရုပ်အတိုင်းပဲ"

"သူများဘာသာ ဘယ်သရုပ်ပေါ်နေနေ ခင်ဗျားနဲ့မဆိုင်ပါဘူး ဝေဖန်မနေစမ်းပါနဲ့၊ ဒီကိုဘာလာလုပ်တာလဲ၊ အဲဒါပဲဖြေ ..."

"အား .... မာလှချည်လား"

ကြောက်ရွံ့ဟန်နှင့် ပခုံးတွန့်လိုက်သေးသည်။ ပြီးတော့ လေရှူး ကို မထိတထိကြည့်ကာ ...

"ကိုယ်က ညှို့သည်မဟုတ်ဘူး။ အဲဒီမေးခွန်း မင်းကဖြေရမှာ"

"ဟင် ..."

လေရှူး က လျှင်ပြီးသားပါ။ အိမ်ပေါ်မှာ ညှို့သည်မပြန်သေးဘေး ထိုအမျိုးသမီးကြီးက ဒေါ်သဖင်တို့၏ဆွေမျိုးဟု သိထားသောကြောင့် 'တော်ကြာ အိမ်ကလာကြိုမှာ' ဟုလည်း ပြောသံကြားခဲ့ရသည်။

ထိုစကားအရ ဒီအိမ်နဲ့ သူတို့ရင်းနှီးစွာ ပတ်သက်နေလိမ့်မည် လင်းအုပ်စီး ဟာ ဒရိုင်ဘာတော့ မဖြစ်တန်ရာ၊ ဒါဆို ဟိုအမျိုးသမီးကြီး





နဲ့သူက သားအမိလား၊ မစပ်စုနဲ့တော့ လေရှူး နှင့်ဘက်လှည့်လာတော့မယ်။

ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်လာ၏။ မျက်လုံးတို့က ဘေးဘီကို ဝေ့ခနဲ ရောက်ကာ လေရှူး လှည့်ထွက်လာခဲ့၏။

"သိတယ်၊ မင်း အဲဒီလိုလုပ်မှာကို ..."

"အို ... လွှတ်၊ ဘာလို့လက်ကို ဆွဲတာလဲ"

"မင်းကရော၊ ထွက်ပြေးတာကို တော်တော်ဝါသနာပါသလား"

"ဘာထွက်ပြေးတာလဲ၊ ကိုယ့်ကို ခေါ်ချင်မှန်းမသိ၊ မခေါ်ချင်မှန်း မသိ ခင်ဗျားက မျက်နှာပြောင်နေတာ၊ နောက်ကို ဘယ်တော့မှ လိုက်မခေါ်နဲ့၊ ဖယ်နော်"

"ရယ်စရာကြီးပါလား၊ ကိုယ့်ကို မျက်နှာပြောင်တယ်ပြောတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ နောက် လိုက်ခေါ်တော့ရော ဘာဖြစ် သွားနိုင်သလဲ၊ ခေါ်ရုံမကဘူး၊ ဆွဲရဲလို့ အခုဆွဲထားတာလေ"

သူ့ကို တိုက်ခိုက်လို့မလွယ်မှန်း လေရှူး သိသည်။ လက်မောင်းကို အတင်းဖိဆုပ်ဆွဲထားသဖြင့် ရုန်းလို့ ဘယ်လိုမှမရဘဲဖြစ်နေစဉ် ...

"သား ... အုပ်စီး၊ လွှတ်လိုက်စမ်း၊ အဲဒါဘာဖြစ်နေတာလဲ"

ရုန်းရင်းဆန်ခတ်တွေဖြစ်နေတုန်းမှာ ဒေါ်သဖင်နဲ့ဒေါ်မြတ်နိုးတို့ အသံပေးရင်း ရောက်လာကြသည်။ နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်၍ မတ်မတ်ရပ်နေလိုက်ကြ၏။

"ဘာဖြစ်နေကြတာလဲ၊ သားက သူ့ကိုသိလို့လား"

ဒေါ်မြတ်နိုးက 'သူ့ကို' လို့ ကြည့်မေးလိုက်သည့် မျက်လုံးတစ်ချက်နှင့် အထင်မြင်သေးခြင်းတို့ကို သိသာအောင် ပြသွားသည်။

"သိတယ် အန်တီမြတ်၊ ကျွန်တော်နဲ့ခင်တယ်၊ ဒီမှာရောက်နေတာ အံ့သြသွားလို့ အဲဒါမေးနေတာ"

သူက ခပ်တည်တည်ပဲ ဖြေသည်။ ဒေါ်သဖင်က အုပ်စီးနဲ့လေရှူး



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ရှုပ်ထွေးသော မျက်လုံးများနှင့်ကြည့်ကာ ...

"သူက အန်တီတို့ရဲ့ ဧည့်သည်ပါကွာ၊ ကိစ္စလေးရှိလို့ လာနေတာလေ၊ လေရှူး သွားတော့"

လေရှူး ထွက်သွားသည့်ဆီ မျက်ခုံးနှစ်ဖက်ကုပ်၍ လိုက်ငေးနေသည့် အုပ်စိုး ကို ဒေါ်သဇင်က စူးစမ်းသည့်မျက်လုံးများနှင့် အကဲခတ်နေ၏။

ဒေါ်မြတ်နိုးကတော့ မကြည်လင်ပါ။ ပြောလည်းရမှာမဟုတ်တာကိုသိနေသဖြင့် ဒီလောက်နဲ့ပဲ ရပ်လိုက်ရသည်။

လေရှူး ဆိုတာ အခြေအမြစ်ရှိတာမဟုတ် ...။





## အခန်း (၂၀)

"ဘဝရဲ့အခြေအမြစ်ဆိုတာ စည်းစိမ်ဥစ္စာနဲ့မဆိုင်ဘူး၊ မိဘအသိုင်းအဝိုင်းနဲ့လဲ မဆိုင်ဘူး။ ကိုယ့်ခြေထောက်ပေါ်မှာပဲ ရှိတာ၊ အဲဒါ မင်းသိရဲ့လား အုပ်စိုး"

အပြင်ထွက်နေလျှင် နားအေးသည်။ အိမ်ထဲဝင်တာနှင့် မပြောပေမယ့် မိထွေးက မျက်လုံးတဝင်းဝင်းနှင့် လိုက်ကြည့်သည်။ ဖေဖေက မျက်နှာချင်းဆိုင်တာနှင့် ဆူ၏။ ငြိမ်နေပြန်တော့ ပြန်မပြောနားမထောင် တဲ့။ ဒီလိုဒီအကြောင်း ပြန်ပြောတော့လည်း မိဘကို တစ်ခွန်းမှမခံဘူးလို့ ဆိုပြန်သည်။

ဘာမှလုပ်လို့မရသဖြင့် သားရေလက်ပတ်တွေကို ဇစ်တွေဆွဲဖြုတ်ပြီး တစ်ဖက်ပြီးတစ်ဖက် ချွတ်သည်။ ချွတ်ပြီးတိုင်း စားပွဲပေါ်ကို အသံမြည်အောင် ရိုက်ချပြီးမှ တင်၏။ ဦးအောင်လင်းက စိုက်ကြည့်ထားပေမယ့် ဒါကို လျစ်လျူရှုထားလိုက်သည်။

www.burmeseclassic.com



"မင်းမှာ မိဘက ပြည့်စုံနေတာပဲရှိတယ်၊ ကိုယ်တိုင် တက်လမ်းအတွက် ကြိုးစားတာ ဘာရှိသလဲ၊ မိဘပစ္စည်းကို သားသမီးသုံးစွဲတာ သဘာဝကျပေမယ့် ဖြုန်းတီးတာ မကောင်းဘူး"

"ကျွန်တော် ဂဲရိုက်၊ အရက်သောက်နေလို့လား အဖေ၊ ကျွန်တော့်ကြောင့် အချုပ်ထဲ၊ ရုံးထဲ ဖေဖေ ဘယ်နှစ်ခါလိုက်ခဲ့ရလို့လဲ"

"ဟေ့ … 'သဒ္ဓါဖြူ' စံအိမ်မှာ အဲဒီလောက် ကျက်သရေယုတ်တဲ့လူ ဘယ်တုန်းကမှ မရှိဘူး၊ ငါလက်ထက်ကျမှ ရှိလို့ရမလား၊ ဒါက်ကပ်သပ်ပြီး မင်းဂုဏ်ယူမနေနဲ့၊ အပေါင်းအသင်းတွေနဲ့ သွားလာပျော်ပါးတာ၊ မိန်းကလေးတွေနဲ့ရှုပ်တာ၊ ဒါတွေမှာ မင်းထင်တိုင်း သုံးဖြုန်းနေတာ နည်းသလား၊ အခု မင်းမှာ နာမည်ဆိုးထွက်နေပြီ"

"ဘယ်သူပေးတဲ့နာမည်လဲ ဖေဖေ၊ ဒီအိမ်ထဲမှာပဲ ကင်ပွန်းတပ်လိုက်ကြတာမို့လား"

စားပွဲတင်ပန်းအိုးလေးကိုင်ပြီး ဧည့်ခန်းထဲဝင်လာသည့် ဒေါ်မြတ်နိုး၏ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။ မျက်မှောင်ကုပ်၍လှမ်းကြည့်လိုက်သော အုပ်စိုး ၏မျက်လုံးများနှင့် မသက်မသာဆုံမိလိုက်တော့ ကိုယ်ပဲ မျက်နှာလွှဲပစ်လိုက်ရသည်။

"ယောကျ်ားစကားပြောစမ်း အုပ်စိုး၊ ကိုယ့်အဖြစ်ပေါ် မှာစိုးလို့လျှောက်ပတ်ရမ်းတာ ယောကျ်ားကောင်းမဟုတ်ဘူး၊ အခုရော၊ မင်းပဲခူးက ပြန်လာတာမို့လား"

အုပ်စိုး နှုတ်ခမ်းစေ့လျက် မျက်နှာကို လည်ပင်းကျိုးမတတ် လွှဲထား၏။

"ရန်ကုန်မှာ ဆိုင်ကယ်စီးခွင့်မရပေမယ့် ပဲခူးမှာ မင်းစိတ်ကြပေါက်တိုင်း လျှောက်လိမ့်နေတယ်၊ ငါ့ဝယ်ထားသမျှ တိုက်တွေ ဘယ်တိုက်မှ အသက်စက်စက်ဆိုတာ မရှိဘူး၊ ကြည့်လိုက်ရင် မင်းထင်သလို





နေထိုင်သွားတာတွေ"

"နှစ်ရက်သုံးရက် အိပ်တယ်၊ နေ့ဘက်မှာ ဆိုင်ကယ်နဲ့ပတ်နေတာ၊ ဖေဖေ့အိမ် ဘာတွေညစ်နွမ်းကျန်ခဲ့လို့လဲ"

"မင်း ဘာမှပြန်မမေးနဲ့ အုပ်စိုး၊ ညီအစ်ကိုတော်ပြီးတော့ ကျားလေးနဲ့မင်း ဘာဆိုင်သလဲ"

ဆိုင်စရာလား …။ မင်းယောကျ်ားနဲ့ လင်းအုပ်စိုးပဲ၊ သူကသူ၊ ကျွန်တော်က ကျွန်တော်။

အသံမထွက်ဘဲ ပက်ခနဲ ပြန်ပြောလိုက်မိသည့် အသံတိတ်စကားများကြောင့် နှုတ်ခမ်းထောင့်မှာ မဲ့ခနဲ ရွဲ့ခနဲ ဖြစ်သွားသည်။

"ဟိုက မိဘမဲ့၊ မင်းမှာ အဖေရှိသေးတယ်၊ ဟိုမှာ သူများမွေးလို့ကြီးပြင်းခဲ့ရတာ၊ မင်းမှာ စည်းစိမ်ဥစ္စာ အခြေအရံနဲ့"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်"

စကားနဲ့မမေးရဲပေမယ့် မျက်လုံးနဲ့ပင့်ကြည့်၍ အုပ်စိုး က တုံ့ပြန်သည်။ ကိုယ့်သား ဘယ်လိုနာခံတာ၊ ဘယ်လိုထောင့်မကျိုးတာ၊ အားလုံးကို သိထားသဖြင့် ဦးအောင်လင်းက စကားပြောပြီဆို လင်းအုပ်စိုး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးထဲမှာ အာရုံမရှိရအောင် နေ၏။

တကယ်ဆို ဒေါ်သဇင်တို့ညီအစ်မက အထည်ကြီးပျက်ဘဝရောက်သွားခဲ့ပြီး ဦးအောင်လင်းတို့က ဆက်လက်တိုးတက်လာခဲ့ကြတာဖြစ်သည်။

ဒေါ်သဇင်က အစ်မဆုံးသွားတော့ တူလေးတစ်ယောက်နှင့် ဒုက္ခများနေတုန်း ဦးမင်းညိုက လက်ထပ်ယူခဲ့တာဖြစ်သည်။ ဦးမင်းညိုတို့တလည်း မချမ်းသာပါ။ ဒါပေမယ့် ဦးလေးတော်သည့် ဦးစက်ရှင်အရှိန်အဝါရှိသည်။ ဒေါ်သဇင့်ဘက်က ဆွေမျိုးဖြစ်သည့် ဦးအောင်လင်းသလည်း ကူညီသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် မပူမပင် ပြည့်ပြည့်စုံစုံလေးတော့ နေနိုင်ခဲ့ကြသည်၊ နောက်တော့မှ ဦးစက်ရှင်က ခေါ် လိုက်သဖြင့် မိသားတစ်စုလုံး 'မနော‌မြတ်' စံအိမ်၏ မိသားစုဝင်တွေ ဖြစ်သွားခဲ့ကြသည်။

ဒါလည်း ကံတရားပဲထင်သည်။ ဒေါ်သဇင်ရော၊ ကျားလေးရော ကံကောင်းသွားခဲ့ခြင်းဖြစ်၏။ ဘာပဲဖြစ်ဖြစ် ကျားလေးဆိုတဲ့ကလေးဟာ ဟိုအရင် သူ့အဒေါ် လက်ထဲမှာပဲ ရှိတုန်းကရော၊ ဦးစက်ရှင်လက်ထဲ ရောက်သွားသည့်နောက်မှာရော၊ လိမ္မာထက်မြက်သည့် လမ်းကြောင်းနဲ့ပဲ ဖြောင့်တန်းစွာ သွားခဲ့သည်။

စိတ်ဓာတ်၊ စာရိတ္တ၊ ပညာအရည်အချင်း ဘယ်နေရာမှာမှ ပြောစရာမရှိ။ ဘဝနာခဲ့လို့ ဟု ပြောရအောင်က စံပယ်ပန်းရောင်းရ၊ ဂျာနယ်ရောင်းရနှင့် ရုပ်ရှင်ထဲမှာ ကလေးတွေရုန်းကန်ခဲ့ကြရသည့် ဘဝမျိုးထိလည်း မဆင်းရဲခဲ့ပေ။

တိုက်ကြီးထဲမှာပဲ အထည်ကြီးပျက်၊ မိဘမဲ့ဘဝရောက်ခဲ့သည့်နောက်ထပ် 'မနောမြတ်' ကို ရောက်သွားခဲ့သည်။ အရွယ်ငယ်ငယ်နှင့်ရုန်းကန်ရင်း ဘဝကို ခါးသီးခဲ့ရတာရှိလို့လား။ မိဘမဲ့ခဲ့လို့ ကြေကွဲတယ် ပြောရအောင်လည်း ဒေါ်သဇင်က ဒီတူကလေးကို မအေလိုလည်း တယုတယပိုက်ထွေးမွေးမြူခဲ့တာ အားလုံးအသိ။

မဆိုင်ဘူးထင်ပါသည်။ ကျားလေးက ပါရမီထူးနှင့်တော်သည့်ကလေးဖြစ်သည်။ ဒီလိုသားမျိုးဖြစ်စေချင်ပေမယ့် အုပ်စီး တို့ကျတော့ ဘဝကို အစကတည်းက လေဟုန်စီး၍ စလာခဲ့၏။ မမိုက်ဘူးဆိုပေမယ့် မလိမ္မာ၊ ပြန်လှန်ခံမအော်သော်လည်း ပြောမကောင်း ဆိုမကောင်း

ဖြစ်စဉ်တစ်လျှောက်လုံးကိုတွေးမိပြီး ဦးအောင်လင်း ခေါင်းတယ်ယမ်းယမ်းဖြစ်သွားခဲ့သည်။ ကိုယ်ဘာပဲပြောနေ၊ ဆိုနေလည်း မျက်နှာသွင်ပြင်အနေအထားမှာ ရိုကျိုးနာခံနေတာမှမဟုတ်ဘဲ။ ဒါပေမယ့် –





"အုပ်စီး၊ မင်းကို အဖေ တစ်ခုပဲမေးတော့မယ်"

ပြောပြီး အုပ်စီး မော့ကြည့်လာတာကို စောင့်နေလိုက်၏။ အထွေးသဖြင့် သူ့ကိုဆူပြီဆို မတ်တတ်ကနေ လက်ညှိုးထိုးဆူတာကို မကြိုက်တတ်သည့် အုပ်စီး ကလည်း တော်တော်နှင့် မော့မကြည့်ပေ။

"ငါပြောနေတာ ကြားလား အုပ်စီး"

ထပ်မေးမှ မျက်လွှာပင့်ကြည့်သည်။ ဒီအမှုအရာတွေ ဖြစ်ကုန်ခဲ့တာ မြတ် ကို သူလက်ထပ်လိုက်ကတည်းကပင်။

မြတ် က သူ့အမေရဲ့ညီမဆိုပေမယ့် ဝန်ထမ်းအိမ်ရာမှာ သပ်သပ်နေခဲ့သည့် သူနာပြုဆရာမလေးဖြစ်သည်။ အစ်မဖြစ်သူ နာမကျန်းဖြစ်နေကာမှ အိမ်မှာလာနေပြီး ပြုစုခဲ့တာဖြစ်သည်။ ထို့ကြောင့် အဒေါ်က အဒေါ်ပဲဖြစ်ပေမယ့် အုပ်စီးနဲ့မြတ်က မရင်းနှီးခဲ့ပေ။

နောက်တော့ မိခင်မဲ့သွားသည့်သားကို ဒီ့ထက်ပျက်စီးသွားမှာလည်းစိုးကာ မိတ်ဆွေအသိုင်းအဝိုင်းအားလုံးကလည်း တိုက်တွန်း‌ကြသဖြင့် သားအမေဆုံးပြီး နှစ်နှစ်ကြာတော့ မြတ် ကို လက်ထပ်ခဲ့၏။

ထိုစဉ်က အုပ်စီး က ဆယ်တန်းဖြေပြီးပြီဖြစ်သည်။

"အမေမရှိတော့ ဘာဖြစ်မှာမို့လို့လဲ၊ နောက်ထပ်မိန်းမလိုချင်ရင် လိုချင်တယ်ပေါ့ ဖေဖေရာ၊ ဒါတွေ ရိုးနေပါပြီ၊ ကျွန်တော်ကတော့ ရှင်းရှင်းပဲ၊ သား ပျက်စီးမှာစိုးလို့ ဆိုတဲ့ ဖေဖေတပ်တဲ့ခေါင်းစဉ်ကို မမှန်ကန်ကြောင်း သက်သေပြချက်ထုတ်ရမှာပဲ၊ လင်းအုပ်စီး ဘယ်တော့မှ မလိမ္မာဘူး၊ အဲဒါ ဆုံးဖြတ်ချက်"

သားက မိုက်ရိုင်းသည်။ သူကလည်း လက်သီးတစ်လုံး ပစ်ကျွေးခဲ့၏။ နောက်ထပ် လက်ထပ်ပြီးခဲ့သောညမှာ ဤသို့သောပဋိပက္ခတွေဖြစ်ခဲ့ရပြီး ရေ့ဆက်ဒီတိုင်းပဲ ဆက်လျှောက်ခဲ့သည့် အုပ်စီး ကို သူပဲပြန်လျှော့ပေးထားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ် ကလီး အုပ်စီး ဘယ်လိုပဲတုံ့ပြန်တိုက်ခိုက်နေနေ၊ သူ့စိမ်းရှုတွမဟုတ်ကြသည်မို့ သည်းခံခွင့်လွှတ်ရှာသည်။ ဒီကောင် ဘာများကောင်းတာရှိလို့လဲ။

"ဖေဖေ ပြောလေ၊ မရှိတော့ရင် ကျွန်တော် ဖုန်းချိန်းထားတာရှိလို့"

ပြော၍ အုပ်စီး က ထရပ်လိုက်သည်။ ဦးအောင်လင်း စိတ်တွေ ဒီဘက်သို့ ပြန်ရောက်လာကာ ...

"ငါ့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေရယ်၊ ဟိုတယ်လုပ်ငန်းရယ် တစ်ခုကို မင်းဦးစီးဖို့ စဉ်းစားပါ၊ ပြောချင်တာ အဲဒါပဲ၊ တစ်ခုခုမှာ မင်းဝင်မပါရင် ငါလဲ ဒုက္ခများမယ်၊ မင်းလဲ လွှင့်ချင်တိုင်းလွှင့်ပြီး ကြာရင်မလွယ်ဘူး"

"ဦးစီးလိုက်တာက အခု ခေါင်းညိတ်ပြီး သွားတိုင်လဲ ကျွန်တော်က ပိုင်ရှင်ပဲ ဖေဖေ၊ ဦးစီးဖြစ်သွားဖို့ မခက်ပါဘူး၊ ဖေဖေ ယုံကြည်တယ်ဆိုရင် ရတယ်၊ လုပ်ငန်းတိုးတက်ဖို့၊ ဆုတ်ယုတ်ဖို့က ကံတရားပေါ့"

"ဘာကွ ...."

ဦးအောင်လင်း ဒေါသတကြီး ထအော်သည်။

"မင်းဘယ်လိုပြောလိုက်တယ် အုပ်စီး၊ ဒီလောက်ထိ မိဘကို ပမာမခန့်ပြောရဲနေသလား"

"မဟုတ်ဘူးလေ၊ ကျွန်တော်မှ လုပ်ငန်းသဘော ဘာမှမသိသေးတာ"

"အဲဒါကိုသိအောင် ကြိုးစားရမှာ၊ မင်းကို ခုသွားထိုင်၊ ခုသွားလုပ်လို့ ငါ ပြောခဲ့လို့လား၊ သူဌေးသားဖြစ်နေတာကို ဂုဏ်ယူမနေနဲ့ အုပ်စီး၊ သူဌေးဖြစ်မှ အဲဒါ မင်းနေရာဖြစ်မှာ"

"ကျွန်တော်က သူဌေးသားပဲဖြစ်ချင်တာ၊ တော်ကြာ ခြေရာတိုင်းတယ်ဖြစ်မှာစိုးလို့"

"ကြည့်စမ်း ...တောက် ..."





ဦးအောင်လင်း လက်သီးဆုပ်ကြီးကို နောက်ရောက်အောင် လွှဲချိန်ပြီး ရှေ့ကိုတိုး၏။ အုပ်စီး နေရာမှ တုတ်တုတ်မျှမလှုပ်ပါ။

"အစ်ကို ... အစ်ကို မလုပ်ပါနဲ့၊ အဲဒီလိုမလုပ်ပါနဲ့၊ မြတ် တောင်းပန်ပါတယ်"

ဒေါ်မြတ်နိုး ပြေးလာပြီး ဦးအောင်လင်းကို ဝင်ဆွဲသည်။ အုပ်စီး ထမဲ့ပြီး မျက်နှာလွှဲပစ်သည်။

ဒီလိုပဲ ရှေ့မှာသိပ်ရှိမနေတတ်ဘဲ ပြဿနာတက်ပြီဆို ဘယ်ကနေဘယ်လို ပြေးပြေးလာမှန်းမသိ။ စောစောက ပန်းအိုးချပြီး ပြန်ထွက်သွားသည်။ ဒီကနေသွားပြီး ဘယ်ချောင်မှာ ကပ်နေသလဲ၊ ဘာဖြစ်လို့ချောင်းနားထောင်နေသလဲ၊ ဟွန်း ...။

ဆူနေ ရိုက်နေလျှင် ထွက်သွားတာမကြိုက်သည့် ဦးအောင်လင်းစိတ်ကိုသိထားသောကြောင့် အုပ်စီး အပိုးမကျိုးသောမျက်နှာနှင့် ဆိုဖာမှာ ပစ်စလက်ခတ် ပြန်ထိုင်သည်။ ကျောမှီရာမှာ ခပ်ဆောင့်ဆောင့်မှီလိုက်ပြီး ရှုံ့တွတွမျက်နှာက မမြင်ချင်သလို တစ်ဖက်လှဲ့လျက်။

အဲဒါ လင်းအုပ်စီး ပဲ ဖြစ်လေသည်။

❂ ✿ ❂



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

ရေချိုးအကျႌလဲပြီး ဘိုးဘိုးအခန်းကိုလာခဲ့စဉ် ဆံပင်အဖျားတွေမှာ ရေစိုလက်စရှိသေးသဖြင့် လက်တစ်ဖက်နှင့် ခါထုတ်ပစ်မိသည်။ ခြေလှမ်းတွေက အခန်းဝသို့ရောက်တော့ ...

"ဘာဖြစ်လို့လဲ မြေးရယ်၊ မြေးက အသက်ငယ်သေးပေမယ့် ဘိုးဘိုးက သေခါနီးပြီ၊ ဘိုးဘိုး မသေခင် မြေးကို စိတ်ချထားခဲ့ချင်တာ"

"စိတ်ချပါ ဘိုးဘိုးရဲ့၊ ဘိုးဘိုးဖြစ်စေချင်တဲ့အတိုင်း ကိုလေးနဲ့ပဲ လေရှူး လက်ထပ်မှာပါ၊ တခြားတစ်ယောက်ယောက်နဲ့ နီးစပ်မှာ၊ ပါသွားမှာလဲ မပူနဲ့၊ လေရှူး က ပညာပဲလိုချင်တာ၊ ဘာမှကို စိတ်မဝင်စားဘူး"

"နောက်တော့ ဝင်စားလာရင်ရော"

"လုံးဝစိတ်မဝင်စားဘူး၊ ဘိုးဘိုးနဲ့အတူတူနေပြီး ပြုစုခွင့်ရတာမှ မကြာသေးဘူး၊ လေရှူး အိမ်ထောင်သည်ကြီးမဖြစ်ချင်ပါဘူး"





ကျားလေး ရှေ့နည်းနည်းတိုး၍ ခန်းဆီးစကို သာသာလေး ဖယ်ကြည့်လိုက်မိသည်။ အိပ်ခန်းထဲမှာ စားပွဲတွေ၊ အဝိုပစ္စည်းတွေကို ဘေးမှာကပ်ထားလျက် ခေါင်းရင်းပြတင်းကနေ ဒီဘက်ထိ လေရှူးက ဘိုးဘိုးကိုတွဲပေးပြီး လမ်းလျှောက်ကျင့်ပေးနေတာဖြစ်သည်။

လူမမာကြီးဖြစ်နေခဲ့တာကြာတော့ ဘိုးဘိုးမျာ ဒုက်ွတာတစ်ယောက်လို ဖြစ်ခဲ့ရှာသည်။ ခုကျမှ အဆင်ပြေပြေပျော်ရွှင်နေသဖြင့် မြင်ကွင်းက အေးချမ်းနေ၏။ လေရှူး က ဘိုးဘိုး၏ညာဘက်လက်မောင်းကို ထမ်းကာ ခါးကိုလည်း ဖက်ထားသေးသည်။ စကားပြောတာ၊ ခိုးခိုးခစ်ခစ် ရယ်နေတာကအစ ကလေးနဲ့လည်း တူသည်။ တကယ့်မြေးက ဘိုးအေကို နှဲ့ဆိုးဆိုးနေတာနှင့် ပိုတူ၏။

"မြေးကို ဘိုးဘိုးပြောချင်တာရှိသေးတယ်၊ ဆံပင်ရှည်တာလေးက ကျက်သရေရှိပေမယ့် ဘောင်းဘီတိုတို၊ ရှည်ရှည်တွေနဲ့ ကြည့်မကောင်းပါဘူးကွယ်၊ ထဘီကလေးဝတ်ပြီး မိန်းကလေးပီပီသသ ဘိုးဘိုး မြင်ချင်တယ်"

"အယ် ... အဲဒါ ဒုက္ခပဲ"

"ဟော ... ဘာဖြစ်လို့လဲ"

"ဟိုလေ ... ဘိုးဘိုးရဲ့၊ လေရှူး က ထဘီလုံးဝမဝတ်တတ်ဘူး"

"ဩော် ... မဝတ်တတ်တာက မဝတ်လို့ပါ၊ ဝတ်ကြည့်ရင် တတ်မှာပေါ့၊ မိန်းကလေးဆိုတာ အလှပြင်ဖို့၊ ထမင်းချက်ဖို့ အထူးသင်ကြရတာမှမဟုတ်တာ"

"ဘိုးဘိုးကလဲ၊ ထဘီကြီးနဲ့ မလှဘဲနဲ့"

"လှပါဘိကော မြေးရယ်၊ မြေးမေမေရဲ့အခန်းထဲမှာ ထဘီတွေ၊ အကျႌတွေ အများကြီးပဲ၊ တစ်ခါမှ ဝတ်မကြည့်ဘူးလား"

ဝတ်လို့ရမလား ...၊ သူနဲ့ ဘာဆိုင်လို့လဲ။ ဆက်နားမထောင်တော့ဘဲ ကျားလေး လှည့်ထွက်လာခဲ့သည်။ ဒါ ဒေါ်မေမြတ်ရှင်ပဲ လို့ ခါတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပြတဲ့နေ့က အခန်းတံခါးဖွင့်ထားလို့ သူမ လည်ပင်းလေးရှည်ကြည့်သည်။

အန်တီမြတ်ရှင် အခန်းဆိုတာ တံခါးဝကနေ မြင်ဖူးရုံပဲပြခဲ့တာ၊ ခုတင်ပုံကိုလည်း ဘိုးဘိုးပြောလို့ပဲ ပေးပြခဲ့တာဖြစ်သည်။

ပြောပြလိုက်ချင်သေးသည်။ ဒီကောင်မလေး လုံးဝအကျင့်မကောင်းတာတွေ .........။

❂ ✿ ❂





## အခန်း (၂၂)

"ဘယ်သွားမလို့လဲ"

နောက်ကမေးသံကြောင့် လေရှူး ဖျတ်ခနဲ လှည့်ကြည့်မိ၏။ ဒေါ်သဇင်က လှေကားထစ်ကို ဆုံးအောင်ဆင်းမလာသေးဘဲ လက်ရမ်းကိုကိုင်၍ ရပ်ကြည့်နေသည်။

"လေရှူး အပြင်သွားစရာရှိလို့ပါ။ ဘိုးဘိုး ရေချိုးပြီးအိပ်နေပါပြီ"

"သွားတာက သွားလေ၊ ပြောဆိုသွားပေါ့"

ဒေါ်သဇင်က လှေကားပေါ်ကနေ တစ်ထစ်ချင်း ဆင်းလာလျက် မျက်လုံးတွေက လေရှူး ထံမှာပဲ စူးစိုက်နေ၏။ နီပြာရောင် နောက်ကွဲ ကောတ်အကျပ်နှင့် ပိုးပျော့သားလက်ပြတ် လည်ဟိုက်လေးက ကိုယ်လုံးကို ဆွဲကျစ်ပြထားသလိုဖြစ်နေသဖြင့် မျက်လုံးထဲမှာ ရိုင်းနေသည်။

ပြောဖို့ကျတော့လည်း မပေါ့တပေါ်ဖြစ်နေတာမဟုတ်၊ ခြေသလုံးဝင်းဝင်းကလေးနှင့် ဖြူနုဝင်းထိန်နေသည့် ရင်ဘတ်က ထင်းနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာဝတ်ဝတ် လေရှူး ကိုယ်ပေါ်မှာဆို ပိုပြီးပေါ်သည်။

ဖန်စီတွေဝတ်တာ ဝါသနာပါသော ကိုယ်မှာလည်း အဝတ်အစား နှင့်လိုက်ဖက်သော လက်ကောက်တွေ၊ ဆွဲကြိုးတွေ အမြဲရှိနေတတ်၏။

အရပ်လည်း မြင့်သည်။ အဆီပိုလုံးဝမရှိသော ခါး၊ တင်၊ ရင် အားလုံး ဘာမှပြောစရာမရှိသဖြင့် လမ်းလျှောက်မြန်တာလေးက လည်း ကြည့်ကောင်းသည်။ ဖိနပ်ဒေါက်နိမ့်လေးတွေ၊ စလစ်ပါလေး တွေ စီးတတ်တာကအစ လေရှူးကို မျက်လုံးဒေါက်ထောက်ကြည့်နေခဲ့ သည့် ဒေါ်သဇင် က သတိထားမိနေခဲ့၏။

အုပ်ထိန်းသူနဲ့ ရင်အုပ်မကွာ နေခဲ့ရတာလည်းမဟုတ်၊ အလွန်လှ ၍ ပြောရဲဆိုရဲလွန်းသော ဒီမိန်းကလေးဟာ သန့်စင်ပါ့မလား ဟုလည်း အကြိမ်ကြိမ်တွေးမိ၏။

ယောကျ်ားလေးတစ်ယောက်ဆီက ငွေကို လိုသလောက် တောင်း ယူရဲတာ နည်းတဲ့သတ္တိလား။ သူမအတွက်စိုးရိမ်တာမဟုတ်ပေမယ့် ကိုယ့်အိမ်ပေါ်မှာ တင်ထားရသည်မို့ သူမ၏နောက်ကြောင်းရာဇဝင်က အရေးကြီးသည်။ မျက်နှာချင်းဆိုင်အထိ သွားလိုက်ပြီးမှ ဒေါ်သဇင်က ခြေလှမ်းကိုရပ်၍ ...

"မင်း ဒီအချိန်တိုင်း တစ်ရက်ခြား သွားနေသလိုပဲ"

"ဟုတ်ပါတယ်၊ သွားခါနီးတိုင်း မျက်စိရှေ့မှာ အန်တီဇင့်ကို မတွေ့ လို့ပါ၊ ဘိုးဘိုးကိုတော့ ကြို့ပြောထားတာပါ"

"မျက်စိရှေ့မှာမရှိလဲ ဒီအိမ်ထဲမှာနေတာပဲ၊ မင်း ရှာပေါ့၊ အိပ်ခန်း ထဲက မထွက်နိုင်တဲ့လူမမာကို ဆွဲမထည့်ပါနဲ့"

လေရှူး မျက်ဝန်းလေးတွေ လက်ခနဲ ဝင့်တက်လာသည်။ အဲဒီလို ဘာမဆိုတုံ့ပြန်ပြောဖို့ ဝန်မလေးတဲ့အကျင့်ကိုပဲ ဒေါ်သဇင် မကြိုက် တာဖြစ်သည်။





"အန်တီဇင့်ကို ရှာချင်ပါတယ်၊ ဒါပေမယ့် ဟိုအခန်းရှေ့မှာရပ်၊ ဒီအခန်းနားကပ်နဲ့ လေရှူး ဖြစ်နေတာကိုသာ တစ်ယောက်ယောက် ကမြင်သွားရင် အပြင်သွားမလို့ အန်တီဇင့်ကိုပြောဖို့ လိုက်ရှာနေတာ ပါဆိုတာ ရယ်စရာကောင်းတဲ့ အကြောင်းပြချက်ဖြစ်ရှိသွားမှာပါ"

ဒေါ်သဇင် ခေါင်းညိတ်မိမတတ်ဖြစ်သွားသည်။ ဒါလည်း ဟုတ် တော့ဟုတ်သည်ဟု စိတ်ထဲက လက်ခံလိုက်မိ၏။

"ဘာသွားလုပ်နေတာလဲ၊ ပြောပြနိုင်မလား"

"ပြောနိုင်ပါတယ်၊ လေရှူး ဒီအလုပ်ကို လက်ခံခဲ့ပြီး ရတဲ့ငွေနဲ့ စီးပွားရေးလုပ်ငန်းလေးတစ်ခု ထူထောင်ထားတယ်"

"ဘယ်လို၊ စီးပွားရေးလုပ်တယ်၊ ဟုတ်လား"

ပါးစပ်ကလည်း မေးသည်။ လေရှူး ကိုလည်း အထူးအဆန်း မျက်လုံးများနှင့် ကြည့်၏။ လေရှူး က ခေါင်းလေးညိတ်၍ လွယ်ထား သည့် ဆလင်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်ကာ ...

"စပ်တူလုပ်တာပါ၊ သူငယ်ချင်းက တိုက်ခန်းနေရာနဲ့ သူကိုယ်တိုင် ပါတယ်၊ လေရှူး ကတော့ ဒီကငွေနဲ့ ပညာပေါ့"

"ဘာပညာလဲ၊ ဘာလုပ်တာလဲ"

လူမှုရေးဆိုတာကို ရုတ်တရက်မေ့သွားကာ မေးလိုက်ပြီးမှ အားနာသွားသည်။ လေရှူး က နှုတ်ခမ်းလေးဖွင့်၍ တစ်ချက်စဉ်းစား သည်။ ပြီးတော့မှ ဆက်ပြော၏။

"လေရှူး က ဖန်စီဒီဇိုင်းတွေ ထွင်တယ်လေ၊ သူငယ်ချင်းက ပုံ ဖော်တယ်"

"ဪ ..."

"အိမ်မှာ ဒီဇိုင်းတွေသေချာဆွဲပြီး အဲဒီမှာ နှစ်ယောက်တိုင်ပင် တယ်၊ အလုပ်လုပ်တယ်၊ ဆိုင်တွေမှာ လိုက်ချိတ်မယ်လေ၊ တိုက်ခန်း

www.burmeseclassic.com



မျက်နှာစာကိုယူပြီး ကိုယ်ပိုင်ဖန်စီရှော့ပ်ဖွင့်ဖို့လဲ ဆုံးဖြတ်ထားကြတယ်"

"ဒါဆို အကောင်အထည်မပေါ်သေးဘူးပေါ့"

"ဟင့်အင်း၊ ခုမှစတာပါ"

"အောင်မြင်မယ်လို့ ယုံလို့လား၊ မင်း ဒီကရတဲ့ငွေတွေကို ပစ်ထည့်ပြီး ဆုံးရှုံးသွားရင် ဒီကထွက်တဲ့အခါ ဘယ်လိုလုပ်မလဲ"

လေရှူး က သွားတွေပေါ်အောင်ရယ်သည်။ ဒါပေမယ့် အသံမထွက်ပါ။ ဒေါ်သဇင့်ကို ခနဲ့ခြင်း၊ ထေ့ငေါ့ခြင်း ဘာမှမပါဘဲ ရိုးရိုးလေးပဲ ပြုံးကြည့်ကာ ...

"လေရှူး မဆင်းရဲဖူးတာမှမဟုတ်ဘဲ အန်တီဇင်၊ နေရောင်ဘယ်အချိန်မှာ အမှုဆုံးလဲဆိုတာကို အားလုံးထက်ပိုသိတယ်"

မှန်းတည့်ချိန်ပဲပေါ့၊ ဒါ မဟုတ်လို့လား ...။ ဒေါ်သဇင့်ရင်ထဲမှာ မေးလိုက်ချင်စိတ်လေးတော့ ဖြစ်သွားခဲ့သေးသည်။ ဒါပေမယ့် စကားကြီးစကားကျယ်တွေ ထပ်ထွက်လာမှာ မလိုချင်သဖြင့် မျိုသိပ်လိုက်ရ၏။

လေရှူး က ဒေါ်သဇင် ဘယ်လိုဖြစ်သွားသည်ကို ဂရုစိုက်မနေပါ။

"ကိုယ်လဲ ဝါသနာပါတယ်၊ ဒီဝါသနာကို ဖြစ်မြောက်ချင်တဲ့ဆန္ဒထဲမှာ ငွေကို စက်ပစ္စည်းကြေးချွတ်တဲ့ ခတ်ဆီ၊ ဒီဇယ်လိုပဲ သဘောထားခဲ့တာ မရင်းနှီးရဲဘူးဆိုတာလဲ တကယ်တော့ ငွေကို တန်ဖိုးထားလွန်းပြီး ဖက်တွယ်ထားချင်ကြလို့ပါ၊ လေရှူး မျက်လုံးထဲမှာ အဲဒီလို မမြင်ဘူး"

ဒေါ်သဇင် နှုတ်ခမ်းစေ့ထားရင်း မျက်ဝန်းတို့ကို တစ်နေရာလွှဲထားခဲ့သည်။ ပြောနေတာက ရင်ထဲကအတိုင်းဟုတ်ရဲ့လား ...။ နားထောင်လို့တော့ ကောင်းပါသည်။ ယုံကြည်ဖို့တော့ လိုသေး၏။

"မင်း အတန်းပညာဘယ်လောက်ထိ သင်ခဲ့ရလဲ"

"ဒါက ပြောတိုင်းရပါတယ် အန်တီဇင်၊ ဘာပြောပြော ယုံကြည်ပေးမယ့်လူကို မညာသင့်သလို ပြောလိုက်တိုင်း ဟုတ်ရဲ့လားလို့ ထင်





နေတဲ့သူကို မှန်တာပြောပြော၊ ကြွားတာဖြစ်ဖြစ် မကောင်းဘူး၊ လေရှူးစာတော့ ကောင်းကောင်းဖတ်တတ်ပါတယ်"

ဒေါ်သတော့ ဖြစ်သွား၏။ သို့သော် အမူအရာမပျက်အောင် ထိန်းလိုက်ရသည်။ သူမက မဟုတ်တာတွေ ပြောနေတာမဟုတ်။

ဆောင်းလေရှူး ကို ဘယ်လိုတွက်ချက်နားလည်ရမှန်း မသိတော့ပါ။

❁ ✿ ❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"မြေး ... အိပ်ချင်သွားအိပ်လေ"

"ရပါတယ် ဘိုးဘိုးရဲ့၊ မအိပ်သေးပါဘူး၊ အစောကြီးပဲရှိသေးတာ"

ခြေဆင်းထားသည့် ဦးစက်ရှင်၏ ညာဘက်ခြေထောက်ဘေးမှာ ကျကျနနထိုင်၍ လေရှူး က နှိပ်ပေးနေသည်။ ထိုစဉ် ကျားလေး ရောက်လာပြီး ...

"ဘိုးဘိုး ခေါ်တယ်ဆို"

"အေး ... ဟုတ်တယ်၊ လူလေး .. အလုပ်ပြီးပြီလား"

"မပြီးသေးပေမယ့် ထားလိုက်လို့ရတာပဲ ဘိုးဘိုးရဲ့၊ ဘာခိုင်းမလို့လဲ"

ဦးစက်ရှင်က ပြုံး၍ ဆင်းထားသည့်ခြေထောက်တစ်ဖက်ကို ဘေးသို့ ခပ်ကျဲကျဲလွှဲပို့ကာ ...

"ဒီဘက်က ဝင်နှိပ်စမ်းကွာ၊ တစ်ဖက်ပြီးမှတစ်ဖက်ဆိုတော့ နှိပ်ရတဲ့လူ မသက်သာဘူး၊ ပြီးတော့ ဘိုးဘိုးအဆင်မပြေလို့"

"ဟုတ်ကဲ့"





စောစောက ပြုံးရယ်ပြီး အမှုအရာလေးတွေစုံအောင် ပြောဆိုနေသည့် လေရှူး မျက်နှာလေး တည်သွား၏။ ကျားလေး ကလည်း ဘိုးဘိုးကိုပြောသည့် မျက်နှာကတစ်မျိုး၊ ဝင်ထိုင်လိုက်တော့ မျက်ခုံးနှစ်ဖက်က ခပ်တွန့်တွန့်။

မျက်စိမှုန်နေတဲ့အရွယ်ပေမယ့် ဦးစက်ရှင်က နှစ်ယောက်၏မျက်နှာတွေကို ကောင်းကောင်းမြင်နေရသည်။ နှုတ်ခမ်းမှာ ခပ်မိန့်မိန့်အပြုံးနှင့် မသိမသာခေါင်းညိတ်၏။ သူသိသည်၊ ဒီကလေးနှစ်ယောက်၏ ဆက်ဆံရေးက ဒီအတိုင်းပဲဆိုတာ အကဲခတ်မိလို့ တမင်တကာ မျက်နှာချင်းဆိုင်ဖြစ်အောင် ခေါ် ခိုင်းလိုက်တာဖြစ်သည်။

"မြေးတို့ရဲ့မင်္ဂလာပွဲကို ဘိုးဘိုးကတော့ အချိန်သိပ်မဆွဲချင်ဘူး၊ ဒီမင်္ဂလာပွဲမှာပဲ အမွေကိစ္စကိုလဲ လုံးဝအပြီးအပြတ်လုပ်ချင်တာ"

ဦးစက်ရှင်က စကားစလာသဖြင့် သူတို့ မျက်လုံးချင်းဆုံသွား၏။

"မြေးရဲ့မွေးစားအဖေက ခရီးသွားနေတယ်ဆိုတာ ဘယ်တော့လောက် ပြန်ရောက်မလဲ"

"မသိဘူး ဘိုးဘိုး၊ အဖေ ပြန်ရောက်ရောက်ချင်း ဒီကိုလာခဲ့ဖို့တော့ မှာခဲ့ပါတယ်"

"ဘယ်သူ့ကိုလဲ၊ မြေးရဲ့အဖေက မြေးကို ဒီလိုပဲထားခဲ့ပြီး သွားတာတဲ့သလား"

"ဟုတ်ကဲ့ .. သွားတာပဲ၊ ဒါပေမယ့် လေရှူး တို့ခြံထဲမှာ အတူတူနေကြတဲ့ အိမ်တစ်အိမ်ရှိတယ်လေ၊ အဲဒီအိမ်ကမိသားစုနဲ့ လေရှူး ကို အပ်ခဲ့တယ်၊ အားလုံးသဘောကောင်းကြပါတယ်"

ဦးစက်ရှင်က သိပ်ဘဝင်ကျပုံမပေါ်ပါ။ မိန်းကလေးတစ်ယောက်တည်းကိုထားခဲ့ပြီး ဒီလိုကြန့်ကြာမယ့်ခရီးကို မသွားသင့်ဟု တွက်မိနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးရဲ့အဖေက ဘာစီးပွားလုပ်တာလဲ"

မမေးခဲ့ဖူးသည့်မေးခွန်းကို မေးလာ၏။ လေရှူး ဘာဖြေရမှန်း မသိပါ။

"သူ့အဖေက ကျပန်းလုပ်တာပဲ ဘိုးဘိုး"

"ဘာလဲ၊ ကျပန်းဆိုတာ ..."

"ဟို ..."

နှိပ်ပေးနေရင်း ကျားလေး၏လက်တွေ ခဏတုံ့သွား၏။ ပြီးမှ ...

"ကျပန်းဆိုတာ လက်သမားတို့၊ ပန်းရံတို့လေ၊ တစ်ခါတလေ တက္ကစီဝင်မောင်းတာမျိုး"

"ဟေ .. လက်သမား၊ ပန်းရံဆိုတာ ပညာတွေပဲ၊ တက္ကစီကလဲ ကားမောင်းတတ်မှ ရတာ၊ မြေးရဲ့အဖေက အစုံလုပ်တတ်တာပဲလား"

ဖြေလိုက်လေ ဆိုသည့်မျက်လုံးနှင့် ကျားလေးက လေရှူး ကို မျက်ခုံးတွန့်ပြသည်။

"ဟုတ် ... ဟုတ်တယ်၊ တတ်တယ် ဘိုးဘိုး။ ဘာမှတော့ တည်တည် တံ့တံ့လုပ်ဖြစ်တာ မရှိပါဘူး၊ ဒါပေမယ့် လေရှူး အရမ်းဆင်းရဲနေတယ် လို့လဲ မရှိခဲ့ဘူး၊ မပြည့်စုံပေမယ့် မကျပ်တည်းခဲ့ရတာမျိုးပေါ့"

"အင်း ... အင်း ..."

"ပြီးတော့ လျှပ်စစ်မီးနဲ့ပတ်သက်တာတွေ၊ တီဗီတို့၊ စလောင်း တို့လဲ ပြင်တတ်တယ်"

"ဟေ ... မဆိုးဘူးပဲ"

ဒါက အမှန်တွေပါ။ မှသားတချို့ပါခဲ့ပေမယ့် မှန်တာတွေကို ပြော ပြနေတာမို့ လေရှူး ပြောနေရင်း အရှိန်ရသွား၏။

"အဲဒါကြောင့်ပါ၊ အလုပ်ပေါ်လာရင် ဘယ်မြို့ဖြစ်ဖြစ် ထလိုက်





သွားတာပဲ၊ လေရှူး ကိုလဲ စိတ်ချလို့နေမှာပေါ့၊ ခြံထဲကမိသားစုကို လေရှူး အဖော်ရအောင်ဆိုပြီး ခြံထဲမှာ တမင်နေခွင့်ပေးခဲ့တာ"

"သြော် ..."

"သူတို့က လေရှူး ကို အလယ်တန်းကျောင်းတက်နေကတည်း က ထိန်းခဲ့တာ ဘိုးဘိုးရဲ့"

"သြော် ... အင်း၊ ဒီလိုလား၊ ဒါဆိုရင် အခု ဒီလူတွေက မြေးကို ဘိုးဘိုး ပြန်ခေါ်သွားတာကိုသိနေပြီပေါ့၊ ကျေနပ်ကြရဲ့လား"

"ဟုတ်ကဲ့၊ ကျေနပ်ပါတယ်"

"မြေးရဲ့ဖေဖေ ရောက်လာရင်ရော၊ အဆင်ပြေပါ့မလား"

"ဟုတ် ...ဟို .. ပြေမှာပါ၊ အဖေကလဲ လေရှူး ကို ဒီ့ထက်ချမ်း ချမ်းသာသာ ထားချင်တာလို့ အမြဲပြောနေတာ၊ ခုလို ကောင်းစားသွား တာကို မကျေနပ်ဖို့တော့ မရှိပါဘူး"

"မြေးကရော၊ ဘိုးဘိုးတို့ဆီမှာ ပျော်ရဲ့လားကွယ့်၊ မြေးရဲ့ဖေဖေ ကို လွမ်းနေလား"

လေရှူး မျက်နှာလေး ညှိုသွားတာကို ကျားလေးက စိုက်ကြည့် နေခဲ့၏။ မေးခွန်းတွေ ဆက်တိုက်မေးသွားတာကို ဒီကောင်မလေး ပြန်ဖြေသွားတာ အမှန်တွေလား။

"ပြောလေ မြေး"

"လွမ်းတော့ လွမ်းတယ်၊ ဒါပေမယ့် ဘိုးဘိုးရဲ့ဘေးမှာ နေရတာ လေရှူး ပျော်ပါတယ်၊ အဖေနဲ့ခွဲနေရပေမယ့် လွမ်းရင် ပြေးကြည့်လို့ ရတာပဲဟာ"

"ဟုတ်ပြီ၊ မြေးရဲ့ဖေဖေကို ကျေနပ်အောင် ဘိုးဘိုးကလဲ ပြော ပေးမှာပါ၊ ကျေးဇူးလဲ ဆပ်ရဦးမယ်၊ မင်္ဂလာကိစ္စအတွက်လဲ သူလာမှပဲ စီစဉ်ဖို့ တွေးမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူလဲ မိဘပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရှင်သည် လေရူး အပေါ်မှာ ဘယ်လောက်ယုံကြည်သလဲ ဆိုရင် မျက်နှာလေးကိုမြင်လိုက်ကတည်းက နောက်ထပ် ဘာကိုမှ မမေးခဲ့တော့ပေ။

"ဒါ ငါ့မြေးလေးပဲ၊ မအေတူသမီးလေး။ ငါ့သမီးလေးကို ပြန်မြင် လိုက်ရသလိုပဲ"

သူ ဝမ်းသာခဲ့သည့်ပီတိတွေကြောင့် တခြားလူတွေလည်း ကြိုတင် ကြံစည်စုဆောင်းထားသမျှ ဘာမှမပြောဖြစ်ကြတော့ပေ။ ကောင်းတော့ ကောင်းပေမယ့် မကောင်းတာရှိသည်။ မေးမှာကို တစ်ခါတည်းမမေး ဘဲ စိတ်ကူးပေါက်မှမေးလိုက်တော့ တိုင်ပင်ထားတာတွေက အဖြေ မညီဘဲ အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်မှာ သေချာ၏။

"နေဦး၊ မြေးကို ဘိုးဘိုးမေးဦးမယ်"

"ရှင် ... မေးလေ ဘိုးဘိုး"

ဦးစက်ရှင် ခေါင်းအုံးတွေဆင့်ပြီး မှီနေရာတနေ့ ခါးမတ်မတ် ပြန် ထိုင်ကာ ....

"မြေး တစ်ရက်ခြားတိုင်း အပြင်သွားဖို့ ဘိုးဘိုးကိုခွင့်တောင်းတာ ဘယ်ကိုသွားတာလဲ"

"ရှင် ..."

"လိုအပ်တာ ဝယ်ခြမ်းဖို့ဆိုရင် ငွေလိုသလောက်ယူပြီး လူလေး ကိုခေါ်လေ၊ လူလေးအားတဲ့နေ့ကျမှ လိုက်ပို့နိုင်းပေါ့၊ ခဏခဏ မသွား နဲ့၊ မိန်းကလေးဆိုတာ လမ်းများရင်မကောင်းဘူး"

ကျားလေး က အောက်မေးဖျားကို တွန့်ရှုံ့ပစ်လိုက်ပြီး ပြုံးသည်။

ပြောချင်သေးတာ၊ ဒီကောင်မလေးကို ကျွန်တော် လမ်းပေါ်က ကောက်လာတာလို့ ....။

❂ ✿ ❂





အခန်း (၂၄)

"ဟိတ် ..."

"အာ ..."

လက်မောင်းကို ဖိဆုပ်ကာ နောက်ကိုဆွဲခေါ်လိုက်သဖြင့် သူ့ လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်လိုက်ပြီးမှ ဖယ်ချလို့လည်းမရဘဲ လေရူး ယက်ကန်ယက်ကန် ပါသွား၏။

"ဘာ .. ဘာလုပ်တာလဲ ... လွှတ် ..."

"ငြိမ်ငြိမ်နေ"

နှစ်ယောက်စလုံး အခန်းတစ်ခုထဲရောက်သွားပြီးမှ ကျားလေး က တံခါးပိတ်လိုက်၏။

မျက်နှာမှာ ဘာမှမရှိပေမယ့် နှုတ်ခမ်းရောင်က ရင့်နေသည်။ ပြီးတော့ စိုအိနေ၏။ မိတ်ကပ်ပေါင်ဒါမပါပေမယ့် နှုတ်ခမ်းနီဆိုးထား တတ်တာ ခဏခဏမြင်သည်။ ထို့ပြင် ကိုယ်မှာ အသည်းကွဲရောင် တောက်တောက်နှင့် ဆလင်းဘက်ခ်အဖြူလေးကို လွယ်ထားသည်။

"တစ်ကိုယ်လုံး ဒီလောက်ထင်းထင်းကြီး ပြင်ဆင်သားပြီး မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားမလို့လဲ"

"သွားစရာရှိလို့ပေါ့၊ ရှင်မေးချင်ရင် ပါးစပ်က မေးပါလား၊ ဆွဲလား ယမ်းလားနဲ့ ဘာလုပ်တာလဲ"

ပန်းရောင်ဖျော့ဖျော့ ရှပ်အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်အနက် ဝတ်ထားသည့် ကျားလေးကိုလည်း လေရှူး က ပြန်ကြည့်၏။

"ရှင့်ကို ကျွန်မပြောပြီးသားနော်၊ ပရောပရီ မလုပ်ရဘူးလို့"

"ဘာကွ ... မင်း ... မင်းနော် ..."

ကျားလေး အံတကြိတ်ကြိတ်ဖြစ်သွားပြီးမှ ဆုပ်လိုက်မိသည့် လက်သီးဆုပ်ကို ဘောင်းဘီအိတ်ထဲ ထိုးသွင်းရသည်။

"ဧည့်ခန်းမှာ ဘိုးဘိုးထိုင်နေတယ်၊ အန်တီဖင်တို့လဲ ရှိတယ်၊ ဘိုးဘိုး မေးလားမြန်းလားလုပ်ရင် မင်း ဘယ်လိုဖြေမှာလဲ"

"သွားစရာရှိတာကို ရှိတယ်လို့ ဖြေမှာပေါ့၊ မမေးလဲ ပြောသွားရမှာပဲ"

"အဲဒါ ငါသိတယ်၊ မနေ့က မင်းကို ဘိုးဘိုး ဘာပြောထားသလဲ၊ ခုနေ မင်းထွက်သွားရင် တောင်မေး မြောက်မေးနဲ့ဖြစ်မယ်၊ ကံမကောင်း ရင် ငါ့ကိုပို့ခိုင်းလို့ အဆစ်ပါဦးမယ်၊ နေပါဦး၊ မင်းမှာ ဒီလောက်ရက် ခြားထွက်နေရအောင် ဘာကိစ္စတွေ သွားသွားရှင်းနေရတာလဲ"

"ဗိုက်ကိစ္စ"

"ဘာ ...ဘာပြောတယ်"

ကျားလေး မျက်နှာရှေ့တိုးလျက် လေရှူး တစ်ကိုယ်လုံးကို စူးစူး ရဲရဲကြည့်၏။ ဘာမှမဟုတ်သလိုနေလိုက်ပြီးမှ သူ့မျက်လုံးတွေကြောင့် လေရှူး ဆတ်ခနဲဖြစ်သွား၏။

"ဘာလဲ၊ ဘာတွေ အတွေးချော်သွားတာလဲ၊ ဗိုက်ကိစ္စဆိုတာ ဝမ်းရေးကိုပြောတာ၊ ရှင့်ကိစ္စပြီးရင် ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်း





ကိုယ်လျှောက်ရမှာလေ၊ ကျွန်မလဲ ပြင်ဆင်ထားရတာပေါ့"

လေရှူး သည် ရောက်ကာစ အခြေအတင် အကြီးအကျယ်ဖြစ်ခဲ့ ရပြီးမှ သူမကိုယ်သူမ 'ကျွန်မ' ဟု သုံးတတ်လာ၏။ သူနဲ့မဟုတ်ဘဲ သူများနှင့်ပြောဆိုနေရင်တော့ လေရှူး ဆိုတာကို ကြားရတတ်သည်။

"ဒီမှာ လေရှူး၊ မင်းကို ငါ့အလုပ်ကိစ္စအတွက် အများကြီးပုံပေး ထားတာနော်၊ ဒီကာလအတွင်းမှာ ဒီကကိစ္စကလွဲပြီး မင်း ဘာကိုမှ ဦးစားပေးခွင့်မရှိဘူး"

"ဦးစားပေးဖို့ မလိုပါဘူး၊ အန်တီဖင့်ကိုရော၊ ဘိုးဘိုးကိုရော၊ ခွင့် တောင်းထားပြီးသား"

"မင်းကို အန်တီဖင် ခေါ်လာတာမဟုတ်ဘူး"

"အန်တီဖင်ကိုယ်တိုင် သိန်းတစ်ရာချပေးပြီး ခန့်ထားတာ"

"လေရှူး ..."

"ဘာလဲ ..."

"တောက်"

"တက်မခေါက်နဲ့နော်၊ ဒီက တိရစ္ဆာန်မဟုတ်ဘူး၊ ကဲ .. ရှင်ပြော ချင်တာ အဲဒါလား၊ ရှေ့ကသွားလို့မရရင် နောက်ဖေးက သွားမယ်၊ ဘိုးဘိုးကို ရှင်ပြောလိုက်"

"ဟာ .. ဟေ့ .."

လေရှူး က ပြောရင်း ထွက်သည်။ ကျားလေးက လက်ဖျား ကို ဖမ်းဆွဲထားလိုက်၍ ...

"မင်း မဟုတ်တာ လျှောက်မလုပ်နဲ့"

"ဖယ်နော် ... ရှင် .."

"တစ်ယောက်ယောက်မြင်သွားရင် ပိုဆိုးကုန်မှာ၊ ပြီးတော့မှ ထွက် ..."



www.burmeseclassic.com

www.burmeseclassic.com



“မရဘူး”

“ဒုန်း ...”

“ဟယ် ...”

သူက အတင်းဆွဲထားသည်။ လေရှူး က လက်ကိုဆောင့်ရုန်း၏ တံတောင်ဆစ်က နောက်ကို အရှိန်နှင့်ဆောင့်တိုက်လိုက်သလိုဖြစ်ကာ ပါကင်ရှိသမျှပစ္စည်းထုတ်ထားပြီး အကုန် ဒီထဲမှာ စုပုံထားသည့် ကတ္တူဘူးခွံကြီးတွေက အထပ်လိုက်တုန်ခါလှုပ်ယမ်းသွားလေသည်။

ပြိုင်တူမော့ကြည့်လိုက်မိကြပြီး ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ပါးစပ်အဟောင်းသားတွေနှင့် ကြက်သေသေသွားကြ၏။

“ကျ ... ကျကုန်ပြီ ...”

“အား ...”

ထိပ်ဆုံးမှစ၍ အထပ်လိုက်ကြီး ပြိုဆင်းလာသည်။ ကတ္တူဘူးခွံတွေဆိုပေမယ့် စက်ပစ္စည်းတွေ ထည့်ထားတာတွေရော အရွယ်စုံဆိုက်စုံဖြစ်ကာ အမြင့်ကြီးကနေ အင်အားအလုံးအရင်းနှင့် ကျလာတော့ အရှိန်ကမသေး။

ကျားလေး သတိဝင်လာတော့ ဘာလုပ်ချိန်မှ မရတော့ပေ။ မျက်လုံးပြူး မျက်ဆံပြူးနှင့် အော်လိုက်သည့် လေရှူး ပခုံးလေးနှစ်ဖက်ကို လှမ်းဆွဲ၍ ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်သည်။

ပထမဆုံး ပခုံးစွန်းပေါ်ကို ဘူးခွံထောင့်စွန်းနှင့် ဖြတ်ရိုက်လိုက်သလို အောင့်ခနဲ ဖြစ်သွား၏။ ကိုယ်နာသွားတော့ မိန်းကလေးဖြစ်သူအတွက် ညာတာစိတ်က ဖျတ်ခနဲ ဝင်၏။

သူ လေရှူး ၏ခေါင်းလေးကို ရင်ဘတ်နှင့်ဖိကပ်၍ သူ့မေးဖျားအောက်ထိ ကွယ်ပေးလိုက်၏။ တဝုန်းဝုန်းပြိုကျလာကြသည့် ကတ္တူဘူးတွေက သူ့ကိုယ်ပေါ်သို့ အညှာတာမဲ့စွာ ....။





ဘာပစ္စည်းမှမရှိဘဲ ပစ္စည်းအတိုအထွာများချည်းထားသည့် ဒီထဲမှာ ဘူးခွံတွေကချည်းပဲ အခန်းတစ်ဝက်လောက်အထပ်လိုက်က အပေါ်မျက်နှာနားထိ ရှိနေသည်။

ပြိုကျသံတွေကို ကြာရှည်စွာ ကြားနေရ၏။ ကိုယ့်ကိုယ်ပေါ်ကို တစ်ခုမှမကျခဲ့ဘဲ လေရှူး ထိတ်လန့်ကာ ကျားလေး၏ခါးကို တအား ကျုံးဖက်ထားမိ၏။

“ဘာတွေဖြစ်ကုန်တာလဲ၊ ဟဲ့ ... ဒီထဲကလား”

“ဟုတ်တယ်”

အပြင်ကစကားသံတွေနှင့်အတူ ဘူးခွံတွေ အကျရပ်သွားခြင်းက ပြိုင်တူပင်။ ကျားလေး မျက်လုံးတွေဖွင့်လိုက်မိသော်လည်း လက်တွေက လွှတ်ဖို့သတိမရသေးမီ တံခါးက ဖျတ်ခနဲ ပွင့်သွားခဲ့၏။

“ဟင် ...”

“ဟာ ...”

ဒေါ်သဇင့်မျက်လုံးတွေ၊ ပါးစပ်တွေ ပွင့်ဟပြူးကျယ်သွား၏။ ဦးမင်းညို တအံ့တသြကြီးဖြစ်ကာ နှစ်ယောက်စလုံးကို ကြည့်လို့မပြီးနိုင်။

ကျားလေး ပါးစပ်ပြင်နေပြီး ဘာပြောရမှန်းမသိသဖြင့် မျက်လုံးတွေ ဟိုရောက်ဒီရောက်နှင့် ဆံပင်ကိုချည်း ဖိသပ်နေ၏။

လေရှူး လက်ပိုက်လိုက်၊ လက်မောင်းလေး ပွတ်လိုက်နှင့် ...။ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ အဲဒါ ငါ့ကြောင့် ...။ လေရှူး ဘယ်ကိုမှ မကြည့်ရဲတော့ပေ။

ကိုယ့်ခေါင်းကို လက်သီးနှစ်ဖက်ဆုပ်ပြီး ထုပစ်လိုက်စမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

"ဖြစ်ရလေ လေရှူးရယ်၊ အဲဒီတော့ လူကြီးတွေက ဘာတွေမပြောကြသလဲ"

"မသိဘူး၊ ငါတော့ အဲဒီနားကနေ အရင်လစ်ထွက်ခဲ့တာပဲ၊ ဘာဖြစ်ဖြစ်ဟာ၊ ဒါ မတော်တာဆဖြစ်တဲ့ဟာကို"

"မတော်တာဆ ..."

ကားမောင်းနေရင်း ချစ်သဲက မျက်လုံးပြူးနှင့် လှည့်ကြည့်၏။

"အခန်းတစ်ခုထဲမှာ ဖက်လျက်သားဆို ..."

"အင်း ..."

"ပစ္စည်းတွေ ပြိုကျ၊ ရှုပ်ပွလို့ဆို ..."

လေရှူး မျက်နှာလေး ရဲနေ၏။

"အဲဒါ ဘာဖြစ်လဲ၊ ငါ့ယက်နဲ့ တိုက်မိလိုက်တာပါဆို"

"ဟဲ့ ... အဲဒီလို သူတို့ကထင်ပါ့မလား၊ နင်တို့က ဖက်ထားကြတာဆိုပြီးတော့ ..."

"တော်ပြီဟာ၊ အဲဒါတွေမပြောနဲ့တော့၊ ထင်ထင် မထင်ထင်





သူတို့ကတော့ ဆတ်ဆတ်ခါသွားမှာပဲ၊ မင်းယောကျ်ားဆိုတဲ့ လူကိုယ်တိုင်က ငါ့ကို တူတယ်တန်တယ် မထင်တာ"

"ဒါပေမယ့် သူ ဖက်ထားလို့ နင့်ကို ဘာမှမထိတာမို့လား"

"ဒါကတော့ ..."

"အဲဒါယောကျ်ားပီသတဲ့ စိတ်ပေါ့ဟာ၊ သူက နင့်ကို တည်တည်တင်းတင်း ဆက်ဆံနေပေမယ့် မိန်းကလေးကို ငဲ့ညှာစာနာတတ်တဲ့စိတ်လေးတော့ ရှိမှာပဲ၊ ဒါမျိုးကို နင် ဒေါသမဖြစ်နဲ့၊ ကိုယ့်ဘဝကို လုံခြုံစိတ်ချရတဲ့နေရာမှာ ခိုလှုံခွင့်ရတယ်လို့ပဲ မှတ်စမ်းပါ၊ နင့်အဖေလဲ ဘာတစ်ခုမှ ရေရေရာရာ သတင်းမလာဘဲ နေနိုင်လိုက်တာ၊ သူတို့နဲ့ပတ်သက်မိသွားတာ နင် ကံကောင်းသေးတာ"

တွေးကြည့်တော့လည်း ဟုတ်သည်။ 'သမီးအတွက် အဖေသွားတာ' လို့ ခေါင်းစဉ်တပ်ပြီး ပျောက်သွားကတည်းက အဖေ ပေါ်မလာတော့ပေ။

'မနှောမြတ်' စံအိမ်ကိုသွားဖို့ကိစ္စ ဖုန်းဆက်ပြောတာတောင်မှ သေချာရေရာအောင် ပြောခဲ့တာမဟုတ်၊ လေရှူး မိုက်ရူးရဲသွားခဲ့မိ၍ ခုလို ရှုပ်ထွေးမှုများနှင့် ငြိမိခဲ့တာဖြစ်သည်။

ကိုယ့်လိုမိန်းကလေးအပေါ်မှာ ဒေါ်သဇင်တို့ ဘယ်လိုမှ အထင်မကြီးခဲ့ကြတာလည်း မလွန်ပါ။ အထင်မြင်သေး နှိမ့်ချခဲ့ကြတာလည်း သဘာဝကျပါသည်။

လေရှူးမှာ ဘာများအခြေအမြစ်ရှိလို့လဲ၊ ခုတော့ အဖေ့ကို ယုံကြည်ခဲ့တာတွေလည်း တစ်စတစ်စ လျော့ပါးလာခဲ့သည်။ ဦးစက်ရှင်ရဲ့မြေးဖြစ်သွားဖို့ကို အဖေ ဘာဖြစ်လို့ တိုက်တွန်းရက်ခဲ့တာလဲ၊ သူမကိုယ်တိုင် မျက်နှာပြောင်ပြောင်နဲ့ သွားရဲခဲ့တာရော ...။

"ဟဲ့ ... လေရှူး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ငိုင်လိုက်တာဟာယ်၊ နင့်အဖေကိုတွေးမိပြီး သတိရသွားတာလား"

ကားလေးက ချစ်သဲတို့လမ်းဘက်ကို ဦးတည်နေပြီဖြစ်၏။ လေရှူး ခေါင်းလေးခါ၍ ....

"တွေးမိတာက သတိရလို့မဟုတ်ပါဘူး ချစ်သဲရယ်၊ အဖေ ငါ့ကိုထားခဲ့တာ၊ သားအဖခွဲနေရတာ ငါ့အတွက် ဆန်းတာမှမဟုတ်တာ၊ မိန်းကလေးတန်မဲ့ ငါ့အသည်းမနာဘူးထင်တယ်၊ မလွမ်းတတ်ဘူး"

"မလွမ်းတတ်တာက မတွယ်တာတတ်သေးလို့ပါ လေရှူးရယ်၊ အဲဒါကို နင်လက်ခံစမ်းပါ။ နင့်အဖေက နင့်ကို ဘယ်တုန်းက တယုတယ ရှိခဲ့ဖူးလို့လဲ"

လေရှူး က ဘာမှမပြောဘဲ နားထောင်နေ၏။

"အဲဒါက အဓိကပဲ၊ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိတာတဲ့၊ ဒီကြားထဲမှာ သူ ခဏခဏ ခရီးရက်ရှည်သွားလာနေတာ၊ သူ ရှိနေဖို့၊ ပြန်လာဖို့ကို နင် မလွမ်းတတ်တော့ဘူးလေ၊ နင် ငယ်ငယ်ကတည်းက မတွယ်တာတတ်ခဲ့တာ၊ မတွယ်တာလို့ မလွမ်းတာပေါ့၊ အဖေနဲ့အမေ ကွဲတာ အဲဒါပဲဟာ၊ နင့်အဖေနေရာမှာ အမေသာဆို အမေတစ်ခု၊ သမီးတစ်ခု ဘဝနဲ့ သိပ်ကိုတွယ်တာကြမှာပဲ"

လေရှူး ခေါင်းညိတ်မိသည်။ ပြောတာအားလုံး မှန်ပါသည်။ အသည်းနှလုံးရှိသူတိုင်း ချစ်တတ်၊ မုန်းတတ်ကြသည်ဟု ဆိုသည်။ မလွမ်းတတ်၊ မငိုတတ်ဘူးဆိုတာ မဖြစ်နိုင်ပါ။ အဖေ့ကို လေရှူး မလွမ်းတတ်ခဲ့ရင်းမှ မျက်ရည်တွေနဲ့ စိမ်းသက်လာခဲ့တာဖြစ်မည်။

"အခု အဲဒီသူဌေးကြီးက နင့်ကို သူ့မြေးလို့ပဲ ထင်နေတာပေါ့"

ပြောလက်စကနေ မနော့မြတ်စံအိမ်ကြီးဆီ ပြန်ရောက်သွားပြန်သည်။

"ဟုတ်တယ်၊ ဘေးလူတွေက ယုံပါ့၊ တကယ်ပါလို့ မပြောရဘဲ သူ ယုံနေတာ၊ ဟုတ်ပါ့မလားလို့လဲ တွေးပုံမရှိဘူး၊ ခုနေ သူများက





ငါ့ကို အတုပါလို့ပြောရင်တောင် လက်ခံမှာမဟုတ်ဘူးလို့ ငါထင်တယ်"

"ဘယ်လို ... နင်ကရော၊ ကိုယ့်ကိုကိုယ် မဟုတ်ဘူးလို့ လုံးလုံး သတ်မှတ်လိုက်ပြီလား"

နေရာတကာ ဖွဲ့ကောင်းတဲ့တတ်သည့် လေရှူး ဟာ ဒီကိစ္စအတွက် မောင်းတင်သွားတုန်းကလည်း ယုံကြည်ချက်အပြည့်နှင့် နောက်ဆုတ်ဖို့မပါ။

"အဖေ့ကို ငါယုံတယ်၊ မဟုတ်ဘဲပြောပြီး ငါ့ကို ချောက်တွန်းမယ့် လူမှမဟုတ်ဘဲ"

လို့လည်း ပြောဖူး၏။ ထို့ကြောင့် မှိုင်တွေငေးနေတော့ အံ့ဩမိခြင်းဖြစ်သည်။ လေရှူး ကိုစိတ်ဝင်စားနေသဖြင့် ကားမောင်းလို့လည်း မဖြောင့်တော့ဘဲရှိကာ လမ်းဘေးမှာချ၍ ရပ်လိုက်ရသည်။

"ကံမျက်နှာသာပေးလို့ တိုက်ကြီးပေါ်တောင်ရောက်နေပြီဥစ္စာ၊ အလွယ်တကူတော့ မလျှော့နဲ့လေဟာ၊ နင်လုပ်မယ်ဆိုတုန်းကတော့ ငါတကယ်ရင်တုန်တာပါ။ အခုက အဆင်ပြေနေပြီဥစ္စာ"

"ဘာပြောတာလဲ",

"နင့်မှာ သက်သေပြစရာဘာမှမရှိလို့ သူတို့က လက်မခံနိုင်ပေမယ့် သူဌေးရဲ့မြေး ဘယ်သူဆိုတာရော ပေါ်လာသေးလို့လား"

"ပေါ်လာမှာပဲဟာ၊ ဘာလို့ဆက်လိမ်နေရမှာလဲ၊ ငါ ... ငါ အဖေ့ကိုလဲ မယုံရဲတော့ဘူး၊ အဖေက နာမည်ပျက်မရှိခဲ့ပေမယ့် ဘာကိုမှ ပုံပင်တတ်တာမဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ လူလိမ်မဟုတ်ပေမယ့် လူကောင်းတော့ မဟုတ်ဘူးလို့ ငါထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကြောင့် ငါ့သိက္ခာ၊ မာနတွေ၊ စုတ်ပြတ်သွားပြီးပြီ ချစ်သဲ"

ချစ်သဲ စိတ်မကောင်းဖြစ်သွားမိသည်။ ဒီရက်ပိုင်းအချိန်တွေမှာ လေရှူး ဘာတွေဖြစ်နေသလဲ၊ ဘယ်လိုလိမ့်နေသလဲ သူမ သေချာမသိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ အလုပ်လုပ်ကြဖို့ ညှိနှိုင်းခဲ့ကြပြီးတော့လည်း အလုပ်ကိုသာ အာရုံစိုက်နေကြရသည်။ ဘယ်တုန်းကမှ စိတ်မညစ်တတ်ခဲ့သည့် လေရှူး မျက်နှာလေးမှုန်မှိုင်းနေတာ သနားစရာ။ သူမကိုယ်တိုင်တောင် ပြောခဲ့ဖူးသေးသည်။

"နင်က အဖေတူသမီးပဲနော်၊ အဖေကလဲ ထားခဲ့ရင် အကြာကြီး၊ သမီးကလဲ ပျော်ပျော်ပဲ၊ ငါ့စိတ်ထင် အဖေမရှိတဲ့ရက်မှာ ပိုစားသလိုပဲ"

ဟု ...။

လေရှူး ကို သူမပဲ ဒကာခံကျွေးနေကျမို့ လေရှူး ပါးဖောင်းအောင် စားတိုင်း သူမ ပြောခဲ့သည်။ ခုကျတော့ စိတ်ညစ်နေသည်တဲ့။

"ငါက ငါ့ပတ်ဝန်းကျင်မှာပဲ ပေါ့ပေါ့ပါးပါး နေထိုင်လာခဲ့တာ၊ သူတို့အသိုင်းအဝိုင်းတွေထဲမှာကျတော့ ငါက လူလိမ်ဖြစ်လိုက်၊ တန်ဖိုးမဲ့တဲ့မိန်းမတစ်ယောက် ဖြစ်သွားလိုက်၊ သူ့သမီးနဲ့တူတယ်ဆိုတဲ့ ဘိုးဘိုးရဲ့ တွယ်တာမှုလေးသာ ရှိမနေဘူးဆိုရင် အိမ်ရိပ်တောင် ငါ နင်းလို့ရမှာမဟုတ်ဘူး၊ အဲဒါကြောင့် ငါ ဆုံးဖြတ်ပြီး ငွေတောင်းလိုက်တာ"

"အဲဒါတွေကြောင့် ပိုပြီး အထင်မြင်သေးကုန်ကြတာပေါ့"

"သေးပစေ၊ ဟန်ဆောင်လိမ်ညာတယ်လို့ ထင်ခံရတာထက်တော့ သာတယ်"

နှစ်ယောက်စလုံး စကားပြောခြင်းများမှာ ခေတ္တရပ်တန့်သွားစဉ် ချစ်သဲ က ကားကို လမ်းပေါ် ပြန်တင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်ဟာ၊ အခုတော့ နင် ဘာမှမပူနဲ့တော့၊ ငါတို့အိမ်မှာလဲ ဝင်ထွက်သွားလာခွင့်ရပြီဆိုတော့ နင့်ဘက်ကနေ ငါ မားမားမတ်မတ် ရပ်ပေးမှာပါ။ ဟိုတုန်းကလိုပဲ တို့နှစ်ယောက် ရဲဘော်ရဲဘက် ပြန်ဖြစ်လို့ရပြီ"

လေရှူး ခေါင်းညိတ်၍ လွယ်အိတ်ကိုဖွင့်သည်။ ထုတ်လိုက်တော့





ကွတ်ကီးမုန့်တစ်ထုပ်။

"ဒါပေမယ့် နင် ငါ့မေမေကိုတော့ နားလည်ပါဟာ၊ လူကြီးဆိုတော့လဲ ..."

"ငါ နားလည်ပါတယ်"

ဟု မျက်နှာမှုန်မှုန်လေးနှင့်ပြော၍ ကျပ်ဇေ့လောက်မုန့်ဝိုင်းလေးတွေကို တစ်ခုဝါးရင်း တစ်ခုသွင်းရင်းနှင့် ပါးစပ်ထဲကို သုံးခုစလုံး ရောက်သွားတော့ ပါးတစ်ဖက်က တော်တော်ဖောင်းနေပြီဖြစ်သည်။ ပြီးတော့ မျက်လုံးက ဟိုရှာဒီရှာဖြစ်လာသဖြင့် ချစ်သဲ စကားမဆက်နိုင်တော့ဘဲ ရေဘူးယူပေးလိုက်ရကာ ...

"နောက်မှာ ရန်သူတွေလိုက်လာပြီ၊ မြန်မြန်ရှိုချ"

❂ ✿ ❂



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

အိမ်ကို အုပ်စီး ရောက်လာသည့်အဖြစ်က နတ်ဒေဝါတစ်ပါး ကိုယ်ရောင်ပြသလိုဖြစ်နေ၏။ ချစ်ဖူး ဝမ်းသာအားရဖြစ်နေပုံက ဖုံးဖိလို့ မရပေ။

"မေမေ … သူက လင်းအုပ်စီး တဲ့၊ 'အရိပ်စစ်' ဟိုတယ်ပိုင်ရှင်ပေါ့"

"ဩော် … ဟုတ်လား"

ဩော် သံကြီးက ရှည်သည်။ ခေါင်းညိတ်နေသည့် အကြိမ်များစွာမှာ သတိလစ်ပါသွားသည်သို့ ထင်ရ၏။ အုပ်စီး နှာခေါင်းတစ်ချက်ပွတ်၍ ပြုံးလိုက်မိ၏။ ထိုအပြုံးလက်စနဲ့ပဲ မေမေ ဆိုသည့် အမျိုးသမီးကြီးကို နှုတ်ဆက်လိုက်ရသည်။

"သားက မွေးချင်းဘယ်နှစ်ယောက်ရှိသေးလဲဟင်"

"ကျွန်တော်တစ်ယောက်တည်းပဲ"

"ဩော် …"

သံရှည်ကြီး ထပ်ကြားရပြန်သည်။

"ကိုစီးကလေ … အလုပ်သိပ်များတာ မေမေရဲ့၊ သူ့ကို အိမ်လာ





လည်ဖို့ ခေါ်နေတာကြာပြီ၊ ဒီအိမ်ကိုလာဖို့အလှည့် ခုမှကျတာကြည့် တော့"

သူ မျက်ခုံးနှစ်ဖက် ပင့်သွားသည်။ ခေါင်းညိတ်ဖို့ ခေါင်းခါဖို့ အတွက် ဘာကိုမှ စိတ်မပါသဖြင့် အလယ်ကျကျအနေအထားမှာပဲ ပြုံးနေလိုက်မိသည်။

ထိုစဉ် သူ့မျက်လုံးတွေက ကားတစ်စီးဖြတ်သွားတာကို လှစ်ခနဲ မြင်လိုက်၏။ ပြုံးသည့်မျက်နှာ သိသာစွာပြောင်းလဲသွားကာ နံရံတစ်ခြမ်းနှင့်ကွယ်သွားသည့် ကားနောက်သို့ မျက်လုံးက ခုတ်လိုက်သလို ပါသွားသည်။

ကားက ပေါ်တီကိုအောက်မှာမရပ်ဘဲ ဘယ်ကိုဆက်သွားမှန်း သူ မသိပေ။ ကားပေါ်မှာ ဆံပင်နှစ်ဖက်ခွဲစည်းထားသည့်ပုံလေးနှင့် ခွန်ကော့ကော့နှာတံလေးကို သေချာမြင်လိုက်သည်။

သူမ ဆောင်းလေရူး …။ လေရူးလို ဟိုတစ်ကွက် ဒီတစ်ကွက် မွှေ့ရမ်းသွားတတ်ပေမယ့် သူကတော့ မှတ်မှတ်ရရ ဖြစ်နေပါပြီ။ ထိုစဉ် ကား၏ဦးခေါင်းပိုင်းက သူနှင့်ဘေးတိုက်နံရံက မှန်ကွက်လေးမှာ ပေါ်လာသည်။ ဟိုဘက်ကဆင်းသွားသည့် မိန်းကလေးကို သူ မမြင်ရပေ။

"ဩော် … ဟိုကားကို ကြည့်တာလား"

"ဗျာ …"

သူ ပုံပျက်ပန်းပျက်ကြီးဖြစ်သွားသောကြောင့် ဒေါ်သီရိစံက သတိ ထားမိသွားတာဖြစ်ပုံရ၏။ ဒါပေမယ့် ဘာ့ကြောင့်ဆိုတာကိုတော့ အဓိပ္ပာယ် ကောက်လွဲသွားခဲ့၏။

"ဒီရှေ့မှာမရပ်လို့ သား အံ့ဩသွားတယ်ထင်တယ်၊ ဟိုဘက်မှာ ဘိုတ်ပုလေးတစ်လုံးဆောက်ထားတာ ရှိသေးတယ်လေ၊ သူတို့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရှိစဉ်ကဆို တိုက်တွေဆောက်လိုက်၊ ပြန်ရောင်းလိုက်နဲ့ ပေါ်မှပေါ်ပဲကွယ်"

တိုက်ဝယ်ရောင်းလုပ်နေတာကို တခမ်းတနားပြောနေသဖြင့် အုပ်စီး ပြုံးလိုက်မိသည်။

"အဲဒီဘက်ကတိုက်လေးက သူ့သမီးဆယ်တန်းတုန်းက သူငယ်ချင်းတွေစုပြီး စာကျက်ဖို့သတ်မှတ်ထားခဲ့တာလေ၊ အခုတော့ သမီးငယ်က စီးပွားဖြစ်အသုံးချနေတာ"

"ဒီလို ကိုစီးရဲ့၊ ညီမလေးက သူ့သူငယ်ချင်းနဲ့ ဖန်စီရှော့ပ်ထောင်မယ်လေ၊ လောလောဆယ် ဒီနိုင်းထွင်ဖို့၊ ပစ္စည်းဖြစ်ဖို့က အဆင်ပြေနေပြီ၊ နေရာသတ်မှတ်ဖို့နဲ့ တခြားကြီးမားတာတချို့ ရှိနေသေးလို့ဆိုပါတော့"

"နှစ်ယောက်တည်း ရှယ်ယာလား"

"ဟုတ်တယ်၊ လေရှူး က ဖန်စီဒီဇိုင်းထွင်တာ အရမ်းတော်တာ ညီမလေးကတော့ ဖြည့်စွက်တာ ဝေဖန်တာလောက်ပါပဲ၊ ဒါပေမယ့် နှစ်ယောက်ပေါင်းလိုက်ရင် အရမ်းတော်တယ်လေ"

"တော်ပါ့ သမီးရယ်၊ ဒီကောင်မလေးတော်တာကို ပြောမနေစမ်းပါနဲ့၊ သူ့ကိုယ်ပေါ်မှာ ဒီလောက် ဖန်စီတွေဝတ်နေမှတော့ ဒါကိုစိတ်ဝင်စားပြီး လိုက်စားတာ ဆန်းလို့လား"

ဒေါ်သီရိစံက လေရှူး ကို ဘယ်လိုမှ ကြည့်မရတဲ့သူဖြစ်၏။ ဒီသားအမိတွေချည်းပဲရှိတော့တဲ့အချိန်မှာ ရဲဘော်ရဲဘက်ဆိုလည်း ဟုတ်၊ တိုးတိုးဖော်လိုဖြစ်နေသဖြင့် နှစ်ယောက်စလုံးက အားပါးနေ သည့်ကိစ္စကို တားမရလို့ ကြည့်နေရခြင်းဖြစ်သည်။ ထို့ပြင် အခု သမီးဖြစ်သူက ဒီမိန်းကလေးကိုမှ အကောင်းပြောနေတော့ ဘယ်လိုမှ မလိုလားနိုင်သည်မို့ ...

"အဲဒီမိန်းကလေးက မိဘမဲ့လေ"





အုပ်စီး ကို လှည့်ပြောမိသေးသည်။ မဲ့ရွဲ့နေသည့် ဒေါ်သီရိစံ မျက်နှာကိုကြည့်ကာ ကိုယ့်အမေကို အတင်းအဖျင်းပြောတတ်သူဟု အုပ်စီး ထင်သွားမှာ ချစ်ဖူးက စိုး၏။

"မေမေကလဲ၊ လေရှူးမှာ အဖေရှိပါသေးတယ်"

"အဖေက အဖေပဲ၊ ထင်သလို လေလွင့်နေတာဆို၊ ညည်းညီမ ပြောတာပဲ"

သမီးကို လှည့်ပြော၍ အုပ်စီး ဘက်ကို ပြန်လှည့်သည်။ သူကတော့ မမေးရဘဲပြောလာနေသည့်အဖြစ်ကို အသာပဲ နားထောင်နေလိုက်မိ၏။ လေရှူး ကို ဘယ်လိုမိန်းကလေးမှန်း သူကိုယ်တိုင် ခုထိ သေချာမသိ။

"အဲဒီကောင်မလေးက ပျက်စီးဖို့ လက်မတင်လေးရယ် သိလား။ အန်တီ့သမီး အထောက်အပံ့ရှိနေလို့ပေါ့၊ အစားကလဲ မက်၊ အလှအပကလဲ မက်ပဲ့"

"မေမေကလဲ .."

ချစ်ဖူး မျက်နှာလေးပျက်နေသဖြင့် သားအမိနှစ်ယောက်ကို အကဲခတ်ရင်း ပြုံးချင်သည့် သူ့နှုတ်ခမ်းတွေက သိသာနေမလားမသိ။

"သမီးဆီက အကျီအဝတ်အစားဆိုတာလဲ သူ့ကိုယ်ပေါ်မှာချည်းပဲ၊ စားမယ်သောက်မယ်ဆိုလဲ ဒီက ဒိုင်ခံရှင်းတာလေ၊ အခု ဘယ်က ဘယ်လို ငွေတွေရလာလဲမသိဘူး။ ဖန်စီရှော့ပ်ထောင်ဖို့ သိန်းတစ်ရာ ငါးဆယ်တောင် ထည့်ထားတာ"

"ဟို ... ဒီလိုပါ၊ သူ့အတိုးဘက်က အမွေရတာဆိုလားပဲ၊ မေမေက သေချာမသိလို့ပါ"

ချစ်ဖူး က ဝင်ထိန်းဖို့ ကြိုးစား၏။ ဒေါ်သီရိစံက ဘယ်တုန်းကတည်းက မကျေနပ်နေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သေချာမသိတော့ ညည်းကရော သိလို့လား၊ ဟိုတစ်ယောက်က သူ့သူငယ်ချင်းဆိုတော့ အကောင်းပြောမှာပေါ့"

"ဩော် ... မေမေကလဲ၊ လူငယ်တွေရဲ့ စရိုက်သဘာဝကို မေမေက သမီးထက်စာရင် ဝေးသွားပြီ၊ သမီး မသိဘဲနေမလား၊ လေရူး က ခေတ်မီမီနေတတ်တာပါ၊ ပြီးတော့ ပွင့်လင်းတယ်၊ မိဘမဲ့လေးလိုနေလာခဲ့ရပြီး သူ့ကိုယ်သူ ထိန်းသိမ်းလာနိုင်ခဲ့တာ နည်းတဲ့အရည်အချင်းလား၊ သူ့ကို မကောင်းပြောနေပြီး ကိုယ့်သားသမီးနဲ့တွဲနေတာကျတော့ ကြည့်နေရင် မေမေ့သမီးရော ကောင်းဦးမလား၊ ကိုစီး အထင်လွဲသွားပါ့မယ်"

သမီးက ဆရာပြန်လုပ်နေတာလား ဟု ဖျတ်ခနဲ ဖြစ်သွားသည့် နှုတ်ခမ်းတွေက အဖျားသတ်စကားတွေက သဘာဝကျနေသဖြင့် ပြန်လည်းမပိတ်နိုင်၊ ဘာမှလည်း မပြောဖြစ်တော့ပေ။

"ကိုစီးလဲ ရောက်လာပြီး ဘာမှ မစားသောက်ရသေးဘူး၊ ရေ့ပါ အအေးသောက်လိုက်ပါဦး"

ရေသီးလေးတွေ တဝေါက်ဝေါက်ကျနေသည့် အချိုရည်ဖန်ခွက်ကို ချစ်ဖူး က သူမကိုယ်တိုင် ပြန်ယူပြီး လှမ်းပေးသည်။

"ရတယ်၊ ရတယ်၊ ကျွန်တော် အအေးလုံးဝမကြိုက်လို့ပါ၊ ဆောရီးနော်၊ မပြောလိုက်မိဘူး"

"ဟင် ... ဟုတ်လား၊ ဒါဆို ဖူးရဲ့အပြစ်ပါ၊ ကိုစီးကို ဘာမှမမေးဘဲ လုပ်လာခဲ့တာလေ၊ ဒါပေမယ့် တစ်ခုခုတော့ ကျွေးချင်တယ်၊ ကိုစီး ဘာကြိုက်လဲဟင်"

မစားချင်ပါဘူးဆိုမှ ဖွတ်ပါလား။ စိတ်ညစ်သွားအဖြစ်ကြောင့် နှာခေါင်းတစ်ဖက်က တွန့်ခနဲ ရှုံ့တွသွားသည်။ ပြီးမှ အားနာပြုံးနှင့် ခေါင်းခါ၍ ....





"နေပါစေ၊ ဒုက္ခပါပဲ၊ အချိန်လဲ မရတော့လို့ပါ၊ နောက်ကျမှ အေးအေးဆေးဆေး သောက်ပါ့မယ်"

ဝင်လာရတာလည်း ကားရှေ့ကနေ ပိတ်ရပ်ပြီး ဖွတ်ပြန်ဆွဲလာလို့ ဆိုတဲ့အကြောင်း စိတ်ထဲမှာတော့ ပြောလိုက်မိ၏။ ချစ်ဖူး က လှပါသည်။ မိန်းကလေးလှလှလေးတွေကို သဘောကျတတ်သည့် အကျင့်လည်း သူ့မှာရှိသည်။ ဒါပေမယ့် ခုလို မောင်နဲ့နှမ၊ သမီးနဲ့အမေ မျက်စပစ်ပြီးမှ ထွေခင်းကစားလာတာမျိုးကိုတော့ သူ အထူးသဖြင့် ရှောင်ခဲ့၏။

သမီးနဲ့သားမှ သမက်ရမှာဆိုသော အိမ်ရာစီမံကိန်းကို သူ လိုချင်တာမဟုတ်၊ ချစ်သူထားတာ ချစ်သူပဲ ဖြစ်ချင်သည်၊ အိမ်သူဖြစ်ဖို့မှ မဟုတ်ဘဲ၊ ကိုယ်ပျော်ချင်သလို ချစ်သူလည်း ပျော်ရွှင်ဖို့ထက် ဘာမှပိုပြီး လောဘမတက်နဲ့ပေါ့။

ဒါ့ကြောင့်ပဲ ထင်သည်။ သူ နာမည်ပျက်တာ နည်းနည်းတော့ ရှိခဲ့၏။ ချစ်သူထားတာတောင်မှ 'လက်ထပ်ရအောင်လေ' လို့ တောင့်တနားပူလာတဲ့အထိ ဘယ်တော့မှ မတွဲခဲ့ပေ။

အခြားလုပ်ငန်းတွေ၊ စီးပွားတွေ ရှိနေသေးတာကိုတောင် ကြွားဖို့မလို၊ 'အရိပ်စစ်' ဟိုတယ်ပိုင်ရှင်လို့ သိလိုက်ပြီးတာနှင့် သူ့ရုပ်ရည်ချောသော အထက်ပါအရည်အချင်းများဟု ချစ်သူများစွာ ပိုင်ဆိုင်ခွင့်အောင်လက်မှတ်က ရှိပြီးသား။

ကိုယ့်အတွက် အခက်အခဲဖြစ်လာနိုင်သည့် သိချင်မြင်ချင်သော ကိစ္စတချို့ရှိနေလျှင်တောင်မှ ခုလိုမျိုးမထင်မှတ်ဘဲ အလွယ်တကူ သိရှိရယူလိုက်နိုင်တာမျိုးတွေလည်း ဒုနဲ့ဒေး။

ကားပေါ်တက်ထိုင်လိုက်ပြီးမှ မျက်စိရှေ့တည့်တည့် ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် ဆလွန်းဖြူလေးကို ကြည့်လိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လေရှး … မင်းနဲ့ကိုယ် ရေစက်မဆုံတာလား။ ရေစက်မကုန်တာလား …။ သူက မပြေးဘဲနှင့် ကိုယ်က လိုက်နေခဲ့သည်။ ရှာတော့ မတွေ့ဘဲ မရှာတော့ တွေ့၏။ ကိုယ်ကလည်း တမ်းတစိတ်နဲ့မဟုတ်၊ သူကလည်း ကိုယ့်ကို ရှိသည်လို့တောင် ထင်ပုံမရ။

သေချာတာတစ်ခုတော့ ရှိဖို့သင့်ပြီထင်သည်။

❂ ✿ ❂





အခန်း (၂၇)

ချူချူညံညံ အသံတွေဝင်လာသဖြင့် ဒေါ်သဇင် နားစွင့်လိုက်မိသည်။ ခြံ၏လက်ဝဲဘက်အစပ်နားမှ လေရှး အသံပဲဖြစ်၏။ ဒီကောင်လေး ဘာလုပ်နေတာလဲ။

စာရေးအပရိုက်ရှုတ်၍ ခြံထဲမှာ လမ်းလျှောက်နေရင်း ခြေလှမ်းတွေ နှေးကျသွားကာ ထိုဆီသို့ လှမ်းသွားခဲ့မိသည်။

"ဟား ဟား ဟား"

"ချစ်စရာလေးကွာ"

"ဘယ်က စချစ်ရမှန်းတောင် မသိတော့ဘူး"

"ဒီက စချစ်လိုက်၊ ရော့ …"

"ဟဲ့ …ဟဲ့ မလုပ်နဲ့"

လှမ်းအော်တားလိုက်ပေမယ့် မမီတော့ပါ။ လေရှး လက်ထဲက ခဲ့ခဲနဲ့ လွှင့်ထွက်သွားတာ ဘာမှန်းမသိလိုက်ဘဲ …

"အား …."

"ဟာ … ဆော်တယ် …ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်အုပ်စုထဲမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်၏။ ခြံနှစ်ခြံ၏ အလယ်စည်းရိုးက ပါးပါးနိမ့်နိမ့်လေးပဲ ဖြစ်သည်။ သံဇကာအမာတွေနှင့်အပေါ်မှာ သွပ်ဆူးတွေ ထပ်ပတ်ထားသည်။ သို့သော် ပုဏ္ဏရိက်ပင်တွေရှိနေသဖြင့် သံဇကာတွေရော၊ သွပ်ဆူးတွေရော ပျောက်နေ၏။ အဝေးကကြည့်လျှင် ပန်းရုံပဲဖြစ်နေသည်။

ဟိုဘက်ခြံထဲက လူငယ်လေးယောက် ဘာတွေဖြစ်ကုန်မှန်း မသိသော်လည်း၊ လေရှူး ကတော့ ခါးထောက်လျက် အသက်ရှူပြင်းနေဆဲ။

"ဟိတ် ... နင် မိုက်ရိုင်းလှချည်လား"

"ဘာမိုက်ရိုင်းတာလဲ၊ မိုက်ရိုင်းတဲ့ပါးစပ်ကို ငါက လှမ်းပိတ်လိုက်တာ၊ ယောကျ်ားတန်မယ့် ရန်မတွေ့နဲ့နော်၊ ဒီမှာ နောက်တစ်လုံး ရှိသေးတယ်"

"လေရှူး ... လေရှူး နေစမ်း၊ ဘာတွေဖြစ်နေကြတာလဲ"

"အန်တီ ... အန်တီ့တူမ ကျွန်တော့်သူငယ်ချင်းကို မာလကာသီးနဲ့ထုတာ၊ ဒီမှာ ..."

"ဟင် .."

သွေးတွေပါလား ...။ ဒေါ်သဇင် မျက်လုံးပြူးသွားသည်။

"နင့်အကောင် ဘာပြောသလဲ ထည့်ပြောလိုက်ဦး။ ဟွန်း ... အဲဒါ နည်းသေးတာ၊ အနားမှာ မာလကာသီးမဟုတ်ဘဲ လုံးတစ်ချောင်းလောက်သာရှိနေရင် နောက်စေ့ကို ထုတ်ချင်းခတ်သွားဦးမယ်"

မြတ်စွာဘုရား ....။ ဒေါ်သဇင် မာလကာပင်ကြီးကိုလည်း မော့ကြည့်မိသည်။ ဟိုဘက်က သွေးသံရဲရဲနှင့် ဒဏ်ရာကိုလည်း မကြည့်ဝံ့ကြည့်ဝံ့နှင့် ကြည့်၏။

မျက်လုံးအထက်နားမှာဆိုတော့ မျက်ခုံးအရေပြား ကွဲသွားတာဖြစ်နိုင်သည်။ မာလကာပင်အမြင့်ကြီးကို ဘယ်လိုတက်ခူးလိုက်တာလဲ၊ ဟိုဘက့်ဒီဘက် အကွာအဝေးအလည်း သိပ်နီးလှတာမဟုတ်ဘဲ သွေး





ထွက်သံယိုတွေ ဖြစ်ကုန်ရပြီ။

"အေးပါ၊ သားတို့ကို အန်တီတောင်းပန်ပါတယ်ကွယ်၊ အန်တီ့တူမ ဘက်က မှားတဲ့အတွက် ..."

"အို ... မတောင်းပန်နဲ့ အန်တီ၊ လေရှူး မှားတာမဟုတ်ဘူး၊ အဲဒီမိုးကြိုးပစ်ကောင် ကပွလီဘိုးတော်က ဘာပြောတယ်မှတ်လဲ"

လေရှူး ဖော်ကောင်လုပ်ဖို့ ပင့်သက်ရှိုက်လိုက်တော့ ဟိုဘက်က အုပ်စုကကောင်လေးတွေ မျက်စိမျက်နှာပျက်ကုန်ကြသည်။ သွေးထွက်နေသည့် လူငယ်က ဒဏ်ရာကို လက်တစ်ဖက်နှင့်အုပ်၍ မျက်လုံးပြူးနှင့် မော့လာ၏။

လေရှူး က လူမည်းကလေးကိုပဲ စူးစူးဝါးဝါးကြည့်၍ ...

"ဒါမျိုးလေးနဲ့သာ တစ်ညလောက် လန်းလိုက်ရရင့် သေပျော်ပြီတဲ့၊ သေအောင်လုပ်ပေးမလို့ဟာ၊ ဒီနားမှာ လက်နက်မရှိလို့"

"ဟင် ..."

"မ... မဟုတ်ဘူး အန်တီ"

"ဘာလဲ၊ ဘာမဟုတ်ဘူးပြောတာလဲ၊ ပြောရဲသေးတယ် ...ဟုတ်လား၊ နေဦး ... ပါးစပ်ကို ဒီတစ်ခါပိတ်ရမှာ"

"လေ ...ရှူး ..."

လက်မြှောက်လိုက်တော့ ဒေါ်သဇင် အသည်းအသန်တားဆီး၍ လေရှူး လက်ကို ပြန်ဆွဲချသည်။

"တောက် ... လူစိတ်ပျောက်နေတဲ့ အရိုင်းအစိုင်းမလေး"

"တွေ့မယ် ..."

လူငယ်တွေက မှားလို့နောက်လှည့်ရတာကို အံကြိတ်ကြိမ်းဝါးလိုက်သေးသည်။

"အေး ...အုပ်စုနဲ့ဝိုင်းမလိုက်ဘူးဆိုရင် အရှိန်မရှေးဘဲ၊ လူပါးလို့"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး အဲသလောက်စွာမှန်း ခုမှပဲ လက်တွေ့သိလိုက်ရသည်။ တကယ်ပါ။ လန့်လည်းလန့်သည်၊ စိတ်လည်းပျက်မိပါ၏။

အိမ်နီးနားချင်းနဲ့ မိတ်ဆွေတွေမဟုတ်ကြပေမယ့် ရန်သူဖြစ်နေတော့ရော ကောင်းမလား။ ဖွတ်သေးသည်။ ဟိုဘက်ခြံပိုင်ရှင်၏သားကို ယုပစ်လိုက်တာမဟုတ်လို့ ...။

ကောင်လေးတွေကလည်း ဒီဘက်ခြံမှာ အစက မိန်းကလေးမရှိတာရော၊ ဒေါ်သဇင့်မှာ သမီးမရှိတာရော ဆက်စပ်ပြီး 'အန်တီ့တူမ' ဟု ရမ်းမှန်းပြောလိုက်တာဖြစ်မည်။ ကျေးဇူးရှင်လေးက ဟိုက ပြန်လှည့်သွားတာတောင်မှ ဒေါသမပြေနိုင်သေး။

"နေပါဦး။ ဟိုက ဒီလောက်ပြောလာတဲ့အထိ မင်းက ဘာသွားလုပ်နေတာတုန်း။ အဲဒီမှာ ..."

ဒေါ်နှင့် ဖောင်းပွတက်လာသည့် သူတို့အဖြစ်ကို ပေါ်တီကိုအောက်ကနေ ကျားလေးက လှမ်းမေးသည်။ ပြောပြလိုက်တော့ မေးလာသည့်မေးခွန်းက လေရှူး ၏ဒေါသကို အပိုးကျိုးမသွားစေခဲ့ဘဲ ...

"ဘယ်နားမှာပဲဖြစ်ဖြစ် ကိုယ့်ခြံထဲမှာနေတာ ဘာဖြစ်လဲ၊ သူတို့ဘက်ကဘောလုံး ဒီဘက်ကျလာတယ်၊ ပြန်ကောက်ပေးပါဆိုလို့ ကောက်ပေးလိုက်တာ၊ ဒါပဲ"

"ဒါပဲပေမယ့် မင်းမျက်နှာက စချင်စရာဖြစ်နေလို့ပေါ့"

"ဟမ် ..."

ဘေးကလူကြီးတွေကို လေရှူး မေ့သွား၏။ ခါးနှစ်ဖက် ထောက်ရင်း ကျားလေးကို စေ့စေ့ကြည့်သည်။

"ရှင်ပြောမှပဲ သိတော့တယ်၊ စချင်စရာဖြစ်တဲ့မျက်နှာဆိုတာ ဘယ်လိုမျက်နှာတုန်း။ လုပ်ပြ ..."

"မင်း ..."





ကျားလေးမျက်နှာ ရဲတွတ်သွား၏။ 'ဒေါသဖြစ်ရင် လဲသေလိုက်' လို့ပြောတာထက် ပိုပြင်းသောမျက်နှာပေးနှင့် လေရှူး က မျက်နှာကို ပိုမော့၍ စူးစိုက်ကြည့်လိုက်သည်။

"ဟား ဟား ဟား"

ဦးမင်းညိုကို မှီတွဲ၍ အထဲကထွက်လာသည့် ဦးစက်ရှင်၏ရယ်သံကြီးကြောင့် ကျားလေးမျက်နှာ ချက်ချင်းငုံ့လျှိုးသွားသည်။ ဒေါ်သဇင်လည်း ဘာမှမပြောဖြစ်တော့ပါ။

"ပြောပါဦး၊ မြေးလေးက ဘာတွေရောနှောပြောခဲ့မိသေးလဲ၊ ယောကျ်ားလေးဆိုတာ သူတို့ကို ပရောပရီ ရယ်မောဆက်ဆံလိုက်ရင် ဒီလိုပဲ"

မြေးဖြစ်သူ ရန်ပွဲဖြစ်လာတာကို သဘောကျသလိုရယ်ပြီးမှ ကျားလေး ဒေါသဖြစ်နေတာကိုလည်း ဖြစ်ထိုက်တာပေါ့ ဆိုသည့် ဖြေသိမ့်မှုက ဖြေသိမ့်တာမှန်းသိနေတော့ အောင့်သက်သက်ရယ် ...။

ကျားလေး၏ မအီမလည်မျက်နှာကြီးကို မသိမသာကြည့်ပြီး ဦးစက်ရှင်က ပိုရယ်သည်။ ပြီးမှ ထပ်ပြော၏။

"မြေးရဲ့အစ်ကိုက စေတနာနဲ့ပြောတာပါကွယ်"

"တိုးဘိုးကလဲ၊ လေရှူး က ယောကျ်ားလေးတွေအုပ်စုကြီးထဲကို ဒီလိုစကားတွေ ဝင်ပြောပုံမလား။ ဘောလုံးကောက်ပေးလိုက်တာနဲ့ပဲ ဘောလုံးကိုယူပြီး တစ်ယောက်တစ်ခွန်း ရိသဲ့သဲ့တွေပြောကြတာ"

"ဟုတ်လား"

"နားရှက်စရာတွေပြောလို့ ဓူးထားတဲ့မာလကာသီးနဲ့ အဲဒီတစ်ယောက်ကို ပေါက်ပစ်လိုက်တာ"

"ထိသွားရောလား"

"မျက်နှုံးရိုးကွဲသွားတယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော … မြေးက လက်တည့်လှချည်လား"

ရယ်လျက်ပြောတာပေမယ့် ဒေါ်သဇင့်ဘက်ကို လှည့်လိုက်တော့ မျက်နှာက တည်တည်။

"သမီးက ဟိုဘက်ကလူတွေကျေနပ်အောင် ရှင်းပေးလိုက်ရဲ့လား"

"ဟုတ်ကဲ့ အဖေ၊ ဘာပြဿနာမှ မဖြစ်ခဲ့ပါဘူး၊ ကောင်လေးတွေက သူတို့ဟာသူတို့ လှည့်ပြန်သွားကြတယ်"

"ဒါလဲပြီးတာပဲ၊ သူတို့လွန်တာကိုသိလို့ ဖြစ်မှာပေါ့"

"ဒီလိုရှိတယ် ဘိုးဘိုး"

"ဟင် … ပြော …"

ဦးစက်ရှင်က ကျားလေး စပြောလာတာကို ခေါင်းညိတ်ကြည့်ရင်း နားထောင်၏။

"ယောကျ်ားလေးဆိုတာ မှန်မှန်မှားမှား ရွှံတတ်တဲ့ဉာဉ်ရှိတယ်၊ လူငယ်တွေက ပိုဆိုးတယ်"

"အင်း …"

"အထူးသဖြင့် မိန်းကလေးတစ်ယောက်က သက်သက်အနိုင်ယူသွားတယ်လို့ ယူဆလိုက်ရင် ဒါကိုတုံ့ပြန်ဖို့အခွင့်အရေး စောင့်နေတတ်တယ်၊ ပြောချင်တာက ဒီလိုပါ၊ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ယောကျ်ားလေးတွေနဲ့ ရင်မဆိုင်ဖို့ပဲ"

"ဒါလဲ မှန်တယ်"

"ဘိုးဘိုးကလဲ၊ အစဖြစ်ကြတာ လေရှူး ဘက်က ဘာမှမလွန်ခဲ့ပါဘူး။ ဒီက လူမှုရေးအရ ကူညီပေးလိုက်တာကို သူတို့က မိုက်ရိုင်းတာ၊ ဘောလုံးကောက်ပေးပါဆိုတာကြီးကို ကိုယ့်ခြေထောက်ရှေ့မှာပဲဆိုတော့ ကောက်ပေးလိုက်တာပေါ့"

"ဟုတ်တယ်"





"ကဲ … ဦးလေးလဲ ဦးနှောက်ခြောက်နေပါပြီ၊ ကျားလေးလဲ တော်တော့၊ လေရှူး လဲတော်၊ ပြဿနာက ဘာမှမဟုတ်ခဲ့ဘဲနဲ့ ကိုယ့်ထဲကျမှ ပြန်ဖြစ်နေကြရတယ်"

ဦးမင်းညိုက ကြားကနေဝင်တားသည်။ ဒေါ်သဇင့်မျက်နှာ ထူးဆန်းစွာ ပြုံးယောင်သမ်းနေလျက် ဘာမှဝင်မပြောပေ။ ကျားလေးကတော့ ကျေနပ်သေးပုံမရဘဲ လေရှူး ကို စူးစိုက်ကြည့်လိုက်သေးသည်။ ပြီးမှ လှည့်ထွက်သွား၏။

နာမည်ပေးလိုက်လျှင် မယ်မင်းကြီးမ ထွန့်ထွန့်လူးသွားနိုင်၏။ ချဉ်ပတ်မ …။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဘာဖြစ်လို့လဲ အန်တီစင်"

"ဩော် ... ဒီမှာ ကျားလေးကို ဖုန်းခေါ်တာ မရလို့လေ"

ဒေါ်သစင့်ပုံစံက အလုပ်ကလည်းရှုပ်၊ ဖုန်းဆက်လို့လည်းမရတာအတွက်လည်း စိတ်ရှုပ်နေပုံရ၏။

"လက်ကိုင်ဖုန်းကို မရတာလား၊ အန်တီစင် ... သူ့ရုံးကို ဖုန်းခေါ်ကြည့်ပြီးပြီလားဟင်"

"အဲဒါလဲ ဘယ်ဖုန်းကို ခေါ်ရမှန်းမသိလို့လေ၊ စက်ရုံမှာလား။ ကုမ္ပဏီမှာလားလဲ မသိ၊ စက်ရုံမှာဆိုလဲ ဖုန်းက အပြင်မှာ ဖုန်းကနှစ်လုံး။ အထဲမှာ နှစ်လုံး၊ ကုမ္ပဏီမှာ သုံးလုံး။ စိတ်ရှုပ်ပါတယ်"

"ပေး ပေး ... လေရှုး ခေါ်လိုက်မယ်၊ တစ်ခုမရရင် တစ်ခုခေါ်မှာပေါ့ အန်တီစင် ဘာပြောမလို့လဲ"

ဒေါ်သစင်က လေရှုး ကို အရင်ကြည့်လိုက်ပြီးမှ ဖုန်းကိုပေးသည်။ ပြီးတော့ သေချာမှာ၏။

ဒီကောင်မလေးက လိုတာထက်ပို၍ သွက်နေတာလေးပဲရှိသည်။





စိတ်ကောင်းလေးတော့ ရှိသားပင်။ ဘာဖြစ်ဖြစ် ဝင်ဝင်ပါသည်။ နိုင်းနိုင်းမနိုင်းနိုင်း ဝင်လုပ်တတ်၏။ မဆိုင်ဘူးထင်လျှင်လည်း ဘယ်သူတွေဘယ်လိုစုရုံးနေနေ လှည့်၍ပင်မကြည့်။

ဟိုတစ်နေ့က ယောကျ်ားလေးတွေနှင့် ရန်ဖြစ်နေပုံလေးကို အမှတ်တမဲ့မြင်လိုက်တော့ ဒေါ်သစိတ်နှင့် အထင်မြင်သေးလိုက်မိသေးသည်။ ရန်ဖြစ်တာကို အထင်မကြီးထိုက်ဟု သတ်မှတ်ခဲ့ပေမယ့် သူ့မဘက်ကလည်း မှားတော့မမှားခဲ့ဘူးဟု မြင်ကြည့်လိုက်တော့ ချစ်စရာလေးဖြစ်သွား၏။

ကိုယ်မှန်တိုင်း ရင်ဆိုင်ရဲတဲ့သတ္တိမျိုး လူတိုင်းမှာရှိလို့လား။ ထို့ပြင် ဤဖြစ်ရပ်လေးနှင့် ထောက်ရှုကာ သူမ၏ထိန်းသိမ်းတတ်မှုလေးကို ပို၍သတိထားမိခဲ့သည်။ ရောက်စနှင့်စာလျှင်တော့ ရင်ထဲမှာ မခင်တာပဲရှိသည်။ စိမ်းသက်မနေတော့တာက သေချာပါသည်။

လေရှုး ကတော့ အရောင်လက်သည့်မျက်ဝန်းများနှင့် စိုက်ကြည့်သွားသည့် ဒေါ်သစင့်ကို သတိမထားလိုက်မိပါ။ ရှေ့မှာ စာအုပ်ကို သေချာရှာ၍ မျက်လုံးက စာအုပ်မှာဖြစ်ကာ လက်က ခုံဆွဲ၍ပင် ထိုင်လိုက်သေးသည်။

ဟန်းဖုန်းကို ရေမကခေါ်သည်။ ဝင်နေသားနဲ့မကိုင်တာကို မကိုင်မချင်းခေါ်ဖို့ စိတ်ကူးနဲ့ပေမယ့် ကြာတော့စိတ်ညစ်လာ၏။ နောက်ထပ် စက်ရုံဖုန်းတွေကို ခေါ်သည်။

ဖုန်းသံတွေနှိပ်စက်ကာ ဟိုတစ်ဖက်မှာ ကျားလေး တက်ခေါက်လေသည်။ ရုံးခန်းအပြင်မှာ ညွှန့်သည်နှင့် စကားပြောနေပေမယ့် အထဲစားပွဲပေါ်မှာ လက်ကိုင်ဖုန်းတုန်ခါနေတာကို မှန်ကိုထွင်းဖောက်ပြီး သူ မြင်နေရသည်။

ဒီမှာ ညွှန့်သည်က အရေးကြီးနေသည်။ ခုချိန်မှာ ဒီညွှန့်သည်



www.burmeseclassic.com

www.burmeseclassic.com



ထက်အရေးကြီးတာ ဘာမှရှိလို့မဖြစ်။ မကိုင်မှန်းသိရင်လည်း မခေါ်ပါနဲ့ဦးလား ...။

စကားပြောရင်း မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်ပြီး စပ်ကြိတ်ကြိတ်တက်ခေါက်မိသည်။ ဖုန်းပိတ်မထားမိတာကိုက မှားတာဟု အကြိမ်ကြိမ်တွေးမိလျက် ဘယ်အချိန်ပြန်ကြည့်ကြည့် ဖုန်းက တုန်ခါနေ၏။ အကယ်၍ ဘေးမှာသာ ပေပါဝိတ်တို့၊ ဖိုင်တွေ၊ ဖုန်းတွေသာ ရှိမနေလျှင် ဒီဖုန်းပြုတ်ကျပြီ။

"ဒါဆို ကျွန်တော်တို့အဆင်ပြေပြီလို့ မှတ်လိုက်ကြတာပေါ့"

ညွှန့်သည်ကတော့ သူ့ကိစ္စကိုပဲ ပြောနေသဖြင့် ဘာမှသတိမထားမိပါ။

"ဟုတ်ပါတယ်၊ ပြီးခဲ့တဲ့ ဂရပ်ဖစ်ဒီဇိုင်းတွေအတိုင်းပဲဖြစ်ရမယ်ဆိုတာလဲ ကျွန်တော် အာမခံပါတယ်၊ အဓိကက ကျွန်တော်ပြောတဲ့ ပစ္စည်းတွေ အမှန်အကန်ရဖို့ပဲ"

"အေးဗျာ၊ အစကတော့ ခင်ဗျားကို ကျွန်တော်တို့ အထင်လွဲမိသေးတယ်၊ ကားကုမ္ပဏီချင်းက တူနေတယ်လေ၊ အကျိုးတူ ရန်သူဆိုတဲ့စကားရှိတယ်မို့လား၊ နားလည်အောင်ပြောရရင်တော့ လုပ်ငန်းတူ ရန်သူပေါ့ဗျာ"

ဦးသက်စိုးက နဖူးပြောင်ပြောင်နှင့် အသက်က လေးဆယ်ကျော်ငါးဆယ်တွင်းဖြစ်သည်။ ဒါပေမယ့် ကျားလေးကို ခင်ဗျားနဲ့၊ ကျွန်တော်နဲ့ပဲ တလေးတစား ဆက်ဆံခဲ့သည်။

"ခင်ဗျားစဉ်းစားကြည့်လေ၊ ဟိုတုန်းက ခင်ဗျားရဲ့မိဘလက်ထက်မှာဆို ကျွန်တော်က လူငယ်ပဲ၊ အခု ခင်ဗျားနဲ့ကျွန်တော့်လိုပေါ့၊ ဒါပေမယ့် ဂရုစိုက်ဖို့မလိုဘူးလေ၊ အဲဒီအချိန်မှာ ကားတွေကို အစီးလိုက်သွင်းယူလို့ရသေးတာကိုး၊ အိပ်စ်ပို့အင်ပို့က ရင်းနိုင်သလို ရင်းလို့ရတယ်"

"ဟုတ်ပါတယ်"





သူ့လှမ်းကြည့်မိပြန်သည်။ လက်ကိုင်ဖုန်းက ငြိမ်သက်သွားသဖြင့် စိတ်ချမ်းသာမလို့ရှိသေးသည်။ သူ့စားပွဲပေါ်ကဖုန်းကို ပြေးကိုင်သည့် စက်ရုံမန်နေဂျာခေါင်းကို မြင်လိုက်ရ၏။

လက်ကိုင်ဖုန်းက အသံမမြည်ဘဲ တုန်ခါနေသည်မို့ အပြင်လူ မကြားပေမယ့် ကြိုးဖုန်းကျတော့ နားမခံနိုင်အောင် ဆူညံနေလိမ့်မည်။ ထို့ကြောင့် ပြေးလွှားဝင်ကိုင်ရသည့်ပုံဖြစ်၏။ ပြီးတော့ သူ့ဘက်ကို လည်ပင်းရှည်ကြည့်တာလည်းမြင်သည်။ တက်ခေါက်ချင်သည့် နှုတ်ခမ်းကိုပြန်ဖိ၍ ကျားလေး တစ်ဖက်လှည့်နေလိုက်ရသည်။

"အခုကျတော့ ပစ္စည်းတစ်မျိုးစီ၊ တစ်စစီပဲ သွင်းလို့ရတာ၊ ဘော်ဒီက ကိုယ့်ဆီကျမှ ကိုယ်ဆိုတော့ မကိုင်နိုင်တဲ့လူတွေ ငုတ်တုတ်မေ့တာပေါ့၊ ခင်ဗျားကျတော့ လူငယ်ဖြစ်ပေမယ့် ကိုယ်တိုင်ရုံးထိုင်တယ်၊ စက်မှုဇုန်မှာ ကိုယ်တိုင်ဦးစီးတယ်၊ ကုမ္ပဏီလုပ်ငန်းချင်းအတူတူကို ခင်ဗျားဆီက ပြန်ဝယ်နေရတဲ့အဖြစ်က ဗျာများသွားတာပဲ"

"ကျွန်တော် အဲဒါမျိုးမလုပ်ဘူးဆိုတာကို ထပ်ပြောချင်ပါတယ်၊ ဒီအလုပ်ကို ကျွန်တော်က ဝါသနာပါလို့လုပ်တာပါ၊ စက်တွေကို ကိုင်နေရပေမယ့် ဥယျာဉ်မှူးတစ်ယောက်လိုပဲ ဖန်တီးမှုအပိုင်းမှာ စေတနာ ပါပြီးသားပါ"

"ဟုတ်ပါပြီဗျာ၊ လုံးဝကို ယုံကြည်တာပါ၊ စိတ်သာချ၊ ခင်ဗျား စိတ်တိုင်းကျစေရမယ်၊ အဲဒီအင်ဂျင် အလုံးနှစ်ရာလောက်ရောက်လာရင် ကြည့်လိုက်၊ စိတ်တိုင်းမကျဘူးဆိုရင် အားလုံး ရန်ကုန်မြစ်ထဲသာ ကန်ချပစ်လိုက်၊ စိတ်မဆိုးဘူး၊ အဲဒီလိုအာမခံတာ"

ညွှန့်သည်ကိစ္စက အဆင်ပြေသွားသည်။ ဒေါသကတော့ ရင်ဘတ်တစ်ခုလုံးအပြည့်။ ပါးစပ်ထဲထိ လျှံထွက်ပြည့်ကျပ်နေပြီဖြစ်၏။ သူ့လှမ်းကြည့်လိုက်မှ လှုပ်ရှားလာသည့် လက်ကိုင်ဖုန်းက 'လာပါ၊ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒပါက်လှည့်ပါ’ ဟု မျက်စပစ် လှောင်ပြောင်နေသည့်နှယ်။

“သူဌေး … သူဌေးအိမ်က …”

ရုံးခန်းထဲကိုရောက်ဖို့ အပြင်ကော်ရစ်ဒါလေးကနေ တစ်ပတ်ကြီး ပြန်ပတ်ရသည်။ ရုံးခန်းတံခါးဝရောက်တော့ မန်နေဂျာက ဆီးပြော၏။ ကျားလေး၏မျက်နှာတင်းတင်းကြောင့် တစ်ပိုင်းတစ်စနှင့် ပြန်ပိတ်သွားလေသည်။

ဒါပေမယ့် ပြောဖို့တော့ လိုက်လာပါသေးသည်။ လှုပ်ခါနေသည့် စားပွဲပေါ်က လက်ကိုင်ဖုန်းကိုမြင်မှ အသာလေးပြန်လစ်သွားတာဖြစ်၏။ ခြင်္သုံးသပ်၍ သူ့သူဌေးမျက်နှာပေါ်က ဒေါသဒီဂရီ ရေချူမှတ်ရောက်နေတာကို နားလည်သွားခြင်းကြောင့် …။

ကျားရော ဖုန်းကို ဖျတ်ခနဲ ဆွဲယူကာ ကိုင်ပေါက်မိတော့မတတ် ဖျစ်ညှစ်ဆုပ်ကိုင်၍ ကြည့်လိုက်၏။ စောစောကလည်း ကြိုးဖုန်းကို ခေါ်သည်။ အိမ်ကဖုန်းမှန်းသိတော့ ပိုဆိုးသွား၏။ ဒါ အန်တီဖေ မဖြစ်နိုင်။

“ဟိတ် … မိထူး မို့လား၊ ပြောစမ်း၊ ဘာကိစ္စတွေရှိနေလို့ ဒီလောက် ဖြစ်နေတာလဲ၊ လူလိုနားမလည်ဘူးလား၊ တစ်ခါခေါ် လို့ မကိုင်မှန်းသိ ရင်လဲ ခဏစောင့်ရှုပ်၊ တောက် …”

“အမလေး … ကြောက်စရာပါလား၊ ကြည့်စမ်း … ဒီမှာတော့ ဖုန်းကိုင်ရ၊ ပြောင်းခေါ်ရနဲ့ လက်တွေညောင်း။ လက်ထိပ်တွေနာ …

ဟင် … မိထူး မှမဟုတ်ဘဲ …။ လေရှူး မှန်းသိလိုက်သဖြင့် မျက်ခုံးနှစ်ဖက်က ပို၍ လူးလွန့်သွားကြသည်။

“ညောင်းနေ၊ နာနေရင် အရင်းကနေ ကပ်ဖြတ်လိုက်တော့ မသနားဘူး”

“ရှင့်ကို သနားဖို့ပြောနေတာမဟုတ်ဘူး၊ လက်ကိုင်ဖုန်းဆိုတာ ကိုယ်မှာဆောင်ထားဖို့ပဲ မဟုတ်ဘူးလား၊ ဖုန်းကိုထားပြီး ရှင်က ဘယ်





ရောက်နေလို့လဲ”

“အံမာကွာ …”

“စက်ရုံဖုန်းကိုခေါ်တော့ သူဌေး မအားသေးလို့တဲ့၊ ဘယ်ဖုန်းနား မှာမှ မရှိရအောင် မအားတာ အံ့ညြစရာပဲ၊ အဲဒါကြောင့်ခေါ်တာ၊ တမင် တကာကို ခေါ်တာ၊ ရှင့်ရဲ့ တုန်ခါသံပေးတဲ့ဖုန်း တစ်ခုခုပေါ်ကနေ ပြုတ်မကျဘူးလား”

“မင်းတော်တော်ယုတ်ပါလား”

“ဝါသနာပါလို့လေ၊ ဟွန်း … ဒီမှာ ပြောတာနားထောင်၊ ဘိုးဘိုး အတွက် ဝယ်ဖို့ဆေးစာရွက် ရှင့်ရဲ့ဖိုင်ကြားထဲမှာ ပါသွားတယ်တဲ့၊ အန်တီဖေပြောတာ”

“အဲဒါနဲ့ အသက်ထွက်အောင် ခေါ်စရာလား၊ မင်း အဲဒီလိုအကျင့် ယုတ်တာကို မသိလို့ အန်တီဖေက ခိုင်းတာဖြစ်မှာ”

“ခန့်မှန်းခြေတွေ ပေးမနေစမ်းပါနဲ့၊ ကြာလို့ …၊ ဒီက ဖုန်းခေါ် နေတာကို ရှင်က အသက် ဖင်ကထွက်ချင်နေအောင် ဒေါသကြီးသလို ကျွန်မကလဲ ‘မကြားဦး၊ မကိုင်ဦး’ ဆိုပြီး နားအုံကို သုံးလေးချက်၊ လက်တွေကို …”

“ဟေ့ .. မင်း … မင်း တော်နော်၊ တောက် … ငါကွာ …”

ကျားလေး တစ်ယောက်တည်း ရှူးရှူးရှားရှား ဖြစ်နေသည်က ဘေးလူမြင်လျှင် ဘယ်ပုံပေါက်နေမည်တော့ မသိ၊ သူကတော့ ဒေါသ ပြီးရင်း ဒေါသဖြစ်လျက် အားလုံးကို သတိမထားနိုင်။

“မင်း တော်တော်ပြောရဲတဲ့ မိန်းမ”

ဒါပဲပြောလိုက်ပြီး ဖုန်းချပစ်လိုက်သည်။ သို့သော် ချက်ချင်းပြန် မြည်လာကာ …

“ပြောရဲတော့ … ရှင့်ကိုဆဲနေလို့လား၊ ယောက်ျားဖြစ်ပြီး ဟွန်း …



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းလိုက်ရရင် မိုက်ရိုင်းတယ်ဖြစ်ဦးမယ်၊ ရှင့်အသံကို ကြားချင်လွန်းလို့ ဆက်တယ်မှတ်နေသလား၊ ပြောစရာကျန်သေးတယ်၊ ရှင့်ကို သေချာပြောဆိုလို့၊ စောစောက ကိုင်တဲ့လူကို မပြောလိုက်တာ"

"ပြော … မြန်မြန်ပြော"

"ရှင်နဲ့နှစ်ကိုယ်ကြား လျှို့ဝှက်ဆွေးနွေးဖို့ ချိန်းမယ်ဆိုတဲ့ ဒေါက်တာမေသော်"

"ဟိုတ် … မင်းဘာပြောတာလဲ"

"ဘာလဲ"

"နှစ်ကိုယ်ကြားမဟုတ်ဘူး၊ လျှို့ဝှက်ဆွေးနွေးပွဲရှိတာ၊ စကားကို ဆင်ခြင်ပြော"

"မပြောနိုင်ဘူး၊ သိတယ်မို့လား၊ ဒီက ရှင်တို့လို သူဌေးမဟုတ်ဘူး၊ ကာလေကချေ …"

"လေရှူး … မင်း လိုရင်းကို မပြောတတ်ဘူးလား"

"ပြောတတ်တယ်လေ၊ ပြောတတ်သလိုပြောတော့ ရှင်က လိမ်လိမ်မာမာ နားထောင်လို့လား"

တောက် …။ ရင်ထဲမှာ တက်ခေါက်ခြင်းက အပြင်သို့အရာမထင်။ ကိုယ်က အိုးရှဲ့ဆိုလျှင် သူမက စလောင်းရှဲ့နဲ့ လာမည်ကိုသိနေသဖြင့် မျိုသိပ်လိုက်ရသည်။

"အဲဒါ ဆက်ပြော၊ ဘယ်နှစ်နာရီချိန်းလိုက်သလဲ"

"ဒီည ကိုးနာရီ"

ဖုန်းချပစ်လိုက်တာ ဝှပ်ခနဲ …။ သူမှာ ဖုန်းကိုင်လျက် ကျန်ခဲ့ရသည့်အဖြစ်။

ကြိုလ်ကောင်မလေး …။





## အခန်း (၂၉)

စက်ရုံဝင်းကြီးထဲကို ကွေ့ဝင်လိုက်သည်နှင့် ရှေ့ပိုင်းလုပ်ငန်းဆိုက်ခွဲလေးတွေဖြစ်သော ရှေ့ဖွင့်တိုက်ပြားလေးတွေကို မျက်လုံးကဲ ဇွဲကြည့်လိုက်မိသည်။

မော်တော်ကားတစ်စီးလုံးကို သူ့အစိတ်အပိုင်းနဲ့သူ တပ်ဆင်ထုတ်လုပ်နေကြသော အလုပ်သမားတွေအားလုံးက နက်ပြာရောင်ဘောင်းဘီရှည်၊ ချိုင်းပြတ်စွပ်ကျယ် ဆင်တူနှင့်ဖြစ်၏။

ထိုထဲမှာမှ အင်ဂျင်နီယာတွေကတော့ အလုပ်သမားတွေသို့ လုပ်ငန်းခွင်သုံး ကာဗာဦးထုပ်ကြီးတွေမပါ။ မီးပြာရောင်ဝတ်စုံနှင့် ရင်ဘတ်မှာ ဆုမွှေးကာဒ်တွေ တပ်ထားကြသည်။

ဒါတွေကို နောက်ထပ်ကျော်၍ အုပ်စီး မျက်လုံးတွေက ကျားလေးဘယ်မှာလဲဆိုတာကိုသာ လိုက်ရှာနေမိသည်။ ကားရပ်ပြီးတော့ ထရပ်ထားကြီးတွေ တန်းစီရပ်ထားသည့်နောက်က ဘော်ဒီရုံကြီးဘက်ကို တွေ့ဝင်လာခဲ့၏။ ထိုရှေ့မှာလည်း အင်ဂျင်ဝိုင်ပုံးတွေ ချနေသည့်ဆေးနှင့် အလုပ်သမားတွေရော၊ ရှုပ်ယှက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားလေးက ဆီရှံမန်နေဂျာနှင့် ခပ်လှမ်းလှမ်းမှာ ထိုင်နေသည်။ ဘောင်းဘီရှည်နက်ပြာ၊ ကုတ်အင်္ကျီနက်ပြာနှင့် ရှပ်အင်္ကျီအပြာရောင်ကို ဝတ်ထားသဖြင့် ထင်းနေသည်။ ပြီးတော့ ပေါင်ပေါ်မှာ လက်ပ်တော့ ကွန်ပျူတာလေးတင်လျက် လက်က အလုပ်လုပ်ရင်း မျက်လုံးကလည်း မနားပေ။

အုပ်စီး အနားရောက်သွားတော့ မော့ကြည့်ပြီး ရှေ့ပြန်လှည့်၏။ သို့သော် ကျားလေး မျက်နှာ ချက်ချင်းပြန်လှည့်လာကာ ...

"ဒါ ဒီမှာလုပ်လို့မရဘူး၊ မီးသတ်ပစ်လိုက်ဦး"

ဆီပုံးတွေကို မေးဆတ်ပြခြင်းနှင့် စီးကရက်လက်ကြားညှပ်တာကို အသာတွန်းလိုက်ခြင်းက တစ်ထပ်တည်းဖြစ်၏။ အုပ်စီးက စီးကရက်ကိုမြှောက်ကြည့်ပြီး ပခုံးနှစ်ဖက်တွန့်၏။ ပြီးတော့ သံမံတလင်းပေါ် ပစ်ချလိုက်၏။

"ဟာ ... အုပ်စီး .."

ကျားလေး ထိုင်လျက်ကနေ စီးကရက်ပေါ်ကို ခြေထောက်တစ်ဖက်နှင့် ကမန်းကတန်း ဖိနင်းချေပစ်လိုက်၏။ အားလုံးပဲ မျက်စိမျက်နှာတွေပျက်ကာ ထိတ်လန့်အံ့ဩသည့်မျက်ဝန်းတွေက အုပ်စီး ထံသို့ ကျရောက်ကုန်ကြ၏။

"ကဲ ... ဆက်လုပ်ကြ"

အုပ်စီး မျက်နှာပေါ်က တမင်တကာ အံ့ဩဟန်နှင့် မထီမဲ့မြင် အပြုံးကို ဥပေက္ခာထားလိုက်၍ အလုပ်သမားတွေဘက်ကို သူ ပြန်လှည့်၏။

ဒါကို တခဏအောင့်ကြာမှ အုပ်စီးနှင့်သူ ပြောဖြစ်ကြ၏။

"ဘာဖြစ်တာလဲ၊ ဒီလောက်အဝေးကြီးကို"

အုပ်စီး က မချိုမချဉ်အပြုံးနှင့် ...။

"အင်ဂျင်ဝိုင်ကို မင်းဂရုမစိုက်ပေမယ့် မင်းနောက်က နံရံမှာ ဆီပုံး





တွေရှိသေးတယ်ကွ၊ အဝင်ဝမှာ ဆေးလိပ်မသောက်ရ လို့ ဆိုင်းဘုတ်ချိတ်ထားတာလဲ ရှိတယ်၊ ဒါ အန္တရာယ်ရှိလို့တားတာ"

"များလှချည်လား၊ မင်းရဲ့စက်ရုံဝင်းက ကားဘော်ဒီရုံမှ ဟုတ်ရဲ့လား၊ ဆီတွေလှောင်တာဆိုလဲ ပိပိရိရိလုပ်ဦး"

"ဟွန်း ..."

ကျားလေးက မဲ့ပြုံးနှင့် စားပွဲနောက်မှာ ဝင်ထိုင်လိုက်သည်။ အုပ်စီး က ရှေ့မှာမထိုင်ဘဲ ကုလားထိုင်ပေါ်မှာ ခြေထောက်တစ်ဖက်တင်၍ ....

"ဘာပြောမှာလဲ၊ ပြောလေ"

မဲ့လိုက်သည့် ကျားလေးနှုတ်ခမ်းကို စိုက်ကြည့်ပြီး ထပ်မေး၏။

"ငါ နိုးဂုက်ရှောင်းဝယ်နေတာဆိုရင် ဆေးလိပ်မသောက်ရလို့ ရေးထားပါ့မလားကွ၊ နည်းနည်းပါးပါးတွေး၊ ဘာလာလုပ်တာလဲ"

"မလာရဘူးလား"

ကျားလေး က စားပွဲစွန်းကို တင်ပါးနှင့်မှီ၍ လက်ပိုက်မေးသည်။ ဖြန့်ဖြေမလိုပြင်ပြီးမှ ဖုန်းဝင်လာသဖြင့် ကိုင်လိုက်ရ၏။

"ဟလို ..."

"...................."

"ဟုတ်တယ်၊ ရောက်ပြီ၊ အားလုံးအတိအကျပဲ"

"........................"

"အဟွန်း ... ဟုတ်ပါပြီ၊ ဟုတ်ပြီ"

"..................."

"တိကျမှန်ကန်ဖို့ပါပဲ၊ ကျွန်တော်ကဖြစ်ဖြစ်၊ ကျွန်တော့်ကိုဖြစ်ဖြစ် 'အားနာခြင်း' နဲ့ ကြားခံဖို့ မလိုဘူးနော်"

"...................."



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ..."

သူ ဖုန်းချလိုက်တော့ အုပ်စီး က တံခါးဝမှာ ကျောပေးရပ်နေရာ ကနေ လှည့်လာ၏။

"ကျားလေး၊ မင်းကိုငါ မေးစရာရှိလို့"

"ဘာလဲ"

မေးဆတ်မေး၍ ကျားလေးက နာရီကြည့်လိုက်၏။ အုပ်စီး က မျက်မှောင်ကုပ်သွားကာ ...

"နာရီတကြည့်ကြည့်နဲ့ လုပ်မနေစမ်းပါနဲ့ကွာ၊ အလုပ်သမားမှ မဟုတ်တာ၊ ကိုယ့်အလုပ်နဲ့ကိုယ်ပဲ၊ ကိုယ်လိုချင်တဲ့အချိန်ကို ယူလို့ ရတယ်"

"မင်းအတွက်က ဟုတ်မှာပေါ့၊ မင်းက သူဌေးသားပဲ"

"ဟား ဟား ... ကျားလေးရာ ..."

အုပ်စီး က နဖူးပေါ် နွဲ့ဝဲကျနေသည့် ဆံပင်အုပ်အုပ်ကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး ...

"လောကကြီးနဲ့ငါ ဒီလောက်လဲ အဆက်အသွယ်မပြတ်သေးပါဘူး၊ 'မနောမြတ်' မှာ မင်း ဘယ်အထိအရေးပါနေပြီလဲဆိုတာ ငါသိပါတယ်၊ သူဌေးရဲ့မြေးနဲ့ လက်ထပ်ရဖို့ထိလေ"

ကျားလေး မျက်နှာတည်သွားသည်။ အုပ်စီး က သူ့ရိုးဖမ်းသည့် မျက်လုံးများနှင့် စိုက်ကြည့်၍ ....

"မင်းတို့အိမ်မှာရောက်နေတဲ့ ကောင်မလေးက ဘိုးဘိုးရဲ့မြေး မဟုတ်ဘူးဆိုတော့ ..."

"အုပ်စီး ..."

ကျားလေး မျက်နှာက အလိုမကျခြင်းများနှင့် ခပ်တည်တည်ပုံကြီး ဖြစ်နေ၏။ အုပ်စီးနဲ့သူဟာ ခင်တော့ခင်မင်ခဲ့ကြသည်။ ငယ်ငယ်ကတော့





ညီအစ်ကိုဝမ်းကွဲတွေ တော်စပ်ကြတာကို သိထားသဖြင့် ညီအစ်ကို လိုပဲ ဖြူစင်စွာ ခင်ခဲ့တာဖြစ်သည်။

အရွယ်တွေရောက်လာတော့ သူကလည်း 'မနောမြတ်' မှာ ကြီးပြင်းခဲ့သည်။ အုပ်စီး ကလည်း 'သဒ္ဒါဖြူ' မှာ သခင်။ အုပ်စီး က မိဘ စည်းစိမ်ကိုယ်ပိုင်နှင့်ဖြစ်ကာ သူကတော့ အရှင်ဓမ္မးလို့ နေ့ချင်းကြီးရ သည့် မိဘမဲ့။

သူဘယ်လိုပဲ တော်နေနေ၊ မပြည့်စုံသည့်ကွက်လပ်တစ်ခုကြောင့် အုပ်စီး က နိုင်ချင်ခဲ့၏။ ဘာဖြစ်ဖြစ် သူသာလျှင် အထက်စီးဆန်ချင် တာမျိုး၊ မတူတာကို မတုနဲ့ ဆိုသော မထိတထိအကြည့်နှင့် စကားသံ တွေပဲ ထွက်လာခဲ့သည်။

မတူဘူးဆိုတာ မရှိစေရ ဟူသောယုံကြည်ချက်ဖြင့် ကြိုးစား အောင်မြင်လာခဲ့သည့် သူ့မှာလည်း မာနရှိသည်။ ငယ်ငယ်တုန်းကဆို ကျောင်းမှာဖြစ်ဖြစ်၊ အပြင်မှာတွေ့တွေ့၊ စကားကောင်းပြောဖြစ်တယ် ဆိုတာ သိပ်မရှိခဲ့ပေ။

ခုတော့လည်း မျိုသိပ်တတ်နေကြပြီဖြစ်၏။ တစ်ယောက်၏မျက် လုံးထဲကစာကို တစ်ယောက်က ဖတ်၍ ကိုယ့်ထင်မြင်ချက်နဲ့ကိုယ်၊ စကားတွေ မလွန်ကျွံခဲ့ကြသော်လည်း ပြုံးတာ၊ မဲ့တာတွေကတော့ မသန့်စင်ခဲ့ပေ။

ကျားလေး က အုပ်စီး ၏နှုတ်ခမ်းအစုံမှာ အကြည့်တို့ကို စူးနစ် လျက် နေရာမှ ထရပ်လိုက်၏။

"မင်း ဒီစကားတွေကို ဒီမှာပဲပြောပါ၊ ဘိုးဘိုးရဲ့ကျန်းမာရေးက အဲဒီအဖြစ်တွေပေါ်မှာ မူတည်နေတာ"

"ဘာဖြစ်လို့လဲ၊ လျှို့ဝှက်ချက်တစ်ခုလို တစဲသက်လုံး လုံခြုံ အောင် ထားလို့ရတာမှမဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ကိုယ့်စည်း ကိုယ့်ကမ်းနဲ့ နေတတ်ကြမယ်ဆိုရင်တော့ ကြာရှည်သိမ်းဆည်းထားလို့ရပါတယ်"

"ဒါတွေ ဘိုးဘိုးသိအောင် ငါက သွားပြောမယ်လို့ မင်းထင်လို့လား"

'မင်းက ထင်ထိုက်တဲ့လူပဲ' ဟု စိတ်ထဲကပြောမိရင်း စိုက်ကြည့်သည်။ တစ်ဆက်တည်းမှာ ဒီလိုဖွင့်ပြော၍ တားလိုက်မိတာမှားပြီဟုလည်း တွေးလိုက်မိသည်။

မလုပ်နဲ့ဟုတားလျှင် မရရအောင်လုပ်တတ်တာဟာ သူစိမ်းလူကိုသာ မဟုတ်ပေ။ အိမ်က မိဘကိုပင် အုပ်စီး တို့က ဂရုမစိုက်တာဖြစ်သည်။ ဟိုးငယ်ငယ်တုန်းက အဖြစ်တစ်ခုပါ။

ရှမ်းပြည်ဘက်က ရှားပါးစွာရလာခဲ့သော 'မေခလာနွယ်' ဆိုသည့် နွယ်ခွေလို သစ်ပင်ဖုတ်လေးကို ပန်းအိုးလေးထဲမှာ ဦးအောင်လင်းက တယုတယ မွေးမြူထားခဲ့၏။

တီကောင်လုံးအရွယ်လေးတွေသာရှိသော ကြေးနီရောင်နွယ်ခွေလေးတွေက အတွေးလိုက်လေးထဲမှာ နဂါးအမောက်ထောင်သလို အတက်ကလေးတစ်ခုကပဲ ထောင်မတ်စွာ ရှိနေသည်။

ဒီအိုးကလေးကို တယုတယ အုပ်ဆိုင်းစောင့်ရှောက်ထားခဲ့တာကို မသိသေးခင်က အုပ်စီး က အမှတ်တမဲ့ပင်။ ကျားလေးလည်း သူနဲ့အတူ ထိုပန်းအိုးလေးနှင့် မနီးမဝေးမှာပဲ ရှိနေခဲ့တာဖြစ်သည်။

ဦးအောင်လင်းက လက်ညှိုးညွှန်ပြလိုက်တော့မှ ...

"သားတို့၊ ဒီပန်းအိုးလေး မလဲစေနဲ့နော်၊ ဒီမှာ အပေါ်က ကာထားတဲ့ ပိုက်အုပ်လေးကိုလဲ သွားမလှန်လိုက်နဲ့၊ ပန်းမဟုတ်ဘူး။ အဲဒါက ဆေးပင်၊ မေခလာနွယ်လို့ ခေါ်တယ်၊ လူကြီးရောဂါထဲမှာ အဆိုးဆုံးဖြစ်တဲ့ ရင်ကျုပ်ပန်းနာကို ယူပစ်သလိုပျောက်တဲ့ဆေးပင်၊ သူကိုယ်တိုင်





က အသက်ကယ်ဆေးဖြစ်ပေမယ့် သူကိုယ်သူကုဖို့ကျတော့ ဆေးမရှိဘူး။ ဒီအတက်လေးကနေ အဖူးထွက်မလာမချင်း နေရောင်တိုက်ရိုက်ထိလို့မရဘူး၊ အဖူးမြင်ရပြီး ကိုးရက်ဆယ်ရက်ကျမှ ခေါင်မိုးဖယ်ပေးရတယ်"

သေချာလက်ညှိုးညွှန်ပြပြီး ရှင်းတော့မှ အုပ်စီး စိတ်ဝင်စားသွားခဲ့တာ ....

"အဖူးမထွက်ခင် နေပူထိရင် ဘာဖြစ်လဲ ဖေဖေ၊ မပွင့်တော့ဘူးလား"

"အဖူးက ပန်းပွင့်မယ့်အဖူးမဟုတ်ဘူးကွ၊ သူက အရောင်နည်းနည်းပဲပြောင်းသွားတာ၊ အရောင်ကိုမှတ်ပြီး ခူးဖို့ကာလကို သတ်မှတ်ရတယ်၊ သုံးဖူးမဟုတ်ရင် ငါးဖူးဖူးတယ်တဲ့၊ သူက စုံ ဘယ်တော့မှမဖူးဘူး 'မ' ပဲဖူးတယ်၊ တစ်ခါဖူးပြီးရင် သုံးလကြာမှ နောက်တစ်ခါဖူးတယ်၊ အဖူးကိုးဖူးရရင် ဆေးဖော်လို့ရပြီလေ၊ စိတ်ဝင်စားဖို့သိပ်ကောင်းတဲ့ ဆေးပင်ပဲ၊ နှစ်ခါဖူးပြီးရင်လဲ ထပ်မဖူးတော့တာက ထူးဆန်းနေတာပဲ၊ အဲဒါကြောင့် သားတို့ကို ဖေဖေမှာနေတာ၊ ဒီကောင် နေရောင်ထိတာနဲ့ သေမှာနော်၊ ဝေးဝေးမှာဆော့"

ရှည်ရှည်ဝေးဝေး ရှင်းပြသွားခဲ့တာကိုက အုပ်စီး ကို ထိပ်ပုတ်စသွားသလို ဖြစ်ခဲ့သည်။ သူ့ကို မျက်စပစ်၍ ဆေးပင်နားကို ကပ်သည်။ ကျားလေး ကလည်း စိတ်ဝင်စားနေသည်။ 'လုပ်ကွ' လို့ မတိုက်တွန်းပေမယ့် 'မလုပ်ပါနဲ့' လို့လည်း မတားမိခဲ့ပေ။ အုပ်စီး ဆိုးဆိုးဆတ်ဆတ် လုပ်ပစ်လိုက်တာကို စိတ်ဝင်တစား ကြည့်နေခဲ့မိ၏။

အပေါ်အုပ်ပိုက်စိပ်လေးကို ဖယ်ရုံတင်မကဘဲ နေကောင်းကောင်း ရသည့်နေရာမှာ ဆေးပင်ကို ရွှေ့ထားလိုက်သေးသည်။

"ဟား ဟား ... လာ ကျားလေး၊ ငါတို့ ထိုင်ကြည့်ရအောင်"

ထိုင်ကြည့်နေတော့ ဘာမှမဖြစ်ပါ။ အုပ်စီး ရှုံ့မဲ့ညည်း၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကိုမျှော်လင့်ပြီး ကြာမြင့်စွာ ဒုက္ခခံ၏။

"သေလဲ မသေဘဲနဲ့"

ဟုဆိုရင်း နေရာတကျပြန်ရွှေ့ပြီး ခြေထောက်နှင့်ကန်လိုက်သေးသည်။

"မောလိုက်တာ၊ သွား ..."

ဒီအဖြစ်တွေကို အိမ်မကပ်အားလောက်အောင် အလုပ်ရှုပ်နေတတ်သည့် ဦးအောင်လင်းက ရုတ်တရက် သတိမထားမိပေ။ သူကြည့်တော့ ဆေးပင်က နွမ်းခွေကျသွားပြီဖြစ်၏။

မှုက်မှုက်ညံ့နေခဲ့သည့် ဖခင်ဖြစ်သူကို အုပ်စိုး က ပြန်ပြောခဲ့သေးသည်။

"တကယ်သေမသေ သိချင်လို့ပေါ့ ဖေဖေရ"

ဆိုတော့ ဦးအောင်လင်း လက်သီးဆုပ်ကြီးနှင့် ပြေးရွယ်၏။ လင်းအုပ်စိုး ၏ရာဇဝင်က ဤသို့ရှိခဲ့လေသည်။ ရှေးဟောင်းနှောင်းဖြစ်တို့ဆီ စိတ်ရောက်သွား၍ မျက်မှောင်ကြီးကုပ်ရင်း ငိုင်သွားသည့် သူ့ကို အုပ်စိုး ကရယ်သည်။

"ပူမနေပါနဲ့ကွာ၊ မပြောပါဘူး၊ ငါက မင်းရဲ့ဘိုးဘိုးကို စိတ်ဝင်စားလို့မေးတာမှမဟုတ်တာ"

ဘာလဲ ...။ ကျားလေး မျက်လုံးတွေ အုပ်စိုး ထံရောက်သွား၏။ အုပ်စိုး က ခေါင်းညိတ်လိုက်ပြီး ...

"အန်တီမြတ်ပြောသံ ကြားတာလေ၊ မင်းခေါ်လာခဲ့တာဆို"

ကျားလေးနှုတ်ခမ်းတွေ စေ့ပိတ်သွား၏။

"မေးကြည့်တာ၊ မဖြေလဲရတယ်၊ ကောင်မလေးက ချစ်စရာလေးမို့လို့ မင်းမျက်နှာကို ငါ ပြေးကြည့်တာ"

ပြောရင်း ရယ်ပြန်သည်။ ထွက်သွားတော့မလိုလို ကျောခိုင်းပြီးတော့မှ ပြန်လှည့်လာကာ ...





"မင်းမဆိုးပါဘူး။ ကောက်ရလာတာတောင် သန့်သန့်လေး"

"အုပ်စိုး ..."

"တိတ်တိတ်နေစမ်းပါကွာ၊ သမာဓိက မင်းမျက်နှာပေါ်မှာပဲ ရှိတာပါ၊ နှလုံးသားမှာ သမာဓိမရှိပါဘူး"

"ဘယ်မှာဖြစ်ဖြစ် ငါကတော့ ရှိတယ်၊ မင်းနဲ့လေရှူး မိတ်ဟောင်းဆွေဟောင်းတွေဖြစ်ခဲ့ပုံရတယ်လို့ အန်တီဇင်ကလဲ ငါ့ကိုပြောဖူးတယ်၊ ငါနဲ့သူ့ကို မင်းထင်နေလို့လား"

"မထင်ပါဘူး၊ မင်းရဲ့သုံးမရတဲ့ နှစ်ချို့သမာဓိတွေမှ မကျွာသေးတာ၊ ငါနဲ့လေရှူး မိတ်ဆွေဟောင်းတွေလဲ မဟုတ်ဘူး၊ ဒါပေမယ့် ပတ်သက်ခဲ့ဖူးတယ်"

မျက်လုံးချင်း လက်ခနဲ ဆုံ၏။ အုပ်စိုး က ထိုအကြည့်မှာပဲ အဝိုင်းညှိတုတ်လိုက်မိသော အပြုံးနှင့် ပွန့်ခနဲ မဲ့သည်။

"ရိုးရိုးပတ်သက်တာပါ။ နောက်ဆိုရင်တော့ မသေချာဘူး၊ အဲဒါကို မေးမလို့ပဲကွ၊ ဒီမှာ ..."

အုပ်စိုး က မေးဖျားကို လက်မနှင့်ခြစ်နေရင်း စဉ်းစားသည်။ အနေတာကို စဉ်းစားနေတာနှင့်မတူ၊ တစ်ဖက်သား၏သိချင်စိတ်ကို သခင်တူးဆွနှိုက်ယူနေသလိုဖြစ်ကာ ...

"ဘိုးဘိုးရဲ့ မြေးအစစ် ပေါ်မလာမချင်း မင်းက နိုင်းထားမှာလား"

"မပြောတတ်သေးဘူး"

"စာချုပ်ထားတာမို့လား၊ အဲဒီကာလကိုပဲ ပြော"

"လိုအပ်ရင်ပြင်ဆင်ဖို့ နှစ်ဖက်စလုံးက သဘောတူထားတာ"

အုပ်စိုး ကရယ်သည်။ လာခဲ့တုန်းက ဒီလောက် လေးလေးနက်နက် ပြောဖို့မပါ၊ လေရှူး ဆိုတဲ့ကောင်မလေးလောက်ကို အုပ်စိုး စပွဲမညှင်းဆိုလျှင် ရာဇဝင်ရိုင်းသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားလေးကို မထိတထိပြောဆိုရယ်မောရခြင်းက ရည်းစားနဲ့တွေ့ရတာထက် ပို၍ ိ်က်ဝင်စားဖို့ကောင်းသည်။ ဒီလိုဆုံဖြစ်ကြပြီဆိုလျှင် ပါးစပ်ထဲမှာ အကြောင်းအရာတစ်ခုခု ပါလာရမည်မို့ ပြောဖြစ်သွားတော့ ဆောင်းလေရူး အကြောင်းဖြစ်နေခဲ့၏။ ကျားလေး မျက်နှာပေါ်မှာ ဝေဒနာကောက်ကြောင်း ဘာမှမရှိပါ။

မိန်းမနှင့်ပတ်သက်လျှင် သူက သူများတကာလို ကျွန်းခံနေတာမဟုတ်ဘဲ ဂရုကိုမစိုက်ခဲ့တာဖြစ်သည်။ ကိုယ်က မကြိုးစားခဲ့တော့ ကျားလေး ကြိုးစားသမျှက ကိုယ်ညှိဖို့ချည်းဖြစ်နေသဖြင့် ဒီကောင်မာနကြီးလွန်းတာကို အမြင်ကပ်မိတာလည်း မှန်သည်။

ရန်စတာက တစ်ဖက်သားမခံမရပ်နိုင်ဖြစ်နေမှ ပျော်ဖို့ကောင်း၏။ ကျားလေး ၏မျက်နှာပေါ်မှာ အမြဲတမ်း ရွှတည်တည်ဖြစ်နေသဖြင့် အနီးစပ်ဆုံး ဆုပ်ဖမ်းမမိခဲ့ပေ။ သေချာသည်က လေရူးနဲ့ပတ်သက်ပြီ ကျားလေး၏မာနက ဒေါင်ဒေါင်မြည်နေသည်ပင်။

"အေးပေါ့လေ၊ မင်းတို့ကိစ္စတွေပဲ၊ ဘာပဲဖြစ်ဖြစ် လေရူး က အပြင်လှပဲဆိုတော့ .."

စကားကိုဆက်မပြောဘဲ နှခေါင်းတစ်ချက်တွန့်၏။

"အိုခေ ... ငါသွားမယ်"

နှုတ်ဆက်သံက ကျန်နေခဲ့ပြီး လူက ပျောက်သွား၏။ ကျားလေး မျက်နှာက တစ်စတစ်စတင်းမာလာလျက် ကုလားထိုင်မှာ ပြန်ထိုင်လိုက်ပြီး အံကြိတ်သည်။

အုပ်စီး နဲ့ ဒီကောင်မလေး ဘယ်လိုပတ်သက်လာတာလဲ၊ ပြော အရဆိုလျှင် အုပ်စီး ၏ စိတ်ဝင်စားမှုက အခုမှစလာတာဖြစ်ပြေ သူ့ကို နိုင်ချင်တာလား၊ ဒါက ဘာဆိုင်လို့လဲ၊ လေရူးနဲ့သူ ဘာမှဆိုင် မဟုတ်ဘဲ ဘာကို ဂရုစိုက်ရမှာလဲ။ ကိုယ့်ဘက်က ရှင်းပါသည်။ လေ





လို မိန်းကလေးမပြောနှင့်၊ ဘယ်မိန်းမမျိုးကိုမှ စိတ်ဝင်စားခဲ့ဖူးခြင်း မရှိပေ။

အုပ်စီး က လေရူး ကို စိတ်ဝင်စားတာကျတော့ ဆန်းနေသည်။ ဒီကောင် ရုပ်တတ်ပေမယ့် အခြေမဲ့အနေမဲ့လေးတွေကို ငွေနဲ့ပေါက်၍ ဖျက်ဆီးခဲ့တာမျိုးမဟုတ်၊ တကယ့်စံချိန်မီ ချောချောလှလှလေးတွေ နဲ့တွဲခဲ့တာဖြစ်သည်။

လေရူး မှာ စိတ်ဝင်စားစရာ ဘာရှိနေလို့လဲ ...။

❂ ✿ ❂



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"သားရေ ... လာလေ၊ ဒီမှာ ... ကျောက်ပွင့်သုပ်လေး အရမ်းကောင်းတာပဲ၊ နည်းနည်းလာမြည်းကြည့်၊ လာ ..."

သူ လှမ်းကြည့်လိုက်တော့ ဧည့်ခန်းမှာ မိသားစုတွေ စုံနေကြသည်။ လေးလေးနဲ့အန်တီဇင်က အသုပ်ပန်းကန်တစ်ချပ်နှင့် တီဗီရှေ့မှာ စားသောက်ရင်း ငြိမ်းချမ်းနေကြသည်။ ဘိုးဘိုးက ဒရင်းဘက်ခ်နှင့် ခပ်လှမ်းလှမ်းမှာဖြစ်တော တီဗီကိုပဲ မျက်နှာမူထား၏။ ဘိုးဘိုးရဲ့ဘေးမှာ လေရှူး သည် စာရွက်နှစ်ရွက်နှင့် ဘာတွေရေးခြစ်နေမှန်းတော့ မသိပေ။ မိသားစုထဲမှာ ဒီလိုမြင်ကွင်းမျိုးလေးကို မမြင်ခဲ့ရတာ ကြာပါပြီ။

ဘိုးဘိုး၏ စိတ်ဝေဒနာ ဘယ်လိုဆေးနဲ့မှ ကုလို့မရခဲ့ဘဲ တကယ်ကို အသက်ပါတော့မတတ် ဖြစ်နေခဲ့သည်။ သေဆုံးသွားတာလည်း မဟုတ်၊ ခေါင်းလည်းမထူတော့ဘဲ အချိန်တွေကုန်ဆုံးသွားခဲ့တာ နည်းသလား။

ဘိုးဘိုးကိုကြည့်၍ တစ်အိမ်သားလုံး ဘာလုပ်၍ဘာကိုင်ရမှန်း





မသိ၊ ဘယ်လိုကုထုံးတွေနှင့် ကုရမှန်းမသိတော့ဘဲ ခုလို တီဗီရှေ့မှာ ထိုင်နိုင်ဖို့တော့ အဝေးကြီးပင်။

"လာ ... သား"

ဒေါ်သဇင်က သူလျှောက်သွားတော့ ကျောက်ပွင့်သုပ်ထားသည့် ပန်းကန်ကို လက်ထဲထည့်ပေးသည်။

"အန်တီဇင်တော့င်မှ ဒီအရွယ်ရှိပြီ၊ ကျောက်ပွင့်သုပ် တစ်ခါမှ မစားဖူးဘူး"

"ဘယ်သူသုပ်တာလဲ"

"လေရှူး လေ၊ ဒီနေ့ သူ မီးဖိုထဲဝင်နေတာ"

စားမလို့ ဖွန်းကိုင်ပြီးမှ လက်က တုံ့သွားသည်။ အန်တီဇင့်မျက်နှာကိုလည်း အံ့ဩသလို ကြည့်မိ၏။ လေရှူး ကို ဘယ်လိုမှ ကြည့်မရပါဘူးဆိုပြီး ခုတလောမှာ ခေါ်ခေါ်ပြောပြောနှင့် အပေးအယူတွေ တည့်လို့ပါလား။

"စားလေကွာ၊ မင်း ကြိုက်မှာပါ"

ဦးမင်းညို ထပ်ပြောမှ သူ တစ်ဖွန်းစားသည်။ ကြက်သွန်စိမ်းနှင့် မြေပဲနှံ့လေး သင်းနေသည်။ အရသာက ဘယ်လိုပြောရမှန်းမသိဘဲ ဆိမ့်ဆိမ့်လေးနှင့် ဝါးလို့ကောင်း၏။

သူ လေရှူး ဆီသို့ မျက်လုံးတစ်ချက်ရောက်သွားသည်။ လေရှူးက သူ့ကိုမကြည့်ပါ။ စာရွက်ကို ပေါင်ပေါ်မှာတင်လိုက်၊ ကြမ်းပေါ်မှာချလိုက်နှင့် ဘိုးဘိုးမျက်နှာကို မော့ကြည့်လိုက်တာမျိုးလည်း ရှိသည်။

"ကျွတ် ..."

ဦးစက်ရှင်ထံမှ ရှုံ့မဲ့မဲ့မျက်နှာကြီးနှင့် အသံထွက်လာသည်။ အားလုံး သူ့ထံသို့ စိုးရိမ်သည့်မျက်လုံးတွေ စုပြုံသွားကြသည်။ အနားမှာရှိနေသည့် လေရှူး က ကြမ်းပေါ်မှာ ထိုင်နေရာကနေ ခုလေး

www.burmeseclassic.com



ထောက်လျက် ဦးစက်ရှင်၏ ခြေထောက်နှစ်ဖက်ကို ကိုင်ကာ ...

"ဘိုးဘိုး ဘာဖြစ်လို့လဲဟင်၊ ရင်ထဲက မကောင်းလို့လား၊ ခေါင်းမူးတာလား"

"ဘာမှမဟုတ်ပါဘူးကွယ်၊ တစ်နေ့လာလဲ ဒါတွေပဲကြည့်ကြည့်နေရတာ၊ မကြည့်ချင်တော့ဘူး"

ဒေါ်သဇင်က တီဗီဆီသို့ကြည့်ကာ ဦးမင်းညိုကို မေးဆတ်၏။ ဦးမင်းညိုက ပြုံးလိုက်ကာ ...

"ဦးလေးက ဒီဇာတ်လမ်းတွဲတွေကို မကြိုက်ဘူးလား၊ ကိုရီးယားဇာတ်လမ်းတွေက လူကြိုက်များတော့ ဦးလေးလဲ စိတ်ဝင်စားလို့ကြည့်နေတယ်မှတ်တာ"

ဦးစက်ရှင်က ဘာမှထပ်မပြောဘဲ မျက်လုံးကြီးမှိတ်၍ ခေါင်းပဲခါနေသည်။ ကျားလေးနဲ့ဒေါ်သဇင် မျက်နှာတွေ မကောင်းကြတော့ပါ။ ဒေါ်သဇင်က တီဗီကို လှမ်းပိတ်လိုက်ပြီး ...

"ဘိုးဘိုးက ဒါတွေမကြိုက်ရင် ဘာကြည့်ချင်လို့လဲ၊ ကျွန်တော်သွားဝယ်လိုက်ပါ့မယ်"

"ဘာကြည့်ချင်တယ်တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် ရယ်စရာမောစရာလေးတွေဆိုရင် တော်သေးတာပေါ့၊ သေခါနီးတဲ့အရွယ်က သေအောင်ချစ်ပြနေတာတွေကို ကြည့်ရတော့ နောက်ဘဝဇာတ်ပြီး ထပ်သေချင်စိတ်တောင်ပေါက်တယ်"

ကလေးဆိုးကြီးလို ရှုံ့မဲ့ညည်းနေသဖြင့် နှမ်ပဲ ပြုံးနိုင်ကြတော့သည်။

"ဒါဆို သားက မင်းဘိုးဘိုးကို ကာတွန်းကားတွေ ဝယ်ပေးလိုက်ပါလား၊ ကြွက်နဲ့ကြောင် ဇာတ်လမ်းတွဲလေးတွေ"

ဒေါ်သဇင် ပြောလိုက်တော့ ဦးစက်ရှင်မျက်နှာက စိတ်ဝင်စားသလိုတော့ ဖြစ်သွား၏။





"ဘိုးဘိုးက ရယ်ချင်လို့လား"

လေရှူး က ရှေ့ကိုပိုတိုး၍ ပါးစပ်ပြင်သည်။ လက်ဝါးလေးနှစ်ဖက်ကို ဖိကပ်ပွတ်ရင်း မျက်ခုံးလေးတွေပင့်တက်နေသည်အထိ စဉ်းစားလိုက်၍ ...

"ဘိုးဘိုးကို လေရှူး အရမ်းချစ်ကြတဲ့လင်မယားနှစ်ယောက်အကြောင်း ပြောပြမယ်၊ ဘိုးဘိုး နားထောင်မလား"

"ရယ်စရာလား မြေးရဲ့"

"ရယ်စရာပေါ့၊ လေရှူး ပြောပြီဆိုရင်တော့ ရယ်စရာမကောင်းရင်လဲ ဘိုးဘိုး ရယ်ရမှာပဲ"

"ဟေ .."

ဦးစက်ရှင် မျက်ခုံးထူထူကြီးနှစ်ဖက် မြင့်တက်သွား၏။ ဦးမင်းညိုက ပြုံးသည်။ နောက်လှည့်မကြည့်ဖြစ်မေမယ့် နားတော့စွင့်ထားပြီးသား ဖြစ်သွားခဲ့၏။

ဒေါ်သဇင်နှင့်ကျားလေးက မျက်နှာချင်းဆိုင်မို့ ခေါင်းရော၊ လက်ရောပါအောင် ပြောနေသည့် လေရှူး ကိုမြင်နေကြရသည်။

"တကယ်ပြောနေတာ ဘိုးဘိုးရဲ့၊ အဲဒီလင်မယားက အသက်ကြီးမှ အိမ်ထောင်ပြုကြပြီး အရမ်းလဲ ချစ်ကြတယ်တဲ့၊ သူတို့က တောမှာနေကြတာဆိုတော့ သူ့မိန်းမ ကိုယ်ဝန်ရှိလာတော့ ကိုယ်ဝန်ကို စိုးရိမ်လွန်းပြီး ရွာဆေးခန်းမှာထိုင်တဲ့ ဆရာဝန်ကိုရော၊ သားဖွားဆရာမကိုရော ရွာထဲက လက်သည်တွေပါမကျန် အကုန်လုံးကို အပ်ထားတာပေါ့ ဒါပေမယ့် ကလေးမွေးတဲ့အချိန်ကျတော့ ကလေးက ထွက်မလာတော့ဘူး"

"ဟေ ... ဘာဖြစ်လို့တုန်း"

"ထွက်မလာပါဘူးဆိုမှ မထွက်ချင်လို့ဖြစ်မှာပေါ့ ဘိုးဘိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဩော် ... ရှင်းပါပြီ"

"ဟား ဟား ဟား"

ဦးမင်းညိုက အသံထွက်အောင်ရယ်သည်။ ဒေါ်သဇင် မပြုံးဘဲ မနေနိုင်တော့ပေ။ လေရှုး က လွတ်လွတ်လပ်လပ်လေး ပြောနေရင်းကနေ အားလုံး သူ့မထံမှာ အာရုံရောက်နေကြတာမြင်တော့ နားရွက်လေးကုတ်၍ ရယ်ကျဲကျဲနှင့် ...

"ကဲ .. ပါ၊ ပြောပါဦး မြေးရဲ့၊ ကိုယ်ဝန်ဆောင် ဘယ်လိုမီးဖွားသွားသလဲ"

ဦးစက်ရှင်က ပြုံးပြုံးကြီးနှင့် ဆက်မေးသည်။ ထိုအခါကျမှ —

"ဘယ်လိုမှ ကလေးကမထွက်တော့ ဆရာဝန်လဲ စိတ်ညစ်၊ သားဖွားဆရာမရော၊ လက်သည်တွေရော၊ ဝိုင်းနေပြီး ဘာမှမလုပ်တတ်ဖြစ်နေကြတာပေါ့။ တောဆိုတော့ ခွဲဖို့၊ ဆွဲဖို့ ခေတ်မီစက်ကိရိယာတွေက မရှိ ..."

လေရှုး ခွဲသလို၊ ဆွဲသလိုပုံတွေ အားရပါးရ လုပ်ပြလိုက်ပြီး ဘေးဘီကိုသတိရကာ လက်က လေထဲမှာ တန်းလန်းကြီး ရပ်သွားသည်။ စကားသံလည်း တိတ်ကျသွား၏။

ကျားလေး မျက်နှာငုံ့ပစ်လိုက်ပြီး ပြုံးသည်။

"အဟွန်း ... အဲ .. အဲဒါလေ၊ အဲဒီလိုဆိုတော့ ကလေးက မမွေးနိုင်ဘူးဖြစ်နေတာပေါ့၊ သူ့ယောကျ်ားလဲ အခန်းရှေ့မှာ မျောက်ဖင်ပုရွက်ဆိတ်အုံပေါ် ထိုင်မိသလိုဖြစ်ပြီး ..."

"မြေးရယ် ... မျောက်မီးခဲကိုင်မိသလိုဆို တော်ရောပေါ့၊ ဘိုးဘိုး တောင် ဖင်ယားသလိုဖြစ်သွားတယ်"

"ဟား ဟား ဟား"

အားလုံး ရယ်လိုက်မိကြသည်။ လေရှုး လည်း ရှက်ရယ်ရယ်





ရယ်လျက် ကျားလေးကိုကျမှ 'ရှင် မရယ်ပါနဲ့' ဆိုသည့် မျက်မှောင်ကုပ်လေးနှင့် ငွေ့ခနဲ့ ကြည့်၏။

"စာအုပ်ထဲမှ ဒီတိုင်းပဲဖတ်ရတာ ဘိုးဘိုးရဲ့"

"ဟုတ်ပြီ၊ ဟုတ်ပါပြီ၊ ကိုင်း ... ဆက်ပြောပါဦး"

"သူ့ယောကျ်ားက ခန်းဆီးစလေးကိုမ,ပြီး ခိုးခိုးချောင်းတော့ အထဲမှာ ဘာတွေဖြစ်နေကြတာလဲဆိုတာကို ရိပ်မိတာပေါ့၊ ပြီးတော့ အနီဝတ်ဆရာမလေးက ဘာပြောသလဲဆိုတော့ 'ရေမွှာလဲ ပေါက်နေပြီ ကြာရင် ဒုက္ခရောက်တော့မှာပဲ၊ ကလေးက ခေါင်းဆိုက်နေကာမှ ထုံးဝကို မတိုးတော့တာ' တဲ့"

"အင်း ... အဲဒီတော့ ဘာတွေလုပ်ကြတုန်း"

"ဘာမှမလုပ်တတ်ကြဘူး၊ လုပ်ချင်တာလဲ ဘာမှလုပ်မရဖြစ်နေတုန်း သူ့ယောကျ်ားက စူပါမဲင်းအရုပ်လေးကိုင်ပြီး အခန်းထဲ ပြေးဝင်သွားတယ်"

"အင်း ..."

"မွေးလူနာက မြင်မကောင်း ရှုမကောင်းဖြစ်နေတုန်း ယောကျ်ားဝင်လာတော့ ဆရာမတွေက ဝိုင်းပြောကြတာပေါ့၊ ဒီမှာ ကလေးက ထွက်နိုင်ရတဲ့အထဲ သူက ကစားစရာကိုင်ပြီး ဇစ်စောင့်နေသေးတယ်၊ 'ပြန်ထွက်၊ ပြန်ထွက်' ဆိုပြီးတော့လေ"

"ဟုတ်သား ..."

"မဟုတ်ဘူး ဘိုးဘိုးရဲ့၊ အဲဒီယောကျ်ားက သူ့မိန်းမ ကလေးမွေးနိုင်အောင် ကူညီခဲ့တာ"

"ဟင် ..."

လေရှုး က စာရွက်လေးကို အလိပ်လေးလုပ်ကိုင်ပြီး လူနာရှင်ယောကျ်ား ပျာယာခတ်နေသလို လုပ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဆရာမရဲ့၊ ကလေးမထွက်တာကို ထွက်ချင်အောင် လုပ်ပေးမလို့ပါ။ ကစားစရာလေး သူမြင်အောင်ပြလိုက်ရင် လှမ်းဆွဲချင်ဆွဲမှာ၊ အဲဒီကျမှ လက်ကလေးကနေ ဆွဲထုတ်လိုက်ရင် ပြီးတာပဲ တဲ့"

"ဟား ဟား ...."

"မြေးရယ်၊ ကြံကြံဖန်ဖန်"

"ဘယ်ကလာ ကြံကြံဖန်ဖန်ရမှာလဲ ဘိုးဘိုးရဲ့၊ ကလေးက တကယ် လှမ်းဆွဲတာ"

"ဟေ ..."

"ဖွ ...."

ကျောက်ပွင့်သုတ်နှင့် ရေနွေးကြမ်းနှင့် မြိမ့်နေသော ဦးမင်းညို ရယ်ရင်း ရေနွေးတွေ သီးကုန်တော့သည်။ ဦးစက်ရှင် မျက်လုံးပြူး မျက်ဆံပြူးလျက် ...

"ကလေးက အရုပ်ကို တကယ်ဆွဲတာလား"

လေရှူး က ပိုင်ပိုင်နိုင်နိုင် ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ယောကျ်ားက ကစားစရာပြပြီး 'သားကြီး၊ ဒီမှာ မင်းကစားဖို့ကွ၊ ရော့ ... ရော့' လို့ သူမိန်းမခြေရင်းကနေ ခေါ်နေတုန်း မိန်းမက စူးစူးဝါးဝါး ထအော်တော့တာပဲ၊ အဲဒီမှာ ကလေးက ကိုး မအေက ညှစ်နဲ့ ခေါင်းနဲ့လက်လေးတစ်ဖက် အရင်ထွက်လာရော"

"ကြည့်စမ်း၊ တော်တော်အဆင်ပြေတဲ့နည်းပဲ"

ဦးစက်ရှင် တဟားဟားရယ်ရင်း ကိုယ့်ပေါင်ကိုလည်း ပြန်ရိုက် သည်။ ဘယ်သူမှမရယ်ဘဲ မနေနိုင်၊ ကျားလေး နေရာမှထရပ်လိုက် ကာ မျက်နှာကို အရင်လွှဲလိုက်ရသည်။ ဒါတောင် ကျောနောက်မှာ ရယ်သံတွေနှင့်။ လေရှူး ကလည်း ပြောလို့မပြီးနိုင်။

"ဘိုးဘိုး ... အဲဒါ တကယ်နော်၊ မယုံဘူးလား"





"ယုံပါတယ်ဗျာ၊ ယုံပါတယ်၊ ဟား ဟား...."

ဆရာဝန်က အဲဒီယောကျ်ားကို ပြောသေးတယ် သိလား၊ 'ခင်ဗျား မဆိုးဘူး၊ အိတ်စိပ်ပို့အင်ပို့ နှစ်မျိုးစလုံး ပိုင်တယ်'တဲ့"

ကျားလေး အခန်းတံခါးဆွဲဖွင့်လိုက်ရင်း အသံထွက်အောင် ရယ် မိသည်။

ဘာကောင်မလေးမှန်း မသိ ....။

✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၁)

ဒီဗိုင်းကြမ်းတွေအပ်ခဲ့ပြီး ကိုယ့်အိမ်လေးကို သတိရတာနှင့် ခြေဦးလှည့်ခဲ့မိ၏။ အရင်က ပြေးတက်ပြေးဆင်းရှိခဲ့ဖူးသော လှေကားထစ်လေးရှေ့မှာ မနင်းဖြစ်သေးဘဲ ရပ်နေမိတာ ဘယ်လောက်ကြာသွားမှန်းမသိ။

"ဟေး ... ငါ့သမီးပါလား၊ အထဲဝင်ချင်လို့လား သမီး၊ ကြီးကြီး ဖွင့်ပေးမယ်လေ"

နောက်ဖေးခြံမှာနေသည့် ဒေါ်နုရီက အပြေးတစ်ပိုင်းရောက်လာသည်။

လေရှူး နားလည်သွားသည်။ အိမ်ရောင်းပစ်လိုက်ပြီလို့ပြောပြီးသော့ကို ဒီမှာအပ်သည်။ လေရှူး ကိုတော့ 'မနောမြတ်' ကို သွားဖြစ်အောင် တွန်းပို့ခဲ့တာဖြစ်သည်။

ဒီလိုဖြစ်အောင်လုပ်တာ ဖြစ်မှာပါလို့ ချစ်သုံ့ ပြောခဲ့တုန်းက လေရှူး လက်မခံခဲ့ပေ။ ခု တကယ်လာကြည့်တော့မှ နားလည်သွားသည်။ အဖေ ဘာဖြစ်လို့ ဒီလိုတွေ လျှောက်လုပ်နေတာလဲ။





ဒီမှာကျတော့ လေရှူး ကို သူဌေးရဲ့ မြေးဖြစ်သွားပြီဟု ပြောထားခဲ့သည်။ လေရှူး မသက်သာသည့် ပင့်သက်တစ်ချက် ရှိုက်မိကာ ....

"အဖေ လာသေးလား ... ကြီးကြီး"

"မလာဘူး သမီး။ ဖုန်းတော့ဆက်တယ်၊ အိမ်ကို ကြည့်ပေးထားဖို့လေ၊ သမီးဆီကို မဆက်ဘူးလား"

မေးရင်းနှင့် လေရှူး ပုံစံလေးကိုလည်း သေချာကြည့်သည်။ ရွှေအိုရောင်နှင့် အနီကွက်ကျားလေးတွေရှိသော ဒူးဖုံးစကတ်အကျပ်လေးနှင့် အဝါနုနုမှာ စကတ်ကအစမျိုးနှင့် ကော်လံဖားဖား ဖဲပွင့်တပ်ထားသည့် အင်္ကျီကြောင့် နုသစ်လန်းဆန်းနေ၏။

နှာတံချွန်ချွန်၊ နှုတ်ခမ်းရဲလေးတွေရှိသော လေရှူး က ကျောပေါ်မှာ အနီရောင်အိတ်လေး သိုင်းလွယ်ထားတော့ ခုခေတ်လူကြိုက်များနေသည့် ကိုရီးယားဇာတ်လမ်းတွဲတွေထဲက မင်းသမီးနှင့်တူနေသည်။

ရွှေပင်နားတော့ ရွှေကျေး ဆိုတာမျိုးလား ...။ ရွှေရောင်ကြိုးသိုင်းပွိုင့်ဒေါက်နှင့် ဖြူနုဝင်းမွတ်နေသည့် ခြေသလုံးသွယ်သွယ်လေးတွေတလည်း ချစ်စရာကောင်းနေသည်။

"သူဌေးကြီးရဲ့ မြေးဖြစ်နေကာမှ ပိုပြီး ဝင်းပင်းစက်စက်လေး လှလာတယ်" ဟု ပြောလိုက်လျှင် လေရှူး မကျေမနပ်ဖြစ်သွားမှာ သေချာ၏။ ခုလည်း သူမ ကျေနပ်ပုံမရပါ။

"ကြီးကြီး ... ဘာကြည့်တာလဲ"

"ဟင် ...ဩော် ..သမီးလှလာလို့ပါ"

"ဟွန်း ... သူဌေးအိမ်ရောက်သွားမှ ပိုလှလာတာလို့ ပြောမလို့မို့လား"

"မဟုတ်ပါဘူး လေရှူးရယ်၊ အဟွန်း ..."

ဒေါ်နုရီ ရယ်တော့ လေရှူး က စိတ်ဆိုးလို့မဟုတ်ဘဲ မဲ့ရွဲ့ကြည့်၏။

"ဘာမဟုတ်ရမှာလဲ၊ အဲဒီမျက်လုံးကြီးနဲ့ပဲ ကြည့်နေပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ငါ့သမီးက အစကတည်းက လှတာလေ၊ ဟိုမှာ တျာတျူးနဖြစ်သွားတော့ ..."

"ဘာမှမကျနဘူး၊ လေရှူး က အလုပ်လုပ်နေတာ၊ အဲဒီမှာ ခြောက်လပြည့်ရင် ပြီးပြီ"

"ဟင် ... ဘယ်လို ..."

လေရှူး က လှေကားထစ်တွေပေါ် ခြေပင်မချဘဲ နောက်ဖေး အိမ်လေးဆီ ခြေဦးလှည့်ရင်း ....

"အဖေက လေရှူး ကို လက်လွှတ်စပယ်ထိုးလွှတ်လိုက်တာ"

အတူယှဉ်လျှောက်ရင်း လေရှူး ပြောတော့ ဒေါ်နုရီ တအံ့တဩ ဖြစ်သွားသည်။ မျက်လုံးတွေပြူးလျက် ရှေ့ကနေသွားရပ်လိုက်သဖြင့် လေရှူး လည်း နေရာမှာပဲ ရပ်ပစ်လိုက်ရ၏။

"မဟုတ်လောက်ပါဘူး လေရှူး ရယ်၊ ဒါ သေးသေးနုပ်နုပ်ကိစ္စမှ မဟုတ်တာ၊ သမီးရဲ့အဖေလဲ အဲဒီကိစ္စနောက်ကိုပဲ လိုက်နေတာ"

"ဘာကိစ္စလဲ၊ ဘာကိစ္စဖြစ်ဖြစ် လေရှူး ကို ပြောပြထားသင့်တာပေါ့၊ ကျွန်မက သူဌေးကြီးရဲ့ခြေးပါ ဆိုပြီး သွားရတာက လေရှူး လေ၊ အဖေက ပြောလိုက်တော့ လွယ်လွယ်လေးရယ်၊ အခု ဟိုကမေးကြတာတွေလဲ လေရှူး ဘာမှမသိဘူး၊ နောက်ဆုံး 'နှင့်အဖေက နှင့်ကို ဘယ်ကနေ ကောက်မွေးခဲ့တာလဲ' လို့ မေးတာတောင်မှ မဖြေနိုင်ဘူး၊ အဲဒီတော့ ကြီးကြီးစဉ်းစားကြည့်"

ဒေါ်နုရီ ခေါင်းညိတ်ရတော့မလို ဖြစ်သွားသည်။ ဒါပေမယ့် ဦးပေသီး ပြောသွားခဲ့သော စကားများ၏လေးနက်မှုကို သူတို့ကတော့ ယုံကြည်ခဲ့သည်။

ဒီကလေးကို ဒါတွေ ဘာဖြစ်လို့ မပြောပြခဲ့တာလဲ၊ တကယ်ဆိုရင် ....





"တကယ်ဆိုရင် အဖေက ဒါတွေကို အစကတည်းက ပြောပြခဲ့သင့်တာ၊ ရုပ်ရှင်၊ ဗီဒီယိုတွေထဲကလို အဖေအရင်းမဟုတ်ဘူးဆိုတာ ဖွင့်ပြောလိုက်ရင် သမီးရဲ့မေတ္တာကို ဆုံးရှုံးရမှာစိုးလို့၊ အဖေ့ကို ခွဲသွားမှာစိုးလို့၊ ဒါတွေ အဖေ့မှာ ဘာမှမရှိဘူး၊ စိုးရိမ်ရလောက်အောင် ယုယကြင်နာပြီး သံယောဇဉ်တွေနဲ့ တုပ်နှောင်မွေးမြူခဲ့တာမှမဟုတ်တာ"

"သမီး အဲဒီလိုမပြောရဘူးလေ၊ ငရဲကြီးလိမ့်မယ်"

"လေရှူး က အဖေ့ကိုစော်ကားတာမဟုတ်ပါဘူး၊ အဖေနဲ့လေရှူး လက်တွေ့ရင်ဆိုင်ခဲ့ကြတဲ့ဘဝကို ပြောပြတာ၊ အဖေက လေရှူး ကို သူများမိဘတွေလောက် ယုယတွယ်တာခဲ့တာမရှိဘူးလို့ အစကတည်းက ခံစားမိနေခဲ့တာ၊ အဖေ့ကိုလဲ မေးဖူးသားပဲ၊ ပြန်ဖြေခဲ့တာ အပြုံးတောင်မပျက်ဘူး"

ပြောရင်းနှင့် သတိရမိသေးသည်။

"အဖေ ဆိုတာ ရှာဖွေကျွေးမွေးဖို့ပဲ သမီးရဲ့၊ ညည်းက ညည်း အမေမရှိခဲ့လို့ အဖေ့ဆီက ဂရုစိုက်ကြင်နာတာကို တမ်းတတာပါ၊ အဖေက အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး ညည်းကို ပျော်ယာခတ် အောင် မပြုစုခဲ့တာတော့ ဝန်ခံတယ်၊ အဖေ့ဘက်ကတော့ တာဝန် ကျေခဲ့တယ်လို့ ထင်တာပဲ" တဲ့။

လေရှူး ကရော၊ အဖေ ဒီလိုနေတာကို ကြိတ်မှိတ်ပုခွေးခဲ့ဖူးတာ ရှိလို့လား၊ သမီးအရင်းမဟုတ်ဘူးဆိုတဲ့အဖြစ်ဟာ အဖေနဲ့လေရှူး ကြားမှာ ပြောမထွက်စရာ ဘာအကြောင်းမှမရှိ။ ပြောမထွက်လို့ အရင်ကတည်းက မပြောခဲ့ဘူးဆိုတာတောင်မှ 'ဒါ ညည်းရဲ့အတိုးပဲ' လို့ လက်ညှိုးထိုးလွှတ်လိုက်တဲ့အချိန်မှာတော့ လေးလုံးကွဲအောင် ပြောပြသင့်သည်။

အစက အိမ်ကိုကြည့်ပြီး လှည့်ပြန်ဖို့ပါပဲ။ မထင်မှတ်ဘဲ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



လာပြောသလိုဖြစ်ခဲ့ရင်း လေရှုး မျက်နှာလေးက မကြည်။ ဒေါ်နုရီသည် လေရှုး ကိုခေါ်၍ အိမ်ထဲဝင်ထိုင်ပြီးမှ ဆက်လက်ပြောဆိုကြဖို့ စိတ်ထူးခဲ့ပေမယ့် လမ်းခုလတ်မှာပဲ ခြေထောက်တို့က ရှေ့မဆက်ဘဲ ဖြစ်သွားခဲ့ကြ၏။

"သမီး၊ သမီးကို ဆရာ တကယ်ပဲ ဘာမှမပြောခဲ့ဘူးလား"

လေရှုး ကခေါင်းခါ၍ ...

"ကြီးကြီးတို့ကျတော့ သိနေကြတယ်မို့လား၊ အံ့သြတယ်၊ အဖေ ဘာတွေလုပ်နေမှန်းကို မသိတာ၊ ခုထိလဲ လေရှုး ကိုလာမတွေ့သေးဘူး။ တကယ်လို့ ဘိုးဘိုးသာ လေရှုး ကို မြင်တာနဲ့ ဒီလိုမျိုး ထူထူထောင်ထောင် ဖြန့်ဖြစ်မလာခဲ့ရင် ..."

ရှေ့ဆက်မပြောဖြစ်တော့ပါ။ ကျားလေးတို့အားလုံးက ဦးစက်ရှင်အခြေအနေဟာ နောက်ဆုံးထွက်သက်မှာ တည်းတည်းကလေး တင်ကျန်နေသည်ဟု တွက်ခဲ့ကြ၏။ ထို့ကြောင့် ဘဝကို ကြည်နူးကျေနပ်ခြင်းများနှင့် ကျောခိုင်းသွားနိုင်အောင် လေရှုး ကို ခဏလေး အစားထိုးပြခဲ့ခြင်းဖြစ်သည်။

မြေးဖြစ်သူကို မြင်ရလျှင် ကျေနပ်စွာ မျက်လွှာပိတ်ရှာတော့မည်ဟု ကျိန်းသေတွက်၍ မဖြစ်မနေ စီစဉ်ခဲ့၏။

ထိုအချိန်မှာ ဦးစက်ရှင်က ထူးဆန်းစွာ တုံးကျော်လာနိုင်ခဲ့၏။ မြေးကိုမြင်ရပြီးနောက်မှာ နှင်းရည်ဆမ်း၍လန်းလာသော ပန်းကဲ့သို့ ကြည်လင်ရွှင်ပျလာသည်။

ကျားလေးနဲ့လေရှုး သဘောတူခဲ့ကြသော ခဏ သို့မဟုတ် တစ်လဆိုသော စာချုပ်ဟာ ခုတော့ ခြောက်လသို့ ရွှေ့ဆိုင်းသွားခဲ့၏။ ဒီအဖြစ်ထဲမှာ လေရှုး ဟာ မြေးအဖြစ်နှင့် လုံးဝမသက်ဆိုင်ဘဲ အလွန်ငွေမက်၍ လိမ်ညာလှည့်ဖြားဖို့လည်း ဝန်မလေးတတ်သည့် မိန်းမရှုပ်





လေးပဲ ဖြစ်ခဲ့သည်။

ဦးစက်ရှင် ပြန်လည်ကျန်းမာလာတာကို အားလုံးဝမ်းသာကျေနပ်နေနိုင်ကြသော်လည်း လေရှုး ဆိုသည့် သူမကိုတော့ မပတ်သက်၊ မဆက်ဆံလိုခြင်းတွေဖြင့် အချိန်ပြည့်စောင့်ကြည့်နေခဲ့ကြသည်။

တွေးကြည့်တော့ လေရှုး ဘယ်မှာနေမှန်းတောင် သူတို့မသိကြပေ။ ဘယ်လိုမှမဖြစ်နိုင်သော အယောင်ဆောင်လူလိမ်အဖြစ် သတ်မှတ်လိုက်ခြင်းသာ အရာထင်၏။

ဘိုးဘိုးမေးတော့ အုပ်ထိန်းသူတွေထံမှာ သေချာခွင့်ပန်၍ ခေါ်ယူခဲ့ပါသည် ဘာညာဆိုတာတွေကို လေရှုး ပြန်ပြောပြသည့်အကြောင်းများနှင့် အလိုက်အထိုက် သူတို့ပြောပေးနေခဲ့ကြခြင်းဖြစ်သည်။ ဒါကြောင့် ကြီးကြီးတို့သိလို့လား။

"လေရှုး ပြန်တော့မယ်"

ဆက်လက်ပြောချင်စိတ်လည်း မရှိတော့ဘဲ လေရှုး နောက်ပြန်လှည့်၏။

"ဟဲ့ ... အို ... အိမ်ထဲဝင်ဦးလေ သမီးရယ်၊ ညည်းဦးဦးလဲ မရှိဘူး။ ညီမလေးတွေလဲ ကျောင်းတက်နေကြတယ်၊ စကားပြောရအောင်လေ"

လေရှုး ခေါင်းခါသည်။ နောက်ဖေးအိမ်လေးနဲ့ ကိုယ့်အိမ်နောက်ဖေးကို ခေါက်တုံ့ခေါက်ပြန် နှစ်ခါလောက်ကြည့်ပြီး ပို၍ သေချာသွား၏။

အလွမ်းပြေ ပြန်လာကြည့်တာပေမယ့် အလွမ်းမပြေဘဲ ရင်နာတာတွေ တိုးသွား၏။ ကိုယ့်ကို တွန်းပို့ပစ်လိုက်ပြီး ထွက်ပြေးသွားတာနှင့်တူသော အဖေ့ကို မကျေနပ်ခြင်းတွေက ပိုကဲလာသည်။

"သူဌေးကြီးက သမီးကို မချစ်ဘူးလားဟင်"

"သူ့မြေးလို့ ထင်နေတာကိုး"

"ဒါဆို ဘာလိုသေးလို့လဲ လေရှုးရယ်၊ သမီးမှာ ဘာသက်သေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်စုံတစ်ရာမရှိပေမယ့် သွေးကစကားပြောလို့ သူဌေးကြီးက လက်ခံနေတာပေါ့"

"သွေးက စကားပြောတာမဟုတ်ဘူး၊ ငွေနဲ့စကားပြောနေရတာ"

"သမီးကရော၊ ကိုယ့်အဘိုးဆိုတဲ့အသိလေးနဲ့ မပြုစုဘူးလား၊ သံယောဇဉ်တွေဘာတွေ မဖြစ်ဘူးလား"

လေရှုး ခေါင်းမညိတ်၊ ခေါင်းမခါနှင့် ရှေ့တည့်တည့်သို့ မျက်ဝန်းလေးတွေ ငေးသွား၏။

ဒါက ဘာရဲ့သဘောလဲ၊ ဖြစ်နိုင်ခြေဘာမှမရှိဘဲ ထိုအိမ်ရှေ့မှာ ရင်ကော့၍ သွားရပ်ခဲ့ဖူးသော်လည်း အခုအချိန်မှာ ငါနဲ့ဘာမှမဆိုင်ဘူးဆိုတဲ့အသိနဲ့ နေတာပါ။ ဒါပေမယ့် ဘိုးဘိုးရှေ့ရောက်သွားတိုင်း လေရှုး စေတနာပါသည်။ ဘိုးဘိုးကို ထူမွေ့ပြုစုရတာတွေမှာ ဘယ်လိုမှ မစိမ်းသက်ခဲ့ဘဲ စိတ်ကြည်နူးခဲ့၏။

ဘာမှမဆိုင်ဘူးဆိုပေမယ့် ဘိုးဘိုးကို လေရှုး ဝင်ရောက်ခဲ့လေသည်။ သို့သော် လေရှုး ခေါင်းခါပစ်လိုက်သည်။ ရှေ့ဆက်လျှောက်ခဲ့ရင်း ...

"ဘာမှမှမတော်တဲ့ပါဘ ..."

ဒီတိုင်းပဲ ပြောလိုက်၏။ ဒေါ်နရီ စိတ်မကောင်းသည့်မျက်ဝန်းများနှင့် ကျန်ရစ်ခဲ့သည်။ မှန်တော့ အမှန်ပဲဖြစ်သည်။ ဒါပေမယ့် မှားယွင်းစွာ မှန်ကန်ခဲ့ခြင်းကြောင့် ရှင်းဖို့ခက်ခဲနေခဲ့၏။

တိုးကာက်မှုတွေ မြန်ဆန်လွန်းနေသော ရာစုနှစ်များနောက်မှာ ကံကြမ္မာဗိုင်းရပ်စ်ကရော၊ ဘယ်လိုဆန်းပြားသော လှည့်ကွက်များနှင့် ခြေလှမ်းပြင်နေသလဲ။

○ ✿ ○





အခန်း (၃၂)

ပလာဇာတစ်ခုလုံးမှာ ရှိသမျှဖက်ရှင်ဒီဇိုင်းတွေ လိုက်ကြည့်ခဲ့ပေမယ့် စိတ်တိုင်းကျတာ တစ်ခုမှမတွေ့။ ကိုယ်ကျပ်ပုံဆန်းတွေမှာဆင်ထားသည့် ခွဲကြိုးတွေကိုတော့ သဘောကျသလိုရှိသည်။ ဒါပေမယ့် ဒီလိုဒီဇိုင်းမျိုးတွေက အင်္ကျီနဲ့တွဲထားမှ ပိုလှတာဖြစ်သည်။

ရှိုးကေ့စ်နဲ့ ဒီတိုင်းပြထားလို့ကတော့ ဒီလိုဆွဲဆောင်မှုမရှိနိုင်ပေ။ ပြီးတော့ စကပ်အိတ်ဖုံးတွေမှာကပ်ထားသည့် ကျောက်ချိန်းဒီဇိုင်းတွေကိုလည်း သဘောကျသည်။ သေချာစေ့စေ့စပ်စပ် လိုက်ကြည့်ရင်း၊ စိတ်ကူးထဲမှာ ပေါ်လာသည်က အထည်စက်ရုံ၊ ကုမ္ပဏီတစ်ခုခုနှင့် ဆက်သွယ်လုပ်ရှားနိုင်ရန်ဖြစ်သည်။

နိုင်ငံခြားဖြစ်ပုံစံတံဆိပ်တွေအမျိုးမျိုးကပ်၍ ထုတ်လုပ်နေကြသည့် အကောင်းဆုံး၊ အလှဆုံးဆိုတာတွေက တကယ်တော့ ဘားမားမိတ်တွေပဲဖြစ်သည်။ ဒါကို လေရှုး သိသည်မို့ ကုမ္ပဏီတံဆိပ်တွေကို သေချာမှတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဟုတ်မဟုတ်ဟုတ် ဒါတွေကို တွေ့အောင်ရှာရမည်၊ စုံစမ်းမည်၊ တကယ်တမ်း အလုပ်လုပ်တော့မည်ဆိုတော့ အချိန်က တန်ဖိုးကြီးလာ၏။ နာရီငုံ့ကြည့်ပြီး ဘိုးဘိုး နိုးနေလောက်ပြီဟု တွေးလိုက်မိသည်။

"ရပ်ကြည့်လို့ အမြတ်မရှိဘူးနော်၊ တကယ်ဝယ်မှ တကယ်ဝတ်ရမှာ"

ဘေးက ကပ်ပြောလိုက်သည့်အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ အုပ်စိုး က မျက်ခုံးနှစ်ဖက်စုတွန့်၍ လှောင်ပြုံးနှင့် ကြည့်လျက် ....။

"ဘယ့်နှယ်လဲ၊ ဒီလိုပဲလျှောက်ကြည့်ပြီး လှည့်ပြန်မှာလား"

"လေရှူး ဘာသာ လျှောက်ကြည့်ကြည့်၊ ထိုင်ကြည့်ကြည့် ခင်ဗျားနဲ့မဆိုင်ပါဘူး"

"အမြင်မတော်လို့ပါ။ မင်း မဝယ်နိုင်ဘူးမို့လား၊ ပိုက်ဆံချေးမယ်လေ၊ လုံးဝအတိုးမယူဘူး"

လေရှူး က ခပ်စောင်းစောင်းငဲ့ကြည့်နေရာကနေ သူ့ဘက်ကို တည့်တည့်လှည့်ရပ်လိုက်၏။ နှာခေါင်းရှော၊ နှုတ်ခမ်းရှော မဲ့ရွဲ့တွန့်ရွဲ့၍ အုပ်စိုး ကိုကြည့်ကာ ...

"ခင်ဗျားကြည့်ရတာ မိန်းကလေးတွေမြင်တိုင်း ဒီလိုနည်းတွေနဲ့လိုက်ရောနေတာထင်တယ်"

"အဟွန်း ..."

မေးဖျားကို လက်မနဲ့တစ်ချက်ပွတ်လိုက်ပြီး အုပ်စိုး ကရယ်သည်။

"မကသေးဘူးကွ၊ ကိုယ်က အရင်းစိုက်ပြီးရင် အမြတ်ရမှ ကျေနပ်တာ၊ အမြတ်မရဘဲ အရင်းတောင်ရှုံးနေတယ်ဆိုရင်တော့ မရမချင်းကြိုးစားနေတာပဲ"





"ဘာလဲ၊ ခင်ဗျား ဟိုအရင်တစ်ခါ စားသောက်ဆိုင်မှာ စိုက်ရှင်းခဲ့ရတဲ့အကြွေးကို လိုချင်လို့လား"

အုပ်စိုး က မထိတထိရယ်တော့ ပခုံးမှာချိတ်လွယ်ထားသည့် အဖြူရောင်ကြိုးသိုင်းအိတ်လေးကို ဖြုတ်ယူလိုက်သည်။

"ဘာလုပ်မလို့လဲ၊ ပိုက်ဆံပြန်ပေးမယ်ဆိုရင်တော့ မင်းက ရှိုင်းတာနော်"

"ဘာဖြစ်လို့ ရိုင်းရမှာလဲ၊ ခင်ဗျား ဒါကိုလိုချင်လို့ မဟုတ်ဘူးလား"

"ဟုတ်ပေမယ့် မင်း ကိုယ့်ဆီက ပိုက်ဆံချေးခဲ့တာမှမဟုတ်ဘဲ၊ တစ်ခုခုပြန်ကျွေးရင် ရပြီ"

လေရှူး မျက်မှောင်ကုပ်နှင့်ကြည့်၏။ ပလာဇာထဲမှာပဲ တစ်ဆိုင်ဆိုင်မှာ ဝင်ထိုင်လိုက်လို့ရသည်။ ဒါပေမယ့် ကိုယ့်မှာ အဲဒီလောက်အချိန်မရတော့ပေ။

"လေရှူး မှာ အချိန်မရတော့ဘူး၊ နောက်တစ်ရက်ရက်ဆို ခင်ဗျားဖြစ်တယ်မို့လား"

"ဖြစ်ပါတယ်၊ ဒါပေမယ့် မင်း ပလာဇာမှာ ရှိသမျှအထပ်တွေစုံအောင် ဒီဇိုင်းလှေ့လာနေတာ ဘာမှမထူးဘူးမို့လား"

"ဟင် ..."

"ထူးချင်ရင် ကိုယ်ကူညီလို့ရတယ်"

လေရှူး အံ့သြသွား၏။ မော့ကြည့်တော့ သူက ခေါင်းကို ဘေးတိုက်စောင်းငဲ့ပြကာ ...

"ဟုတ်တယ်၊ မင်းဘာဖြစ်ချင်မှန်းမသိပေမယ့် ပြောကြည့်လေ၊ ကိုယ့်ဘက်က ဟင့်အင်း မရှိစေရဘူး"

စိတ်ဝင်စားဖို့တော့ကောင်း၏။ လေရှူး အကျီ၊ စကပ်တွေ၊ ဆွဲကြိုးတွေ၊ ဖန်စီဒီဇိုင်းတွေ၊ ဒါတွေဆို လျှောက်ကြည့်နေတာ ခုနကပဲ 'ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးလား’ လို့ သူလှောင်ခဲ့သေးသည်။

လေရှူး နဲ့ ဖန်စီတွေ ပတ်သက်နေတာကို သူဘယ်လိုသိလိုက်တာလဲ …။ ကြည့်နေသည့် လေရှူး မျက်ဝန်းလေးတွေမှာ မေးခွန်းတွေ ရောက်လာတာကို အုပ်စီး ကသိလိုက်သည့်ပုံနှင့် ပြုံးပြ၏။

“စိတ်ဝင်စားတယ်မို့လား၊ လာပါ၊ အပေါ်ထပ်မှာ တစ်ခုခုစားရင်း ပြောကြတာပေါ့”

အပေါ်ထပ်ကို စက်လှေကားနဲ့တက်တော့ ဘယ်လိုဗရုတ်ကျ သည့် အဖွဲ့မှန်းမသိဘဲ တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးရယ်မော ကာ လေရှူး ရင်ခွင်ထဲကို အင့်ခနဲ ပစ်ကျလာ၏။ လေရှူး က ထိုကောင် မလေးနှင့် ထပ်လျက်သားကြီး အုပ်စီး ရင်ခွင်ထဲ ထပ်ရောက်လာသည်။

ထိပ်ကိုရောက်သွားပြီမို့ အုပ်စီး က နောက်ပြန်လန်ကျလာသည့် လေရှူး ခါးလေးကို တစ်ဖက်က ထိန်းဖက်ပြီး ကြမ်းခင်းဘက်ကို လှမ်း ကူးလိုက်၏။

“အား …သေပြီ … ဟား ဟား”

“အဟွန်း .. ဟိုလူကြီးကလဲ သူ့အထုပ်သူပဲ ဆွဲသွားတယ်၊ ခံ တယ်နော်”

“ဒါကတော့ဟယ်၊ ပျောက်ရှကောင်းတဲ့ ပစ္စည်းမှမဟုတ်တာ – ဟား ဟား”

အုပ်စီး လက်ထဲမှာ တစ်ကိုယ်လုံးကြီး ဆွဲပွေ့ခံလိုက်ရသဖြင့် ဒေါသဖြစ်နေသည့် လေရှူး ၏မျက်ဝန်းလေးတွေ စူးတောက်သွားသည်။

ဖျတ်ခနဲ ပြန်လှည့်လိုက်တော့ အုပ်စီး က ရှေ့ကနေ ပိတ်ရပ် လိုက်ကာ …

“ဘာလုပ်မှာလဲကွာ၊ အသားပဲ့ပါတာမှတ်လို့”

တားလိုက်သူထံသို့ ဒေါသက စူးရောက်သွားသည်။





“အသားမပဲ့ပေမယ့် ပဲ့ကုန်တာတွေရှိတယ်၊ ခင်ဗျား မကြားဘူးလား”

“ကြားတယ်လေ၊ နှစ်ယောက်ထပ်ကြီး ပြိုကျလာတာကို ကိုယ် က မင်းကိုပဲ ဆွဲယူလိုက်တော့ သူနာသွားတာကိုး”

ဘယ်သူ့ကြောင့်မှန်းမသိဘဲ စိတ်တိုနေတာကို တော်တော်နှင့် ဖြေလို့မရပေ။ ရယ်မောရင်း ပြောချင်ရာပြောသွားကြသည့်အုပ်စုထံသို့ မျက်လုံးတွေက တစ်ဆုံးတစ်စ ပါသွားခဲ့၏။

အုပ်စီး ဆိုတဲ့ ဒီလူနဲ့မှ ဘာဖြစ်လို့ ခဏခဏ ဆုံစည်းနေခဲ့ရတာလဲ။ ဒီလူဟာ ရုပ်ချောသည်၊ ချမ်းသာသည်ဆိုသော ပါဝါတွေနှင့် လောက စည်းစိမ်အားလုံးကို ဖြန့်ကျက်စားသုံးနေသူဖြစ်သည်။

ပထမဆုံး ဆုံခဲ့မိသည့် မွေးနေ့ညကအဖြစ်ကို မေ့ထားလို့မဖြစ် ပါ။ ထိုညကလည်း ဒေါသဖြစ်လွန်းလို့ နားရှက်စရာတွေ လာကပ်ပြော သည့်လူကို ရေကန်ထဲတွန်းချပစ်လိုက်တာဖြစ်သည်။ ပြီးတော့ ပြေး လိုက်ရတာ ခွေးပြေး ဝက်ပြေး။

လင်းအုပ်စီး ဆိုတာ အဲဒီလိုလူမျိုးဖြစ်သည်။ ကိုယ့်ကိုကိုယ်သတိ ချပ်ရင်း ပထမဆုံး သတိလက်လွတ်ဖြစ်သွားခဲ့သည့် လောဘစိတ်ကို ပြန်ချုပ်တီးဖို့ ဆုံးဖြတ်လိုက်မိ၏။

သူ့မှာ ဒီလိုလက်နက်တွေနဲ့ နည်းဗျူဟာတွေ အများကြီးရှိတယ် လေရှူး၊ နင် မှားမယ် …။

“ဟိတ် …”

“ဟင် …”

“မေးနေတယ်လေ၊ ဘာတွေတွေးနေတာလဲ”

“ဘာမေးတာလဲ”

လေရှူး မျက်နှာတင်းတင်းလေးကို စိုက်ကြည့်ပြီး သူက မဖြေခဲ့ ရယ်သည်။ ဆိုင်မှာထိုင်ကြပြီးမှ လေရှူး မျက်နှာလေးပိုတင်းနေသာကို



www.burmeseclassic.com

www.burmeseclassic.com



သူသိသည်။

"ဘာစားမလဲလို့ မေးနေတာ"

သေချာင်ယောဝ်ဆောင်ပြီး မေးလိုက်တော့ လေရှူး က လွယ်အိတ်လေးကို ဝို၍ ကျစ်အောင်ဖက်ထားလိုက်ပြီး ...

"ခင်ဗျားပဲ မှာပါ၊ ကြိုက်သလောက်မှာ၊ အဲ ... စေတနာရှိလွန်းလို့တော့ မဟုတ်ဘူးနော်၊ ဟိုတစ်ခါ ဒီက စားထားတာတွေက များနေလို့"

လေရှူး ဘာပြောပြော အုပ်စိုး က အပြုံးမပျက်ပေ။ ဘာတွေတွေးပြီး ဒေါကန်နေသလဲဆိုတာလည်း သူသိသည်။

စပြီး ဆုံစည်းမိကြပုံကိုက စိတ်ဝင်စားဖို့ကောင်းတဲ့ ကောင်မလေး။ ဒါပေမယ့် သတိတော့ထားဖို့ လိုလိမ့်မည်။ သူဟာသူပဲ ချော့ကာလက်မစ်ရှိတ်ထစ်ခွက်_ မှာလိုက်၏။

လေရှူး က ကြည့်နေသည်။ ဒါပဲမှာပြီးငြိမ်နေတော့မှ မျက်မှောင်ကုတ်ကြည့်ကာ ...

"ဒါပဲလား၊ မှာလေ၊ ခင်ဗျားရဲ့ကြွေးဆိုတာကို ဒီမှာ အပြတ်ဖြတ်ရမှာနော်၊ ခင်ဗျားမမှာရင် လေရှူး မှာမယ်၊ စားစား မစားစား ရှင်းခဲ့မယ်၊ နောက်ထပ်တစ်ခါ ကြွေးတောင်းမခံနိုင်ဘူး"

အုပ်စိုး က လက်ဖွဖွပိုက်ကာ တံတောင်နှစ်ဖက်ကို စားပွဲပေါ်မှာတင်ထောက်ထားရင်း လေရှူး ကိုစိုက်ကြည့်၏။

"ဖြည်းဖြည်းပေါ့၊ ဘာတွေဒေါသကြီးနေတာလဲ၊ မင်းအများကြီးကျွေးချင်နေလဲ ကိုယ်က မစားနိုင်ဘူး၊ ကိုယ်အသိအမှတ်မပြုဘဲ မင်းတစ်ဆိုင်လုံးစာ သိမ်းဝယ်ပြီး ရှင်းခဲ့လဲ ဘာထူးမှာလဲ"

"ဘာ ..."

လေသံက ကျယ်သွားသည်။ ဘေးစားပွဲက လူငယ်သုံးယောက်





ဒီဘက်ကို လှမ်းကြည့်ကြ၏။ လေရှူး နှုတ်ခမ်းလေး ပြန်ပိတ်ပစ်လိုက်ပြီး မျက်စောင်းရှယ်၏။ အုပ်စိုး က ပြုံးနေသည့် သူ့မျက်နှာကို အတည်အတံ့ ပြုပြင်လိုက်ကာ ...

"ဆောရီး၊ ခင်လို့စတာပါ၊ တကယ်က ကိုယ့်စိတ်ထဲမှာ ဒါတွေမရှိတော့ဘူး၊ မင်းစိတ်ဝင်စားလို့ ခုလို ..."

"ဘာပြောလိုက်တယ်"

"ခင်တာကို ပြောတာ"

"မလိုပါဘူး၊ ခင်စရာ ဘာအကြောင်းမှမရှိဘူး၊ ဒီမှာ လင်းအုပ်စိုး၊ ဒီလိုလမ်းကြောင်းတွေက ရိုးနေပါပြီ"

အုပ်စိုး ၏မျက်ဝန်းတွေက လေရှူး ကိုပဲ ပေါကြောင်ကြောင်လူတစ်ယောက်လို ကြည့်လျက် ...

"မင်းကြည့်ရတာ ကိုယ်က မင်းကို ကြိုက်နေတယ်လို့ ထင်ပုံရတယ်"

လေရှူး နှုတ်ခမ်းချင်းဖိပိတ်လျက် ဘာမှမပြောဘဲနေတော့ သူက ခဲ့ရယ်သည်။

"စိတ်မကောင်းစရာပဲကွာ၊ ဘာမှ ထူးခြားလှပမှုလဲ မရှိ၊ ဒေါသအလဲ လူထက်ကြီးနေသေးတယ်၊ ကိုယ်ကကြိုက်စရာလား"

"မကြိုက်ဖို့ပဲ လိုပါတယ်၊ ကျေးဇူးတင်တယ်၊ ဟွန်း .."

မလှဘူး၊ မကြိုက်ဘူး အပြောခံရတာကို ရှက်သွားပုံလည်း မရှိ၊ ဒီ့ထက်ဒေါသကြီးခဲ့တာလည်း မဖြစ်ဘဲ တကယ်ပေါ့ပါးသွားပုံနှင့် လွယ်အိတ်ထဲမှာ ဘာတွေငုံ့ရှာနေမှန်းမသိ။

"မင်း တစ်ခုခုမစားတော့ဘူးလား"

"မစားဘူး"

လေရှူး က မော့မကြည့်ဘဲ ဖြေ၏။ ထိုင်ပုံကိုက သူနှင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်မဟုတ်ဘဲ စားပွဲကို ဘေးတိုက်ထိုင်နေသည်၊ ဘာမှလည်း မစား။

သူများစားတာကို စိတ်မပါလက်မပါ လိုက်ပေးရတဲ့သရုပ်က အစီအခြင်ပေါ်နေသည်။ ဒီလိုဖြစ်ဖို့ပဲ သူမ ကြိုးစားနေတာကို အုပ်စီး သိသည်။

ကိုယ်နဲ့တွဲဖို့ ကိုယ့်ရဲ့ဘေးမှာ အထင်ကရရှိဖို့အတွက် မိန်းကလေးတချို့ အိပ်မက်တွေနဲ့ ရောက်လာနေကြတာ တသဲသဲ။

မင်းက ဘာဖြစ်လို့ ထူးခြားအောင် လုပ်နေတာလဲ၊ သရုပ်ဆောင်နေတာလား၊ ဒါမှမဟုတ် ပြောင်မြောက်တဲ့ မာယာတစ်မျိုးလား၊ ဘာပဲဖြစ်ဖြစ် ပုံမှန်ကနေ ဖောက်ထွက်ထူးခြားလာပြီဆိုရင် စိတ်ဝင်စားတတ်ကြတာ မင်းမသိဘူးလား

နှုတ်ခမ်းမှာ ညို့ချက်ပြင်းသည့် ပြုံးရိပ်တစ်ခု ဖြတ်သန်းသွား၏။ သို့သော် မျက်လွှာချ၍ အလုပ်ရှုပ်နေသော လေရှူး ကလည်း မျက်လွှာတစ်ချက်မှ ပင့်မကြည့်ခဲ့ပေ။ မစ်ရှိတ်ရောက်လာတော့ ဝိတ်တာချပေးခဲ့တဲ့အတိုင်းကို သူ ဆွဲမယူဘဲနေကာ ...

"မင်း ဖန်စီဒီဖိုင်းရှာနေတယ်မို့လား"

သူ စပြောတော့မှ လေရှူး မျက်နှာမော့လာ၏။ ဒါပေမယ့် စောစောကလို စိတ်ဝင်တစားမဟုတ်။

"အဲဒီကိစ္စအတွက် မလိုတော့ဘူး"

"ဘာဖြစ်သွားတာလဲ၊ မင်းမေးချင်တာ၊ သိချင်တာကို စုံစုံစေ့စေ့ ရှင်းရှင်းလင်းလင်းမေးလို့ရအောင် ကိုယ်ကူညီနိုင်တယ်၊ ဘယ်အထပ်က ဘယ်ဆိုင်ဖြစ်ဖြစ် ..."

လေရှူး နှုတ်ခမ်းမှာ ပြုံးရိပ်လေးဖြစ်သွား၏။ လှောင်ပြုံးပဲဖြစ်လေသည်။

"အထင်ကြီးစေချင်တာလား။ ကြီးပါတယ်၊ ဒါပေမယ့် လူကို မဟုတ်ဘူး"





"ဘာကိုဖြစ်ဖြစ်ပါ။ ရပါတယ်၊ မင်းအဆင်ပြေစေချင်တာ"

"လေရှူး က ကိုယ်မလိုချင်ဘဲ ရတာဆိုရင် ဘယ်လိုကြီးကျယ်ခမ်းနားတဲ့အရာပဲဖြစ်ဖြစ် ကျေးဇူးမတင်တတ်ဘူး၊ ငယ်ငယ်ကတည်းကလဲ ကူမယ့်သူမရှိ၊ ကယ်မယ့်သူမရှိ ကြီးပြင်းခဲ့ရတာဆိုတော့ သူများတို့ အားကိုးတဲ့အကျင့်လဲ မရှိဘူး၊ ခင်ဗျားသိတဲ့အတိုင်းပဲလေ၊ လေရှူး က ကလေကချေ"

အုပ်စီး က မစ်ရှိတ်ကို လှမ်းကိုင်ပြီး ဆွဲမယူဘဲ ပိုက်တံလေးကို ဆော့ကစားနေရင်း ရယ်၏။ ပြီးမှ ပြန်ကြည့်၍ ...

"ကလေကချေ လို့ ကင်ပွန်းတပ်ခံရတာ သိပ်မကောင်းပေမယ့် ကလေကချေဘဝထဲကနေ ထိပ်ဆုံးရောက်ပြီး အောင်မြင်ကျော်ကြားခဲ့တဲ့လူတွေ အများကြီးပဲ၊ ကိုယ်က အထင်မသေးတတ်ပါဘူး"

"ခင်ဗျားကိုလဲ အထင်ကြီးစေချင်တာမဟုတ်ပါဘူး၊ ဒီမှာ ... ဒါ နောက်ဆုံးပဲ သိလား၊ နောက်ထပ် ဘယ်မှာတွေ့တွေ့ မခေါ်နဲ့"

"အဲဒီလို မတားလိုက်ဘူးဆိုရင် ခေါ်ချင်မှခေါ်မိမှာ"

"တားလိုက်လို့ ရှဲပြီးခေါ်ဦးမှာ" ဆိုတဲ့သဘောမျိုး ပြောလိုက်မှန်း လေရှူး သိသည်။ ခေါ်ပေါ့ ...၊ အရင်အခါတွေမှာ ပြန်ငုံ့ကြည့်နေရတာ က ကိုယ့်ဘက်က လွန်ခဲ့တာရှိလို့၊ ဒီတစ်ခါ သိမယ် ...။

လေရှူး မျက်စောင်းထိုးဖို့ စောင်းကြည့်တော့လည်း သူ့မျက်လုံးတွေနှင့်ဆုံသည်။ ဟိုကြည့်ဒီကြည့်ပြီးမှ ပြန်လှည့်လိုက်လည်း ဒီလူ့မျက်လုံးတွေနှင့် မလွတ်။

စပါးကြီးမြွေညို့တာ မခံဖူးပေမယ့် မျက်လုံးများမှ ရီဝေစူးရှခြင်းက ဂရုမစိုက်မိခဲ့သည့် လေရှူး ကိုပင် ရှက်သွားသလိုလို၊ မျက်နှာပူသလိုလို။

အလကား လူရှုပ် ...။

ဘယ်လောက်ထိလဲဆိုလျှင် မစ်ရှိတ်ကို လုံးဝမသောက်ဘဲ ထိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး ပြန်ထ၏။ ပြန်ဆင်းဖို့လုပ်တော့လည်း ဘေးက ပါလာသေးသည်။ စက်လှေကားဆီသွားဖို့ ခြေလှမ်းတွေက ဖျတ်ခနဲ အကြံရကာ လေရှူး ဓာတ်လှေကားဆီပြေး၍ အမိအရဝင်ပစ်လိုက်၏။

ကျန်ခဲ့ပြီထင်ပေမယ့် ဝင်ပြီး ဒီဘက်လှည့်လိုက်တော့ တဖြည်းဖြည်းပြန်ပိတ်သွားသည့် တံခါးကြားကနေ ကိုယ်တစောင်း လျှောဝင်လိုက်သည့် သူ့ကိုမြင်လိုက်ရ၏။ အသည်းယားလွန်းလို့ ဘေးမှာသာလူတွေမရှိလျှင် အဲဒီကျောပြင်ကြီးကို ခေါင်းနဲ့ပစ်တိုက်မိမည်လားမသိ။

တတိယထပ်မှာ အားလုံးဆင်းကုန်ပြီး ပြန်ဝင်လာသူမရှိဘဲ နှစ်ယောက်တည်းဖြစ်သွားသည်။ လေရှူး မျက်နှာလေးတင်းမာနေတာကို ငုံ့ကြည့်ပြီး အုပ်စိုး ကကြိတ်ပြုံး၏။

ဒီလောက်ထိ ဖြစ်စရာလား လေရှူး။ မင်းကို ဗညာပေးမှဖြစ်မယ်။

ဒုတိယထပ်ကျတော့ လေရှူး ကဆင်းဖို့ နံပါတ်နှိပ်ထားလိုက်၏။

"မင်း ပြန်မှာမဟုတ်ဘူးလား၊ တစ်ခါတည်းဆင်းပေါ့"

"အဲဒါ ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ပြောပြီးသားနော်၊ ကြွေးလဲရှင်းပြီးပြီ၊ လုံးဝ လာမပတ်သက်နဲ့"

"ကိုယ့်ကိုကျမှ ရွှေးမုန်းနေသလိုပဲ၊ ဘာဖြစ်တာလဲ"

ဓာတ်လှေကားက သိမ့်ခနဲ ရပ်သွား၏။ တံခါးပွင့်သွားသည်။ အပြင်မှာ ဝင်မယ့်သူမရှိ။

"အား ..."

ရုတ်တရက် သူပြန်ဆွဲလိုက်သဖြင့် လေရှူး နောက်ပြန်လန်သွား၏။ ဓာတ်လှေကား ပြန်ပိတ်သွားပြီး နိမ့်ကျသွားသည်။

"ခင်ဗျားနော်၊ လွှတ် ..."

"နောက်တစ်ခါ ယောကျ်ားလေးတစ်ယောက်ကို စိတ်ထဲရှိသလောက် ချိုးနှိမ်မုန်းတီးလို့မရဘူးဆိုတာ သိစေချင်လို့"





"ခင်ဗျား ..."

လေရှူး နံရံမှာ အငိုက်ခနဲ ပစ်ကပ်သွား၏။ ပခုံးနှစ်ဖက်ကနေ ဖိထားပြီး အုပ်စိုး က လေရှူး နှုတ်ခမ်းလေးကို ဖမ်းသည်။ ဆတ်ခနဲ မျက်နှာလွှဲပစ်ကာ အတင်းပြန်ရုန်းပေမယ့် မရ။ နှစ်ပတ်၊ သုံးပတ် လှည့်ရမ်းရှောင်နေရင်း မလွတ်နိုင်မှန်းသိတော့ လေရှူး အံကြိတ်၍ ဒူးတစ်ဖက်နှင့် တိုက်ပစ်လိုက်၏။

"အား ..."

အုပ်စိုး ကုန်းကျသွားလေသည်။

"အဲဒီမှာ လဲသေလိုက်"

သူ့ကိုယ်ကြီးကို ဆောင့်တွန်းပစ်၍ ဓာတ်လှေကားရပ်သွားသည်နှင့် အံကိုက်ဖြစ်ကာ လေရှူး ထွက်လာခဲ့၏။ ပြန်လှည့်ကြည့်လိုက်တော့ အုပ်စိုး ပါမလာတော့ပါ။ ဟွန်း ...။

လွယ်အိတ်ကို သေချာပြင်လွယ်၍ နှုတ်ခမ်းမဲ့၏။ ဘယ်လိုက်နိုင်တော့မလဲ၊ ဓာတ်လှေကားနဲ့ အနည်းဆုံး နှစ်ခေါက်သုံးခေါက်လောက် ပြန်စီးနေရမှာ သေချာ၏။

တစ်ဖက်နံရံမှာ ယိမ်းထိုးမှီကျသွားသည့် သူ့ပုံစံကိုမြင်ယောင်မျက် ပါးတစ်ဖက်ကို ယောင်ရမ်းစမ်းလိုက်မိသည်။

မိမဆုံးမ ဖမဆုံးမသား၊ လူရမ်းကား ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၃)

ဘိုးဘိုးအတွက် ဆေးသွေးပြီးသည်နှင့် လက်စမသတ်နိုင်သေးသော ရှင်ကိုးပုံလေးကို အပြီးသတ်ဖို့ စားပွဲမှာ ပြန်ထိုင်လိုက်သည်။

ထိုစဉ် အပြင်မှာ ဖုန်းသံက ဆူညံလာ၏။ နေ့လယ်ခင်းဆို လူမစုံသလို လူကြီးတွေက အိပ်ကြ၊ နားကြနှင့် တစ်အိမ်လုံးမှာ တိတ်ဆိတ်နေတတ်သည်။ ပြီးတော့ ဖုန်းကို ဘိုးဘိုးအိပ်ခန်းနှင့် ခပ်ဝေးဝေးမှာပဲထားတာမို့ အလွယ်တကူ လှမ်းဆွဲကိုင်လိုက်လို့လည်း မရ၊ ဖုန်းသံညံနေပြီး တော်တော်ကြာမှ မိထူး ကိုင်လိုက်သံကြားရသည်။

"မမလေး"

အလုပ်လုပ်မယ်မှမကြံသေးဘဲ မိထူး အနားရောက်လာသဖြင့် မော့ကြည့်လိုက်မိသည်။

"ဘာလဲ"

ဖုန်းလာတဲ့အကြောင်းကို ပါးစပ်လှုပ်ရုံပဲ လက်နဲ့ ပုံစံလုပ်ပြနေသည်။ လေရူး ဘိုးဘိုးကို တစ်ချက်လှမ်းကြည့်ပြီး ထလိုက်လာခဲ့၏။





အပြင်ရောက်မှ ...

"ဘယ်သူတဲ့လဲ၊ အားလုံးအိပ်နေကြတယ်ပြောလိုက် ပြီးတာပဲ"

"မဟုတ်ဘူး၊ မမလေးရဲ့ဖုန်း"

"ဟင်"

ကိုယ့်ဆီကို ဖုန်းဆက်မယ့်သူမှ မရှိတာ၊ ချစ်သဲကတော့ ဆက်ဖို့ ဓလေ့ဓလေ့ပြောဖူးသည်။

"ရည်းစားနဲ့ပြောတာမှမဟုတ်ဘဲ လေရူးရာ၊ အိမ်ရှင်ဖြစ်ဖြစ်၊ အလုပ်သမားဖြစ်ဖြစ် တစ်ခါတလေတော့ ပြောလို့ရမှာပါ၊ လူတိုင်းမှာ အကြောင်းကြီးငယ်ဆိုတာ ရှိတာပဲ၊ နင်ပြောသလို ကိုယ်က အလုပ်သမားဆိုရင်တောင်မှ အိမ်ဖော်မှမဟုတ်တာ" တဲ့။

သူမ ကတော့ ပြန်ပြောလိုက်ပါသည်။

"အဝတ်မလျှော်၊ ကြမ်းမတိုက်ရပေမယ့် မထူးပါဘူး" လို့။

ဒါ ချစ်သဲဆီကပဲလို့ သိလိုက်ကာ ဖုန်းကို ကောက်ကိုင်၍ ...

"ချစ်သဲစုတ် ... ပြော၊ မနေ့က တစ်ရက်ပဲမတွေ့ဖြစ်တာ၊ ဘာတွေပြောင်းလဲသွားနိုင်လို့လဲ၊ ချစ်သဲဆိုတဲ့ ကောင်မလေး ရင်ကွဲနာကျလို့ ပုံလဲနေပြီဆိုရင်တော့ ခုချက်ချင်း ငါလာခဲ့မယ်"

"ဟုတ်တယ်၊ ကိုယ် တကယ်ပုံလဲကျနေခဲ့တာ"

"ဟင် .... ဘယ်သူလဲ"

ရုတ်တရက်မေးလိုက်ပြီးမှ ဘယ်သူဆိုတာ ခေါင်းထဲမှာ ဝင်လာသည်။ ကိုယ်ကတော့ ချစ်သဲ ထင်ပြီး အများကြီးပြောနေခဲ့မိ၏။

အုပ်စီး ၏ရယ်သံသဲ့သဲ့က ဖုန်းထဲမှာတောင် တော်တော်မုန်းဖို့ ကောင်းနေသေးသည်။

"လေရူး ..."

"ဘာကိစ္စရှိလို့ ဆက်တာလဲ၊ ဘာမှပြောဖို့မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ချစ်တယ်"

"ဘာ"

"မင်းပေးခဲ့တဲ့ ဒဏ်ရာလေ၊ အသည်းထဲထိရောက်သွားတာ၊ သေချာတယ်၊ မင်းကို ဘယ်လိုမှမေ့လို့ရမှာမဟုတ်ဘူး"

နှုတ်ခမ်းနှင့် ဖိကပ်နမ်းလိုက်သံကို အကျယ်ကြီးကြားလိုက်ရကာ ဖုန်းချသွား၏။

"တောက် .."

ဖုန်းကို ဆောင့်ချပစ်လိုက်ရင်း အကြာကြီးရပ်နေမိ၏။

တစ်ခါတည်း အသက်ပါထွက်သွားအောင် မလုပ်ခဲ့မိတာကိုက မှားတာ .... ဟူး ...။

"ဟိတ် .... လေရှူး"

"ဟင်"

ခတ်ကြိတ်ကြိတ်ဆောင့်ခေါ်လိုက်သံမှာ သော့နှင့် တံခါးထိခတ်သံပါ ပါလာသဖြင့် လေရှူး လန့်သွား၏။

"လာပြီ ..."

လေရှူး တံခါးဆီပြေးရင်း သော့ဖြုတ်သွားတာ လေတိုက်သွားသလိုပင်။ လက်တစ်လုံးလောက် ပခုံးချိတ်အနီရဲရဲ စပို့ရှပ်လေးနှင့် မီးခိုးရောင်ဂျင်းစကတ်အကျပ်က ဒူးအထက်နားမှာပဲ အဆုံးသတ်သွား၏။

တံခါးအပြင်ကနေ ကျားလေး မျက်မှောင်ကုပ်ကြည့်နေပုံက တံခါးပွင့်သွားသည်နှင့် 'တွေ့မယ်' လို့ ကြိမ်းဝါးနေသည့်နှယ်။

သို့သော် လေရှူး တံခါးဖွင့်လိုက်တော့ ဘာမှမပြောဘဲ ခြေလှမ်းကျဲကြီးများနှင့် တောက်လျှောက်ဝင်သွားသည်။ လေရှူး ကလည်း တောက်လျှောက်လိုက်သွားခဲ့သည်။

ကျားလေး က အခန်းထဲဝင်လိုက်ပြီးမှ တံခါးပြန်လှည့်ပိတ်လျှင် ...





"ဘာကိစ္စလဲ ... မင်းက"

လေရှူး က အခန်းဝမှာ ခြေစုံရပ်လျက် ပထမတော့ ခပ်အမ်းအမ်းဖြစ်သွား၏။ ဒေါသဖြစ်ဖို့ကို နောက်ကျမှ သတိရ၏။

"အန်တီဇင် မှာထားတာရှိလို့လေ၊ ရှင့်ခြေထောက်ကြီးကို မီအောင်လိုက်နေရတာ"

"ရှိရှိမရှိရှိ နောက်မှပြော၊ သွားတော့"

"အံမာ ... ရှင်က"

ခွေးမောင်းသလို လေသံကို လေရှူး ဆတ်ဆတ်ခါနာသွားသည်။

"ရှင့်နောက်ကို ဒီက လိုက်ချင်လွန်းလို့များ မှတ်နေသလား၊ ဘယ်အချိန်ကြည့်ကြည့် ရှုပုပ်ပွထပြီး ဒီလောက်ကျက်သရေတုံးတဲ့ မျက်နှာကို"

"အေး .. ငါ့မျက်နှာက ကျက်သရေတုံးနေပေမယ့် ဒူးပေါ်ပေါင်ပေါ်နဲ့ ကျက်သရေမဲ့နေတဲ့ အမိထက် အများကြီးသာတယ်"

"ကြည့်စမ်း"

လေရှူး ကိုယ်ဝတ်ထားတာကို ပြန်ငုံ့ကြည့်၍ 'ဒါ ဘာဖြစ်လဲ' ဆိုသော မာနနှင့် မော့သည်။ တံခါးရှေ့ကနေ လှမ်းကြည့်နေသည့် မျက်လုံးကြီးတွေကို သတိရတော့ ပို၍ခံပြင်း၏။

သူက ဝေဖန်ရအောင် ဘာမို့လို့လဲ။

"ဒီမှာ မင်းကိုယ်မင်း မြန်မာနိုင်ငံမှာ နေတာရော သတိရရဲ့လား၊ ကိုယ့်ကိုကိုယ် ဘယ်နိုင်ငံကလာတယ်လို့ မှတ်ထားလဲ"

ခါးနှစ်ဖက်ထောက်၍ အခန်းထဲနဲ့အပြင် ကျားလေးက ရန်စလာသည်။ ဘယ်တုန်းကတည်းက ပြောချင်နေသည်မသိ။ ရမလား ...။

"ဘယ်နိုင်ငံကဖြစ်ဖြစ် ကိုယ်ကြိုက်လို့ကိုယ်ဝတ်တယ်၊ ဘာဖြစ်သလဲ"

လေရှူး ကလည်း ခါးပြန်ထောက်၍ တစ်ခွန်းမှမခံပေ။

"ဘာဖြစ်လဲဆိုတာ မင်းအတွက် ဘယ်မှာပဲရှရှ၊ ဒီမှာမရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်လို့ ကြည့်နေတာ၊ ကြာလာလေ သရုပ်ပျက်လေ၊ ဒီမှာ လေရှူး၊ မင်းခေါင်းထဲမှာ ရှိဖို့က မင်းတောင်းသလောက် ငါက ငတုံးအကြီးလို ပုံအောချပေးထားတာ မင်းဘက်က ပြန်သိတတ်ဖို့လိုတယ်ဆိုတာလဲ ခေါင်းထဲမှာထည့်"

"ထည့်တယ်လေ၊ အဲဒါက ဘိုးဘိုးအတွက်ပဲ"

"ဟော့ …တိုးတိုးပြောစမ်း"

"ဒေါသဖြစ်ရင် ဖြစ်တဲ့အသံထွက်မှာပဲ၊ ဒီမှာ … ဘိုးဘိုးကို ကျွန်မကြောင့် စိတ်မဆင်းရဲစေရဘူး၊ နောက်ထပ်ဆရာမလုပ်နဲ့"

"မလုပ်လို့ရမလားကွ"

ပြော၍ ကျားလေးက ရှေ့တစ်ချက်တိုးလိုက်၏။ ပြီးမှ လေသံကို တိုးတိတ်စေကာ …

"မင်းက ငါ့အလုပ်သမား၊ ငါခိုင်းတာကို မနာခံလို့မရဘူး၊ ဘိုးဘိုးရဲ့အရေးပေးမှုတွေကို စားသုံးပြီး မင်းက မာန်တက်နေတာ"

"ရှင် မစော်ကားနဲ့နော်"

"ဟိတ် …"

လေရှူး သတိလက်လွတ် အော်ပစ်လိုက်တော့ ကျားလေး က လေရှူး လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲကာ ပါးစပ်ကို လက်တစ်ဖက်နှင့် ဖိပိတ်ပစ်လိုက်သည်။ ထို့ကြောင့် စကားသံက အစပိုင်းမှာ စူးစူးနဲ့ ထွက်သွားပြီးမှ နောက်မှာ ဗလုံးဗထွေး တိုးကျသွား၏။

"တောက် … မင်း … မင်းလေ .."

မျက်နှာနားကပ်၍ တက်ခေါက်သည်။ အံကြိတ်သံနှင့် ကပ်ကြိမ်းပြီး ပါးစပ်ပိတ်ထားခြင်းကို ဆောင့်လွှတ်၍ …

"စွာကျယ်ကျယ်ပုံစံတွေ သတိထား"

ဟု ပြောသွားသည်။ ထိုပြင် လေရှူး ကိုယ်လေး လည်ထွက်သွား





အောင် ပခုံးတစ်ဖက်ကို တိုးတိုက်၍ အပြင်ထွက်သွား၏။

"မင်းယောကျ်ား"

ဒေါသက လေရှူး ဆိုတဲ့နာမည်ထက် ပိုမြန်သည်။ လေရှူး သူ့ရှေ့ကို ပြေးရပ်ပြီး သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ တွန်းပစ်လိုက်ဖို့ပါ။ သို့သော် စိတ်လော[ ]၍ သုတ်ခနဲပြေးလိုက်စဉ် ပခုံးတစ်ဖက်မှာ ပူခနဲ ဖြစ်သွား၏။

"အား …"

နာကျင်စွာ အော်လိုက်မိ၏။ ကျားလေး ၊တ်ခနဲ လှည့်ကြည့်သည်။ နံရံမှာကပ်ဆွဲထားသော မီးဆိုင်းဟောင်းကြီးမှ သံချွန်နှင့် ခြစ်မိသွားပြီမှန်း သိလိုက်သဖြင့် ခြေလှမ်းတုံ့သွားသည်။

ဖိအုပ်ပစ်လိုက်သည့် လက်ဖဝါးလေးဖယ်လိုက်တော့ သွေးတွေကိုမြင်လိုက်သဖြင့် သူ ချက်ချင်းပြန်လှည့်လာကာ …

"တော်တော်များသွားလား ပြစမ်း"

"မလိုပါဘူး၊ အသက်နဲ့အဝေးကြီးပဲ"

လေရှူး က သူ လက်လှမ်းတာနဲ့လွဲသွားအောင် ပခုံးကိုနောက်ဆွဲပစ်လိုက်၏။ ကျားလေး ကလည်း လက်ပြန်ချကာ နောက်ဆုတ်လိုက်ပြီးသားပဲ ဖြစ်သည်။

"ပြီးတာပဲ"

ပြော၍ကျောခိုင်းပြီးမှ သမင်လည်ပြန်ငဲ့ကြည့်၍ …

"အဲဒါ မင်းရဲ့ပခုံးမှာ အကာအကွယ်မဲ့နေလို့ ပိုထိသွားတာ၊ နောက်ကို လုံလုံခြုံခြုံဝတ်"

လေရှူး ဒဏ်ရာကနာတာနှင့် ဒေါသတွေပဲလိုမ့်ဖြစ်ကာ ပြေသွားမှုခံရင်း ကျန်ခဲ့ရသည်။ ဖယ်ကြည့်လိုက်တော့ ဖိဆုပ်ထားသည့်လက်ဖဝါးတစ်ခုလုံးမှာ သွေးတွေက မြင်မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြင်တာကို သူ ဝင်ခံပေးတာလည်း မဟုတ်၊ ဒါကို ဗိနှိပ် ပြောသွားသေးသည်။

အဲဒီလူကြီး မြန်မြန်သေပါစေ၊ တစ်လောကလုံးနဲ့ ရန်ဖြစ်ပြီး အသုဘ ကို လိုက်ပို့မယ့်သူမရှိဘဲ ဖြစ်ပါစေ ...။

ရင်ထဲမှာ မုန်းလို့မပြီးနိုင် ...။

❂ ✿ ❂





အခန်း (၃၄)

"ဖြစ်ရလေ မြေးရယ်၊ 'ဘိုးသူတော်လဲတော့ တောင်ဝှေးမထူနိုင်' ဆိုတာ အဲဒါပဲ၊ ဘိုးဘိုးကိုတော့ မြေးက ပြုစုနိုင်တယ်၊ ငါ့မြေးဖြစ်တော့ ဘိုးဘိုးက ဘာမှမတတ်နိုင်ဘူး"

"ဘာမှမှမဖြစ်တာ ... ဘိုးဘိုးကလဲ"

လေရှူး က ဆေးထည့်ပြီးသည့် ဒဏ်ရာကို အကျီလက်မောင်း လေး ပြန်ချ၍ ဖုံးလိုက်သည်။

"အို မဖုံးရဘူးလေ၊ ဒဏ်ရာကို လွတ်လွတ်လပ်လပ်ထားလိုက်ပါ"

ဒေါ်သဇင်က အမြင်မတော်တော့ ဝင်ပြော၏။

"ဟုတ်သားပဲ မမလေးရဲ့၊ ဆရာဝန်က ဒဏ်ရာမပျောက်ခင် မထိ နိုက်မိစေနဲ့လို့ ပြောထားတဲ့ဟာ"

မိထွေး ကဝင်၍ ဆရာကြီးလုပ်နေသေးသည်။ လေရှူး မကြည် လင် မျက်နှာလေးနှင့် အကျီလက်မောင်းစကို ပြန်လိပ်တင်လိုက ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ ... ဒီလက်မောင်းမှာ ဒီလောက်ဒဏ်ရာကြီး ကြီးနေကာမှ ဘယ်လိုလုပ် လက်ပြတ်ဝတ်လို့ လှတော့မှာလဲ။

'နောက်ကို လုံလုံခြုံခြုံဝတ်' လို့ ပြောသွားသော အသံကို သတိရတော့ ပိုပြီး မခံချင်ဖြစ်မိသည်။

"ဟုတ်သားပဲ မြေးရယ်၊ အဲဒီအကျီကြီး လဲပစ်လိုက်တော့၊ ဟဲ့ မိထူး .. မြေးကို လုပ်ပေးစမ်း"

ဘိုးဘိုးက ပြောပြီး ဒရင်းဘက်ခ်ပေါ်ကနေ မျက်နှာလွှဲနေ၏။ မိထူး အကျီလဲပေးတာကို ဒေါ်သဇင်က ရပ်ကြည့်နေကာ ...

"ဒီလိုဖြစ်ရတာ အကျီလက်ပြတ်လေးတွေ ဝတ်တာနဲ့လဲဆိုင်တယ် လေရှုး၊ တကယ်လို့ အကျီအသားရှိနေရင် ပခုံးဒီလောက်ထိမှာ မဟုတ်ဘူး"

လာပြန်ပြီ တစ်ယောက်။

"ဟုတ်တယ်၊ အဲဒါကို ဘိုးဘိုးပြောမလို့"

သွားပြီ ...။ လေရှုး မျက်နှာလေးမဲ့ကျသွားလျက် ဘိုးဘိုးကို ကြည့်လိုက်မိသည်။

"ဒီဒဏ်ရာပျောက်သွားရင် ထဘီတို့၊ ရင်စေ့လက်ရှည်လေးတွေ၊ ရှိုးရှိုးခါးရှည်လေးတွေ မြေးရဲ့မေမေ့အခန်းထဲမှာ အများကြီးပဲ၊ ယူဝတ်ပေါ့၊ ပြီးတော့ မြေးက မေမေ့အခန်းထဲမှာ မနေဘူးဆို၊ ဘာဖြစ်လို့လဲ"

ဒေါ်သဇင့်မျက်နှာကို ကြည့်မိတော့မလိုဖြစ်သွားပြီးမှ လေရှုး ခေါင်းခါပြီး ရယ်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး ဘိုးဘိုးရဲ့၊ မေမေ့အိပ်ခန်းလေးကို ခြေရာလက်ရာ ပျက်သွားမှာစိုးလို့ပါ၊ နေ့တိုင်းတော့ ဝင်ပြီး သန့်ရှင်းရေးလုပ်တယ်"

အဆင်ပြေသလိုပြောလိုက်ရသည်။ "မေမြတ်ရှင် အခန်းထဲကို မင်းသဘောနဲ့မင်း လုံးဝမဝင်ရဘူး၊ အဖေ မေးရင် မင်းဘယ်လိုပြော





သင့်သလဲဆိုတာ စဉ်းစားထား" ဆိုသော အမှာစကားတွေကို လေရှုး မေ့လို့မဖြစ်။

"ဘာဖြစ်နေတာလဲ"

အထဲမှာ လူတွေစုရုံးနေတာမြင်သဖြင့် ကျားလေး အခန်းဝကနေ လှမ်းမေးသည်။ လေရှုး မျက်နှာလေး ညိုမှောင်သွားလေသည်။ ဒဏ်ရာက ပခုံးမှာမို့ လက်မောင်းတစ်ခုလုံးပါမကျန် ပတ်တီးစည်းထားရသည်။ ဒီလူ့ရှေ့မှာ ဒီပုံစံမပြချင်လို့ အကျီဝတ်ထားခဲ့ကာမှ ...

"ဒီမှာ သံချွန်နဲ့ခြစ်မိတာ တဲ့ လူလေးရယ်၊ ဒဏ်ရာက နည်းနည်းနောနောမဟုတ်ဘူး၊ အဲဒီမီးဆိုင်းဘုတ်ကို ဘာဖြစ်လို့ မပစ်ကြတာလဲ၊ ခုတော့ သွေးထွက်သံယိုတွေဖြစ်ကုန်ပြီ"

ဘိုးဘိုးက လှမ်းပြောတော့ မဲ့ပြုံးနှင့် လှောင်ချင်သည့်နှုတ်ခမ်းသိုကို ဟန်လုပ်စေ့ပိတ်၍ သူ လှမ်းဝင်လာသည်။

ရန်စောင်သည့် လေရှုး ၏မျက်လွှာပင့်အကြည့်နှင့် 'နည်းသေးတယ်' လို့ စကားပြောနေသော ကျားလေး၏မျက်ဝန်းတွေ ဒိုင်းနဲ့ဆုံသည်။ နှစ်ကိုယ်ချင်းသာ နားလည်လိုက်ကြကာ လျှပ်တစ်ပြက်လေးမို့ လူကြီးတွေ မသိလိုက်ကြ။

"ခုပဲ ဆရာဝန်ပြန်သွားတယ်၊ ညကျရင် အနာရှိန်တက်နိုင်တယ်တဲ့ တာကွယ်ဆေးရော၊ အနာကျက်ဆေးတွေရော ထိုးပေးသွားတာပဲ"

ဘိုးဘိုး တော်တော်စိတ်မကောင်းဖြစ်နေရှာတာကိုသိတော့ ကျားလေး အဲဒီမိန်းကလေးကိုပဲ နာနာထုပစ်ချင်သည်။ လူကြီးတွေကို သက်သက်ဒုက္ခပေးတာ။

မကောင်းတတ်လို့ ခုတင်ဘေးမှာ ဝင်ထိုင်လိုက်ရသည်။ အနေတော်သည့် မျက်လုံးကရောက်သွားတော့ မျက်စောင်းထိုးခံလိုက်ရသေးသည်။ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ညကျရင် မြေးကို ဘယ်သူစောင့်အိပ်မလဲ"

"ဒီလောက်မလိုပါဘူး ဘိုးဘိုး၊ အဖျားတက်လာလဲ အနားရှိနဲ့ တက်တာပဲဟာ၊ ဆရာဝန် ဆေးမပေးခဲ့ဘူးလား"

ဆင်ခြင်သင့်ပေမယ့် လွှတ်ခနဲ ပြောမိသွားသည်။ ဘိုးဘိုး မျက်လုံး ပြူးနှင့်ကြည့်ကာ ...

"ဘယ်လိုပြောလိုက်တာလဲ လူလေးရာ၊ ဘာကြောင့်ပဲဖြစ်ဖြစ် တစ်ယောက်တည်းပစ်ထားလို့ရမလား"

"ဟုတ်သားပဲ သား၊ လူကြီးပြောနေတာကို ငြိမ်ပြီးနားထောင် လိုက်တာမဟုတ်ဘူး"

ဒေါ်သဇင်က ဝင်ဆူသည်။ ပြီးတော့ သူမကပဲ အဆင်ပြေအောင် ဝင်ထိန်းလိုက်သည်။

"စိတ်မပူပါနဲ့ အဖေရဲ့၊ မိထွေးလဲ ရှိတယ်၊ သမီးလဲ ဂရုစိုက်ပါ့မယ်၊ သူ့ကို လူငယ်မို့လို့ ကျားလေးက ပြောတာပါ၊ လူကြီးဖြစ်တဲ့ အဖေပဲ အရေးကြီးတာ၊ လေရှူး ကိုစိတ်ပူပြီး အိပ်ရေးပျက်ရင် ကျန်းမာရေး ထိခိုက်မှာ"

ဒီတော့မှ ဘိုးဘိုးကျေနပ်သွားသည်။ ညဘက်ကျတော့ လေရှူး တကယ်ပဲ အဖျားတက်လေသည်။ အိမ်မှာ ဆေးဝါးကျွမ်းကျင်ပြီး ဆေးအပ်ကိုင်တတ်တာ ကျားလေးပဲရှိသည်။

လေရှူးနဲ့ အတူအိပ်ရသည့် မိထွေး အရင်ဆုံးသိကာ နောက်ပိုင်း မှာ အားလုံးနိုးကုန်ကြသည်။ မနိုးဘဲရောက်လာသူက ဦးစက်ရှင်ဖြစ်၏။

"မြေး ... ငါ့မြေးလေးမျက်နှာ နီရဲလို့ပါလား၊ လူလေး ဖြစ်ပါ့မ လား၊ ဆရာဝန်ဆီ ဖုန်းဆက်လိုက်ရင် ကောင်းမလား"

ဦးစက်ရှင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေ၏။ လူမမာထက် ပို၍ သူ့မျက်နှာနီနေသည်။ မျက်လုံးအစုံသည် စကြဝဠာတစ်ခုလုံး နု





ချက်ချင်း ပြိုကျပျက်စီးသွားတော့မလိုဖြစ်နေ၏။

"စိတ်မပူပါနဲ့ ဘိုးဘိုးရယ်၊ ခုချိန်ထိ ဘိုးဘိုး တစ်ရေးမှ မအိပ်ရ သေးဘူးမို့လား"

ညဦးပိုင်းကလည်း မြေးနားမှာပဲရှိသည်။ ကိုးနာရီလောက်ကျမှ သူကိုယ်တိုင်တွဲခေါ်ပြီး အိပ်ခန်းထဲထိ ပို့ပေးခဲ့ရသည်။ နွားနို့ဝင်ပို့လိုက် ဆေးသောက်ပြီးပြီလား ဝင်ကြည့်လိုက်နှင့် အန်တီဇင်လည်း ဘိုးဘို မအိပ်တာကို သိနေခဲ့၏။

ခုပဲ တစ်နာရီထိုးတော့မည်။ ကိုယ်ပူတိုင်းပြီး ကျားလေးက ဆေ ထိုးဖို့ပြင်၏။ လေရှူး မျက်လုံးမဖွင့်ချင်၊ စကားမပြောချင် ဖြစ်နေပေ မယ့် အားလုံးကိုသိနေသဖြင့် အနားမှာ ဒီလူ စေတနာမရှိဘဲရှိနေပေ သည့်အဖြစ်အား ဘယ်လိုမှ မလိုလားဘဲဖြစ်နေခဲ့၏။

ဒါပေမယ့် သူ့ ဆေးထိုးဖို့ကို အန်တီဇင်က ကူညီပေးနေသဖြ ဘာမှမတတ်နိုင်။ မိသားစုထဲမှာ လတ်တလော အရေးအကြောင်း လျှင်ကိုယ်တိုင်ပြုစုနိုင်အောင် ကျားလေးကို ဆယ်တန်းအောင်ကတည က ဆေးဝါးထုတ်လုပ်ရေးမှာ ဦးစက်ရှင်က သွင်းထားခဲ့သည်။ ကျန်းမ ရေးပညာဌာနမှာလည်း သင်ယူခဲ့ဖူး၏။ ညဏ်ရည်ထက်မြက်သ ကျားလေးက ဘာပညာမဆို သင်ယူလိုစိတ်လည်း ပြင်းထန်သည်ဖြ ရာ ဆေးထိုး ဆေးစပ်ပုံကအစ ဆရာဝန်တစ်ယောက်လိုပင်။

လေရှူး ကတော့ ဘယ်လိုမှ အထင်မကြီးနိုင်ဘဲ ဖြစ်နေသည သူ့ကိုယ်သူ ဆရာဝန်ဂိုက်ဆိုက်နဲ့။

"အား ... သေပါပြီ"

ဒေါသဖြစ်နေတုန်း တင်ပါးထဲမှာ စူးအောင့်နာကျင်သွားသဖြ လေရှူး တအားထအော်၏။

"ဟော ... ဟော၊ ငါ့မြေးလေး အသံထွက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်သလိုဖြစ်နေသဖြင့် စိတ်မချမ်းမသာဖြစ်နေခဲ့သော ဦးစက်ရှင်မျက်နှာကြီးက လေရှူး နှာကျင်စွာ ထအော်လိုက်တာကိုပဲ ငေးသာအားရကြီးဖြစ်လျက် ...

"တိတ်တိတ်နေ မြေးရဲ့၊ သန်းခေါင်ကျော်နေပြီ၊ မြေးမှာ အဖျား တစ်ရှုနစ်တောင်ရှိနေတာ"

ခေါင်းရင်းမှာ ပန်းကနုတ်တွေပါသည့် ကုလားထိုင်ကြီးချပေးထားသဖြင့် ဦးစက်ရှင်က မိန့်မိန့်ကြီးထိုင်ပြီး မြေးကို ချော့နေသည်။ စူဋေတော်လန်ထွက်လာသည့် နှုတ်ခမ်းလေးနှင့် နဂါးမျက်စောင်းကြောင့် ကျားလေးက မဲ့သည်။ ကြည့်နေမှန်းသိတော့ ဖြီးလိုက်မိသေး၏။ ထိုမဲ့ဖြီးကို ဘယ်သူမှ မမြင်လိုက်။

ကျားစုတ် ကျားပဲ့၊ လူကို အမြင်ကပ်ကပ်နဲ့ တမင်နာအောင် ထိုးပစ်လိုက်တာ။

လေရှူး နှုတ်ခမ်းလေးကိုက်ရင်း ဖျားနေတာပင် ဘယ်ရောက်သွားမှန်းမသိတော့ပေ။ ခေါ်သဇင်ကတော့ ဆေးထိုးလိုက်သည့် နေရာကို ဂရုတစိုက်ချေပေးနေသည်။

နာရီဝက်လောက်ကြာတော့ ဆေးထိုး၊ ဆေးသောက်ထားသည့် အရှိန်နှင့် လေရှူး ကိုယ်ပူနည်းနည်းကျသွား၏။ အားလုံး ဘယ်သူမှ မအိပ်နိုင်ကြသေးပါ။ စိုးရိမ်စရာမရှိတော့ဘူးဆိုပေမယ့် ဦးစက်ရှင် က မထသေးသဖြင့် ခေါ်သဇင်တို့ ထရစက်နေသည်။ တော်ကြာ 'ငါ့မြေးကို ဂရုမစိုက်ကြပါလား' လို့ ထင်သွားဦးမည်။ ကျားလေးကလည်း ဒါတွေကိုသိလေ၊ လေရှူး ကိုဒေါသဖြစ်လေ။

အတူးသဖြင့် ဘိုးဘိုး အိပ်ရေးပျက်ရတာကို စိတ်မကောင်းနိုင်။ လူကြီးက အအိပ်၊ အစားပျက်လို့မဖြစ်။ ဒီကောင်မလေး မနေတတ် မထိုင်တတ်လို့။





"ကိုယ်ပူလဲ ကျသွားပြီ၊ ဘိုးဘိုးလဲ သွားအိပ်ပါတော့၊ ဒီမှာ ကျွန်တော်စောင့်လိုက်ပါ့မယ်"

"ဟင် ... မြေးကို လူလေး စောင့်နေမှာလား"

"ဟုတ်ကဲ့"

"အေး ... ဒါဆိုရင်တော့ စိတ်ချပါပြီ၊ မိထူး ဆိုရင် ဘာမှနားလည်တာမဟုတ်ဘူး၊ ခေါင်းပြန်ချလိုက်တာနဲ့ ပြန်အိပ်ပျော်သွားမှာ၊ မြေးလေး တစ်ယောက်တည်း"

ဦးစက်ရှင် သက်ပြင်းမချနိုင်ဖြစ်နေတာကိုကြည့်၍ ခေါ်သဇင် စိတ်ထဲမှာတော့ မကောင်းပေ။ အဖေ့ခမျာ သူ့မြေးမလေးလို့ပဲ ထင်နေရှာသည်။

လေရှူး အခွင့်အရေးမယူခဲ့ဘူးဆိုတာကိုလည်း သူမ သိသည်။ ခတ်နေသည်က မြေးအစစ်ကို ခုချိန်ထိ မတွေ့သေးသည့်ပြဿနာဖြစ်သည်။

အားလုံးထရပ်လိုက်ကြတော့ ခေါ်သဇင်က ဦးစက်ရှင်ကို တွဲထူ ထေးထေး မိထူးက ကြမ်းပေါ်မှာခင်းထားသည့် သူမ အိပ်ရာလေးကို လိပ် နေတော့မလိုလို၊ ပြန်လှဲလိုက်ရမလိုလိုနှင့်။

"အစ်ကိုလေး၊ မိ ...မိထူး၊ ဒီမှာပဲ အိပ်ရမှာလား"

"အိပ်လိုက်လေ၊ လူမမာအတွက် လိုအပ်တာ လုပ်ကိုင်ပေး"

ခေါ်သဇင်က ကြားဝင်ပြောလိုက်ပြီး ကျားလေးကိုလည်း ကြည့်ကာ —

"လေရှူး သက်သာရင် သားလဲ ခဏတဖြုတ်မှေးလိုက်လေ၊ မနက်ကျရင်တော့ အလုပ်သွားရမှာ"

"ဟုတ်ကဲ့ပါ"

တွဲထားသည့် တစ်ဖက်ကနေ ဦးစက်ရှင်က မြေးဖြစ်သူကို ငုံ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသေးသည်။

"မြေး ... မြေးနေသာရဲ့လား"

"ရှင် ... ဟုတ်ကဲ့ ဘိုးဘိုး"

"အနာက ကိုက်ခဲနေလား။ သံဆိပ်တက်မှာပေါ့ကွယ်၊ ဘိုးဘိုး စိတ်မချမ်းသာလိုက်တာ"

မျက်နှာရဲရဲလေးနှင့် လေရှူး က ပြုံးပြလိုက်၏။

"နည်းနည်းပဲနာတာ ဘိုးဘိုးရဲ့၊ ကိုက်ခဲမနေဘူး၊ ခုတောင် တော်တော်ပေါ့သွားပြီ"

အမျိုးမျိုးပြောပြ၍ ဟန်ဆောင်ပြုံးနေလိုက်ရသည်။ ဦးစက်ရှင် ထွက်သွားသည်နှင့် လေရှူး မျက်ခွံတွေပိတ်ကျသွားသည်။

"မိထွေး၊ ရေခဲရေတစ်ဇလုံထည့်လာခဲ့"

"ဟုတ်"

ဘာလုပ်တော့မည်ကို သိသောကြောင့် မိထွေးက ရေဇလုံရော ဝွမ်းကပ်ပဝါထူထူလေးတစ်ထည်ပါ ထည့်ယူလာ၏။ ကျားလေးက လေရှူး အိပ်နေသည့် ခုတင်ခေါင်းရင်းသို့ ပြောင်းထိုင်လိုက်၍ ...,

"ရပြီ၊ အိပ်ချင်အိပ်တော့"

"ဟုတ်"

မိထွေး ဘယ်လောက်အိပ်ချင်နေသည်မသိ၊ ချက်ချင်း အိပ်ရာထဲ ပြေးခွေရှာသည်။ ရေခဲပတ်လေးကို နဖူးပေါ်တင်ပေး၍ သူ့လက်ပြန် ရုတ်လိုက်ရုံပဲ ရှိသေးသည်။

"ဒီမှာ အနားမှာ ဘယ်သူမှမရှိတော့ရင် ရှင်လဲ ကြွတော့၊ ဒီမှာ ရောဂါပိုတိုးလို့"

မျက်လုံးက မဖွင့်နိုင်တာတောင် မရဲမကဖွင့်ကြည့်ပြီး ရန်တွေ့နိုင်အားသေးသည်။ ကျားလေး ခပ်ချဉ်ချဉ်နှင့် စိုက်ကြည့်လိုက်မိ၏။





"ရောဂါပိုတိုးလို့ အတွင်းလှိုက်ဆောင့်တက်ပြီးသေလဲ ပြဿနာ မရှိဘူး။ အပြင်မှာ ပူချစ်နေတာက ပြဿနာ၊ မင်းကြောင့် အားလုံးအိပ်ရေးပျက်ကြ၊ အလုပ်ရှုပ်ကြနဲ့၊ အဲဒါကို သာယာနေတာလား"

"ရှင် ... ရှင် ဘာပြောလိုက်တယ်"

သူ့လက်ကို ပုတ်ချပစ်လိုက်တော့ လှမ်းကိုင်လိုက်သည့် ရေခဲပတ်ကလည်း ဘေးကိုပြုတ်ကျသွားသည်။ ကျားလေး မျက်နှာ ရဲခနဲ ဖြစ်သွား၏။

"လေရှူး၊ မင်း ဘာအရူးထနေတာလဲ၊ ငြိမ်ငြိမ်နေစမ်း"

"မနေဘူး၊ ဒါ သေလောက်တဲ့ရောဂါလဲ မဟုတ်ဘူး၊ ကျွန်မလဲ ဘိုးဘိုးကိုသနားလို့ မျိုသိပ်နေတာ သိရဲ့လား။ ငွေကလဲ ယူထားပြီးလို့ စကားပြောတာ ဆင်ခြင်ပြော"

"မင်းလဲ ဆင်ခြင်ပေါ့၊ စေတနာမရှိဘဲလုပ်ပေးနေရတာ မသိဘူးလား၊ ငါ ဘယ်လိုပုံစံနဲ့ပဲ လုပ်ပေးပေး၊ ရောဂါပျောက်ဖို့အတွက် ငြိမ်နေလိုက်၊ ညင်ညင်သာသာတွေ၊ တယုတယတွေရှိဖို့ကို စိတ်ကူးယဉ်မနေနဲ့"

လေရှူး ရင်ထဲမှာ စူးအောင့်သွားသည်။ ဒေါသတွေ ဗရမ်းဗတာ ပေါက်ထွက်ကုန်ကြပေမယ့် မှန်တော့မှန်ပါသည်။ သူ ဘယ်လိုလုပ်ပေးနေနေ ဒီဒဏ်ရာပျောက်ဖို့ အဓိကမဟုတ်ဘူးလား၊ ဒါပေမယ့် ပြောလိုက်တာက မိုက်ရိုင်းလွန်းပါ၏။ အံကြိတ်၊ မျက်ရည်ဝဲလျက်၊ စူးစိုက်ကြည့်နေသည့် မျက်ဝန်းတွေကို ကျားလေးကလည်း လှည့်မကြည့်ပေမယ့် သိသည်။

ပြောတာ နည်းနည်းလွန်သွားမှန်းလည်း သိ၏။ ဒါပေမယ့် တောင်းပန်အလျှော့ပေးဖို့ စိတ်ကူးထဲမှာမရှိ။

"ရှင့်ကို ကျွန်မပြောနေတယ် မင်းယောကျ်ား၊ ရှင်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို မှိတ်ပစ်၍ လေရူး က အံကြိတ်သံနှင့် ထပ်ပြောသည်။ ကျားလေးက ပဝါကို ညှစ်ချ၍ နဖူးပေါ်ကို သေချာထပ်တင်လိုက်ပြီးမှ ...

"သွားလို့မဖြစ်ဘူး၊ တော်ကြာ ဘိုးဘိုးဝင်လာလို့ ကိုယ်ပူ ဒီထက်မကျရင် ပြန်ထွက်ခိုင်းလို့ရမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့ ကိုယ်က ဒီလောက်တောင် ပူနေရတာလဲ၊ ထားခဲ့၊ ကိုယ့်ဘာသာ ရေပတ်တင်လို့ရတယ်"

ကျားလေး ခေါကန်သွားသည်။ ဒီကပဲ ပြုစုချင်လွန်းလို့ လုပ်နေတဲ့အတိုင်း။

"နဖူးပေါ်ကို တင်လို့ရပေမယ့် ဒါကို မင်းကိုင်လို့မရဘူး၊ အဲဒီလောက်တောင်ဖြစ်နေရင် ကိုယ်ပူမြန်မြန်ကျအောင် ခေါင်းကနေ မရေသွားလောင်းချိုးလိုက်ပါလား"

"ချိုးမယ်"

"ဟာ ... ဟေ့ ..."

ပြောထဲ့လူက ပြောသည်။ ထတဲ့သူကလည်း ကိုယ်ပေါ်ကစောင်ကို ခွာလိုက်ပြီး တကယ်ကျူးထ၏။ ကျားလေး စိုးရိမ်တကြီးဖြစ်သွားကာ လေရူး ၏ ဒဏ်ရာမရှိသော ဒီဘက်ကလက်ကို ပြန်ဆွဲသည်။

"ဖယ် ... လွှတ် ..."

"မင်းသေချင်လို့လား၊ တောက် ..."

ရုတ်တရက် ပူထူသွားတာက စိုးရိမ်စိတ်တွေနှင့်ဖြစ်သည်။ ဒီကောင်မလေး တကယ်လုပ်မှာကိုလည်း သိ၏။ သို့သော် စိတ်တိုခြင်းက ကပ်လျက်ပါလာခဲ့ပြီး တက်ခေါက်လိုက်မိသည်။

လေရူး ကလည်း ခေါင်းမာသည်။ အိပ်ရာကို တံတောင်နှင့်ထောက်ခံထားပြီး ပြန်လဲကျမသွားအောင် ကိုယ်ကို ကြွထား၏။





"ခင်ဗျား ... ဖယ်နော်"

လူတစ်ယောက်ကို စိတ်ထဲမှာ ဘယ်လိုမှမတွေ့နိုင်အောင် အထင်သေးရှုံ့ရှာလာပြီဆို 'ခင်ဗျား' ဆိုသည့် အသုံးအနှုန်းက ပါးစပ်ထဲ အလိုလိုရောက်လာတတ်၏။

ဒီလူကြီးကိုလည်း အစက သဘောကျသလိုလို၊ အထင်ကြီးသလိုလိုဖြစ်ခဲ့ပေမယ့် ...

"လေရူး၊ မင်းနဲ့ငါ စကားနိုင်လု၊ ရန်ဖြစ်နေရတာတွေ၊ အချိန်နေရာရွေးဖို့တော့ လိုပြီထင်တယ်၊ အဲဒါနဲ့ပတ်သက်ပြီး မလိုလားအပ်တဲ့ ပြဿနာဖြစ်ရတာများပြီ"

လေရူး ဘယ်လိုမှ တောင့်ခံမထားနိုင်တော့ဘဲ ပြန်ဖိဆွဲကာ ခေါင်းအုံးပေါ်သို့ ဖရိုဖရဲလေး ပြိုကျသွားတော့မှ လက်ကိုပြန်ရုတ်၏။ ပြီးတော့ ပြောနေရင်း မျက်လုံးတွေမှိတ်ချပြီး ငြိမ်သက်သွားသည့် လေရူး မျက်နှာလေးကိုလည်း စူးစိုက်ကြည့်မိသည်။

နာခံလက်ခံခြင်းဖြင့် ငြိမ်သက်နေခဲ့တာမဟုတ်မှန်း ဖိပိတ်ထားရင်းမှ တလွန့်လွန့်တုန်ယင်နေသည့် နှုတ်ခမ်းလေးများက သက်သေပြုနေသည်။ ခေါသဖြစ်လွန်းလို့ ပြောမထွက်တာလား၊ အားအင်ချို့နဲ့နေချိန်မို့လို့ 'နေနှင့်ဦး' ဆိုသည့်တေးမှတ်ခြင်းများဖြင့် အံကြိတ်နေတာလားတော့မသိ။

ဘာပဲဖြစ်ဖြစ် ဘယ်တုန်းကမှ သေချာစေ့စပ်အောင် မကြည့်ခဲ့ဖူးသော မျက်နှာလေးကို သူ ဒီတစ်ခါ ဂရုစိုက်ကြည့်ဖြစ်သွားခဲ့၏။

မျက်နှာသွယ်ပုံရှိပေမယ့် မေးဖျားကျတော့ ချွန်နေတာမျိုးမဟုတ်၊ စိမ်းညို့သည့် မျက်ခုံးဖျော့ဖျော့လေးတွေနှင့် အသားလေးဖြူကာ ဒီလောက်ထိ နဖပ်ဖပ်ပုံလေးရှိနေပါလျက်နှင့် စိတ်ကျတော့ မာကျောလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကောက်နေတာမျိုးလည်း မဟုတ်ဘဲ ပြောရဲလွန်းလို့ ခက်နေသည်။ နဖူးဆံစပ်ကလေးများမှစ၍ နားသယ်စပ်နားအထိ ဆံယဉ်စတို့က စိမ်းမြဝင်းစိုနေတာလေးကို ဆံပင်တွေ ဖြန့်ချထားမှ ပို၍ မြင်ရ၏။

ရှည်လျားသည့် ဆံနွယ်တွေကို နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့်စည်းနှောင်ထားတော့ မသိသာ။ ထို့ပြင် ဝတ်စားပုံနှင့်ဆိုတော့ ပို၍ ကလေးဆန်သည်။ ခုကျတော့ ခေါင်းအုံးထက်မှာ ဖြန့်ကျလျက်၊ တချို့က ခွေဝိုက်ပုံကျနေ၏။ နငယ်တာရှော၊ ယဉ်စစပုံစံလေးရောက ပေါ်လွင်နေသည်။

သူ့လက်တို့၏ လှုပ်ရှားမှုတွေ နူးညံ့သွားခဲ့၏။ ငြိမ်သက်နေသော နဖူးပြေပြေလေးထက်သို့ ရေခဲပဝါလေး ဖွဖွတင်လိုက်ရင်း စိတ်ထဲမှာ သနားမိသလိုလို။

"ဒီကောင်မလေးကို ငါ ထင်မြင်ယူဆခဲ့တာတွေ၊ ပြောဆိုဆက်ဆံခဲ့တာတွေအားလုံး မညာမတာ ရိုင်းစိုင်းနေပြီလား" ဟု တွေးမိလာ၏။

နှောင်တရတာတော့ မဟုတ်ပါ။ ယောကျ်ားပီသချင်တာပဲဖြစ်၏။

◎ ✿ ◎





●

အခန်း (၃၅)

အခန်းထဲ ဝင်လိုက်သည်နှင့် အဝါရောင်ဆွယ်တာလက်ရှည်ကို ဘောင်းဘီအဖြူနှင့်တွဲဝတ်ထားလျက် မွေ့ရာထက်မှာ စန့်စန့်ကားကားကြီး မအိပ်ဘဲ မှီထိုင်နေသူကို မြင်လိုက်ရသည်။

ထွတ်ဦး မျက်နှာ စပ်ဖြဖြကြီးဖြစ်သွားကာ ...

"ဒါ လူမမာရုပ်လေးလား"

"ဘာလာလုပ်တာလဲ"

အုပ်စိုး မျက်နှာက မကြည်လင်။ ထွတ်ဦး က အထဲကိုဆက်ဝင်လာပြီး စားပွဲရှေ့က ကုလားထိုင်ကို ခုတင်ဘက်ကို ဆွဲလှည့်၍ ထိုင်ချလိုက်သည်။ ပြီးတော့ အပေါက်အောက်၊ ရှေ့နောက် ကြိုက်သလို လှုပ်ရှားလို့ရနေသည့် ကုလားထိုင်မှာ စက္ကန့်များစွာ စီးမြောနေလိုက်သေးသည်။

"ဒါက နေမကောင်းဘူးဆိုတော့ အုံ့သြသွားတာပဲ၊ ထင်သားပဲ"

"ဘာထင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အန်ကယ့်ကို မကျေနပ်တာတစ်ခုခုရှိလို့ အခန်းအောင်းနေတာမို့လား၊ ဒါနဲ့များ ဆွယ်တာကြီးထပ်ဝတ်ပြနေသေးတယ်၊ ချွတ်ပစ်လိုက်စမ်းပါ"

"နေပါဦး၊ မင်းကရော၊ ဘာကိစ္စနဲ့ ငါ့ရဲ့ တကယ်နေကောင်း၊ မကောင်းပြဿနာကို ရေးကြီးခွင်ကျယ် လာလုပ်နေတာလဲ"

ထွတ်ဦး က အပြုံးမပျက်ကြည့်နေရင်းနှင့် ခုတင်ပေါ် ကို ပြောင်းထိုင်လိုက်သည်။ ဒူးတစ်ဖက်ကွေးထားသည့် အုပ်စီး ခြေထောက်ကို လက်ပြန် ဖတ်ခနဲ ရိုက်ပစ်လိုက်ပြီးမှ ...

"မင်းရဲ့ ရိုလီက ဖုန်းဆက်တယ်"

"ဘာတဲ့လဲ"

"အရေးကြီးတယ်တဲ့၊ ဒီညနေ တွေ့နေကျနေရာမှာ သူ စောင့်နေမယ်၊ ဆက်ဆက်လာပါ တဲ့"

အုပ်စီး ကျွတ်ခနဲ စုတ်သပ်သည်။ မျက်နှာတစ်ဖက်လှည့်ပစ်ပြီး ဆံပင်တွေကို ကုပ်ပိုးအောက်ခြေကနေ တမင်တကာ ထိုးဖွပစ်လိုက်၏။

"အဲဒါ မင်းရှင်းလိုက်ကွာ၊ လုံးဝ ခုန်လို့မရတော့ဘူး"

"ဟ ... ဘာလဲ"

"ငါ့ရင်ခုန်သံတွေ သွေးပြောင်းပြန်စီးပြီး အစပျောက်သွားပြီ"

ထွတ်ဦး ကပြုံးနေရာကနေ မျက်နှာကြီးတည်သွားပြီး အုပ်စီးကို သေချာကြည့်၏။ အုပ်စီး မျက်နှာက မှုန်ကုပ်ရှုံ့မဲ့လျက် ...

"ပြောတော့ ငါက ပွေတယ်၊ ရှုပ်တယ် တဲ့၊ အဲဒါတွေကို ဘယ်လိုလုပ်ရမလဲ"

"ဘာ ..."

"မိန်းမတွေ များပေမယ့် အချစ်က မများဘူး"

"ဩော် ..."





"အတည်ပြောနေတာ၊ ရင်ခုန်သံအမျိုးမျိုးရှိတဲ့အထဲမှာ တကယ်အချစ်ကြောင့်ရင်ခုန်တာကို ငါ လိုချင်တယ်"

"မင်းက ချစ်ရောချစ်တတ်လို့လား၊ မင်းအတွက် ပျော်ရွှင်လွတ်လပ်ဖို့ပဲ လိုတာဆို၊ ပြောင်းလဲသွားတာ အဆန်းပဲ"

"မင်း ငါ့ကို နားမလည်တာတွေ၊ ဝေဖန်တာတွေ ဘာမှမလုပ်နဲ့ ထွတ်ဦး၊ နေမကောင်းတာက မှန်တယ်၊ ဒါပေမယ့် အဲဒါကြောင့် အခန်းအောင်းနေတာမဟုတ်ဘူး၊ ငါ အခန်းအောင်းနေတာ အကြောင်းရှိတယ်"

"ရှိရင်ပြောလေ၊ မဝေဖန်ဘူး"

အုပ်စီး က မေးဖျားမှာ လက်သီးဆုပ်နှင့်ကပ်ထောက်၍ စဉ်းစားသည်။ ထွတ်ဦးနဲ့သူဟာ အကောင်းဆုံး တိုးတိုးဖော်သူငယ်ချင်းပဲ ဖြစ်သည်။ တိုင်ပင်မယ်လို့လည်း စိတ်ကူးထားပြီးသားဖြစ်သည်။ တကယ်ကျတော့ ဘယ်ကဘယ်လို စပြောရမှန်းမသိ။

သူကိုယ်တိုင် မသေချာတာတွေ ရှိသေးသည်။ ဒါပေမယ့် ထိုအကြောင်းအရာမှလွဲလျှင် သူ့အတွက် ဘယ်အကြောင်း၊ ဘယ်စိတ်ကူးကမှ အဓိကမဟုတ်တော့ဘဲ ဖြစ်နေခဲ့၏။

"ထွတ်ဦး၊ မင်း ငါ့ကို ဘယ်လိုလူမျိုးလို့ ထင်သလဲ"

"ဟင် ..."

မျှော်လင့်ထားတာက တစ်မျိုး၊ ကောက်မေးလိုက်တာက တခြားမို့ ထွတ်ဦး ကြောင်တောင်တောင် ဖြစ်သွား၏။ အုပ်စီး ကလည်း သူ့ဖြေတာကို မစောင့်ပါ။

"မင်းကတော့ ငါ့ကို မှန်တယ်၊ တော်တယ်လို့ ထင်ချင်ထင်မှာပေါ့၊ ဒါပေမယ့် ..."

"ဘယ်သူက ကီးမကိုက်ဘူး ဖြစ်နေလို့လဲ"

"ဟိုကောင်မလေး ..."



www.burmeseclassic.com

www.burmeseclassic.com



သူ စလိုက်တာနှင့် ထွတ်ဦး စဉ်းစားမိသွားသည်။ ခုတလော အုပ်စီး ပါးစပ်ထဲ ခဏခဏပြောတတ်သည့် ကောင်မလေး။

"လေရှူး ဆိုတာလား"

"ဟုတ်တယ်"

"မင်းကို ငါပြောသားပဲ၊ အဲဒီဟာလေးကို မစနဲ့ မင်းထက် လည်ပါတယ်ဆို"

အုပ်စီး ခေါင်းရမ်းပစ်သည်။ ထွတ်ဦး၏ ထင်မြင်ယူဆချက်ထဲမှာ သူ လိုချင်တာမပါ။

"ဒီကောင်မလေး မင်းရင်ဘတ်ထဲဝင်လို့ရအောင် အမျိုးမျိုးပညာတွေသုံးနေတာ၊ အခု သိပြီမို့လား"

"လွဲပြီ"

"ဘာလို့ လွဲရမှာလဲ၊ မင်းစိတ်ဝင်စားသွားမှန်း သိကတည်းက ငါ စုံစမ်းကြည့်ပြီးပြီ။ မင်းရဲ့ဟိုတစ်ယောက်က ဘယ်သူလဲ၊ ဖူး ဆိုတာ၊ အဲဒီ ဖူးရဲ့ ညီမရဲ့ သူငယ်ချင်း၊ အခြေအနေချင်းက အရမ်းကွာတယ်၊ ဖူးညီမကို အဲဒီကောင်မလေးက မှီခိုနေရတာ၊ ဆင်းရဲစုတ်ပြတ်ပြီး ..."

"တော်ပြီ"

"မင်းအတွက်ပြောနေတာ"

အုပ်စီး ဒေါသန်သွားသည်။ ကိုယ်သိပြီးသားတွေကို ဗာရာဏသီချဲ့ပြောနေသည့် သူ့ကိုပဲ ထိုးပစ်ဖို့ကောင်းတော နားမလည်။

"ဒီမှာ ဘယ်သူ့အတွက်မှ မပြောနဲ့ ယောကျ်ားပဲကွ၊ မိန်းမယူတာ ချမ်းသာကြီးပွားဖို့မှမဟုတ်ဘဲ၊ ချစ်ဖို့ယူတာ၊ ကိုယ်ချစ်ဖို့အပြင် ဘာလိုသေးလို့လဲ"

ထွတ်ဦး အထူးအဆန်းမျက်နှာကြီး ဖြစ်သွား၏။ ဒီကောင် တကယ်အဖြစ်သည်းနေပြီ ဟူသော မျက်လုံးတွေက စူးစိုက်လာ၏။





"အုပ်စီး .. မင်း .. မင်း တကယ်လား"

အုပ်စီး က မျက်စောင်းတစ်ချက်ရွယ်ပြီး ဟိုဘက်လှည့်၏။

"သားရေ ..."

နှစ်ယောက်ကြားမှာ စကားပြတ်သွားစဉ် ဒေါ်မြတ်နိုး၏အသံက ဝင်လာ၏။ ဧည့်ခန်းတံခါးက ပို၍ ပွင့်သွားပြီး လူလုံးပေါ်လာကာ ...

"သားလဲ ထမင်းစားလို့ရပြီဆိုတော့ သူငယ်ချင်းနှစ်ယောက် အတူတူစားကြနော်၊ အန်တီ တစ်ခါတည်းပြင်ထားလိုက်မယ်"

သားရေ လို့ခေါ်လိုက်တာက အုပ်စီး ကိုပေမယ့် မျက်မှောင်ကုပ်မပြေသည့် မျက်နှာကိုမြင်လိုက်တော့ ထွတ်ဦး ကိုပဲ ရည်ရွယ်ပြောသလို ဖြစ်သွား၏။

"ရပါတယ် အန်တီ၊ ကျွန်တော် ..."

"မရပါနဲ့ကွယ်၊ သူငယ်ချင်းနှစ်ယောက်စားတော့ စကားပြောရင်း ပိုမြိန်တာပေါ့"

ဒေါ်မြတ်နိုးက မိခင်တစ်ယောက်အဖြစ် တာဝန်ကျေဖို့ ကြိုးစားရှာသည်။ အုပ်စီး က ဘာလုပ်ပေးလို့မှ ကြည်ကြည်လင်လင် မရှိ။ ထို့ကြောင့်လည်း ထွတ်ဦး ဘာမှမဝေဖန်ရဲပါ။ ဒေါ်မြတ်နိုး ပြန်ထွက်သွားတော့မှ ...

"မင်းကလဲ၊ လူကြီးရှေ့မှာ ရှုပုပ်နေတာပဲ"

"သူလဲ လူငယ်တွေရှေ့ကို မလာနဲ့ပေါ့"

"အေးပါ၊ ကဲ ... လေရှူးနဲ့မင်း ဘာတွေဆက်ဖြစ်ခဲ့သလဲ၊ ပြောပါဦး"

"ဘာဖြစ်လို့မှ မရဘူး၊ လေရှူး က မင်းပြောသလိုမဟုတ်ဘူး"

နောက်ဆုံး ဆုံဖြစ်ကြတဲ့အဖြစ်ကိုပြောပြတော့ ထွတ်ဦး မျက်နှာ ရှုံ့မဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ .."

"ဘာလဲ ..."

"ကိုယ့်သေဘောကို ထိတာတောင်မှ ..."

"ဟိတ်ကောင် ..."

"ဟုတ်တယ်၊ အဲဒါ ပွဲချင်းပြီးသေနိုင်တယ်လေ၊ နေပါဦး၊ မင်းက ဘာဖြစ်လို့ သွားပြီး အရူးထတာလဲ"

ရောက်လာကတည်းက စူပုပ်နေသည့်မျက်နှာက ရယ်မြူးဟန်နှင့် ခုမှ ကြည်ကြည်လင်လင် ဖြစ်လာသည်။

"ငါလဲ ဘာဖြစ်သွားမှန်းမသိဘူး၊ မင်းလဲ တွေးကြည့်လေ၊ ငါက စေတနာနဲ့ တကယ်ကူညီမလို့ မလိုအပ်ဘဲနဲ့ သူက ပြန်ဖြတ်ချချင်နေတာ"

"မင်း မာနတွေ ဘယ်ရောက်ကုန်ပြီလဲ"

"မသိဘူး"

ပြောပြီး သွားတွေပေါ်အောင် ရယ်သည်။ ဖက်လုံးကို လှမ်းယူပြီး ရင်ခွင်ထဲ ထည့်ပိုက်၏။

"လုံးဝကို အစီအစဉ်မရှိဘဲ ဖြစ်သွားတာကွ၊ အသည်းယားစရာလေးကွာ၊ ငါ အမြင်ကပ်ကပ်နဲ့ ဖွတ်ကပ်လိုက်တော့ ခတ်လှေကားထဲ ပြေးဝင်တယ်၊ အဲဒါကြောင့် အတင်းဆွဲနမ်းပစ်လိုက်တာ"

"ခံလိုက်ရတာ ထည့်ပြော"

"ဟား ဟား ဟား"

အုပ်စီး အသံထွက်အောင် ခေါင်းမော့ရယ်သည်။ ဖက်လုံးလေးကို တိုးဖက်ထားလိုက်ကာ ...

"သူ့နှုတ်ခမ်း ချိုသလား၊ ခါးသလား မသိပေမယ့် ပါးကလေးကတော့ နုအိနေတာပဲ၊ အတင်းဖားပြတိုက်ယူရလို့လား မသိဘူး၊ တစ်ခါ တွေးမိလိုက်ရင် ဒိတ်ခနဲပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့်

# သင့်မြတ်နိုးခွင့်

(ဇာတ်သိမ်းပိုင်း)

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၆၆၃၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၅၁၉၁၁၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၉–ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။



"လေရှား ..."

"ဟောဗျာ ... ငါ့မြေး .."

အာမေဍိတ်သံတွေကို ကြားလိုက်ရသဖြင့် ကျားလေး ရင်ခွင်ထဲ ... တုန်းရုန်းထဖို့ ကြိုးစားနေသော လေရှား ကိုယ့်ကိုကိုယ် ငုံ့ကြည့် ...ိုက်မိသည်။

"ဟယ် ...."

သူမ ကိုယ်မှာ အတွင်းက ခံဝတ်ထားသည့် သခွားရောင်ဒူးကျ ...တ်အကျပ်လေးနှင့် ...။

ဒီမှာ ဆင်းတွေ့ပြီးတာနဲ့ အပေါ်ပြန်ပြေးတက်ပြီး ထဘီကို ချွတ် ...ိုက်ရုံပဲဟု တွက်ကာ စကတ်ကို ခံဝတ်ထားတာဖြစ်သည်။ အရက် ...သော်လည်း အပေါ်က ခါးတိုရင်ဖုံးနှင့် အောက်က စကတ်တိုနှံ့။

အားလုံး၏ တအံ့တသြမျက်လုံးတွေရှေ့မှာ လေရှား လှေကား ...ာ ထဘီကို ပြေးကောက်သည်။ ပြီးတော့ ဘယ်ကိုမှမကြည့်ဘဲ ... လှေကားပေါ်သို့ တဒုန်းဒုန်းပြေးတက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဝှါမြေးရယ်"

ဘိုးဘိုး၏ရယ်သံကြီးက မြေးဖြစ်သူ ဒဏ်ရာအနာတရမဖြစ်တာကို သိလိုက်သဖြင့် ဝမ်းသာတာရော၊ ထဘီကျွတ်တာကို ချစ်စနိုးဖြစ်ရခြင်းဖြင့် ကျယ်ကျယ်လောင်လောင်ကြီးဖြစ်သွားသည်။

လေရှူး ကတော့ ရှက်လွန်းသဖြင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျကုန်သည်။ ဘိုးဘိုး ချစ်စနိုးရယ်လိုက်တာကိုသိလျက်နှင့် ခွင့်မလွှတ်ချင်ပေ။

သေလိုက် ...၊ အဲဒါ သေသင့်နေပြီ လေရှူး။

မွေ့ရာထက်မှာ မှောက်ငိုလိုက်၊ ငုတ်တုတ်ထိုင်လိုက်နှင့် တစ်ယောက်တည်း ကမ္ဘာပျက်နေသည်။ အဲဒါ စကတ်ကြီးခံဝတ်ချင်ပြီလေ၊ အထဲက တစ်ထပ်ပါတော့ ထဘီကျွတ်တာ ကျွတ်မှန်းမသိ၊ သူများတွေ ပြူးပြဲကြည့်ကြ၊ ရယ်ကြတော့မှ တခြားမှာ ပြေးကောက်ရသေးအဖြစ်။ နောက်ဖေးပြေးထွက်ပြီး ဝရန်တာပေါ်ကနေ ခုန်ချလိုက်ချင်

သေပစ်ချင်လောက်အောင် ရှက်သည်။ ကိုယ့်ကိုကိုယ်လည်း သေခိုင်းနေခဲ့မိ၏။ ဒါပေမယ့် မသေရဲဘဲ မျက်ရည်က မကုန်နိုင်။

"လေရှူး ...."

"ဒေါက် .... ဒေါက် ...."

တံခါးခေါက်သံနှင့် ဒေါ်သဇင့်ခေါ်သံကြောင့် တစ်ကိုယ်လုံး မြောက်တက်မတတ် ဖြစ်သွားခဲ့၏။

"လေရှူး ..."

"ရှင် ...."

"ထွက်လာခဲ့လေ ..."

"ဟင့်အင်း .."

"ဘာဖြစ်လို့လဲ၊ ဖင်ပေါ်ခေါင်းပေါ်ဖြစ်တာမှ မဟုတ်တာ၊ ငါး





စကတ်ကြီးခံဝတ်ထားလို့ဖြစ်တာ၊ ထွက်ခဲ့ ... လာ ..."

"ဟင့်အင်း ...၊ လေရှူး တောင်းပန်ပါတယ်၊ ထပ်မခေါ်ပါနဲ့ ဟင့်အင်း"

ပြောရင်း လေရှူး ရှိုက်သံတွေပါကုန်သဖြင့် ဒေါ်သဇင့်ထံမှ အသံနောက်ထပ်ထွက်မလာတော့ပေ။ ကြာရှည်စွာအသံပျောက်သွားတော့ ပြန်ထွက်သွားပြီမှန်း သိလိုက်၏။

ဒီလိုအဖြစ်ဆိုးတဲ့နေ့မျိုး ကြုံခဲ့တာ မဟုတ်ပါစေနဲ့၊ အိပ်မက်မက်နေတာ ဖြစ်ပါစေ။

မျက်ရည်လည်ရွဲခုနှင့် ရှုးသွပ်စွာ ဆုတောင်းမိသည်။ တကယ်ရှုးသွားလည်း ကောင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၈)

အိမ်မှာ ဘယ်သူမှ မရှိသည့်အချိန်ကို စောင့်နေလိုက်သည်။ ဒီကာ
အပြီးအပိုင် ထွက်တော့မှိုဖြစ်သည်။ သူမ ငိုနေသည်ဟုကြားပြီး ဘိုး
လည်း ဖွင့်မခေါ်တော့သဖြင့် တစ်နေကုန် အခန်းထဲမှာ အောင်း
ခွင့်ရသည်။

သေချာတွေးကြည့်လိုက်တော့ ဒီလိုအဖြစ်မျိုးတွေကို နောက်ထပ်
လည်း ကြုံရဦးမှာပဲဖြစ်သည်။ ဘိုးဘိုးက သူမမြေးလို့ပဲထင်နေသည်။
သူမ က တကယ်အစစ်မဟုတ်။

"မြေးရဲ့ မေမေ့အခန်းထဲမှာ သွားယူဝတ်ခဲ့" လို့ နောက်ထပ်
ပြောလာလျှင် ဘယ်လိုလုပ်မလဲ။ ဒေါ်မေမြတ်ရှင်မှာ ချိတ်တပ်ဝတ်
သည့် ထဘီတွေလည်းရှိနိုင်သလို ဒီလိုမျိုး ချော်ချွတ်ချွတ်ထဘီတွေကို
ဝတ်ဖို့ ခါးပတ်လှလှလေးတွေလည်း ရှိမှာပဲဖြစ်၏။ ဒါပေမယ့် ကိုယ်က
အခန်းထဲ ကျူကျူနနဝင်ပြီး ရွေးဖယ်ဝတ်ရတာမဟုတ်ပေ။

ခါးပတ်နဲ့ ချိတ်ဝတ်ရမှာကိုလည်း မဝတ်နိုင်၊ ချိတ်နဲ့ထဘီကို ရွေး
ဝတ်လို့လည်း မရ၊ ဘာမှမဝတ်ပါရစေနဲ့လို့လည်း ဘယ်လိုလုပ် ပြင်း





မလဲ။ ဘိုးဘိုးက တစ်မျိုး၊ သူတို့က ကိုယ့်ရဲ့အလုပ်ရှင်။

ဆုံးဖြတ်ချက်ချဖို့ကို တော်တော်ကြီးစဉ်းစားခဲ့ရသည်။ ငွေ
ကိုယ်က သုံးခဲ့ပြီးပြီ။ လုပ်ငန်းထဲမှာ ထည့်ထားသည်ဆိုသော်လ
အကောင်အထည် ဘာမှမြင်ရသေးတာမဟုတ်ပေ။ လောလောဆ
တော့ ချစ်သဲကို အကြောင်းကြားခဲ့ပြီး ဒီကနေဝေးရာကို ပြေးဖို့ပဲရှိ

ထိုအကြံအစည်ကို စတွေးမိကတည်းက ကျားလေးကို သတိ
ခဲ့သည်။ ဗရုတ်သုတ်ခ ဆိုသည့်အဖြစ်ကနေ 'လိမ်မ' ဆိုသော ဘွဲ့တ
ခုတိုးသွားပြီပေါ့။ စရောက်လာတုန်းကလို ကျောပိုးအိတ်လေးနဲ့ပဲ ထွ
ဖို့ပြင်ခဲ့၏။

စစ်ရောင်ကွာတားဘောင်းဘီလေးနှင့် အဝါရောင်တီရှပ်လေးက
လည်း ကိုယ်ပိုင်အကျီပါ။ ခြေလှမ်းကို ဖွဖွနင်း၍ နောက်ဖေးသဲရေ
ကားလေးကနေ ဆင်းလာခဲ့မိ၏။

လေးလေးနဲ့အန်တီဖဝင်လည်း အပြင်ထွက်သွားကြသည်။ ကျာ
လေးက နေ့တိုင်းမိုးချုပ်စလောက်ကျမှ ပြန်ရောက်တာဖြစ်၏။ ဘိုးဘို
ကိုတော့ သနားပါသည်။ မထင်မှတ်ဘဲ မျက်ရည်လည်အောင် စိတ်
မကောင်းဖြစ်မိသည်။ သို့သော် မနက်ကအဖြစ်ကြီးကြောင့် ကျားလေး
ကို လေရှုး မျက်နှာချင်းမဆိုင်ရဲတော့ပေ။

လှေကားခြေရင်းကျမှ မသွားဖြစ်သေးဘဲ နောက်ပြန်လှည့်ကြည့်
မိသည်။ မြေးအစစ်မဟုတ်လို့ လုပ်ရက်တာမဟုတ်ပါဘူး ဘိုးဘိုးရယ်
ဒါပေမယ့် ....။

လေရှုး ခေါင်းခါပစ်လိုက်သည်။ သံယောဇဉ်မဖြစ်နဲ့တော့ နင်
ဘာလုပ်လုပ် လိမ်နေတာလို့ပဲ သူတို့ပြောကြမှာ။ ခြံထဲကနေ ပတ်ကွေ့
၍ သွားနေဆဲတွင် ....

"ဒါက ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ကျားလေးက ကားသော့ကိုင်လျက် သူမ ထံသို့ ခြေလှမ်းကျဲများနှင့် လျှောက်လာနေ၏။ ဒီမျက်နှာကို မကြည့်ရဲပါဘူးဆိုမှ တည့်တည့်တိုးပြီ၊ ပြေးစမ်း ....။

လေရှုး သုတ်ခနဲ ပြေးလေသည်။

"ဟိတ် ...."

ပြေးမည်မထင်သဖြင့် ကျားလေး ဒေါသထွက်သွား၏။

"လေရှုး ... ရပ်နေစမ်း"

"ရှင် ရပ်နေပါလား၊ မလိုက်ခဲ့နဲ့နော်"

လေရှုး က နောက်ပြန်လှည့်အော်၍ စွတ်ပြေးသည်။ ခြေ... ပြေးတာပေမယ့် ကျားလေးက ဘေးကနေ ဖြတ်လိုက်လာသောကြောင့် သစ်ပင်ပန်းရုံတွေကို ကွေ့ပတ်ပြေးရင်း အထဲမှာပဲ လည်နေတော့သည်။

"ရပ်နေစမ်း ငလေရှုး၊ မင်း ဘာကြောင်တာလဲ"

"ဟုတ်တယ်၊ ကြောင်တယ်၊ ရှင်မလိုက်ခဲ့နဲ့လို့ ပြောနေတယ်နော်"

နောက်လှည့်ပြောရင်း ရှေ့ပြန်လှည့်လိုက်တော့ ရှေ့မှာ ပန်းအိုး...

"ဒုတ် ..."

"အား ..."

မြင်လိုက်ခြင်းနှင့်ပြေးနှုန်းမှာ မြင်တာက နောက်ကျသွား၏။ ခြေ... ဦးထိပ်က ပန်းအိုးကို ဒုတ်ခနဲ တိုက်မိကာ လေရှုး ဒုတိယအကြိမ် မြောက် ပြွမ်းပြန်ကျလေသည်။

"အား ... သေပါပြီ"

မြက်ခင်းပေါ်မှာ နစ်ပတ်လောက် လိမ့်သွားသည်။ အနားမှာ ခါး... ထောက်ရပ်လိုက်သူကို မော့မကြည့်အားဘဲ ခြေထောက်ကိုနှိပ်၍ လေရှုး ရှုံ့မဲ့နေသည်။ ကျားလေးက နှာခေါင်းတစ်ချက်တွန့်၍ ...





"နည်းသေးတယ်၊ သေချာကြည့်၊ မကျိုးသေးရင် ရိုက်ချိုးပေးမယ်"

လေရှုး မျက်ရည်ဝေ့နေတာကို အံကြိတ်တင်းကာ ဆတ်ခနဲ မော့ကြည့်၏။

"ရိုက်ချိုးဖို့ မလိုဘူး၊ ကျိုးနေလဲ သွားမှာပဲ၊ ဒီက ..."

ပြောနေရင်း မနက်ကအဖြစ်ကို သတိရပြီး မျက်နှာလွှဲပစ်လိုက်မိ၏။ ကျားလေးက သဘောပေါက်သည်။ ခါးထောက်ကနေ လက်ပိုက်ပြီး မဲ့ပြုံးနှင့်ကြည့်ကာ ...

"ဘာလဲ၊ မနက်က ထဘီကျွတ်ကျတာကို ရှက်လို့ပြောတာလား"

"ခင်ဗျား ... ခင်ဗျားကြီး တော်နော် ...."

"အဟွန်း ..."

တိုးလျှသော ရယ်သံက မုန်းစရာကောင်းလှသည်။ လေရှုး တက်တစ်ချက်ခေါက်ကာ သူ့ကိုလည်း မော့မကြည့်ချင်တော့ဘဲ ပြန်ကျုံးထ၏။ ခြေတစ်ဖက်ကို ဖော့ထားရပေမယ့် မတ်မတ်ပြန်ရပ်လိုက်နိုင်သည်။

"ကိုယ်အသုံးမကျတာကို ပုံမချဘဲနဲ့ ထွက်ပြေးလိုက်ရုံနဲ့ ဒီအဖြစ်က ပျောက်သွားမှာလား"

"ပျောက်ပျောက် မပျောက်ပျောက် ရှင် မဝေဖန်ပါနဲ့၊ လေရှုး ယူထားတဲ့ငွေကို တစ်နှစ်ကြာရင် ပြန်ဆပ်မယ်"

"လွယ်လှချေလား"

ကျားလေးက လက်ပိုက်ဖြုတ်၍ ရှေ့တိုးသည်။ လက်တစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး လေရှုး ကို စူးစိုက်ကြည့်သည်။

"မင်းဟာ လေရှုး ဆိုတဲ့နာမည်နဲ့ တော်တော်ကိုလိုက်ပါတယ်၊ စိတ်က လေတိုက်နေသလိုပဲ၊ အလုပ်တစ်ခုကို မလုပ်ခင်က စဉ်းစားရတယ်၊ နားလည်လား၊ လုပ်ပြီးရင် အဲဒီအလုပ် ဆိုးဆိုးကောင်းကောင်း နောင်တ မရရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မှားရင်တော့ ပြင်ဖို့ကြိုးစားရမှာပဲ၊ ငါလုပ်ခဲ့တာပဲ ဆိုပြီး ဆူးနင်းမိနေတာ သိသိကြီးနဲ့ နောက်ပြန်မဆုတ်ဘဲနေရမှာလား"

"မင်း ကပ်မပြောနဲ့လေ၊ မင်း အဲဒီလောက်အဖြစ်ဆိုးနေလို့လား"

ပါလာပြီ ဒီကိစ္စ။ လေရှူး မျက်နှာလေး ချက်ချင်းပြောင်းသွားပြီး တစ်ဖက်လှည့်၏။

"ဟုတ်တယ်၊ ဆိုးတယ်၊ ဒီလိုဖြစ်ရမှာတွေ နောက်ထပ်အများကြီး ရှိသေးတယ်၊ လေရှူး ဆက်မနေနိုင်တော့ဘူး။ ကိုယ် အသုံးမကျလို့ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် လုံးဝမနေနိုင်ဘူး"

"လုံးဝ သွားခွင့်မပြုနိုင်ဘူး။ လာခဲ့ ..."

"အို ... ဘာလုပ်တာလဲ၊ လွှတ်နော်"

လေရှူး လက်ကို ဆောင့်ဆွဲပြီး တိုက်ရှေ့ကို ခေါ်ချသွား၏။ ရုန်းတာလည်း မလွတ်၊ ခြေထောက်နဲ့လှမ်းကန်ဖို့ပြင်တော့လည်း ကန်ချိန်မရပေ။

ကျားလေး က လေရှူး ကို ကားထဲတွန်းထည့်လိုက်ပြီး တစ်ဖက်ကနေ သွားမနေတော့ဘဲ တိုးကပ်ဝင်ထိုင်၏။ ထိုအခါ မောင်းသူနေရာမှာ အလိုလိုရောက်သွားကာ ကားလေးက ခြံထဲကနေ မောင်းထွက်သွားလေသည်။

"မင်းယောကျ်ား၊ ရှင် ဘာလုပ်တာလဲ"

ကျားလေးက ဘာမှလှည့်မပြောဘဲ 'မော်' ဖက်ရှင် ဆိုသည့်စတီချုပ်ဆိုင်ရှေ့မှာ ကားရပ်၏။

ဆိုင်ထဲတွင် စက်တွေအများကြီးနှင့် မိန်းကလေးတွေချည်း ရှိနေသဖြင့် လေရှူး လက်တစ်ဖက်ကို မြဲမြဲမြံမြံဆုပ်ဆွဲ၍ ဝင်ချသွားသည့်သူ့ကို ပြုံးပြုံးဖြဲဖြဲကြည့်နေကြသည်။

ဝင်သွားပုံက ကျောင်းမတက်ချင်၍ ငိုနေသည့်ကလေးကို ကျောင်း





ရောက်အောင် ဒရွတ်တိုက်ဆွဲချလာတာနှင့် တူနေသည်။ ဒါပေမယ့် လေရှူးက ကလေးလိုတော့ မငိုပါ။ လက်ကို ဖိကြိတ်ရုန်းရင်း ဒေါသမျက်နှာလေးနှင့်ဖြစ်နေ၏။ သူ့မျက်နှာကလည်း တင်းနေသည်။ ဆိုင်ထဲမှာ ရပ်လိုက်ပြီးသည်အထိ လက်ကို ဖိဆုပ်ထားဆဲ။

"ဘာများအလိုရှိပါသလဲရှင်"

မိန်းကလေးတွေထဲမှ ခေါင်းဆောင်ဖြစ်ပုံရသည့် အနီရောင်ဆံပင်တွေဆိုးထားသော တစ်ယောက်က ဖော်ရွေစွာ ကြိုဆို၏။

"သူ့အတွက် ထဘီစကတ်ချုပ်ချင်လို့ပါ"

"ဪ ... ရတယ်လေ"

"လောလောဆယ် အထည်တော့မပါဘူး၊ သူ့ကိုပဲ တိုင်းထားလိုက်ပါ၊ ကျွန်တော် နောက်တစ်ခေါက် လာပို့ပါ့မယ်"

"ရပါတယ်ရှင်၊ လာ .. ညီမလေး ... လာ"

လေရှူး သူ့ကို မျက်စောင်းကြီးခဲ၍ မကြည်မသာမျက်နှာနှင့် နေလိုက်ရ၏။ သူက လေရှူး ကို ကြည့်မနေပါ၊ မိန်းကလေးတွေ သူ့ကိုကြည့်ကြ ပြုံးကြဖြစ်နေတာကိုလည်း ဂရုမစိုက်ဘဲ ရှေ့မှာထိုင်စောင့်နေ၏။

"မင်းယောကျ်ား"

ကားပေါ်ပြန်ရောက်လာတော့ အိမ်ကို ဦးတည်နေသဖြင့် လေရှူးသူ့လက်လှည့်ကာ ....

"ကျွန်မ မနေနိုင်ဘူးလို့ ပြောပြီးပြီနော်၊ အခု မသွားရလဲ နောက်သွားမှာပဲ၊ ဘိုးဘိုးရှေ့မှာ ကျွန်မက ဘာမှမဟုတ်ဘဲ ဘယ်လောက်အနေခက်လဲ၊ ရှင်သိလား။ ညာနေရတာ 'လူကြီးကို'၊ ဘယ်လောက်သနားစရာကောင်းလဲ၊ ပြီးတော့ သိနေတဲ့လူတွေရှေ့မှာ ကျွန်မအနေနဲ့ မျက်နှာပြောင်တိုက်နေသလိုဖြစ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ၊ မင်းက ဒီလိုမိန်းကလေးမို့လို့ပဲ ဒီအလုပ်ကိုလုပ်ဖို့ မင်းကိုမှ ငါက ရွေးခေါ်ခဲ့တာပေါ့"

ပြုံးမလိုနှင့်မဲ့နေသည့် ကျားလေးမျက်နှာက မခံချင်စရာကောင်းလွန်းနေသည်။ ဒါပေမယ့် လေရှူး ဘာမှလည်းမပြောနိုင်။

"ငါ မခေါ်ဘဲနဲ့တောင် မင်းကိုယ်မင်း ဒေါ်မေမြတ်ရှင်ရဲ့သမီးပါဆိုပြီး ခြံ၀က လာအော်ရဲသေးတယ်မို့လား"

"အဲဒါက ...."

"ဆက်ပြော ..."

သူ့မျက်နှာပေါ်က လှောင်ရိပ်ကို ငေးကြည့်၍ လေရှူး အံကြိတ်သည်။ ဟုတ်သည်၊ အဲဒါလည်း လေရှူး ဘာအခြေအမြစ်မှမရှိဘဲ သတ္တိတွေမွေးပြီး ရောက်လာခဲ့တာဖြစ်သည်။ အဖေ့ကို ယုံကြည်ခဲ့သည်။ အဖေက ညာတာပါတေးနှင့် မဟုတ်ဘဲပြောတာမဖြစ်နိုင်ဟု ယုံကြည်ခဲ့သောကြောင့် လာရဲခဲ့တာဖြစ်သည်။ လိမ်ညာဖို့တော့ မဟုတ်ခဲ့ပေ။

မင်းယောကျ်ား ဆိုသည့်လူတစ်ယောက်၏ မျက်လုံးထဲမှာ သူမဟာ ဘယ်သောအခါမှ သပ်ရပ်ခဲ့ညားစွာ မရှိခဲ့ပါလား။

စကားလုံးများအစား နှုတ်ခမ်းလေးဖိ၍ အံကြိတ်မိသည်။

"မင်း မပြောနိုင်တော့ဘူးလား"

ကျားလေးက ကားမောင်းရင်း လှည့်၍မေးဆတ်သည်။ ပြီးတော့ ရှေ့ပြန်လှည့်ပြီး မိုးမချုပ်သေးဘဲ မီးတွေဖွင့်လိုက်ကာ ...

"ဆောင်းလေရှူး၊ မင်းကိုယ်မင်း သဘောပေါက်ထားရမှာက မင်းဟာ ဦးစက်ရှင်ရဲ့မြေး မဟုတ်ဘူးဆိုတာပဲ၊ ငါဟန်ဆောင်နေတာပဲလို့ မင်းသိထားရင် ဟန်ဆောင်ပေးရတဲ့အလုပ်ကို သိမ်ငယ်စရာမလိုဘူး။ အခု မင်းထွက်သွားဖို့လုပ်နေတာ အဲဒီစိတ်တွေကဖိစီးနေတာလို့ ငါထင်တယ်"





လေရှူး မျက်ဝန်းတွေကို သူက စိုက်ကြည့်လိုက်ပြီး ...

"မင်း မိန်းမ မပီသလို့ ထဘီမဝတ်တတ်တာ ရှက်စရာမှမဟုတ်တာ၊ အကြောင်းပြချက်က မခိုင်လုံဘူး"

"ရှင်က ကျွန်မကို ဦးစက်ရှင်ရဲ့မြေးဖြစ်ချင်နေတာလို့ ပြောလိုက်တာလား"

"မင်းကိုယ်မင်း မေးလေ၊ အဲဒါ ငါဖြေဖို့ လိုလို့လား"

"မင်းယောကျ်ား၊ လေရှူး ဆိုတဲ့မိန်းမက ဘာကိုမှ ဂရုမစိုက်တတ်အောင် အစကတည်းက လေ့ကျင့်ထားပြီးသားနော်၊ အကဲမစမ်းနဲ့၊ ကျွန်မ အဲဒီလို မတရားလောဘစိတ်ရှိတတ်ရင် အမွေတစ်ဝက်ရဖို့ သေချာနေတဲ့ရှင့်ကို အခုချက်ချင်း လက်ထပ်ခွင့်ရအောင် လုပ်လို့ရတယ်"

"ဟား ဟား ဟား"

မရယ်ဖူးသည့် နှုတ်ခမ်းလွှာတို့ အစွမ်းကုန်ပွင့်ဟသွားကာ တကယ်သဘောကျသလို မျက်နှာမော့ရယ်သည်။ ရယ်သံညက်ညက်နှင့် နှုတ်ခမ်းဖွင့်ထားပုံကို လေရှူး ငေးသွားခဲ့သည်။

မင်းယောကျ်ား ဆိုသော နာမည်နှင့်လိုက်ဖက်သည့် ဤလူသည် ချောလွန်းတာမဟုတ်ဘဲ ကြည့်လို့ကောင်း၏။ တည်ကြည်သည်ဟု မပြောနိုင်ပေမယ့် သပ်ရပ်တင့်တယ်သည်။

ထို့ကြောင့် သူမ သဘောကျခဲ့ဖူးသည်ဆိုတာလည်း မှန်သောသစ္စာစကားပဲဖြစ်သည်။ ဒါပေမယ့် ...

"ဆောင်းလေရှူး ..."

စိတ်ကူးတို့ကို သူခေါ်သံက ကြားဖျက်၏။ ပြေးနေသည့်ကား၏ အရှိန်က နှေးကျသွားကာ ....

"လက်ထပ်ဖြစ်ဖို့ဆိုတာ မင်းနဲ့ဘိုးဘိုး ညီညွတ်ရုံနဲ့ ဖြစ်မြောက်သွားမယ်လို့ မင်းတွက်ထားသလား"



www.burmeseclassic.com

www.burmeseclassic.com



လေရူး မဖြေပါ။

"မင်းကိုငါက ဒီ့ထက်လည်၊ ဒီ့ထက်တတ်တဲ့ မိန်းကလေးလို့ ထင်ခဲ့တာ"

"ရှင်ထင်သလိုမဟုတ်သေးဘူးဆိုရင်တောင် ကျွန်မ မအဘူး မင်းယောကျ်ား၊ ရှင် အခု စိန်ခေါ်ရဲသလား"

"ဘာလဲ"

"ရှင် ကျွန်မကို မဖြစ်မနေလက်ထပ်ရဖို့ ဖြစ်လာ၊ မလာ ..."

"အခြေအနေတွေ ပေးချင်ပေးလာမှာပေါ့၊ အားလုံးက ဘိုးဘိုးရဲ့ စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးနေနေကြတာကို မင်း အသုံးချလို့ရနေတာကိုး"

"ဘာကိုပဲသုံးသုံးလေ၊ ရှင့်ကို ကျွန်မလက်ထပ်နိုင်ဖို့ အဓိကပဲ ဒီမှာ ... ငါကလွဲပြီး ဘယ်သူမှမကောင်းဘူးဆိုတဲ့ မျက်လုံးနဲ့ကြည့် မကြည့်နဲ့၊ သံယောဇဉ်ဆိုတာရှိတယ်"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကိုမဟုတ်တာ သေချာတယ်"

ကျားလေးက ပြုံးလိုက်ပြန်သည်။

"ဒါဆိုရင် မင်းထွက်မပြေးတော့တာ သေချာပြီပေါ့"

လေရူး အသံတိတ်သွားသည်။

" မင်းနားလည်ထားစမ်းပါ၊ လူတစ်ယောက်ရဲ့ အားနည်းချက်ကို ဖိနင်းပြီး အနိုင်ယူဖို့ကြိုးစားတာလောက် ယုတ်ညံ့တာမရှိဘူး၊ မင်းကို အားလုံးက အလိုက်အထိုက် အခွင့်အရေးပေးနေကြတယ်၊ သရုပ်ဆောင်နေကြရပေမယ့် ကွယ်ရာမှာလဲ မမောက်မာခဲ့ဘူး၊ ပြီးတော့ ငွေတွေ ဘယ်လောက်ထိပုံပေးထားခဲ့သလဲ၊ အဲဒါ ဘိုးဘိုး စိတ်ချမ်းသာဖို့တွေပဲ ဘိုးဘိုး အသက်ရှည်မယ်၊ စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ငါတို့





တာ လုပ်ပေးကြမှာပဲ၊ မင်း မယုတ်မာတတ်ဘူးဆိုရင်တော့ တန်ရာတန်ကြေးကိုယူပြီးရင် တာဝန်ကျေပါ၊ ငါပြောတာ ရိုင်းချင်ရိုင်းမယ်၊ မဟုတ်တာမပါဘူး၊ ဘိုးဘိုးရဲ့ အသက်ရှင်ခြင်းက ကြည်လင်ချမ်းသာနေတဲ့ သူ့ရဲ့စိတ်ကလေးတစ်ခုပဲ ရှိတယ်၊ ဒီအားနည်းချက်ကို ယုတ်ယုတ်မာမာ ကြံစည်နိုင်တဲ့လူတစ်ယောက်ရှေ့မှာ ပြောပြနေရတာ ငါ သိပ်အလို့တော့ မဟုတ်ဘူးနော်၊ သူ့မိုးကို သော့အပ်တဲ့သဘောပဲ၊ ဆင်းရဲတဲ့လူတွေမှာလဲ စင်ကြယ်တဲ့မာနလေးတော့ ချမ်းသာတတ်ကြပါတယ်၊ မင်းကို အဲဒီလိုဖြစ်အောင် ကြိုးစားစေချင်တယ်"

"ကျွန်မက ..."

"နောက်ထပ် ငါမသိဘဲ ဒီလိုလုပ်ဖို့ မကြိုးစားပါနဲ့၊ လိုချင်တာ ...ဒါပဲ"

"မင်းယောကျ်ား ... ရှင်ပြောတာတွေက များလှချေလား၊ ကျွန်မ ...က်က ဘာတွေခက်ခဲနေရသလဲဆိုတာကျတော့ ရှင်သိလား"

"မသိရင်ပြောလေ၊ ငါ အားလုံးလုပ်ပေးနိုင်တယ်"

လေရူး က နှုတ်ခမ်းကို ရှုံ့စောင်းသွားသည်အထိ အောက်မေး...းလေးကို လှုပ်ပစ်သည်။

"ဒေါ်မေမြတ်ရှင်ရဲ့အခန်းကို ကျွန်မ ဝင်ထွက်ခွင့်ရချင်တယ်"

ကျားလေးက လှည့်ကြည့်သည်။ ကားက လမ်းဘေးမှာ ထိုးရပ်...ခါ။

"ရှင်းရှင်းပြော"

"ကျွန်မ ကိုင်တွယ်ပိုင်ဆိုင်ခွင့်ရနေပြီလို့ ဘိုးဘိုးသတ်မှတ်ထား... အန်တီဒေါ်မေမြတ်ရှင်ရဲ့အခန်းမှာ ကျွန်မ ..."

"မဖြစ်နိုင်ဘူး"

"ရှင်ပဲ အားလုံးလုပ်ပေးနိုင်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ကျားလေးက ခေါင်းခါသည်။ လက်သီးဆုပ်နှင့် စတီယာရင်ကို ခပ်ဖိဖိထုလိုက်တော့ ပတ္တမြားမှာ စိန်ပွင့်တွေရံထားသည့် လက်စွပ်က ပြိုးပြက်လက်သွား၏။

"ဘိုးဘိုးက သူ့မြေးပိုင်သင့်တယ်ထင်လို့ မင်းကို ပေးနေတာ မင်းက သူ့မြေးမဟုတ်ဘူး၊ ပြီးတော့ ယူပါ၊ ကိုင်ပါလို့ ခွင့်ပြုရအောင် ငါကလဲ ပိုင်ရှင်မဟုတ်ဘူး၊ ဒီအိမ်မှာ အန်တီမြတ်ရှင်ရဲ့ပစ္စည်းကို ဘိုးဘိုးနဲ့သူ့မြေးကလွဲပြီး ဘယ်သူမှ မပိုင်ဘူး၊ တို့တွေအားလုံးမှာ လေးလေးကလွဲရင် သူစိမ်းတွေပဲ"

ကျားလေး၏လေသံမှာ ဆွေးမြည့်ခြင်းတွေ ရောယှက်သွား... သူမေတ္တာထားခဲ့တာက ကိုယ့်ဘိုးဘိုးအရင်းအချာလို့ပဲ ဖြစ်သည်။ ဒါပေမယ့် တကယ်တမ်းကျတော့ သူစိမ်းတွေဖြစ်နေခဲ့သည်။

ဆွေမျိုးမတော်ရလို့ ခံစားနေရတာမဟုတ်ပါ။ သူစိမ်းမဝင်... သည့် ကိစ္စတချို့ကျတော့ သူ နောက်ဆုတ်နေခဲ့ရသည်။ ကိုယ်... ဆိုသည့်အဖြစ်မှ သွေးသားမတော်စပ်ခြင်းဟာ ဘယ်သူမှ ဖန်တီး... မလိုသည့် ကွဲပြားခြားနားချက်တစ်ခုဖြစ်သည်။

ဒါပေမယ့် ဘိုးဘိုးကို သူ ချစ်ခဲ့ ချစ်ဆဲဖြစ်လေသည်။





အခန်း (၃၉)

"ဟင် ... အဖေ"

မြက်ခင်းလေးတွေပေါ် စိုက်ချကိုင်ထားသည့်ပိုက်ကို ယောင်ယမ်း လွှတ်ချလိုက်မိ၏။ ခြံစောင့်က ခေါင်းညိတ်ပြီး ဒီဘက်ကိုလျှောက်လာ နေသည်။

"နေဦး"

လေရူး ဝိန်းပန်းပင်တချို့ကို ခုန်လွှားကျော်ကာ လမ်းပေါ်ကို ပြေးထွက်ခဲ့၏။ ခြံစောင့်ရှေ့ကနေ ပိတ်ထားလိုက်ပြီး ....

"မသွားနဲ့ဦး၊ ဘာမှသွားမပြောနဲ့နော်"

လက်ကိုလည်းဆွဲ၍ ဒီဘက်ကို နှစ်လှမ်းသုံးလှမ်းပါလာအောင် ညှို့ပစ်ခဲ့သေးသည်။

"အဖေ ... အဖေ .. ဘာလာလုပ်တာလဲ"

ခြံစောင့်က ရှေ့ဆက်ရမလို၊ နောက်ပြန်လှည့်ရမလိုဖြစ်လျက် ...ကြည့်လိုက်တော့ ခြံဝမှာ သားအဖဆုံနေကြပြီဖြစ်သည်။

ဦးပေသီးက စကားပြောမလို့ ပါးစပ်ပြင်ပြီးခါမှ နောက်ပြန်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြံထောင့် မြက်ပင်ချုံစပ်နားမှာငုံ့ကာ ကွမ်းတံတွေးထွေးလိုက်သည်။

"ပြောစရာရှိလို့ လာတာပေါ့ သမီးရဲ့၊ ဘာဖြစ်လို့လဲ"

ဒီဘက်ပြန်လှောက်လာတော့ လေရှူး က တံခါးနှစ်ချပ်အပြင်ထွက်၍ ရှေ့ကနေ ပိတ်ရပ်ထားပြီးဖြစ်လေသည်။

"ပြောစရာရှိရင် လေရှူး ကို ချိန်းလို့ရတာပဲ အဖေရယ်၊ ဘာဖြစ်လို့ ဒီကိုလာရတာလဲ"

"သမီးကို ပြောချင်တာမှမဟုတ်တာ၊ သူဌေးကြီးကို သတိပေး[illegible]ရှိတယ်၊ ပြောစရာတွေရှိတယ်"

"အဖေ ..."

လေရှူး က လွယ်အိတ်တစ်လုံးနှင့် ကွမ်းယာမြုံ့လျက်[illegible] ဝုံစံမပျက်ရှိနေသည့် အဖေ့ကို မျက်ခုံးလေးနှစ်ဖက်တွန့်ချိုးနေအောင်ကြည့်၏။

အဖေ့ပုံစံက ဒီလိုပါပဲ။ ဘာပြဿနာရှိရှိ ကွမ်းဝါးမပျက်၊ ဘာ[illegible] ဘယ်လိုသွားသွား ပခုံးပေါ်မှာ လွယ်အိတ်ပါသည်။ မျက်လုံး[illegible] ပြားချပ်ချပ်မျက်နှာထက်မှာ သောကဗျာပါဒနှင့် ရှုပ်ထွေးညှိုး[illegible]တာလည်း မရှိခဲ့ဖူးပေ။

ဒီမှာ လေရှူး ဘာတွေဖြစ်ပျက်နေခဲ့သည်ဆိုတာကိုလည်း [illegible] ဝင်စားပုံမပေါ်ဘဲ သူလာသည့်ကိစ္စကိုပဲ ရှေ့ရှု၏။ လေရှူး အဖေ့[illegible] ကြည့်နေရင်း ကိုယ့်အဖြစ်ဆိုးကို ပို၍ နာကျင်လာ၏။

"အဖေ ... အခု လေရှူး က ဦးစက်ရှင်ရဲ့မြေးအဖြစ် နေခွင့်ရ[illegible] မဟုတ်ဘူး၊ အဲဒါ အဖေသိရဲ့လားဟင်"

"မသိဘူးလေ၊ ဘာဖြစ်လို့ မြေးမဟုတ်ရမှာလဲ၊ ညည်းက [illegible] အစစ်"





ဦးပေသီး ပါးစပ်ပိတ်ပစ်လိုက်ပြီး ခြံထောင့်ကို ပြေးပြန်သည်။ ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးချလိုက်ပြီးမှ ပြန်လှည့်လာကာ ...

"ငါ့သမီးဖြစ်နေပြီး ညည်းဒီလောက် အ,ရသလား လေရှူး၊ သူများတွေ မဟုတ်ဘဲနဲ့တောင်မှ လိမ်လည်ဟန်ဆောင်နေကြတာ၊ ညည်းက အဖေ့ကို မယုံတာလား"

"အဖေ့ကို လေရှူး က ယုံနေရုံနဲ့ မပြီးဘူးလေ၊ သူတို့ယုံအောင် လေရှူး မှာ ဘာသက်သေပြစရာရှိလို့လဲ"

"အဖေက သက်သေပေါ့"

ဦးပေသီးက သူ့ရင်ဘတ်ကို ပုတ်၍ သက်သေထူသည်။

"ညည်းကို ကောက်မွေးခဲ့ရတာ အဖေကိုယ်တိုင်ပဲ၊ ဒေါ်မေမြတ်ရှင်ကိုယ်တိုင် အပ်နှံသွားခဲ့တာလဲ အဖေ့ဆီမှာပဲ၊ တခြားသက်သေ ဘာလိုသေးလဲ"

လေရှူး ခေါင်းခါသည်။ နှစ်ဖက်စည်းထားသည့် ဆံပင်တွေ ဝေ့ဝိုက်လွဲယမ်းသွားကြသည်။

"အဖေပြောတာ သိပ်ကလေးဆန်လွန်းတယ် အဖေ၊ အဖေ ပြောသလို လေရှူး လာမိလို့၊ လိမ်လည်မှုနဲ့ ထောင်ထဲရောက်တော့မလို့ ဘည်းတည်းလေးရယ်"

"ဟာ ... အဓိပ္ပာယ်မရှိ"

အားရပါးရ ပါးစပ်ဖွင့်ပြီး ပြောလို့မရသဖြင့် ဒေါသဖြစ်လာဟန်နှင့် ဦးပေသီး ကွမ်းယာတွေကို ခြံထောင့်ပြေး၍ အကုန်ထွေးချပစ်လိုက်သည်။ ပြီးမှ ခြေလှမ်းကျဲကြီးနှင့် ပြန်လှည့်လာကာ ...

"အဲဒါကို အဖေလာပြောတာ၊ ညည်း ဒီလိုဖြစ်နေမှန်း သိကို မသိဘူး သိရင် အစောကြီးက လာတာပေါ့။ နေဦး၊ အခု ညည်း ဒီမှာ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး က အားတင်းသလို နှုတ်ခမ်းစေ့သည်။ ဦးပေသီးကို ကြည့်ပြီးမှ မျက်ဝန်းတွေကို ရွှေ့ပစ်လိုက်ရင်း ...

"မြေးတော့ မြေးပဲ အဖေ၊ ဒါပေမယ့် တရားဝင်ဟန်ဆောင်နေရတာ"

"ဘာ ...."

ဦးပေသီး မျက်မှောင်ကုတ်သွားသည်။ တိုက်ကြီးဆီသို့လည်း လှမ်းကြည့်၏။

"ပြန်ပါ အဖေ၊ အဘိုးတွေ၊ မြေးတွေကိစ္စ ဘာမှထပ်မလုပ်ပါနဲ့တော့၊ ဒေါ်မေမြတ်ရှင် ဆိုတဲ့ နာမည်တစ်ခုပဲသိရုံနဲ့ လေရှူး က သူ့သမီး ဖြစ်လာဖို့မလွယ်ဘူး။ အစက ဘယ်လောက်ပဲ ဂရုမစိုက်တတ်ပါဘူး ပြောပြော လေရှူး ဒီလောက်မျက်နှာမပြောင်ချင်ဘူး"

ပြောနေရင်း ကျားလေး၏မျက်နှာကို ကွက်ခနဲမြင်သည်။ ဒီလူနဲ့ ကျမှ ရှက်တတ်၊ နာတတ်နေသည့် ကိုယ့်စိတ်ကိုလည်း နားမလည်နိုင်

"သမီး ... ညည်းတော်တော်ခက်ပါလား၊ ဖယ်စမ်း ... အဖေ အထဲဝင်မှဖြစ်မယ်"

"အို .. မဝင်ပါနဲ့ဆို .. အဖေကလဲ"

"ဝင်ပါရစေဗျာ ... သူဌေးကြီးက ကြိုဆိုနေပါတယ်"

"ဟင် ..."

လေရှူး ဖျတ်ခနဲ လှည့်ကြည့်သည်။ ခြံစောင့်က ဦးညွှတ်အရိုအသေ ပေးရင်း တံခါးကို အဆုံးထိ တွန်းဖွင့်ပေးလိုက်၏။

ဒီလူ ဘာဖြစ်လို့ ဘိုးဘိုးဆီ သွားပြောလိုက်တာလဲ။ မပြောဖြစ်တော့ဘဲ မကျေနပ်သည့် မျက်ဝန်းများနှင့် လေရှူးက ခြံစောင့်ကိုကြည့်သည်။ ဦးပေသီး က ဝင်သွားပြီဖြစ်လေသည်။

လေရှူး စိတ်တွေလေးလံလျက် တော်တော်နှင့် လိုက်မသွားဖြစ်ပေ။ ဘိုးဘိုး ဘုရားဝတ်ပြုနေသဖြင့် သူမ ခြံထဲဆင်း၍ မြက်ပင်လေး





တွေကို ရေဖြန်းပေးနေတာဖြစ်သည်။ ဒါဆို အိမ်ထဲမှာ ကျားလေးမှလွဲလျှင် အားလုံး လူစုံနေကြပြီဖြစ်လိမ့်မည်။

အဖေ ဘာတွေပြောခဲ့မည်လဲ။

"တီ ..."

နောက်က ကားသံကြောင့် ထိတ်ခနဲဖြစ်သွားကာ ဘေးကပ်လိုက်ပြီးသားဖြစ်သွားသည်။ ကားက ပေါ်တီကိုအောက်ကိုမသွားဘဲ ဘေးမှာပဲ ရပ်သွား၏။

"လေရှူး"

ကျားလေးက အဝါရောင်ရှပ်အင်္ကျီပေါ်မှာ ကုတ်အနက်ရောင်နှင့်၊ ဘယ်တော့မှ ပင်ပန်းနေပုံမရှိသော သူ့မျက်နှာက သန့်စင်ဖြူဝင်းနေ၏။

"ဒီညနေ မင်းအတွက်အပ်ထားတဲ့ ထဘီစကတ်တွေ ရမယ်၊ အဲဒါ မင်းပဲသွားရွေးလိုက်တော့၊ ဒီမှာ ဘောင်ချာ"

သူက စက်ချုပ်ဆိုင်က ပေးထားသည့်ဘောင်ချာဖြတ်ပိုင်းကဒ်လေးကို လှမ်းပေးသည်။ လေရှူး စိတ်က အိမ်ထဲကကိစ္စမှာပဲရှိနေသဖြင့် သူ ကဒ်လှမ်းပေးတာကို ကြည့်နေလျက်နှင့် ယူဖို့ သတိမရ။

"ဟိတ် ... ဘာလုပ်နေတာလဲ၊ စက်ချုပ်ခ အားလုံးရှင်းပြီးသား၊ ရော့ ...."

"မင်းယောကျ်ား"

"ဘာလဲ"

"ကျွန်မအဖေ အထဲမှာရောက်နေတယ်"

"ဟင် ..."

ကျားလေး မျက်နှာ အိမ်တံခါးဝဆီ ချက်ချင်းရောက်သွား၏။ ပြီးတော့ ပြန်လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်တာလဲ"

လေရှူး ခေါင်းခါသည်။ မျက်တောင်တွေ စင်းကျသွားလျက် တစ်ခုခုပြန်ပြောဖို့ကို ချင့်ချိန်နေသလို ခဏကြာမှ ပြန်မော့ကာ ...

"ဘာပဲဖြစ်ဖြစ် ဟိုကိစ္စကို အစပြန်ဖော်မှာပဲဆိုတာက သေချာတယ်၊ ကျွန်မ ဒီကိုလာခဲ့တာလဲ အဖေက ကျွန်မကို ဒေါ်မေမြတ်ရှင်ရဲ့သမီးလို့ သေချာကြီးပြောခဲ့လို့ လာခဲ့တာ၊ ရှင့်ကိုပြောထားချင်တယ်၊ ဒီအကြောင်းတွေကို ကျွန်မရဲ့ခေါင်းထဲက ထုတ်ပြီးပြီ၊ ရှင်တို့နဲ့ကျွန်မ အလုပ်လုပ်ထားတဲ့ကိစ္စအတိုင်းပဲ အမြဲတမ်းရှိနေမယ်ဆိုတာပဲ"

ကျားလေးက စတီယာရင်ကို လက်နှစ်ဖက်နှင့် ဖိဆုပ်ထားလျက် မျက်မှောင်ကုတ်နေသည်။ လေရှူး သူ့ရှေ့ကနေ လှည့်ထွက်လာတာနောက်ကနေ ကားဘီးလိမ့်ရုံလေး ရွေ့လျားပါလာသည်။

"မင်းခေါ်လို့ သူရောက်လာတာမဟုတ်ဘူးပေါ့"

လေရှူး ကလည်း လှည့်မကြည့်ပါ။

"ဘာမှမဆိုင်ဘူး"

ကားပေါ်က တစ်ယောက်၊ ကားအောက်မှာ တစ်ယောက်နှင့် ပေါ်တီကိုအောက်သို့ ရောက်သွားသောကြောင့် အထဲကနေ လှမ်းမြင်လိုက်သူတွေအားလုံးက နှစ်ယောက်စလုံးကို လှမ်းကြည့်ကာ ...

"သား ... ပြန်ရောက်ပြီလား၊ လေရှူး ရော ... လာဦး၊ ဒီမှာပြောစရာရှိတယ်"

ဒေါ်သခင့်လေသံက ဖော်ရွေမှုမပါပေ။ လေရှူး လှမ်းကြည့်လိုက်တော့ ရွှေအိုရောင်ဆိုဖာတွေ ထပ်ထားသော ကျွန်းဆက်တီကြီးတွေ ပတ်လည်ဝိုင်းနေသည့် ထိပ်ဆုံးမှာ ဘိုးဘိုး ထိုင်နေသည်။ ညာဘက်မှာ အန်တီဇင်တို့စုံတွဲရှိလျက် ဘယ်ဘက်ခြမ်းမှာ ဆက်တီတွေ လွတ်နေ၏။





ဘိုးဘိုးနှင့် မျက်နှာချင်းဆိုင်မှာတော့ အဖေက အရောင်အဆင်းမဲ့စွာ ထိုင်လို့ပင်။ အပြာလိုလို အဖြူလိုလို အရောင်လွင့်နေသည့် ရှပ်အင်္ကျီလက်တိုနှင့် အညိုရောင်ပုဆိုးက တိုတို။ ဘယ်တော့မှ ဖြီးမထားသော ဆံပင်တွေကလည်း သိပ်မရှည်ဘူးဆိုတော့ ပွယောင်းယောင်းဖြစ်နေတာ မသိသာလှပါ။

ဒါပေမယ့် ဒီအိမ်ကြီးထဲမှာတော့ စိန်ရောင် ရွှေရောင်တွေ ပြိုးပြက်လက်နေသည်ဖြစ်ရာ အဖေ့တစ်ကိုယ်လုံးဟာ ပို၍ သေးငယ်ကြုံလှီနေခဲ့၏။

"ထိုင်ကြ"

ဦးမင်းညိုက ပြုံးနေသည်။ ဘိုးဘိုးကလည်း ပြုံးလို့ရွှင်လို့ဖြစ်သည်။ သို့သော် ဒေါ်သခင့်မျက်လုံးတွေက ရန်လိုစူးရဲနေ၏။ ကျားလေးက ဘိုးဘိုး၏ဘယ်ဘက် နှစ်ယောက်တွဲဆက်တီဆီကို ဝင်သွား၏။ လေရှူး ခြေထောက်တွေက ဒေါ်သခင့်မျက်လုံးတွေ၏ စူးရှမှုအောက်တွင် အဖေ့ဘေးနားမှာပဲ တုံ့ရပ်သွားခဲ့၏။

"သမီးက ထိုင်လေ"

"ဟော့ ... မြေးက ထိုင်လေကွယ်၊ ဘယ့်နှယ် ညှိုသည်လို မတ်တတ်ကြီးလုပ်နေတာလဲ"

လေရှူး ခေါင်းလေးညိတ်ကာ ဦးပေသီးဘေးမှာပဲ အတူတွဲထိုင်လိုက်၏။ အားလုံးထဲမှာ ဦးစက်ရှင်၏မျက်နှာကြီး သိသာစွာ ပျက်ယွင်းသွားလေသည်။

မြေးလေးက သူ့အဖေကိုပဲ ဖက်တွယ်ထားချင်နေတာလား၊ အဖေပြန်ရင်တော့ ငါ ပြန်လိုက်မှာပဲ လို့ ကြိတ်၍ ဆုံးဖြတ်ထားခဲ့ပြီလား စသော မေးခွန်းတွေ အတွင်းလှိုက်ဖြစ်ကာ ပြုံးနေသည့်မျက်နှာကြီးက မဲ့တဲ့တဲ့ညို့မှောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီလို သမီး"

တိတ်ဆိတ်ခြင်း၏ဖန်တီးမှုက မကောင်းမှုကို တွန်းပို့နေသဖြင့် ဦးမင်းညိုက စကားစလိုက်သည်။

"ဒီက ဦးပေသီးဆိုတာ လေရှူးကို မွေးစားခဲ့တဲ့ ဖခင်"

ဦးမင်းညိုက ကျားလေးကို ရှင်းပြသလိုပြောရင်း အားလုံးကို ဝေ့ကြည့်သည်။ ဦးပေသီးက လက်ဖဝါးနှစ်ဖက်ဆုပ်၍ ပေါင်ပေါ်တင်ထားသည့် ပုံစံကနေ ကိုယ်ဟန်အနည်းငယ် ပြုပြင်လိုက်ရင်း ...

"ကျွန်တော့်မှာ သက်သေရှိပေမယ့် ပါမလာပါဘူး၊ ဒါပေမယ့် ဒီကလေးကို ပေါက်ကွဲမီးလောင်နေတဲ့ ရထားထဲကနေ ရလာတာက အမှန်ပါ။ ပိုတိကျအောင်ပြောရရင် သေဆုံးအုံ့ဆဲဆဲ မိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲကနေ ကယ်ခဲ့တာ"

"ဒါဆိုရင် လေရှူး ဒီကိုရောက်လာတော့ သမီးကို သမီးအဖေ ဘယ်လိုကောက်ရလာခဲ့သလဲလို့ မေးတာတောင် သူ မဖြေနိုင်ဘူး"

ဒေါ်သဇင်ကပဲ ဝင်ပြောသည်။ ဦးပေသီးက ဒေါ်သဇင့်မျက်ဝန်းတွေကို ကြည့်၍ ဘယ်လိုဆက်စပ်ပတ်သက်နေတာကိုလည်း မိတ်ဆက်ကြတုန်းက သိပြီးသားမို့ လိုရင်းကို နားလည်နေသည်။

"ဒါကတော့ ကျွန်တော်ကိုယ်တိုင် သူ့ကိုမွေးမြူခဲ့တဲ့တစ်လျှောက်လုံးမှာ ဒီကိစ္စတွေကို တစ်ခွန်းမှ မဟခဲ့လို့ပါ၊ ကလေးကို ကျွန်တော့်ဇနီးက သိပ်ချစ်ပါတယ်၊ ဒေါ်မေမြတ်ရှင် မသေဆုံးမီ ရန်ကုန်မြို့က ဦးစက်ရှင်လက်ထဲကို ပို့ပေးဖို့ မှာသွားခဲ့ပေမယ့် မပို့ဘဲထားခဲ့မိတာရယ်၊ ကလေးမှာပါလာတဲ့ ဆွဲကြိုးဇေးလဲ ပျောက်သွားခဲ့တော့ ..."

"ဆွဲကြိုးက ဘယ်လိုကြိုးမျိုးလဲကွယ်"

ဦးစက်ရှင်က ဒီမေးခွန်းကိုမေးပြီး မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နားလည်ခွင့်လွှတ်မည် ဆိုသည့်အပြုံးနှင့် အဖြေကို နားထောင်





နေခဲ့သည်။

ဦးပေသီး မဖြေနိုင်ပါ။ မျက်တောင်တွေခတ်၍ စဉ်းစားသလို လုပ်နေသည်။ လေရှူး မျက်ဝန်းတွေ ကျားလေးထံရောက်သွား၏။ ကျားလေးက တစ်ချက်ပဲကြည့်ပြီး ဦးပေသီးထံ ပြန်လှည့်သည်။ လူတွေအများကြီးရှိနေသော်လည်း စကားသံက အတန်ကြာအောင် တိတ်ဆိတ်နေခဲ့၏။

"ဆွဲကြိုးမှာ လော့ကက်တော့မပါဘူးထင်တယ်၊ အဲဒါ ကျွန်တော် မသိပါဘူး"

မဖြေနိုင်သည့်အဖြစ်အတွက် ဦးပေသီးလည်း ရင်နင့်နေပုံရှိသည်။ လိမ်ညာနေရ၍လား၊ စိတ်မကောင်းတာလား ဘာမှအကဲခတ်လို့မရအောင် မျက်နှာကြီး ငုံ့ကျနေ၏။

"နေပါဦးရှင်၊ စိတ်တော့ မရှိပါနဲ့နော်၊ ဆွဲကြိုးကလေးမှာ ပါလာတာကို ဖြုတ်ပြီးတော့ သိမ်းထားတာထင်တယ်၊ ကိုယ်တိုင်ကိုင်တွယ်ခဲ့ရတာတောင် မသိဘူးဆိုတော့ ..."

"မဖြုတ်ပါဘူး"

ဦးပေသီး ပျာပျာသလဲ ပြန်မော့၍ဖြေသည်။

"ဆွဲကြိုးက ကလေးမှာပါလာတာ မဟုတ်ပါဘူးခင်ဗျာ၊ သူ့အမေကိုယ်တိုင် အိတ်ရှုံ့လေးတစ်ခုနဲ့ ပေးခဲ့တာပါ၊ ဆွဲကြိုးကို ကျွန်တော့်ဇနီးကတော့ ထုတ်ကြည့်ပါတယ်၊ သူရှိနေရင်တော့ ဒီကသူဌေးကြီးမေးတာကို ဖြေနိုင်မှာပါ၊ ကျွန်တော် သေချာမကြည့်ခဲ့မိဘူးဆိုတာ အမှန်ပါပဲ၊ နောက်တစ်ခုက အဲဒီအချိန်မှာ ကျွန်တော်တို့လင်မယားမှာ မပြည့်စုံကြတာမှန်ပေမယ့် ဒီဆွဲကြိုးကို ရောင်းမစားခဲ့တာလဲ အမှန်ပါ"

ဦးစက်ရှင် ခေါင်းညိတ်သည်။ ဦးမင်းညိုကလည်း စာနာသော အကြည့်နဲ့ပဲဖြစ်၏။ ဒေါ်သဇင်ကတော့ မယုံကြည်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအဖြစ်တွေ ရှိတတ်ကြတာပဲ၊ အနီးစပ်ဆုံးပြောနေနိုင်တာက ရထားမှောက်စဉ်မှာ အနီးအနားမှာ ရှိနေခဲ့ပြီး ကလေးငယ်နဲ့မိသားစုတွေ အဖြစ်ဆိုးနဲ့ကြုံနေတာကို မြင်နေ သိနေရင်လဲ ဖြစ်တာပဲ။

ထို့ပြင် မေမြတ်ရှင်တို့ တစ်အိုးတစ်အိမ်ထူထောင်နေခဲ့သည့် နောက်မှာ ရန်ကုန်နှင့် အဆက်အသွယ်တွေ လုံးဝပြတ်တောက်နေခဲ့သည်။ ဒီကာလတွေမှာ မေမြတ်ရှင်တို့နှင့် ရင်းနှီးစွာနေခဲ့ဖူးကြရင်ရော၊ ခုလိုလုပ်ကြံဖတ်လမ်းတွေ ဆင်လို့မရဘူးတဲ့လား။ ဖြစ်နိုင်ခြေအလွန်နည်းသလောက် မဖြစ်နိုင်တာတွေ အများကြီး။

သူဌေးကြီးဦးစက်ရှင်ဟာ ကိုယ့်ဇမက်ကိုတောင်မှ ဖြူသလားမည်းသလား သိခဲ့တာမဟုတ်ပေ။ မြေး ဆိုတာလည်း အသံသာကြားခဲ့ရပြီး သေဆုံးသွားခဲ့ပြီဆိုသော သတင်းဆိုးနဲ့ပဲ နှစ်ပေါင်းများစွာ ကြာခဲ့ရသည်။ အတိတ်နှင့်ပစ္စုပ္ပန်က လုံးဝအဆက်အစပ်မဲ့နေခဲ့သည်။ ခုကျမှ စကားတစ်ခွန်း၊ ဖြစ်ရပ်တချို့နှင့် အစပြန်ပေါ်လာတာကို ဘယ်လိုလက်ခံမလဲ။

သူမနှင့် အားလုံးက ကာလကြာမြင့်စွာ လက်ခံထားခဲ့ကြသည်က မေမြတ်ရှင်တို့မိသားစုတွေ သေဆုံးကုန်ကြပြီဟု ...။

"ကျွန်တော့်ဇနီးဆုံးသွားတော့ ကလေးကို ပြန်ပို့ဖို့ စိတ်ကူးမိပါသေးတယ်၊ ဒါပေမယ့် ..."

ဦးပေသီး အသံက တိတ်ဆိတ်မှုကို ပြန်လည်ထိုးခွင်း၍ ပေါ်လာသည်။

"ကလေးကို ပြန်မပို့ဘဲ ခေါ်ထားခဲ့မိတာရယ်၊ အားလုံးက သေဆုံးသွားပြီလို့ သတ်မှတ်ထားပြီးကာမှ ဘာသက်သေအထောက်အထားမှ မရှိဘဲ ပြန်ပို့ဖို့ခက်နေတာရယ်၊ အဲဒါတွေကြောင့်ပါ"

"အခုကျတော့ရော"





ဒေါ်သဇင်က ချက်ချင်းကောက်မေး၏။

"အခု ...."

ဦးပေသီး ဆွံ့အသွားပြန်သည်။ လေရှူး ရှက်တာတွေများလို့ ထုံနေပါပြီ။ နှုတ်ခမ်းလေး စေ့ထားရင်း ဘယ်ကိုမှလည်း မကြည့်မိတော့ပါ။ အဖေ ဘာပြောပြော ဒေါ်သဇင်က မယုံကြည်သည့်ဘက်က နေမည်၊ ဘိုးဘိုးကတော့ ဖြစ်သမျှ ဆွဲယူကြည့်ပြီး ကျေနပ်လက်ခံလိမ့်မည်။

ကျားလေးမျက်ဝန်းတွေက ဦးပေသီးထံမှာ စူးစိုက်နေဆဲ။ အဖေဘာတွေပြောပြော နောက်ထပ် ဘာတွေပဲဖြစ်လာပါစေတော့။ လေရှူးစိတ်ဒုံးဒုံးချ၍ နေပစ်လိုက်သည်။ ဦးပေသီးက တံတွေးတစ်ချက် မျိုချ၍ ...

"အခုက ဒီလိုပါ၊ သူဌေးကြီးရဲ့မြေးဆိုပြီး မဟုတ်တဲ့တစ်ယောက်ယောက် ကြားဝင်သွားရင် အားလုံးနစ်နာကုန်မှာစိုးတယ်၊ ပြီးတော့ ..."

ဒုတိယအကြိမ်အဖြစ် တည့်တည့်မဟုတ်သောအကြည့်တစ်ချက် လေရှူးဘက်ကို ဝေ့သွားပြန်သည်။

"သမီး လေရှူး ဟာ ကျွန်တော်တို့လင်မယား တာဝန်မကျေခဲ့တဲ့ အတွက် မဆင်းရဲသင့်ဘဲ ဆင်းရဲနေခဲ့ရရှာတယ်၊ ကျန်တဲ့ သူ့ရဲ့ဘဝတစ်ဆစ်ချိုးမှာတော့ ပြည့်စုံချမ်းသာစေချင်လို့ ခုလိုအရဲစွန့်ခဲ့ရတာပါ၊ သက်သေသက္ကာယ မရှိဘူးဆိုပေမယ့် ဒါ အမှန်ပါပဲလို့ ထပ်ပြောပြီး ယုံကြည်ပေးပါလို့လဲ တောင်းဆိုချင်ပါတယ်"

ဒေါ်သဇင်က ဦးစက်ရှင် ဘာပြောမလဲဆိုသည့် မျက်ဝန်းများနှင့် လှမ်းကြည့်သည်။ ဘာမှပြောမလာတော့မှ ဒီဘက်ပြန်လှည့်ကာ ...

"ကျွန်မတို့အားလုံးကတော့ ဒီပြဿနာအပေါ်မှာ ဖြစ်သင့်တဲ့အတိုင်း ဖြစ်လာဖို့ပဲ မျှော်လင့်ပါတယ်၊ မှားနေတယ်လို့ ထောက်ပြလို့မရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားလို့ လက်ခံဖို့လဲ ခက်တယ်လေ”

“ဟုတ်တော့ဟုတ်တယ်”

ဦးမင်းညိုက ဒေါ်သဇင့်အသံချည်းပဲဖြစ်မနေရအောင် လည်ချောင်းတစ်ချက်ရှင်းပြီး ဝင်ထောက်ခံသည်။ တကယ်တော့ ဒီကိစ္စကို ဆုံးဖြတ်ရမှာက ဦးစက်ရှင်ပဲဖြစ်သည်။ ဖနီးဖြစ်သူကလည်း ပြောကို ပြောဦးမှာပဲဆိုတာ သိနေသောကြောင့် ....

“ကျွန်တော်တို့က အကြံပြုချက်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ဦးပေသီး ပြောခဲ့သလိုပေ့ါဗျာ၊ မြေးအဖြစ်နဲ့ နောက်ထပ်ပေါ်လာနိုင်သလို ရှိနေတဲ့သူကိုလဲ အစစ်ပါလို့ မဆိုနိုင်ဘူးလေ၊ အဲဒါတွေဟာ ...”

“ခဏလေး ... လေးလေး ... ခဏ ..”

ကျားလေးက တစ်ချိန်လုံး တိတ်ဆိတ်စွာနေလာခဲ့ပြီးမှ စကားဝိုင်းထဲ ဝင်ပါလာသည်။ ဦးပေသီးက ကျားလေးကို မသိပါ။ သို့သော် ဦးငွေကြီးရဲ့ သွေးရင်းသားရင်းတစ်ယောက်မဟုတ်ဘူးဆိုတာတော့ သိသည်။

သူ့ငွေဦးစက်ရှင်မှာ မေမြတ်ရှင် ဆိုသည့်သမီးက တစ်ဦးတည်းသောသမီး။ သန့်ပြန့်ရည်မွန်ပုံရှိသော လူငယ်ကိုတော့ သူ တလေးတစား ပဲ ကြည့်မိခဲ့သည်။

“ဒီလိုပါ၊ မြေးအရင်းဟုတ်မဟုတ်ဆိုတာ ခုချိန်မှာ သေချာဖို့အ နည်းလမ်းမရှိသေးဘူး”

ကျားလေးက ပြောနေရင်း ဦးစက်ရှင်ဘက်ကို လှည့်ကြည့်ကာ —

“ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ ဆိုပြီး လက်ခံထားခဲ့တာက ဘိုးဘိုးပါ၊ အခု ဆက်ပြီး ဒီလိုပဲ လက်ခံသွားမလား၊ မသွားဘူးလား ဘိုးဘိုးပဲ ဆုံးဖြတ်တာကောင်းပါတယ်”

ပြောလိုက်တော့မှ ဒေါ်သဇင်တို့ ဦးစက်ရှင်ကို သတိထားမိခဲ့ကြ





သည်။ နှဖူးပြင်မှာ ချွေးစတွေရှိနေလျက် ဝင်းကြည်နေခဲ့သော မျက်နှာက ညိုညစ်ညစ်အရောင်ပြောင်းနေသည်။ မှဲ့မနေသော်လည်း မပြုံးနိုင်တော့ဘဲ ရှိလေသည်။

“အဖေ ...”

ဒေါ်သဇင် ပျာပျာသလဲ ဖြစ်သွားသည်။ စိတ်ထဲမှာ ဘယ်လိုပဲရှိနေပါစေ၊ ဦးစက်ရှင်ကိုတော့ စိတ်မဆင်းရဲစေချင်ပါ။ ဦးစက်ရှင်ဟာ သူမတို့အတွက် ထာဝရကျေးဇူးရှင်၊ မိဘပဲဖြစ်၏။

“အဖေ ဆုံးဖြတ်ပါ၊ ဟုတ်ဝါတယ်၊ သမီးတို့ကလေ ... ဘယ်သူ့ကိုမှ မထိခိုက်အောင် တကယ့်အစစ်အမှန်ကို လိုချင်တဲ့လောဘနဲ့ ပြောမိကြတာ၊ ဘာပဲဖြစ်ဖြစ် အဖေ စိတ်ချမ်းသာမယ်ဆိုရင် အားလုံးနဲ့ လဲနိုင်တယ်”

ဦးစက်ရှင် ရုတ်တရက် စကားမဆိုပါ။ စူးရဲချင်လျက်နှင့် ရီဝေနေသည့်မျက်လုံးအစုံက လေရှူး ကို ငေးကြည့်နေကာ ...

“မြေးလေး ... မြေးလေးက စိတ်ညစ်နေတာလား၊ အားငယ်နေတာလား”

“ရှင် ... ဘိုးဘိုးက ...”

လေရှူး စကားတွေ ဆွံ့အကုန်သည်။ ဘိုးဘိုးမျက်ဝန်းထဲက ဆွေးမြည့်ကြေကွဲမှုတွေကို နားမလည်နိုင်။ ဒီအချိန်မှာ လေရှူး ကို မြေးအဖြစ် ယုံကြည်သလား၊ မယုံကြည်ဘူးလား ဒါပဲ ဆုံးဖြတ်ရမှာ မဟုတ်ဘူးလား။ ဒါမှမဟုတ် သံသယဇဉ်တွေဖြစ်မိပေမယ့် ‘ဝမ်းနည်းပါတယ်’ လို့ ပြောတော့မှာလား။

“မြေးကို ဘိုးဘိုးမေးတာ ဖြေပါ၊ မြေးရဲ့ဖေဖေကို မြင်လိုက်လို့ ပြန်လိုက်သွားချင်နေပြီလား”

လေရှူး ခေါင်းလေးခါသည်။ ဦးစက်ရှင် မျက်ခုံးထူထူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကော့သွားလျက် ...

"အတုတွေ၊ အစစ်တွေ လွန်ဆွဲနေကြလို့ မြေးက အားငယ်နေတာလား"

ထပ်မေး၏။ လေရှူး ခေါင်းညိတ်လိုက်ချင်ပေမယ့် နောက်ထပ်ခေါင်းခါ၍ ...

"မဟုတ်ပါဘူး၊ လေရှူး ကို လက်မခံရင်လဲ ..."

ပြောရင်း ကျားလေး ဆီသို့ ဖျတ်ခနဲဝေ့ကြည့်၏။ 'ဒီလူဆီက ပိုက်ဆံတွေယူပြီး ဘိုးဘိုးဘေးမှာ နေပေးဖို့လဲ စာချုပ်က ရှိပြီးသားပါ' လို့ ရင်ထဲမှာ တိုးတိတ်စွာ ပြောလိုက်မိကာ ...

"မြေးအဖြစ် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဘိုးဘိုးက လက်ခံနေသရွေ့ ဘိုးဘိုးဘေးမှာပဲနေပြီး ဂရုစိုက်ပြုစုရင်းနေသွားမှာပါ"

လေရှူး က ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ပြောလိုက်တာပေမယ့် ဦးစက်ရှင်နှုတ်ခမ်းတွေ ကျေနပ်ပီတိဖြင့် ပွင့်ဟသွားကြသည်။ သွားအဖွေးသားပေါ်အောင် ပြုံးရင်း ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေရှာ၏။ ထို့နောက် အားလုံးကိုဝေ့ကြည့်လိုက်ပြီးမှ ဦးပေသီးမျက်နှာထက်မှာ စူးစိုက်၍ ....

"လေရှူး ကို ကျုပ်ရဲ့မြေးဆိုတာ ဘာသက်သေမှမလိုဘဲ ကျုပ်က လက်ခံနေခဲ့တာပါ။ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ခန့်မှန်းချက်တွေပဲကွယ့်၊ သက်သေဆိုတာလဲ ဖျောက်ဖျက်လို့ရသလို ဖန်တီးလို့ရတာတွေရှိတယ်၊ ကျုပ်ကတော့ ကျုပ်ရဲ့စိတ်နဲ့ ခံစားမိတဲ့အဖြေကိုပဲ မှတ်တမ်းတင်တယ်၊ မြေးက ကျုပ်မြေးပါ"

ဦးပေသီး ပြုံးပြုံးကြီးဖြစ်သွားရင်း ခေါင်းငုံ့အရှိအသေပြုသည်။

"ဝမ်းသာပါတယ်ဗျာ"

"ကလေးတွေ ထင်ကြေးပေးကြ၊ သုံးသပ်ကြတာ နဲ့တယ်၊ အားလုံး





က ဖြစ်နိုင်ခြေတွေပေါ့လေ၊ ဒါတွေဟာ စဉ်းစားချင့်ချိန်သင့်တာတွေပါ၊ အဲဒါကြောင့် ကျုပ်ရင်ထဲမှာ အဖြေက ရှိပြီးသားပေမယ့် ဘာမှဝင်မပြောဘဲ နေလိုက်တာပါ။ ကျုပ်နဲ့မြေးလေးရဲ့ စိတ်ခံစားချက်အတိုင်း မဟုတ်ခဲ့ဘဲ အကယ်၍ လွဲချော်နေမယ်ဆိုရင်တောင် ဒီကလေးကို ကျုပ်ဘယ်တော့မှ ပစ်ပစ်ခါခါ နှင်မလွှတ်ဘူး၊ အဲဒါကို ယုံပါ"

ဒေါ်သဇင် ဘာမှဝင်မပြောတော့ပါ။ လေရှူး က သူမကိုယ်သူမ ဦးစက်ရှင်ရဲ့မြေးပါဆိုပြီး ရောက်လာခဲ့သည်။ နောက်တော့ မြေးအဖြစ်နဲ့ပဲ သရုပ်ဆောင်တော့မယ်လို့ သူမကိုယ်သူမ ဝန်ခံငုပ်လျှိုးသွားခဲ့၏။ ခုတစ်ခါ မြေးအဖြစ် အသွင်တစ်မျိုး ပြောင်းခဲ့ရပြန်ပြီ။

အခြေအနေကို ဘယ်လိုလက်ခံ၍ ရှေ့ဆက်ရမှန်းမသိတော့ပေ။ သို့သော် အားလုံးဟာ ဦးစက်ရှင် ဆုံးဖြတ်ခဲ့သည့်အတိုင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၀)

"အဲဒါတွေကို ဘာလို့ယူတာလဲ အဖေ၊ အဖေ မယူသင့်ဘူး"

"ယူရမှာပဲ သမီး၊ အဖေက သမီးကိုပြုပြီး သူဌေးဆီမှာ ငွေညှစ်တာမဟုတ်ဘူး၊ သမီးက သူ့ရဲ့မြေးဆိုတာ မှန်တယ်၊ မွေးစားခဲ့တဲ့သူကို သူဌေးက ကျေးဇူးတင်လို့ ကျေးဇူးဆပ်တယ်ဆိုတာလဲ ဒါမှန်နေတာပဲ၊ သူပေးလို့ အဖေယူတာ၊ ဘာဖြစ်သွားနိုင်လို့လဲ"

စကားသံတွေ ကြားလိုက်သဖြင့် အုပ်စီး နောက်လှည့်ကြည့်သည်။ ထွတ်ဦး က သတိမထားမိပေ။ သူတို့က ထိုင်နေကျကော်ဖီဆိုင်၏အတွင်းခန်း မှန်ကာလေးရဲ့ တစ်ဖက်မှာဖြစ်သည်။

ခရုပုတီးလေးတွေကို ခန်းဆီးအဖြစ် ချထားသဖြင့် တံခါးဝအပြင်ကပ်လျက်စားပွဲမှ စကားသံတွေကို ကြားနေရခြင်းဖြစ်၏။ ပြာလဲ့သောမှန်အပြင်မှ ခေါင်းနှစ်လုံးကို မြင်လိုက်ရသည်။ လူကြီးတစ်ယောက်နှင့်မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကောင်မလေး၏ ဆံပင်ပုံစံကိုမြင်လိုက်ကတည်းက သူ့နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားကာ ...

"ထွတ်ဦး ..."





"ဟင် ..."

စီးကရက်မီးညှိနေသည့် ထွတ်ဦး က မေးဆတ်ထူးသည်။ သူက အပြင်စားပွဲကို မျက်ခုံးပင့်ပြကာ ....

"တွေ့လား၊ တမ်းတလိုက်တာနဲ့ ရောက်လာတာ"

"ဘာလဲ"

သူ မဖြေခင် စကားသံတွေ နောက်ထပ်ထွက်ပေါ်လာသဖြင့် ထွတ်ဦး နားစွင့်ကြည့်လိုက်၏။

"အားလုံးလဲ ပြောပြပြီးပြီပဲ၊ သူများတွေ မယုံမကြည် သံသယမျက်လုံးကြီးတွေနဲ့ စောင့်ကြည့်နေမှာကို လေရှူး မလိုချင်ပါဘူး"

"ကိုယ့်ဘက်မှာ သေချာမှုမရှိဘူးဆိုရင် ဒီမျက်လုံးတွေကို ရောက်ရမှာပဲ သမီး၊ ဒါကို ကြောက်စရာလား၊ သူများတွေ မဟုတ်ဘဲနဲ့တောင် အရှက်မရှိ ဟန်ဆောင်ကြ၊ လူသတ်ကြနဲ့ ချမ်းသာရာချမ်းသာကြောင်း ကြံစည်ကြသေးတာ"

"ရုပ်ရှင်ထဲမှာ ရှိတာ"

"အပြင်မှာ ပိုဆိုးတာပေါ့ သမီးရဲ့၊ ဆင်းရဲသားရပ်ကွက်တွေမှာဆိုရင် လူတွေ ဆင်းရဲလွန်းလို့ နားကပ်တစ်ဖက်နဲ့တောင် လူသတ်ကြတာရှိတယ်"

လေရှူး မသိလို့မဟုတ်ပါ။ မုသားမဆိုဖူးတာလည်း မဟုတ်၊ မှတ်တာ မလုပ်ရဲလို့လည်းမဟုတ်ဘဲ ဒီလူတွေနဲ့ကျမှ ကိုယ့်စိတ်ကို သိမ်ငယ်လာခဲ့တာဖြစ်သည်။ ပြီးတော့ ဘိုးဘိုး ဘာမှသံသယမထားယုံကြည်မြတ်နိုးနေတာကိုလည်း မခံယူချင်ပေ။ ကိုယ့်ကိုကိုယ် ဘိုးဘိုးရဲ့မြေး မဟုတ်ဘူးဆိုသည့်ဘက်မှာပဲ စိတ်က ရှိနေပြီဖြစ်သည်။

"ရှင်းရှင်းပြောရရင် လူတိုင်းမှာ လောဘရှိကြတာပဲ၊ အဖေလဲ ကောင်းမဟုတ်ဘူး၊ ဒါပေမယ့် ငါ့သမီးကို ခုတုံးလုပ်ပြီး ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ဖို့တော့ ဘယ်တော့မှ စိတ်မကူးဘူး”

“စိတ်မကူးပေမယ့် အခု တိုက်နဲ့ကားနဲ့ ဟိုကထားပေးတော့ အဖေ ကျေနပ်နေတာပဲမို့လား၊ ဒါတွေသာ နောင်တစ်ချိန်မှာ ပြောစရာ ဖြစ်လာရင် ဘယ်လောက်ရှက်ဖို့ကောင်းသလဲ”

“ဘာလဲ၊ ပြောစရာဆိုတာ”

အဖေ့မျက်နှာမှာ ဒေါသရောင်တက်လာတာကို မြင်သည်။ ပြော လိုက်တာလည်း လွန်သွားပြီဖြစ်၏။ လေရှူး မျက်လွှာချထားလိုက်ရင်း ငြိမ်နေမိသည်။

“ညည်းက အဖေ့ကို အဖေအရင်းမဟုတ်ဘူးဆိုပြီး မယုံကြည် တာလား၊ ‘သူ့သမီးမဟုတ်လို့ ဘယ်သူသေသေ ငတေမာရင်ပြီးရော’ အဖေလုပ်နေတာလို့ တွက်လိုက်တာလား”

“မဟုတ်ပါဘူး အဖေ၊ လေရှူး ပြောတာက သူတို့အားလုံး လက်မ ကြတဲ့အထဲမှာ ဘိုးဘိုးက ခေါင်းညိတ်လိုက်တာလဲ သေချာလို့ မဟုတ်တာ”

“ဟုတ်တယ်၊ မသေချာဘူး၊ ဒါပေမယ့် ညည်းက မြေးအရင်း နောက်ထပ်ပေါ်လာလဲ ညည်းလောက်ရင်းဖို့မရှိဘူး၊ ဘာကိုပူနေတာ လဲ၊ သူ့ဗွေးကြီးက ပညာရှိတယ်၊ သူပြောတာ မကြားဘူးလား၊ သက်သေ ဆိုတာ ဖန်တီးလို့ရတယ်၊ ဖျောက်ဖျက်လို့လဲ ရတယ်တဲ့၊ ဘာမှ ထင်မှ စရာမရှိတော့ဘူး၊ ဒီမှာ လေရှူး၊ အဲဒီမှာ ညည်း ဘာမှ သရုပ်ဆော နေစရာမလိုဘူး၊ အဲဒါ ညည်းရဲ့အဘိုးအရင်း၊ စေတနာနဲ့ တကယ်ပြ ပါ၊ အနစ်နာခံပါ၊ အမှန်တရားဆိုတာ ထာဝရပျောက်ကွယ်သွားတာ လို့ မရှိပါဘူး၊ ဒါကို သည်းခံရမယ်၊ အဖေကတော့ အခု အဖေရထိုက် လို့ ရတာယ်လို့ပဲ ယူဆတယ်၊ အဲဒါကြောင့်လဲ ယူခဲ့တာ၊ ကိုယ့်ကိုကိုယ် လိပ်ပြာသန့်တယ်”





လေရှူး မျက်နှာလေး ညှိုးနေဆဲဖြစ်သည်။ အိမ်ကြီးထဲမှာ ဒေါ်သဇင် တို့နဲ့သူမ ဘယ်လိုပုံစံနှင့် ရင်ဆိုင်ဆက်ဆံရမှန်းလည်း မသိတော့ပေ။ သူမက ဘာလဲ၊ အလုပ်သမားလား၊ အရှင်သခင်လား။

“မိမိစိတ်ဓာတ်ကို မိမိဘာသာမြှင့်တင်မှ ရတာ၊ ညည်း ရန်ကုန် က လေရှူး မဟုတ်တော့ဘူးလား သမီး၊ သခင်လိုကျင့်ရင် သခင်၊ ကျွန် လိုကျင့်ရင် ကျွန်ဖြစ်မှာပဲ၊ ယုံကြည်ချက်တွေ၊ ရည်ရွယ်ချက်တွေ ညည်း ရင်ထဲမှာ မရှိဘူးလား”

“ဒါက ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ထင်သလိုသွား၊ ကြိုက်တာ လုပ်လို့ရတဲ့ ကိစ္စလား အဖေ၊ ဘိုးဘိုးက အရမ်းချမ်းသာတာ၊ ဒါကို မသမာစွာ ကြိုးစားနေတယ်လို့ လေရှူး အထင်မခံချင်ဘူး၊ ပိုဆိုးတာ က ကျော်ချမှ ဓားပြမှန်းသိတဲ့အဖြစ်မျိုးဖြစ်ခဲ့ရင်တောင် ဘိုးဘိုးက ကျေနပ်နေမယ်လို့ ပြောတာပဲ၊ သူ့ရင်ထဲမှာရှိနေတဲ့ မြေးဆိုတဲ့ စိတ္တဇ ကြောင့် မျက်လုံးစုံမှိတ်ယုံနေတာ၊ အဲဒါကို မလိုချင်ဘူး”

“မလိုချင်ပေမယ့် ညည်းက မြေး၊ သူ့အမွေတွေကို ညည်းရမှာပဲ”

“ဘာပဲဖြစ်ဖြစ် လေရှူးနဲ့သူတို့ရဲ့ သတ်မှတ်သဘောတူထားတဲ့ ကာလတစ်ခုရှိတယ်၊ အဲဒီကာလလွန်တာနဲ့ လေရှူး ဘိုးဘိုးရဲ့မြေး အဖြစ်ကနေ နုတ်ထွက်မှာပဲ”

“တော်စမ်း”

ဦးပေသီး ဒေါသနှင့်ကြိတ်အော်သည်။ ကော်ဖီဆိုင်ထဲမှာ စားပွဲ တွေရှိသမျှ လူပြည့်နေသည်။ သီချင်းသံညက်ညက်လေးက စကားပြော သံအားလုံးကို လွှတ်လပ်ခွင့်ပေးထားသလို ပြောသမျှအသံတွေကို သတိထားနားစိုက်တာနဲ့ တစ်ဖက်နှင့်တစ်ဖက် ကြားနေရသည်။ ဦး ပေသီးက ဘေးဘီကို မျက်လုံးတစ်ချက်ဝေ့ကာ ...

“ခက်တယ်၊ ညည်း ခေါင်းမာတတ်တာ ဒီနေရာမှာတော့ တော



www.burmeseclassic.com

www.burmeseclassic.com



တော်စိတ်ပျက်ဖို့ကောင်းတယ် လေရူး၊ အားလုံးကိုပြန်ကြည့်လိုက်ရင် ညည်းက အဖေ့ကို မယုံကြည်တာ၊ ထားလိုက်တော့၊ ညည်းက ကာယကံရှင်ပဲ၊ မနောမြတ်စံအိမ်ကနေ ညည်းထွက်လာတဲ့အချိန်ကျရင် ဒီအဆောင်အယောင်အားလုံးကို အဖေ ပြန်အပ်လိုက်မယ်"

ကော်ဖီကြိုက်သည့်အဖေက ကော်ဖီတစ်ငုံမဲသောက်ခဲ့လျက် ထပြန်သွားတော့ လေရူး ရင်နင့်သွား၏။ သူမလည်း သောက်ချင်စိတ်မရှိတော့သဖြင့် ပိုက်ဆံရှင်းပြီး ထွက်လာခဲ့သည်။

လောကကြီးက ဒီလိုပဲလား၊ မလိုလျှင်ရ၊ လိုလျှင်ရ ...။

မရတော့လည်း မျှော်သည်၊ ရတော့လည်း မပျော်၊ ဘာဖြစ်ချင်တာလဲ ...။





အခန်း (၄၁)

"ဘယ်လို ..."

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွား၏။ ချစ်သဲက မျက်နှာလေး ရှုံ့မဲ့နေလျက် ...

"ဟုတ်တယ်၊ ငါတို့ငှားလိုက်မိတဲ့ အဲဒီ ကြက်လျှာစွန်းကလေးကို ဘေးက ကွန်ဒိုတိုက်ကြီးပိုင်ရှင်က ပိုင်တာ၊ အဲဒီညီအစ်မကို လူကြီးချင်း မျက်နှာနာကြတဲ့အခြေအနေမို့လို့ အလကားနေခွင့်ပေးထားတာတဲ့၊ ပြီးတော့ သူတို့က တိုက်ပုသေးသေးလေးမှာ စတိုးဆိုင်ပိစိလေးပဲ ဖွင့်ထားတာဆိုတော့ ကွန်ဒိုတိုက်ကြီးက ပျောက်သွားတာမှမဟုတ်ဘဲ၊ သူကိုလဲ မထိခိုက်ဘူးဆိုပြီးတော့ နေခိုင်းထားတာဖြစ်မှာပေါ့"

"နင်ကလဲ၊ ခုမှပဲ အမှန်တွေကို သိနေတာလား"

ဒေါသဖြစ်နေတော့ ချစ်သဲကိုလည်း စကားနာထိုးမိသည်။ ချစ်သဲက ပခုံးလေးကျုံ့သွားကာ ...

"နင်နဲ့ငါ အတူတူပဲလေ၊ ခုမှ ငါလဲ ခန့်မှန်းကြည့်ရတာကို၊ ပြီးတော့ ရှိသေးတယ်၊ ကြက်လျှာစွန်းပုံနေရာလေးကို ဒါ့ကြောင့် သတိ



www.burmeseclassic.com

www.burmeseclassic.com



မထားမိတာ၊ အဲဒီတစ်ကွင်းလုံးက ကွန်ဒိုတိုက်ကြီးရဲ့ ပရဝုဏ်ဖြစ်နိုင်တာပဲ"

လေရှူး ရောက်လာကတည်းက မထိုင်ဖြစ်ဘဲ ခုကျမှ ဆိုဖာပေါ်ကို ပုံကျသွားခဲ့၏။

"ဘာဖြစ်နေကြတာလဲ"

တိုက်ကလေးထဲကို ချစ်ဖူး ဝင်လာ၏။ ချစ်သဲ ဘေးမှာရပ်၍ လေရှူးကိုကြည့်သည်။

"အခု ဘာဖြစ်ကုန်ပြီလဲ၊ မြေကိစ္စက မသေချာလို့လား"

နှစ်ယောက်စလုံးပဲ ချစ်ဖူး ကိုမော့ကြည့်၍ ခေါင်းညိတ်ကြသည်။ ဒီကိစ္စမှာ ခေါင်းဆောင်အကြံပေးသူက ချစ်ဖူးပဲ ဖြစ်သည်။ လေရှူးက နှစ်ယောက်ပူးပေါင်း၍ ကိုယ်ပိုင်နေရာလေး ဝယ်ချင်သည်။ အဲဒီမှာပဲ ကိုယ်နေနိုင်သည်။ ချစ်သဲ သက်သက်သာသာ ပူးပေါင်းရုံပဲဖြစ်ကာ အလုပ်ကို တိုးချဲ့ဖို့ စောင့်ရှောက်ဖို့ သူမပဲ နေ့နေ့ညည အပင်ပန်းခံမည်။ မနောမြတ်ကနေ ထွက်ခွာဖို့အချိန်ကိုတွက်၍ စိတ်ကူးထဲမှာ စိတ်ကူးထဲမှာ ဇယားတွေ ဖြစ်ခဲ့ဖူးသည်။

"ဘာလုပ်မှာလဲ၊ ကိုယ်ပိုင်နေရာကြီးတော့ ရပြီး နေရာက အကွက်အကွင်းမရှိ၊ အလုပ်မဖြစ်နဲ့ဆို သွားပြီ၊ ကျောက်မြောင်းဘက်မှာ နေရာကောင်းလေးတစ်ခုရှိတယ်"

ဟု စလာပြီး ထိုနေရာကို စပေါ်ပျောက်တင်ဖို့ လခတွေဘာတွေ ညှိကြတဲ့အထိ ချစ်ဖူး အကြံပေးခဲ့သဖြင့် အစီအစဉ်တွေ ဤကဲ့သို့ ပြောင်းလဲကုန်တာဖြစ်သည်။

ခုတော့ သူမတို့ ပိုင်သလိုလိုနှင့် စပေါ်ငွေတွေယူပြီး လစ်သွားသည့် ညီအစ်မ၏ခြေရာကို ကောက်ဖို့လည်း မလွယ်တော့ပေ။

"မြေပိုင်ရှင်က အခု ဘာတဲ့လဲ"





ချစ်ဖူး၏ စိတ်မကောင်းသည့်လေသံနှင့် ထပ်မေး၏။ ချစ်သဲက လျော့ရဲရဲထိုင်နေရာကနေ ဇွေ့ခနဲ ဆောင့်ထိုင်လိုက်၏။

"ရှက်စရာကြီး မမဖူးရာ၊ ဒီက ပစ္စည်းတွေ နေရာချ၊ မျက်နှာစာပြင်နေကာမှ 'ဘာလုပ်ကြတာလဲ' လာမေးပြီး 'စီးပွားရေးလုပ်ကြမှာကို ခွင့်မပြုနိုင်ဘူး' တဲ့"

"သူဌေးကိုယ်တိုင်လား"

"ပီအေပဲ နေမှာပါ၊ ပုံစံက အထက်ဖား၊ အောက်ဖိရုပ်ကြီးနဲ့"

"စီးပွားရေးမလုပ်ရဘူးဆိုတော့ နေရင်တော့ ရတယ်ပေါ့"

လေရှူး ဝင်မေးတော့ ချစ်သဲက ခေါင်းညိတ်၏။

"ငါ အဲဒီလိုမေးတာပဲ၊ ဟုတ်တယ် တဲ့၊ အဲဒါတောင်မှ သူဌေးက ညှာလိုက်တာ တဲ့၊ ဟိုညီအစ်မလုပ်သွားတာကိုသိလို့ စာနာလို့ မဖယ်နိုင်းတာ တဲ့"

"အံမာ ... အဲဒီလမ်းဆုံလမ်းခွမှာ ဘာစီးပွားမှမလုပ်ဘဲ ဒီက ဘာသွားလုပ်နေရမှာလဲ"

လေရှူး ဒေါသတွေဖြစ်နေမိ၏။ ညညဆို မအိပ်နိုင်၊ မစားနိုင်နှင့် ဒီဇိုင်းဆန်းတွေ ထွင်ရသည်။ မိုးလင်းတာနှင့် အပြင်ထွက်ဖို့ အချိန်ရအောင် လုံးပမ်းရတာတစ်မျိုး၊ ပြီးတော့ စက်မှုကို ပြေးလိုက်၊ လက်မှုကိုပြေးလိုက်၊ ရင်းနှီးထားရတာတွေ နည်းသလား။

ကိုယ်ပိုင်မြေမဝယ်ဖြစ်တော့ ငွေလေး ပိုထွက်လာသည်။ ဒါလည်း ခု ကုန်ကြမ်းရင်းနှီးလိုက်တော့ တစ်ပြားမှ မကျန်တော့ပေ။

"ဟဲ့ ... နှင်တို့နှစ်ယောက် သူဌေးနဲ့သွားတွေ့လိုက်ပါလား"

ချစ်ဖူး အကြံပေးပြန်ပြီ။ မပြောရဲပေမယ့် လေရှူး ၏မျက်လုံးက 'လုပ်ပြန်ပြီ' ဆိုသောအကြည့်နှင့် ချစ်သဲထံ ရောက်သွားသည်။ ချစ်သဲကတော့ ညီအစ်မမို့ ပြောရဲဆိုရဲရှိနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ မမဖူးက ..."

"ဘာလုပ်တာလဲ၊ ရင်းနှီးထားပြီးသားကို၊ ဒီလိုလုပ်မှ မျှော်လင့်ချက်ရှိတော့မှာ မဟုတ်ဘူးလား၊ အခုဟာက နင်တို့ သူခိုးလက်ခံဖြစ်နေပြီလေ၊ ကိုယ်ဘယ်လောက်ပဲ ကုန်ထားထား၊ တကယ့်ပိုင်ရှင်က ကန့်ထုတ်လိုက်ရင် ကုန်းကောက်ချိန်မရဘဲ ကျောကော့ပြေးရမှာ"

"အဲဒါဆို မမဖူး သွားပြောပေးလေ"

"ဩော် ..."

ချစ်ဖူး ဒေါသသံလေးထွက်လာပြီး အသံပြန်တိတ်သွား၏။ ချစ်သဲက မဲ့ရွဲ့လျက် ...

"သူဌေးက နင်နိုင်းလို့ လာနင်တာ၊ သွားပြောတော့ ဘာထူးမှာလဲ၊ ကဲ ...."

"ဟုတ်တယ် ချစ်သဲ၊ အဲဒါ သွားသင့်တယ်"

လေရှူး ကောက်ကာငင်ကာ ထပြောလိုက်သည်။ ထိုအခါကျမှ ချစ်ဖူး အသံလေးက အားတက်သရော ပြန်ဖြစ်လာ၍ ...

"သွားသင့်တာပေါ့၊ များသောအားဖြင့် တကယ်မြင့်တဲ့လူတွေက ရည်မွန်ပါတယ်၊ ဟိုမရောက်ဒီမရောက် လူတွေကသာ မာန်တက်ကြတာ၊ နင်တို့သွားတွေ့လိုက်ရင် တစ်ခုခုတော့ အဆင်ပြေနိုင်တယ်"

"မလွယ်ပါဘူး မမဖူးရာ၊ သူဌေးက ဘယ်ဆီဘယ်ဝယ်မှာ နေမှန်းမှမသိတာ၊ သူ့တိုက်ခန်းတွေက ရောင်းလို့တောင်ကုန်တော့မယ်၊ ဒီနေရာကွက်ကွက်လေးကို ကုတ်ဖဲ့ပြီး ပါဝါပြနေတာ"

"စကားများမနေနဲ့ ချစ်သဲ၊ အဲဒီနောက်ကို ငါလိုက်မယ်၊ သူဌေးဘယ်မှာနေသလဲဆိုတာ စုံစမ်းရမှာစိုးရင် ကွန်ဒိုကြီးကနေပဲ စောင့်ကြည့်နေမယ်"

"မလာရင်ရော"





"မိသဲ၊ နင် အသာနေစမ်း"

ချစ်ဖူးက ညီမဖြစ်သူကို လှမ်းဆူသည်။

"အလုပ်လုပ်ရင် အခက်အခဲဆိုတာရှိမှာပဲ၊ ထိုင်နေရင် ဘာမှမဖြစ်ဘူး၊ လူပြောမခံရဘူး၊ အလုပ်လုပ်တဲ့သူ အပြစ်ဖြစ်တတ်တာ သဘာဝကျတယ်လေ၊ ရင်ဆိုင်ရဲဖို့ မကြိုးစားဘူး၊ ထိုင်ညည်းနေတာပဲ၊ ဟွန်း ..."

ပြောနေတာ ကြာသည်။ လေရှူး က ဆုံးဖြတ်လိုက်တာနှင့် လူက ထိုဆီရောက်သွားခဲ့သည်။ ဒီနေ့တော့ ဘိုးဘိုး မျှော်နေရှာမှာပါ။ ဒေါ်သဇင်လည်း ကျေနပ်မှာမဟုတ်ပေ။ အားလုံးဟာ ဘိုးဘိုးမျက်နှာကိုပဲ မှန်တစ်ချပ်လို ကြည့်နေကြတာဖြစ်သည်။

ဘိုးဘိုးစိတ်ပင်ပန်းသွားတာနှင့် သူမကို အပြစ်တင်ကြမှာ သေချာသည်။ မြေးအဖြစ် ရာထူးတိုးသွားလို့ မာန်တက်သွားတာလားလို့ မမေးလျှင် ကံကောင်း။

ခေါင်းရင်းပြတင်းကိုဖွင့်၍ ကွန်ဒိုရှေ့က ကားကြီးကိုပဲ စောင့်ကြည့်နေခဲ့ရတာ အချိန်တွေ ကြာလာသည်။ နာရီကိုကြည့်မိတိုင်း ဘိုးဘိုးမျက်နှာကိုပဲ မြင်နေ၏။

ထိုစဉ် ကားနားကို လူတစ်ယောက်ရောက်လာသည်။ အရပ်ပုပု၊ ခပ်ဖိုင့်ဖိုင့်နှင့် ဂိုက်ဆိုက်ကတော့ သားနားပါ၏။ သူဌေးဟု ထင်စရာရှိပေမယ့် သူဌေးမဟုတ်လောက်ဘူးဟု တွက်မိနေသည်။

နောက်ထပ်တစ်ယောက်မှ ပါမလာဘဲ ကားပေါ် တက်၍ သာသာလေး ဘက်ခ်ဆုတ်လာတော့မှ လေရှူး ကပျာကယာ ရှေ့ကို ပြေးထွက်ရသည်။

နှစ်ခြံထိစပ်နေသည့် ကြားလည်းဖြစ်၊ လမ်းမကြီး၏ ဘေးအုပ်ကနေ ရပ်စောင့်နေလိုက်သည်။ ကားက ရေတံခွန်လေးလွှတ်အောင်

www.burmeseclassic.com



ဘက်ခ်ဆုတ်ပြီး ဝေါခနဲ ဝိုက်ကွေ့ကာ ခြံဝကနေ မောင်းထွက်လာ၏။

"ဒီမှာ ... ခဏ ..."

လေရှုး ပြောလည်းပြောကာ ကားရှေ့ကနေ လက်နှစ်ဖက်စလုံး ဆန့်တားလိုက်သည်။ ကားက ခြံတံခါးဆုံးအောင် မထွက်ရသေးဘဲ ရပ်သွား၏။ မှန်ချလိုက်တော့ စောစောကလူ၏ မျက်နှာကြီးပဲ ပြူထွက်လာကာ ...

"ဘာလဲ"

လေရှုး က ထိုသူကို ခဏလေးအတွင်း အကဲခတ်နိုင်အောင် ကြိုးစား၏။ စကားမှားသွားလို့ မဖြစ်။ အသားအရေ၊ ဝတ်စားပုံနှင့် လက်ဝတ်ရတနာ၊ လက်စွပ်၊ နာရီ၊ တစ်ခုခုတော့ တန်ဖိုးကြီးကြီး ဝတ်ထားနိုင်ရမည်။ ဒီလူမှာ ဘာမှမရှိ။ ပြီးတော့ ရုပ်ရည်အဆင့်အတန်းက ဒီလောက် ကွန်ဒိုမီနီယံတိုက်ကြီးကို ပိုင်ဆိုင်ခဲ့သည့်လူတစ်ယောက် ဖြစ်နိုင်သလား။

ကိုယ့်ဟာကိုယ်ဆုံးဖြတ်လိုက်ကာ သေချာတာ မသေချာတာကို ထပ်၍ မဆန်းစစ်နိုင်ဘဲ ....

"ကျွန်မ ဒီကသူဌေးနဲ့ ခဏလောက် ဆွေးနွေးချင်လို့ပါ"

ဆံပင်တိုကပ်ကပ်၊ နဖူးပြောင်ပြောင်နှင့် ထိုလူက လေရှုး ကို ပြန်၍ စူးစိုက်ကြည့်သည်။

"သူဌေးက အထဲမှာ ..."

"ဟင် ... ရှိ ... ရှိတယ်ပေါ့၊ ဒီထဲမှာ ဟုတ်လား"

ဝမ်းသာအားရဖြစ်ကာ စကားတွေလည်း ထစ်ငေါ့ကုန်သည်။ ထိုသူက ပြုံးမလိုမဲ့မလိုအကြည့်နှင့် ခေါင်းညိတ်ပြကာ ...

"ရှိတယ်၊ သူဌေးက ဧည့်သည်နဲ့စကားပြောနေတာ၊ အခု ဝါ အပြင်ခဏသွားပြီး ပြန်ကြိုရမှာ၊ ကိစ္စရှိရင် သွားတွေ့လေ၊ ဧည့်သည်





ရှိသေးရင်တော့ စောင့်ပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲရှင်၊ ဩော် ..."

လေရှုး ဝမ်းသာအားရ ကျောခိုင်းလိုက်ပြီးမှ ပြန်လှည့်၍ ....

"ဘယ်အထပ်မှာလဲဟင်"

ဘီးလှိမ့်နေပြီဖြစ်သည့်ကားနောက်ကို ပြေးလိုက်မေးရသည်။

"ကိုးထပ်ခွဲမှာ ..."

"ဟင် ... ကိုးထပ်ခွဲဆိုတာ ဘာလဲဟင်"

"ကိုးထပ်ရဲ့ထောင့်စွယ်မှာ ပန်းဥယျာဉ်စင်ရှိတယ်၊ အဲဒီမှာ ..."

ဖြစ်ရလေ ဟုပဲ ပြောချင်တော့သည်။

တက်လိုက်ဦး လေရှုး ...၊ ကိုးထပ်ခွဲကို ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၂)

နားစွင့်ကြည့်လိုက်တော့ ဘာသံမှ မကြားရပေ။ ဧည့်သည်နဲ့ စကားပြောနေသည်ဆိုတော့ ဧည့်သည်ပြန်သွားတာလား။ ဒါမှမဟုတ် လက်ယာထောင့်စွယ်ဆိုတဲ့အခန်းက ဒါမှဟုတ်ရဲ့လား။

လေရှူး ခြေဖျားလေးထောက်၍ အထဲကို ချောင်းကြည့်မိသည်။ ကိုးထပ်၏ လကျ်ာဘက် ဒီအခန်းနှင့်ဆက်လျက်အခန်းကိုတော့ မရောင်းဘဲ ထားပုံရသည်။ အထပ်တိုင်းမှာထက်ထူးခြား၍ ပန်းဥယျာဉ် စင်နှင့်အခန်းကိုကူးသည့် ကော်ရစ်ဒါလို ခြောက်ပေခန့်ရှိသည့် လမ်းကလေးလည်း ရှိသည်။

အလှမီးနီယံတွေချည်း သုံးထားသဖြင့် အားလုံးဖိတ်ဖိတ်လက်နေသည်။ ခိုပြာရောင်မှောင်လက်နေသည့် မှန်ချပ်များနှင့် တခမ်းတနား ရှိ၏။ နောက်ပြန်ကြည့်လိုက်၊ ရှေ့ပြန်နားစွင့်လိုက်နှင့် အခြေအနေကို အကဲခတ်နေဆဲ အထဲက လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရကာ ...

"ဒီး ..... ချပ် ..."

အလင်းရောင်တစ်ချက်ဝင်လာသဖြင့် ခြေဖျားထောက်ကြည့်လိုက်တော့ တစ်ဖက် လေကာမှန်ကို တွန်းရွှေ့ပစ်လိုက်ခြင်းဖြစ်၏။ ထိုအလင်းရောင်ရကာမှ အထဲက…မြင်တွေနှင့် မတ်တတ်ရပ်နေသော ယောကျ်ား





တစ်ယောက်၏အရိပ်ကို မြင်လိုက်ရသည်။

လေရှူး အားမလိုအားမရဖြစ်လာ၏။ မျက်နှာရှေ့ကတံခါးကို ဖိလိုက်၊ တွန်းလိုက်လုပ်နေမိဆဲမှာ တံခါးက နိမ့်ခနဲ လှုပ်ရှားသွားသဖြင့် လန့်ဖျပ်နောက်ဆုတ်လိုက်မိ၏။ အလှမီးနီယံတံခါးက တစ်ပတ်လည်သွားပြီး ကျောနောက်ရောက်လာသဖြင့် ရှေ့ကို ကမန်းကတန်း လှမ်းတက်လိုက်ရပြန်သည်။ ထိုအခါ လေရှူး မဆုံးဖြတ်ရသေးဘဲ အခန်းထဲသို့ အော်တိုမစ်တစ် ရောက်သွားလေသည်။

"ဟာ ... အဲဒါ ဖေဖေပဲလုပ်ပေါ့၊ ကျွန်တော် မပြောချင်ဘူး"

"...................."

"ပြန်သွားပြီ၊ အဲဒါလဲ အဆင်မပြေဘူး"

"...................."

"သိရင်လဲ မနိုင်းနဲ့ပေါ့ ဖေဖေ၊ စိတ်မဝင်စားဘဲ ကျွန်တော်ကလဲ အချိန်တွေဖဲ့ပေးနေရတာ"

ကျွတ်ခနဲ စုတ်သပ်၍ ရေတံခွန်အတုလေး၏ အနားသင်ကျောက်မှာ နောက်ပြန်မှီလိုက်၏။ လေရှူး တကယ့်ကို အံ့ဩမဆုံး ဖြစ်သွားသည်။

လင်းအုပ်စိုး ...။ ဒီလူနဲ့မှ တည့်တည့်ကြီး လာဆုံရသည်။ သူက…အပြင်ဘက်ကို မျက်နှာမူထားသဖြင့် လေရှူး ကိုကျောခိုင်းသလို…နေပြီး မမြင်ပေ။ လက်ကိုင်ဖုန်းတစ်လုံးနှင့် မိဘကို ကျကျနနကြီး…လှန်နေသည်။

"မသိဘူး၊ အဲဒီ နေ့ခြည် နေရီ ဆိုတာကိုပဲ မသိတာ"

"...................."

"ဟား ... ဖေဖေကချည်း ဖိဟောက်နေတာ၊ ကျွန်တော်ပြော… မဟုတ်လို့လား၊ မင်း ဝင်လုပ်ကြည့်လို့ပြောပြီး ဝင်လိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးလွဲအပ်နေတာ ကောင်းသလား၊ တကယ် မမိုက်ဘူး”

“........................”

“မိန်းမတွေနဲ့ မပြောချင်လို့ပေါ့၊ ဖေဖေ့ဇနီးချောကို လွှတ်ပါလား”

“........................”

“ဒါကတော့ မသိဘူး၊ စီးပွားရေးအကြောင်း ပြောရတာနဲ့ ရည်းစားစကားပြောရတာ ဘယ်လိုလုပ်တူနိုင်မှာလဲ၊ ဒါတွေပြောဖို့တော့ စိတ်မဝင်စားဘူး”

ဖုန်းထဲမှာ ဖအေလုပ်သူက ဘာပြောသည်မသိ၊ ပြန်ပြောနေလိုက်တာ လေးစားသမှု ဘာမှမရှိ၊ တစ်ခွန်းမှ မခံ။

“အဲဒီလောက် စိတ်ရှုပ်နေရင် ထားလိုက်ပါလား ဖေဖေ၊ ဒီကြက်လျှာစွန်းလေး ပွဲသွားတာ ဘာဖြစ်သွားမှာမို့လဲ”

ဟင် ... လက်စသတ်တော့ သူ့အဖေက လေရှူးတို့နေရာလေးကို ရှင်းခိုင်းနေတာပါလား။ စိတ်က တစ်ချက်လေး လွှတ်သွားသည်။ ခြေထောက်အရွေ့မှာ ဘာနဲ့ငြိသွားမှန်း မသိ။

“ဂျီ ... ဒုန်း ...”

“ဟင် ...”

မီးသီးလေးတွေ ချိတ်ထောင်ထားသည့် သစ်သားချောင်းလေးကို ခြေထောက်နှင့်တိုက်မိပြီး လဲကျသွား၏။ အုပ်စိုး မျက်နှာ ဖျတ်ခနဲ နောက်လှည့်လာသည်။

“ဟင် ... မင်း ...”

ထိုင်ရာမှ ခုန်ထကာ ဖုန်းပြောနေတာကို သတိမရတော့ဘဲ ဘောင်းဘီအိတ်ထဲ ထည့်လိုက်၏။ လေရှူး ထိတ်ထိတ်ပျာပျာဖြစ်သွားသည့်ပုံကို ချက်ချင်းပြုပြင်၍ မျက်နှာမဲ့သည်။

ဘယ်သူ့ကိုပဲဖြစ်ဖြစ် အလုပ်ကိစ္စက မပြောလို့မဖြစ်ပေ။





“ကျွန်မ ... ဒီကသူဌေးကို ပြောစရာရှိလို့လာတာ”

အုပ်စိုး မျက်မှောင်ကုတ်သွားလျက် ရေတံခွန်ကိုပတ်၍ လျှောက်လာ၏။

“ဖေဖေ့ကိုလား”

“ဘယ်သူ့နဲ့ဖြစ်ဖြစ်ပါ၊ ဟိုထောင့်က ကြက်လျှာစွန်းကလေးရဲ့ ကိစ္စ”

“ဟင် ...”

“နေခြည် နေရီတို့ရဲ့ လက်ထဲကနေ ငှားလိုက်တာက ကျွန်မတို့ဖြစ်နေတော့ ...”

“နေဦး၊ စတိုးဆိုင်ဖွင့်ဖို့ မျက်နှာစာချဲ့နေတယ်ဆိုတာ မင်းတို့လား”

လေရှူး ခေါင်းညိတ်လိုက်သည်။ တိုက်ဆိုင်နေတာကို အုပ်စိုး လည်း အံ့သြနေပုံပေါ်သည်။ ခဏကြာမှ သူ့မျက်နှာမှာ မချိုမချဉ်အပြုံးတွေ ပြန်ဖြစ်လာ၏။

“မထင်ရဘူးနော်”

“ဘာလဲ”

“မင်းနဲ့ကိုယ် ...”

ထုံးခြောက်ရောင် TRUE အင်္ကျီလည်ဟိုက်လေးနှင့် အဝါရောင်စကတ်အကျပ်လေး ဝတ်ထားသည့် လေရှူး ကို အုပ်စိုး က တမင်မခံချင်အောင်စသည့်မျက်နှာနှင့် မချိုမချဉ်ကြည့်သည်။ လေရှူး မျက်နှာကို အစွမ်းကုန် တင်းပစ်လိုက်၏။

ဒေါသ မောဟတွေနှင့်လှည့်ပြန်သွားလျှင် ဘယ်သူနစ်နာမလဲ၊ စိတ်ထိန်း ... စိတ်ထိန်း။ ကိုယ့်လောဘနဲ့ကိုယ် ဆုံးမနေရသည်။

“လေရှူး ...”

“ဘာလဲ၊ ဒီမှာ ... ခင်ဗျားကြီးမျက်နှာကို မြင်ချင်လွန်းလို့ ရောက်လာတယ်မထင်နဲ့နော်၊ လုံးဝကို မသိတာ”



www.burmeseclassic.com

www.burmeseclassic.com



"သိရင်မလာဘူးပေါ့"

"စဉ်းစားမိဦးမှာ သေချာတယ်၊ ဒီတံခါးရှေ့မှာရပ်တဲ့အချိန်ထိ မသိလို့၊ တံခါးက သူ့အလိုလိုရိုက်သွင်းလိုက်တာမဟုတ်ရင် တော်တော့်ကို စဉ်းစားရမယ့်အချက်ပဲ"

"ဖေဖေက မင်းတို့ကို ရှင်းခိုင်းနေတာ"

"ကြားတယ်"

သူက လှောင်ပြောင်သည့် ခပ်ထေ့ထေ့အပြုံးနှင့် ခေါင်းညိတ်သည်။ ပြီးတော့ ရှေ့ကို ထပ်တိုးရပ်ကာ ...

"မင်းကို ဟိုအပတ်ထဲမှာတုန်းက ကိုယ်ဖုန်းဆက်ထားတာ သိတယ်နော်"

"လင်းအုပ်စီး ... ကျွန်မလာတာ ရှင့်ဆီကိုမဟုတ်ဘူး"

"ဖေဖေ့ဆီရောက်သွားရင် မင်းအယူခံဝင်လို့ရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲ သိလား"

သူ မေးပေမယ့် လေရှူး က ပါးစပ်ပိတ်နေသဖြင့် သူပဲဆက်ပြော၏။

"အဲဒီညီအစ်မကို ဖေဖေ ကူညီထားတဲ့ကိစ္စအတွက် ကိုယ့်ရဲ့မိထွေးတော်က အစကတည်းက မကျေနပ်ခဲ့ဘူး၊ ဖေဖေကလဲ တစ်ဖက်မှာ မိတ်ဆွေဟောင်းတွေမျက်နှာရှိတော့ ပြောလို့မဖြစ်ဘူးလေ၊ အခု သူတို့ဘာသာသွားကုန်ကြတဲ့အဖြစ်က ဖေဖေ့အကြိုက်ပဲ၊ မင်းနဲ့ဟိုတစ်ယောက်ကို နောက်ထပ်လက်ဆင့်ကမ်းဖို့ လုံးဝလမ်းမရှိဘူး"

လေရှူး မျက်နှာပေါ်က ကောက်ကြောင်းတွေ သိသာစွာ ပြေကျသွား၏။

"စိတ်ညစ်သွားပြီလား"

ဒေါသဖြစ်ဖြစ်နှင့် ပြုံးစိစိနဲ့မျက်နှာကို ပစ်ပစ်နစ်နစ် မျက်စောင်းထိုးမိ၏။

"ကိုယ့်အင်အားနဲ့ ရှာထားသမျှပိုက်ဆံတွေ ဆုံးရှုံးမှာကို မညစ်ဘဲ





နေမလား၊ ကြိုသိခွင့်ရတဲ့အတွက် ကျေးဇူးတင်တယ်"

လေရှူး ချက်ချင်းနောက်ပြန်လှည့်၏။

"နေဦးလေ၊ စိတ်ကြီးလှချည်လား"

လှမ်းလိုက်သည့်ခြေလှမ်းက တုံ့ခနဲ ပြန်ဖြစ်၏။ ရေမွှေးနံ့တစ်ချက်ဝေ့လာပြီး နောက်နားမှာ အုပ်စီး ရောက်လာ၏။

နောက်ထပ်တိုးလိုက်တော့ သူ့ရင်ဘတ်ကျယ်ထဲမှာ လေရှူး ရဲ့ ကျောပြင်လေး ထိကပ်လုလု။ မျက်နှာငုံ၍ စကားပြောသည့်အခါတွင် သူ့ထံမှ ထွက်သက်လေငွေ့နွေးက နားသယ်ဆံစပ်မှာ ထိခတ်လာခဲ့၏။

လေရှူး ဘေးကို ခြေတစ်လှမ်းရွှေ့လိုက်တော့ သူက ထပ်ကြပ်ကွာ ပါလာပြီး ရှေ့က ပိတ်ရပ်လိုက်သည်။

"မင်း ကိုယ်နဲ့ဆွေးနွေးကြည့်ပါလား၊ ဖြစ်နိုင်ခြေရှိတယ်"

သိသားပဲ လို့ပြောသည့် မျက်ဝန်းတွေက ဖျတ်ခနဲ ပင့်တက်သွား၏။ မျက်လုံးချင်းဆုံတော့ သူက မျက်ခုံးပင့်မေးနေသေးသည်။

"ခင်ဗျားလို မိန်းကလေးတွေမြင်ရင် ရောနှောဖို့ အကြောင်းအမျိုးမျိုးရှာနေတဲ့သူကို စိတ်ဝင်တစား ဆွေးနွေးစရာလား"

လေရှူး ပြောတာကို အုပ်စီး က စိတ်ဆိုးပုံမရှိပေ။ မျက်နှာပြောင်ပြောင်နှင့် ခေါင်းညိတ်လိုက်သေး၏။

"အဲဒါကို ခဏထားလိုက်လေ၊ အခု ကိုယ်က ဖေဖေ ရှေ့ရည်ငွေ ညှိလောင်းနေလို့ လင်းတကနေ ဟသံဖြစ်နေပြီ၊ နောက်ထပ်မပြောင်းခင်အထိ မင်း အားကိုးလို့ရပါတယ်"

လေရှူး စဉ်းစားကြည့်သည်။ သူ့ခိုးကို ဘဏ္ဍာတိုက်စောင့် ခန့်အပ်သည့်နည်းဆိုရင် ဆိုးတော့မဆိုး။

"တကယ်ပါ၊ မင်း ကိုယ့်ကို ခဏဖြစ်ဖြစ် ပေါင်းကြည့်လိုက်"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စကိုပြောတာ"

ရုပ်က စပ်ဖြဲဖြဲနဲ့ နှာခေါင်းပွတ်၍ ငုံ့လိုက်တော့ ပိုဆိုးသည်။ ဘယ်မှာ တည်တံ့တာ ရှိလို့လဲ။ လေရှူး မျက်စောင်းရှယ်လိုက်တုန်း ပြန်မော့လာ၏။ ချက်ချင်းပဲ ရုပ်က တည်တည်ကြည်ကြည် ရိုးသားဟန်တွေ ဖြစ်လျက် ....

"တစ်ခုတော့ရှိတယ်၊ ကိုယ့်ကို အထင်မကြီးတဲ့လူတွေထဲမှာ ဖေဖေလဲပါတယ်ဆိုတော့ ဒီအလုပ်ထဲမှာ ကိုယ့်ဘက်ဆွဲပြီးဖြေရှင်းမယ် ဆိုတာနဲ့ ရိုးရိုးသားသားလို့ ဖေဖေကထင်မှာမဟုတ်ဘူး"

"အဲဒီတော့ ဘာဖြစ်လဲ"

"အခြေအနေရ ကိုယ်လိုသလိုဆွဲပြောရရင် မင်းသည်းခံမှဖြစ်မယ်"

"ဒီမှာ လင်းအုပ်စီး ..."

"ပြော ..."

"အဖေတွေ၊ အမေတွေ လုပ်မနေနဲ့၊ ကျွန်မ တစ်ခုပဲတောင်းဆို ချင်တယ်"

"မရတော့ဘူးလေ၊ မင်း အခုတောင်းဆိုဖို့လာတဲ့ကိစ္စအတွက် ကိုယ်တို့ညှိနေကြတာပဲ၊ နောက်ထပ်တောင်းဆိုလာရင် နှစ်ခုဖြစ်နေပြီ"

လေရှူး သူ ကပ်ဖဲ့လုပ်နေတာကို စိတ်မရှည်တော့ပေ။

"ဒါဆိုလဲ တောင်းဆိုတာမဟုတ်ဘူးလို့ပဲ သဘောထားလိုက် တော့၊ ကျွန်မတို့က ဒုက္ခရောက်နေတဲ့သူဆိုတော့ ဒီအချိန်မှာ ခင်ဗျား သာတယ်၊ အခု မြေကိစ္စအတွက် ခင်ဗျားကို အလေးထားပြီး ဆွေးနွေး ချင်ပေမယ့် ကိုယ့်ကို မရိုးသားစွာကူညီမှာကို မလိုချင်ဘူး"

သူက ဂရုမစိုက်သည့်မဲ့ပြုံးနှင့် ကိုယ်တစောင်းလှည့်ရပ်လိုက်၏

"ပြောမှာပဲ၊ မရိုးသားတာ ဘာဖြစ်လဲ" ပြောနေသလိုမျိုးပုံစံနှ ပြုံးနေပြီးမှ ဖျတ်ခနဲ ပြန်ငဲ့ကြည့်ကာ ...





"ဘာလဲ ... ရိုးရိုးသားသားပါလို့ ညာစေချင်လို့လား၊ ကိုယ်အဲဒီ လိုပြောလဲ ညာတာမှန်း မင်းသိပါတယ်ကွာ၊ ဘာလုပ်နေမှာလဲ၊ အပို တွေ၊ ကိုယ့်ဘက်က ဘုန်းဘုန်းလဲနေအောင်ချစ်နေတော့ရော မင်း ဘာတတ်နိုင်မှာမို့လို့လဲ၊ ပိုးပန်းမယ်၊ လိုက်မယ်၊ အဲဒါက ယောကျ်ား လေးအလုပ်ပဲ၊ မင်းဘက်က မင်းကြိုက်သလို တုံ့ပြန်ခွင့်ရှိတယ်၊ ကိုယ် က ကတိပေးနိုင်တာတစ်ခုက မင်းကိုနောက်ထပ် အတင်းနမ်းဖို့ မကြိုးစားဘူး"

"ခင်ဗျား ... ခင်ဗျားနော် ..."

လေရှူး မျက်နှာလေး နီရဲသွား၏။ ထိုအဖြစ်ကို တမင်မေ့ထားခဲ့ ရတာဖြစ်သည်။ ကိုယ့်ကို တကယ်နမ်းမိသွားရင်တောင်မှ ဒီလောက် ရှက်မိမှာမဟုတ်၊ အရှက်ကြောင့် ကိုယ့်ကိုကိုယ် ဘာလုပ်ခဲ့မိမှန်းမသိဘဲ နောက်တော့မှ သွေးအေးလာလေ၊ ရှက်လေ။

"မင်းကို ကိုယ်ချစ်တယ်"

လေရှူး သူ့ကိုကျွေ့ရှောင်ပြီး တံခါးဆီသွားဖို့ ကြိုးစား၏။ အုပ်စီး က လိုက်ပိတ်ထား၍ ...

"ခဏလေး .."

"ခင်ဗျား ဖယ်နော်"

"အဲဒါက ပြောကိုပြောချင်လို့ ပြောလိုက်တာ၊ ရပြီ၊ လုံးဝထပ် မပြောဘူး၊ မင်းကို ကိုယ်ကူညီမယ်၊ မင်းပြန်ပေးရမှာ တစ်ခုပဲ"

သူ့ကို မော့ကြည့်လိုက်မိပြန်သည်။ မျက်နှာနှစ်ခုက သိပ်မနီးပေ ယ့် ဝေးတော့မဝေးပါ။ သူက လေရှူး ကို မျက်ခုံးနှစ်ဖက်တွန့်ပါလာတဲ့ အထိ စူးစိုက်ကြည့်လိုက်ပြီး ....

"ကိုယ့်ကို ဆက်ဆံရေးလေး နည်းနည်းပြင်ပေး"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၃)

"ကဲ ... အခု ဘာပြဿနာမှမရှိတော့ဘူးဆိုတော့ ..."

စကားများ၏ ရည်ရွယ်ချက်အတိုင်း ဦးစက်ရှင် မျက်လုံးတွေက ကျားလေးနှင့်လေရှူး ထံ ဝေ့သွား၏။ ဒေါ်သဇင် မျက်နှာပျက်သွားပေမယ့် ဘာမှမပြောဘဲ လက်ဖက်ရည်ကိုပဲ ငုံ့သောက်နေ၏။ ဦးစက်ရှင်က ကျန်းမာရေးကောင်းနေပြီမို့ မနက်လက်ဖက်ရည်ဝိုင်းမှာတောင် ထိပ်ဆုံးမှာ ထိုင်နိုင်နေပြီဖြစ်သည်။

အစကတော့ အအိပ်အစား မမှန်သေးသည်မို့ မနက်ပိုင်းတျူ အိပ်ရတာတွေရှိသည်။ မနက်လေးနာရီလောက်ကျမှ နှစ်နှစ်ခြိုက်ခြိုက် ပျော်သွားတော့ မနက်လက်ဖက်ရည်ဝိုင်းမှာ မပါနိုင်တာတွေဖြစ်ခဲ့သည်။ ဒီနေ့တော့ မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်ရွှင်လန်းလျက် ပြောမည့်စကားအပေါ်မှာ အတော်လေး နှစ်ထောင်းအားရဖြစ်နေပုံ လည်းရှိ၏။

"မောင်မင်းညိုနဲ့ သမီးတို့က သားရှင်၊ ငါက သမီးရှင်ပေါ့၊ ဟား ... ကလေးတွေကို လက်ထပ်ပေးလိုက်မယ်ဆိုရင် မင်းတို့ ပြောစရာရှိသေးလား"





ဦးမင်းညို လက်ဖက်ရည်ကို လက်စသတ်လိုက်ပြီး ဟန်ပန်ကို ပြန်ချသည်။ မျက်ဝန်းတွေက ဘေးမှာကပ်လျက်ရှိနေသည့် ဇနီးသည် ထံ လှမ်းကြည့်လိုက်ပြီးဖြစ်၏။ ဒေါ်သဇင်က အမူအရာမပျက်ပါ။ သူ့ဘက်သို့ မျက်ဝန်းတစ်ချက်ပဲ ထောင့်ကပ်ကြည့်လိုက်ကာ ဦးစက်ရှင်ကိုပဲ တလေးတစား ခေါင်းညိတ်ပြ၏။

"အဖေ သင့်တော်မယ်ထင်ရင် စီစဉ်ပါ၊ သမီးတို့က ဘာမှပြောစရာ မရှိပါဘူး"

"အေး ... အေး .."

ဦးစက်ရှင် ကြားချင်တာ ဒါပဲဖြစ်သည်။ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်နေတာ မပြီးနိုင်။ ဒေါ်သဇင့်အကြည့်တွေက လေရှူး ထံ ရူးခနဲ ဝေ့သည်။ သိပ်ပျော်သွားလား ဆိုတာ ရူးစမ်းလိုက်ခြင်းဖြစ်သည်။ လေရှူး မျက်နှာမှာ ရွှင်မြူးနေဟန်တော့ မရှိပါ။

ဟန်ဆောင်ဖုံးဖိနေတာလား၊ တကယ်လား။ သူမကိုယ်တိုင်သာ သိလိမ့်မည်။ ကိုယ့်အတွက်ကတော့ မြေးအစစ်နဲ့ပဲဖြစ်ဖြစ်၊ အတုပဲဖြစ်ဖြစ် ယောကျ်ားလေးရှင်မို့ မစာမနာပြောရမည်ဆိုလျှင် ပြဿနာသိပ် မရှိပေ။

အမွေကိစ္စဆိုတာလည်း အစကတည်းက ခုချိန်ထိ နောက်နောင် အခါတိုင် လက်လွှတ်ဆုံးရှုံးသွားရဖို့လမ်းလည်း မရှိတာသေချာသည်။ အကယ်၍ အမွေတွေကို မရခဲ့လျှင်တောင်မှ ကျားလေးက ပညာတတ်သည်။ အစွမ်းအစရှိသည်။ တစ်ဆုပ်တစ်ခဲပဲ ကိုင်မိပါစေ၊ တစ်ပြန့် တစ်ပြော ပွားများအောင် စွမ်းဆောင်နိုင်သည့်အရည်အချင်းတွေ ရှိ၏။

ဒီပညာတွေတတ်အောင်၊ ဒီလိုအဆင့်အတန်းမြင့်မားလာအောင်



www.burmeseclassic.com

www.burmeseclassic.com



မြေတောင်မြှောက်ပေးခဲ့သည့် ကျေးဇူးရှင်ကြီးဟာ အဖေပဲဖြစ်သည်။ ထို့ကြောင့် ဘယ်လိုပဲ အဖေ ဆုံးဖြတ်ပါစေ၊ သူမတို့အတွက် နာခံကြဖို့သာရှိသည်။

ဦးမင်းညိုသည် ဇနီးဖြစ်သူ နာခံလိုက်တာကို ကြားလိုက်ရသဖြင့် ကျေးဇူးလည်းတင်သည်၊ လေးစားအထင်ကြီးစိတ်တို့လည်း ဖြစ်ခဲ့၏။ နေရာအတော်များများမှာ ဦးလေးအပေါ် သက်ညှာခဲ့တာတွေကို သူ သတိထားမိသည်။

အစက 'အဖေ' လို့ခေါ်ခဲ့တာတောင် အားကိုးစိတ်နဲ့ခေါ်တာပဲလို့ သူ ထင်ခဲ့သည်။ တကယ် အဖေလို လေးစားချစ်ခင်၍ 'အဖေ' လို့ခေါ်ခဲ့တာမှန်း ကြာလာလေ သိသာလေပင်။ သူ ပြုံးပြုံးရယ်ရယ်နဲ့ပဲ ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်ပါတယ် ဦးလေးစိတ်ချမ်းသာဖို့က အဓိကပါ"

ဟု ထပ်၍ အတည်ပြုပေးလိုက်မိ၏။ သို့သော် ...

"ဘိုးဘိုး"

လေရှူး က ဟန်တပြင်ပြင်ဖြစ်နေရာကနေ မရဲတရဲလှမ်းတား၏။

"ဘာလဲ မြေး၊ ဘာပြောစရာရှိလို့လဲ"

"ဟိုလေ ... လေရှူး လက်မထပ်ချင်သေးပါဘူး ဘိုးဘိုးရယ်"

"ဘာဖြစ်လို့လဲ မြေးရဲ့၊ မြေးမှာ ချစ်သူရှိလို့လား၊ ပြော ..."

လေရှူး ခေါင်းခါမလို့ ပြင်လိုက်ပြီးမှ သတိရကာ ...

"ရှိတယ်ဆိုရင် ဘိုးဘိုးက သူနဲ့လက်ထပ်ဖို့ကို ဖျက်ပေးမှာလား"

"အဲဒါကတော့ စိတ်ပင်ပန်းကြီးစွာ စဉ်းစားရတော့မှာပေါ့ မြေးရယ်"

ဦးစက်ရှင် မျက်နှာ ချက်ချင်းညှိုးရော်သွား၏။ ဦးမင်းညိုရယ်၊ ဒေါ်သစ္စင်ရယ်၊ လေရှူး တို့၏ မျက်ဝန်းသုံးစုံ ဆုံစည်းသွားကြ၏။

"မြေးက ချစ်သူရှိခဲ့တယ်ပေါ့"





"မ ... မရှိပါဘူး ဘိုးဘိုး၊ ဒါပေမယ့်လေ ... လေရှူး ဒီလိုပဲ လွတ်လွတ်လပ်လပ် နေချင်သေးလို့ပါ၊ ပြီးတော့ သူငယ်ချင်းနဲ့လုပ်ထားတဲ့ အလုပ်ကလ တန်းလန်းကြီးနဲ့"

ဦးစက်ရှင်မျက်လုံးတွေမှာ စိတ်ဝင်တစားဖြစ်သွား၏။

"မြေးက ဘာတွေလုပ်နေလို့လဲ"

"ဟို ... ခုခေတ်မိန်းကလေးတွေကြိုက်မယ့် ဖန်စီပစ္စည်းတွေ လုပ်တာပါ၊ ဖန်စီရှော့ပ်ထောင်ဖို့က အားလုံးပြီးနေပြီ ဘိုးဘိုးရဲ့"

"ဖြစ်ရလေကွယ်၊ မြေးအတွက် ဘိုးဘိုးမှာ ဒီလောက်တစ်ပုံတစ်ပင်ကြီးရှိနေရက်နဲ့ ဘာစီးပွားတွေ ခွဲနေရတာလဲ၊ မြေး ခဏခဏအပြင် ထွက်နေတာ အဲဒါလား"

"ဟုတ် ..."

လေရှူး က အပြစ်ပြုမိသူတစ်ယောက်လို မျက်လွှာလေးချ၍ ခေါင်းညိတ်သည်။ ကျားလေးလည်း ဒါကို သေချာတော့ သိမထားနဲ့ ဲ လက်ဖက်ရည်တစ်ဝက်ကျန်သေးတာကို မသောက်ဖြစ်တော့ဘဲ လေရှူး ဘက်ကိုလည်း မကြည့်ဘဲနှင့် နားစွင့်ထားမိ၏။

"ခက်တော့တာပဲ မြေးရယ်၊ မြေးကို ဘိုးဘိုးမျက်စိအောက်က အပျောက်မခံနိုင်လို့ ပညာရေး ဘာညာကိစ္စတွေတောင် မမေးခဲ့ဘူး၊ ဘိုးဘိုးက သေခါနီးပြီ၊ ဘိုးဘိုးမသေခင် စိတ်ချမ်းသာချင်တယ်ကွယ်၊ မြေးအတွက် ဆယ်သက်မက ထိုင်စားသွားလို့ရအောင် ဘိုးဘိုးမှာ လုပ်ငန်းတွေ၊ အမွေပစ္စည်းတွေ အများကြီးပဲ၊ ပြီးတော့ ဟောဒီမှာ လူလေးရှိတယ်၊ ဒါတွေ တိုးပွားနေတာ သူ့ခွန်အားတွေလဲပါတယ်"

ဦးစက်ရှင်က ကျားလေးကို လက်ဖဝါးလိုက် ထိုးညွှန်ပြသည်။

"ဒီလုပ်ငန်းတွေကို လူလေးက ဦးစီးနိုင်တယ်၊ ကျွမ်းကျင်နိုင်နင်းတယ်၊ မြေးက ဘာပူစရာလိုလို့လဲ၊ ချစ်သူလဲမရှိဘူးဆိုတော့ မငြင်းသင့်



www.burmeseclassic.com

ဘူးလို့ ဘိုးဘိုးထင်တယ်"

"ဘိုးဘိုးကလဲ၊ လေရှုး လဲ ကိုယ်တတ်တဲ့ပညာလေးနဲ့ ကြိုးစားထားတဲ့အလုပ်ကို အောင်မြင်တဲ့အထိ လုပ်ကြည့်ချင်တာပေါ့၊ ပြီးတော့ ..."

လေရှူး မျက်လုံးတွေက ကျားလေးဘက်ကို စူးစူးရဲရဲ တမင်ပြူးပြလှည့်ကြည့်၏။ "ရှင်ကြီးက ဘာထိုင်လုပ်နေတာလဲ" ဟု ဆောင့်တွန်းမေးလိုက်သလို ပြင်းထန်သည့် မျက်လုံးတွေဖြစ်သည်။ ပြီးတော့ မျက်တောင်တစ်ခတ်မှာ ရိုသေကျိုးနွံ၍ အလွန်သိမ်မွေ့သော မိန်းကလေးတစ်ယောက်လို ပြောင်းလဲသွားပြီး ဘိုးအေဖြစ်သူထံ ပြန်လှည့်၏။

မျက်လွှာချလိုက်တဲ့အထိ စိုက်ကြည့်နေသည့် ကျားလေး နှုတ်ခမ်းတွေ လွန့်ခနဲ မဲ့သွားသည်။ တတ်လည်းတတ်နိုင်ပဲ့။

"သူ့ကိုလဲ မေးကြည့်ပါဦး ဘိုးဘိုးရယ်၊ ဒီအရွယ်ကျမှ အမြီး ...အဲ"

တမင်ပြောလိုက်တာကို ယောင်သလိုလုပ်၍ ပါးစပ်ပိတ်သည်။

"ဟို ... သူ့မှာလဲ ချစ်သူတွေဘာတွေရှိမှာပေါ့၊ မေးလဲကြည့်ပါဦး"

ဦးစက်ရှင် မျက်လုံးတွေ ကျားလေးထံရောက်သွားသည်။ ကျားလေး ကိုယ်ကိုမတ်လိုက်ပြီး ရုတ်တရက် ဘာပြောရမှန်းမသိ။

"ဟုတ်တယ်၊ လူလေးကို ဘိုးဘိုးက ဒီလိုမထင်ခဲ့တော့ မေးဖို့မေ့နေတာ၊ လူလေးမှာ ချစ်သူတွေ ထားတာများ ရှိသလား၊ ဖြစ်စေချင်တာက ဘိုးဘိုးရဲ့ဆန္ဒပါ၊ မင်းတို့တွေရဲ့ဆန္ဒမပါဘဲနဲ့ ဖွတ်လုပ်ပစ်လိုက်တာမျိုးတော့ မလုပ်ချင်ပါဘူး"

"မရှိပါဘူး ဘိုးဘိုး"

လေရှူး က ဘေးတိုက်မော့ကြည့်၏။ ကျားလေးက မျက်စောင်းထိုးသလို မျက်တောင်တွေစင်း၍ စောင်းကြည့်သည်။ နှစ်ယောက်စလုံးကို လူကြီးတွေက အကဲခတ်နေကြလေသည်။

"ဒါဆိုရင် ..."





"နေပါဦး ဘိုးဘိုးရဲ့၊ ဟို ... ဘိုးဘိုးကိုလဲ စိတ်မဆင်းရဲစေချင်ပါဘူး၊ လက်ထပ်ကြမယ်ဆိုရင်တောင် ချက်ချင်းတော့ မဟုတ်ဘူးလေ၊ တစ်နှစ်လောက် ..."

"ဝေးလှချည်လား မြေးရဲ့၊ ဘိုးဘိုး အဲဒီလောက် အသက်ရှည်မယ်လို့ မြေးက ထင်လို့လား"

"ဘိုးဘိုးကလဲ၊ ဘိုးဘိုးကျန်းမာရေးကို လေရှူး ဂရုစိုက်မှာပါ"

ဦးစက်ရှင်က ခေါင်းခါနေသည်။ ပြီးတော့ တစ်ထစ်ချဆုံးဖြတ်လိုက်ဟန်နှင့် ဦးမင်းညိုကို လှမ်းကြည့်ကာ ...

"ကလေးတွေကိစ္စကို သူ့အဖေနဲ့ဆွေးနွေးချင်တယ် မောင်မင်းညို၊ ငါ့ကို ခေါ်ပေးစမ်း"

"ဘိုးဘိုး .. အဖေ ဒီရက်ပိုင်းမှာရှိမှာမဟုတ်ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"တကယ်ပြောတာပါ၊ အဖေက ခါတိုင်းလဲ အိမ်မကပ်တာများတယ်၊ တစ်နှစ်ကများရင်လဲ ခြောက် ... ခြောက်လလောက် ..."

"မောင်မင်းညို"

"ဗျာ ..."

"ဖုန်းဆက်ကြည့်စမ်း"

ဦးစက်ရှင် မဖြစ်မနေ လက်ထပ်ပေးတော့ဖို့ ဆုံးဖြတ်ပြီးဖြစ်၏။ ဦးပေသီးအတွက် တိုက်၊ ကား၊ တယ်လီဖုန်းကအစ အားလုံးပြည့်စုံစွာထားပေးခဲ့တာမို့ ဖုန်းဆက်ခိုင်းတော့ ဦးမင်းညို ထဆက်ရ၏။

"မရှိဘူးတဲ့ ဦးလေး"

တကယ်မရှိတာကို ယုံကြည်သွားမှ ဦးစက်ရှင်က ပင့်သက်ရှိုက်၏။ ထို့နောက် လေရှူးနဲ့ကျားလေးတို့ကို ငြိုငုံကြည့်ကာ ...

"သုံးလအချိန်ပေးမယ်၊ ရှေ့အပတ်ထဲမှာ စေ့စပ်ထားလိုက်တာ

www.burmeseclassic.com



ပေါ့၊ သုံးလပြည့်တာနဲ့ လက်ထပ်ရမယ်၊ လူလေးတို့က ရုပ်ရည်ရှိတယ်၊ အရွယ်ရှိတယ်၊ တခြားတစ်ယောက်ယောက်တွေနဲ့ ဒီကြားထဲမှာ ငြိတွယ်မသွားဘူးလို့ မပြောနိုင်ဘူး၊ အဲဒါကြောင့် စေ့စပ်ထားမှာ၊ ဘိုးဘိုးက ချုပ်ကိုင်တာမဟုတ်ဘူးနော်၊ ဒီလိုပဲဖြစ်သင့်နေတာကို အချိန်မဆွဲချင်တော့တာ"

အားလုံး ငြိမ်သက်သွားကြ၏။ ဒီကာလတွေမှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတာ မသိကြ။

"ကဲ ... မြေးတို့နှစ်ယောက် လက်ထပ်လက်စွပ် သွားဝယ်ကြ၊ ဘိုးဘိုးမှာ ပစ္စည်းတွေအများကြီးရှိတယ်၊ ဒါပေမယ့် ခေတ်သဘာဝက အထိမ်းအမှတ်ကလေးတွေ ရှိကြတာကိုး၊ သွားဝယ်ကြပါ"





BURMESE CLASSIC

အခန်း (၄၄)

နာရီတကြည့်ကြည့်နှင့် သူဖြစ်နေတာကို လေရှူး သိသည်။ တမင်ဂရုမစိုက်ဘဲနေလိုက်တာဖြစ်၏။

"အစ်မ ... ဒီလက်ပတ်လေး ခဏပြပါ"

"ဒါလေးလား"

"မဟုတ်ဘူး ... နောက်က၊ မဟုတ်ဘူး၊ အဲဒီနောက်က ... ဟိုမှာ ... အဲဒါ"

ရှိုးကေ့စ်တစ်ခုလုံးကိုလိုက်ပြီး လက်ညှိုးထိုးနေတာ မပြီးနိုင်။ လက်စွပ်ဝယ်ဖို့ဆိုပြီး ဖန်စီဆိုင်ရှေ့က မခွာ။

"ဟိတ် ... မင်း ဒီလက်လှည့်စမ်း"

"ဘာလဲ"

လက်မောင်းကို ပိတ်ရိုက်လိုက်သဖြင့် ဆလင်းဘက်ခ်မှာ လက်မနှင့်ချိတ်ထားသည့်လက်က ပြုတ်ကျသွား၏။ ဈေးသည်ရှေ့မှာ ပြုံးနေသည့်နှုတ်ခမ်းက သူမျက်နှာဆီသို့ စူထော်ထွက်လာ၏။

"မင်းကို ငါ ဖန်စီလိုက်ကြည့်ဖို့ ခေါ်လာတာမဟုတ်ဘူး"

"သိတယ်"

"သိနေလို့မရဘူး၊ ဒီမှာ အချိန်တွေ ဘယ်လောက်ကုန်နေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်လေးနှစ်ကွင်းဝယ်ဖို့ကို သွားမယ်ဆိုတော့ ပလာဇာ၊ တခြားဝယ်ခြမ်းချင်တာ ရှိလို့ပဲလို့ ဖော့တွေးပြီး လိုက်လာပေးခဲ့သည်။ ဘာမှလည်းဝယ်တာမဟုတ်ဘဲ ဖန်စီဆိုင်တွေမှာ တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်ကြည့်ပြီး ကိုင်ပြီးပြန်ချ၊ ဘာလုပ်တာလဲ။

နောက်ထပ်ပြန်လှည့်ပြီး လက်ညှိုးထိုးဖို့ပြင်တော့ အဲဒီလက်ကို ကျားလေး ဖမ်းဆွဲပစ်လိုက်သည်။

"ရပြီ အစ်မ၊ သူ ကြိုက်မှာမဟုတ်ဘူး"

"ခင်ဗျား ဘာလုပ်တာလဲ"

"ဘာလုပ်လုပ်၊ ငြိမ်ငြိမ်နေ"

လေရှူး လက်ကို သူ လွတ်ထွက်မသွားအောင် သေချာဖိဆုပ်ထားပြီး ဆွဲခေါ်လာခဲ့သည်။ လမ်းကျယ်သည့်ထောင့်တစ်ခုမှာ လေရှူးက မရမက ဆောင့်ရုန်းပစ်သည်။

"ခင်ဗျား ဘာလူပါးဝတာလဲ၊ ကျွန်မက အပျော်လိုက်ကြည့်နေတာမဟုတ်ဘူး၊ ဒါ စီးပွားရေး"

"စီးပွားရေးဖြစ်ဖြစ်၊ ကမ္ဘာ့အရေးဖြစ်ဖြစ် မလိုချင်ဘူး၊ အခုလာတဲ့ကိစ္စကို အရင်လုပ်ရမယ်၊ ဒီမှာ ကြိုက်တာရွေး"

ရွှေဆိုင်ရှေ့မှာ ဆွဲရပ်ပေးလိုက်တော့ လေရှူး စူပုပ်ပုပ် ဂျစ်ကန်ကန်နဲ့ ပစ္စည်းတွေဆီ ဝေ့ကြည့်သည်။

"မကြိုက်ဘူး"

"ပြီးရော"

"အား ..."

လက်ကိုပဲပြန်ဆွဲ၍ နောက်တစ်ဆိုင်သွားသည်။ လက်ကိုရုန်းတော့ နာသွားသဖြင့် လေရှူး အံကြိတ်၏။

"လုံးဝမကြိုက်ဘူး"

ကောင်တာထိုင်သည့်မိန်းကလေးတွေအားလုံးပဲ သူတို့ကို ဝိုင်း





ကြည့်နေကြသည်။ ကျားလေး မျက်နှာ နီရဲနေပြီဖြစ်၏။ တော်ရာကို ဆွဲခေါ်သွားခဲ့ပြီး မျက်နှာချင်းဆိုင်ရပ်လျက် ကျားလေးက ခါးထောက် ... ဆွဲကိုင်လွှင့်ပစ်ချင်အောင် ဒေါသဖြစ်နေသည့်မျက်လုံးများနှင့် စီးမိုးကြည့်ကာ ...

"ဘာကြိုက်သလဲ ပြော၊ ဘာလိုချင်တာလဲ"

"ဘာမှမကြိုက်ဘူး၊ ပလက်တီနမ်နဲ့ကွင်းတဲ့ စိန်ကို လိုချင်တယ်၊ ...တီ စိန်နန်းတော်' ကို သွားမယ်"

"ဘာ ..."

"မပို့နိုင်ရင် ပြန်မယ်၊ စကားမများနဲ့၊ ဘိုးဘိုးကမေးရင် လေရှူး ...ချင်တာ သူက ဝယ်မပေးဘူးလို့ ပြောလိုက်ရုံပဲ"

လေရှူး က မိုက်ကြည့်ကြည့်ပြီး မဲ့သည်။ ပြီးတော့ ဆတ်ခနဲ ...ည့်ထွက်လာခဲ့၏။ ဘေးမှာ ကျားလေး ခြေလှမ်းကျဲများနှင့် လျှောက် ...လာသည်။

"ကောင်းပြီ၊ မင်းလိုချင်တာ ယူ၊ ဒါပေမယ့် ငါ့မှာ အဲဒီလောက် ...ဆံမပါဘူး၊ စက်ရုံကို လိုက်ခဲ့"

"ဘာလို့လိုက်ရမှာလဲ"

"စိန်တိုက်ကို ပိုက်ဆံမပါဘဲ သွားလို့ရမလား"

လေရှူး က ပခုံးနှစ်ဖက်ပါအောင် မဲ့ပစ်လိုက်၏။

"ရှင်က စက်ရုံမှာ ပိုက်ဆံတွေထားတယ်ပေါ့"

"အံမာ ..."

ကျားလေး မျက်နှာ ပုပ်သိုးညိုမှောင်သွားလေသည်။ ဘေးလူ ...ကိုလည်း ဂရုစိုက်မနေနိုင်တော့ဘဲ လေရှူး လက်မောင်းကို ဆောင့် ...ဲလိုက်သည်။

"မင်းမျက်နှာက ဘာလဲ၊ လူကို ဘာကောင်အောက်မေ့နေလဲဟင်"

"အ ..."



www.burmeseclassic.com

www.burmeseclassic.com



လေရှူး သူ့လက်ပေါ်က ထပ်အုပ်ကိုင်ပြီး အတင်းပြန်ဆွဲခွာ၏။

"ဒီမှာ နာနေပြီနော်၊ လူကိုဆွဲလား၊ ရမ်းလားနဲ့ သည်းခံနေတာကို လူပါးမဝနဲ့ သိလား"

"ဆွဲချင်လွန်းလို့ ဆွဲနေတာမဟုတ်ဘူး၊ ခင်ဗျားကို လှည့်ပတ်ညာ ဝါးပြီးခေါ်ဖို့ စိတ်ကို မဝင်စားဘူး၊ ဟွန်း ... မာန်တက်မနေနဲ့"

ကားထဲထိ သူပဲ တွန်းထိုးထည့်ပြီး တံခါးကို ဆောင့်ပိတ်၏။ ဒီလူနဲ့ကျမှ ထစ်ခနဲရှိ ခြေပါလက်ပါလုပ်ပစ်လိုက်ချင်သည့်အကျင့်တွေ ဘယ်ရောက်ကုန်မှန်းမသိ၊ ကြောက်လို့ငြိမ်နေတာမဟုတ်ဘဲ တုံ့ပြန်ဖို့ ကိုပဲ စိတ်က မဖြစ်တာပင်။ သို့သော် ပေါက်ကွဲခွင့်မရသည့်ဒေါသတွေ က ရင်ဘတ်လှလှလေးကို မောက်ကြွရှန်းထနေစေကာ လေရှူး အသက်ရှူတွေ ပြင်းနေ၏။

သူက လေရှူးကို နည်းနည်းမှငဲ့မကြည့်ဘဲ တစ်ခွန်းမှလည်း စကားမဆို။ သူ ကားရပ်လိုက်သည်နှင့် စက်ရုံဝင်းတခါးချပ်ကြီးက ဘေးတိုက်ရွှေ့လျားပွင့်သွား၏။

အထဲမှာ အဆောက်အဦအမြင့်ကြီးတွေပဲ အဆောင်ဆောင် အခန်းခန်းနှင့် လေရှူး ထင်ထားသလို ဝပ်ရှော့ရုံတစ်ရုံ၏ မြင်ကွင်းမျိုး မဟုတ်။

အဆောက်အဦတစ်ခုရှေ့မှာ ကားကြီးတစ်စီးရှိ၏။ လက်ဝဲဘက် ကွင်းကျယ်ကြီးထဲမှာ ကားကြီးသုံးစီးရှိသည်။

ကျားလေးက ကားကို ရှေ့အဆောက်အဦကိုပတ်၍ မောင်းဝ သွားသည်။ အတွင်းကျမှ စက်ရုံနှင့်တူသော မြင်ကွင်းမျိုးကို တွေ့၏ ဒီမှာ ရပ်နိုး၊ ဟိုမှာရပ်နိုးနှင့် ကားက မရပ်နိုင်သဖြင့် လေရှူး သူ မှန်ထဲကနေ ကြည့်လိုက်မိသည်။ ဒီနေ့ ဆင်းရမယ့်နေရာ ရောက် မှာလား။

ရှေ့ကိုပြန်ကြည့်လိုက်တော့ ကမ်းပါးစောက်လို နောက်မှာ ဘာ





မရှိတော့ဘဲ သစ်ပင်ကြီးတွေ ဝန်းရံနေသည့် အစိမ်းရောင်နှစ်ထပ်တိုက် လေးပဲရှိတော့၏။

ထိုရှေ့မှာ ကားရပ်သွားသည်။

"ကဲ ... ဆင်း ..."

နေရာလေးက တိတ်ဆိတ်အေးချမ်းနေသည်။ တိုက်ကလေးက လည်း အစိမ်းပုပ်ပုပ် မှန်ချပ်တွေနှင့် အစိမ်းတွေရောကာ တော်တော် လှပါသည်။

ဒါပေမယ့် လေရှူး ကားပေါ်က ဆင်းလိုက်ပြီး နှာခေါင်းရှုံ့သည်။ ဒီလိုတိတ်ဆိတ်အေးချမ်းပြီး ချောင်ကျကျ အဆောက်အဦသေးသေး လေးထဲမှာ သိန်းပေါင်းများစွာ ထားသည်တဲ့လား။

ညည်းခံရပြီ လေရှူး၊ အဲဒါ ညည်းလက်နှေးလို့လား"

ကိုယ့်ကိုကိုယ်ပဲ အပြစ်ဖို့၍ မဲ့ပြုံးလေးတော့ ဖြစ်နိုင်ခဲ့သေးသည်။

ရှင်က ဒီလိုလား ...။

"ဟာ ... ဆရာ လာတာနဲ့အတော်ပဲ"

"ကိုမင်းရေ၊ ဒီမှာ ရှော့ရှိနေတယ်ကွ"

တစ်ယောက်က နက်ပြာရောင်ဝတ်စုံနှင့် တစ်ယောက်က အရပ် ဝတ်နဲ့ပဲဖြစ်ကာ ရှေ့က အဆောက်အဦနောက်ပေါက်ထဲကနေ ပြေး လာနေကြသည်။ ကျားလေးက တံခါးသော့ဖွင့်နေရင်း နောက်လှည့် ကြည့်၍ ...

"ဘာဖြစ်လို့လဲ"

"ဆေးမှုတ်တဲ့ကောင် ဖရိုဖရဲလုပ်လိုက်တာ၊ ဝင်းမောင် မျက်နှာ ကို ထိသွားတယ်"

မန်နေဂျာက စိတ်ပျက်သည့်အသံနှင့်ပြောပြီး ခေါင်းလည်းခါသည်။

"ဒီကောင်က သူ့မိန်းမ ကလေးမွေးနေတဲ့ဆီ စိတ်ရောက်ပြီး မဟုတ်တာလေးကို ယောင်မှားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... သူမိန်းမ ကလေးမွေးနေတာကို ခင်ဗျားတို့က ပြန်မလွှတ်ဘူးလား"

ကျားလေး မျက်နှာကြီးပျက်နေတော့ မန်နေဂျာ ပျာပျာသလဲ ဖြေရှင်း၏။

"ပြန်လွှတ်ပါတယ်၊ ညကလဲ သူပြောလို့ ပြန်ဖို့ပြောသေးတယ်၊ ဒါပေမယ့် သူက ငွေထပ်လိုချင်နေတာ"

"ဟား ..."

ကျားလေး ဆတ်ခနဲ ခေါင်းခါပစ်လိုက်ပြီး ခါးထောက်၏။

"ငွေလိုချင်ရင် ထိုက်သင့်တဲ့အတိုင်း ထုတ်ပေးလိုက်ပေါ့"

"မဟုတ်ဘူး ကိုမင်း၊ သူထုတ်ထားတာတွေ များနေပြီ"

"အဲဒါပဲ၊ ခင်ဗျားတို့ အဲဒါတွေ အတွက်မရှိတာ"

ကားသော့ကို ကုတ်အင်္ကျီထဲ ထည့်ပစ်လိုက်ပြီး ကျားလေး သူတို့ ရှေ့ကိုရောက်သွား၏။

"များနေတဲ့ပိုက်ဆံတွေက ဘာလုပ်ဖို့ထုတ်ပေးနေတာလဲ၊ တကယ် ထုတ်ပေးရမယ့်အရေးပေါ် လာတော့ တလွဲတွေဖြစ်ကုန်ရော၊ ဘယ်မှာလဲ ဝင်းမောင်"

"ဆေးရုံပို့လိုက်ပြီ"

"ကျွတ် ... အစီပွာယ်ကိုမရှိဘူး"

သူ ရှေ့ကို လှမ်းသွားပြီးမှ လေရူး ကို ပြန်ကြည့်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ ထွက်ခွာသွားလေသည်။

လေရူး တံခါးရှေ့ကိုလျှောက်သွားကာ အသာလေး ဆွဲဖွင့်လိုက်၏။





အခန်း (၄၅)

တစ်နေကုန်ရွာလိုက်သည့်မိုးက မိုးနှောင်းကျမှ စွတ်ကောင်းနေ၏။ တစ်ခါမှ မရောက်ဖူးသည့်နေရာမို့ အိပ်ရာရော၊ ဒရင်းဘက်ခ်ရော ရှိနေပေမယ့် ကျောချလို့လည်းမရ။ အပေါ်ထပ်ကိုလည်း တက်မကြည့်ရဲပေ။ အထဲဝင်လိုက်ကတည်းက ဒါ ကျားလေးရဲ့ နားနေဆောင်မှန်း သိလိုက်၏။

ရှေ့မှာ ဧည့်ခန်းရှိသည်။ မှန်နောက်ကာထားသည့်တည့်တည့်မှာ ခန်းရှိ၏။ ထိုထဲမှာ အလုပ်စားပွဲရှည်ကြီးနှင့် ကွန်ပျူတာနှစ်လုံး ရှိသည်။ ဘေးမှာ နံရံကပ်ဗီရိုကြီးတွေ၊ ဒီဘက်ခန်းတွေကိုကြည့်တော့ အရက်ဘားတစ်ခုနှင့် စားပွဲကြီးတစ်လုံးက စားသောက်ခန်းမှန်း သိသာ လျက် စားအိုးစားခွက်မရှိဘဲ နိုင်ငံခြားဖြစ်အရက်တွေ မျိုးစုံရှိနေသည်။ မြန်မာဘီယာဆိုသည့် ပုလင်းတွေလည်း ပါ၏။

ဧည့်သည်တွေဘာတွေလာရင် ဒီထဲမှာ ဧည့်ခံတာထင်တယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာပဲ တွေးယူလိုက်၏။ တစ်ဖက်ခန်းက အိပ်ခန်းဖြစ်သည်။ အထဲမှာ တော်တော်လှသည်။

ဟိုတစ်ဖက်နောက်မှာ ချောက်မြင့်ကြီးရှိနေပြီး အောက်မှာ ကား လမ်းကျယ်ကြီးဖြစ်၏။ နောက်တွဲကို ဝရန်တာလေးထုတ်ထားသဖြင့် အိပ်ခန်းက အဲကွန်းတပ်ဖို့မလိုဘဲ အေးစိမ့်စိမ့်လေးဖြစ်နေသည်။

နေရောင် ဘယ်ဘက်ကမှဝင်လို့မရအောင် သစ်ပင်ရိပ်တွေက အုံ့ဆိုင်းနေသဖြင့် အပန်းဖြေလို့အကောင်းဆုံးပဲဖြစ်နိုင်၏။ ထို့ကြောင့် 'ဒီနေ့ ကျားလေး စက်ရုံမှာ အိပ်မယ်တဲ့၊ ဖုန်းလာတယ်' ဟု လေးလေး တို့ပြောသံ ကြားဖူးခဲ့တာပင်။

"စက်ရုံကြီးထဲမှာ စက်ဆီတွေနဲ့ ပူပူလောင်လောင်ကြီး သူမို့ အိပ် တတ်တယ်" ဟု သူမ တွေးမိခဲ့ဖူးသည်။ သူက ဒီလို ဇိမ်ကျကျနေ တာကိုး။ ဒါဆို အပေါ်ထပ်မှာ ဘာတွေထားသလဲ။

ခဏပဲအတွေးဝင်လာပြီး ပျောက်ပစ်လိုက်သည်။ အိပ်ခန်းထဲမှာ လည်း ကြာကြာမနေဝံ့ဘဲ ပြန်ထွက်ခဲ့မိသည်။ မိုးက တစ်နာရီလောက် အကြာမှာ စဲ၍ ရွာချလာခဲ့၏။ နောက်ပိုင်းမှာ လုံးဝမတိတ်တော့ပေ။

အလုပ်သမား လူရွယ်နှစ်ယောက်လာပြီး မုန့်နဲ့လက်ဖက်ရည် လာပို့သွားသည်။ ဘာလုပ်ရမှာလဲ။ ထမင်းစားချိန်မို့ ထမင်းပို့ပေး မလားလို့တော့ မေးသည်။ အဲဒါလည်း မစားချင်ပါ။

စက်ရုံထဲမှာ ယောကျ်ားတွေချည်းရှိနေတာကို စိတ်ပျက်စွာတွေး မိရင်း လက်ဖက်ရည်ကိုပဲ မျိုချရသည်။ နောက်ပိုင်းမှာ တံခါးထပိတ် ထားလိုက်တော့ ဘယ်သူမှ မလာတော့ပေ။

မိုးတွေ တအားသည်းလာတော့ မျက်တောင်က စင်းလာသည်။ ဧည့်ခန်းဆိုဖာပေါ်မှာပဲ ခွေခွေခေါက်ခေါက် အိပ်ပစ်လိုက်မိသည်။ ပြ နိုးလာတော့ ညနေသုံးနာရီခွဲနေပြီ။





"တောက် ..."

အိပ်ချင်စိတ်က မပြေ။ ဗိုက်ကဆာတာနှင့် လေရှူး မတ်တတ် ထရပ်လိုက်သည်။ ဆလင်းဘက်ခ်ကို ဒီတိုင်းကိုင်၍ ပခုံးမှာမလွယ်ဘဲ တံခါးဆွဲဖွင့်လိုက်၏။ မိုးရေတွေ ဖျာခနဲပြေးဝင်လာသဖြင့် ပြန်ဆုတ် ပြီး တံခါးပြန်စေ့ထားလိုက်သည်။ မျက်လုံးထဲမှာ သတိထားလိုက်မိ တာက ဒီရှေ့မှာ သူ့ကားမရှိတော့တာဖြစ်၏။

ဘယ်တုန်းက လာယူသွားတာလဲ၊ သူ့ကားကို သူကိုယ်တိုင် လာ မောင်းသွားတာပဲဖြစ်မည်။ တကယ်ဆို ကြာဦးမှာဆိုလည်း ကြာမယ် လို့ ပြောသွားပါလား၊ လေရှူး ကိုပြန်ပို့ဖို့ အချိန်မရဘူးဆိုလည်း ပြော ပေါ့။ ခုတော့ ဒီထဲမှာ တစ်နေကုန် ငုတ်တုတ်မေ့ခဲ့ရသည်။

အထဲမှာ ပိုက်စိပ်တိုက်ရှာတော့ ယောကျ်ားဆောင်းထီးတစ်လက် တွေ့သည်။ အပြင်ကိုထွက်ပြီး တံခါးပြန်ပိတ်ဖို့တော့ သတိရသည်။ ဒါပေမယ့် သော့က သော့တံနဲ့ဖွင့်ရတာမျိုးမဟုတ်၊ သော့ကိုကိုင်ကြည့် ပြီးမှ နံပါတ်မသိသဖြင့် ဒီတိုင်းပဲထားလိုက်သည်။

နိုးပစေ၊ ကုန်ပစေ။ ဖြစ်ချင်တဲ့ပြဿနာဖြစ်။

ဗိုက်ကဆာတာနှင့် ဒေါသတွေပဲလိုမ့်ဖြစ်ကာ တံခါးကို ဆွဲတော့ စေ့ပစ်ခဲ့သည်။

"ဟာ .... ညီမ ..ညီမ၊ ခဏ .."

မျက်နှာစာအဆောက်အဦတွေကိုဖြတ်လာတော့ ကျားလေးကို နောက်က သတင်းလာပေးသည့်ထဲကတစ်ယောက် ထီးကို ကမန်းကတန်း ဖွင့်ပြီး ပြေးလိုက်လာသည်။

"ဘာလဲ"

"ညီမ ဘယ်ကိုလဲ၊ သူဌေးက မှာခဲ့ပါတယ်၊ လိုအပ်တာအားလုံး လုပ်ပေးလိုက်ပါတဲ့၊ ညီမ တံခါးပိတ်ထားလို့ ကောင်လေးတွေ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ ခေါ်တာလဲ မရလို့ပါ၊ အခု ဘာလုပ်မလို့လဲ"

"ပြန်မလို့"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့၊ သူဌေးပြန်လာမှာ၊ သေချာကို မှာခဲ့တာပါ"

မှာခဲ့ရအောင် ဒီက အထဲမှာ ပါမစ်ရမှ ဝင်တွေ့ခွင့်ရမယ့် အချုပ်သားလား၊ သူကိုယ်တိုင် ဝင်ပြောလို့မရဘူးလား။

ကားကိုတော့ ပြန်ယူချိန်ရပြီး လူကို ဒီတိုင်းထားသွားသည့်အဖြစ်အတွက် လေရှူး လုံးဝမကျေနပ်ပေ။

"မှာခဲ့ရုံမကလို့ မှတ်တိုင်ထူပြီးတော့ပဲ ထားခဲ့ ထားခဲ့၊ မစောင့်နိုင်ဘူး၊ ဟိုမှာ တံခါးမပိတ်ခဲ့ဘူး"

"ဒါ ... ဒါဆို သူဌေးဆီ ဖုန်းဆက်မလား၊ ဖုန်းဆက်လိုက်ပါလား ဟင်"

"မဆက်ဘူး၊ မလိုဘူး၊ ရှေ့ကဖယ်စမ်းပါ"

ခြေကားရား၊ လက်ကားရား ဖြစ်ကျန်ခဲ့သူကို မျက်စောင်းထိုးလိုက်မိသေးသည်။

လမ်းပေါ်ပြန်ရောက်လာတော့ မိုးကတော့ အားပျော့သွားပြီဖြစ်ကာ လေက ကြမ်းနေ၏။ ဘယ်ကိုကြည့်ကြည့် ကားလာတာလည်း မမြင်၊ ထို့ကြောင့် ဒီတိုင်းပဲ လျှောက်လာခဲ့၏။

လမ်းကွေ့တစ်ခုမှာ ခရီးဆောင်အိတ်အကြီးကြီးထမ်းထားသည့် လူတစ်ယောက်က သူ့အိတ်ကြီးနဲ့တိုက်သွားသဖြင့် လေရှူး လူလည်း ယိုင်သွားသည်။ ထီးကို ဆုပ်ကိုင်ထားသည့်လက်က လျှော့ရဲသွားသဖြင့် ထီးက လေနောက်ပါသွား၏။

"အယ် ..."

သတိလက်လွတ်နှင့် ပလက်ဖောင်းပေါ်က ပြေးဆင်းကာ ထီးကို





လိုက်ဖမ်းဖို့ ကြိုးစားမိသည်။

"ကျွီ ...."

"အား ..."

အုပ်စီး ကားကို အချိန်မီဘရိတ်အုပ်လိုက်ရသည်။ သို့သော် လေရှူး ကလန့်ပြီး ကမန်းကတန်း ရှောင်လိုက်သောကြောင့် ဗွက်အိုင်ထဲသို့ ဖင်ထိုင်လဲကျသွားလေသည်။

"လေရှူး ..."

သူ မိုးရေထဲပြေးထွက်ကာ လေရှူး ကိုတွဲထူဖို့ ကြိုးစား၏။ လေရှူး က အံကြိတ်၍ မော့ကြည့်သည်။ လက်ကိုလည်း ပုတ်ချပစ်၍ သူ့မဘာသာ ထရပ်၏။

"ဘာမှမဖြစ်ဘူး ... ဖယ်"

မိုးက မသည်းသော်လည်း နှစ်ယောက်စလုံးကို စိုရွှဲသွားစေပြီဖြစ်သည်။ စပို့ရှပ်အဖြူနှင့် ကော်ဖီရောင်ဘောင်းဘီရှည်ကို စတိုင်လ်ကျကျ ဝတ်ထားသည့် အုပ်စီး မှာ ရေစိုနေပြီဖြစ်သည့် ဆံပင်တွေကို မျက်နှာလည်းမော့၊ လက်နဲ့လည်း သပ်ခါပစ်ရင်း ...

"ဆောရီးကွာ၊ မင်းနဲ့ အရှမ်းကိုပြေလည်ချင်ကာမှ မတည့်ဖို့ချည်းပဲ ဖြစ်နေတယ်၊ တကယ်ပါ၊ ဆောရီး ... လုံးဝတောင်းပန်ပါတယ်၊ စိတ်မဆိုးနဲ့နော်၊ အင်္ကျီ၊ စကတ်တွေ ကိုယ်အစားပြန်ဝယ်ပေးမယ်၊ လာပါ၊ ကားပေါ်တက်"

"ခင်ဗျား ..."

ပြောမလို့ပြင်ပြီးမှ မပြောဖြစ်။ အောက်ဘက်ပိုင်းက မြင်မကောင်းအောင် ဖြစ်နေပြီမို့ ...

"ညီမ ... ရော့၊ ဒီမှာ ထီး ..."

လက်ထဲကို ထီး ဘယ်သူလာထည့်သွားမှန်းမသိ၊ ဒေါသက



www.burmeseclassic.com

www.burmeseclassic.com



အုပ်စီး အပေါ်မှာ လုံးလုံးရောက်နေပြီဖြစ်၏။

"လာပါကွာ၊ ဘယ်လိုသဘောနဲ့မှမဟုတ်ပါဘူး၊ မင်း ဒီတိုင်းပြန်လို့မှ မဖြစ်တော့တာ"

သူ တံခါးဖွင့်ပေးထားသည့် ကားထဲကို ဆောင့်အောင့်ဝင်ထိုင်တော့ အုပ်စီး တစ်ဖက်ကနေ ပြေးသွားပြီး ဝင်သည်။ ကားစက်နှိုးရင်း ငုံ့ကြည့်တော့ လေရှူး ခေါင်းမှာ ရေတွေစိုရွှဲလျက် နှစ်ဖက်ခွဲစည်းထားသည့်ဆံပင်ရှည်တွေက စုလုံးလုံးလေးဖြစ်နေသည်။

မျက်ခုံးတန်းလေးတွေမှာ ရေတွေစိုနေသည်။ မျက်တောင်များတို့မှာ ရေသီးလေးတွေတင်လျက်ရှိဆဲ။ သူ သေတ္တာလေးကိုဖွင့်၍ အထဲက ခေါက်ထားသည့် သဘက်လေးကို ဆွဲထုတ်ကာ ...

"ရော့ ... ရေတွေ သုတ်လိုက်ဦး"

"ရတယ်"

"သုတ်လိုက်ပါကွာ၊ တစ်ကိုယ်လုံး စိုရွှဲနေတာပဲ၊ ခေါင်းကိုတော့ သုတ်လိုက်ပါ"

လေရှူး က သူ့တဘက်စောင်နှင့်လွတ်အောင် လက်မောင်းထိတက်၍ လက်ပိုက်ကျုံ့ကာ ...

"လင်းအုပ်စီး ... ခင်ဗျား တမင်တကာတော့ မဟုတ်ပါဘူးနော်"

"ဟင် ... ဘာလဲ"

သူ ပြန်မေးတော့ မသိချင်ယောင်ဆောင်နေပြန်ပြီ ဆိုသည့် မဲ့ပြုံးနှင့် ဒီဘက်ပြန်လှည့်၍ ....

"ပြောလို့မရဘူးလေ၊ ခင်ဗျားမှာ မိန်းကလေးတွေနဲ့ ငြိဖို့ ဗျူဟာတွေက မကုန်မခမ်းရှိနေတာ"

မွေးနေ့မှာ သူ့ရဲ့လူယုံက ကိုယ့်လက်ထဲကမုန့်ပွဲကို တမင်တိုက်ချပြီး လာဖေခဲ့တာ မေ့စရာလား။ အုပ်စီး က ခပ်ကျဲကျဲရယ်လိုက်ပြီး





စောင်ကို လေရှူး နောက်က ကုရှင်ပေါ်မှာ တင်ပေးထားလိုက်၏။ ပြီးတော့မှ ကားကို တစ်ဖက်လမ်းကြောထဲ လမ်းပြောင်းယူရင်း ...

"မင်း ကိုယ့်ကို တစ်ချိန်လုံး အဲဒီလိုပဲဖြစ်နေတာလား"

"ခင်ဗျားက အဲဒီလိုလူပဲ၊ ဒီမှာ အုပ်စီး၊ ခင်ဗျားကို ကြိုပြောထားမယ်နော်၊ ဆောင်းလေရှူး ဆိုတာ ခင်ဗျား လျှော့ပေါ့တွက်ထားတဲ့ စီးရီးထဲက မိန်းမမျိုးမဟုတ်ဘူး"

"ခက်တော့တာပဲ"

"လူကို ဟိုလို၊ ဒီလိုစိတ်ကူးတွေနဲ့ ဖောနေ၊ ရောနေတာဆိုရင် လက်လျှော့လိုက်"

"မင်း အဲဒီလိုမိန်းကလေးမျိုးမဟုတ်ဘူးဆိုတာ သေချာနေရင်လဲ ကိုယ်ကြံစည်မှာကို ပူမနေနဲ့လေ၊ ကိုယ့်လိုကောင်က မိန်းမတစ်ယောက်ကို ချုပ်နှောင်ပြီး အဓမ္မကျင့်ကြံမှ ရမှာလား၊ သူများတွေ သုံးသလိုမျိုး အချိုရည်တွေဘာတွေထဲမှာ မဟုတ်တာတွေထည့်ပြီး ကြံရလောက်အောင် မိန်းမရှားနေနိုင်သလား"

"ဘယ်သူ့ကိုမေးနေတာလဲ၊ ကိုယ့်ကိုကိုယ် ပြန်မေး"

"မေးဖို့မလိုပါဘူး၊ ကိုယ့်အတွက်က မိန်းမဆိုတာ မရှိမဖြစ်ထိတွေ့မြင်ယောင်နေလောက်တဲ့ အရေးတကြီးကဏ္ဍ မရှိဘူး၊ ယုံပါ။ မင်း သဘောမတူဘဲ ကိုယ်ဘာမှမယူဘူး၊ အဲဒီတော့ မင်းကိုယ်မင်း လုံခြုံနေရင် မဖြစ်ဘူးလား၊ ကိုယ့်ဘက်က ကတိပေးတယ်"

လေရှူး သူ့ကိုလှည့်ကြည့်သည်။ သူကလည်း ကြည့်၏။ ပြီးတော့ ပြုံးလိုက်ပြီးမှ ရှေ့ပြန်လှည့်ကာ ...

"မင်းကို ကိုယ်ကချစ်တာ၊ ထိချင်ငြိချင်တာ မဟုတ်ဘူး"

"ဟွန်း ..."

လေရှူး က အသံပေး၍ မဲ့သည်။ ဓာတ်လှေကားထဲမှာ စော်ကား



www.burmeseclassic.com

www.burmeseclassic.com



မော်ကားနဲ့ ဘယ်သူလဲ ...။ ဒီဘက်ကတွေးတာကို အုပ်စီး ကလည်း သိနေကာ ...

"ဟိုတစ်ခေါက်ကိစ္စကတော့ ခြွင်းချက်ပေါ့နော်၊ ဒါပေမယ့် ပြောရင် မင်းယုံမှာမဟုတ်ဘူး၊ ကိုယ် အဲဒီလို တစ်ခါမှမဖြစ်ဖူးဘူး၊ မင်းက အသည်းယားအောင် ချစ် ...."

"ခင်ဗျား ... ပါးစပ်ကြီးကို ပိတ်ထားလိုက်တော့"

သူက ပါးစပ်ပိတ်ပြီး အသံထွက်အောင်ရယ်သည်။

"ဟုတ်ပါပြီ၊ ရေတွေသုတ်လိုက်ပါဦး"

လေရှူး ချမ်းနေပြီမို့ ခေါင်းစည်းကွင်းတွေကို ဖြေချလိုက်၏။ ဆံပင်တွေကိုရော၊ မျက်နှာကိုရော ပွတ်သုတ်ပစ်လိုက်တော့ သူက ကြည့်နေ၏။

ကားကို အကြာကြီးမောင်းနေပြီး ရပ်လိုက်တော့ စူပါမားကက် တစ်ခုရှေ့ကို ရောက်သွားခဲ့၏။ ပန်းရင့်ရောင် စကတ်အရှည်ဘောင်းကွဲ နှင့် အင်္ကျီကိုယ်ကျပ်လေးကို သူပဲရွေးပေးသည်။ သူရွေးပေးတာကို မယူဖို့ ဆုံးဖြတ်ထားပေမယ့် တော်တော်လှနေသည်မို့ ယူလိုက်သည်။ အဝတ်အစားလဲပြီးထွက်လာတော့ ...

"မင်းနဲ့လိုက်တယ်"

ဟု အနားမှာကပ်ပြောပြီး စူးစူးရဲရဲ ကြည့်သည်။

"သူဌေး ..."

အပြင်ရောက်ခါနီးမှ သူ့ဘောကို တစ်ယောက်ရောက်လာသည်။ ကုတ်အင်္ကျီအနက်၊ စကတ်အနက်လေးနှင့် ရင်ဘတ်မှာ ရာထူးအဆင့် နှင့် နာမည်တပ်ထားသည့် မိန်းကလေးဖြစ်၏။

"လစာကို ဒီလ နှစ်ရက်ကြိုထုတ်ပေးရမယ်လို့ သူဌေးကြီး ဖုန်းဆက်ထားပါတယ်၊ အဲဒါ ဒီနေ့ဖြစ်နေတယ်၊ အော်ဒါထပ်မဝင်သေးဘူး





ကျွန်မတို့ ဘာလုပ်ရမလဲ"

အုပ်စီး မျက်နှာက ဘာမှဝင်ရောက်စွက်ဖက်လိုခြင်းမရှိသလို စိတ်ရှုပ်ပုံနှင့် ပြန်ကြည့်၏။

"ဖေဖေ့ကိုပဲ ဖုန်းဆက်မေးလိုက်၊ မသိဘူး"

ပြောပြီး နောက်ထပ်စကားကြားရမှာစိုးသလို ခြေလှမ်းကျဲကျဲနှင့် ထွက်လေသည်။ လေရှူး ကားနားရောက်မှ စူပါမားကက်ကို မော့ကြည့် လိုက်မိသည်။

လင်းအုပ်စီး ဆိုတဲ့လူ ဘယ်လောက်ထိ ချမ်းသာနေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၆)

"ဟင် ... လေရှုး ..."

ဒေါ်သဇင် ပန်းတွေ အရွက်ခြွေနေရင်း လှမ်းကြည့်သည့်မျက်လုံးတွေက မခွာတော့ပေ။

"အန်တီဇင် ... နေကောင်းတယ်နော်"

"ဟင် .. ဩော် .. ကောင်းပါတယ်ကွယ်၊ ဒါနဲ့ .."

အုပ်စီး က ကားသော့ကို လက်ညှိုးနဲ့ နှစ်ပတ်သုံးပတ်လှည့်ပြီးမှ ပြန်ဖမ်းယူလိုက်၏။ လေရှုး ကို အတော်လေးရင်းနှီးနေပြီးသည့် အပြုံးနှင့် မေးဆတ်ပြီးမှ ဒီဘက်ပြန်လှည့်၍ ...

"လေရှုး ကို ကျွန်တော့်ကားနဲ့ တိုက်မိမလိုဖြစ်သွားလို့ လိုက်ပို့တာပါ"

ထွက်သွားတုန်းက ဒီဝတ်စုံနဲ့မဟုတ်တာကို ဒေါ်သဇင် သတိထားလိုက်မိသည်။ ထို့ပြင် ကျားလေးနဲ့ ထွက်သွားပြီး အုပ်စီးနဲ့ ပြန်ရောက်လာတာကိုလည်း အံ့ဩနေမိသည်။

"ဟော .. မြေး ပြန်ရောက်ပြီလား"

ဦးစက်ရှင် ထွက်လာတော့ မေးခွန်းတွေ ထပ်ဖြစ်ကုန်တော့သည်။ မိထူးက ဦးစက်ရှင်ကို ဆိုဖာပေါ်မှာ ထိုင်စေပြီးမှ ခေါင်းလေးငုံ့





၍ ပြန်ထွက်သွားသည်။ ဦးစက်ရှင်၏ မျက်လုံးတွေက အုပ်စီးနှင့်လေရှုး ထံမှာပဲ စူးစိုက်လျက် ...။

"မိုးတွေကကြီးပြီး ပြန်ရောက်မလာကြလို့ ဘိုးဘိုးက စိတ်ပူပြီး ဖုန်းဆက်သေးတယ်၊ လူလေးလဲ ဖုန်းမကိုင်ဘူး။ ဘယ်လိုဖြစ်ပြီး လင်း အုပ်စီးနဲ့ ပြန်ရောက်လာတာလဲ"

ဦးစက်ရှင်က တည့်တည့်ပဲမေးသည်။ သူ့အတွက်က အုပ်စီးနှင့် သိပ်မရင်းနှီးပေ။ ဆွေမျိုးစပ်လို့ရသူက ဒေါ်သဇင်နဲ့ပဲဖြစ်ကာ ဟိုတုန်းက သူကလည်း လူမမာ။ ကောင်းလာတော့လည်း အုပ်စီး က ဒီအိမ်မှာ သိပ်ပြီး ဝင်ထွက်ခဲ့တာမဟုတ်၊ ဒါပေမယ့် အုပ်စီး က ရင်းနှီးနေကြသလိုပဲ ခေါင်းငုံ့ရယ်ရင်းနှင့် ရှင်းပြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ ..."

"ဒီလိုပါ ဘိုးဘိုး .."

ဒေါ်သဇင့်မျက်လုံးတွေက 'မင်းက ဖြေလိုက်လေ' လို့ ပြောနေသလို သူ့မထံရောက်လာသဖြင့် လေရှုး ကပဲဝင်၍ ....

"သူက လေရှုးကို စက်ရုံမှာထားခဲ့ပြီး တစ်နေကုန်ထွက်သွားတာ"

"ဟေ ... စက်ရုံက ဘယ်ကပါလာတာလဲ၊ လက်ထပ်လက်စွပ်ဝယ်ကြလို့ ခိုင်းလိုက်တာ စက်ရုံကို ဘယ်လိုရောက်သွားတာလဲ"

ဂရုစိုက်လို့မဟုတ်ပေမယ့် ဒီအကြောင်းကို ပြောမထားခဲ့သဖြင့် လေရှုး က အုပ်စီး ကိုမော့ကြည့်၏။ အုပ်စီး မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ဒေါ်သဇင်က ထိုင်ရာကနေ ထရပ်လိုက်ရင်း စိုက်ကြည့်နေ၏။ 'ထင်တော့ထင်သားပဲ' ဟု စိတ်ထဲမှာ ပြောနေမိရင်း နှစ်ယောက်စလုံးကို အသာပဲကြည့်နေလိုက်သည်။ အုပ်စီး ဘယ်လိုကောင်လေးလဲဆိုတာ သူ့မထက် လေရှုး ပိုမသိနိုင်ပေ။ ဒီကောင်လေးရဲ့ စိနိယာတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီကောင်မလေး ငြိနေပြီလား။

ဘာပဲဖြစ်ဖြစ် အံ့သြဖို့တော့ ကောင်းနေပါပြီ။ ကျားလေးကလည်း အရည်အချင်းရှိသည်၊ အုပ်စီး ဆိုသည့်လူငယ်လေးကလည်း ဒိတ်ဒိတ်ကျဲသူဌေး၏ တစ်ဦးတည်းသော သား။

ဘာမှမဟုတ်လောက်သော 'လေရှူး' ဆိုသည့် မိန်းကလေးဟာ အမျိုးမျိုးသောအရည်အချင်းများနှင့် ကျော်ကြားမှုတွေပြည့်နေကြသည့် ယောကျ်ားနှစ်ယောက်နဲ့မှ ငြိတွယ်ပတ်သက်နေခဲ့သည်။

အုပ်စီး အစက ဘယ်လိုလူပဲဖြစ်ဖြစ် ဒီအိမ်ထဲထိလိုက်ပါပြီး ရောနှောပတ်သက်ဖို့ ကြိုးစားပြီဆိုကတည်းက ဒါသည် .....။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

စကားမပြတ်ကြသေးဘဲ မတ်တတ်ကနေပဲ ပြန်ဖို့ နှုတ်ဆက်သည်။ ပါးစပ်ကနှုတ်ဆက်တာ လူကြီးတွေကိုဖြစ်ကာ မျက်လုံးတွေက လေရှူး မျက်နှာလေးထက်မှာပဲရှိ၏။

"ကိုယ်ပြန်ဦးမယ်"

လေရှူး ကိုတော့ တိုးတိုးပဲကပ်၍ နှုတ်ဆက်သည်။ မျက်လုံးထဲမှာ မရိုးသားသော အပြင်းစားဗိုအားတွေ သိသာအောင်ထည့်သွားတာ လူကြီးတွေကို ဂရုမစိုက်တာလား။

ကိုယ်နဲ့ပဲ ပတ်သက်ဆက်စပ်နေသဖြင့် အုပ်စီး အပြုအမူတွေဝေါ်မှာ ဒေါ်သဇင် မျက်နှာပူလာခဲ့ရသည်။ ဦးစက်ရှင်လည်း ဒါလောက်တော့ ရိပ်မိနေပါပြီ။

"ကဲ ... ထိုင်စမ်းပါဦး မေးရယ်"

မျက်နှာကတော့ မသာယာတော့ပေ။ တကယ်ဆို 'လင်းအုပ်စီးနဲ့ မြေး ရိုးသားရဲ့လား' လို့ မေးလိုက်ချင်သည်၊ ဘယ်တုန်းကတည်းက ရင်းနှီးနေတာလဲဟု ထပ်သိချင်၏။ ဒါပေမယ့် လူကြီးဆိုတော့ နေရာ





တကာ ဝင်ပါလို့မကောင်း။

"ကျားလေးက ဘယ်လိုဖြစ်ပြီး စက်ရုံကထွက်သွားတာလဲ"

ဒါကိုပဲ ပြန်စမေးရသည်။ လေရှူး က ပလာဇာမှာ ကိုယ်ပြဿနာရှာခဲ့တာကို ပါးပါးလေးထည့်ပြီး သူ့အပြစ်တွေကို တွင်တွင်ထည့်ကာ ...

"စက်ရုံကျတော့လဲ ပြဿနာကိုရှင်းနေတာ တစ်နေကုန်ပဲ၊ လေရှူး လဲ စောင့်တာပဲ၊ ထမင်းက မစားရ ..."

"ဟော ..."

"ငုတ်တုတ်ကနေ မလှဲရ၊ မထရ ဘယ်လိုလုပ်ရမလဲ"

"အင်း ... အင်း ..."

"ထွက်သွားကတည်းက ဘာတစ်ခွန်းမှ အကြောင်းမပြန်ဘဲနဲ့ ..."

"အကြောင်းပြန်ရအောင် ငါကရော ပြန်လာရလို့လား"

ကားရပ်ပြီးလှမ်းပြောလိုက်သည့် ကျားလေးအသံက မညင်သာ။ အိမ်ပေါ်ကို လှမ်းတက်လာပုံက အနားရောက်ရင်ပဲ လည်ပင်းညှစ်ပစ်တော့မယ့်အတိုင်း။ သို့သော် ဘိုးဘိုးရှေ့မှာ ကိုယ်ရှိန်သတ်၍ အသာပဲ ဝင်ထိုင်ကာ ...

"အလုပ်သမားက ဒဏ်ရာနည်းနည်းများတယ် ဘိုးဘိုး၊ ကျူးလွန်မိတဲ့လူရော၊ ခံရတဲ့သူရော၊ နှစ်ဖက်စလုံးက ချို့တဲ့ကြရှာတယ်၊ ဒီကြားထဲ ဆေးရုံရောက်တော့ အလုပ်သမားရဲ့မွေးလူနာက မမွေးနိုင်ဘူး ဖြစ်နေတယ်၊ အဲဒါနဲ့ ဆေးရုံမှာ အသက်ရှူချိန်တောင် မရဘူး"

"ဒါလဲ ဟုတ်တာပေါ့"

"လေရှူးက အဲဒါကိုပြောတာမဟုတ်ပါဘူး၊ စက်ရုံထဲကထွက်လာတဲ့ကိစ္စကို လေရှူး အလွန်ဖြစ်မှာစိုးလို့ရှင်းပြတာ"

"လွန်တာပေါ့၊ အဲဒါ မင်း ..."

သူ့ စိတ်ရှိလက်ရှိ ပါးစပ်ပြင်ပြီးမှ ဟိုမျက်နှာကြည့်၊ ဒီမျက်နှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့်ဘိုးဘိုးကို သတိရပြီး စိတ်ပြန်ထိန်းရသည်။

"ကိုင်းကွာ ... ဘိုးဘိုး စိတ်ရှုပ်လာပြီ၊ စက်ရုံကကီစ္စတွေရော၊ ကျန်တာတွေရော ထားလိုက်တော့၊ လက်စွပ်တွေဝယ်တဲ့ကိစ္စကိုပြော"

"ကျွန်တော် ဝယ်လာခဲ့ပါတယ်"

ဘိုးဘိုးအတွက်က ဒီကိစ္စပဲ အရေးတကြီးဖြစ်နေမှာကို သူသိသည်။ ထို့ကြောင့် မဖြစ်မနေ ဝင်ဝယ်ခဲ့ရခြင်းဖြစ်သည်။ အပြာရောင်ဘူးလေးကို ထုတ်ယူလိုက်တော့ ဘိုးဘိုးက မျက်မှောင်ကုတ်လျက် ...

"မြေးမပါဘဲ ဝယ်လာတော့ မတော်ရင် ဘယ်လိုလုပ်မလဲ လူလေး။ ဒါမျိုးက မဖြစ်ကောင်းဘူး"

"ဗျာ ..."

ကျားလေး ထိတ်ခနဲ ဖြစ်သွားသည်။ လက်စွပ်မတော်မှာကို စိတ်ပူလို့တော့ မဟုတ်ပေ။ အကယ်၍ မတော်ခဲ့လျှင် ဘိုးဘိုးအကြီးအကျယ် စိတ်ထိခိုက်သွားမှာကို သိလိုက်သောကြောင့်ဖြစ်၏။ ဒါကို ဘာဖြစ်လို့ သူ မတွေးမိတာလဲ။ စိတ်ထဲမှာ လက်စွပ်ပါသွားမှဖြစ်မည်ဟုပဲ ရှိခဲ့သည်။

"နေဦး၊ မြေးက စိန်လက်စွပ်လိုချင်တာကို ဘာဖြစ်လို့ ပလာဇာ ခေါ်သွားရတာလဲ၊ ဖုန်းတစ်ချက်ဆက်လိုက်တာနဲ့ အိမ်တိုင်ရာရောက် ပို့ပေးမယ့်လူတွေ ဒီမှာ အများကြီးပဲ"

သက်သက်ပြဿနာရှာတာလေ လို့ ပြောပစ်လိုက်ချင်သည်။ ကျားလေး ပြောချင်နေတာကို လေရှူး ကလည်းသိသည်။ ဂရုမစိုက်သည့်မျက်နှာလေးနှင့် ခပ်တည်တည်ပြန်ကြည့်လိုက်သည်။ ပြီးမှ ဘိုးဘိုးဘက်လှည့်၍ ...

"ဘိုးဘိုးပဲ စိတ်ကြိုက်သွားဝယ်ဆို၊ လေရှူး က ပလာဇာမှာပဲ သွားဝယ်မလို့ သွားတာပါ။ ဟိုကျမှ ကြော်ငြာမြင်လိုက်လို့ အဲဒီကို စိတ်ကူးရောက်သွားတာ"





မယ်မင်းကြီးမ ... တကယ်ပါပဲ .. ခင်ဗျား ...။ ကျားလေး နှုတ်ခမ်းမဲ့လိုက်ပြီးမှ ဘိုးဘိုးမမြင်အောင် ဆံပင်သပ်သလိုလို၊ နှာခေါင်းပွတ်သလိုလိုနှင့် မျက်နှာလွှဲပစ်ရသည်။

"ပြစမ်းပါဦး၊ မြေးတို့လက်စွပ်ကို၊ ဘယ်လောက်ပေးခဲ့ရလဲ"

ဘိုးဘိုး လှမ်းယူတော့ သူ ဘရိတသေ ကမ်းပေးလိုက်သည်။

"လက်ထပ်လက်စွပ်က အဲဒါ ဒီဇိုင်းအသန့်ဆုံးပဲတဲ့၊ စိန်ချည်းပဲ သုံးဆယ့်ငါးသိန်း၊ နှစ်ကွင်းဆိုတော့ ခုနစ်ဆယ်"

"အင်း ..."

ဦးစက်ရှင်က လက်စွပ်လေးတွေကို ထောင်ကြည့်ပြီး အားမရ။

"သမီးရေ၊ ဒီမှာ လာကြည့်ပေးပါဦး"

"လာပြီ အဖေ"

ဒေါ်သဇင် ချက်ချင်းရောက်လာသည်။ အနားမှာပဲရှိပေမယ့် သူမ စကားဝိုင်းထဲ မဝင်ပါ။ တော်ရုံကိစ္စဆို ဒေါ်သဇင်က လာပါ၊ ပြောပါဟု မခေါ်ဘဲ ဘယ်တော့မှ ဝင်မပါတတ်ပေ။ ထို့ကြောင့်လည်း ဦးစက်ရှင်က ဒေါ်သဇင့်ကို လေးစားသည်။ သမီးတစ်ယောက်လို အရာထား၍ တိုင်ပင်အားကိုးခဲ့ခြင်းဖြစ်သည်။

"ကောင်းသားပဲ အဖေ၊ အပွင့်သေးပြီး လင်းစိုနေတာပဲ၊ ဈေးလဲ မှန်ပါတယ်"

"အင်း ..."

ဦးစက်ရှင် မျက်နှာမသာမယာနှင့် လက်စွပ်ကို ပြန်ယူပြီး ကျားလေးရှေ့မှာချလိုက်သည်။

"လူလေးလဲ ရတနာသဘောတော့ နားလည်ပါတယ်၊ ဘိုးဘိုးက စိုးရိမ်လို့ပါ၊ ကဲ .. ကဲ ... မြေးတို့လက်စွပ်တွေ စွပ်ပေးကြစမ်း၊ မတော်ရင်တော့ ပြန်လဲရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လဲမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်၊ ငွေတောင်မချေခဲ့ရသေးဘူး"

ကျားလေး စကားကြောင့် လေရှူး က အောက်မေးဖျားလေး ခပ်ရွဲ့ရွဲ့နှင့် ကြည့်၏။ ဒါကိုများ ပိုက်ဆံမပါလို့ဆိုပြီး စက်ရုံကို ခေါ်သွားခဲ့သေးသည်။ ဒေါသက အလိပ်လိုက်တက်သည်။ ဒေါသဇင်ရှိနေသဖြင့် မျက်လွှာပြန်ချပြီး အသာငြိမ်နေလိုက်ရ၏။

"လူလေးက မြေးကို စွပ်ပေးလိုက်"

လေရှူး က တစ်ယောက်ထိုင်ဆက်တီပေါ်မှာဖြစ်သည်။ သူက ဒီဘက်မှာ။ ဘိုးဘိုးနိုင်းတာမို့ သူပဲ နေရာမှ ထသွားရသည်။ အနားမှာ ကုန်းကုန်းကွကွနဲ့လည်း မကောင်းတော့ လေရှူး ဘေးမှာ ဒူးတစ်ဖက်ချ ထိုင်လိုက်ရ၏။

သူ့ကိုပဲ ကိုယ်က ဒူးထောက်ပြီး လက်ထပ်ခွင့်တောင်းနေရသလိုလို။ ကျားလေး မျက်နှာက တင်းနေသည်။ ဘိုးဘိုးကို ကျောခိုင်းထားလိုက်သလိုဖြစ်သွားသဖြင့် လွတ်လပ်စွာ ဒေါသဖြစ်ခွင့်ရနေ၏။

လေရှူး ကတော့ မျက်နှာသေလေးနှင့် လုပ်နေလိုက်သည်။ မဲ့လည်း မမဲ့၊ ရယ်လည်း မရယ်။ သူ လာကိုင်မှ လက်ကိုဖြန့်ပေးလိုက်သည်။ ညိုမှောင်ကြမ်းရှသော မွေးညှင်းတို့ရှိနေသည့် သူ့လက်ခုံကို မြင်လိုက်ရပြီး ကိုယ့်လက်ပေါ်မှာ ဆုပ်ကိုင်ခံလိုက်ရချိန်တွင် လေရှူး တစ်ကိုယ်လုံး ဖျင်းခနဲ ပူထူသွား၏။

ရှက်သလိုလို၊ ကြည်နူးသလိုလိုနှင့် မနေတတ်ခြင်းဆိုသော ခံစားချက်မျိုးကို ပထမဆုံး ခံစားလိုက်ရ၏။ ဘာဖြစ်တာလဲ လေရှူး။

ရင်တွေတအားခုန်လာတာကို ဖိသိပ်ဆုံးမတာ ဘယ်လိုမှ မရခဲ့ပေ။ လက်စွပ်လေးက လေရှူး ၏လက်သူကြွယ်မှာ အံဝင်ဂွင်ကျလေး လျှောဝင်သွား၏။ ဒူးထောက်လိုက်ရသည့် မကျေနပ်ခြင်းတွေ ရုတ်ခနဲ





ပျောက်သွားကာ ကျားလေး မျက်နှာကြည်သွား၏။

"ဘိုးဘိုး အတော်ပဲ၊ ဒီမှာ ..."

"ဟေ ... ဟုတ်လား၊ အေး ... အေး ကောင်းလိုက်တာ၊ ဒါဟာ ဆုံစည်းထိုက်နေကြတဲ့ ရေစက်ပဲကွ၊ စိတ်ဝင်စားဖို့ကောင်းတယ်"

ဆုံစည်းထိုက်နေတဲ့ ရေးရေစက်တဲ့။

လေရှူး သူ့မျက်တောင်ဖျားတို့ကို ငုံ့မိုးကြည့်လိုက်မိစဉ် သူ့မျက်ဝန်းတွေ ဖျတ်ခနဲ ပင့်တက်လာ၏။ တစ်ယောက်ကိုတစ်ယောက် အမှတ်တမဲ့ ခဏလေးမှာ ငေးနေမိကြလေသည်။

ထိုစဉ် လေရှူး ၏ လက်ချောင်းလေးတွေက သူ့လက်ဖဝါးပေါ်အဖြစ်ကာ သာသာလေးတွေးဆုပ်ပစ်လိုက်တာကို ကျားလေး သူ့ကိုယ်သူပင် သတိမထားမိပေ။

"ဟုတ်ပြီ၊ လူလေးကို မြေးက ပြန်ဝတ်ပေးစမ်း"

ဘိုးဘိုးအသံကြားလိုက်မှ ဆုပ်ကိုင်ထားမိသည့်လက်ကို သူ ဘယျာကယာလွှတ်လိုက်၏။ လေရှူး မျက်နှာလေးလည်း ရှက်ကိုးရှက်ကန်းနှင့် သူ ကိုင်လိုက်သည့်လက်ကို ယောင်ယမ်း၍ ဖိဆုပ်ထားလိုက်သည်။

ဒေါသ မာနတွေနှင့် ဆွဲလွဲတွန်းထိုးနေကြတုန်းက တစ်မျိုး၊ ခုကျတော့ ဒါတွေနဲ့မဆိုင်။ ထိကိုင်လိုက်တာလေးနှင့် ဖျင်းခနဲ ရှိန်းခနဲ ဖြစ်နေသည်။ သူ့ကျတော့ ဒီလိုဖြစ်ချင်မှဖြစ်မှာ။ တစ်ယောက်တည်း သကြိတ်ဖြစ်မိသည်။

လေရှူး ... ညည်းရင်ဘတ်ကြီးကို ထုပစ်လိုက်စမ်း၊ မခုန်နဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၇)

"ဒေါက် ... ဒေါက် ..."

"ဘယ်သူလဲ"

"တံခါးခဏဖွင့် ..."

ကျားလေး အသံကိုကြားလိုက်သဖြင့် လေရှူး အံ့သြသွားသည်၊ လက်ထဲကခဲတံကို မချမိသေးဘဲ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီ ထိုးတော့မည်။

"ဟိတ် ..."

"လာပြီ ..."

လေရှူး ထရပ်လိုက်ပြီးမှ အံဆွဲကိုဖွင့်၍ ဒီတိုင်းချွတ်ထည့်ထားသည့် လက်စွပ်ကိုပါ ယူသည်။ တံခါးဖွင့်လိုက်တော့ ကျားလေးက စပို့ရှပ်အဖြူလက်တိုနှင့် အစိမ်းပုပ်ရောင် ချည်ချောပုဆိုးကို ဝတ်ထား၏။ ဘောင်းဘီရှည်ပွပွကြီးနှင့် ရှပ်အင်္ကျီလက်တိုပွပွကို ဝတ်ထားသည့် လေရှူး ကို သူကလည်း ပြန်စိုက်ကြည့်ကာ ...

"မင်းကို ပြောစရာရှိတယ်"

"ဒီကာလဲ ပေးမလို့ပါ"





လှည့်ထွက်လိုက်ပြီးမှ လေရှူး ပြောလိုက်တာကို နားမလည် သည့်မျက်နှာနှင့် သူက သမင်လည်ပြန်ကြည့်သည်။ တံခါးပြန်စေ့လိုက် ကာ သူနဲ့လေရှူး ဝရန်တာဘက်ကို ထွက်ခဲ့ကြ၏။

ညဘက်မှာလည်း မီးတွေထွန်းထားသဖြင့် လင်းနေသည့်ခြံထဲ ကို အပေါ်စည်းကနေ မြင်နေရသည်။ ဝရန်တာမှာတော့ အပြာရောင် မီးပွင့်လေးပဲ လင်းနေလေသည်။

နှစ်ယောက်စလုံး ခြံထဲကို မျက်နှာမူ၍ ပခုံးချင်းယှဉ်ရပ်လိုက်ကြ ၏။ ကျားလေးက ဝရန်တာက စတီးလက်တန်းပေါ်ကို လက်တစ်ဖက် လှမ်းတင်ပြီး လေရှူး ဘက်လှည့်လိုက်သည်။

"မေးချင်လို့၊ မင်းနဲ့အုပ်စီး ဘယ်လောက်ထိ ပတ်သက်နေလဲ"

"ဟင် ..."

မထင်ခဲ့သောမေးခွန်း ဖြစ်သည်။ ပြောမယ်ဆိုတာကို လေရှူး ထင်တာက မြေးအတု၊ အစစ်နှင့် လက်ထပ်ရတော့မည် မဖြစ်မနေ ရှုပ်ထွေးမှုတွေကို ပြောမှာပဲလို့ထင်တာဖြစ်၏။ ပြောလာတော့ ဘာမှမဆိုင်၊

"အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ"

"ဘာ ... မဆိုင်ဘူး ဟုတ်လား"

ကိုယ်တစောင်းနေရာကနေ တည့်တည့်ရင်ဆိုင်ရပ်လိုက်ပြီး သူ ထပ်မေးသည်။ ဒေါသနှင့်အံ့သြခြင်းတွေ သူ့မျက်နှာမှာ ရှိနေ၏။ ဒေါသ ဖြစ်စရာလိုလို့လား၊ အံ့သြဖို့လည်း မရှိပါ။

အုပ်စီးနဲ့သူမ ဘာဖြစ်ဖြစ် သူနဲ့ဘာဆိုင်သလဲ၊ သူနဲ့လေရှူး အနေ အထားမှာ ဒီလိုကိစ္စတွေထိ စိတ်ဝင်စားကြဖို့လည်း မလို။

"လေရှူး ... မင်းပြောတာ လွယ်လှချည်လား"

"လွယ်တယ်လေ၊ ခက်တာ ဘာရှိလို့လဲ၊ ကျွန်မက ဘိုးဘိုး ကျန်းမာ ရေးအတွက် ဒီမှာဟန်ဆောင်နေရတာ၊ ပြီးရင် သွားမယ့်သူပဲ၊ ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မှုထဲမှာ ရှင် ဘာမှ အမှန်တရားကို ရှာဖွေနေဖို့မလိုဘူး၊ အင့် ... ဒီမှာ လက်စွပ်၊ စာချုပ်အရ နောက်နှစ်လဆို ကျွန်မတာဝန်ပြီးပြီ”

“မင်း .......”

လက်စွပ်လာထည့်ပေးသည့် လေရှူး လက်ကလေးကို လက်စွပ်နဲ့အတူ ဖိဆုပ်ထားလိုက်မိသည်။ ပေါ့ပြက်ပြက်၊ ဂျစ်ကန်ကန် ဒီမိန်းကလေးကို ဒေါသတွေဖြစ်ရင်း၊ အသည်းယားမိရင်း ရင်ထဲမှာ နေရာတွေပေးထားခဲ့မိတာ ကိုယ့်ကိုကိုယ်ပင် အံ့ဩမိသည်။

အုပ်စီး ပြောသွားသလို ဒါဟာ ‘ပြိုင်ဘက်’ ပေါ်လာသည့် သဝန်တိုစိတ်ကြောင့်လား။ ညနေက သူ လေရှူး ကို စက်ရုံမှာဝင်ခေါ်တော့ ‘ပြန်သွားပြီ’ တဲ့။ ပြန်သွားပြီဆိုတော့လည်း သူဟာသူပဲ လက်စွပ်သွားဝယ်ရသည်။ စက်ရုံကို နောက်ထပ်ဝင်ပြီး အားလုံးကိစ္စပြီးမှပဲ ပြန်လာခဲ့၏။

ခြံဝနားမှာ အုပ်စီး ၏ကားနှင့် ဆုံမိကာမှ လေရှူး ကို ခုပဲပြန်ပို့ခဲ့တယ်ဆိုတာကို သိလိုက်ရသည်။ ပြီးတော့ အုပ်စီးနဲ့သူ ကားချင်းကပ်ယှဉ်လိုက်မိစဉ် မချိုမချဉ်အကြည့်နှင့် အုပ်စီး က စပြောသည်။

“လှိုင်လှချည်လား ကျားလေး၊ လက်ထပ်လက်စွပ်တောင် ဝယ်နေကြပြီဆို”

သူ ဘာမှမပြောဖြစ်ပေ။ ဒါ တမင်တကာ ရင်ဖွင့်ရလောက်သည့်ကိစ္စမှမဟုတ်ဘဲ။ သူတို့ကိုယ်တိုင် ရှေ့တိုးဖို့မဟုတ်ဘဲ တိုးနေရသည်။ နောက်ဆုတ်လို့မရဘဲနဲ့ ပြန်ဆုတ်ဖို့ကို ခေါင်းထဲထည့်နေရသည်။

အမှန်လား၊ အမှားလား မသိနိုင်သော အဖြစ်တွေထဲမှာ ဆုံးဖြတ်ခဲ့တာမဟုတ်ဘဲ တကယ်အတည်လုပ်နေရတာတွေကို ဘယ်သူ့ကို ပြောစရာလို့လို့လဲ။ ဒါပေမယ့် တမင်တကာ မျိုသိပ်ဖုံးဖိခဲ့တာလည်း မဟုတ်။





အုပ်စီး ကတော့ သူနိုးဖမ်းသည့်အကြည့်တွေနဲ့ဖြစ်သည်။

“လေရှူး က ဘိုးဘိုးရဲ့မြေးမဟုတ်ဘူးဆိုတာ ..”

“အုပ်စီး၊ မင်းရဲ့လိုရင်းက ဘာလဲ”

သူ မေးတော့ အုပ်စီး ကရယ်သည်။ မှန်ကို အစွမ်းကုန်ချပစ်လိုက်ပြီး တံခါးပေါက်မှာ လက်တစ်ဖက်ကွေးတင်ပြီး မျက်နှာကို နီးအောင်ထုတ်၏။

“လိုရင်းကိုပြောလိုက်ရင် မကောင်းတတ်ဘူးလားလို့၊ နားဝင်ချိုအောင် ပြောနေရတာကွ၊ တကယ့်လိုရင်းကတော့ လေရှူးနဲ့မင်းနဲ့ ဘာမှမသက်ဆိုင်ဘူးဆိုတာပဲ”

လေရှူး အကြောင်း ဒီကောင်စပြောလာကတည်းက သူ သတိထားမိသည်။ သို့သော် အပြင်မှာ သူတို့ ဒီလောက်ထိရင်းနှီးနေခဲ့ကြမှန်းတော့ မသိခဲ့ပေ။

“ဆိုလိုတာကကွာ ... မင်းတို့နှစ်ယောက် လက်ထပ်ဖို့ထိ ဟန်ဆောင်နေကြတာ သဘာဝမကျဘူး၊ ဒီ့ထက် မပိုသင့်တော့ဘူးလို့ ငါထင်တယ်”

“လေရှူး က ဘိုးဘိုးရဲ့မြေးဆိုရင်ရော ...”

သူ ပြန်မေးလိုက်တော့ အုပ်စီး တစ်ချက်ကြောင်သွားသည်။ ပြီးမှ မဲ့ရွဲ့ကြည့်ကာ ,...

“လုပ်မနေစမ်းပါနဲ့ကွာ၊ ကိုယ့်အရှိန်နဲ့ကိုယ် မာနကြီးကြီးနဲ့ မင်းနေလိုက်စမ်းပါ၊ ဒီမှာ မင်းတို့ အခုလှုပ်ရှားနေကြတာ လေရှူး ဘက်က အရမ်းနစ်နာတယ်နော်၊ မင်းတို့ချင်း ဘယ်လိုအပေးအယူတွေနဲ့ စခဲ့တာလဲ ငါမသိပေမယ့် လှူချင်းငြိတာ မဖြစ်နိုင်ဘူး၊ အဲဒါက သေချာတယ်၊ နောက်ထပ်ငြိခွင့်မရှိဘူးဆိုတာလဲ သိထားဖို့လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လေရှူး ကိုငါချစ်နေလို့”



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ..."

"ဟုတ်တယ်၊ ငါ့မှာ ကောင်မလေးတွေ အများကြီးပဲ၊ ဘာဖြစ်လဲ၊ ရည်းစားများတဲ့လူက ပိုတောင်ချစ်တတ်သေးတယ်၊ လေရှူး ကို ငါရအောင်ယူမယ်၊ မင်းသိစေချင်လို့ပါ၊ အပွန်း ..., မင်းနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ နောက်ထပ် ထုတ်ကြွားပြီး အသိပေးတာမျိုးတွေ အပင်ပန်းခံလုပ်နေမှာစိုးလို့"

နောက်ထပ်ဆိုတော့ အခု ဘယ်သူက အသိပေးလိုက်လို့လဲ ဟု တွေးလိုက်မိသည်။ ဒီကောင် အိမ်ကပြန်လာတာဆိုတော့ ဘိုးဘိုး တစ်ခုခုပြောလိုက်တာဖြစ်နိုင်သည်ဟုလည်း တွက်မိသည်။ အုပ်စိုး က ဂီယာကိုဆောင့်ဆွဲပြီး သူ့ဘက်ကို နောက်ထပ်ပြန်ငဲ့ကြည့်၍ ....

"အစကတော့ ငါ့စိတ်ထဲမှာ ခဏခဏ သတိရ၊ ခဏခဏ တွေ့ချင်နေတာမျိုးပဲ၊ ဒါပေမယ့် လူ့စိတ်သဘာဝကိုက သူများက အပြိုင်အဆိုင်လိုချင်လာရင် ပိုမက်မောတယ်ကွ၊ ငါလက်ဦးမှ ဖြစ်မယ်လို့ သိလိုက်ရတဲ့အတွက် လေရှူး ကို မဖြစ်မနေယူဖို့ ဆုံးဖြတ်လိုက်တာ၊ ငါက မင်းလို ဟန်ဆောင်ပန်ဆောင်တွေ ဝါသနာမပါဘူး"

ညာဘက် မိုးသက်လေတဖြူးဖြူးနှင့် တိတ်ဆိတ်လျက်ရှိ၏။ တစ်ယောက်နဲ့တစ်ယောက် စူးစိုက်ငေးနေမိကြရင်း ပြိုင်တူပဲ သတိဝင်လာကြသည်။ လေရှူး က လက်ကိုပြန်ရုန်းတော့ သူ လွှတ်ပေးလိုက်၏။ လက် ထဲမှာ လက်စွပ်လေးကျန်နေခဲ့သည်။

"ဆိုင်တာ မဆိုင်တာတွေ ထားလိုက်ပါ၊ အခု မင်းကိုငါမေးနေတာ သိချင်တာသက်သက်နဲ့ပဲ၊ အုပ်စိုးနဲ့မင်း ဘယ်လိုပတ်သက်နေသလဲ"

ထပ်မေးလိုက်မိ၏။ လေရှူး မျက်နှာလွှဲသွားတာ တော်တော်နဲ့ မဖြေ။ ပြီးမှ ဝရန်တာမှာ ခါးစောင်းနဲ့ ကပ်မှီလိုက်ပြီး လက်ပိုက်သည်။ သူ့နဲ့ ဘေးစောင်းမကျ၊ မျက်နှာချင်းဆိုင်မဟုတ် အနေအထားဖြစ်လျက် –





"သူ့ဘက်ကတော့ မရိုးသားဘူးထင်တာပဲ"

"မင်းကရော .."

"ကျွန်မကိုယ်ကျွန်မတောင် မမေးကြည့်မိဘူး၊ ရှင်က ဘာလုပ်မလို့လဲ"

"အခု ... မင်းနဲ့ငါ လက်ထပ်ဖို့ထိဖြစ်နေပြီ"

"လက်ထပ်မှာမှမဟုတ်ဘဲ၊ တစ်နေ့နေ့ကျရင် ..."

"လေရှူး ..."

ကျားလေး က လေရှူး ရှေ့မှာ တည့်တည့်လာရပ်လိုက်၏။ မီးရောင်နှင့် မျက်နှာချင်းဆိုင်နေသဖြင့် လေရှူး မျက်နှာလေးကို သူ မြင်နေရသည်။

စုထွေးသည့် နှုတ်ခမ်းလေးမှာ အပေါ်နှုတ်ခမ်းလေးက သိသာစွာ ပေါ်လွင်ပြီး လှသည်။ နှာတံချွန်ချွန်၊ မျက်ခုံးပါးပါးလေးနှင့် အသားအရောင်လေးတွေ နုသစ်ဝင်းစက်နေသော လေရှူး မျက်နှာလေးက စွာတာတာပုံလေးရှိကာ အပြစ်ကင်းသည့် ကလေးဆန်ဆန် ချစ်စရာကောင်းတာမျိုး။

ဒါပေမယ့် သူ ချစ်ခဲ့လို့လား၊ စိတ်ဝင်စားခဲ့တာကို အချစ်လို့ ခေါ်နိုင်သလား။ အုပ်စိုး ၏မဲ့ပြုံးတွေကြောင့် မခံချင်ဖြစ်တာလား၊ ဘာဖြစ်ဖြစ် သူ့ရင်ဘတ်ထဲမှာ ရေရာတာ ဘာမှမရှိဘဲဖြစ်နေသည်။

"ကိုယ့်အရှိန်နဲ့ကိုယ်၊ မာနကြီးကြီးနဲ့ပဲ မင်းနေလိုက်စမ်းပါ" တဲ့။ အုပ်စိုး ကပြောသွားသည်။ မိန်းမနှင့်ပတ်သက်သော ဘာကိစ္စမဆို သူ စိတ်မဝင်စားခဲ့တာ မာနကြီးခဲ့တာတော့ မဟုတ်ပါ။ နေတတ်သလို နေခဲ့သည်။ သွားတတ်သလို သွားခဲ့တာပဲဖြစ်၏။

ထိုသို့သော သူ့အတွက် သာမန်ထက် မပိုခဲ့ခြင်းတွေထဲမှာ လေရှူး လည်းပါသည်။ သူမ ကို အထင်မြင်သေးခဲ့ဖူးသည်။ ခုလည်း အထင်



www.burmeseclassic.com

www.burmeseclassic.com



တကြီးဖြစ်လာတာတော့ မရှိပေ။ ဒါပေမယ့် သူမ၏ အပြုအမူတိုင်းဟာ ဒေါသဖြစ်စရာတွေနှင့် ဖျတ်ခနဲ၊ ရှပ်ခနဲ သတိရတတ်တိုင်း သူမကိုပဲ ဖြစ်နေခဲ့၏။

မခံချင်စရာတွေပြောတိုင်း အသည်းယားမိသည်၊ ဒေါသဖြစ်စရာ ကြုံတိုင်း မျိုသိပ်နေရလွန်းလို့ ကွယ်သွားတော့လည်း မေ့လို့မရ။ သို့သော် ဒီလိုထူးခြားစွာ ဖွဲ့တည်နေခဲ့သော ရင်ထဲက သယံဇာတတွေကို အုပ်စီး ၏စကားတွေကြားတော့မှ သတိတရ တူးဖော်နေမိတာက မကောင်းပေ။

ပြောမည့်စကားတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘဲ ကျွတ်ခနဲ ခေါင်းခါ၍ သူ မျက်နှာလွှဲပစ်သည်။ ထို့နောက် ချက်ချင်းပြန်လှည့်လာ၍ ...

"မင်း အမိကထားပြောနေတဲ့ မင်းနဲ့ငါ ဟန်ဆောင်နေကြရတဲ့ အဖြစ်ကို ဘေးဖယ်ထားလိုက်ဦး၊ လောလောဆယ်မှာ မင်းနဲ့အုပ်စီး နေထိုင်သွားလာတာကို ဆင်ခြင်ဖို့ ငါပြောချင်တယ်"

"ကျွန်မတို့က ဘယ်လိုနေနေလို့လဲ"

အဲဒါကို သူ မသိပါ။ ဒါပေမယ့် ဒီနေ့ အုပ်စီး ပြောသွားတာတွေကြောင့် သူမှာ ရင်ခံနေပြီ။

"လေရှး ... မင်းသိထားဖို့ ငါ ထပ်ပြောမယ်၊ ဟန်ဆောင်ခေါင်း ညိတ်ခဲ့ကြတာပေမယ့် လက်ထပ်တဲ့အထိ ဖြစ်မသွားဘူးလို့ မပြောနိုင်ဘူး"

"ဘ ... ဘယ်လို ..."

လေရှး ဝရန်တာမှာ မှီနေရာကနေ မတ်မတ်စန့်စန့်ကြီး ရပ်လိုက်ပြီးဖြစ်သွား၏။

"ရှင် ဘယ်လိုပြောလိုက်တာလဲ မင်းယောကျ်ား၊ ပြောရင် ကျွန်မက မိုက်ရိုင်းတယ်ဖြစ်ဦးမယ်၊ ရှင်က ငွေပေးထားတယ်ဆိုပြီးတော့ ..."

"တော်စမ်း ..."





လေရှး ပခုံးလေးကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်၍ အော်တော့ အမှတ်တမဲ့မို့ လေရှး နောက်ကိုယိုင်သွား၏။

"မင်းပါးစပ်ထဲက ငွေတွေအကြောင်းကို ထုတ်ပစ်လိုက် လေရှး၊ အဲဒီစကားတွေ ပြောလွန်းလို့ မင်းကို ငါအထင်မကြီးတာ၊ လူလူချင်း ဆက်ဆံပတ်သက်ကြတာ ငွေက အဓိကလား"

"ရှင်နဲ့ကျွန်မ ပတ်သက်ခဲ့တာတော့ ဒါပဲအဓိကလေ၊ ကျွန်မက ရှင်အထင်ကြီးလာအောင် ကြိုးစားနေတဲ့မိန်းမလဲ မဟုတ်ဘူး၊ ရှင်က ငွေပေးနိုင်တယ်၊ ကျွန်မက ငွေလိုတယ်၊ အဲဒါကြောင့် ကျွန်မ ရှင့်ရဲ့ အလုပ်သမားဖြစ်လာတယ်၊ ဒါပဲ၊ အထင်သေးရုံမကလို့ ရွံပါတယ်လို့ ပြောလဲ ကျွန်မက ဂရုမစိုက်ဘူး"

ပြောနေရင်း သူ ဆုပ်ကိုင်ထားသည့် လက်စွပ်လေးဆီ မမြင်ရဘဲ လှမ်းကြည့်လိုက်မိကာ ...

"ဒါပေမယ့် ကျွန်မက သစ္စာတော့မမဲ့ပါဘူး၊ စိန်တိုက်က လက်စွပ်ကိုမှ လိုချင်တယ်လို့ပြောခဲ့တာ၊ အခွင့်အရေးယူပြီး ရသလောက်ကဲ့ဖို့ မဟုတ်ဘူး၊ သူများစိတ်ညစ်အောင်လုပ်ချင်တာ ဝါသနာပါလို့၊ အခု ရှင့်ကိုပြန်ပေးလိုက်ပြီ"

"မင်းဝတ်ထားတာမမြင်လို့ ဘိုးဘိုးမေးရင် ဘယ်လိုလုပ်မလဲ"

"ကျွန်မက ကလေးကချေပဲ၊ မုသာဝါဒ ပြောတတ်ဖို့ ငယ်ငယ်ကတည်းက ကျင့်ခဲ့တာ"

"လေရှး ... မင်း .. မင်း ငါ့ကို ရွဲ့နေတာလား"

"အဲဒါလဲ ဝါသနာပါတာပဲ၊ ဒါပေမယ့် အခုက ရွဲ့တာမဟုတ်ပါဘူး၊ ကျွန်မကိုယ်ကျွန်မမြေးအစစ်မဟုတ်ဘူးလို့ ခံယူထားပြီးသား"

"ဒါဆို လက်ထပ်ဖို့အထိ ဘာဖြစ်လို့လက်ခံခဲ့တာလဲ"

"ဘာ ...."



www.burmeseclassic.com

www.burmeseclassic.com



လေရှူး က လက်လေးပြန်ပိုက်ပြီး မျက်ခုံးနှစ်ဖက်ပင့်၍ ခပ်လှောင်လှောင်မျက်နှာနှင့် မေး၏။

"ကျွန်မက ... ဟုတ်လား၊ ပြန်စဉ်းစားပါဦး၊ လက်ထပ်ဖို့ထိဖြစ်ခဲ့တာ ဘယ်သူ့ကြောင့်လဲ၊ ကျွန်မက ချစ်သူရှိတယ်လို့ပြောပြီး ငြင်းဖို့ပါ၊ မရှိပါဘူးလို့ ဝန်ခံလိုက်တာ ရှင်မဟုတ်ဘူးလား"

"ရှိမှမရှိတာ၊ ဘာလို့လိမ်ရမှာလဲ"

"ကျွန်မကတော့ လိမ်တာ ဝါသနာပါတယ်"

"ဒါဆို မင်းမှာ ချစ်သူမရှိဘူးပေါ့"

လေရှူး သူ့ကို ဖျတ်ခနဲမော့ကြည့်သည်။ စူးရဲသော သူ့မျက်ဝန်းများ၏ တွင်းဖောက်မှုအောက်မှာ နှလုံးသားကို ဘယ်လိုမှ သိမ်းထုပ်သိုဝှက်ထားလို့မရခဲ့ပေ။

မငြိမ်နဲ့ လေရှူး၊ အဲဒီယောကျ်ားဟာ ညည်းကို အစကတည်းက အထင်မြင်သေးခဲ့တဲ့လူ၊ ဘယ်တော့မှ အထင်ကြီးဖွယ်ရာရှိလာမှာ မဟုတ်တဲ့ ညည်းဘဝနဲ့သူ့ဘဝ တန်လို့လား၊ လူတစ်ယောက်ကို တစ်ဖက်သတ်ပေးဆပ်ဖို့များ ဘယ်တော့မှ မစဉ်းစားနဲ့၊ မနိုင်ဘူးထင်ထားရင် အဲဒီပွဲကို ဝင်မတိုးတာ အကောင်းဆုံး။

နှလုံးသားအတွက် ဦးနှောက် SAFE GUARDS မှာ မီးနီပြနေသည်။ လေရှူး မျက်နှာလွှဲပစ်လိုက်မိသည်။

"လေရှူး ..."

လေရှူး ကမထူးဘဲ သူ့ကိုမော့ကြည့်သည်။ မှောင်ရိပ်ကျနေသည့် သူ့မျက်နှာက မြင်တော့မြင်နေရပါသည်။ အထူးသဖြင့် စူးရဲသည့် မျက်လုံးတွေပဲဖြစ်သည်။

"ဒီလက်စွပ်ကို မင်းပြန်ယူပါ"

"ဟင့်အင်း ..."





"ယူရမယ် ..."

သူက လက်ကိုလှမ်းဆွဲသည်။ လေရှူး ရှောင်ပစ်လိုက်သဖြင့် လွဲသွား၏။ ရှေ့ကိုတစ်လှမ်းတိုးလိုက်ပြီး လေရှူး ဝရန်တာနဲ့ကပ်သွားတော့မှ လက်ကို ဆွဲယူပစ်လိုက်သည်။ သူ့ကိုယ်တိုင် ပြန်စွပ်ပေးလိုက်၍ ...

"ဝါတို့အားလုံး ဘိုးဘိုး စိတ်ချမ်းသာဖို့ကြိုးစားနေကြတာမို့လား၊ အဲဒီအတွက် မင်း မယူချင်လို့မရဘူး၊ ချွတ်ထားချင်လို့လဲ မဖြစ်ဘူး၊ နောက်တစ်ခုက မင်းနဲ့ငါ ဟန်ဆောင်နေကြသည်ဖြစ်စေ၊ ဝတ္တရားအရဖြစ်စေ၊ အခု အသိသက်သေဖြစ်ထားကြတဲ့ လူကြီးတွေကို ဖွင့်ပြောအသိပေးပြီး အမှန်ကို ဝန်မခံကြသေးသရွေ့ မင်းကိုငါ သက်ဆိုင်တယ်"

တစ်ယောက်မျက်ဝန်းထဲကိုတစ်ယောက် စူးစိုက်ကြည့်နေမိကြ၏။ လက်စွပ်ဝတ်ပေးလိုက်ပြီး လေရှူး လက်ကလေးကို သူက မလွှတ်ဘဲ ဆုပ်ကိုင်ထားလျက်နှင့် ဆက်ပြောသည်။

"အဲဒီတော့ မင်းကို အမြင်မတော်တာရှိရင် ငါ့မှာ ပြောခွင့်ရှိတယ်၊ တားခွင့်ရှိတယ်၊ မင်းဘက်က နာခံရမယ့်ဝတ္တရားရှိတယ်"

"ရှင် ကျွန်မကို လင်အုပ်စီးနဲ့မပတ်သက်ဖို့ ပြောချင်တာလား"

သူ ခဏငြိမ်နေပြီးမှ ခေါင်းခါသည်။

"အဲဒီလောက်ထိ မဟုတ်ပါဘူး၊ မင်းနဲ့ငါတို့ ကြိုးစားတည်ဆောက်နေကြတဲ့ကိစ္စအခေါ်မှာ ထိခိုက်လာမယ့် အနေအထားမျိုးကို မင်းရှောင်ဖို့ပဲလိုတာ"

"ဒါဆိုရင် အခုတစ်ခုခါတည်း ကျွန်မ မေးချင်တယ်"

"ဘာလဲ"

"အခုကတော့ အခြေအနေအရ ဟန်ဆောင်နေကြတာပဲ၊ ကျွန်မတို့ စာချုပ်တဲ့ကာလ ပြည့်တဲ့အခါ အခြေအနေတွေ ဒီ့ထက်ခိုင်မာသွားကုန်ရင် ဘယ်လိုလုပ်မလဲ၊ ဥပမာ လက်ထပ်ဖို့ လူသိရှင်ကြားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်တာမျိုး၊ ဘယ်လိုမှငြင်းမရအောင် ဘိုးဘိုးက ညှပ်ပိတ်ပြီး စီစဉ်တာမျိုး"

ကျားလေး ဘာမှမဖြေခဲ့ပေ။

"ခုတောင်မှ လက်စွပ်တွေဝတ်ထားပြီးကြတဲ့ အခြေအနေဖြစ်ကုန်ပြီ"

"စိတ်ချပါ၊ မင်း လုံးဝမနစ်နာစေရဘူး"

"ဘာ ... ရှင် ဘာပြောတယ် ..."

"တိုးတိုးပြော ..."

လေရှူး အသံ စူးခနဲထွက်သွားသည်။ ပြီးတော့မှ ပင့်သက်ရှိုက်၍ အံကြိတ်ထားကာ ...

"ရှင် လူကို အဲဒီလောက်ထိ အထင်မြင်သေးတယ်ပေါ့၊ ဒီမှာ မင်းယောကျ်ား၊ ကျွန်မ ငွေမက်တာက အစက်အခဲဖြစ်လာရင် ရှင်းနိုင်ဖို့ ဘဝနဲ့လဲတဲ့အထိ ..."

"မင်း ဘာတွေပြောနေတာလဲ"

"ရှင်ပြောတာတွေကို ပြောတာပဲ၊ ရှင် ... ရှင် ... လူကို ..."

လေရှူး အသံကိုထိန်းနေရရင်း မျိုသိပ်မရတော့ဘဲ သူ့ရင်ဘတ်ကျယ်ကြီးကို လက်နှစ်ဖက်နှင့် အားရပါးရ တွန်းပစ်လိုက်မိသည်။ သူ ပက်ခနဲ လန်ကျသွား၏။ လေရှူး အားမရဘဲ နောက်ထပ်ဆောင့်တွန်းဖို့ ကြိုးစားတော့ လက်နှစ်ဖက်စလုံးကို သူက ဖမ်းဆွဲလိုက်၏။ နှစ်ယောက်စလုံး ယိမ်းယိုင်သွားကြပြီး တော်တော်နှင့် မငြိမ်သက်နိုင်။

"မင်း တော်တော်တဇွတ်ထိုးဆန်ပါလား လေရှူး၊ ငါပြောတာ အဲဒီအဓိပ္ပာယ်မဟုတ်ဘူး"

မငိုဘဲ ပြုံဆင်းလာခဲ့သော မျက်ရည်တွေက မထင်မှတ်စွာ အားကောင်းနေကြ၏။ ဖြတ်သန်းခဲ့ရသော ဘဝတစ်လျှောက်လုံးမှာ လူတွေ





အထင်ကြီးခံရတဲ့ဘက်မှာ လေရှူး မနေခဲ့ရပေ။ သို့သော် အထင်မြင်သေးခံရဖူးသမျှ သူ့စကားတွေ၊ သူ့အကြည့်တွေကျမှ လေရှူး မခံနိုင်။

ကျားလေး သက်ပြင်းချလိုက်ပြီး လေရှူး လက်ကို လွှတ်ပေးလိုက်သည်။

"ငွေစကားပြောတာကို ငါကိုယ်တိုင်မကြိုက်တဲ့ကောင်၊ မင်း ဘာဖြစ်လို့ အဲဒီလိုထင်တာလဲ၊ နောက် ဘယ်တော့မှ ပြဿနာကို အစက မဖော်နဲ့၊ မင်း မနစ်နာစေရဘူးဆိုတာ ငါ ထပ်မရှင်းတတ်ဘူး၊ ဒါပေမယ့် ငါပြောတာကို ငါသိတယ်"

လေရှူး က သူ့ရှေ့မှာ မျက်ရည်ကျခဲ့တာကို မခံချင်သည့်ပုံနှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်၏။

"အုပ်စီးနဲ့ငါ ဘယ်လိုပတ်သက်လဲ၊ သူပြောလား"

"မသိဘူး"

"ညီအစ်ကိုဝမ်းကွဲတော်တယ်"

လေရှူး အံ့ဩသွား၏။ ဒါကို တကယ်မသိခဲ့ပါ။ တော်စပ်မှုတစ်ခုခု ရှိခဲ့ရင်တောင်မှ ဒီနှစ်ယောက် ဒီလိုတော်စပ်နေမည်ဟု မထင်။

"သူ မင်းကိုသိနေတာကို ငါသိတယ်၊ မင်းဘက်က ဘယ်လိုရင်းနှီးခဲ့သလဲဆိုတာတော့ မသိဘူး၊ လူကြီးတွေ ဘာလိုလိုထင်စရာတွေ ဖြစ်ကုန်အောင် မင်းမနေပါနဲ့"

လေရှူး ဘာမှပြန်မပြောရသေးဘဲ သူ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၈)

ဖုန်းပြောနေသံကြားသဖြင့် နားထောင်နေသလိုဖြစ်နေမှာစိုး၍ ထိုနေရာမှ ခပ်သုတ်သုတ်ဖြတ်လျှောက်ခဲ့မိသည်။ သို့သော် ...

"မမြတ် မသိဘူးဆိုတာ ကျွန်မယုံပါတယ်၊ အုပ်စီ၊ ကို မမြတ် အစကတည်းက နိုင်ခဲ့တာမှမဟုတ်တာ၊ ဒါပေမယ့် တစ်ခုတော့ ပြောပြပေးပါ၊ လေရှူး က အခု အဖေ့အတွက် အသက်ကယ်ဆေးလို အရေးကြီးနေတဲ့ မိန်းကလေးပါ၊ အဖေ့ကျန်းမာရေးအတွက် ကျွန်မတို့ ဘာဖြစ်ဖြစ် ပေးဆပ်ကြဖို့ဆုံးဖြတ်ပြီးမှ လက်ထပ်ပေးဖို့ကို သဘောတူခဲ့ကြတာလေ"

"..............................."

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒါကို မမြတ်သိထားရုံနဲ့ မပြီးဘူးလေ၊ မမြတ်က စိုးရိမ်လို့မရဘူးဆိုရင် အစ်ကိုအောင်လင်း ကိုပြောပြပြီး တားပေးပါ၊ ဒီကိစ္စတွေကို ကျွန်မက လတ်တလောဖြေရှင်းလိုက်ရုံနဲ့ပြီးသွားမယ်လို့ ထင်ခဲ့တယ်၊ ပြီးတော့ မမြတ်နဲ့ တိုင်ပင်ပြောဆိုနေကျမို့လို့ ဒါတွေကို ပြောပြခဲ့တာပါ၊ အုပ်စီး ပုံစံကြည့်ရတာ ဒါကိုသိလို့ ရဲရဲတင်းတင်း





ပါဝင်လာရဲတဲ့ပုံမျိုး"

ဖုန်းပြောနေရင်း ဒေါ်သဇင်က ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"အဲဒီမှာ ထိုင်နေဦး"

လေရှူး ခြေလှမ်းတွေ အတွင်းဘက်ရောက်နေကာမှ တုံ့ရပ်သွားခဲ့သည်။

"နောက်ဆုံး မြေးအစစ်ပေါ်မလာတော့ဘူးဆိုရင် လေရှူး ကိုပဲ မြေးနေရာမှာထားမှာ၊ ကျားလေးနဲ့ပဲ လက်ထပ်ပေးမှာလေ၊ ယုံကြည်တာ မယုံကြည်တာ၊ စစ်တာ မစစ်တာက ထားလိုက်ရတော့မယ့်အပိုင်းဆိုတော့ ကျွန်မတို့မိသားစုပြဿနာထဲမှာ အုပ်စီး ကို ကြားမဝင်စေချင်ဘူး၊ လတ်တလောမှာ အခြေအနေအရဖြစ်ပေမယ့် ဒီတိုင်းပဲသွားတော့မို့တွေ ရှိတယ်၊ မမြတ် ... အဲဒါတွေကို အုပ်စီး သိအောင် ကြိုးစားပေးပါ"

အတော်ကြီးကြာမှ ဖုန်းချပြီး ဒေါ်သဇင် ဒီဘက်လှည့်လာသည်။

"ထိုင်လေ ..."

ရပ်နေဆဲရှိသည့် လေရှူး ကိုထိုင်ဖို့ မေးဆတ်ပြပြီး သူမပါ ဝင်ထိုင်၏။ ထို့နောက် ဘာစကားတွေနဲ့မှ ပတ်ပျိုးမနေဘဲ လေရှူး မျက်နှာကိုကြည့်၍ ....

"တို့တွေ၊ အဖေ စိတ်ချမ်းသာဖို့ ဝိုင်းဝန်းကာကွယ်နေကြတယ်ဆိုတဲ့ ဟန်ဆောင်တာ၊ တာဝန်ထမ်းဆောင်တာ အားလုံးကို မင်း မေ့ သိုက်စေချင်တယ်"

လေရှူး ဘာမှပြန်မမေးဘဲ နားထောင်နေခဲ့သည်။ ဒေါ်သဇင် ကပဲ ဆက်ပြော၏။

"မင်းရဲ့အဖေပေါ် လာလို့ မင်းကို အဖေ့ရဲ့မြေးအဖြစ်ယုံလိုက်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းအတွက် အာမခံချက်တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ ပေးနိုင်တယ်၊ အဲဒါဘာလဲဆိုတော့ မြေးအစစ်မပေါ်ခဲ့လို့ ကျားလေးနဲ့မင်း လက်ထပ်တဲ့အထိ ဖြစ်သွားခဲ့ရင် ...”

“အို ... အဲဒီအထိ လေရှုး က ...”

“ဖြတ်မပြောနဲ့လေ၊ အဲဒါ စည်းကမ်းမဲ့ခြင်းတစ်မျိုးပဲ၊ ပြီးအောင်နားထောင်”

ဒေါ်သဇင် က ရုပ်ရည်ရော၊ နေထိုင်ပုံရော သန့်သန့်ခန့်ခန့်ပဲဖြစ်သည်။ စကားပြောရာမှာလည်း မောက်မာတာမျိုးမဟုတ်ပေမယ့်သြဇာဂုဏ်အပြည့်ရှိသည်။

စိတ်ထဲမှာ နည်းနည်းတင်းသွားသော်လည်း လေရှုး ငြိမ်နေလိုက်ရသည်။

“မင်း ... မင်းရဲ့ လိုအပ်ချက်တစ်ခုအတွက် ဒီအလုပ်ထဲမှာပါလာခဲ့ပေမယ့် အဖေ့အပေါ်မှာ သံယောဇဉ် အထိုက်အလျောက်တော့ ရှိနေမှာပဲလို့ ငါထင်တယ်၊ အဖေနဲ့ပြောဆိုတဲ့အခါ ပြုစုပေးနေတဲ့အချိန်၊ အဲဒီအချိန်တွေမှာ မင်း သရုပ်ဆောင်တာတွေချည်းပဲ မဖြစ်နိုင်ဘူးလို့ အကဲခတ်မိခဲ့တာ ငါ မမှားဘူးထင်ပါတယ်”

လေရှုး ငြိမ်သက်နေခဲ့၏။

“နောက်တစ်ခုက တည့်တည့်ပြောရင် မင်းစိတ်ဆိုးမှာပဲ၊ ဒါကို သိုင်းဝိုင်းပြောနေရင်လဲ လိုရင်းကို ရောက်မှာမဟုတ်တော့ဘူး၊ အဲဒီတော့ ဆောရီး လို့ အရင်ပြောမယ်၊ သည်းခံပြီးနားထောင်ပါ”

ခဏငြိမ်နေလိုက်ပြီးမှ ဒေါ်သဇင်က ဆက်ပြော၏။

“ကျားလေးလို လူတစ်ယောက်နဲ့ မင်းလက်ထပ်လိုက်ရတဲ့အတွက် သိပ်နစ်နာဖို့မရှိဘူးလို့ ငါထင်တယ်”

လေရှုး မျက်လုံးတွေ စူးစူးရဲရဲ ဝင့်တက်လာ၏။ နှုတ်ခမ်းတွေ လှုပ်ခတ်လာတော့ ဒေါ်သဇင်က ‘ဆောရီး’ ဟုပြော၍ လက်ကာပြ၍





ဆက်ပြော၏။

“လက်ထပ်ပြီးတဲ့နောက်မှာ မြေးအစစ်ဆိုတာပေါ်လာရင်လဲ အဲဒီမြေးက အဖေ့ရဲ့ မြေးနေရာကိုပဲ ဝင်လို့ရမယ်၊ ကျားလေးရဲ့ ဇနီးက မင်းပါပဲ၊ ဒါက လက်ထပ်ပြီးခဲ့ရင်ပြောတာ၊ လက်ထပ်အံ့ဆဲဆဲဖြစ်ဖြစ် လက်မထပ်ရသေးမီ အချိန်တစ်ခုခုမှာဖြစ်ဖြစ် မြေးအစစ်ရောက်လာရင်တော့ မင်း ဖယ်ပေးရမယ်၊ အဲဒီအတွက် မင်းတစ်သက်လုံး မမှန်းနိုင်ခဲ့တဲ့ ဘဝမျိုး တန်းရောက်သွားအောင် ငါလုပ်ပေးမှာ”

“ကျွန်မ ...”

“မင်း မာနကြီးတာကို ငါသိတယ် လေရှုး၊ ငါတို့မှာလည်း မာနတွေနဲ့ပဲ၊ မင်းရဲ့ အဆင့်အတန်းလောက်နဲ့ ငါ့ရဲ့တူကို လက်ထပ်ပေးလိုက်ဖို့အထိ ဆုံးဖြတ်ခဲ့တာ အဖေ့ကြောင့်ပဲ၊ အခု စခဲ့တဲ့ခရီးမှာ လမ်းတစ်ဝက်မှာပဲ မင်း ဆင်းကျန်ခဲ့လို့မရတော့ဘူး၊ လူတစ်ယောက်ရဲ့ အသက်သေဆုံးသွားနိုင်တာသိရက်နဲ့ မင်း မာနကြီးပြနိုင်တယ်ဆိုရင်တော့ ငါတို့မှာ တားခွင့်မရှိဘူးပေါ့”

လေရှုး ပြောရခက်သွားလေသည်။

“ငါ ပြောချင်တာက လက်ထပ်ဖို့ကိစ္စကိုပဲ အဖေက လုံးပမ်းနေတော့ မင်းက မင်းရဲ့နစ်နာမှုအတွက် မဖုံးနိုင်၊ မဖိနိုင် စကားတွေမှားကုန်မှာစိုးတာ၊ လက်မထပ်နိုင်ပါဘူးလို့ သက်ရောက်စေတဲ့စကားတစ်ခွန်းတစ်စမှ မဟာမိပါစေနဲ့၊ တကယ်ဆိုရင် မင်းနဲ့ကျားလေး လက်ထပ်ပြီးမှ မြေးအစစ်ပေါ်လာရင် ငါတို့ဘက်ကတောင်မှ ရသင့်တာတွေ ဆုံးရှုံးရဦးမှာ၊ သွေးဆိုတာက အရင်းအဖျားရှိတယ်လေ”

“ဘယ်ဘက်ကမှ မကောင်းတဲ့ကိစ္စကို ဒီထက်ရင့်သန်မလာခင် ရှေ့မဆက်ကြတာ ကောင်းပါတယ်၊ ကျွန်မ ဒီတိုင်းပဲနေသွားပြီး လက်ထပ်ဖို့ကိစ္စတစ်ခုကိုပဲ နှောင့်နှေးအောင် ကြိုးစားကြည့်ပါရစေ၊ အဲဒါ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းနဲ့ မဖြစ်ဘူး"

"တွေးမိတာပေါ့ လေရှုးရယ်၊ တို့က လူကြီး၊ မင်းတွေးမိတာက နောက်ကျနေသေးတယ်၊ ဒါပေမယ့် မဖြစ်ဘူး၊ အဖေ့စိတ်ထဲမှာ သူမသေခင် သူ့မြေးလေးကိုတွေ့ပြီး အဖြစ်ဆိုးသွားတဲ့ မေမြတ်ရှင်အတွက် အတိုးချပြီး ပံ့ပေးချင်တာ၊ စည်းစိမ်တွေကို ခံစားစေချင်တာ၊ ပြီးတော့ ကျားလေးကို သူချစ်တယ်၊ မြေးအတွက် စိတ်ချချင်သလို ကျားလေးကိုလဲ တခြားရောက်မသွားစေချင်ဘူး၊ လက်ထပ်ဖို့အတွက် အပြင်းအထန်လုံးပမ်းနေတာ အဲဒါပဲ၊ အဓိကကတော့ သူ့ရဲ့ကျန်းမာရေးကို သူ စိတ်မချတာပါ"

ဘိုးဘိုးအကြောင်းပြောနေသည့် ဒေါ်သဇင့် မျက်ဝန်းတွေမှာ လေးစားချစ်ခင်မှုတွေ ပြည့်သိပ်လျှက်ရှိသည်။ ပြီးတော့ ဆက်ပြောနေသေးသည်။

"ငါက အဖေနဲ့ သွေးမတော်ပါဘူး၊ ဒါပေမယ့် ငါ့ရဲ့အဖေလိုပဲ သဘောထားတယ်၊ အမွေနဲ့ပတ်သက်ပြီး အစက လောဘစိတ်တွေ ဖြစ်ခဲ့ဖူးတာလဲ မှန်တယ်၊ အခုတော့ ကျားလေးကို အဖေ တကယ်ချစ်နေတာကို သိရလေ၊ ငါ့ဘက်က ဖြူစင်ချင်လေပဲ၊ ဥစ္စာပစ္စည်းဆိုတာ ရထိုက်မှ ရတာမျိုးပါ၊ ဘယ်လောက်ပဲ လောဘတက်နေနေ စားထိုက်မှ စားရတာ၊ အဖေ စိတ်ချမ်းသာရင် ပြီးတာပါပဲ၊ မင်းနဲ့ကျားလေး လက်ထပ်ပြီးမှ မြေး ပေါ် လာရင်လဲ မင်းတို့နှစ်ယောက်စလုံးကို အသာလေး ဖယ်ပေးလိုက်ရုံပဲ၊ အဲဒီအချိန်မှာ ငါတို့တူဝရီးရဲ့ ဖြူစင်မှုကို ပြခွင့်ရမှာပေါ့"

သူတို့ ဇယားဆွဲလိုက်တဲ့ မေတ္တာခံယူပွဲကြီးထဲမှာ လေရှုး ကဘာလဲ။ မတတ်နိုင်ပါ။ သူမ ကလည်း ဘိုးဘိုးကို ချစ်နေခဲ့ပြီမို့ ....။





အခန်း (၄၉)

"မင်းကို မချစ်ရဘူးလို့ ပြောနေတာမဟုတ်ဘူး အုပ်စီး၊ အဲဒီ မိန်းကလေးကို ရှောင်ဖို့ပြောတာ"

"..................."

"ကျွတ် ... မင်းကွာ"

ဖုန်းပြောနေသည့် ဦးအောင်လင်းမျက်နှာမှာ အားမလိုအားမရ၊ မချင့်မရဲနှင့် နီသွားလိုက်၊ စုတ်သပ်ပစ်လိုက်နှင့်။ ဒေါ်မြတ်နိုး ထိုင်လျှက်ကနေ ထရပ်လိုက်မိတော့သည်။ အုပ်စီး ဘာတွေပြန်ပြောနေပါလိမ့်။

"အုပ်စီး .. မင်းအခု ဘယ်မှာလဲ၊ မင်းကို ငါ စကားအေးအေးဆေးဆေး ပြောချင်တယ်"

"...................."

"ဘာကွ ..ဘာသွားလုပ်တာလဲ၊ အဲဒီကို ..."

"......................"

"အုပ်စီး၊ မင်း ငါ့ကို အဲဒီလောက်ထိ လေးစားတယ်ပေါ့၊ အေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ပေါ့ကွာ”

ဒေါ်သနင့်ချလိုက်တော့ ဖုန်းချသံက ဝှပ်ခနဲ မြည်သွား၏။

“ဘာတွေဖြစ်နေတာလဲ ကို ...”

“ဟိုကောင်ပေါ့ကွာ၊ မော်လမြိုင်သွားသတဲ့”

“ဟင် ... ဘာသွားလုပ်တာလဲဟင်၊ အဲဒါ ကိုက အစုမှသိတာလားဟင်”

“ဟုတ်တယ်၊ အဲဒီလို ဖအေကို လေးစားတာ၊ သူငယ်ချင်းမင်္ဂလာဆောင်ကို လိုက်သွားတာတဲ့၊ မနှောမြတ်က ကောင်မလေးအကြောင်းကို အပြောတောင်မခံဘူး”

ဦးအောင်လင်း ပုဆိုးစနှစ်ဖက် မ,၍ ဆိုဖာမှာ စိတ်တိုတိုနှင့်ထိုင်ချလိုက်သည်။ ဒေါ်မြတ်နိုးလည်း လိုက်ထိုင်လိုက်ကာ ...

“ဘယ်လိုအပြောမခံတာလဲ ကို၊ မဟုတ်ဘူးတဲ့လား၊ သူ မဟုတ်ဘူးတဲ့လား”

“ဘယ်ကလာ မဟုတ်ရမှာလဲ၊ အဲဒီမိန်းကလေးကိုပဲ သူ ချစ်တယ်တဲ့၊ ရအောင်ယူမှာတဲ့”

“ဟင် ...”

“ဒီကောင်ရှဲ့တာ၊ ဖအေကို သင်းက ဘာမှတ်နေသလဲမသိဘူး တားရင် ပိုလုပ်တယ်၊ လုပ်ပါ တိုက်တွန်းရင် တစ်လှမ်းမှ ရှေ့မတိုးချင်ဘူး၊ တောက် ...”

ဒေါ်မြတ်နိုး မျက်နှာငယ်သွားလေသည်။ သဇင်တို့ဘက်ကလည်း ဒီကိစ္စကိုပဲ တားပေးဖို့ ပြောထားခဲ့သည်။ တကယ့်အကြောင်းဖြစ်လာလျှင် အုပ်စီး က သဇင့်ဘက်ကဆွေမျိုး ဖြစ်နေသည်။ ထို့ကြောင့် သဇင် မကျေနပ်တာ အပြစ်မဟုတ်ပါ။

“ဒီကောင်ကိုက အကျင့်မကောင်းတာပါ”





ဦးအောင်လင်းအသံ ပြန်ပေါ်လာသည်။ ခဏခဏ တက်ခေါက်၍ ပြန်ထရပ်လိုက်ပြန်သည်။

“ဘယ့်နှယ် ... ကျားလေးနဲ့မှ အပြိုင်အဆိုင်သွားဖြစ်ရတယ်လို့၊ ဒီကောင် ကျားလေးကိုများ တမင်တကာ ပြိုင်ချင်တာလား”

တစ်ယောက်တည်းပြောရင်း ‘ဒါလဲ မဖြစ်နိုင်ပါဘူး” ဟု တွေးမိပြန်သည်။ ကျားလေးကိုအားကျဖို့ ဟိုတုန်းကတည်းက နှိုင်းယှဉ်ပြီး သူ အမြဲပြောနေကျ။ မခံချင်စိတ်နဲ့ ကြိုးစားဖို့ဖြစ်သည်။ အုပ်စီး ဘယ်တုန်းကမှ မခံချင်စိတ်ဖြစ်ခဲ့တာ မရှိပေ။ ကြိုးစားဖို့က အဝေးကြီးပဲဖြစ်၏။ ခုကျမှ ပြိုင်ဆိုင်ချင်တာ မဖြစ်နိုင်။

“ဒါတွေဖြစ်နေရတာ မြတ် ကြောင့်ပါ ကို”

ဦးအောင်လင်း ပြောချင်ရာပြောနေပြီးမှ ဒေါ်မြတ်နိုး ၏ ကြေကွဲသံလေးထွက်လာတော့ လှည့်ကြည့်၏။

“သားကို အစ်ကို ပြောမရဆိုမရဖြစ်နေတာတွေအားလုံးက မြတ်နဲ့လက်ထပ်လိုက်လို့ပါ”

“အဲဒါကိုက တမင် နားကောက်နေတာကွ၊ မင်းက သူစိမ်းလား၊ သူ့အဒေါ် အရင်းတစ်ယောက်ကို မိထွေးတစ်ယောက်လို သဘောထားလို့ရမလား”

“အဲဒါလဲ မြတ်ရဲ့ကံပါပဲ၊ သားရဲ့မေတ္တာကို မြတ် မခံစားထိုက်လို့ပါ”

“မဟုတ်ဘူး၊ ဒီကောင်ကိုက မေတ္တာထားရမှန်း မသိတာ၊ ကိုယ့်ကိုရော အဖေတစ်ယောက်ရယ်လို့ ဂရုစိုက်လေးစားတာ မင်းတွေ့လို့လား၊ ရည်းစားတွေထား၊ ရှုပ်ပွေနေတာလဲ ကြည့်ဦး၊ ဘယ်မိန်းကလေးကို ချစ်ပါတယ်၊ ကြိုက်ပါတယ် ရှိခဲ့သလဲ၊ ခုကျမှ တားလိုက်လို့ ဇွတ်တိုးချင်တာ၊ မရဘူး၊ ဒီကိစ္စကိုဖျက်မှ ဖြစ်မယ်”

ထိုစကားမဆုံးမီ ဖုန်းသံက ထမြည်လာ၏။ နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆီသို့ လှမ်းကြည့်လိုက်မိကြသည်။ ဦးအောင်လင်း က ဖုန်းကို စိတ်မပါစွာ ကောက်ကိုင်၏။

"ဟဲလို .."

"ဖေဖေ ..."

"ဩော် ... ဩော်၊ ကန့်လန့်တိုက်ဖို့ စကားကျန်နေလို့လား"

"နည်းနည်းပါ"

ဦးအောင်လင်း မျက်မှောင်ကုတ် အံကြိတ်လျက် နားထောင်နေလိုက်သည်။

"ဖေဖေ .. ဘာဖြစ်လို့ ဒေါပွနေတာလဲ၊ ဖေဖေ့ကျတော့ လုပ်ချင်တာလုပ်ခဲ့တာ"

"အုပ်စိး ... ငါထင်ရာလုပ်တာ မဟုတ်ဘူးကွ၊ မင်းအတွက် ပြန်ငဲ့ခဲ့တာ၊ မင်း ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အုပ်ထိန်းသူမဲ့မှာစိုးလို့၊ မင်းရဲ့ အဒေါ်အရင်းကို ငါ လက်ထပ်ခဲ့တာ"

"ဖေဖေ့အတွက် နည်းနည်းမှမပါဘူးပေါ့"

"အုပ်စိး ..."

"သိစေချင်လို့ပါ၊ လိုချင်ရင် ဘယ်အရာကိုမှ အပြည့်အဝမရတာ်ဘူးဆိုတာ ဖေဖေလဲ ကြုံခဲ့တယ်၊ အခု ကျွန်တော်လဲ ဒီလိုပဲ"

"မင်း ငါ့ကို ဥပမာတွေ၊ အလင်္ကာတွေနဲ့ ငြီကာချီ့မနေနဲ့ မင်း တစ်လျှောက်လုံး ဘာလုပ်လုပ် ငါ ဘာမှမပြောခဲ့ဘူး၊ အခုပြောတာက သူများမိသားစု အတွင်းရေးနဲ့ပတ်သက်နေလို့"

"လေရှူး က မိသားစုမရှိပါဘူး၊ သူတို့က ဆွဲသွင်းနေကြတာ"

"ဟော့ ... ဘာဖြစ်ဖြစ် မနောမြတ်စံအိမ်နဲ့ မင်းကို မရှုပ်စေချင်လို့ တားနေတာ"

"လေရှူး နဲ့မနောမြတ်စံအိမ် ဘာမှမပတ်သက်ဘူးဆိုတာ ဖေဖေ





မယုံဘူးလား"

"အုပ်စိး ... ငါ လုံးဝသဘောမကျဘူးနော်၊ မင်း ....."

"ဖေဖေ သဘောကျဖို့မှ မလိုတာ၊ ကျွန်တော်ယူမှာလေ"

"တောက် ..."

"ဒီကိစ္စကို တခြားနည်းတစ်ခုခုနဲ့ ဖေဖေ ဖျက်ဖို့ကြံနေမှာစိုးလို့ ဖုန်းဆက်တာ၊ အခြေအနေတွေ ဒီ့ထက်ပိုဆိုးမသွားစေချင်ရင် ဖေဖေ မသိသလိုပဲ နေလိုက်ပါ၊ ဒီကိစ္စကို လေရှူးနဲ့ကျွန်တော် နှစ်ယောက်တည်း ရှင်းလို့ရတယ်၊ လူမသိဘူးပေါ့"

ပြောပြီး သူ ဖုန်းချလိုက်သည်။ နှုတ်ခမ်းမှာ ခပ်ချဉ်ချဉ်အပြုံးတစ်ခု တင်ကျန်ခဲ့၏။ ထွတ်ဦး က ကားမောင်းနေရင်း လှည့်ကြည့်သည်။ နောက်ခန်းထဲမှ စိုးပြေးလာကာစ ဇနီးမောင်နှံ အသစ်စက်စက်တို့လည်း ကြားနေကြရသည်။

"ဘာလဲ၊ မင်းက ရှုံ့နေတာလား၊ တကယ်ဖြစ်နေတာလား"

"ရှုံ့စရာလား"

ပြော၍ အုပ်စိး က ကုရှင်မှာ ခြေပစ်လက်ပစ် မှီလိုက်သည်။

"ဘာလဲ အုပ်စိး၊ မင်းက တကယ်မိန်းမယူတော့မှာလား"

နောက်ကနေ ကျောင်းနေဘက်သူငယ်ချင်း စည်သူ က မျက်နှာ ရှေ့တိုးလာပြီး မေး၏။ အုပ်စိး မျက်နှာက တည်တည်တံ့တံ့ ဖြစ်နေလျက် ခေါင်းခါသည်။

"ငါ့ဘက်က သေချာနေတာပါ"

"ဟာ .. အဲဒီလိုမာနိုင်တဲ့ မိန်းကလေး ရှိလို့လား"

အုပ်စိး အစား ထွတ်ဦး က စည်သူ့ ကို နောက်ပြန်လှည့်ကြည့်ပြီး မဲ့ပြသည်။ ညမှောင်မှောင်မှာ မိုးရိပ်တွေရှိနေသဖြင့် လမ်းက ပိုမည်းနေသလိုပင်။ ထွတ်ဦး က ကားမီးအတိုင်း ရှေ့ကိုကြည့်လိုက်၊ နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်နှင့် ...။

"မကြုံဖူးဘူးမို့လား။ နောက်ဆို ပိုယုံသွားလိမ့်မယ်၊ နာမည်ကိုက ဆောင်းလေရူး တဲ့၊ လူကတော့ ဘာမှမဟုတ်ပါဘူး၊ ဒါပေမယ့် ခုနစ်ပြည်ထောင်မင်းတွေ စစ်ခင်းလုကြတဲ့ ပဥ္စပါဝီလိုပေါ့၊ ဒီဘက် နှစ်ဆယ့်တစ်ရာစုမှာ ကောင်မလေးက လှလဲလှတော့ မင်းယောကျ်ားနဲ့ လင်းအုပ်စီး ဆိုတဲ့ မင်းသားနှစ်ပါး စစ်ခင်းလုကြမှာလေ"

"ဟိတ်ကောင် ... ပွါးစပ်ပိတ်ပြီး ရှေ့တည့်တည့်ကြည့်မောင်း"

"ဟား ဟား ...မဲပြီ တွေ့လား"

ထွတ်ဦး ကရယ်ရင်း ပခုံးတွန့်လိုက်၏။ စည်သူ ကလည်း ရယ်နေလျက် ...

"အုပ်စီး တောင် အဲလောက်ဖြစ်နေတာ၊ ဆောင်းလေရူး ဆိုတာ တော်တော်လှမှာ သေချာပါတယ်"

ထွတ်ဦး က မဲ့မဲ့ကြီးခေါင်းညိတ်ပြီး ကြောက်လန့်ဟန်နှင့် ဇက်ပုသွား၏။

"ဘာဖြစ်တာလဲ"

အုပ်စီး က မျက်လုံးတွေ မှေးစင်းကြည့်ပြီး ဘုဆတ်ဆတ်မေး၏။

"မဖြစ်ပါဘူးကွာ၊ မင်းကိုငါ မကဲ့ရဲ့တော့ပါဘူး၊ တကယ်ပါ၊ အစက ကောင်မလေးကို ငါ အထင်လွဲနေခဲ့လို့၊ အခု ရှင်းသွားပါပြီ"

"ဖောင်း ....."

"ဟာ ..........."

"အမလေး ...."

"ဘီးပေါက်ပြီ"

အော်သံတွေ ဆူညံသွား၏။ ကားက ဘေးမှာစောင်းကျသွားပြီး ရပ်သွားလေသည်။ ထိုစဉ် မိုးဖွဲလေးတွေ ကျနေပြီဖြစ်၏။





"ဘီးအပိုပါလား"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပေမယ့် အုပ်စီး က ကူရှင်မှာမှီနေရာက မလှုပ်ဘဲမေး၏။

"ဘီးက တစ်ဘီးပဲပါတာမပေါ့ကွ၊ မင်းပဲ ဘီးလင်းကထွက်တော့ မင်းမိတ်ဆွေဆိုပြီး ဟိုကားအတွက် ဘီးဖြုတ်ပေးလိုက်တာလေ"

"မဟုတ်ဘူးကွာ၊ မိုက်အောက်မှာ တစ်ဘီးပါသေးလားမေးတာ"

"ထွက်လာကတည်းက ကြည့်ပြီးပြီ၊ မပါဘူး"

ထွတ်ဦး ဒေါသဖြစ်ချင်လာသည်။ ကိုယ်က သူ့ကားကိုမောင်းပေးရတာ၊ ခွေးသည်လိုပဲ ပြန်မေးနေတော့ မခက်ဘူးလား။

ထိုအခါကျမှ အုပ်စီး နေရာမှထတော်မူ၏။ ကားအောက်ဆင်းပြီး ပတ်ဝန်းကျင်ကို လိုက်ကြည့်သည်။ ပြီးတော့ လက်ကနာရီကို မြှောက်ကြည့်၍ ....

"ကိုးနာရီကျော်နေပြီကွ"

ပြောရင်း ကားထဲက စုံတွဲကိုလည်း ကြည့်မိသည်။ သူတို့ကို မော်လမြိုင်ကို ချောချောမောမော ပို့ပေးချင်တာပါ၊ ဒါပေမယ့် ဒီညတော့ မလွယ်တော့ပေ။

"စည်သူ ... မင်းတို့ ဟိုဘက်ကရွာမှာ ခဏသွားနားကြပါလား"

"ဘာ .. ခဏ .. ဟုတ်လား"

ထွတ်ဦးက တအံ့တဩမေး၏။ အုပ်စီး က ထွတ်ဦး မျက်နှာကြီးကို လက်ခုံနှင့်ဖိကပ်တွန်းပစ်လိုက်ကာ ...

"ငါတို့က ဒီမှာနေမှာပဲ၊ ကားတစ်စီးလာရင် ဘီးငှားလို့ရတယ်၊ မဟုတ်လဲ တစ်ခုခုစီစဉ်လို့ရသေးတယ်၊ ခဏမဟုတ်ဘူးလား အဲဒါ ..."

"ဖြစ်ပါ့မလား ကိုစီးရဲ့၊ အေး တို့ကို ညကြီးမင်းကြီးမှာ လာခဲ့ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကနေ နှစ်ယောက်စလုံး ဆင်းလာကြပြီး အေးမြမှု က စိုးရိမ်သံလေးနှင့် ပြော၏။

"ဘာလို့ လက်မခံရမှာလဲ၊ မင်းလက်ကောက်တွေ၊ ဆွဲကြိုးတွေသာ ခဏချွတ်သိမ်းလိုက်၊ တော်ကြာ ညအိပ်လက်ခံပြီး ဓားပြတိုက်နေမှ ခက်မယ်"

"အို ..."

"မင်းက တစ်မျိုး"

စည်သူက ထွတ်ဦး ကို မျက်စောင်းထိုး၍ အေးမြမှု ပခုံးလေးကို လှမ်းဖက်လိုက်၏။ အုပ်စိုး ကတော့ မီးရောင်တွေမြင်နေရသည့် ရွာဘက်ကိုပဲ လှမ်းကြည့်၍ ....

"ရွာက သိပ်ခေါင်ပုံမပေါ်ပါဘူး၊ လျှပ်စစ်မီးတွေ ဘာတွေနဲ့ပဲ၊ ဓားပြတိုက်လဲ ချွတ်ပေးလိုက်ပေါ့၊ လူကိုမထိရင် ပြီးတာပဲ"

"လာပြန်ပြီကွာ .."

စည်သူက သူ့ဇနီးအသစ်ကျပ်ချွတ်လေး ကြောက်လန့်သွားမှာကို အသေအလဲ စိုးရိမ်နေပုံနှင့် ရှုံ့မဲ့နေရှာ၏။ ဒါပေမယ့် သွားကြရတာပဲ ဖြစ်လေသည်။

"မင်း လိုက်ပို့လိုက်"

အုပ်စိုး က ထွတ်ဦး ကို တာဝန်ပေး၏။ ထွတ်ဦး က ခေါင်းခါသည်။

"မင်းတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"ဘာဖြစ်သွားနိုင်လို့လဲ၊ ယောကျ်ားလေး ..."

"စည်သူလဲ ယောကျ်ားပဲကွ၊ သူ့ပစ္စည်းသူ စောင့်ရှောက်ပေါ့။ နှစ်ယောက်ချင်းမျှပါတယ်"

ထွတ်ဦး က အမြဲတမ်းသူငယ်ချင်းပီသတဲ့သူ ဖြစ်သည်။ လိုအပ်လျှင် ရှိသေလိုက်သေးသည်။ သူငယ်ချင်းလိုဆက်ဆံကြတော့ စကား





နိုင်လုလိုက်၊ မဲ့လိုက်၊ ရွဲ့လိုက်။

အုပ်စိုး ကိုအကျိုးယုတ်အောင် ဘယ်တုန်းကမှ မလုပ်ခဲ့တာတော့ သေချာ၏။ သို့သော် နှစ်ယောက်တည်းကျန်ခဲ့ကြပြီး သိပ်မကြာလိုက်ပါ။ ရွာဘက်ဆီမှ ဆူညံသံတွေ ကြားလိုက်ရ၏။ ကားဘေးမှာပဲ ရပ်နေဆဲရှိသည့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဘာတွေဖြစ်ကုန်တာလဲ"

"မသိဘူး၊ သွားကြည့်မယ်"

အုပ်စိုး ကပြောရင်း ကားတံခါးတွေကို ပိတ်ပစ်လိုက်၏။ နှစ်ယောက်သား ရွာဘက်သို့ အပြေးတစ်ပိုင်းသွားခဲ့ကြသည်။ ရွာမရောက်မီ လမ်းကြောကျဉ်းကျဉ်းထဲမှာ ပုဆိုးမနိုင်ဘဲ ယိမ်းထိုးလျှောက်လာသည့် အရက်မူးသမားတစ်ယောက်နှင့် ရင်ဆိုင်မိကြ၏။

"ဟောက် .. ငါ့ကိုများ မပေါင်းနိုင်ဘူး တဲ့၊ မိမြလှ .. ဟေ့ .. မင်းမှတ်ထား ..."

လူကြီးတစ်ယောက်ဖြစ်ကာ သူတို့နဲ့ မလှမ်းမကမ်းကျမှ ရွာဘက်ကို ပြန်လှည့်ကြည့်ပြီး လက်သီးလက်မောင်းတန်း၍ အော်နေသေးသည်။

"မင်းရဲ့သမီးကို ငါက ဟိုးအရင်ကတည်းက နွားကျခံပြီး ကျွေးမွေးလာခဲ့ရတာ၊ အေ့ ... ခု .. ခုကျမှ ပထွေးနဲ့ မသင့်တော်လို့ .. ဟုတ်လား၊ ထွီ ... အမိပွာယ်မရှိလိုက်တာ ... အေ့ ..."

အော်လိုက်၊ ယိမ်းထိုးရင်း လဲကျလုလုဖြစ်သွားတာကိုထိန်း၍ ပြန်မတ်လိုက်နှင့် လူကြီးက အရှိန်ကောင်းနေသည်။ ထွတ်ဦးနှင့်အုပ်စိုး တို့မှာ လမ်းကကျဉ်းတော့ ဒီလူကြီး ခြေကားရားလက်ကားရား လုပ်နေတာကို ရပ်စောင့်နေရသည်။ တိမ်းရှောင်သွားတော့ ဘေးမှာ ချုံပုတ်တွေက တိုးရဲစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ်၊ ဒီကောင်သိတယ်"

သူ့ရင်ဘတ်ကို တဗုန်းဗုန်းပုတ်၍ အော်ပြန်သည်။

"မင်းတို့သားအမိ ဘာတွေကြံနေကြသလဲ၊ ငါ .. အေ့ .. ငါသိတယ်၊ ဟော့ .. ဒီမှာ .. မူးနေပေမယ့် ဒီနေ့ထိ ငါမျိုသိပ်နေခဲ့တာနော်၊ ဟဲ ဟဲ၊ မင်း ငါ့ကိုပြန်မပေါင်းဘူးဆိုရင် ...."

ပြောနေရင်း အသံကို ဘယ်လိုမှ မြှင့်အော်လို့မရတော့အောင် မောဟိုက်အက်ကွဲလာတော့ ဒီဘက်ပြန်လှည့်လာ၏။

"မင်း .. ငါ့ကို မပေါင်းရင်တွေ့မယ်၊ တွေ့မယ် .. တကယ်ပြောတာ၊ မင်းတို့ကြံစည်နေကြတာတွေကို လူတွေ့တိုင်း ငါလျှောက်ပြောမှာ၊ ဟော့ ... အရက်သမားစကားတဲ့၊ လုံးဝ မှသားမပါဘူး၊ အရက်က အဲဒီလိုသစ္စာကြီးတာ၊ ဟဲ .. ဟဲ မှသားပြောလို့ကို မရဘူး၊ တကယ်နော်၊ မင်း ငါ့ကိုမပေါင်းဘူးလို့ ထပ်ပြောရင် .. ငါဖော်ပြီ"

လက်ညှိုးထောင်အော်ရင်း ကျွတ်နေသည့်ပုဆိုး‌ကို ဖရိုဖရဲ တစ်ဖက်ဆွဲလျက် အလဲလဲအပြိုပြို ထွက်ခွာသွားလေသည်။

"စည်သူ တို့နဲ့ မဆိုင်ဘူးထင်တယ်ကွ"

အရက်သမား၏ကျောပြင်ကို သမင်လည်ပြန်လိုက်ကြည့်၍ ထွတ်ဦး ကပြောသည်။

"မဆိုင်လဲ သွားကြည့်ရမှာပဲ"

သူတို့ရွာဘက်ကို ဆက်လျှောက်လာခဲ့ကြသည်။ ရွာထိပ်မှာ လူတချို့ စုရုံးစုရုံးဖြစ်နေကြဆဲရှိ၏။

"ဒီကောင် သောက်ပြီးရင် သိပ်သွေးဆိုးတာ"

"ခုလဲ ဘာတွေအော်သွားမှန်း မသိဘူး"

"မမြလှက ပြတ်တယ်နော်၊ သူ့သမီးမျက်နှာကိုပဲ ကြည့်တာ"

စကားသံတွေကို ကြားလာခဲ့ရင်း ဆက်လျှောက်တော့ စည်သူတို့





နှစ်ယောက်ကို ရွာထိပ်ကနေ အိမ်သုံးလုံးကျော်မှာ တွေ့လိုက်ရ၏။

ဖြစ်ချင်တော့ အဲဒီအိမ်က ဒေါ်မြလှ အိမ်တဲ့။ ထွတ်ဦး က ပြုံးစိစိ နှင့် စည်သူ နားကပ်ကာ ...

"တည်းခိုခန်းရှာတာ တော်လှချည်လား၊ ဟဲ ဟဲ"

စည်သူ့မျက်နှာ ရှုံ့မဲ့နေ၏။ အေးမြမူ က မချိပြုံးလေးနှင့် ...

"အေးက မိန်းကလေးချင်းဆိုတော့ ဒီရွာမှာတွေ့တဲ့လူကိုပဲ အကူအညီတောင်းမိတာပါ၊ ဒေါ်မြလှက သူ့ယောကျ်ားနဲ့ အပြင်က စကားများပြီး ဝင်လာတာ"

ခြံဝင်းက ကျယ်ပြီး အိမ်လေးက သေးသေးလေးဖြစ်သည်။ ပျဉ်ခင်းနှင့် သွပ်မိုးထားပြီး အိမ်ကို ထရံကာထား၏။ သူတို့တွေ အိမ်ရှေ့ ကွပ်ပျစ်လိုနေရာလေးမှာ စုရုံးနေမိကြစဉ် ...

"ဟင် ...ဒီမှာ လေးယောက်တောင် အိပ်မှာလား"

အသက်လေးဆယ်ကျော်ခန့် မိန်းမကြီးဖြစ်သည်။ အသားလတ်လတ်၊ ဘီးဆံပတ်မြင့်မြင့်နှင့် ရုပ်ရည်အားဖြင့် နှုတ်ကြမ်းလျှာကြမ်း ရှိမည့်ပုံလည်းရလေသည်။

"မဟုတ်ပါဘူးရှင်၊ သူတို့က ကားပေါ်မှာပဲ နေကြမှာပါ၊ ကျွန်မတို့ ခရီးသွားရင်း လမ်းပေါ်မှာ ကားပျက်သွားလို့ပါ၊ ဒီကအစ်မကိုလဲ သေချာပြောပြီး အကူအညီတောင်းထားပါတယ်"

"ဩော် ... အင်း .. အင်း ..."

အင်တင်တင်နှင့် ခေါင်းညိတ်လိုက်တာမျိုး၊ လေးယောက်စလုံး ကို သေချာကြည့်ပြီး အိမ်ပေါ်တက်သွားသည်။

"စောစောက အရက်သမားကြီးနဲ့ရန်ဖြစ်နေတာ အဲဒီမိန်းမကြီးလား"

ထွတ်ဦး က ကပ်မေးသည်။ စည်သူ ကခေါင်းညိတ်၏။

"ရုပ်ကြီးက ကြောက်စရာကြီး၊ အဲဒါကြောင့် မင်းကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း အုပ်စီး ကိုလှည့်၍ အပြစ်တင်သည်။

"ဘာလဲ"

"ထားလိုက်ပါဆိုတာ၊ မင်းပဲ သွားကြည့်မယ်ပြောတာလေ၊ ခုတော့ လေးယောက်စလုံးမှတ်ပြီး ဒီကောင်တွေကိုပါ ကန်ချတော့မလို့"

"မအိပ်ရတော့ ဘာဖြစ်လဲ၊ ကားပေါ်ပြန်လိုက်ခဲ့"

"ဩော် ... အိပ်ရပါတယ်ရှင်"

နောက်ဖေးမှောင်ရိပ်ထဲကနေ ရေချိုင့်တစ်ခုဆွဲ၍ ထွက်လာသည့်အရိပ်ကြောင့် အုပ်စီး နောက်လှည့်ကြည့်လိုက်သည်။

ဆံပင်ပခုံးလောက်ကို သားရေကွင်းနှင့် နောက်မှာဖြစ်သလို စုစည်းထားသော မျက်နှာလေးက ဖြူဖြူလေးပဲဖြစ်သည်။ အသက်အားဖြင့် သူတို့လောက်ပဲရှိလိမ့်မည်။ ရှပ်အကျီပွပွကို ထဘီတိုတိုနှင့် ဝတ်ထား၏။ ပါးမို့ထွက်နေပုံ၊ မေးရိုးကားပုံတွေက မင်းသမီး ချောရတနာတို့လို မျက်နှာမျိုးနှင့်ဆင်၏။

သူမသည် စကားစလိုက်သည့်အချိန်မှစ၍ လူတွေကိုကျော်လွှန်ပြီး အိမ်ရှေ့ရောက်သွားတဲ့အချိန်အထိ မျက်လုံးတွေက အုပ်စီး ထံမှာပဲဖြစ်လေသည်။

တစ်ကိုယ်လုံး ဖြူဆွတ်ဆွတ်ခံကာ ဂျာကင်အနက်ဝတ်ထားသည့် အုပ်စီး ကလည်း ဒါမျိုးဆို သွက်ပြီးသားပင်။ ကောင်မလေးကို မေးဆတ်ပြီး ပြုံးပြလိုက်၏။

"အပွန်း ... နန္ဒာတို့က သားအမိနှစ်ယောက်တည်းပါ၊ အိမ်ရှေ့မှာ အကျယ်ကြီးပါနော်၊ အားလုံးအိပ်လို့ရပါတယ်"

"အင်း ... ကျေးဇူးပါပဲ၊ ဒါပေမယ့် မအိပ်တော့ဘူးခင်ဗျ၊ လမ်းပေါ်မှာ ကားက ဒီတိုင်းကျန်ခဲ့တာ"

ထွတ်ဦး က တမင်တကာ ခပ်ကျယ်ကျယ်ဝင်ပြောလိုက်သည်။





အုပ်စီး တို့ အဲဒီလိုမျက်နှာကြီးတာ ဟု မနာလိုခြင်းကင်းသည့် နှုတ်ခမ်းက ထုံးစံအတိုင်း မဲ့လေသည်။ ထိုစဉ် ...

"နန္ဒာ ..."

"ရှင် ... အမေ"

"လာစမ်း ... ဒီကို"

ဒေါ်မြလှ အသံကြားသဖြင့် အားလုံး ပခုံးတွန့်၊ ဇက်ပု ဖြစ်ကုန်ကြသည်။

"ဘယ့်နှယ့်လဲ စည်သူ၊ အဘွားကြီးက ကြည့်ပုံမရဘူး၊ ပြန်လိုက်မလား"

အုပ်စီး ကမေးသည်။ စည်သူ ကခေါင်းခါရင်း အေးမြမှူ ကို ကြည့်သည်။

"ဒီမှာပဲ ကျောလေးဘာလေး ဆန့်တော့မယ်ကွာ၊ အေး က အရမ်းနတာကွ၊ ငါ့မိန်းမက လေတိုက်ခံတာမဟုတ်ဘူး"

"ကိုသူနော်၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာဖြစ်လို့လဲ၊ အေး အကြောင်းကိုသိလို့ ပြောတာလေ၊ နိုးပြေးတဲ့ညက တစ်မိုင်သာသာလောက် ပြေးလိုက်ရတာကိုပဲ ချက်ချင်းဖျားတာ မဟုတ်လို့လား"

"အဲဒါနဲ့ မင်းလဲ ငုတ်တုတ်မေ့ရောလား"

"ဘာလဲကွ ... ထွတ်ဦး"

"လူမမာကို မင်း စောင့်ရှောက်ခဲ့ရတယ်မို့လား၊ အဲဒါကိုပြောတာ"

စည်သူ ခေါင်းညိတ်ရမလို၊ ခေါသဖြစ်ရမလိုနှင့် မအီမလည်ကြီးဖြစ်သွား၏။

"အဲဒီ ကိုသူ ကလေ၊ ဘာတွေလျှောက်ပြောမှန်း မသိဘူး၊ တော်သော့်ကို မုန်းဖို့ကောင်းတယ်၊ တကယ် ..."

"ဘာ ... အေး က ကိုသူ့ ကိုမုန်းတယ်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား"

"အေး ပဲပြောလိုက်တာလေ"

"ကိုင်းကွာ ..."

ထွတ်ဦး စိတ်ပျက်လက်ပျက်ကြီးဝင်ပြောပြီး ခေါင်းကိုလည်းပွတ်၏။ မိန်းမက စကားအဖြစ်ပြောတာလေးတောင် မခံနိုင်အောင် သည်းနေသည့် စည်သူ့ကိုလည်း တကယ်အမြင်ကပ်ကာ ...

"တော်ကြပါတော့၊ မင်းကလဲ မိန်းမကို မခံချင်အောင် မပြောနဲ့"

"အယ် ..."

အေးမြမူ မျက်လုံးလေး ဝိုင်းသွား၏။

"ဟာ ... ချွေးကောင်"

စည်သူ ရှက်ကိုးရှက်ကန်းနှင့် ထဆဲတော့သည်။ ထွတ်ဦး က သူ့စကားသူ ဘာမှန်းပင်မသိသည့်မျက်နှာနှင့် ကြောင်တောင်တောင် ပြန်ကြည့်၍ ....

"ဘာလဲ၊ မင်းတို့ မညီညွတ်ကြလို့ ငါက မျှတဖို့ ပြောပေးတာလေ လင်နဲ့မယားဆိုတာ ..."

"တော်ပြီ၊ တော်ပါပြီ"

"ဟား ဟား ဟား"

အုပ်စီး ဘေးကနေ တဟားဟားရယ်လေသည်။ ကိုယ့်အသံနဲ့ကိုယ် သူတို့လုံးထွေးနေကြတုန်းမှာ အိမ်ထဲက အသံတွေကို သတိမထားမိပေ။ ရယ်သံတွေရပ်ကာ လူစုခွဲကြဖို့ ပြင်ကာမှ ...

"တိတ်စမ်း၊ ညည်းက ဘာသိလို့လဲ၊ ပထွေးက ပထွေးပဲ၊ သင်းက ငါတို့အကြောင်းတွေအားလုံး သိနေတာ ညည်းသိလား၊ ပထွေးနဲ့ မယားပါသမီး မသင့်တော်ဘူးဆိုတာ တမင်အကြောင်းပြကောင်းအောင် ပြောတာ၊ ညည်းက ဖအေလိုသဘောထားသလို သူကလဲ





ညည်းကို ချေးကလူသေးကလူ မွေးမြူလာခဲ့ရတာပဲ၊ သမီးလေးလို ချစ်တာကို ငါသိတယ်၊ အခုက ညည်းရဲ့ဘဝအရေးမို့လို့၊ ဒီအခြေအနေ ဖြစ်လာအောင် ငါ ဘယ်လောက်ကြိုးစားကြံစည်ခဲ့ရသလဲ၊ ညည်းမှ မသိတာ၊ တော်ပြီအေ၊ ဒီအရက်သမားကိုပေါင်းဖို့ မပြောနဲ့၊ ညည်းထက် ငါက ပိုပြီးအရှည်မြင်တယ်"

အမှတ်တမဲ့ နားထောင်နေလိုက်ပြီးမှ မသင့်တော်တာကို တွေးမိကာ အုပ်စီးနဲ့ထွတ်ဦး တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြပြီး လစ်ထွက်ခဲ့ကြသည်။

"ဒီသားအမိ မရိုးဘူးကွ"

လွန်လာတာနှင့် ထွတ်ဦး ကဝေဖန်သည်။

"အရက်သမားကြီးက သနားဖို့ကောင်းနေပြီ"

အုပ်စီး က ထပ်ဖြည့်ပြော၏။

"နန္ဒာလေးကိုရော၊ မသနားဘူးလား"

အုပ်စီး က လှည့်ကြည့်သည်။ ထွတ်ဦး ရပ်က စပ်ဖြဲဖြဲ။

"မဖုံးနိုင်၊ မဖိနိုင်နော်၊ မြို့ပေါ်မှာသာဆို ..."

"တော်ပြီ၊ ဘယ်လောက်လှလှ မျက်လုံးထဲမှာ မတိုးတော့ဘူး"

"ကိုရီးယားကားထဲကလို ပြောရမလား"

"ဘာလဲ"

"သိပ်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၀)

"တောက် ... နင် ဒီလောက်ပဲ ညံ့ရသလား မိထူးရယ်၊ မိန်းကလေးဖြစ်ပြီးတော့ အနုစိတ်တတ်တဲ့အကျင့်ကလဲ မရှိ"

ဘိုးဘိုးအတွက် ဒဏ်ကြေလိမ်းဆေး သွေးထည့်လာခဲ့ပြီး အပြင်ထွက်လာတော့ ဒေါ်သဇင့်ဆူသံကို ကြားလိုက်ရ၏။ အပ်ချုပ်စက်တစ်လုံးနှင့် ချုပ်ထားပြီးသည့် ခန်းဆီးတွေ၊ လိုက်ကာတွေက မနည်းမနော။

ဒေါ်သဇင်က အိမ်ထောင်ပစ္စည်းတော်တော်များများကို သူမကိုယ်တိုင် ပြင်ဆင်တာ ဝါသနာပါသည်။ ခန်းဆီးတွေအားလုံးကို သူမပဲ ချုပ်တာဖြစ်၏။

"စိတ်တွေလဲညစ်လာပြီ၊ တော်ပြီ ...သွားတော့ .. သွားတော့၊ ဘာမှလုပ်မနေနဲ့၊ အကုန်စုလုံးပြီး ဗီရိုထဲ သွားထည့်ထားလိုက်၊ မချုပ်ချင်တော့ဘူး"

"အန်တီဇင် .. ဘာဖြစ်လို့လဲဟင်"

လေရှူး က ဆေးခွက်တစ်ဖက်နှင့် အနားမှာသွားကြည့်ပြီး မေး





သည်။ ဒေါ်သဇင်က လှည့်ကြည့်၍ ခေါင်းခါပြသည်။ ကတ်ကျေးနဲ့ အပ်ချည်လုံးကို ဖြုတ်ယူလိုက်ပြီး စက်အုပ်ဆောင်းကို လှမ်းဆွဲ၏။

"ဘာမှမဟုတ်ပါဘူးကွယ်၊ ခန်းဆီးတွေ အတွဲမှားလိုက်၊ အလှဘက်နဲ့ မလှဘက်မှားလိုက်၊ ဒီနေ့ ဘာတွေဖြစ်နေမှန်းကိုမသိဘူး"

ပြောရင်း စက်ပေါ်မှာ အုပ်ဆောင်းကို အုပ်ပစ်လိုက်သည်။

"မှားတာတွေကို ပြန်ဖြေစမ်းဆိုပြီး ခိုင်းလိုက်ပါတယ်၊ အဲဒီမှာ မိထူးလေ၊ ဘယ်လိုဖြေနေသလဲ မသိဘူး။ ပိတ်စအသားတွေပါ ပြဲကုန်ပြီ"

ကြည့်လိုက်တော့ ဝတုတ်တုတ် မိထူး မျက်နှာလေးလည်း ငယ်နေရှာပါသည်။ လေရှူး က သေချာငုံ့ကြည့်ကာ ...

"ဒါများ အန်တီဇင်ရယ်၊ လေရှူး လာခဲ့မယ်၊ အားလုံးအဆင်ပြေစေရမယ် သိလား၊ ခဏလေး"

ဆေးခွက်ကို ဘိုးဘိုးအိပ်နေသည့် ခုတင်ခြေရင်းမှာ အသာလေးချထားခဲ့ပြီး ဒီဘက်ပြန်ပြေးခဲ့သည်။

"မိထူး ... ဖယ် .. ဖယ်"

မိထူး ကိုဖယ်ခိုင်းရင်း လက်မောင်းလေးကို ဖျတ်ခနဲ ရိုက်လိုက်သေးသည်။

"မိထူးလဲ ညဘက်ဆိုရင် ပင်ပန်းတာကိုး၊ နေ့ခင်းဘက်ဆိုတော့ အိပ်ငိုက်ချင်မှာပေါ့၊ ဒီမှာ .. အိပ်မငိုက်အောင် ညနေစာချဉ်ဟင်းချက်ဖို့ ကင်ပွန်းရွက်တွေ သွားခြွေလိုက်၊ ဆူးတွေစူးတော့ အိပ်ချင်ပြေမယ်"

"အဟွန်း ..."

မိထူး ထွက်ပေါက်ရသွားတော့ ချက်ချင်းထပြေးရှာသည်။ လေရှူး က မိထူး ထိုင်ခဲ့သည့်ကြမ်းပေါ်မှာ ကျကျနန ထိုင်ချလိုက်သည်။

"အန်တီဇင် ခဏလေး အပန်းဖြေလိုက်ဦးနော်၊ လေရှူး ဒါတွေ ပြန်ဖြေလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အပ်ကလေးကိုင်လိုက်၊ ချိတ်နဲ့ကော်လိုက်နှင့် လေရှူး ဂရုတစိုက် လုပ်နေတာကို ဒေါ်သဇင်က လှမ်းကြည့်နေ၏။ လုပ်တာလည်း မြန်သည်။ စိတ်ပါလက်ပါလုပ်နေပုံက ဘေးကမြင်တာနှင့် သူ့လိုပဲ တက်ကြွခြင်းတွေဖြစ်လာကာ စက်ခုံမှာ ပြန်ထိုင်မိလေသည်။

"အန်တီဇင်၊ ဒီအရောင်က မျက်နှာကျက်ကချတဲ့ လိုက်ကာနေရာမှာဆိုရင် ပိုမလှဘူးလား"

"ဟင် ..."

"ဒီမှာလေ ... အပြာနုနုလေးမှာ တိမ်မျှင်လေးတွေလိုပဲ အဖြူရိုပ်တွေထည့်ထားတာ အရမ်းလှတာပဲ၊ ဒီတိုင်း မဖွင့်ဘဲထားရင်တောင်မှ ထိုင်ရာကနေ လှမ်းကြည့်လိုက်ရင် အပြင်ကတိမ်တွေကို မြင်နေရသလိုပဲ"

"အင်း ... ဟုတ်သားပဲ"

လေရှူး က လိုက်ကာရှည်ကြီးကို မြင်သာအောင် ဟိုကဆွဲ၊ ဒီကဆွဲနှင့် မနိုင်မနင်း ဖြန့်ပြသည်။ နောက်မှာ အပြင်ကိုကြည့်နိုင်သည့် မျက်နှာစာမှန်သားတွေ ကာထားသည်။ ဒါကို ဖွင့်မှ မြင်ရမှာဖြစ်သည်။ အစက ဒီကာလာကို ပိုင်းဖြတ်ပြီး ပြတင်းခန်းဆီးတွေမှာသုံးဖို့ စိတ်ကူးထားတာဖြစ်၏။ ဒေါ်သဇင် ကျေနပ်သွားသည်။

"တိုက်က အဝါနုနုဆိုတော့ အရောင်နုတာတွေ ထပ်မတပ်နဲ့တော့ အန်တီဇင်၊ အပြာရောင်စိုစိုလေးဖြစ်ဖြစ်၊ ဗေဒါရောင်လေးဖြစ်ဖြစ် တပ်လိုက်၊ လေရှူး က ဒါတွေကို ပြန်မဖြေချင်လို့ပြောတာ မဟုတ်ပါဘူး၊ ဒါတွေကိုလဲ ဖြုတ်ရမှာပဲ၊ ဇာနားလေးတွေပါနေတော့ အပေါ်ထပ်ဧည့်ခန်းက ဆိုဖာတွေမှာ ကျောမှီတင်ဖို့ ချုပ်လိုက်ရင် အတော်ပဲ"

"မင်းမျက်လုံးက မြင်တတ်သားပဲ လေရှူး၊ စက်ရော မချုပ်တတ်ဘူးလား"





ဒေါ်သဇင့်နှုတ်ခမ်းတွေက ပြုံးနေသည်။ စရောက်ကတည်းက လေရှူး ကိုပြုံး၍ကြည့်တာ ဒီတစ်ခါ ပထမဆုံးပဲဖြစ်သည်။ ဖြည်ချပြီးသည့် လိုက်ကာစတွေကို ကောက်ဖြန့်ကြည့်၍ .....

"စောစောက မီထူးလုပ်ချလိုက်လို့ စုတ်သွားတဲ့ အပ်ရာတွေရော၊ ဘယ်နားမှာလဲ"

လေရှူး ကရယ်သည်။

"အန်တီဇင် ..ပြန်ရှာကြည့်လေ၊ တွေ့ရင် အန်တီဇင့်ကို နှစ်နာရီတိတိ လေရှူး နှိပ်ပေးမယ်"

ဒေါ်သဇင် သွားတွေပေါ်အောင် ရယ်လာသည်။ လိုက်ကာစကို လှည့်ပတ်ကိုင်၍ရှာရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

"ဘယ်လိုလုပ် ဖျောက်လိုက်တာလဲ၊ ပြောပါဦး"

"ဘာမှလုပ်နေဖို့ မလိုပါဘူး အန်တီဇင်ရယ်"

လေရှူး က ရင်ခွင်ထဲက ဖြေလက်စ ပိတ်စတွေကို မွေ့ပိုက်ထလာရင်း ဒေါ်သဇင့်လက်ထဲက လိုက်ကာစ၏ တစ်နေရာကို ဆွဲပြလိုက်သည်။

"ဒီမှာလေ ... ထိုးမိ ကော်မိလို့ စုတ်သွားပေမယ့် သေချာကြည့်ပြီး သူ့ချည်ကြောလေးတွေနဲ့သူ အံဝင်ခွင်ကျ ပြန်ဖြစ်သွားအောင် ဆွဲပေးလိုက်၊ ခြစ်ပေးလိုက်နဲ့ စိတ်ရှည်လက်ရှည် ခဏကြိုးစားလိုက်ရင် ရတာပဲ၊ အန်တီ သေချာမကြည့်လို့ပါ၊ ပြန်ပြင်ရပြီဆိုရင် ဘယ်ဟာဖြစ်ဖြစ် ပြင်ရာ ဖျက်ရာတော့ ရှိတာပါပဲ"

"သိတယ်၊ ဒါပေမယ့် ရှာလို့ကိုမတွေ့တာ၊ မင်း တော်ပါတယ်"

နှစ်ယောက်သား ရယ်ရယ်မောမော ဖြစ်သွားခဲ့ကြသည်။

"အဖေ့ကို ဆေးလိမ်းပေးမလို့မို့လား"

"ဘိုးဘိုး မနိုးသေးဘူး၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆိုင်မသွားဘူးပေါ့"

ဖန်စီရှော့ပ် ထူထောင်လိုက်တာကို ဒေါ်သဇင်က ပြောခြင်းဖြစ်သည်။ လေရှူး က ခေါင်းခါ၍ ....

"ဒီနေ့ မသွားတော့ဘူး၊ အားလုံးပြီးနေပါပြီ၊ ဖွင့်ဖို့ပဲကျန်တော့တာ"

"မိန်းကလေးနှစ်ယောက်တည်းဆို၊ တို့က တကယ်ဖြစ်မယ်လို့တောင် မထင်ခဲ့ဘူး"

"အဟွန်း ..."

လေရှူး က စကားပြောရင်း လက်ကလည်း လှုပ်ရှား၏။

"တစ်ခါတစ်ခါကျတော့ အရေအတွက်ထက် အရည်အချင်းကပိုအရေးကြီးနေပြန်ရော၊ ချစ်သဲနဲ့လေရှူးတို့မှာ ဒီလိုဖြစ်လာအောင်တော်တော်တော့ ပြေးလိုက်လွှားလိုက်ရတယ်၊ ဒါပေမယ့် ဖြစ်လောက်မယ်မထင်သေးတဲ့အချိန်မှာပဲ ဖြစ်လာခဲ့တာ"

"မင်း မဆိုးပါဘူး"

"ရှင် ...."

"ဩော် ... အလုပ်လုပ်တာ စေ့စပ်တယ်၊ စေတနာပါတယ်၊ ဘယ်အလုပ်မဆို ကိုယ့်ရဲ့စိတ်ဟာ အလုပ်သဘောသက်သက်ထက်ပိုတဲ့ စေတနာပါထည့်ရတယ်၊ စေတနာပါတဲ့အလုပ်က နှောင့်နှေးနေတာရှိရင်ရှိမယ်၊ တစ်နေ့တော့ အကျိုးပေးလာတာပါပဲ"

"ဟုတ်ကဲ့"

နှစ်ယောက်သား စကားပြောနေတုန်းမှာ ကျားလေး ရောက်လာ၏။ လေရှူး က ကြမ်းပေါ်မှာ ငုံ့လုပ်နေသဖြင့် မမြင်ပေ။ ဒေါ်သဇင်က မော့ကြည့်၍ ....

"လေရှူး ... မင်း သွားတော့လေ၊ ရပါပြီ"

လေရှူး မော့ကြည့်လိုက်တော့မှ သူ့ကိုမြင်သည်။ မန်ကျည်းရောင်





ရင့်ရင့် ဘောင်းဘီရှည်နှင့် အဝါနုရောင်ရှပ်ပေါ်မှာ ကုတ်အင်္ကျီအနက်ထပ်ဝတ်ထား၏။

ကျားလေးက လေရှူး ဘာတွေလုပ်နေသလဲဆိုတာကို သေချာကြည့်ပြီးမှ အိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူလိုက်၏။

"ရော့ ...."

လေရှူး က ယူလည်းမယူ၊ ဘာမှလည်းမမေးဘဲ ကမ်းပေးနေသည့် ပစ္စည်းကိုပဲ ကြည့်၏။

"ဟိတ် ... ပေးနေတာကို ယူလေ"

"ဘာလဲ"

"သိချင်ရင် ယူကြည့်ပေါ့၊ မင်းကို မြွေပွေး အိတ်ထဲထည့်ပေးတယ်များ ထင်နေလား"

"မြွေပွေးဖြစ်ဖြစ်၊ ရွှေချောင်းဖြစ်ဖြစ် လိုချင်မှ ယူမှာပေါ့၊ ကိုယ့်အခွင့်အရေးနဲ့ကိုယ် ..."

လေရှူး က ပက်ခနဲ ပြန်ပြောပြီး မယူပေ။ ဒေါ်သဇင်က ကြားထဲကနေ ယူထားလိုက်ပြီး လေရှူး ကိုလှည့်ပေးကာ ...

"ဟန်းဖုန်းပေးနေတာ၊ ရော့ ... ယူလိုက်"

လေရှူး မော့ကြည့်လိုက်တော့ သူ မရှိတော့ပါ။

ဘာလုပ်ရမှာလဲ၊ ဒီဟန်းဖုန်းကို .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅၁)

ဆိုင်က ဖွင့်စပဲရှိသေးသည်။ မိန်းကလေးတွေ တော်တော်များများ မျက်စိကျကြ၏။ အပြင်ကပစ္စည်းတွေအမျိုးမျိုးကို ဝယ်တင်ဖို့က ချစ်သဲ တာဝန်ယူထားသည်။ ယိုးဒယားမိတ်တွေဆို ချစ်သဲ တော်တော်ကြိုးစား ရှာထားတာမို့ ဘယ်မှာမှမရှိသေးသည့် တကယ့်ဒီဇိုင်းဆန်းတွေချည်း ဖြစ်သည်။

ပြီးတော့ လေရှူး ထွင်သည့် နားကပ်၊ နားဆွဲ၊ ဆွဲကြိုး၊ လက်ကောက်၊ အားလုံးက ဘယ်ဒီဇိုင်းနဲ့မှမတူ၊ လက်ပတ်တွေဆို လက်ဖဝါးတစ်ဝက် ထိဝင်နေသည့် ပစ္စည်းအမျိုးမျိုးနှင့် ဒီဇိုင်းစုံသည်။

ယောကျ်ားလေးတွေလည်း လာကြ၏။ ချစ်သဲ ကတော့ ပျော် နေသည်။ ဖွင့်လိုက်တာနှင့် ပိုက်ဆံတွေ မနည်းမနောဝင်လာတော့ အရောင်းစာရေး ငှားဖို့တွေ ဘာတွေတွက်ပြီး စိတ်ကူးယဉ်နေ၏။

"နင်ကလဲ အချိန်ပြည့် ထိုင်နိုင်တာမှမဟုတ်တာ၊ ငါတစ်ယောက် တည်းရယ်"





"ချစ်သဲရာ၊ တစ်ခုစီ ဈေးလိုက်ပြော၊ ဒီလိုလျှော့ပါ၊ ဟိုလိုလျှော့ ပါနဲ့ စကားများနေရမှာလဲမဟုတ်ဘဲနဲ့ ဆိုင်လေးကလဲ ကျဉ်းကျဉ်း လေးပါ။ ငါ ဘိုးဘိုးကိုလဲ ပြောပြီးပြီး ဘိုးဘိုး ကျန်းမာရေးကောင်းနေ ပါပြီ၊ နောက်ဆိုရင် နေ့တစ်ဝက်တော့ လာထိုင်ပေးလို့ရတယ်"

"ပြီးရော"

ချစ်သဲ ကတော့ ပျော်နေသည်။ လေရှူးနဲ့နှစ်ယောက် လွှရှင်း သည့်အချိန်လေးမှာ ဆိုင်ကို ပြင်စရာရှိတာပြင်နေဆဲ ...

"ဘယ်လိုလဲ၊ ဆိုင်ဖွင့်ပွဲလေး ဘာလေး မလုပ်ဘူးလား၊ အိမ်ဝယ် ရင်တောင်မှ အိမ်တက်လုပ်ရတယ်"

အသံကြားလိုက်သဖြင့် လှည့်ကြည့်လိုက်တော့ အဝင်ဝမှာ ဆိုင်း ဘုတ်ကိုမော့ကြည့်နေသည့် အုပ်စိုး က မိတ်ကပ်ရောင်ဘောင်းဘီရှည်၊ အဝါနုနုစပို့ရှပ်နှင့် ဟိုအစက အမြင်ကပ်ဖို့ကောင်းသည့်နားရွက်နား မှာ တိုကပ်ကပ်ပဲရှိသော ဆံပင်တွေလည်း ပုံကျပန်းကျရှည်နေပြီဖြစ် ကာ လူကတော့ အမိုက်စားထဲကပါ။

ရွှေအိုရောင်မှောင်လဲ့နေသည့် မျက်မှန်ကိုတပ်ထားသဖြင့် ဖြူဝင်း သည့်မျက်နှာက ပို၍ ဝင်းမွှန်နေသည်။

"ရပ်ကတော့ မြင်လိုက်ရရင် မိုးရာအချစ်နဲ့ လိုက်ပါရစေလို့ ပြေး ပြီး ဒူးထောက်ချင်အောင်ပဲ"

ချစ်သဲက ကပ်ပြောပြီး မဲ့သည်။ သူမ က အစ်မဖြစ်သူအတွက် ခံပြင်းနေသူမို့ အုပ်စိုး ကိုသိပ်မကြည်ချင်။ ဒါပေမယ့် ခုကိစ္စမှာ အုပ်စိုး ကြောင့်သာ ဒီနေရာလေးမှာ မြဲခွင့်ရတာမို့ ကျေးဇူးမတင်လို့လည်း မရ။

အုပ်စိုး ဝင်လာတော့ သူပဲ ပြုံးရယ်ပြကာ ...

"လာလေ .. ကိုစိုး၊ ဘာစားမလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"စားမှာပေါ့၊ ဘယ်လိုလဲ၊ ဆိုင်ဖွင့်ပွဲမလုပ်ဘူးလား"

မေးနေရင်း လေရှား ပုဆစ်တုပ်လေးထိုင်၍ ပစ္စည်းတွေ နေရာချင်းလဲနေသည့် မှီးကော့စ်နားထိ ဝင်လာ၏။

"စကားတောင်ပြောဖော်မရဘူးကွာ၊ ဘာလဲ၊ ကျွေးရမှာစိုးလို့လား"

လေရှား ဘေးမှာ ခြေဖျားထောက်ထိုင်လိုက်ပြီး မျက်နှာကို ငုံ့ကြည့်သည်။

"စားဖို့ကလဲ ပြောလှချည်လား၊ ရှင့်ကို ချစ်သဲ ပြောနေတာပဲ၊ ဘာထပ်ပြောရဦးမှာလဲ"

ပစ္စည်းနေရာလဲရင်း တန်းပြုတ်သွားသဖြင့် ပစ္စည်းတွေစုပုံသွားကာ နားဆွဲလေးတွေ ငြိနေတာကို သေချာဖြုတ်ရင်း စိတ်ကမရှည်၊ ပြီးတော့ သူ့ ကိုယ့်ကိုမရိုးသားတဲ့အဖြစ်အား ချစ်သဲ ရှေ့မှာ မပြောဆိုစေချင်ပေ။ မမဖူး ကို မျက်နှာပူဖို့ကောင်းသည်။

အစကဆို မမဖူးရော၊ ချစ်သဲမေမေရော၊ လေရှား ကို ဆေးဖော်ကြောဖက်တောင် လုပ်ခဲ့ကြတာမဟုတ်၊ ဒီလုပ်ငန်းလေး ထူထောင်ဖို့ ငွေနှင့်ကြေးနှင့် လေရှား ကိုင်လာကာမှ ဂရုစိုက်လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ကို ဂရုစိုက်ချင်လို့တော့ မဟုတ်ပေမယ့် ဒီလိုကိစ္စမျိုးနဲ့တော့ မျက်နှာပျက်စရာတွေ မဖြစ်ချင်။

အုပ်စီး က လေရှား ပြောလိုက်တာကို ရွှံ့ချင်သည့်မျက်နှာနှင့် ခေါင်းညိတ်သည်။

"စားဖို့ချည်းပဲပြောနေတာက ဆိုင်ဖွင့်ပွဲမှာ မစားလိုက်ရလို့ ဒီမှာစားမယ်ဆိုပြီး ဘာမှမစားဘဲ လာခဲ့လို့လေ၊ ဒီမရောက်ခင်မှာပဲ ဆိုင်ဖွင့်ပွဲမလုပ်ခဲ့ဘူးလို့ ကြားတော့ ကျွေးနိုင်းဖို့က ပါစင်နယ်ကိစ္စဖြစ်သွားပြီ၊ ချစ်သဲ ပြောနေတာရှိပေမယ် မင်းတို့နှစ်ယောက်ပိုင်တာဆိုတော့ မင်းက ကျွေးချင်စိတ်ရှိတာကိုလဲ လိုချင်လို့"





"အပိုတွေ ..."

နှာခေါင်းလေးရှုံ့၍ စုလုံးလုံးနှုတ်ခမ်းလေး ပွစိပွစိ ဖြစ်သွားတာကို စိုက်ကြည့်ပြီး အုပ်စီး ကရယ်သည်။ သွားကြဖို့ ထရပ်တော့ ချစ်သဲက နောက်ဆုတ်ကျန်ခဲ့၏။

"နင်ပဲ သွားလိုက်ပါဟာ၊ ငါက ဆိုင်စောင့်ရမှာ"

"ငါ မသွားချင်ပါဘူး၊ နယူးစင်တာကပဲ လှမ်းမှာလိုက်မယ်၊ ကဲ ရှင်ဘာစားမလဲ၊ ပြော ..."

"စားချင်တာ မှာရမှာလား"

လေရှား မျက်နှာလေးမှာ ပြုံးရယ်ခြင်းမရှိခဲ့ပေ။ ဒါကိုပဲ စိုက်ကြည့်လိုက်၊ ငေးကြည့်လိုက်နှင့် အုပ်စီး မျက်ဝန်းတွေမှာ သည်းသံမြတ်နိုးခြင်းတွေ ပြည့်သိပ်နေခဲ့သည်။

ချစ်သဲ ဒီလောက် မအပါ။ မမဖူး နဲ့ စကားပြောနေတိုင်း သူမမြင်ဖူးခဲ့သည့် အုပ်စီး မျက်ဝန်းတွေမှာ ဒီလိုဖြစ်ခဲ့တာမဟုတ်။

အုပ်စီး က ဖုန်းနံပါတ်တွေကို နှိပ်လိုက်ပြီး စားစရာတွေကို မှာနေလိုက်တာ မပြီးနိုင်။

"လင်းအုပ်စီး ..."

"ဟင် ..."

ဖုန်းပြန်ထည့်လိုက်ပြီး မျက်ခုံးတွေ ပင့်ပြ၏။

"ရှင် မှာနေလိုက်တာတွေ များလှချည်လား၊ ကျွန်မတို့က ခုမှဆိုင်စဖွင့်တာနော်၊ ဘာလဲ၊ မိတ်ဆွေကောင်းပီသစွာ အရင်းပြုတ်အောင် ကူညီတာလား"

"ဟား ဟား ဟား"

ရယ်ပုံက လူကို ကလေးလိုလို၊ ခွေးလိုလို။ လေရှား မျက်မှောင်ကုတ်လေးနှင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နေလိုက်တာကွာ၊ ဒီလိုဆက်ဆံရေးနဲ့ ဈေးသည်လုပ်ဦးမယ်တဲ့၊ ချစ်သဲ .. ဒီမှာ မြင်လား၊ သူ့ကို ဆိုင်မှာထိုင်ခိုင်းဖို့ မစဉ်းစားနဲ့"

ချစ်သဲ ကိုလှမ်းပြောပြီး သွားအဖြီးသားနဲ့ ကြည့်တော့ လေရှူး မျက်စောင်းထိုးမိသည်။

"တစ်ခုတော့ ရှိတယ်၊ မျက်စောင်းတစ်ချက် ဘယ်လောက်ပေးရမလဲ၊ ကြိုက်သလောက် စိတ်ဆိုး၊ ထွက်လာသမျှမျက်စောင်းတွေ ကိုယ်အားလုံးသိမ်းမယ်၊ ဘယ်လိုလဲ၊ အဲဒီအတွက် ကာစတန်မာက ကိုယ်တစ်ယောက်ပဲ"

"ရှင် ..."

လေရှူး မျက်ဝန်းလေးတွေ ပြူးပြဲသွား၏။ ချစ်သဲ ကတော့ ရယ်လေသည်။ အုပ်စိုး ဆိုသည့်လူ၏ ရင်ထဲက မြစ်ကျိုးအင်းတွေကိုလည်း မြင်လိုက်ပြီဖြစ်၏။

ထိုနေ့က ဆိုင်နောက်က ထမင်းစားခန်းကျဉ်းကျဉ်းလေးမှာပဲ ဟိုတယ်စာတွေ ပြည့်လျှံနေအောင် မှာပြီး သုံးယောက်ဝိုင်းထိုင်ဖြစ်ကြသည်။ ချစ်သဲ ကတော့ ခဏလေးပဲ နေလေသည်။ ဝယ်သူတွေလာလည်း သူမပဲ ထသွားသည်။ ခဏလေးပဲဝင်လာပြီး ပြန်ထွက်ရင်းနှင့် နောက်တော့ ခေါက်ဆွဲပန်းကန်တစ်ချပ်ဆွဲသွားပြီး အပြင်မှာပဲထိုင်ရင်း စားမည်ဟု ပြောသွား၏။

"ချစ်သဲ ... လာပါ၊ ငါက အဲဒီလိုစားတတ်တဲ့ဟာ"

"နေစမ်းပါ လေရှူးရယ်၊ ငါလဲ စားတတ်ပါတယ်၊ စိတ်ချလက်ချစား"

ချစ်သဲက ပြောသွားတော့ အုပ်စိုး ကခေါင်းညိတ်၏။

"သူတောင် သိတယ်၊ မင်းမသိဘူးလား လေရှူးရယ်"

"ဘာလဲ"

"ကိုယ်က မင်းဆီကိုလာတာလေ"





လေရှူး က ခေါက်ဆွဲကြော်စားနေသည့် လက်ကို စားပွဲစွန်းမှာ တင်၍ ရပ်ပစ်လိုက်သည်။

"ရှင် ဒီကိုလာရင် ရိုးရိုးသားသား လာပါ၊ ချစ်သဲရှေ့မှာ မဟုတ်က ဟုတ်က ရိသ့ဲသ့ဲတွေ လာပြောနေတာ ကျွန်မ မကြိုက်ဘူး"

"ရိုးမှမရိုးတာ၊ ရိုးလို့ရမလား၊ ချစ်သဲရှေ့ပြောတော့ ဘာဖြစ်လဲ၊ ကိုယ်က ဖေဖေ့ရှေ့မှာတောင်မှ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောရဲခဲ့တဲ့ကောင်"

"ဘယ်လို .. ရှင် .. ရှင် ဘာပြောလိုက်တယ်"

"ဟုတ်တယ်၊ မင်းကလွဲရင် ကြိုက်တဲ့မိန်းကလေးကို လက်ညှိုးထိုးတဲ့၊ ကိုယ်က မင်းကလွဲရင် မယူနိုင်ဘူးလို့ ပြောလိုက်တယ်"

လေရှူး လက်ထဲက တူတစ်စုံလုံး လွတ်ကျသွား၏။ အုပ်စိုး က သူ ကိုင်ထားသည့်တူတွေကို ချလိုက်ပြီး လေရှူး လက်ထဲက ကျသွားသည့်တူတွေကို ကောက်ကာ ဟင်းချိုပန်းကန်လုံး၏ နှုတ်ခမ်းပေါ်မှာ အသာလေး တင်ထားပေးလိုက်၏။

လေရှူး ထံမှ 'ခင်ဗျား' လို့ပြောနေတာကြီးကို 'ရှင်' တစ်လုံးပြန်ရအောင် သူ ကြိုးစားခဲ့ရသည်။ ဘယ်တော့မှ အကောင်းမြင်မှာမဟုတ်သည့် မျက်ဝန်းလေးတွေကိုပဲ ခဏခဏမြင်ခွင့်ရအောင် ကြိုးစားခဲ့ရပြန်သည်။ လေရှူး နဲ့ပတ်သက်သမျှ သူ အလွယ်တကူရခဲ့တာ ဘာမှ မရှိပေ။

ဒီမိန်းမကိုမှ သူ စိတ်ဝင်စားခဲ့သည်။ ကိုယ့်ကိုကြည့်မရဘူး ဆိုသော မျက်ဝန်းလေးတွေကို သူကတော့ အမြဲကြည့်နေချင်ခဲ့၏။ အချစ်ဟာ ဘယ်လောက်ထိချိုမြိန်သလဲဆိုတာ လေရှူး ကြောင့် သူ ခံစားတတ်ခဲ့သည်။

ရင်ထဲမှာ ဖွဲ့တည်လာခဲ့သော ချစ်ခြင်းများက အပျော်အပြက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ လာခဲ့ပြီး တည်တံ့ခိုင်မာနေခဲ့တာ ကိုယ်ပဲသိသည်။

လေရှူး က သူ့ကို အလန့်တကြားကြည့်နေရင်း ခေါင်းတွင်တွင်ခါလျက် ...

"ရှင် .. ရှင် ဘာအရူးထတာလဲ အုပ်စီး၊ ရှင် ရူးတဲ့အထဲမှာ လေရှူးနာမည်ကို ဒီလိုအလွဲသုံးစား လုပ်ပစ်လိုက်ရလား"

"ရူးတာဟုတ်ချင်ဟုတ်မယ်၊ လူတိုင်း အချစ်ကြောင့် ရူးခဲ့ကြဖူးတာပဲ၊ ဒါပေမယ့် မင်းကို အလွဲသုံးစားသဘောနဲ့ ထည့်ပြောလိုက်တာမဟုတ်ဘူး။ မင်းနေတဲ့အိမ်ကလူတွေ ဘာလုပ်ကြသလဲ၊ မင်းသိလား"

လေရှူး ဘာမှမပြောနိုင်၊ သိမှ မသိခဲ့ဘဲ။

"ဖေဖေ့ကို သူတို့ကိုယ်တိုင်ပြောကြတာ၊ မင်းနဲ့ကိုယ် တွဲနေတာကို ဆင်ခြင်ဖို့ တဲ့၊ ဟွန်း ..."

လေရှူး အံ့သြသွားသည်။ လူကြီးတွေနားထဲ ရောက်သည်ဆိုတော့ ကျားလေး ပြောတာမဖြစ်နိုင်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူမကိုတော့ ဘိုးဘိုးတို့၊ အန်တီဇင်တို့ ဘာမှမပြောခဲ့ပါလား။

"မင်း မယုံဘူးလား"

"မယုံတာမဟုတ်ဘူး၊ အံ့သြနေတာ၊ ဒါ ... ဒါ ဘာမှမှမဆိုင်ဘဲ"

"ဟုတ်တယ်၊ ချစ်တာက ချစ်တာပဲ၊ ယောကျ်ားတစ်ယောက်ရဲ့ မာနဆိုတာကို ဒီလိုလျှော့တွက်လိုက်တော့ မခံနိုင်ဘူး၊ တားဆီးခံရတာကို ကိုယ်အမုန်းဆုံးပဲ၊ အမိန့်ပေးတာကို ကိုယ်မကြိုက်ဘူး၊ ဖေဖေနဲ့ကိုယ့်ကြားမှာ ဘယ်တုန်းကမှ အမိန့်အာဏာ ဆိုတာနဲ့ စည်းမခြားခဲ့ဘူး၊ ဖေဖေက ကိုယ့်စိတ်ကို သိတယ်၊ သူများက အမိန့်ပေးလာတော့ ပိုဆိုးတာပေါ့၊ အဆိုးဆုံးက မင်းကို ကိုယ်က ချစ်နေခဲ့တဲ့ကိစ္စ"

လေရှူး မျက်နှာ ဖျတ်ခနဲ လွှဲပစ်သည်။ အုပ်စီး က ခေါက်ဆွဲပန်းကန်ကို သူ့ဘာသာသာတွန်းရွှေ့ဖယ်ပစ်လိုက်ပြီး အချိုရည်ဘူးတွေကို





ဖောက်သည်။ လေရှူး ရှေ့မှာ တစ်ဘူးချပေးပြီး သူက တစ်ဘူးမော့သောက်၏။

"ကိုယ်က ရာဇဝင်တွေ မကောင်းခဲ့ဘူး၊ အဲဒါကြောင့် မင်း ဘာပြောပြော၊ ဘယ်လိုအထင်သေးသေး ကိုယ်ကျေနပ်ခဲ့တာ၊ ဒါပေမယ့် အချစ်ဆိုတဲ့ခံစားချက်က မင်းအတွက် ရင်ထဲမှာ သီးသန့်ဖြစ်ခဲ့တယ်၊ မင်းကိုပဲ ပိုင်ဆိုင်ချင်စိတ်ဖြစ်နေခဲ့တယ်"

"တော်ပါတော့"

လေရှူး ဖျတ်ခနဲ ထရပ်လိုက်သည်။ အုပ်စီး က လေရှူး လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး လုံးဝမော့မကြည့်ဘဲ အပြုံးအရယ်မဲ့သော မျက်နှာက ရှေ့မှာပဲရှိနေကာ ...

"ခဏလောက် ပြန်ထိုင်ပါ"

လေရှူး လက်ကိုလိမ်တွန့်ပြီး ရုန်းသည်။ သူက နာကျင်လာအောင် ၍ ဖိဆုပ်ထား၏။ နေရာမှာပဲ လေရှူး ပြန်ထိုင်လိုက်ရကာ ...

"အမိန့်ပေးတာကို ရှင်မကြိုက်ပေမယ့် ဒါ ဒီလိုဖြစ်သင့်တာ အမှန် ကျွန်မ မင်းယောကျ်ားနဲ့ လက်ထပ်ဖို့က ကတိပေးပြီးပြီ"

"ဘာဆိုင်လို့လဲ"

အုပ်စီး မျက်နှာမှာ အပြုံးအရယ်တွေ မဲ့နေခဲ့သည်။ တိုစိပ်ထူထဲသော မျက်တောင်ဖျားတို့နှင့် အမြဲတမ်း ညို့ရီနေခဲ့သော မျက်ဝန်းတို့က ညှိုးမြောင်း၍ စူးစူးရဲရဲ ဖြစ်နေသည်။ ခပ်လွန့်လွန့်အပြုံးနှင့် မျက်နှာကိုချောမွေ့စေခဲ့သည့် နှုတ်ခမ်းပါးတို့က ပို၍ နီနေသည်။ တင်းတင်းစေ့ခဲ့၏။ လေရှူး ပြန်ထိုင်ပြီးတဲ့အထိ သူလက်တို့ကို ဖြေမပေးခဲ့ဘဲ ...

"မင်း သူတို့ရဲ့ ဝေလေလေထဲမှာ ရောယောင်ပါမနေနဲ့ လေရှူး၊ နဲ့ သူတို့အိမ်ကကိစ္စတွေ ဘယ်လိုစခဲ့တယ်၊ အခု ဘယ်လိုရှိနေတယ်၊ ကိုယ်အားလုံးသိတယ်၊ ဘာမှပတ်သက်ဖို့မရှိတော့တဲ့ကိစ္စကို ကျားလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်ထပ်တဲ့အထိ မင်းရှေ့ဆက်ပေးဦးမှာလား"

"ဒါက ...."

"မင်း အဲဒီလောက်မမိုက်ဘူးလို့ ကိုယ်ထင်တယ်"

လေရူး က သူ့ကို ရဲတင်းသည့်မျက်ဝန်းလေးတွေနှင့် ပြန်ကြည့်သည်။ ကိုင်ထားဆဲလက်ကို ဆောင့်ခါချပစ်လိုက်၏။

"ရှင်မသိသေးဘူးထင်တယ်၊ ကျွန်မက ကလေးကချေဘဝက လာခဲ့တဲ့မိန်းမ၊ မြေးအဖြစ် ဟန်ဆောင်ဖို့အတွက် သူတို့ဆီကငွေတွေ အများကြီး ကျွန်မယူခဲ့တာ"

"လက်ထပ်တဲ့အထိ ဟန်ဆောင်ဖို့ရော ဘယ်လောက်ရမှာလဲ"

လေရူး မျက်နှာလေး ရဲကွတ်သွားသည်။

"ဟန်ဆောင်ဖို့မလိုဘူး၊ ကိုယ် ပိုင်ဆိုင်သမျှ မင်းကိုပုံပေးမယ် ကိုယ့်ကို လက်ထပ်မလား"

"ရှင် ...."

လေရူး လက်တစ်ဖက်မြောက်တက်သွား၏။ အုပ်စိုး က ဖတ်ခနဲ ကာ၍ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"မင်းကို ကိုယ်စော်ကားတယ်လို့ ထင်သွားတာလား"

"တောက် .."

"လက်ထပ်ဖို့မပြောနဲ့၊ မင်းနဲ့လောက်ပင်ပန်းအောင် ဘယ်မိန်းမကိုမှ ကိုယ် ဒူးမထောက်ခဲ့ဖူးဘူး၊ မင်းကို ကိုယ်ချစ်တယ်၊ တကယ် လက်ထပ်ချင်တာ၊ ကလေးကချေဖြစ်ဖြစ်၊ အညတရဖြစ်ဖြစ်၊ မင်းဘဝ ကိုပဲ ကိုယ်လိုချင်တယ်"

"ကလေးကချေ၊ အညတရ ဆိုတဲ့ အောက်ဆုံးဆင့်မှာ ပြားကပ် နေရင်တောင်မှ ရှင့်လိုလူကို မစဉ်းစားဘူး၊ ဘာဖြစ်လို့လဲ သိလား"

ဖြေရဲလား ဆိုသည့်မျက်ဝန်းနှင့် လေရူး က မျက်ခုံးလေးတွေ





ပါ ပင့်ထားပြီးမေးသည်။ အုပ်စိုး က အံကြိတ်ထားရင်း စူးစိုက်ကြည့် နေခဲ့၏။

"ရှင့်လို ယောကျ်ားတစ်ယောက်ရဲ့ မာနဆိုတာ ရှင်က ဘယ်လိုယူဆ ပြီးပြောမှန်း ကျွန်မ မသိဘူး၊ ဒါပေမယ့် အထင်ကြီးကိုးကွယ်လောက် စရာ ကိုယ်ကျင့်တရား ရှင့်မှာမရှိဘူး၊ လင်းအုပ်စိုး ... ရှင် ကျွန်မကို စတွေ့တုန်းက ဘယ်လိုပုံစံနဲ့ ချဉ်းကပ်ခဲ့သလဲ မှတ်မိတယ်နော်"

လေရူး နှုတ်ခမ်းလေးတွေက အားမနာတတ်သည့် ကလေးဆိုး လေးတစ်ယောက်လို ခံပြင်းနေသူတစ်ယောက်ရှေ့မှာ စိတ်ရှိလက်ရှိ မဲ့ရွဲ့ခြင်းဖြင့် အထင်သေးစွာ ရှိနေလေသည်။

"မိန်းမတွေအပေါ်မှာ ရှင့်အမြင် ဒါ့ထက်မပိုနိုင်ပါဘူး၊ လေးနက် တာတွေ၊ တည်မြဲတာတွေ စာဖွဲ့ပြနေလဲ အပိုပဲ၊ ကျွန်မက ရှင်အထင် ကြီးလောက်စရာမရှိတဲ့ အဆင့်အတန်းထဲကပါ၊ ဒါပေမယ့် ရှင်ထဲမှာ ထုပ်မိုးသိမ်းဆည်းထားသမျှ အပုပ်အသိုး ဘာမှမပါဘူး"

"မင်းရင်ထဲကို မင်း ဒီလိုပြောရဲနေရင် ကိုယ့်ရင်ထဲကသန့်စင် မှုကို မင်းပုတ်ခတ်လိုက်တာ မလွန်ဘူးလား"

"ရှင့်ကိုယ်ရှင်သိမှာပေါ့၊ ဒါပေမယ့် ဝမ်းနည်းစရာပဲ၊ ဘယ်သူက မှ ယုံကြည်မှာမဟုတ်ဘူးထင်တယ်"

"မင်းယုံဖို့ပဲ လိုတာပါ"

"အဲဒီလောက်ထိ ရှင့်ကို ကျွန်မ စိတ်မဝင်စားဘူး၊ တစ်ခု ပြော နိုင်တာက ရှင်လဲ ရှင့်အတွက် အလျှံပယ်ဖြစ်နေတာတွေကိုပဲ ရွေး ချယ်လိုက်ပါ၊ ဒါဆိုရင် ရှင်နဲ့ကျွန်မ ဒီတိုင်းဆက်ခင်သွားလို့ရတယ်၊ နောက်ထပ် စွက်ဖက်တာ၊ ဝေဖန်တာ ထပ်လုပ်လာရင် ..."

"ဘာဖြစ်သွားနိုင်သလဲ လေရူး၊ ကိုယ်မကြောက်တတ်ဘူးဆိုတာ မင်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး ဒေါသထွက်သွားသည်။ အုပ်စီး အကြည့်ကလည်း ဘာဖြစ်ဖြစ်ဆိုသည့် ဂျစ်ကန်ကန်အကြည့်။

"ကျွန်မကလဲ ရှင့်လိုပဲ၊ ရှင်က ရှင့်ရဲ့ကြွယ်ဝမှုတွေအားကိုးနဲ့ မကြောက်တတ်တာ ဖြစ်နိုင်ပေမယ့် ကျွန်မက ဘာမှမရှိခဲ့တဲ့ဘဝနဲ့ပဲ ဂရုမစိုက်တတ်ခဲ့တာ၊ ကျွန်မရဲ့ခြေထောက်နဲ့ခေါင်းက ကျွန်မဘဝ ဆုံးဖြတ်ချက်ချပြီးမှ မလုပ်ဘူး၊ ထိုင်ပြီး မစဉ်းစားဘူး၊ အတိတ်ကို ထားရစ်ခဲ့တာရော၊ ပစ္စုပ္ပန်မှာ သွားနေတာရော၊ နောင်အနာဂတ်မှာလဲ ဒီခြေထောက်နဲ့ပဲ သွားရမှာ၊ ကိုယ့်ခြေလှမ်းကို ယုံကြည်တယ်၊ လှမ်းပြီးတဲ့ခြေလှမ်းအတွက် နောင်တမရတတ်အောင်လဲ လေ့ကျင့်ထားပြီးသား၊ မင်း ဒါလုပ်ဖို့ ဆုံးဖြတ်ပြီးပြီလားလို့မေးရင် အပိုပဲ၊ ကျွန်မရင်ထဲမှာ ဆုံးဖြတ်ချက်မရှိဘူး၊ ဒီနေ့လုပ်နေတာကို ဒီနေ့စဉ်းစားတယ် ဒါပဲ"

"လေးစားပါတယ်"

"ဟွန်း ..."

အုပ်စီး က ထိပ်မှာ လက်ဖဝါးကပ်ပြီး ရွဲ့သည်။ လေရှူး က မရယ်ချင်ဘဲ မဲ့ရယ်၏။

"ဘာဖြစ်လို့ မာနတွေ ဒီလောက်ကြီးပြနေတာလဲ လေရှူး၊ မင်းက ကိုယ့်ကို ဂရုမစိုက်တာတွေ ရွေးပြောတယ်၊ လက်လျှော့သွားဖို့ ရည်ရွယ်တယ်၊ အဲဒါပေမဲ့အားလုံးက မင်းထင်သလိုမဖြစ်ဘူး၊

သူ လေရှူး ဘက်ကို တည့်တည့်လှည့်ထိုင်လိုက်တော့ စားပွဲနှင့် ဘေးတိုက်ဖြစ်သွား၏။

"မင်းကို မရရင်မဖြစ်ဘူးဆိုတာ ပိုပိုပြီး သေချာသွားတယ်၊ ကိုယ့်အတွက် ထူးဆန်းတာတွေပဲပေးနေတဲ့ မင်းကိုမှ စိတ်ဝင်စားခဲ့တာ ကြာလေ ချစ်မိလေပဲ၊ ကျားလေးနဲ့မင်း လက်မထပ်ဖြစ်စေရဘူး"





လေရှူး လက်ပိုက်လိုက်ပြီး မဲ့သည်။

"လေရှူးရေ၊ အပြင်မှာ ဧည့်သည်ရောက်နေတယ်ဟ"

ချစ်သဲ အသံလေးက လူကိုမမြင်ရဘဲ ရောက်လာ၏။ ထိုအခါ သူနဲ့အုပ်စီး၏ အခြေအနေကို ချစ်သဲ ရိပ်မိနေပြီမှန်းသိကာ လေရှူး စိတ်ညစ်သွားခဲ့သည်။ နေရာမှထလိုက်ရင်း ...

"ဘယ်သူလဲဟင်"

"ကျားလေး တဲ့"

ထိုင်နေဆဲရှိသည့် အုပ်စီး ကို လေရှူး တစ်ချက်ငဲ့ကြည့်ပြီး နှုတ်မဆက်ဘဲ ထွက်လာခဲ့၏။ သို့သော် အုပ်စီး က သူမ ထင်သလို ထိုင်ကျန်နေခဲ့သည်မဟုတ်ဘဲ ဘေးမှာမီအောင် ယှဉ်တွဲလိုက်လာသည်။

ဆိုင်အဝင်ဝမှာပဲရပ်နေသည့် ကျားလေး က လေရှူးနဲ့အုပ်စီး အတူတူထွက်လာကြတာကိုမြင်တော့ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ တကယ်တော့ အုပ်စီး က ဟိုဘက်ကဝင်းထဲမှာ ကားထားခဲ့ပြီး ဒီဘက်ကို ကူးလာတာမို့ ဖန်စီရှော့ပ်ရှေ့မှာ ကားမရှိခြင်းဖြစ်သည်။

ရှေ့မှာ ကား မမြင်ဘဲ အုပ်စီး အထဲရောက်နေတာမြင်တော့ ကျားလေး ဟန်မဆောင်နိုင်။ အုပ်စီး က ဘောင်းဘီအိတ်ထဲက မျက်မှန်ထုတ်၍ ပြန်တပ်သည်။ ခပ်ယဲ့ယဲ့အပြုံးနှင့် သူ့ရှေ့မှာရပ်၍ ...

"နောက်ကျသွားပြီကွ၊ မင်း ပန်းကန်ဆေးပဲမီတော့မယ်၊ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်လေ၊ ပိုင်ရှင်က အလိုက်မသိတော့ အတင်းတွေးနိုင်းရတာ"

လေရှူး ကို ချစ်စနိုးမျက်ဝန်းများနှင့်ကြည့်ပြီး ဖုန်ဆက်နေသည်။ ထိုနေ့က စားသောက်သမျှကို သူပဲ ရှင်းပေးခဲ့လေသည်။

ကားပေါ်မှာ တင်ခေါ်လာပြီး ကျားလေး မျက်နှာ မှုန်ကုပ်ကုပ်နှင့် ဘာမှမပြော။ ကြာလာတော့ လေရှူး မနေနိုင်တော့ပေ။

www.burmeseclassic.com



"မင်းယောကျာ်း၊ ရှင် ဘယ်ကိုမောင်းနေတာလဲ၊ ဘာပြောစရာရှိလို့လဲ၊ ကားပေါ်တက်လိုက်ခဲ့ရတဲ့လူကို ဒီတိုင်းနေခိုင်းရသလား"

ကျားလေး က လှည့်ကြည့်သည်။ စိတ်မရှည်သည့် မျက်မှောင်တစ်ချက်ကုပ်လျက် ရှေ့ပြန်လှည့်သွား၏။ ကားက လူရှင်းသော ကန်ပေါင်ဘေးနေရာလေးရောက်မှ ထိုးဆင်းရပ်သွားကာ ...

"မင်းကိုပြောစရာရှိလို့ ခေါ်လာတာ၊ ဒါပေမယ့် အခု အဲဒါကို မပြောသေးဘဲ မေးဖို့လိုအပ်လာလို့ စဉ်းစားနေတာ"

"လင်းအုပ်စီးနဲ့ ဘယ်လိုပတ်သက်နေသလဲလို့ ထပ်မေးချင်တာမို့လား"

သူ ဖျတ်ခနဲ လှည့်ကြည့်သည်။ 'ဟုတ်တယ်' ဆိုသည့်စကားကို နှုတ်ခမ်းလှုပ်ရုံလေးပြောပြီး စိုက်ကြည့်နေ၏။ လေရှူး မျက်နှာမှာလည်း စိတ်ပျက်ခြင်းတွေနဲ့သာ။

ဒီလူတွေ ဘာဖြစ်နေကြတာလဲ၊ ဘာဖြစ်လို့ ညီအစ်ကိုတော်နေသည့် ဒီနှစ်ယောက်နဲ့မှ သူမ ပတ်သက်မိရတာလဲ။ အုပ်စီး ကိုလည်း ကိုယ့်ဘဝနှင့်အဆင့်အတန်းကွာလွန်းတဲ့ သူဌေးသားရယ်လို့ အထင်တကြီး မဖြစ်ခဲ့ပေ။ သူ ချစ်နေတယ်ဆိုတာကိုလည်း သာယာလို့မရ ယုံလည်းမယုံ။

သူနှင့်ပတ်သက်သော ကိုယ်ကျင့်တရားဟာ လေရှူး စောင့်ထိန်းခဲ့သည့် သိက္ခာတရားများအတွက် အဆိပ်အတောက်တွေဟု သတ်မှတ်ခဲ့ပြီးသည့်အသိက ရင်ထဲမှာ သပ်စွဲထားသလို မြဲနေပြီဖြစ်၏။

မင်းယောကျာ်းနဲ့ပတ်သက်တာက အစကတည်းက ရင်ထဲမှာ လေးနက်ခဲ့သည်။ ဒီယောကျာ်းကို အထင်ကြီးခြင်းဖြင့် အသိစိတ်မှာ ဦးကျိုးနေခဲ့သည်။ သို့သော် ကိုယ်နဲ့ဘာမှမဆိုင်တာကို သိထားပြီးသား။ သူ့အမြင်၊ သူ့နဲ့ ဆက်ဆံရေးမှာ လေရှူး ဟာ ဘာမှမဟုတ်ခဲ့သော မိန်းမ။





"ရှင့်ကို ကျွန်မပြောချင်တယ်"

လေရှူး စိတ်ကိုတည်ငြိမ်အောင် ပြန်ထိန်းသည်။ ယောကျာ်းနှစ်ယောက်နှင့်ပတ်သက်၍ စိတ်ရှုပ်ရခြင်းက ကိုယ့်အတွက် မတန်တော့ဘူးထင်သည်။

မသက်ဆိုင်သော သူစိမ်းတစ်ယောက်အတွက် ကိုယ်က ပူပန်ပေးနေရသလိုဖြစ်နေ၏။ သူတို့ဘဝနဲ့ကိုယ် ဘာဆိုင်လို့လဲ၊ အဆင့်အတန်းချင်းက မိုးနဲ့မြေ။

"ရှင်နဲ့ရော၊ လင်းအုပ်စီးနဲ့ရော၊ ကျွန်မ ဘယ်သူနဲ့မှ မသက်ဆိုင်ဘူး၊ လောလောဆယ် ရှင့်ရဲ့စည်းကမ်းအောက်မှာ ကျွန်မရှိနေတယ်၊ အဖြစ်က ဒါပဲ၊ အဲဒီတော့ နောက်ထပ်ပတ်သက်ရဦးမယ့် ကိစ္စအတွက် ရှင်ပြောချင်တာကို ဆက်ပြော၊ မဆိုင်တာကို မမေးပါနဲ့"

"မမေးလို့မရဘူး"

'မထင်မှတ်ဘဲ ဒေါသတွေထဖြစ်နေသည့် သူ့ကို လေရှူး က 'ကြောင်ချည်လား' ဆိုသည့်မျက်ဝန်းလေးတွေနှင့် ကြည့်၏။

"အခု ဘိုးဘိုးနဲ့အန်တီဇင်တို့က မင်းနဲ့ ငါ့ကို လက်ထပ်ပေးဖို့ ခိုင်းနေကြပြီ"

"ဟင် ..."

"အစကတော့ မင်းပြောသလိုပဲဖြစ်မှာ၊ ဒါပေမယ့် ဘိုးဘိုး ဘာစိတ်ကူးတွေဖြစ်ပြီး ချက်ချင်းထဖြစ်တယ်မသိဘူး၊ အဲဒါ ..."

သူ ခဏတုံ့ဆိုင်းသွားပြီးမှ ဆက်ပြော၏။

"မင်းနဲ့အုပ်စီး တွဲပြန်လာတာကို မြင်ပြီးမှ ဖြစ်သွားတာလို့ ငါထင်တယ်"

"အဲဒါတော့ ဘိုးဘိုးလွန်တာပဲ၊ ရိုးရိုးသားသား ..."

"ဘယ်သူရိုးရိုး မရိုးရိုး အခြေအနေ အချိန်အခါကို သူ မယုံဟာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းလိုပဲ ငါ ပြောပြသေးတယ်၊ ဒါပေမယ့် မရဘူး၊ ခေါ်မြတ်နိုးကို မင်းသိလား"

လေရှူး ခေါင်းညိတ်လိုက်မှ သူက ဆက်ပြောသည်။

"အဲဒီ အန်တီမြတ်နဲ့ ဖုန်းပြောပြီးမှ အန်တီဇင် ပြောင်းလဲသွားတာ၊ အစက စဉ်းစားပါဦးလို့ ပြောနေတဲ့သူက အခု 'ကောင်းပါတယ်' လို့ပြောလိုက်တော့ ဘိုးဘိုးက ချက်ချင်းစီစဉ်ဖို့ဖြစ်သွားတာ၊ အဲဒီတော့ မင်းမကြိုက်လဲ မေးရမှာပဲ၊ အုပ်စိုး မင်းကိုချစ်နေတယ်ဆိုတာ အားလုံးသိကုန်ကြပြီ၊ နောက်ဆုံးကွာ၊ သူ့အိမ်ကိုတောင် မင်းနဲ့ပတ်သက်ပြီး ဂရုမစိုက်ခဲ့တာ၊ အဲဒါတွေ မင်းရှေ့မှာ သူ ဘာမှမပြောဘူးလား၊ ဘာမှ မတောင်းဆိုခဲ့ဘူးလား၊ မင်းကရော၊ သူ့အပေါ်မှာ ဘယ်လိုသဘောထားခဲ့သလဲ၊ အဲဒါတွေ ငါ အခုသိချင်တယ်"

"သိတော့ ဘာလုပ်မလို့လဲ၊ ရှင်နဲ့ကျွန်မက တကယ်လက်ထပ်ကြဖို့ ဆွေးနွေးနေကြတာမှမဟုတ်ဘဲ၊ ဘယ်သူ့ရင်ထဲမှာ ဘာရှိရှိ၊ လိုက်ကြည့်နေဖို့ လိုသလား"

"လိုလို့မေးနေတာကွ၊ လေရှူး ... မင်း အဲဒီလို ဘာမှ ခေါင်းထဲမထည့်တာတွေ ငါ မကြိုက်ဘူး၊ လူတစ်ယောက်မှာ တစ်ခုခုကို အစွန်းရောက်နေရင် အဲဒါမကောင်းဘူး၊ မိန်းကလေးတစ်ယောက်က ဂရုစိုက်ချင်တာတွေ အစွန်းရောက်နေရင် မင်း ဘာဖြစ်သွားမလဲ၊ နားလည်လား"

"မလိုဘူး၊ ကျွန်မ ဘာဖြစ်သွားသွား ရှင်ပူဖို့လဲ မလိုဘူး၊ ကျွန်မကို လူတွေ လိုက်ဂရုစိုက်နေကြတာကိုက စိတ်ပျက်ဖို့ကောင်းတာ၊ ဟိုတုန်းက ခွေးလေးလေရှူး ရဲ့ဘဝက သိပ်ကိုလွတ်လပ်ပြီး ပျော်ရွှင်စရာတွေချည်းပဲ၊ ဘယ်လောက်ထိ ကျွန်မ ခပ်ပေါ့ပေါ့နေခဲ့သလဲဆိုရင် အမေ့မေတ္တာကိုမရခဲ့တဲ့အပြင် အဖေအရင်းလို့ပဲ ကျွန်မ သိခဲ့တဲ့ ကျွန်မအဖေ





ကိုယ်တိုင် ကျွန်မအပေါ်မှာ နွေးထွေးယုယခြင်းမရှိခဲ့တာတောင် ဂရုမစိုက်ခဲ့ဘူး၊ အမေ မရှိခဲ့တာကိုလဲ ဝမ်းမနည်းဘူး၊ အဖေ မကြင်နာတာကိုလဲ မခံစားဘူး၊ သူငယ်ချင်းတွေက 'နင့်အဖေကလဲ နေနိုင်လိုက်တာ' လို့ ပြောရင်တောင် ရယ်ခဲ့သေးတယ်၊ 'မနောမြတ်' စံအိမ်နဲ့ မပတ်သက်ခဲ့တဲ့အချိန်ထိ မျက်ရည်နဲ့ကျွန်မက အစိမ်းသက်သက်ပဲ၊ ခုတော့ ..."

"ဆက်ပြောပါ၊ မင်း ငိုတတ်ခဲ့လို့လား"

လေရှူး ရန်လိုစွာကြည့်သည်။ မျက်ခုံးတန်းလေးရော၊ နှုတ်ခမ်းလေးတွေရော ထခုန်ပြီး ရန်တွေ့တော့မည့်လူလို တလွန့်လွန့်ကြိတ်ခဲနေလေသည်။ ကျားလေး ကလည်း မလွှဲတမ်း ကြည့်နေခဲ့၏။

"မျက်ရည်ကျရတဲ့အကြောင်းရင်းတွေကို ကျွန်မ မသိဘူး၊ ဒါပေမယ့် ကျွန်မ မျက်ရည်ကျခဲ့ရတာတွေ ခဏခဏပဲ၊ သေချာတာက အားလုံးက အချစ်နဲ့မသက်ဆိုင်ဘူး၊ ရှင် ကျွန်မကို ဘာမှမမေးဘဲ လိုရင်းကိုပြော"

"ကောင်းပြီ၊ မင်းနဲ့အုပ်စိုးကိစ္စ ဘာမှမဟုတ်ဘူးလို့ သတ်မှတ်လိုက်မယ်။ အခု ငါနဲ့မင်း လက်ထပ်ဖို့အတွက် မင်း ဘယ်ဆိုဆိုးဖြတ်မလဲ"

"အခုမဟုတ်သေးဘူးလို့ ခေါင်းထဲမှာ ထည့်ထားခဲ့တာ၊ ကျွန်မကြိုစဉ်းစားတဲ့အကျင့်မရှိဘူး"

ကျားလေး အသံမထွက်သော်လည်း 'ဟာ'ခနဲ ဖြစ်သွားသလိုမျိုး နှုတ်ခမ်းတွေ ပွင့်သွား၏။ ပြီးတော့ ဆတ်ခနဲ ခေါင်းယမ်းပစ်ကာ ...

"ငါ စိတ်ကူးထားခဲ့တာတွေအားလုံး တစ်ဖက်သတ်ဖြစ်ကုန်ပြီ၊ ကျွတ် ....."

စိတ်ပျက်စွာညည်းသံက ဗုန်းဗုန်းလဲတော့မလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အနိတ်ဇင်လဲ ပြောပြပြီးပြီလို့ ငါ့ကိုပြောတယ်၊ လက်ထပ်ဖို့ကိစ္စက မင်းခေါင်းထဲမှာ ဘာမှမရှိခဲ့ဘူး၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ တကယ်ဖြစ်ကြမှာမှမဟုတ်တာ"

"လာပြန်ပြီ ... မင်း ..."

ကျားလေး က လေရှူး ပခုံးလေးတစ်ဖက်ကို ဆောင့်ခါပစ်လိုက်သည်။ ပြီးတော့ သူ့ဘက်ကို ဆွဲလှဲချလိုက်ကာ ...

"ဘာ တကယ်မဟုတ်တာလဲ၊ လက်ထပ်တာကို မင်း ဘာထင်လို့လဲဟင်၊ မင်း .. ကွာ ..."

သူ့ဘက်ကို ယိုင်ကျလာသည့် လေရှူး ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်၍ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည် မျက်နှာချင်း ထိလုမတတ်ဖြစ်နေသောကြောင့် ကျီစနဲ့ အံကြိတ်လိုက်တာကို လေရှူး ကြားနေရ၏။

ရှန်းဖို့လည်း မေ့နေသည်၊ ပြန်ပြောဖို့ စကားတွေလည်း ဘယ်ရောက်နေမှန်း မသိပေ။ လေရှူး မျက်နှာလေး နောက်ကို အနည်းငယ်မော့လှန်ထားရင်း ငေးနေမိ၏။

"လက်ထပ်တဲ့အထိ မင်းက ဟန်ဆောင်ချင်သေးလို့လား၊ ဒါမှမဟုတ် လက်မထပ်နိုင်ပါဘူးလို့ ငြင်းဖို့ စိတ်ကူးထားလို့လား၊ လေရှူးဖြေစမ်း၊ ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ"

လေရှူး ခေါင်းလေးခါသည်။

"မသိဘူး၊ ကျွန်မ ဘိုးဘိုးအတွက် ခေါင်းညိတ်ဖို့စဉ်းစားခဲ့တာ၊ အဲဒီထဲမှာ ဟန်ဆောင်တာလား၊ တကယ်လား ဆိုတာလဲ မပါသေးဘူး"

"မပါသေးလို့ မဖြစ်ဘူး၊ ဒါဆိုရင် မင်းခုဖြေ၊ ဒီရက်ပိုင်းမှာ မင်္ဂလာကိစ္စကို ဆွေးနွေးကြတော့မှာ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ"

လေရှူး မျက်ဝန်းလေးတွေ ဘေးကို ရွှေ့ဖယ်သွားသည်။ ကျူရှင်ဘက်ကို တိမ်းမှီပစ်လိုက်ရင်း သူ့လက်တွေထဲက ရုန်းထွက်လိုက်၏။





"ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ၊ ပြောထားတဲ့အတိုင်းပဲလေ၊ ရှင်နဲ့ကျွန်မဘဝက မိုးနဲ့မြေလို ကွာပါတယ်၊ ဘယ်အကြောင်းနဲ့မှ တကယ်ဆိုတာ ဖြစ်မလာသင့်ဘူး၊ သူများတကာ အောင့်သက်သက်နဲ့ မသဒ္ဓါကြည်ဖြူစွာ ပေးကမ်းတာကို ကျွန်မ ဘယ်တော့မှ ခေါင်းငုံ့လက်မခံဘူး၊ လက်ထပ်တဲ့အခါပွဲ ဘယ်လောက်ပဲလေးနက်ပစေ၊ ကျွန်မကတော့ ရှင့်ကို ဟန်ဆောင်လက်ထပ်ရုံပဲ ခေါင်းညိတ်မှာ"

ကျားလေး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ကုပ်ကျသွား၏။ လေရှူး၏ ကူရှင်မှာ မော့လှန်ထားသည့် မျက်နှာလေးမှာ ဆံပင်တွေဖြင့်တင်၍ စည်းထားသဖြင့် နားသယ်စပ်ဆံစလေးတွေ စိမ်းနေတာကို ဒီတိုင်းမြင်နေရသည်။

မေးဖျားလေးပင့်နေသည်က ပြည့်ဖူးသော နှုတ်ခမ်းလွှာလေးကို တမင်ပြထားသလိုဖြစ်ကာ စိုက်ကြည့်နေရင်း သူ့စိတ်တွေ လှုပ်ရှားလာခဲ့၏။ မျက်ဝန်းတွေကို လွှဲဖယ်ပစ်ရင်း နဖူးကိုပဲ ဖိပွတ်နေမိ၏။ လေရှူး မသိပါ။

"ဘယ်သူတွေ ဘယ်လိုပဲထင်ကြပစေ၊ ရှင့်ကိုလက်ထပ်ရတဲ့အဖြစ်မှာ ကျွန်မကိုယ်ကျွန်မ လိပ်ပြာသန့်ချင်တယ်၊ ငွေလိုချင်တဲ့စိတ်ကို ရှင်အထင်သေးတာ သဘာဝကျပါတယ်၊ ဒါကို ချိုးဖဲ့နှိမ်ချပြောလဲ ကျွန်မခံနိုင်တယ်၊ သူ့ဌေးကို လိုချင်လို့ ရတဲ့နည်းနဲ့ယူတဲ့ မိန်းမတစ်ယောက်လိုတော့ နည်းနည်းလေးမှ စောင်းကြည့်မခံနိုင်ဘူး"

"မင်း ဂရုမစိုက်ပုံက လွဲနေတာ"

"ကျွန်မအတွက်နဲ့ကျွန်မ မှန်တယ်"

"ကျွတ် ..."

"ရှင် သိပ်စိတ်ပျက်နေရင် လက်လျှော့လိုက်ပါ"

"မဖြစ်ဘူးဆိုတာ မင်းမသိဘူးလား လေရှူး၊ မင်းလဲသိလို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ရမှာမဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ကျွန်မက ဟန်ဆောင်ကြဖို့ပဲ သဘောတူတာ"

"ငါကတော့ ဟန်မဆောင်နိုင်ဘူး"

"ဘာ ..."

လေရှုးနဲ့သူ မျက်လုံးချင်းဆုံသွားသည်။ ကျားလေး မျက်နှာ ရှက်အမ်းအမ်းနှင့် ဖျတ်ခနဲ လွှဲသွား၏။

"မင်းအတွက်ရော၊ ငါ့အတွက်ရော မကောင်းလို့ပြောတာ၊ မင်းနဲ့ငါ လက်မထပ်ခင် စဉ်းစားကြဖို့ပဲလိုတယ်၊ လက်ထပ်ပြီးရင် နောက်ထပ်မြေးအစစ် အတုနဲ့ပတ်သက်ပြီး ဘာတွေဖြစ်လာလာ အိမ်ထောင်ရေးနဲ့ မဆိုင်ဘူး"

"တကယ့်မြေးကို တကယ်ဆုံးရှုံးလိုက်ရရင် ရှင်နစ်နာမှာပေါ့"

"အဲဒါ မင်းနဲ့ မဆိုင်ပါဘူး"

"ဆိုင်တာပေါ့၊ ရှင်တို့တွေ နစ်နာရနေကြရင် ကျွန်မက ဘယ်လိုနေရမလဲ"

ကျားလေး က စိတ်မရှည်သည့်အကြည့်တွေ ဖြစ်လာ၏။

"ဘာဖြစ်လို့ လှည့်ပတ်ပြေးနေတာလဲ၊ တစ်ခွန်းပဲ ဖြေ၊ ငါ့ကို မင်းလက်ထပ်နိုင်မလား"

လေရှုး မတ်မတ်ပြင်ထိုင်သည်။ မျက်နှာ ဟိုဘက်လှည့်လိုက်တော့ ကျားလေး က လေရှုး နားကို တိုးထိုင်ကာ မေးဖျားလေးကို ခပ်ဆတ်ဆတ်ဆွဲလှည့်လိုက်သည်။

"မေးတာကို ဖြေ"

"စဉ်းစားရဦးမယ်"

ရင်ထဲမှာ ယားကျိကျိဖြစ်သွားသည်။ ကိုယ့်ဘက်မှာ ကိုယ်ပြန်ထိုင်ပြီးမှ ကားမောင်းတဲ့ဆီမှာ စိတ်က ဘယ်လိုမှမရောက်နိုင်ဘဲ လေရှုး





ကို ပြန်ငဲ့ကြည့်မိသည်။

ထောင့်ချိုးလေးတွေပေါ် နေအောင် ဖွေးအိနေသည့် နှုတ်ခမ်းလေးကဲ ဘေးကကြည့်တော့ ခပ်ထော်ထော်လေးပဲဖြစ်၏။ ဒီနှုတ်ခမ်းထော်လေးဟာ ရန်တွေ့တတ်သလောက် မာနကလည်း ကြီးလွန်းပါ၏။

သူ မသိဘဲ တစ်ယောက်တည်းပြုံးမိရင်း မနေနိုင်မယိုင်နိုင် သူမ၏လက်ဖဝါးလေးတစ်ဖက်ကို ထပ်ဆုပ်ကိုင်လိုက်မိ၏။

လေရှုး မျက်နှာလေး လှည့်လာ၏။ ပြန်ဆွဲရုန်းတော့ သူ အင်အားသုံး၍ အနိုင်ကျင့်ထားလိုက်သည်။ လက်ဖဝါးနုနုလေးက သူ့လက်ထဲမှာ ပျောက်ကွယ်နေခဲ့၏။

ရင်ထဲမှာ ဘာတွေဖြစ်နေပြီကို နားလည်လာသည်။ သို့သော် သူမ၏ မာနတွေရှေ့မှာ သူ လဲပြိုမကျချင်သေး။ ထို့ပြင် လေရှုး ဆိုသည့် ကောင်မလေး မချစ်တတ်သေးဘူးလို့ သူ ထင်သည်။ မရနိုင်တာကို အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး မျှော်လင့်တောင့်တမနေချင်တာ သူ့အကျင့်ဖြစ်သည်။

ထို့ကြောင့် ကြိုတင်ပေးဆပ်ခြင်းကို မလုပ်ချင်၊ ရင်ခုန်သံတွေကို ခက်မောတတ်နေပြီဖြစ်သည့် ရင်ထဲမှာတော့ သူမကို သူ ချစ်နေမိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅၂)

ဒီနေ့လည်း မြန်မာဆန်ဆန်လေးဝတ်ပြီး ဆင်းခဲ့ပါ ဟု ဘိုးဘိုး မှာပြန်သည်။ ဒေါ်သဇင်ကလည်း ဒီတစ်ခါ ဝတ်စုံတစ်စုံရော၊ ခါးပတ် နက်လေးရော လာပို့ပေးခဲ့သည်။ ဒါပေမယ့် လေရှူး မယူခဲ့ပေ။

"လေရှူး မှာရှိတယ် အန်တီ"

လို့ ပြောလိုက်ပြီး ကျားလေး ချုပ်ပေးထားသည့် ဝတ်စုံတွေထဲက နို့စိမ်းရောင်ပေါ်မှာ အနက်ရောင်ပွင့်ခက်တွေပါသည့် ဂျပန်ဆွဲသား အပြောင်လေးကို ရွေးဝတ်လိုက်သည်။

ပြောင်အိနေသည့် ထဘီစကတ်က ပြည့်တင်းလှပသည့် ကိုယ် ပေါ်မှာ ကပ်ချပ်နေသည်။ အင်္ကျီကျတော့ ဘာအတွန့်အရှုံ့မှ မပါဘဲ လည်ပတ်ခါးတို လက်ကျလေးဖြစ်သည်။

စည်းထားနေကျဆံပင်တွေကို ဖားလျားချဖို့အစီအစဉ်နှင့် အဓော ကြီးကတည်းက လျှော်ထားတာမို့ ကျောပေါ်မှာ ပျော့နွဲ့ဝဲဖြာနေ၏။

ကိုယ့်ကိုကိုယ် မှန်ထဲမှာလှည့်ပတ်ကြည့်ရင်း ဆံပင်နှစ်ဖက်စည်း၍ ဒူးကျစကတ်အကျပ်လေးတွေ ဝတ်သည့်ပုံစံနှင့် တော်တော်ကွာသွား





မှန်း သတိထားမိ၏။

အဖေကလည်း ပြောဖူး၏။

"အများအားဖြင့် လူတစ်ယောက်ကို နေထိုင်သွားလာပုံ၊ ဝတ်စား ပြောဆိုပုံကို အပြင်ပန်းကြည့်ပြီး အကဲခတ်လိုက်ကြတာ၊ ငါ့သမီးကို အကဲခတ်ရင်တော့ သေချာတယ်၊ ကောင်းကွက်တစ်ခုမှ ရှိမှာမဟုတ် ဘူး" တဲ့။

မင်းယောကျ်ား ဆိုသည့် လူနဲ့ဆုံခဲ့တော့လည်း အဖေ ပြောသလို ပါပဲ။ ဒါပေမယ့် လင်းအုပ်စိုး ကတော့ မြင်ကတည်းက သူမ နောက်မှ တကောက်ကောက်ပါခဲ့သည်။ ပြီးတော့ ချစ်ပါသည် တဲ့။

ဒါဟာ ဖျက်ဆီးရလွယ်အောင် စည်းရုံးတာလည်းဖြစ်နိုင်သည်။ တကယ်ကို အရူးအမူးချစ်နေတာပါဆိုရင်လည်း အားလုံး အထင်ကြီး မက်မောဖွယ်ဖြစ်သည့် ထိုအရည်အချင်းကောင်းများကို လေရှူး က တော့ မနှစ်သက်ပါ။

မင်းယောကျ်ား ကိုသော်လည်းကောင်း၊ လင်းအုပ်စိုး ကိုသော် လည်းကောင်း သူမ အထင်ကြီးသည်ဖြစ်စေ၊ မကြီးဘူးဖြစ်စေ ထို ယောကျ်ားနှစ်ယောက်စလုံးဟာ ကိုယ်နဲ့မထိုက်တန်၊ မတူညီသော အလွှာထဲမှလူတွေဖြစ်သည်။

ထို့ကြောင့် နှစ်သက်နိုင်ခြင်း၊ မနိုင်ခြင်းဆိုသည့် ရွေးချယ်မှုကို လေရှူး ခေါင်းထဲလည်းမထည့်ချင်။

အချိန်တန်လျှင် ဘုရင်က ဘုရင်နေရာ ထိုင်မည်၊ မှူးမတ်က မှူးမတ်နေရာမှာပဲ ထိုင်ရမှာဖြစ်၏။ ဘာဆိုင်ကြလို့လဲ...။

ရင်ညွန့်ရှေ့ထိ ပြုဆင်းကျနေသည့်ဆံပင်တွေကို ပြန်ကိုင်ကြည့် ရင်း မှန်ထဲက ကိုယ့်အရိပ်ကို စကားတွေပြောချင်လာခဲ့၏။

ဘိုးဘိုးကကော ညည်းနဲ့ဘာဆိုင်လို့လဲ လေရှူးရယ်။ ဘိုးဘိုးကို



www.burmeseclassic.com

www.burmeseclassic.com



ညည်းဘာဖြစ်လို့ သနားနေတာလဲ။ ဒီလိုအခြေအနေအထိ လက်ခံပေးခဲ့တာ ဘိုးဘိုးအတွက် သက်သက်ဟုတ်ရဲ့လား။

ဟုတ်တယ်ဆိုရင်ကော ဘယ်သူက ယုံမှာလဲ။ မှန်ရှေ့ကနေလေးတွဲစွာ ကျောခိုင်းထွက်လာခဲ့မိ၏။ အောက်ထပ်မှာ လူမစုံသေးပေ။ ကျားလေးနဲ့ အန်တီဇင် အပြင်ကိုသွားကြသည်။

လက်ယာဘက် နှစ်ခန်းကျော်မှာရှိသော အမြဲတမ်းပိတ်ထားခဲ့သည့် ဒေါ်မေမြတ်ရှင်အခန်းရှေ့ကို လျှောက်သွားမိ၏။

ဒီထဲကို သူမ ဝင်ချင်သည်။ ဒေါ်မေမြတ်ရှင်၏မာတ်ပုံကြီးကို ထပ်ကြည့်ချင်၏။ ပြီးတော့ သူမ ကျန်ရစ်ခဲ့သော ခြေရာလက်ရာတွေကို ထိကိုင်ခံစားကြည့်ချင်မိသည်။

အကယ်၍များ သူမဟာ တကယ်ပဲ ဒေါ်မေမြတ်ရှင်၏သမီးဖြစ်ခဲ့လျှင်....

ရင်ထဲမှာ နွေးခနဲဖြစ်သွား၏။ အခန်းတံခါးကြီးကို သာသာလေးထိကပ်ကြည့်ရင်း ဒီနေ့ကျမှ အတွေးပေါင်းစုံနှင့် ရင်နင့်နေရသည့် ကိုယ့်ရင်ထဲကိုလည်း နားမလည်တော့ပါ။

ဟိုတုန်းက လေရှုးမှာ တွေဝေငေးငိုင်ခြင်းဆိုတာ မရှိခဲ့။

"အထဲဝင်ချင်လို့လား"

"ဟင် ..."

ကြည့်လိုက်တော့ ကျားလေးက အနားရောက်နေပြီဖြစ်၏။ ပြီးတော့ သူမတစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံးစိုက်ကြည့်သည်။

"အားလုံးပြီးနေသားနဲ့ ဘာလို့ဆင်းမလာတာလဲ၊ အန်တီဇင်နဲ့ ငါ ပစ္စည်းတွေ သွားရွေးတာ"

ဘာပစ္စည်းတွေလဲ လေရှုး စိတ်မဝင်စားပါ။

"ကျွန်မ ဒီအခန်းထဲကို ခဏလောက်ဝင်ကြည့်လို့ ရမလား"





ထူးဆန်းသွားသည့်မျက်နှာနှင့် ကျားလေးက ကြည့်သည်။ ပြီးတော့ ခေါင်းညိတ်လိုက်ကာ...

"ခဏစောင့်"

လှည့်ထွက်သွားပြီး သိပ်မကြာဘဲ ပြန်ရောက်လာ၏။ တံခါးကို သူကိုယ်တိုင်ဖွင့်ပေးပြီး လေရှုးနှင့်အတူ ဝင်လိုက်လာ၏။

မွေ့ရာကြီး၏ခေါင်းရင်းစားပွဲမှာ ငွေနားပေါင်ကွပ်နှင့် ထောင်ထားသည့် ဓာတ်ပုံကြီးဆီသို့ မျက်လုံးက တန်းရောက်ကာ ထိုဆီကိုပဲ လေရှုးခြေထောက်တို့က လှမ်းသွားခဲ့၏။

"မင်းနဲ့တူတယ်"

ဓာတ်ပုံကို လှမ်းယူလိုက်ရင်း လေရှုးက သူ့ကို မော့ကြည့်သည်။ ကျားလေးက လေရှုးနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားအောင် စားပွဲကို နောက်ပြန်မှီ၍ လက်ပိုက်လိုက်၏။

"တကယ်တူတယ်"

ဟု ထပ်ပြောကာ...

"မင်းကို ဘိုးဘိုးရဲ့မြေးပဲ တကယ်ဖြစ်စေချင်ပါတယ်"

လေရှုး မျက်နှာလေးက ပို၍တည်သွားသည်။ သူ လှောင်နေတာလား။ ဒီအချိန်မှာ ရန်မဖြစ်ချင်တာတော့ အမှန်ပင်။ သွက်သွက်လက်လက် ခွန်းတုံ့ပြန်ရန်တွေ့ဖို့ စိတ်မှာလည်းမဖြစ်။ နှုတ်ခမ်းတွေ လျှာတွေသည်း လေးနေသည်။

"ဘာဖြစ်လို့လဲ သိလား"

"ကျွန်မ ဒီထဲကို ဝင်ခွင့်တောင်းမိတာနဲ့ပတ်သက်ပြီး ရှင် တစ်မျိုးဆင်သွားလား မင်းယောကျ်ား"

"ချော်ပြန်ပြီ၊ အဲဒါ နည်းနည်းရှောရှိနိုင်တယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကလဲ ငါ့ကို အကောင်းမြင်ဝါဒနဲ့ မကြည့်ဘူးထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါကလဲ အပြောသိပ်မညက်ဘူး၊ မင်းကို အခု ငါပြောလိုက်တာ ရိုးရိုးလေးရယ်၊ မင်းနဲ့ငါ့ကြားမှာ ဒီဟာန်ဆောင်မှုတွေနဲ့ပဲ ရစ်ပတ်ရှုပ်ထွေးနေတာမို့လား၊ အဲဒါ ပင်ပန်းတယ်၊ မင်းနဲ့ငါ ရန်မဖြစ်ချင်တော့တဲ့ ဆန္ဒတွေဖြစ်လာတော့ ရန်မဖြစ်ရဖို့က ဒီလမ်းပဲရှိတာ"

လေရှူး က ခါတ်ပုံကို စူးစိုက်ကြည့်ရင်း နေရာတကျ သာသာလေးပြန်ချသည်။ ပြီးတော့ တစ်ခန်းလုံးကို တစ်ခုချင်း၊ တစ်နေရာချင်း လိုက်ကြည့်နေခဲ့၏။ ကျားလေး ကတော့ လေရှူး ၏ရွှေ့လျားနေသည့် မျက်ဝန်းလေးတွေကိုပဲ ကြည့်နေခဲ့ပြီး ...

"နောက်ဆိုရင် မင်း ဒီအခန်းကိုရမှာပါ၊ အခုတော့ တော်ရောပေါ့၊ အောက်မှာ ဘိုးဘိုးတို့ စောင့်နေတယ်"

"ဘိုးဘိုးက ဘာပြောမလို့လဲ၊ ရှင်သိလား"

"သိတယ်"

သူက ခေါင်းညိတ်ပြီး လက်ပိုက်ဖြေလိုက်သည်။ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးမှ လက်တစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်၏။

"မင်္ဂလာရက်ကို လာမယ့် ဆယ့်ကိုးရက် ဆန်းဒေးမှာ သတ်မှတ်လိုက်ကြတယ်၊ အဲဒါ မင်းကိုပြောမှာ"

"ဟင် ... ဘာ ...."

လေရှူး သူ့ဘက်ကို တည့်တည့်လှည့်ရပ်လိုက်သည်။

"ဆယ့်ကိုးရက် ... ဟုတ်လား၊ အို ... ဒါဆို ဘယ်နှစ်ရက်မှ မရှိတော့ဘူး၊ မင်္ဂလာပွဲစီစဉ်တာ အဲဒီလောက်မြန်မြန်ရလို့လား"

"ရအောင်လုပ်မယ်ဆိုရင် အခု နှစ်ရက်သုံးရက်အတွင်း လုပ်လိုက်လို့ရတယ်၊ နာမည်ကြီးဟိုတယ်တွေမှာ ဒိတ်ယူနေမှာမှမဟုတ်တာ၊ ငွေရှိရင် အားလုံးရယ်ဒီပဲ၊ လိုနေသေးတာက မင်းပဲ"

"ရှင်ကရော ..."





"ဒီကိစ္စကို အစကတည်းက ငါ့ဘက်ကငြင်းဖို့ လုံးဝစိတ်မကူးခဲ့ဘူး"

"အခု ကျွန်မကရော ငြင်းခွင့်ရှိသေးလို့လား၊ အားလုံးစီစဉ်ပြီးနေ အသိပေးတဲ့ဟာ"

လေရှူး နှုတ်ခမ်းလေး စူထော်လာတာကို သူက စိုက်ကြည့်နေသည်။ နှုတ်ခမ်းလေးထော်သလိုလိုနှင့် ချစ်စရာကောင်းသည့် မျက်နှာလေးဟာ အံ့ဩသွားတာ၊ ဒေါသဖြစ်သွားတာ၊ ဘယ်လိုနေနေ ကလေးဆန်၏။

လိမ်တာကိုလည်း လိမ်တယ်လို့ ပြောရဲသည်။ မရှိတာကိုလည်း ရှိပါဘူးလို့ ဝန်ခံရဲတဲ့ကောင်မလေး။ တကယ်ဆို ကိုယ့်ထက် သုံးနှစ်လေးနှစ်လောက် အသက်ငယ်နိုင်သည်။ ခေါ်လိုက်လျှင် 'မင်းယောကျ်ား' ဆိုတာကို တစ်တစ်ခွခွ။ သူ တွေးမိရင်း ပြုံးလိုက်မိသည်။

"မင်းက မကျေနပ်ဘူးပေါ့"

"ကျွန်မ စဉ်းစားနေတုန်း ..."

"ဘိုးဘိုးကတော့ သူ့မြေးလို့ပဲ သတ်မှတ်ထားတဲ့သူကို၊ ဘိုးဘိုးကို း မကျေမနပ်မဖြစ်ပါနဲ့ ပြီးတော့ ဒီလိုတွေဖြစ်ကုန်ရတာ မင်းနဲ့အုပ်စီး ူတွဲနေတာကို မြင်လိုက်တာကြောင့် ဘိုးဘိုးဆန္ဒက မင်းကို ငါနဲ့ ွဲပြီး အဲ ... ငါ့ကိုလဲ တခြားတစ်ယောက်ယောက်နဲ့ ပြိုမာခိုးတော့ ..."

"ဒီကိစ္စတွေအားလုံး အမှန်အတိုင်း ဘိုးဘိုး သိသွားရင် ရှင်းသွား ဒါကို ပြောပြချင်လို့ အကြိမ်ကြိမ်ကြိုးစားဖူးတယ်"

"အစက အားလုံးဒီတိုင်းပါပဲ၊ မြေးဖြစ်တဲ့ မိန်းကလေးကိုတွေ့ရင် ဘိုး ဒီလိုစီစဉ်ပေးချင်နေတဲ့ဆန္ဒတွေ ရှိနေမှန်းလဲ ဘယ်သူမှ ကြို သိခဲ့ဘူး၊ မင်းကို ခဏလေးကူညီဖို့ ငါ ပြောခဲ့တာလဲ ဘိုးဘိုးကို ဘယ် မှ ကယ်တင်နိုင်မှာမဟုတ်တော့ဘူးလို့ သတ်မှတ်ခဲ့ရပြီး သူ့ကို စိတ် သာသွားစေချင်လို့၊ ဖြစ်သမျှတွေက မရည်ရွယ်ခဲ့တာတွေချည်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခုလဲ မင်းနဲ့ငါ ဘာမှအဆင်သင့်မဖြစ်လိုက်ကြဘဲ လက်ထပ်ရမှာ"

လေရှူး မျက်တောင်မခတ်ဘဲ မျက်တောင်ဖျားလေးတွေ တဖျတ်ဖျတ် တုန်ခါနေကြ၏။ ခရင်မ်ပါးပါးလေးပဲ ပွတ်ထားခဲ့သည့် မျက်နှာလေးမှာ ပါးပြင်လေးနှစ်ဖက်က နှမွှတ်ဝင်းနေသည်။ သူ့ကိုကြည့်လိုက်မိစဉ် ကိုယ့်ကို စူးစိုက်ငုံ့ကြည့်နေသည့် မျက်ဝန်းများနှင့်ဆုံတော့ တစ်ဖက်ကို လွှဲပစ်လိုက်မိသည်။

အခန်းထဲမှာ ဒေါ်မေမြတ်ရှင်၏ အသုံးအဆောင်ပစ္စည်းတွေကို ထိကြည့်ကိုင်ကြည့်ချင်လို့ လူမနေတာကြာသည့် အငွေ့အသက်၊ သို့မဟုတ် အမြဲရှင်းလင်းထားသဖြင့် လူနေသည့်အတိုင်းပဲရှိနေသောကြောင့် ဒေါ်မေမြတ်ရှင့်၏ သုံးနေကျ ရေမွှေး၊ သို့မဟုတ် မိတ်ကပ်တစ်ခုခု၏ အနံ့အသက်ဖြစ်ဖြစ်၊ ဒါကို ရှူရှိုက်ခံစားကြည့်ချင်လို့ ဒီထဲကိုဝင်ချင်ခဲ့တာဖြစ်သည်။

သို့သော် လက်ထပ်ဖို့ကိစ္စကြီးကြောင့် ဖယားတွေရှုပ်ကာ သူ့ရှေ့မှာလည်း မနေချင်တော့ဘဲ လေရှူး မျက်နှာလွှဲလိုက်မိခြင်းဖြစ်သည်။

"သွားရအောင်"

လေရှူး ပဲပြောပြီး အပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ခဏလေး"

ကျားလေး က တားဆီးပြီး ဘေးကိုလည်း မလာ၊ ရှေ့ရောက်တာလည်း မဟုတ်ဘဲ လေရှူး ၏ကျောနောက်လေးမှာပဲ ရပ်နေသည်။

"မင်း ဘိုးဘိုးရဲ့ရှေ့မှာ မင်္ဂလာပွဲကို လက်မခံလိုတဲ့စကားမျိုး မပြောမိပါစေနဲ့"

ပြောပြီး သူ့ ရှေ့ကိုတိုးလိုက်တော့ လေရှူး သူ့ရင်ခွင်ထဲမှာ ကပ်နေသလိုကြီးဖြစ်သွားသည်။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်ကာ ဘာမှပြန်မပြောတော့ဘဲ ရှေ့ဆက်လှမ်းမိသည်။





"လေရှူး ..."

နောက်ထပ်ခေါ်ပြန်သည်။ စိတ်မရှည်ခြင်းက ခေါင်းပြူလာ၏။ ဒါပေမယ့် ဘာမှမပြောဖြစ်ခဲ့ပါ။ လေရှူး နေရာမှာပဲ ရပ်စောင့်နေလိုက်မိသည်။ သူကလည်း ခြေတစ်လှမ်း ထပ်တိုး၍ ကပ်လာသည်။ ဘယ်လိုဆက်သွယ်ချက်မှန်းမသိသည့် ခံစားချက်တစ်ခုက ကျောထဲကနေ ဖျင်းခနဲ စိမ့်တက်လာ၏။

လေရှူး လှုပ်လှုပ်ရှားရှား ဖြစ်သွားမိစဉ်မှာ သူ့မျက်နှာက လေရှူး မျက်နှာ၏ အထက်ဘေးနားမှာ နီးနီးလေး ငုံ့ကျလာသည်။

"မင်း ခေါင်းခါပြီးထွက်သွားမှာ ငါ စိုးရိမ်နေတယ် လေရှူး၊ အဲဒါ ဘိုးဘိုးနဲ့မသက်ဆိုင်တဲ့ သီးသန့်ခံစားချက်ပဲ"

လေရှူး သူ့ကိုမော့ကြည့်မိမတတ်ဖြစ်သွားပြီးမှ မျက်နှာချင်းထိတပ်သွားနိုင်တာမို့ စိတ်ကူးကိုဖျက်ကာ အခန်းထဲကထွက်ဖို့အတွက်ပဲ ကြိုးစားလိုက်၏။

ကျားလေး က လေရှူး ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"လေရှူး ..."

"ဘာလဲ ... ဖယ်ပါ"

"မင်းကို နမ်းချင်တယ်"

"ဘာ ..."

တစ်ကိုယ်လုံး တုန်သွားသလားထင်ရသည်။ ရှက်၍ ဒေါသဖြစ်ခြင်းကြောင့် သူ့ကိုရင်ဆိုင်ဖို့ လှည့်လိုက်၏။ သို့သော် ...

"ဆောရီး ... မင်းရဲ့ဆံပင်တွေကို ငါ ..."

"အို ..."

နောက်ကနေ တင်းတင်းကျပ်ကျပ် သိုင်းဖက်ပစ်လိုက်၏။ ပြီးတော့ မျက်နှာက လေရှူး ဆံပင်တွေ ဖြန့်ချထားသည့်ခေါင်းထဲမှာ ရှုမှုး



www.burmeseclassic.com

www.burmeseclassic.com



ဈာ ဖိကပ်တိုးတိုက်လျက် ...။

"ဟင့်အင်း ... မရဘူး၊ ဖယ်ပေးနော်"

ရင်ညွှန့်အောက်နားမှ ရစ်သိုင်းဖက်ထားသည့် သူ့လက်တွေကို ပြန်တွန်းချတာ မရ။ ရင်ခွင်နဲ့ကျောပြင်လေးက ကြားလေသွေးလို့မလောက်အောင် တစ်သားတည်းဖြစ်နေခဲ့ပြီး သူက ကတိမတည်ခဲ့ဘဲ လေရှူး၏ ဖြူဝင်းသည့် ကုပ်သားနုနုလေးကို ရမ်းကားသွားခဲ့၏။

အလကားလူကြီး ...။

မဆီမဆိုင်အနိုင်ကျင့်လိုက်တာကို ခံပြင်းသော်လည်း ငြင်းလည်း မငြင်းနိုင်ဘဲ မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်း၏။





## အခန်း (၅၃)

"လေရှူး"

"ဟင်..."

ခေါ်သံက မာသည်။ အနားရောက်လာပုံက အမြင့်ကြီးကနေ ခုန်ချလိုက်သလို ရိပ်ခနဲဖြစ်လျက် အသက်ရှုပြင်းနေပုံကို လေရှူး အံ့သြဟန်လေးနှင့် လှည့်ကြည့်၏။

ဆိုင်ထဲမှာ ဝယ်သူတွေကျနေသည်။ ချစ်ဖူးလည်းရှိနေ၏။ ချစ်သဲလည်း ဟိုတက်မှာရှိသည်။ တစ်ယောက်တစ်နေရာစီဖြစ်နေကြပေမယ့် သူ့ကို ပြိုင်တူ လှမ်းကြည့်ကြလေသည်။

"ခဏ စကားပြောချင်တယ်"

"ဘယ်လိုဖြစ်လာတာလဲ၊ ရှင် အို... မဆွဲနဲ့လေ"

လေရှူးကို အုပ်စီး လက်တစ်ဖက်နှင့်ဆွဲချခေါ်သွားသည်။ ချစ်ဖူး ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။ ချစ်သဲက အစ်မဖြစ်သူကို တစ်ချက်ပဲ လှမ်းကြည့်ပြီး မျက်နှာလွှဲသည်။

အုပ်စီးကတော့ လေရှူးတစ်မျက်နှာကိုပဲကြည့်ကာ ဆိုင်ရှေ့ ခေါင်းရင်းထောင့်နားမှာ အတူတူရပ်လိုက်၏။

www.burmeseclassic.com



"မင်း ကျားလေးနဲ့ လက်ထပ်တော့မယ်ပေါ့"

မျက်နှာက ခရမ်းချဉ်သီးမှည့်နှင့် ဆွေမျိုးစပ်ချင်နေပြီဖြစ်၏။ မျက်စပ်တွေပါ နီရဲနေသည်။ မေးရိုးကားလွန်းသည်မဟုတ်ဘဲ နှစ်ဖက်စလုံး ကားတက်နေအောင် အံကြိတ်ထားသည်။

"မင်း... မင်း တကယ်ဆုံးဖြတ်ပစ်လိုက်တာ ကိုယ် အံ့ဩတယ်။ ဘာဆိုင်လို့လဲ၊ အဲဒါ ဘာမှကိုမဆိုင်ဘူး၊ မင်းရဲ့ဘဝကို သူတို့က ငွေနဲ့ ပေါက်ယူလိုက်တာ မင်း နားမလည်ဘူးလား၊ သူဌေးကတော်ဆိုတဲ့ ဘဝကို ခဏဖြစ်ရှုဖြစ်ရ မင်း လိုချင်တာမျိုးလား ဟင်..."

"ဟုတ်တယ်၊ အဲဒီထက်ပိုတယ်၊ နောက်ထပ် တစ်ဘဝလုံး ဖြစ်သွားခွင့်ရအောင်ကို ကြိုးစားဦးမှာ"

"'တောက်'

"လွှတ်လိုက်နော်"

လေရှုး သူ့လက်ကို အတင်းဖိဆုပ်ပြီး ဖြုတ်ချပစ်လိုက်သည်။ အုပ်စီးကလည်း နာကျင်စွာ တက်ခေါက်လျက် ဆောင့်လွှတ်သည်။

"မင်း ကိုယ့်ကို မရွဲ့နဲ့၊ မင်းကိုချစ်လို့ တစ်သက်လုံး တာဝန်ယူချင်တဲ့ကောင်က ကိုယ်ပါ၊ ကျားလေးက မာနကြီးတယ်၊ သူ့ရင်ဘတ်ထဲမှာ သူ့ဘဝနဲ့ သူ့အလုပ်ကလွဲရင် ဘာမှမရှိဘူး၊ ဘဝနှစ်ခုကို ပေါင်းစပ်ကြတာမှာ အချစ်က အဓိကမဟုတ်နိုင်ပေမယ့် မပါလို့ ဖြစ်ကိုမဖြစ်ဘူး။ ခြေဖြစ်ဖြစ်၊ လက်ဖြစ်ဖြစ် တစ်ခုခု ချို့ယွင်းနေပေမယ့် အသက်တော့ ရှင်နိုင်သလိုပေါ့၊ အသက်ရှင်ပြီး ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဘယ်မှာလဲ ဘဝရဲ့အလှအပ၊ မင်း မအဘူး လေရှုး၊ မိုက်ရူးရဲလုပ်တာ"

"နေပါဦး၊ ချစ်တာတွေ မေတ္တာတွေ ရှင်က လာပြောနေရအောင် ရှင်နဲ့ကျွန်မကရော ဘာဆိုင်လို့လဲ"

"ဒါပေမယ့် မင်းကို ကိုယ်က မြတ်မြတ်နိုးနိုး ကိုးကွယ်ချစ်တာ"





"ဘယ်သူက လက်ခံနေလို့လဲ"

"ကျားလေးကိုတော့ မင်းက ကျေနပ်လို့ လက်ခံလိုက်တာပေါ့"

"ဒါ ကျွန်မကိစ္စပါ"

"မရဘူး၊ အဲဒါကို မင်း ရောမချနဲ့၊ ကျားလေးကို မင်း မချစ်ဘူးဆိုတာ ကိုယ်သိတယ်"

ပြောနေရင်း လက်ပါချင်လာတော့ လေရှုး ဘယ်လိုမှအထိမခံဘဲ လွှဲရှောင်ပစ်လိုက်သည်။

"မင်း သူဌေးကြီးရဲ့ကျန်းမာရေးကိုငဲ့ပြီး ဆုံးဖြတ်လိုက်တာ၊ လူလူချင်း စာနာသင့်ပေမယ့် ဒီလောက်ထိ အနစ်နာခံလိုက်ဖို့မလိုဘူး၊ ဒီနေရာမှာ မင်း မရှိခဲ့ရင် နောက်ထပ် မြေးဖြစ်ချင်တဲ့လူတွေ ရောက်လာကြဦးမှာပဲ၊ မင်း စဉ်းစားပါဦး၊ ကျားလေးကို လက်မထပ်ပါနဲ့"

ကတုန်ကယင်ဖြစ်နေသည့် သူ့ကို လေရှုး သေချာကြည့်နေမိသည်။ မျက်ဝန်းမှာ၊ နှုတ်ခမ်းမှာ၊ ပြီးတော့ ဆံပင်တွေထဲ ရောက်လိုက်၊ မျက်နှာကို ပွတ်လိုက်နှင့် မတည်ငြိမ်သော ဆုပ်ချည်ဖြန့်ချည် လက်ဖဝါးတွေမှာ...

ယုံနိုင်ဖွယ်မရှိအောင် တုန်ယင်ချောက်ချားနေသည့် လင်းအုပ်စီး၊ ဒါ အချစ်တွေလား၊ လေရှုးကို သူ တကယ်ချစ်နေခဲ့သည်လား။

သိမ်းပိုက်စော်ကားလိုခြင်းသက်သက်ဖြင့် ဒီလို အမူအရာတွေ ဖြစ်လာအောင် သရုပ်ဆောင်လို့မရနိုင်တာ လေရှုး သိသည်။

ဘယ်လိုမှ မထင်မှတ်ခဲ့ပေ။ ကမ္ဘာကြီးပဲ နောက်ထပ် တိမ်းစောင်းသွားခဲ့သည်လား၊ ဒါမှမဟုတ် သူမ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး လူတဲခတ်မှားတာလား။

"မင်းကို ကိုယ် သိပ်ချစ်တယ် လေရှုး၊ အဲဒါ မုသားလုံးဝမပါဘူး ခကားပါ"

www.burmeseclassic.com



လက်ဖဝါးနှစ်ဖက်ဖြန့်လျက် မပွင့်ဖက်တော့မလို ရှေ့တိုးပြောသည်။ ချက်ချင်း ခြေတစ်လှမ်းပြန်ဆုတ်ပြီး လက်တွေပြန်ချ၏။

"မင်းအပေါ်မှာ အထင်သေးခဲ့ဖူးတာ ရှိတယ်၊ ဒါပေမယ့် အဲဒီကာလက ခဏလေးပါ၊ မင်း ကိုယ့်ကို အထင်သေးရှုရှာတဲ့အကြည့်တွေနဲ့ ဆက်ဆံခဲ့တာကျတော့ ဒီနေ့ထိ ကိုယ် ဘယ်လိုမှ ဖြေရှင်းလို့မရခဲ့ဘူး၊ ဒါပေမယ့် ကိုယ် ဒါကို ကျေနပ်ပါတယ်၊ မင်း ယုံကြည်အောင် ကိုယ် ကြိုးစားခွင့်ရှိဦးမယ်ဆိုရင် မင်းရဲ့မျက်စောင်းအောက်မှာ ပြာဖြစ်သွားပါစေ၊ ခုတော့..."

"လေရှူး"

ချစ်သဲ၏ခေါ်သံလေး ရောက်လာသည်။ ကြည့်လိုက်တော့ လက်ကိုင်ဖုန်းကို မြှောက်ပြ၏။ လေရှူး ခြေလှမ်းပြင်လိုက်သည်နှင့် အုပ်စီးက လက်ကို ဖမ်းဆွဲထားလိုက်ပြီး ချစ်သဲကို လှမ်းကြည့်လိုက်သည်။

ချစ်သဲက နားလည်သွားသည့်ပုံစံနှင့် ဆိုင်ပေါ်ကနေ ပြေးဆင်းလာပြီး ဖုန်းကို လေရှူးလက်ထဲ ထည့်ပေး၏။ လေရှူး နားထောင်လိုက်လျှင်...

"လေရှူး"

ကျားလေး၏အသံကို ကြားလိုက်ရ၏။

"မင်း အခု ဘယ်မှာလဲ"

လေရှူး မျက်ဝန်းလေးတွေ အုပ်စီးထံ ဝေ့သွား၏။ တည့်တည့်မရောက်မီမှာ ပြန်လွှဲ၍ တစောင်းလှည့်ရပ်လိုက်၏။

"ကျွန်မ ဆိုင်ရောက်နေပြီ"

"ထင်သားပဲ၊ အဲဒီဆိုင်ကိစ္စတွေ ဒီမနက်မှ ငါ သိရတာ၊ မင်း အဲဒီဆိုင်ဖွင့်ဖို့ကို သိပ်ဝါသနာကြီးနေရင် နေရာပြောင်းပါ၊ ဒါမှမဟုတ်ရင်လဲ ဖျက်ပစ်လိုက် လေရှူး၊ ငါ ခွင့်မပြုနိုင်ဘူး"





"ဒီလိုလုပ်လို့ရမလား၊ ခုမှဖွင့်ထားတာ လပိုင်းလေးပဲရှိသေးတာ"

အုပ်စီးထံသို့ နောက်ထပ် မျက်လုံးရောက်သွားတော့ အုပ်စီးက ဖုန်းကို လုယူပစ်လိုက်လေသည်။

"အုပ်စီး ရှင် ဘာလုပ်တာလဲ"

လေရှူး လိုက်လုပေမယ့် အုပ်စီးက ကျောပေးရပ်လိုက်ရင်း...

"ကျားလေး ငါ နားထောင်နေတယ် ဆက်ပြော"

"ဟွန်း... ထင်ပါတယ်၊ မင်း အဲဒီမှာ လမ်းပွင့်နေမှာပဲဆိုတာ"

"လမ်းပဲပွင့်ပွင့် မြောင်းပဲသွယ်သွယ် ငါ့အလုပ်ပါ၊ ဒီလိုပဲ လိုချင်ရင် ကြိုးစားရတာပေါ့၊ မဆိုင်တဲ့အကြောင်းပြချက်တွေနဲ့ သိုင်းဝိုင်းပတ်ခြုံပြီး စည်းဝိုင်းထဲရောက်အောင် မောင်းသွင်းတာကမှ မရိုးသားတာ၊ ဒီမှာ မင်း သိထားစမ်းပါ၊ အချစ်ကို စစ်လိုတိုက်ယူမလား၊ ခါးပြတိုက်သလို ကြိုးစားမလား ဘာဖြစ်ဖြစ် တရားတယ်၊ သားကောင်ချောင်းသလို ချုံကွယ်ကနေ တွက်ချက်ဖယားချနေတာက သေးနုပ်လွန်းပါတယ်ကွာ၊ လေရှူးနဲ့ မင်း ဘာဆိုင်လို့လဲ"

"မင်းကရော..."

"ငါက ချစ်ပါရစေလို့ ဖွင့်ချတောင်းခံနေတဲ့သူ၊ အခု လက်ထပ်မယ် ဆိုတဲ့ မင်းက သူ့ကို ချစ်တယ်လို့ ဖွင့်ပြောပြီးပြီလား"

ကျားလေးဘက်က ဘာသံမှ ထွက်မလာပေ။

"ဟား ဟား ဟား ဟား ရယ်ရတယ်ကွာ"

အုပ်စီး တအားရယ်သည်။ ရယ်နေရင်း နှုတ်ခမ်းတွေက မဲ့ကျလာ၏။ တောင့်မတ်စွာရပ်ကြည့်နေသည့် လေရှူးမျက်နှာလေးကို 'ဘယ့်နှယ်လဲ'ဆိုသည့် မေးခွန်းနှင့်မဲ့ပြ၍...

"လေရှူးရဲ့အချစ်ကို ငါ မရသေးပေမယ့် ငါက ချစ်ခွင့်ပန်ပြီးသား၊ ဘာမှမလုပ်ခဲ့တဲ့ မင်းထက် အများကြီးရင်နီးတယ်၊ ဒီမှာ မင်း မဖြေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာကို ငါ ထပ်မမေးဘူး။ လေရှုးကို မင်း ချမ်းသာပေးလိုက်ပါ”

“လွှယ်လို့လား။ လင်းအုပ်စီးက လင်းအုပ်စီး၊ မင်းယောကျ်ားက မင်းယောကျ်ားပဲ၊ ဒါပေမယ့် မင်းလိုပဲ မနာခံတတ်တဲ့မာနမျိုး ငါ့မှာ ရှိတယ်၊ လူကြီးမိဘ ဆရာသမားတွေကလွဲရင် မင်းလိုကောင် တားဆီးတာလောက်ကို နောက်ထပ် စိန်ခေါ်ပြီး လုပ်ပြနိုင်တဲ့ အရွဲ့တိုက်တာမျိုးလဲ ငါ လုပ်တတ်တယ်၊ ဘယ်လိုလဲ”

“လာမယ့်ဆန်းဒေးမှာ လက်ထပ်ဖို့ သတ်မှတ်ထားပြီးပြီဆိုပြီး မင်းပြောရဲနေတာလား။ ဒီကြားထဲက ခြောက်ရက်တိတိမှာ မင်းနဲ့ လေ့ရှုး လက်မထပ်ဖြစ်ဖို့တွေ ရှိနိုင်သေးတယ်”

“အဟွန်း… ဒီနေ့နဲ့မနက်ဖြန်တောင်မှ နာရီတွေ လိုပါသေးတယ်ကွာ၊ နောက် ခြောက်ရက်ကို လှမ်းပြီး ပေါက်ကိန်းထုတ်မနေစမ်းပါနဲ့၊ မသေချာတာကို မကြည့်နဲ့၊ သေချာတာကိုကြည့်၊ မင်း သိထားဖို့က ဖိတ်စာပေါ်မှာ ဆောင်းဝေလ်ရှုးက မင်းယောကျ်ားရဲ့ဇနီး ဖြစ်နေပြီ”

“တောက်”





အခန်း (၅၄)

“ခွပ်”

မျက်လုံးထဲ မီးပွင့်သွားသည်။ အဖေ ဆိုသော အသံဖြင့် တုံ့ပြန်လို့မရပေမယ့် သွေးက ပွက်ပွက်ဆူလာ၏။

“ဖေဖေ….”

“မင်း ပါးစပ်ပိတ်ထားပြီး လှမ်းထားတဲ့ခြေထောက်ကို ပြန်ဆုတ်လိုက်”

နံရံပေါ် ပစ်ကပ်သွားသည့် ခပ်ယိုင်ယိုင်ကိုယ်ကို အုပ်စီး ပြန်မမတ်ဘဲ ဒီတိုင်းကပ်နေ၏။ နှုတ်ခမ်းထောင့်မှ စိမ့်ထွက်လာသည့် သွေးစကို လက်ခုံနဲ့ ထိကပ်သုတ်သည်။

မျက်လုံးအားဖြင့် ပြင်းပြင်းထန်ထန် မိုက်ရိုင်းစွာ စိန်ခေါ်လိုက်မိသော အကြည့်များကြောင့် အခုချက်ချင်း' မဟာပထဝီမြေကြီး ဟက်တက်ကွဲပြီး မြေမျိုတော့မည်ဆိုလျှင်တောင်…

“ဟာကွာ…”

“ဒုန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်... ချွမ်း..."

တအားအော်ပစ်လိုက်ပြီး ရှိုးကော့စ်မျက်နှာပြင်ကို စိတ်ရှိလက်ရှိ ထိုးပစ်လိုက်၏။ ရှိုးကော့စ်သည် ပြင်းထန်စွာတုန်ခါလျက် ထိုပေါ်မှာ ထောင်ထားသည့် မီးသားစုဓာတ်ပုံက ပြုတ်ကျကွဲသွားလေသည်။ ဓာတ်ပုံကွဲကို ဦးအောင်လင်း ချောက်ချားစွာ လိုက်ငုံ့ကြည့်လျက်...

"ကြည့်စမ်း မိုက်ရိုင်းတဲ့ကောင်၊ မင်း... တဲကွာ..."

"ခွပ်"

"ကဲကွာ"

လက်သီးချက်တွေ ဆင့်ကဲဆင့်ကဲ ကျ၏။ အုပ်စီး အလွန်မိုက်ရိုင်းတတ်သော်လည်း မိဘကို ပြန်လှန်ခုခံရလောက်အောင်တော့ မရမ်းကားပါ။ ရင်ဘတ်ကနေဆုပ်ဆွဲထူလိုက်၊ ထိုးချလိုက်နှင့် ဦးအောင်လင်း လှိမ့်ထိုးနေသမျှ အလူးအလဲ ခံနေခဲ့၏။

"အမယ်လေး တော်ပါတော့ တော်ပါတော့ အစ်ကိုရယ်၊ သားမှာ ဒဏ်ရာတွေ ရနေပါပြီ"

ဒေါ်မြတ်နိုး မျက်ရည်တွေ ချက်ချင်း ပြည့်သိပ်လာလျက် အတင်းပြေးဆွဲသည်။ သားအဖနှစ်ယောက် အလယ်မှာ ဝင်ရပ်လိုက်သဖြင့် ဗရုတ်ဗရက်တွေဖြစ်ကာ အုပ်စီးနှင့်အတူ လဲပြိုကျလေသည်။

"ဖယ်ပါဗျာ"

အုပ်စီးက ဒေါ်မြတ်နိုးကိုယ်ကို လက်ပြန်တွန်းချ၏။ ဒေါ်မြတ်နိုး တစောင်းယိုင်လဲသွားပေမယ့် အတင်းပြန်ထကာ ဦးအောင်လင်း ရှေ့မှာ ရပ်လိုက်သည်။

"တစ်ချက်က ဒေါသအလျောက်၊ နှစ်ချက်က ကရုဏာဒေါသ၊ နောက်ထပ် အားမရတိုင်း ထိုးနေတာ ရှင် ဘာလုပ်တာလဲ၊ ဒါ ဆုံးမနေတာလားဟင်"





ပြောရင်း ရှိုက်ရင်းနှင့် ဒေါ်မြတ်နိုး အမြဲထုံးဖွဲ့ထားတတ်သည့် နောက်တွဲဆံထုံးလည်း ပြေကျနေ၏။

"ကလေးက ဘာအပြစ်တွေလုပ်နေလို့လဲ၊ ဘာတွေဖြစ်လာလို့လဲ"

"မိန်းမသွားခိုးမလို့ လုပ်နေတာလေ၊ ထွန်းဦးနဲ့ချိန်းနေတာကို ငါက ခိုးနားထောင်လို့ သိလိုက်ရတာ၊ ချစ်လို့ ခိုးယူကြ ပေါင်းသင်းကြတာကို ငါ မပြောဘူး၊ အခု ဒါ မလုပ်ပါနဲ့လို့ တားထားတဲ့ မိန်းကလေးကိုမှ သူက ဖွတ်..."

ဒေါ်မြတ်နိုး မျက်ရည်ကို ပွတ်သုတ်ဖစ်ပြီး အုပ်စီးကို လှည့်ကြည့်၏။ သနပ်ခါးရောင်စပို့ရှပ်နှင့်စစ်ရောင်ဘောင်းဘီကပြောင်နေသည်။ ကြမ်းပေါ်မှာ သော့တွဲနှစ်တွဲက ပြန့်လျက်ရှိကာ အုပ်စီး၏ခါးမှာ တစ်တွဲ။

ထိုပြင် မွေ့ရာခြေရင်းအောက်စပ်မှာ ဖြစ်သလိုပြုတ်ကျနေပုံရသည့် သားရေအိတ်တစ်လုံး၊ ဒါ အဝတ်အစားထည့်လို့ရသည့်အိတ်မဟုတ်ပေ။ အထဲမှာတောင့်ကားနေတာပိုက်ဆံတွေပဲဖြစ်လေသည်။

"မိဘက တစ်ရွာတစ်ကျီဆောက်နေတာ သူ့ဘဝအတွက် မျှော်လင့်ချက်တွေနဲ့၊ အပျော်ကြိုက်တဲ့ကောင်၊ ဘယ်မြို့ရောက်ရောက်၊ ဘယ်မှာနေနေ ကိုယ့်တိုက် ကိုယ့်ခြံနဲ့ပဲ နေလို့ရအောင်၊ ခုတော့ ငါက ရှူးလား၊ မဟုတ်ရင် မင်းက တဏှာရူးနေတာလား"

"ဘာရူးတယ်ပဲပြောပြော လေရူးကို ကျွန်တော် ရမှဖြစ်မှာ ဖေဖေ၊ ဖေ ဘယ်လိုတားတား ကျွန်တော် မရရအောင် ခိုးယူမှာပဲ"

"ဘာ... ဘာပြောတယ်"

ဦးအောင်လင်း ဇွေ့ဇွေ့ခုန်မတတ်ဖြစ်သွား၏။ ဒေါ်မြတ်နိုးက ရှေ့မှ အတင်းလိုက်ကာသည်။

"လူငယ်လေ၊ လူငယ်သဘာဝကို ရှင် နားလည်စမ်းပါ၊ ဒီကလေး စရိုက်ကို အစကတည်းက ရှင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူက 'ရှင်'တွေ ကျွန်မတွေနဲ့ ဖြစ်လာတာကို ခေါင်းထဲမရောက်နိုင်။ ခေါင်းမာလွန်းသည့် သားကိုပဲ သစ်သားချောင်းတစ်ချောင်းသာဆို ဘယ်လောက်မာမာ အပိုင်းပိုင်းအတစ်တစ် ခုတ်ပစ်မိမှာ သေချာသည်။

"မင်း ဖယ်နေစမ်း မြတ်၊ မင်းလဲ မင်းတူပဲ၊ ငါကလဲ အဖေကွ၊ သားဆိုးသားမိုက်ကို မွေးခဲ့လို့ ပြောမနိုင် ဆိုမနိုင်နဲ့ ရင်ကျိုးနေရတာ၊ အခု ထပ်ပြီး ဘာမဟုတ်တဲ့မိန်းကလေးတစ်ယောက်ကို အလိုမကျဘဲ ကားတင်ခိုးဦးမယ်။ ဟိတ်ကောင် မင်းကြောင့် ငါ့မှာ ဒီထက်ပျက်စရာ မျက်နှာအပို မရှိတော့ဘူးကွ"

"ကျွန်တော်လဲ ဖေဖေ့လိုပဲ၊ မရှုံးဘူးတဲ့နှလုံးသားက အရှုံးကို မခံစားနိုင်ဘူး ဖေဖေ၊ လေရူးကို ပိုင်ဆိုင်ခွင့်မရရင် ချစ်သူကို ဆုံးရှုံးမယ်၊ ကျားလေးကိုလဲ ရှုံးရဦးမယ်၊ အဲဒီလောက် နစ်နာတာကို ခံစားနိုင်ဖို့ ကျွန်တော့်မှာ အသည်းပို မပါဘူး"

"အဲဒါ မင်း ရူးတာ၊ မိုက်ရူးရဲဆန်နေတာ၊ ဒီမိန်းမကိုရတော့ကော မင်း စိတ်ချမ်းသာနိုင်မှာလား။ အဲဒီမိန်းမက မင်းကို ချစ်မှာတဲ့လား"

"ကျွန်တော် ချစ်နေခွင့်ရရင် ပြီးတယ်"

"ငါ... တယ်..."

ဦးအောင်လင်း လက်သီးဆုပ်ပြီး မရိုမသေနဲ့ ရွယ်လိုက်၏။ အားရှိပါးရှိ နောက်လွှဲရွယ်ပြီးမှ တကဲခေါက်ပြီး ပြန်ချသည်။

အုပ်စီးမျက်နှာ ဖူးရောင်ညိုမည်းနေပြီဖြစ်၏။ တစ်သက်လုံးက ဒဏ်ရာဖြစ်အောင် မရိုက်ခဲ့ဖူးသည့်သား။

'မင်းအတွက်ကွ'လို့ ဘယ်လိုပြောပြော နားမလည်၊ လိမ္မာစမ်းပါလို့ ဆုံးမလေ မိုက်လေ။ ဘယ်လိုဆိုးဆိုး၊ ဘယ်လိုမိုက်မိုက် ကျေကျေနပ်နပ်ကြီး မိုက်ခွင့်ပေးထားခဲ့တာ ဒီနေ့ထိ။ ဦးအောင်လင်း ခေါသက မပြေနိုင်ပေမယ့် မျက်ရည်တွေက ဝေ့နေပြီဖြစ်၏။





သားသမီးကို နာကျင်အောင်ရိုက်နှက်ခဲ့ပြီးသော မိဘတို့၏ ရင်ထဲကို မြင်လှည့်စမ်းပါ။ ခံရသည့်သူမှာ ဒဏ်ရာရှိသည်၊ ရိုက်လိုက်ရသူ၏ ကိုယ်မှာ ဒဏ်ရာမပေါ်။ ဒါပေမယ့် အရိုက်ခံရသည့်သူထက် အဆပေါင်းများစွာ နာပါသည်။ ဒဏ်ရာမဲ့ ငိုကြွေးရင်း ဆတ်ဆတ်ခါခဲ့သော နှလုံးသားဟာ ထပ်ကာထပ်ကာ နာကျင်ရင်းနှင့်ပင်...

"မြတ် မင်း အပြင်ထွက်တော့"

ဦးအောင်လင်း ဒေါ်မြတ်နိုးကို အပြောနှင့်အတူ တစ်ခါတည်း ဆွဲခေါ်သွားခဲ့သည်။ ပြီးတော့ အခန်းတံခါးကိုပိတ်၍ အပြင်ကနေ သော့ခတ်ပစ်လိုက်၏။

"ဖေဖေ... ဖေဖေ ကျွန်တော့်ကို မိုက်ရိုင်းလာအောင် မလုပ်နဲ့နော်"

"ဒုန်း"

"ဘုရား"

တံခါးကြီးက ပွင့်ကန်ထွက်လာတော့မတတ် တုန်ခါသွားသဖြင့် ဒေါ်မြတ်နိုး ဘုရားတ,ရင်း ရင်ဘတ်ကိုဖိသည်။

"ဖေဖေ တံခါးဖွင့်နော်၊ ကျွန်တော် လုံးဝ သည်းခံမှာမဟုတ်ဘူး"

"ဒုန်း"

"ဝုန်း... ခွမ်း"

အထဲမှာ ဝုန်းဒိုင်းကျဲနေသည်။ ဘယ်လိုမှ နားမခံသာပေ။ ဦး အောင်လင်း တကဲခေါက်လျက် အပြင်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

"ဒုန်း"

တံခါးကို ဘာတွေနှင့် ကန်ကျောက်ပစ်ပေါက်နေသည်မသိ၊ တံခါးရွက်ကြီးက ပြင်းထန်စွာ တုန်ခါနေလေသည်။ အထဲမှာ ဘာတစ်ခုမှ ကောင်းတိုင်း မကျန်တော့ဘူးဆိုတာလည်း သေချာ၏။

ဦးအောင်လင်း မေးဖျားနှင့်နှုတ်ခမ်းသားတွေပါ ဆတ်ဆတ်တုန်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အထိ မျိုသိပ်သည်းခံနေခဲ့သည်။ ဝုန်းခနဲ၊ ဒိုင်းခနဲ တုန်ခါလျက် ပေါက်ကွဲမိုက်ရိုင်းပြနေသည့် အခန်းတံခါးကြီးကို ရူးစိုက်မော့ကြည့် လိုက်ပြီး ခြေလှမ်းကျဲကြီးများနှင့် လျှောက်ထွက်လာခဲ့၏။

ဒေါ်မြတ်နိုး မျက်ရည်သုတ်လျက်သားနှင့် ပါလာသည်။ ညှိခန်း ဆိုဖာတွေနားမှာ ဦးအောင်လင်း ခြေလှမ်းတုံ့သွား၏။

"ကျားလေးနဲ့ အဲဒီမိန်းကလေးက ချစ်သူတွေလား မြတ်"

ဖြုန်းခနဲ ကောက်မေးလိုက်ပေမယ့် ဒေါ်မြတ်နိုးက ရှေ့တိုးလာ ရင်း ခေါင်းခါလိုက်၏။

"မြတ် အားလုံး စုံစမ်းပြီးပြီ၊ သဇင်တို့အိမ်ထဲကကိစ္စတွေရော အဲဒီမိန်းကလေးရဲ့အခြေအနေရော"

"ဦးစက်ရှင်နဲ့ ဒီကောင်မလေးက ဘယ်လိုပတ်သက်သွားတာလဲ တစ်ခါမှ မမြင်ဖူး မသိဖူးခဲ့တဲ့မြေး ဆိုတာက သေပြီလို့ သိထားခဲ့ကြတာ လဲ ကြာပြီ၊ ခုမှပေါ်လာတာကို သူ့မြေးလို့ တန်းယုံလိုက်တာပဲလား အမိပွာယ်မရှိတဲ့ကိစ္စကြီးကို..."

ဦးအောင်လင်း၏ စိတ်ရှုပ်ထွေးမှုက လေရူး ဆိုသည့် မိန်းကလေး ထံသို့ သက်ရောက်သွားပြန်သည်။ သူ့သားလို လူတစ်ယောက်က အသေခံပြီး ဆန္ဒပြနေတဲ့ အခြေအနေမျိုးထိ ဖြစ်ရလောက်အောင် ဒီမိန်းကလေးက ဘာမို့လဲဆိုသည့် ခွဲခြားချင်စိတ်တွေ ဖြစ်လာ၏။

"အဓိပ္ပာယ်မရှိပေမယ့် ကောင်မလေးက မေမြတ်ရှင်နဲ့ တော် ကော်တူတယ် တဲ့"

"တူလို့ ဟိုတုန်းက အိမ်တွင်းရေး နည်းနည်းပါးပါးသိထားရင်းနှီး တဲ့လူက ကြံစည်တာကော မဖြစ်နိုင်ဘူးလား၊ လူတူတာ ဘာဆန်းလို့လဲ"

"ဟုတ်တယ်၊ သဇင်ကလဲ အစက အစ်ကိုပြောသလိုပဲ ကျားလေး နဲ့ နီးရပ်သွားမှာတောင် စိုးနေခဲ့တာ၊ အခုတော့ ဘယ်လိုတွေဖြစ်ကုန်





တယ်မသိပါဘူး၊ ကျားလေးနဲ့ လက်ထပ်ပေးဖို့ပဲ အားလုံး ဝိုင်းစီစဉ်နေ ကြပြီ၊ မြတ် ထင်တယ် အစ်ကို..."

ထင်တယ်ဆိုပြီး စကားရပ်၍ မော့ကြည့်လိုက်တာကို ဒေါသငွေ့ မပြယ်သေးသည့် ဦးအောင်လင်းက စိတ်မရှည်ခြင်းနှင့် မျက်မှောင် ကြုတ်ကြည့်၏။

"ဆက်ပြော ဆက်ပြော"

"အုပ်စီးနဲ့ တစ်မျိုးထင်ပြီး ကျားလေးကို အမွေစားအမွေခံ မွေး ထားတဲ့ သူဌေးကြီးက သူ့မြေးနဲ့ ကျားလေး ဘယ်အကြောင်းနဲ့မှ မလွဲရ အောင် မြန်မြန်စီစဉ်ဖြစ်သွားတာနေမှာ"

"ဘယ်လို..."

"မြတ် တွေးမိတာတော့ အဲဒါပဲ၊ အုပ်စီးနဲ့ကောင်မလေးကို နီးစပ် သွားမှာစိုးလို့ဖြစ်မှာ"

"ကြီးကျယ်လိုက်တာ၊ ဘယ်ကမှန်း ဘာမှန်းမသိတဲ့ မိန်းကလေး ကို သူတို့ပဲ ခေါင်းပေါ်တင်ထားကြ"

ဒေါ်မြတ်နိုးက မျက်ရည်လက်ကျန်ကို ကုန်စင်အောင်သုတ်၍ နောက်မှာကျန်ခဲ့သည့် အသံတွေဆီ နားစွင့်ကြည့်သေးသည်။

မကြားရတာလား၊ နားသွားတာလားတော့မသိ ရင်ထဲမှာ နင့်ခနဲ မိသည်။ တူအရင်းကလေးမို့ ကိုယ့်မှာလဲ သားသမီး မရခဲ့တော့ ဝမ်းနဲ့ လွယ်မမွေးခဲ့ရတာပဲ ရှိတာပါ။ နှုတ်ခမ်းတွေပေါက်ပြဲကာ နှာခေါင်းထဲ ကလည်း သွေးတွေ ကျနေလိုက်တာ မြင်လို့မကောင်း။

"ဘယ်ကမှန်း ဘာမှန်းမသိတဲ့ မိန်းကလေးပေမယ့် ကြက်လျှာ စွန်းမြေကွက်လပ်လေးကို ပေးလိုက်ရတဲ့အဖြစ်ရဲ့နောက်မှာ မြတ် စုံစမ်းခဲ့တယ်။ လေရူး ဆိုတဲ့ ကောင်မလေးက မိန်းမကောင်းလေး ပါ။ သားကလဲ လူလည်ပဲ အစ်ကို၊ မဟုတ်မဟာတ်မိန်းကလေး ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ အတည်အတံ့ ဖြစ်နေပါ့မလား၊ တကယ့်ပဂေးတွေကို တောင်မှ ဂရုစိုက်ခဲ့တာမဟုတ်ဘဲ၊ ပြီးတော့ ထွန်းဦးကို ယုံကြည်လို့ အစ်ကိုကိုယ်တိုင် သူတို့နှစ်ယောက်ကို အတူရှိနေစေခဲ့တာ၊ သူက 'မ'စိတ်မွှန်နေတာမျိုးဖြစ်ရင်တောင်မှ ထွန်းဦးက ဒီမိန်းကလေး မကောင်းရင် မတားဘဲနေမလား"

"ဘာကွ..."

ဦးအောင်လင်း ဆိုဖာမှာ ထိုင်မလို့ လှမ်းလိုက်သည့်ခြေလှမ်းက ချက်ချင်း တုံ့သွားကာ ဒေါ်မြတ်နိုးကို အံ့သြဟန်နှင့် လှည့်ကြည့်၏။ ဒေါသမကင်းသောလေသံက မာလျက်...

"မင်း ဘာပြောတာလဲ မြတ်၊ ဒီကောင်မလေး မိန်းမကောင်းဖြစ်တာ ဘာလုပ်မလို့လဲ၊ ဘာဖြစ်လို့ ချီးမွမ်းခန်းဖွင့်ပြနေတာလဲ"

ဒေါ်မြတ်နိုး ဖျတ်ခနဲမော့ကြည့်ပြီးမှ အပြစ်မကင်းသူလို မျက်လွှာချသည်။ ပြောဖို့သတ္တိတွေလည်း မွှေးမြူထားပြီးသားမို့ တံတွေးတစ်ချက်မျိုချပြီး ပြန်မော့လာ၏။

"သားလေး ဒီလောက်ထိ စွဲလမ်းနေတာကို မြတ်တို့..."

"စွဲလမ်းတော့ သေပေါ့၊ ဒါ အလိုလိုက်ရမယ့်ကိစ္စလား၊ တစ်အချက် ဒီမိန်းကလေးနဲ့ သူတို့အိမ်တွင်းရေး ဘာတွေရှုပ်နေမှန်း မသိဘူး၊ နှစ်အချက် လူမမာကိုငဲ့ပြီး မဖြစ်သင့်တာကို မျက်လုံးစုံမှိတ် လုပ်နေကြရတာဖြစ်နိုင်တယ်၊ သုံးအချက်က ဒီလောက်အဆင့်မျိုးနဲ့ ငါ့သားကို လုံးဝ သဘောမတူဘူး"

ဦးအောင်လင်းက ဆိုဖာတွေဆီ လျှောက်သွားပြီး မထိုင်ဘဲ နောက်ပြန်ကြည့်၏။

"မရှက်တမ်း ဝန်ခံရရင် ကျားလေး သိပ်တော်နေတာကို ငါ့သားနဲ့ယှဉ်ပြီး ဒီရင်ထဲမှာ ကောင်းတယ်မှတ်လို့လား၊ ဒီလိုမိန်းကလေးနဲ့





အကြောင်းပါသွားတာကို ဝမ်းတောင်သာသေးတယ်၊ ငါ့သားနဲ့ လက်ထပ်မယ့်မိန်းမကို ကြည့်လိုက်..."

ဒေါသမာနတွေနှင့် ဦးအောင်လင်းက လက်မထောင်ချင်သေး သည်။ ကိုယ်နဲ့ ခွေမျိုးမဟုတ်ပေမယ့် 'မနှောမြတ်'နဲ့ 'သဒ္ဒါဖြူ' စံအိမ် နှစ်အိမ်က အတွင်းကျိတ်ပြီး ပြိုင်ဘက်လို ဖြစ်နေခဲ့သည်။ ဦးစက်ရှင် သမီးတကွဲ မြေးတကွဲနှင့် အိပ်ရာထဲလဲကာမှသာ တစ်ခန်းရပ်ခဲ့ခြင်း ဖြစ်၏။

ပြောရလျှင် ကျားလေးကတော့ တူတော်ပါသေးသည်။ သဇင် နဲ့က မောင်နှမဝမ်းကွဲတွေမို့ မတော်ချင်လို့မရ။ ကျားလေးတို့မိသားစု အထည် ကြီးပျက်ဖြစ်တော့ လူဆိုတာလည်း သူ့ဘုန်းသူ့ကံနဲ့ဖြစ်၏။ ကျားလေး က သဇင့်နောက်ပါပြီး မနှောမြတ်ကို ရောက်သွားသည်။

ကျားလေး ပါဝင်လာသည့်နောက်ပိုင်းမှာ 'မနှောမြတ်'က ပို၍ မြင့်မားလာခဲ့၏။ ကိုယ့်သားကို အားကျပါစေ၊ ကြိုးစားပါစေဆိုပြီး နှိုင်းယှဉ်ချီးမွမ်းပြနေခဲ့ရပေမယ့် ကိုယ့်ထက်သာ မနာလိုဆိုသော ဆိုရိုးစကားလည်း ရှိခဲ့သည်။ ခုတော့ သူ့စရိတ်နဲ့သူ သူနဲ့တန်တာပဲ ရသွားတာ ကောင်းတာပေါ့။

"ကောင်မလေးက တော်တော်ချစ်စရာကောင်းတယ် အစ်ကို"

နေပါစေဆိုမှ ဒေါ်မြတ်နိုးက မပြီးနိုင်။

"လှတယ်၊ ချောတယ် ဆိုတာတွေထက် ပိုပြီး ဆွဲဆောင်မှုရှိတယ်၊ မိန်းမငယ်လေးပီပီ သွက်တယ်၊ အကြောက်အလန့် နည်းနည်းနဲ့ ရင်ဆိုင် ရဲတဲ့ပုံလေးပေါက်နေတာ သိသာတယ်၊ မြတ်တို့မှာ အမွေပစ္စည်းတွေ အတွင်းအပြင် အားလုံး ပြည့်စုံနေပါပြီ အစ်ကို၊ ပေးစရာ ဒီသားလေး တစ်ယောက်ပဲရှိတာ၊ အများကြီးပိုလျှံနေပါသေးတယ်၊ နောက်ထပ် ချမ်းသာတဲ့မိန်းမ မရလဲ ဘာမှ ယုတ်လျော့သွားဖို့ မရှိဘူးမဟုတ်လား"

ဦးအောင်လင်း၏ မလိုလားသောမျက်လုံးကြီးက ပြူးထွက်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



ရှူးစိုက်လာ၏။ ဒေါ်မြတ်နိုး ဂရုမစိုက်တော့ပါ။ ထပ်၍ပြည့်သိပ်လာသောမျက်ရည်တွေကို မျက်လုံးတွေမှိတ်ပစ်ပြီး ကျစေလိုက်၏။

ပြီးတော့ လက်ချောင်းများနှင့် အသာငုံ့သုတ်ရင်းမှ...

"ဇနီးမယားကောင်းဖြစ်ဖို့က လင်ယောကျ်ားကို စိတ်ချမ်းမြေ့မှုပေးနိုင်ဖို့နဲ့ လော်လီဖောက်ပြားခြင်းကင်းဖို့ အရေးကြီးဆုံးပါ၊ မချမ်းသာပေမယ့် သားလေးအတွက် စိတ်ချမ်းသာစေမယ့် မိန်းမမျိုး ဖြစ်ရင် ကျေနပ်သင့်ပါတယ်"

"မင်းက..."

ဦးအောင်လင်း တအံ့တသြကြီးဖြစ်ကာ ဆိုဖာကိုမကြည့်ဘဲ တဖြည်းဖြည်း ထိုင်ကျသွား၏။

"ဟုတ်ပြီ၊ မင်းက မင်းသားကို အဲဒီလောက် အလိုလိုက်ချင်တယ်ဆိုတော့ ကိုယ်က သဘောတူရတော့မယ်ထားဦး၊ ဟိုမှာ မင်္ဂလာဆောင်တော့မယ်၊ ဘာလုပ်ခွင့်ရှိသေးလို့လဲ"

"သူတို့က အလုပ်သဘောတွေလုပ်နေကြတာ အစ်ကို၊ သားက တကယ်စွဲလမ်းနေတာ၊ အစ်ကို သဘောတူပေးမယ်ဆိုရင် ဘယ်သူဖြစ်ဖြစ်၊ ဘာပြောပြော မြတ် ရအောင်ဆွဲထုတ်နိုင်တယ်"

"မတူဘူး"

ဦးအောင်လင်းက တင်းမာစွာ အပြတ်ကြေညာ၏။

"မင်းကိုလဲ ဒီတစ်ခါတော့ ငါ အလိုမလိုက်နိုင်ဘူး၊ အဆင့်အတန်းမခွဲခြားဘဲ သဘောတူမယ်ဆိုရင်တောင် ကျားလေး လက်ထဲက မိန်းကလေးကို လုယူရတာ မဖြစ်စေရဘူး၊ ဒါပဲ"

မျက်ရည်တွေ အလကားဖြစ်သွား၏။ ဆုံးဖြတ်လိုက်တော့ တစ်ယောက်တည်းမဲဖြစ်လေသည်။





## အခန်း (၅၅)

"သက်သာသွားပါပြီကွယ်၊ သွားအိပ်ကြပါတော့"

"ရပါတယ် ဘိုးဘိုးရယ်၊ အိပ်ဖို့အလုပ်ပဲ ရှိတော့တဲ့ဟာ"

အိပ်ရာပတ်လည်မှာ အားလုံး ဝိုင်းနေကြ၏။ ဆရာဝန် ပြန်သွားပြီး သက်သာပါတယ်ပြောပေမယ့်လည်း မျက်နှာတွေ နီနေသေးသဖြင့် စိတ်မချနိုင်ဖြစ်နေကြသည်။

ဦးစက်ရှင်လည်း မျက်နှာ မသာမယာဖြစ်နေရှာသည်။

"မင်္ဂလာပွဲ နီးနေကာမှ ဖြစ်ရတာ ငါ စိတ်ဆင်းရဲလိုက်တာ"

နှုတ်ဖျားမှ ဖွင့်ဟ၍ ညည်းညူ၏။ ဒေါ်သဇင်က ခြေရင်းမှာ ထိုင်နေရာကနေ ဦးစက်ရှင်၏ခြေဖျားတွေကို တယုတယ ထွေးဆုပ်နှိပ်နယ်ပေးရင်း...

"ဘာဖြစ်လို့ စိတ်ဆင်းရဲရမှာလဲ အဖေ၊ မင်္ဂလာပွဲက ကိုယ့်ခြံထဲမှာပဲ လုပ်မယ့်ဥစ္စာ၊ ဖိတ်စာတွေလဲ မဝေရသေးဘူး၊ အားလုံး ပြန်ပြီး

www.burmeseclassic.com



နောက်ဆုတ်လို့ရသေးတယ်”

ဦးစက်ရှင်က ပက်လက်ကနေ ခေါင်းတွင်တွင်ခါနေ၏။

“ကိုယ်တိုင်က မြန်စေချင်လွန်းလို့ အားချင်းစီစဉ်ခဲ့တာပဲ၊ တကယ်လို့များ အခုနေမှာသာ ငါ သေခဲ့ရင်...”

“အို... အဖေကလဲ”

“ဘိုးဘိုးကလဲ ဘာတွေပြောနေတာလဲ”

လေရှုး လွှတ်ခနဲပြောလိုက်ပြီးမှ မျက်နှာလေးငံ့သွား၏။ ကျားလေးက ရှေ့ကိုကိုင်းငံ့ရင်း ဘိုးဘိုးကို ပြုံးပြလိုက်ကာ...

“ဘိုးဘိုးက ဒီကိစ္စကိုပဲ ဘာဖြစ်လို့ တွေးပူနေတာလဲ၊ ကျွန်တော်နဲ့လေးရှုး တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေရှိနေကြပါပြီ၊ ကိုယ်တိုင်ချစ်ကြလို့ ရွေးချယ်ကြတာမဟုတ်ပေမယ့် လက်ထပ်ကြဖို့ကို ကျေနပ်ကြတယ်၊ ဘိုးဘိုးလဲ ဘာမှမဖြစ်နိုင်ဘူး၊ အဆင်မပြေတာ ဘာမှမရှိတာကို ခေါင်းထဲထည့်မနေပါနဲ့တော့၊ လက်ထပ်ဖို့ ရက်ရွှေ့ရတာ ဘာဖြစ်လဲ၊ ဘိုးဘိုး ကျန်းမာမှ မင်္ဂလာပွဲမှာ ပျော်ပျော်ရွှင်ရွှင် ဝင်ပါနိုင်မှာလေ”

ဦးစက်ရှင် မျက်လုံးတွေ ကျားလေးကို စူးစိုက်လာ၏။ ပြီးတော့ လေရှုးကို ပြန်ကြည့်သည်။

“နှစ်ယောက်စလုံး ဒီတိုင်း ဟုတ်ရဲ့လား၊ မြေးလေး ပြောစမ်း၊ ဘိုးဘိုး ရှိသည်ဖြစ်စေ၊ မရှိတဲ့နောက်မှာဖြစ်စေ ကျားလေးနဲ့ လက်ထပ်ဖို့၊ ပြီးတော့ အခု ဘိုးဘိုးကျန်းမာရေးကိုငဲ့ညှာပြီး ချစ်သူရှိနေရက်နဲ့ မရှိဘူးလို့ပြောခဲ့တာမျိုးဖြစ်ခဲ့ရင်လဲ ဘိုးဘိုးရဲ့ဆန္ဒကို ဘိုးဘိုး ကွယ်တာနဲ့ ဥပေက္ခာမပြုဘဲ ကျားလေးကိုပဲ လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိ...”

ဘိုးဘိုးရယ်...၊ လေရှုး ရင်ထဲမှာ နင့်သွားမိသည်။ ကျားလေးကိုလည်း ဆုံးရှုံးမခံချင်၊ မြေးကိုလည်း စိတ်ချချင်၊ ဒါကိုပဲ ကလေး မှန်





ပူဆာသလို ပြောနေရှာသည့် ဘိုးဘိုးကို သနားသွားမိ၏။

တကယ်ဆို လေရှုးက မြေးမှမဟုတ်တာ။ ဒီကတိကို ပေးပါတယ်လို့ ခိုင်ခိုင်မာမာ ပြောလိုက်ချင်ပေမယ့် လိပ်ပြာမလုံ၊ ကိုယ်က ဘိုးဘိုးကို တကယ်စိတ်ချမ်းသာစေချင်သည်။ ဒါပေမယ့် တကယ်လို့ ဘယ်သူက ယုံမှာလဲ။

“ဘယ်လိုလဲ မြေးရဲ့”

ဦးစက်ရှင်မျက်နှာကြီးက ချက်ချင်းပဲ ကြေကွဲပူလောင်ဟန်တွေ ဖြစ်လာ၏။

“ဘိုးဘိုးရယ် ပြောနေစရာမလိုတဲ့ကိစ္စတွေမို့လို့ပါ၊ အားလုံး ဘိုးဘိုးကို ဘယ်လောက်ချစ်ကြသလဲ၊ ဟန်ဆောင်နေကြတာမှ မဟုတ်ဘဲဟာ၊ ဘိုးဘိုးကွယ်တာနဲ့ ဘယ်သူက ထင်သလိုလုပ်ရက်မှာလဲ”

ဦးစက်ရှင်မျက်နှာကြီး မဲ့သွားပြီး ခေါင်းခါသည်။

“အားလုံးကို ဘိုးဘိုး မမေးဘူး၊ မြေးကိုပဲ မေးနေတာ၊ အားလုံးက ဘိုးဘိုးရဲ့ဘေးမှာ ဟိုတုန်းကတည်းက ရှိနေခဲ့ကြတာ ဘိုးဘိုးကို ဘယ်လိုအလေးထားသလဲဆိုတာ သိတာပေါ့၊ မြေးလေးကို ဒီအရွယ်ကျမှ ဘိုးဘိုးက ပြန်ရခဲ့တာ၊ ဘိုးဘိုးရဲ့မြေးလေးပေမယ့် မြေး လာခဲ့တဲ့နောက်က အကြောင်းအရာအခြေအနေတွေကို ဘိုးဘိုး ဘာများ သိနိုင်မှာလဲ၊ မြေးရင်ထဲမှာ ဘိုးဘိုးကို သံယောဇဉ်ဖြစ်လာတာက သွေးကြောင့်၊ ဘိုးဘိုးရဲ့မျက်နှာ ကွယ်သွားပြီဆိုရင် မြေးမှာ တခြား အရေးပေးစရာအကြောင်းတွေက ဦးစားပေးစရာ ဖြစ်ချင်ဖြစ်လာမှာပေါ့”

“ဟင့်အင်း ဘိုးဘိုးထက်ပိုပြီး ဘာကိုမှ ဦးစားမပေးပါဘူး၊ ရှိလဲ မရှိဘူး၊ ဘိုးဘိုး တောင်းတဲ့ကတိကို လေရှုး ပေးပါတယ်၊ အမြဲတည်ပါ့မယ်”

“အင်း...”



www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရှင် သက်ပြင်းမောကြီးချကာ မျက်နှာငယ်ငယ်နှင့်ပဲ ငြိမ်သက်သွားရှာ၏။

"ဦးလေး၊ ကျွန်းမာအောင်ဂရုစိုက်ပါ။ မင်္ဂလာပွဲ ရက်ရွှေ့လိုက်ရတာဟာ ဒီထက်ပိုပြီး ခမ်းနားကြီးကျယ်ဖို့ဖြစ်လာတာလို့ပဲ မှတ်လိုက်၊ ကျွန်တော် အားလုံး စီစဉ်ပါ့မယ်"

ဦးမင်းညိုလည်း ဝင်ပြောတော့ မျက်လွှာပင့်ကြည့်ပြီး ဦးစက်ရှင် ခေါင်းညိတ်၏။

"ငါ့မြေးမလေးကို မေတ္တာမပျက်ကြပါနဲ့၊ စောင့်ရှောက်ကြပါ"

ဘာတွေစိတ်ကူးမိပြီး မှာနေမှန်းမသိပါ။ လေရှူး ရင်ထဲမှာ နာကြည်းစွာခံစားလာရသဖြင့် ငိုချင်လာသည်။ သွေးသားတော်စပ်သူ တစ်ယောက်ယောက်အတွက် ဘယ်တုန်းကမှ ဤသို့ ကြေကွဲခြင်း မဖြစ်ဖူးခဲ့ဘဲ ဘိုးဘိုးကိုကျမှ မမြင်ရက်၊ မကြားရက်။

မျိုသိပ်ထားလိုက်ရခြင်းက အခန်းထဲမှာ ဘယ်သူမှ မရှိတော့ကာမှ ဘိုးဘိုးကိုစောင့်ဖို့တာဝန်ယူပြီး ဘိုးဘိုးလည်း ဆေးရှိန်နှင့်အိပ်ပျော်သွားတော့မှ မျက်ရည်မိုးအဖြစ် လွှတ်လပ်စွာ ပြိုဆင်းခွင့်ရခဲ့သည်။

ဘိုးဘိုးရယ် လေရှူး ဘိုးဘိုးကို တကယ်ချစ်တာ၊ တကယ့် သံယောဇဉ်တွေနဲ့ ဘိုးဘိုးဘေးမှာ နေခဲ့တာပါ။ ဘိုးဘိုး မသေပါနဲ့။

ဘိုးဘိုးလက်မောင်းတစ်ဖက်မှာ မျက်နှာလေးတစ်ခြမ်း ကပ်လျက် ခုတင်ဘေးမှာ ငုတ်တုတ်လေးနဲ့ပဲ လေရှူး အိပ်ပျော်သွားခဲ့၏။

ကျားလေး ဝင်လာတော့ ဆယ့်နှစ်နာရီထိုးတော့မည်ဖြစ်သည်။ ခုတင်ဘေးမှာ ခုံပုလေးနှင့်ထိုင်နေသော လေရှူးမျက်နှာလေးက ဘိုးဘိုး၏လက်မောင်းပေါ်မှာ ထပ်ဆုပ်ဖေးတင်ကာ ဖားလျားဖြန့်ချထားသည့် ဆံပင်တွေကလည်း ခါးစပ်ထိ ဝဲဖြာနေ၏။

ဘိုးဘိုးရှေ့ကိုလာတိုင်း ထဘီစကတ်လေးတွေနှင့်ဖြစ်နေတတ်





သည့် ကိုယ်လုံးလေးက အဖြူရောင်ဝတ်စုံလေးနှင့် လှနေသည်။

သူ ခုတင်တစ်ဖက်ကနေသွားကာ ဘိုးဘိုးလက်ကောက်ဝတ်တစ်ဖက်ကို သာသာလေးကိုင်သည်။ ပြီးတော့ နဖူးကို လက်ခုံနှင့် အသာလေးကပ်စမ်းကြည့်ပြီး ဒီဘက် ပြန်လျှောက်လာခဲ့၏။

လေရှူးဘေးမှာရပ်၍ သူ ခဏတော့ ငုံ့ကြည့်နေမိသည်။ ကျောပေါ်မှာ တချို့၊ လည်တိုင်ကြားထဲမှာ တချို့နှင့် ဆံပင်ရှည်တွေက ပါးပြင်လေးပေါ်မှာလည်း ဖရိုဖရဲ ခွေခေါက်နေကြသေးသည်။

အိပ်နေလိုက်တာ နှုတ်ခမ်းလေးပိတ်လျက် တကယ့်နှစ်နှစ်ခြိုက်ခြိုက်။ နိုးလွှတ်လိုက်မလို့ပေမယ့် မနိုးရက်ဘဲဖြစ်ရင်း ရပ်နေမိတာကြာသွား၏။ ထိုအချိန်လေးမှာ လေရှူး လှုးလွန့်လာသည်။ နိုးတာမဟုတ်ဘဲနှင့် လက်တစ်ဖက်က ဟိုစမ်းဒီစမ်းနှင့် ဘိုးဘိုးလက်ဖဝါးပေါ် ထပ်ဆုပ်မိကာမှ ပြန်၍ငြိမ်သက်သွားလေသည်။

ကျားလေး နှုတ်ခမ်းမှာ ပြုံးရိပ်သမ်းသွား၏။ လေရှူးဘေးမှာ ခြေဖျားထောက်ထိုင်လိုက်ကာ...

"လေရှူး"

"ဟင်"

"ရှူး"

လေရှူး 'ဟင်'ခနဲကျူးထလိုက်တော့ သူက အသံမထွက်ဖို့ လက်ညှိုးထောင်ပြပြီး သွားအိပ်တော့ဖို့ ခေါင်းဆတ်ပြလိုက်၏။

ပြီးတော့ နေရာမှ ပြန်ထရပ်သည်။ လေရှူးက ဘိုးဘိုးကို နဖူးစမ်းကြည့်ပြီးမှ ထရပ်လိုက်၏။ သို့သော် အိပ်ရေးမဝတာလား၊ နှစ်ညဆက်တိုက် အိပ်ရေးပျက်ထားလို့လားမသိ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

လေရှူးကို သူ ကြည့်နေတာမဟုတ်ပါ။ သူမ ထွက်သွားလျှင် သူ့ အလှည့်မို့ ဒရင်းဘက်ဒ်ခင်းဖို့ မျက်လုံးက ဒရင်းဘက်ဒ်ဆီ ရောက်သွားပြီဖြစ်၏။ သို့သော် မျက်ဝန်းထောင့်မှာ လေရှူး ယိုင်ခနဲဖြစ်သွားတာရော၊ ညည်းသံပါ ကြားလိုက်သဖြင့် မျက်လုံးနဲ့လက်က တစ်ထပ်တည်း လှုပ်ရှားလိုက်မိ၏။

လှည့်ကြည့်လိုက်ရင်း လေရှူး လက်မောင်းလေးကို သူ လှမ်းဆွဲလိုက်သည်။ ဘယ်လိုတုံ့ပြန်အားမှမရှိဘဲ လေရှူး သူ့ရင်ခွင်ထဲ ပြိုကျလာသည်။

"လေရှူး"

"ဟင်"

သတိတော့လစ်မသွားသေးပါ၊ ဒါပေမယ့် မျက်လုံးတွေ ဖွင့်မရအောင် မူးနောက်နေ၏။

"ဘယ်လိုဖြစ်သွားတာလဲ၊ မူးနေလား"

"အင်း"

ဘိုးဘိုး နိုးသွားမှာစိုးကာ လေရှူးကို သူ တစ်ကိုယ်လုံး ပွေ့ယူလိုက်၏။ ပြီးတော့ သူမ၏အိပ်ခန်းထဲထိ ဝင်လာခဲ့သည်။

"ရပြီ... ရပါပြီ"

လေရှူးက အိပ်ရာပေါ်ထိ ပို့မှာစိုး၍ လူးလွန့်ရုန်းဖယ်လာ၏။ သူ တောက်လျှောက်ဝင်ခဲ့ပြီး မွေ့ရာပေါ်မှာပဲ ချပေးလိုက်၏။

"ဘယ်လိုဖြစ်နေတာလဲ၊ လူကို မယုံမကြည်နဲ့"

"ယုံယုံ မယုံယုံ လူမြင်မတော်လို့ပေါ့"

မူးပေမယ့် ရန်တော့တွေ့နိုင်သေးသည်။ ပြောပြီး မျက်ဝန်းလေးတွေ ပြန်မှိတ်သွားတော့ သူ့မှာ စိတ်ဆိုးရခက်၊ ရယ်ရခက်။ မူးနေတာကို တစ်ခုခုလုပ်ပေးခဲ့ချင်သဖြင့် သူ ရပ်ပြီးစဉ်းစားနေတုန်း ...





"ရှင် သွားတော့လေ"

နည်းနည်း အမူးပြေသွားပြီထင်သည်၊ မျက်ဝန်းလေးတွေ ကြည်လင်လာ၏။

"သွားမယ်၊ မင်း မူးနေသေးလား"

"သက်သာသွားပြီ၊ တော်ကြာ အန်တီဇင်တို့ တစ်ယောက်ယောက် တွေ့သွားပါ့မယ်၊ သွားပါတော့"

"ဟာ... ဘယ့်လိုဖြစ်နေတာလဲ၊ တွေ့တော့ကော ဘာဖြစ်လဲ၊ ပူမနေနဲ့"

"အို... ပူရမှာပဲ"

ထထိုင်တော့မတတ် ပျာပျာသလဲဖြစ်သွားသည့် လေရှူး၊ ဒို့ စိုက်ကြည့်ပြီး သူ လှစ်ခနဲပြုံးလိုက်၏။

"ရှင့်က ဘာပြုံးတာလဲ"

"မင်း ပူချင်နေတာကိုလေ အဟွန်း..."

"ဘာ... ရှင်..."

လေရှူး မျက်နှာလေး ရဲတွတ်သွား၏။ ကျားလေး ထွက်သွားတဲ့အထိ ရှက်နေတုန်း။ နောက်ထပ်တစ်ခေါက် သံပရာရည် သူကိုယ်တိုင်ဖျော်ပြီး ယူလာပုံရသည်၊ လေရှူး အိပ်ရာထဲ ပြန်လှဲကာ ဟိုဘက်လှည့်နေလိုက်သည်။

"စိတ်ကောက်မနေနဲ့၊ ကျွန်တော်က ခင်ဗျားရည်းစားမဟုတ်ဘူး၊ ဒီမှာ သောက်လိုက်"

ကြည့်စမ်း၊ လေရှူး ပက်ခနဲပြောချလိုက်ဖို့ စောင်းလှဲနေရာကနေ ဒီဘက်ကို ပက်လက်ကလေးလှည့်လိုက်တော့ သူက တံခါးဝ ရောက်နေပြီဖြစ်၏။ သို့သော် တံခါးပြန်လှည့်ပိတ်ရင်း ပြုံးသွားသည့် သူ့မျက်နှာကြီးကို မြင်အောင်ပြသွားသေးသည်။

မေတ္တာတုံးလိုက်တာမှ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

'ရပြီ နေကောင်းပြီ'ဟု ဘိုးဘိုးက ခွတ်ကြီး ထူထူထောင်ထောင် လုပ်လာသည်။ မင်္ဂလာကိစ္စကို သေချာရက်သတ်မှတ်ပြီး မြန်မြန်ပြီး အောင်လုပ်ဖို့ ဖြစ်လာပြန်၏။

"ဒါဆို ငါက ဖိတ်စာတွေဆီ ပြေးမယ်၊ မင်းနဲ့လေရှူးက လိုအပ် တာတွေ စဉ်းစားပြီး ပြေးလွှားထားလိုက်ကြ ဟုတ်လား"

ဦးမင်းညိုက တာဝန်ခွဲပြီး သူ အရင်ထွက်သွား၏။ ဒေါ်သဖင် က ဘိုးဘိုးကို စိတ်မချသောကြောင့် အိပ်ရာထဲမှာ သက်သက်သာသာ လှဲနေဖို့ ပြောပြီး ဧည့်ခန်းကနေ ပြန်တွဲထုတ်၏။

"မြေးတို့ ဖျော်ဖြေရေးတွေဘာတွေ ထည့်ချင်ရင် အားလုံးလုပ်ခဲ့ ကြနော်၊ ဘယ်လောက်ကုန်ကုန်"

"ဟုတ်ကဲ့ပါ"

ဦးစက်ရှင် ပြုံး၍ ကြည့်နေသေးသည်။ ပြီးမှ ဒေါ်သဇင့်ကို မှီတွဲ ကာ နောက်ထဲပါသွား၏။

လေရှူးနဲ့ကျားလေးတို့ ကားဆီမရောက်သေးပါ။ တံခါးဝမှ မလှမ်း မြောက်ခင်မှာ ခြံထဲသို့ အငှားကားတစ်စီးမောင်းဝင်လာတာ တွေ့သဖြင့်





အတူယှဉ်၍ရပ်နေလိုက်ကြသည်။

ကားက ပေါ်တီကိုအောက်မှာ ရပ်သွားသည်။ အသက်လေးဆယ် ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးနှင့် ဆံပင်ပခုံးလောက်နှင့် ဖြူဖြူ သွယ်သွယ် မိန်းကလေးတစ်ယောက် ဆင်းလာကြသည်။

မိန်းကလေးက ကျားလေးကိုကြည့်ပြီးမှ လေရှူးဆီကို မျက်လုံး ရောက်လာသည်။ ခြေဖျားခေါင်းဖျား နှစ်ခေါက်လောက်ပြေးပြီးမှ ဘေးက အမျိုးသမီးကြီးကို နောက်ပြန်လက်တို့သည်။ အမျိုးသမီးကြီးက လေရှူးကိုပဲ အထင်မြင်သေးနိမ့်ချသော အကြည့်နှင့် စိုက်ကြည့်လျက်...

"ဟော့ သူဌေးကြီးဦးစက်ရှင်နဲ့ ငါတို့ တွေ့ချင်တယ်"

ကျားလေးက နှစ်ယောက်စလုံးကို ဝေ့ကြည့်ပြီး ရှေ့တိုးလိုက်၏။

"ဘိုးဘိုး ရှိပါတယ်၊ အန်တီတို့က ဘယ်သူတွေလဲမသိဘူး"

တည့်တည့်ပဲ မေးလိုက်၏။ ဝတ်စားထားပုံ၊ ပြောဆိုပုံများအရ အဆင့်အတန်းကို တွက်လိုက်မိသည်။ ကြည့်သည့်မျက်ဝန်းတွေကို မကြိုက်၊ ကျားလေးမျက်နှာ တင်းမနေပေမယ့် ပျော့ပျောင်းမှုမရှိပါ။

အမျိုးသမီးကြီးကလည်း ကျားလေးကို 'မင်းက ဘာမို့လဲ'ဆိုသည့် မျက်လုံးများနှင့်တုံ့ပြန်လျက်...

"ငါက ဒေါ်မြလှ၊ သူက လင်းလက်နန္ဒာ တဲ့၊ သွားပြောလိုက်ပါ၊ သူဌေးကြီးရဲ့မြေးကို လာအပ်ပါတယ်လို့"

"ဟင်..."

"ဘယ်လို"

ကျားလေး၏မျက်လုံးက လင်းလက်နန္ဒာ ဆိုသော တစ်ယောက် ထံ ဒိုင်းခနဲရောက်၏။ သူမက ကျားလေးကို ပြုံးပြသည်။ ခေါင်းလေး ညိတ်ပြပြီးမှ မျက်လွှာချ၏။

"ဟုတ်ကဲ့ ဝင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျားလေး ဖယ်ပေးလိုက်သည်။ လေရှူးတစ်ကိုယ်လုံး သေးငယ်ကြုံလှီသွားသလိုဖြစ်ကာ ရှက်ရွံ့သိမ်ငယ်ခြင်းဆိုတာကို လက်တွေ့ကျကျကြီး ခံစားလိုက်ရလေသည်။

နင် ဘာလုပ်မလဲ လေရှူး၊ ဒီမိန်းမကြီးက ဒါကြောင့် ငါ့ကို မြင်တယ်ဆို စားမတတ် ဝါးမတတ် ကြည့်တာကိုး။ ကျားလေးကို ပြုံးပြလိုက်သော ဟိုတစ်ယောက်၏မျက်နှာကို မြင်ယောင်ကာ 'ငါ ဘာလုပ်ရမလဲ'ဆိုတာကို အပြင်းအထန် ညှစ်ထုတ်စဉ်းစားလိုက်၏။ ဘာပဲဖြစ်ဖြစ် ကိုယ်မဟုတ်ဘူးဆိုတာ ကိုယ်သိပြီးသားပဲ၊ ပြောကြ ရှင်းကြပါစေ။ လေရှူး ရှေ့ကို ခြေလှမ်းပြင်လိုက်၏။ ကျားလေးက လက်ကို ဆောင့်ဆွဲ၍ ...

"ဘာလုပ်တာလဲ"

"ဖယ်ပေးပါ၊ ကျွန်မ... ကျွန်မ ခဏဖြစ်ဖြစ် ရှောင်ဖယ်ထွက်သွားချင်တယ်၊ နှစ်ယောက်ကြီး ရင်ဆိုင်မိတဲ့အထိ မနေချင်ဘူး"

"မသွားရဘူး"

"ဟင့်အင်း"

"လေရှူး"

ကျားလေးက လေရှူးလက်ဖဝါးလေးကို နာကျင်သွားအောင် ဖျစ်ညှစ်ဆုပ်ပစ်လိုက်၏။

"လူတွေကိုမင်း ဘာမှတ်နေသလဲ၊ ဒါကလေးကစားနေတာ မဟုတ်ဘူး"

"ဟုတ်တယ်၊ အဲဒါကြောင့်..."

"မရဘူး"

ကျားလေးက လေရှူးလက်ကိုဆွဲကာ နောက်ပြန်လှည့်၏။





အခန်း (၅၇)

"ဟယ် ပေါက်ကွဲသံကြီးတော့၊ ဘာဖြစ်တာလဲမသိဘူး"

"ဟုတ်တယ်၊ ရထားလမ်းက အဲဒါ"

မေးကြဖြေကြရင်း မြမြနှင့်မြလှတို့ ဇရပ်ကြီးပေါ်ကနေ ပြိုင်တူထရပ်လိုက်ကြသည်။ ထို့နောက် မတိုင်ပင်ကြရဘဲ အသံကြားရာသို့ မာရသွန်ပြေးကြလေသည်။

ညီအစ်မနှစ်ယောက်ဟာ ငယ်ငယ်ကတည်းက မိဘမဲ့ဖြစ်သည်။ သို့သော် အကြီးမ မြမြက မြလှထက် ငါးနှစ်ကြီးသူမို့ အငယ်ကို ပြန်၍ ထိန်းကျောင်းနိုင်ခဲ့သည်။ အိမ်ထောင်ကျတော့ အငယ်ဖြစ်သည့် မြလှက မိုးကောင်းသားနှင့် စောစီးစွာ ကျသွားခဲ့၏။

မြလှ ကလေးတစ်ယောက်ရမှ မြမြက အိမ်ထောင်ကျသည်။ မိုးကောင်းနဲ့မိုးကုတ် နေကြပေမယ့် မြမြမှာ အငယ်မ မြလှကြောင့် စိတ်အေးလက်အေး နေရတယ်လို့မရှိ။

မြလှက စွာတာတာနိုင်သလောက် နေရာတကာ စီခနဲ့ဆို သူပဲဖြစ်သည်။ မြလှသည် ယောက္ခမနှင့် စကားများတိုင်း မိုးကုတ်ကို

www.burmeseclassic.com



ရောက်လာတတ်သည်။ ယောကျ်ားနှင့် ရန်ဖြစ်လာတိုင်း အစ်မဆီပဲဖြစ်၏။

ထိုနေ့ကတော့ လင်မယား အကြီးအကျယ် စကားများကြ၊ ရိုက်နှက်ကြနှင့်ဖြစ်သည်ဟု ကြားကာ မြမြကိုယ်တိုင် ညီမဖြစ်သူကို သွားခေါ်လာခဲ့တာဖြစ်သည်။ မြို့ထဲဝင်ခါနီးကာမှ လမ်းမှာ တစ်ထောက်နားနေတုန်း ရထားမိုင်းမိသည့်အဖြစ်နှင့် တိုးခဲ့ကြ၏။

သူမတို့ရောက်သွားတော့ မီးခိုးတွေ မည်းသည်းပြာနှမ်းလျက် ပေါက်ကွဲလွင့်စဉ်ထားသည့်အပိုင်းအစတွေက ကြောက်မက်ဖွယ်ပင်။

အနားမှာ အနီးဆုံးရှိနေကြသည့် သူမတို့နှစ်ယောက်ပဲ အရင်ဆုံးရောက်သွားတာမို့ ပတ်ဝန်းကျင်မှာ လောလောဆယ် ဘယ်သူမှ မရောက်ကြသေးပေ။

မြို့နှင့်သိပ်မဝေးလှသော်လည်း အနီးအနားမှာတော့ ရွာစဉ်ဆက်မရှိ။ ညီအစ်မနှစ်ယောက် ထိတ်လန့်ပြူးပြဲကာ ဘာလုပ်ရမှန်း မသိဖြစ်နေဆဲ ထူးခြားသောလှုပ်ရှားမှုတစ်ခုကို သတိထားမိလိုက်ကြသည်။

"အား... ကျွတ်... ကျွတ်..."

အသံကြားလိုက်ရပြီး ကြည့်လိုက်တော့ သံလမ်းဘေးမှာ တုံးလုံးလဲ၍ ပွင့်ထွက်ပျက်စီးနေသော တွဲတစ်တွဲထဲတွင် မချိမဆံ့ ကတုန်ကယင် ကျုံးထနေသည့် လူရိပ်တစ်ရိပ်။

"ဟိုထဲမှာ လူ...လူ မသေသေးတာ မြလှ"

"အို... မမ မသွားနဲ့လေ၊ အထဲမှာ မီးခိုးတွေ ပြာနှမ်းနေတုန်း"

စိုးရိမ်လို့ဆွဲထားသလိုလိုနှင့် မြလှက သူမပဲ အရင် အူယားဖားယား ပြေးသွားခဲ့၏။ ဘာပဲဖြစ်ဖြစ် သူမက စပ်စုတတ်သလို လှုပ်ရှားလုပ်တတ်သည့်အကျင့်လည်းရှိသည်။





မြလှ ပြေးသွားမှ မြမြ နောက်ကနေ ပြေးလိုက်ရသည်။ အပေါ်ပိုင်းတစ်ခုလုံး အကောင်းတိုင်း မကျန်တော့သည့်အတွဲထဲမှာ လူတွေ အတုံးအရုံး လဲပြိုနေခြင်းကိုသာ မြင်နေရသည်။ ဘယ်သူတွေ အသက်ရှိသေးသည်၊ ဘယ်လိုဒဏ်ရာတွေ ရကြသည် ဘာမှမသိနိုင်။

မီးခိုးတွေက အလိပ်လိုက်တက်နေဆဲ။ ညှော်နံ့တွေကော၊ အူထွက်နေသည့် လေလုံးတွေကော ပတ်ဝန်းကျင်တစ်ခုလုံးမှာ အရာဝတ္ထုလှုပ်ရှားမှုတွေမဟုတ်ဘဲ ဘာတွေခူညံနေမှန်းလည်းမသိ။

ထိုထဲမှာ ဒယိမ်းဒယိုင် ထရပ်လိုက်ပြီးမှ ပြန်၍ ပြိုလဲသွားသည့် လူရိပ်ဆီကို နှစ်ယောက်သား ဦးတည်သွားခဲ့ကြသည်။

ခက်ခက်ခဲခဲ ကျော်လွှားခွဝင်ပြီး အရင်ရောက်သွားသူက မြလှပဲဖြစ်သည်။ နက်ပြာရောင်ဝတ်စုံဖြင့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ဆံပင်တွေက တင်ပါးပေါ်ထိ အုပ်ခဲကျနေလျက် နဖူးပြင်မှ ကိုယ်တစ်ခြမ်းလုံးသို့ စီးကျနေသည့် သွေးတွေဖြင့် အသားဖြူဖြူလေးမှာ မြင်လို့မကောင်း။

သူမသည် ရင်ခွင်ထဲမှ ကလေးတစ်ယောက်ကို ပွေ့ထား၏။ ခုံကြားထဲမှာ ခွေခေါက်ငြိမ်သက်နေသူတစ်ယောက်အား လှုပ်ရင်း ပုတ်ရင်း သူမကိုယ်သူမလည်း မဟာန်နိုင်ရှာ။

"ဟဲ့ ညီမ... ညီမ"

"ဟင်..."

လှသံတွေကြားလိုက်ရသဖြင့် ထိတ်လန့်ကြောက်ရွံ့သွားသလို လှည့်ကြည့်လာသော မျက်နှာမှာ လက်ရှိ ဘာတွေဖြစ်ပျက်နေမှန်းတောင် မသိဘဲဖြစ်နေသည့်နှယ်။

"ပေး ပေး ကလေး ငါ့ကိုပေးထား"

"ကျွန်မ... ကျွန်မယောကျ်ားကို ကြည့်ပေးပါဦး၊ ကျွန်မသမီးလေး



www.burmeseclassic.com

www.burmeseclassic.com



လဲ သေပြီထင်တယ်”

ပြောရင်း ကလေးကိုပိုက်လျက် ခွေခနဲလဲကျသွားကာ သူမလည်း ပြန်မထနိုင်တော့ပါ။ သူ့ယောက်ျားဆိုတာကို ကြည့်လိုက်တော့ ခုံကြား ထဲမှာ ညပ်လျက်။ တခြားလူတွေ၊ ပစ္စည်းတွေပါ ပိထပ်ကာ သေသည် ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဆွဲထုတ်ဖို့ကမလွယ်။

ဒါပေမယ့် သနားတတ်သည့် မြမြကတော့ ထိုနေရာရောက်အောင် ဝင်ကာ မျက်နှာကို လက်ထိုးစမ်းကြည့်သည်။

“သူ... သူ အသက်မရှူတော့ဘူး ညီမလေးရဲ့၊ တကယ်ပြောတာ”

အသက်အရွယ် မတိမ်းမယိမ်းတွေမို့ အားလုံးကလည်း ပျာယာ ခတ်နေကြသည်ဖြစ်ရာ ဆင်ခြင်ပြောဆိုဖို့ကို သတိမရကြပေ။ ဒဏ်ရာ ဗလပွနှင့် မိန်းကလေးသည် ခွေကျနေရာမှ ရင်ကွဲပက်လက်ဖြစ်သွား ရှာ၏။ ရင်ဘတ်လေး ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှူရသည့်အဖြစ် သို့ ရောက်ကာ...

“ကျွန်မလဲ မနေရတော့ပါဘူး၊ ဒီ... ဒီမှာ...”

သူမသည် သူမ၏ကိုယ်တွင်းတစ်နေရာမှ ရွှံ့အိတ်လေးတစ်လုံး ကို ခဲရာခဲဆစ်ထုတ်ယူပြီး မြလှလက်ထဲသို့ ထည့်ပေးလိုက်၏။

“ကျွန်မ သ... သမီးလေး မသေဘူးဆိုရင် ဒီပစ္စည်းလေးနဲ့အတူ သူ့... သူ့ရဲ့အဘိုးဆီ ရောက်အောင်ပို့ပေးပါ”

ပြောနေရင်း နှုတ်ခမ်းလေးဟ၍ မောဟိုက်စွာ အသက်ရှူနေ သည်။ ပြီးတော့ သူ့ငွေကြီး ဦးစက်ရှင်၏နာမည်နှင့် နေရပ်လိပ်စာ ကို ပြောပြသည်။

“သ...သမီးလေးကို ပို့... ပို့ပေးလိုက်ရင် အဖေက အစ်မတို့ကို ကျေးဇူးဆပ်... အား...”

သူမသည် ဖက်ထားသည့်ကလေးကို ပင့်မ,ရင်း မျက်နှာချင်းကပ်





ဖို့ ကြိုးစားပေမယ့် မအောင်မြင်။ ကလေးမှာ ဒဏ်ရာတွေ ဖြစ်ခဲ့သည် လား၊ မဖြစ်ခဲ့ဘူးလား၊ သေဆုံးခဲ့ပြီလား၊ မသေခဲ့ဘူးလား၊ သူမကိုယ်တိုင် သေချာမသိခဲ့ပေ။

မြင်နေရသည်က ကလေးကိုယ်မှာ သွေးတွေပေလျက် ပျော့ခွေ ငြိမ်သက်နေခြင်းပင်။ သွေးတွေဟာ သူမကိုယ်မှ စွန်းထင်သွားခဲ့တာ လား၊ ဒါမှမဟုတ် ကလေးမှာ ဒဏ်ရာရခဲ့၍လား ဒါလည်း မသိပါ။ သေ ချာနေသည်က သူမကတော့ သေရတော့မည်ဖြစ်သည်။

ထို့ကြောင့် သမီးလေးကို နှုတ်ဆက်နမ်းရှိုက်လိုသည်။ သို့သော် သူမ မတတ်နိုင်တော့ပေ။ လက်မြန်သည့် မြလှကပဲ ကလေးနဲ့ ရွှံ့အိတ် လေးကို ကပျာကယာ လက်ပြောင်းယူလိုက်သည်။

“ကျွန်မက မေ...မေမြတ်ရှင်ပါ၊ ကလေး မသေဘူးဆိုရင် သူ့ အဘိုးဆီကို ပို့ပေးပါနော်၊ တကယ်လို့ သူ... သူလဲသေပြီဆိုရင် ကောင်း ကောင်းသင်္ဂြိုဟ်ဖို့...”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၈)

"ဘိုးဘိုး"

"အဖေ"

သမီး သေဆုံးခဲ့ရသည့်အဖြစ်ကို ကြားလိုက်ရပြီး နေမကောင်းသည့်အခံရှိနေသော ဦးစက်ရှင် ဆိုဖာပေါ်မှာ ပျော့ခွေမှိကျသွားလေသည်။ [illegible] ကို ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။

သေချာ လက်ဟန်ခြေဟန်နှင့် ပြောပြနေသည့် ဒေါ်မြလှ၏ စကားသံလည်း တိတ်သွား၏။

"ကဲ ဒီကအစ်မကြီးတို့လဲ ခဏလောက်သည်းခံကြပါဦး၊ ဦးလေးက ကျန်းမာရေးမကောင်းလို့ပါ"

ဦးမင်းညို မျက်နှာမကောင်းစွာနှင့် ဝင်ပြောရသည်။ ဒေါ်သခင်က ဦးစက်ရှင်လက်ထဲမှ ကိုင်ထားသည့် အဆစ်ပျောက်ကြိုးကုံးလေးကို သာသာလေးပြောင်းယူကာ ဦးစက်ရှင်၏ ရှပ်အင်္ကျီအိတ်ထဲမှာပဲ ထည့်ထားပေးလိုက်၏။

ပြီးတော့ ချွေးတွေပြန်နေသည့်မျက်နှာနှင့် လည်ပင်းတွေကို လက်





ကိုင်ပဝါနှင့် ဂရုတစိုက် သုတ်ပေးသည်။ ဒေါ်မြလှကတော့ ပူပင်စွာ လှုပ်ရှားနေကြသူတွေကိုကြည့်၍ ရင်ထဲမှ မဲ့ရွဲ့နေမိ၏။ ထို့ပြင် ကျားလေး ဆိုသည့်လူငယ်က ကြည့်ပုံကိုက မကြည်မလင်နှင့်။

သူမ သိထားပါသည်။ ဒီလူတွေအားလုံး သူဌေးကြီးနှင့် ဘာမှ တော်စပ်ကြတာမဟုတ်ဘဲ ဆွေနီးမျိုးစပ်အဆင့်လောက်ကနေ အမွေတွေ ရယူနိုင်ဖို့ မာယာများနေကြတာဖြစ်သည်။

သွေးသားရင်းချာတွေတောင်မှ စည်းစိမ်ဥစ္စာနှင့်ပတ်သက်လာရင် သစ္စာတရားဆိုတာ ရှိလို့လား။ တစ်ယောက်တည်း ကျိတ်တွေးကာ အကျင့်ပါနေသည့်နှုတ်ခမ်းက ဆတ်ခနဲမဲ့မိ၏။

အမှတ်တမဲ့ မျက်လုံးကလည်း ကျားလေးထံရောက်သွားလျှင် ကိုယ့်ကိုစိုက်ကြည့်နေတာနှင့် ဆုံမိလေသည်။

"အဖေ...၊ အဖေ အိပ်ရာထဲ သွားလှဲနေလိုက်နော်၊ ညည့်သည်တွေကလဲ ခု ပြန်မှာမှမဟုတ်တာ၊ နောက်မှ စကားပြောလို့ရတာပဲ အဖေရယ်"

ကိုယ်တိုင် မဟန်မှန်းလည်းသိသောကြောင့် ဦးစက်ရှင် ခေါင်းညိတ်လိုက်ရသည်။ မျက်လုံးဖွင့်လိုက်တော့ [illegible] မြေးခ[illegible] မျက်နှာငယ်လေးနှင့် သူ့ကိုကြည့်နေရှာသည်။

မြေးလေးဆိုပြီး သူ ဝမ်းသာအယ်[illegible] မဆုတ်ဆံ၍ အားငယ်နေရှာပြီထင်သည်။ ဒါပေမယ့် မတတ်နိုင်ပါ။ လေရူး ရောက်လာတုန်းက ရင်ထဲမှာ မြေးလေးကို တမ်းတနေခဲ့သည့်စိတ်တစ်ခုပဲရှိသည်။ အခုကျတော့ ကိုယ့်သမီးလေး ဘယ်လိုအဖြစ်ဆိုးခဲ့သည့်အဖြစ်ကိုပါ ပူးတွဲလက်ခံခဲ့ရ၏။

ခံစားချက်ပြင်းပြင်းက သမီးနောက်ကိုပါသွားသည်။ မြေးကို ရခဲ့ခြင်းထက် သမီးကို ဆုံးရှုံးရခြင်းက မနေ့တစ်နေ့ကလို အသစ်ဖြစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်နန္ဒာဟု အမည်ရှိသော မိန်းမငယ်လေးကို နွေးထွေးသောအပြုံးနှင့် နှစ်သိမ့်ခဲ့ဖို့ ကြိုးစားပေမယ့် နှုတ်ခမ်းမှာ အပြုံးက မထင်။ ထို့ပြင် လေရှူးကို သတိရလိုက်ပြီး...

"လူလေး..."

"ဗျာ ဘိုးဘိုး"

"မြေးကော...၊ လေရှူး"

"သူ ရှိပါတယ်"

ကျားလေး မျက်နှာမကောင်းတာကို ဦးစက်ရှင်က ကြည့်၍...

"ကလေးကို စိတ်မဆင်းရဲစေနဲ့၊ ဘိုးဘိုးက ဘယ်လိုမှ သဘောမထားဘူး၊ ဘယ်မှမသွားနဲ့လို့ ကြားလား"

"ဟုတ်ကဲ့"

"သူ့မြေးကြီးရယ်၊ နန္ဒာလေးကို သူ့ရဲ့အမေ အပ်ခဲ့တုန်းကများဆိုရင် ..."

"ဒီမှာ အစ်မ..."

ဒေါ်သဇင်က မတည်မငြိမ်မျက်နှာနှင့် စကားဖြတ်ပြော၍...

"ကျွန်မတို့ အေးအေးဆေးဆေးပြောဖို့ အချိန်တွေ ရှိပါသေးတယ်၊ လူမမာရှေ့မှာ နည်းနည်းတော့ ဆင်ခြင်ပါရှင်"

"ခဏ... ခဏပါ"

ဦးစက်ရှင်က ဦးမင်းညို တွဲထူလိုက်သည့်နောက်မှာ မှီရပ်လိုက်ရင်း ဒေါ်မြလှကို လက်ကာပြသည်။ ပြီးတော့ တောင်းပန်သည့်မျက်နှာနှင့်...

"ခဏ ခွင့်ပြုပါ၊ အေးအေးဆေးဆေး နေကြပါ"

တိုးသဲ့စွာပြော၍ ထွက်ခွာသွားလေသည်။ ဒေါ်မြလှ အားနာပြုံးနှင့် ခေါင်းညိတ်ကျန်နေခဲ့သော်လည်း ဦးစက်ရှင် ကွယ်သွားသည်နှင့် မျက်နှာက လုံးဝ ပြောင်းလဲသွား၏။





"တစ်အိမ်လုံး ငါတို့ကို ဆက်ဆံပုံက အေးစက်စက်နဲ့ပါလား၊ ကိုယ့်မြေးလေး ရောက်လာလို့တောင်မှ ဖက်လှဲတကင်း မရှိဘူး"

ကျားလေးက ဆိုဖာမှာထိုင်ပြီး ကျောမှီမှာ ကျကျနနမှီကာ...

"ဖက်လှဲတကင်းလုပ်ဖို့က ဘိုးဘိုးက သူ့ကိုယ်သူတောင် သူများထူမှ ထနိုင်တဲ့အခြေအနေလေ"

ဒေါ်မြလှက ကျားလေးကို စိုက်ကြည့်၏။

"တခြားသူတွေကကော"

"ကျွန်တော်တို့လား... ကျွန်တော်တို့က သူနဲ့ ဘာမှမှမတော်တာ"

နန္ဒာကို မေးဆတ်ပြပြီးပြောသည်။ နန္ဒာကတော့ အားလုံးကို ကြည့်တာ မဝံ့မရဲနှင့်ပါ။ ဒီအိမ်ကြီးပေါ်တက်လာကတည်းက သိမ်ငယ်နေပုံလည်းရ၏။ ဒေါ်မြလှကတော့ သူ့အိမ်သူ့ရာကို ပြန်လာသူနှင့် တူနေသည်။ မကျေမနပ်ဖြစ်နေတာလည်း သိသာ၏။

"မင်းက ဘာတော်တာလဲ"

"ကျွန်တော့်အန်တီ ခုနက မိတ်ဆက်ပေးပြီးပြီထင်တယ်၊ အခေါ်ကို တစ်ခုပြောချင်တာက ဒီအိမ်ထဲမှာရှိသမျှလူအားလုံးဟာ မိသားစုတွေပါ၊ မေတ္တာရည်တူပြီး နားလည်လက်တွဲထားနိုင်ရင် သွေးတော်တော် မတော်တော် မိသားစုပါပဲ၊ အတွင်းစကား အပြင်စကား ဘာဖြစ်ဖြစ် ဘိုးဘိုးနဲ့မဟုတ်လဲ ဘယ်သူနဲ့မဆို ပြောလို့ရတယ်"

"ဟိုတစ်ယောက်ကကော၊ လေရှူး ဆိုတာ၊ သူက ငါ့သမီးနေရာမှာ မဟုတ်ဘဲနဲ့ ဝင်ပြီး လိမ်ညာနေတာမဟုတ်လား"

ကျားလေး မျက်ခုံးနှစ်ဖက် တွန့်ကျသွား၏။ နှုတ်ခမ်းအစုံ တင်းခနဲစေ့သွားလျက် နန္ဒာကို တစ်ချက်တော့ ငုံ့ကြည့်လိုက်သေးသည်။

"နှစ်ယောက်ဖြစ်နေတယ်ဆိုတော့ တစ်ယောက်က လိမ်ညာတဲ့သူပဲ၊ ဒါပေမယ့် ..."



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ်… ငါ့သမီးက သက်သေပစ္စည်းနဲ့ အဖြစ်အပျက်အစုံနဲ့ လာတာ၊ ဖြစ်မှဖြစ်ရလေ၊ အတွင်းထရံ အပြင်ကာလို့"

ကျားလေးက နောက်မှီမှာ လက်တစ်ဖက်ဆန့်တင်ထားလိုက်ပြီး ပြုံးသည်။

"ဘယ်ထရံကိုမှ မကာရသေးပါဘူး၊ မေတ္တာညီမျှတယ်ဆိုတာ သွေးတော်တာ မတော်တာနဲ့ မဆိုင်ဘူးလေ၊ ခုနက ဘိုးဘိုး ပြောသွားတယ်မဟုတ်လား၊ သူက မြေးလို့ပဲ နှစ်ယောက်စလုံးကို မေတ္တာထားနိုင်တယ်"

"ဒါဆို တကယ့်မြေးက နစ်နာတာပေါ့ကွယ်၊ ဘာဆိုင်လို့လဲ၊ ငါတို့ကလဲ ဒီကလေးကို တစ်သက်လုံး ဂုဏ်ထားလို့ရတယ်၊ ဒါပေမယ့် သူ့ဘဝလေးကောင်းစားပါစေဆိုပြီး ငါတို့လက်ထဲမှာ ဆင်းရဲနေတာ မကြည့်ရက်တော့လို့ လာပို့ရတာ"

"ဘိုးဘိုးရဲ့မြေး ဖြစ်သွားပြီဆိုရင် အရင်ဘဝအခြေအနေထက် အများကြီး သာသွားမှာပါ"

"ဒီလောက်နဲ့တော့ အဓိပ္ပာယ်မရှိဘူး"

စကားတွေ ထပ်ပြောချင်နေပုံရသည်။ 'အမေကလဲ'ဟုပြော၍ လက်မောင်းကိုတို့လိုက်သည့် နန္ဒာကြောင့် ဒေါ်မြလှ မရိုးမရွနှင့် ပါးစပ်ပိတ်သွားလေသည်။

ကျားလေးက အကဲခတ်ရင်း စိုက်ကြည့်နေ၏။ ရောက်လာကတည်းက 'ခဏစောင့်ပါ'ဟု တားတာကို မရ။

"ဒါနဲ့ မင်းတို့က သူဌေးကြီးနဲ့ ဘယ်လိုပတ်သက်လို့လဲ၊ သူဌေးကြီးနဲ့ ငါ တိုက်ရိုက်တွေ့ရမှဖြစ်မယ်"

ဟု ဖွင့်ပြော၏။ တိုက်ရိုက်ဆိုသည့်စကားက အားလုံးကို ပတ်မြို့စော်ကားလိုက်တာဖြစ်သည်။ တကယ့်မြေးဖြစ်နိုင်တာကို သူတို့ရင်ထဲမှာ





လက်ခံထားလိုက်ပြီဖြစ်သည့်တိုင် ဒေါ်မြလှ၏မျက်လုံးတွေ၊ အမူအရာ စကားလုံးတွေက နှစ်သက်လက်ခံချင်စရာ မရှိ။

သူမမျက်လုံးမှာ လောဘတွေ၊ မာနတွေ ပြည့်လျှံနေသည်။ သူမတို့ ဝင်လာတာကို မြင်သည်နှင့် လူအားလုံးက ဒူးတုပ်ပြီးသား ဖြစ်နေစေချင်တာမျိုး။

လူမမာကြောင့် နေ့တစ်ဝက်လောက် စောင့်နိုင်းလိုက်ရတာကို တောင် လူတွေကို သူမက မသက်သာသလိုလို၊ တော်တော်တော့ ခက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၉)

"မဟုတ်ဘူး သမီး၊ အဲဒါ မဟုတ်တာတွေပြောတာ"

ဦးပေသီး ခေါင်းတရမ်းရမ်းဖြစ်နေသည်။ လေရှူးကတော့ အဖေ ညာရက်လေခြင်းဟူသည့် မျက်လုံးစိမ်းများနှင့်သာ စိုက်ကြည့်နေခဲ့၏။ လှပ်ရှားမှုကင်းမဲ့နေသော မျက်ဝန်းမှ မျက်ရည်တွေက ပြည့်သိပ်တက်လာလိုက်၊ ပြိုဆင်းသွားလိုက်။

ဒီအဖြစ်အပျက်တွေကို သိခွင့်ရတဲ့အထိ သူမ နေခဲ့တာမဟုတ်ပါ။ ကျားလေးက အခန်းထဲမှာထည့်ပိတ်ထားခဲ့သဖြင့် မကြားချင်ဘဲ ကြားခဲ့ရတာဖြစ်သည်။

လာပြောသူက ဒေါ်သဇင်၊ သူမမျက်နှာမှာ စာနာမှုတွေ ရှိနေပါသည်။ ဒါပေမယ့် အတုနဲ့အစစ် ဖြစ်လာကာမှတော့ အစစ်ဘက်ကသာ ရပ်တည်ရမည်ဖြစ်ကြောင်းကို သိစေခဲ့သည်။

"ဘာပဲဖြစ်ဖြစ် မင်း ဒီမှာနေခွင့်တော့ရမယ်၊ အဖေက မင်းကိုလဲ စောင့်ရှောက်မှာပါ၊ တစ်ခုပဲရှိတယ်၊ မင်းနဲ့ကျားလေး လက်မထပ်ရသေးတဲ့အတွက် လက်ထပ်ဖို့က မဖြစ်နိုင်တော့ဘူး၊ နောက်ထပ်ပြီး မနှောင့်ယှက်ပါနဲ့လို့လဲ တစ်ခါတည်း ပြောချင်တယ်"တဲ့။

လေရှူး အဲဒီလောက်ထိ အောက်တန်းကျမယ်လို့များ ထင်နေသလား။

ရင်ထဲမှာနာသည်။ ပြောမပြနိုင်လောက်အောင် ဆို့နင့်နေခဲ့၏။ ဒီလိုတွေအထင်ခံ၊ အပြောခံခဲ့ရတာဟာ 'ကျွန်မက ဦးစက်ရှင်ရဲ့မြေး





ပါ'လို့ အရှက်အကြောက်မရှိ သွားပြောပြီး လိမ်ခဲ့မိသောအကျိုးရလဒ်ပဲဖြစ်သည်။

"ညည်း လိမ်တာမဟုတ်ဘူး၊ ညည်းကမှ မြေးအစစ်ပါ"

"တော်ပါတော့ အဖေ"

လေရှူး နေရာမှ ဝုန်းခနဲ ထရပ်သည်။ မျက်ရည်တွေကို လက်မောင်းနှင့်ဖိကပ်ပြီး ဖြစ်သလို ပွတ်သုတ်ပစ်လိုက်၏။

"ကျွန်မက အစစ်ပါလို့ ပြောနေရုံနဲ့ ကမ္ဘာကြီးက လုံးရာက ပြားသွားမှာမဟုတ်ဘူး။ အခု လေရှူး ဒီနေရာကို ဝင်မလုရင် ကမ္ဘာပြိုလိမ့်မယ်လို့ သိကြားမင်း ဆင်းပြောမလား၊ ပြီးပါစေ 'မနောမြတ်' ကို လေရှူး ဘယ်တော့မှမသွားဘူး"

"သမီး"

လေရှူး ကုလားထိုင်ကို နောက်ပြန်ကန်ပြီး လှည့်ထွက်၏။ ဦးပေသီးက လက်ကိုလှမ်းဆွဲရင်း သူပါ လိုက်ထရပ်ကာ...

"ခဏပြန်ထိုင်ဦး သမီး၊ အဖေ ပြောပြမယ်"

"မပြောနဲ့ အဖေ၊ ဒီနေရာ ဒီစကားပဲ ခဏခဏ ပြန်ရစ်ပြန်ကြည့်နဲ့ စက်ထဲမှာပဲကောင်းတယ်၊ အပြင်မှာကျတော့ အရမ်းစိတ်ပျက်ဖို့ကောင်းပါတယ်၊ လေရှူး အဖေ့စကားတွေကို မကြားချင်တော့ဘူး၊ အခု အဖေရှိတဲ့နေရာကိုရှာဖွေပြီး လိုက်လာတာ၊ ကယ်ပါဦး လုပ်ပါဦးလို့ အကူအညီလာတောင်းဖို့မဟုတ်ဘူး။ 'မနောမြတ်'စံအိမ်နဲ့ လေရှူး နောက်ထပ် ဘာမှပတ်သက်ဖို့မရှိတော့တဲ့အတွက် အဖေ ဘိုးဘိုးပေးထားတဲ့..."

စကားမှားသွားသည့်ကိုယ့်ပါးစပ်ကို နာကျင်အောင် ဖိကိုက်ပစ်လိုက်မိ၏။ ပြီးမှ...

"ဦးစက်ရှင် ဆိုတဲ့ သူဌေးကြီး ကျေးဇူးဆပ်ထားတဲ့ ဘိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံတွေအားလုံးကို ဆက်ပြီး လက်ခံမထားတော့ဖို့ လာပြောတာ"

ပြောနေရင်း လေရှူးက ဦးပေသီး ဆုပ်ကိုင်ထားသည့်လက်ကို ဆောင့်ခါချ၏။ ဦးပေသီးက ခေါင်းခါနေလျက်မှ လုံးဝ မလွှတ်ပေ။

"မဟုတ်သေးဘူး သမီး၊ ဒီအဆောင်အယောင်တွေကို အဖေ ရလို့ ဝမ်းသာခဲ့ပေမယ့် ညည်းနဲ့ ဟိုတစ်ခါပြောပြီးထွက်လာကတည်းက အဖေ အဲဒီမှာနေတာမဟုတ်ဘူး"

လေရှူးက ယုံရမလို၊ မယုံရမလို မျက်နှာနှင့် ပြန်ကြည့်၏။ သူမ ထိုဆီသို့ရောက်သွားတိုင်း အဖေနဲ့ မတွေ့တာတော့မှန်သည်။ ဖုန်းဆက်တိုင်း မရတာလည်း တကယ်ပဲဖြစ်၏။ ထို့ပြင် အဖေ မာနကြီးတတ်တာကိုလည်း လေရှူး သိပါသည်။ ယုံဖို့ကျတော့ ခက်နေ၏။

တိုက်တာခြံဝန်းနှင့် စီးဖို့ကားနှင့် ခြံစောင့်မာလီက အစ ပြည့်စုံစွာထားပေးခဲ့တာ၊ ဒါကို အဖေ အလွယ်တကူ စွန့်လွှတ်ခဲ့သလား။

ကလပ်ထဲမှာလင်းနေသည့် ရောင်စုံမီးများကြောင့် လေရှူး မျက်နှာက အရောင်အမျိုးမျိုးပြောင်းနေ၏။ အဖေ့ကို အကဲခတ်တော့လည်း ရောင်စုံပြောင်းနေသည်မို့ အဖေ တကယ်ပြောနေသည်လား၊ မူးနေပြီလားဆိုတာ မရေရာ။

နိုက်ကလပ်လို့ ခေါ်လို့မရပေမယ့် ဒီဆိုင်ဟာ မျက်နှာစာသေးသေး၊ ကုပ်ကုပ်လေးနှင့် အထဲမှာ အကျယ်ကြီးပဲဖြစ်သည်။ နေ့ခင်းဘက်မှာ စုံတွဲတွေလာတတ်ကြပြီး ညဘက်ကျတော့ ယောကျ်ားတွေ ချည်းပဲ ရှိတတ်၏။

ပြီးတော့ အထဲမှာ တေးဂီတအစီအစဉ်တွေရှိသည်။ ဒီ အပြင်ခန်းကတော့ ငွေကြေး အကုန်အကျ သက်သာပြီး အထဲက ဂီတသံတွေကို ကြားရပေမယ့် ကြည့်လို့မရ၊ ဒီဆိုင်ကို အဖေ မကြာခဏ လာသည်။





လေရှူးကလည်း အမြဲပဲ ခနဲ့ခဲ့၏။

"အဖေက အပြင်မှာ အေးအေးဆေးဆေးပဲသောက်တာပါ သမီးရာ၊ အထဲဝင်နားထောင်ဖို့လဲ စိတ်မဝင်စားပါဘူး၊ သီချင်းဆိုတာ သောတအာရုံပဲကောင်းတယ်"ဟု ပြောဖူးသည်။

အဖေ့ကို ဘယ်မှာမှရှာမတွေ့သဖြင့် ဒီကို လေရှူး ရောက်လာခဲ့ခြင်းဖြစ်သည်။ အဝင်ဝကနေ မှန်တံခါးတွန်းကြည့်လိုက်တာနှင့် အဖေ့ကို လှမ်းမြင်သည်။ ထို့ကြောင့် ယောကျ်ားတွေကြားထဲကနေ ဖြတ်ကျော်ပြီး အဖေ့ဆီ လာထိုင်ခဲ့သည်။

သမီးကိုမြင်လိုက်သဖြင့် ဦးပေသီး စိုးရိမ်တကြီး ထရပ်လိုက်သော်လည်း ဝေဒနာတွေစုပြုံပြည့်သိပ်လာခဲ့သည့် လေရှူးကတော့ အရက်ဆိုင်တွေ၊ နိုက်ကလပ်တွေ နားမလည်တော့ပေ။ ခုံဆွဲ၍ ဆတ်ခနဲ ထိုင်ချလိုက်ပြီး ဒေါ်မြလှတို့ ရောက်လာပုံတွေကို မနားတမ်း ပြောတော့သည်။ ဦးပေသီးလည်း ပြန်ထိုင်လိုက်ရသည့်အဖြစ်သို့ ရောက်ခဲ့သည်။

ခုတော့ ပြန်ထိုင်ပါဆိုတာတောင်မှ လေရှူးက မထိုင်တော့ဘဲ ရှန်းနေပြန်သည်။ ဦးပေသီးမျက်နှာကြီးလည်း ပျက်ယွင်းဆိုးရွားလျက်...

"အားလုံးကိုထားလိုက်ဖို့ အဖေက ဆုံးဖြတ်ပြီးသားပါ၊ မချမ်းသာနိုင်တော့ရင်လဲ အဖေ့ဘဝမှာ ဘာမှထပ်ပြီးဆိုးရွားလာဖို့ မရှိတော့ဘူး၊ သမီးကျတော့..."

"ဘာဖြစ်လဲ အဖေ၊ လေရှူးကလဲ လေရှူးပဲ၊ လေရှူးနဲ့ ရှက်ကျပင်ပေါက်က ဆွေမျိုးစပ်လို့ရပါတယ်၊ လမ်းပေါ်မှာ လိမ့်နေရအုံး ဂရုမစိုက်ဘူး"

"မလိမ့်ရဘူး၊ သမီး ဟိုအိမ်လေးမှာ ပြန်နေပါ၊ ဒီပြဿနာတွေကို အဖေ ရှင်းမယ်၊ မြလှနဲ့ အဖေ ရှင်းရမယ်"

"အို... မရှင်းရဘူး၊ အဲဒါတွေရှင်းလေ လေရှူး အရှက်ကွဲလေ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်မှာ။ ဒီကိစ္စကို လုံးဝမရှင်းနဲ့တော့နော်၊ လေရူး အဲဒီအသံ ကြားတာနဲ့ ကိုယ့်ကိုယ်ကို သတ်သေမှာပဲ"

"ဟား နမြောစရာကြီးကွာ"

စိတ်ရှိလက်ရှိ ပြောလိုက်မိပြီးမှ ဘေးက ယောက်ျားသံတွေကြောင့် လေရူး ဆတ်ခနဲ လှည့်ကြည့်၏။

သူမ၏နောက်ကျောမှ တော်တော်အမူးလွန်နေပုံရသော လူတစ်ယောက်က စားပွဲကို အားပြုထရပ်ရင်း သူမကို တစ်ကိုယ်လုံး ခြုံပတ်၍ လက်ညှိုးထိုးသည်။

"ဒီလိုလန်းနေတာလေးက ဒါကြီးကိုကွာ..."

ဦးပေသီးထံသို့ လက်ညှိုးထိုး၍ ရှုံ့မဲ့ကာ...

"မင်းအဖေလောက်ကြီးကို ဘာဖြစ်လို့ ရင်ခုန်နေရတာလဲ၊ ကိုယ်တို့နဲ့ လန်းမလား"

"ဟာ ဒီကောင်တွေ... ကိုင်းကွာ"

ဦးပေသီး ဒေါသတွေ မီးပွင့်သွား၏။ ထိုလူငယ်ကို ခွမ်းခနဲ ပြေးထိုးလိုက်သည်။

"ဟိတ်လူကြီး ကြည့်စမ်း"

"ချကွာ"

လူငယ်က အဖွဲ့တောင့်သည်။ လေရူး အဖေ့ဆီပြေးထိုးလိုက်သည့် လူရွယ်တစ်ယောက်၏လက်ကို အရက်ပုလင်းနှင့် ဖြတ်ရိုက်ပစ်လိုက်၏။

"ဒုတ်"

"အား"

"တော်ပြီ တော်ပြီ"

"ဟိတ် ရပ်ကြစမ်း"

တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲတွေ ထဖြစ်ကုန်သည်။ ဆိုင်မှာ လုံခြုံ





ရေးတွေရှိနေသဖြင့် လေရူးတို့သားအဖ အဖြစ်ဆိုးရမည့်အလှည့်မှာ သူတို့ကို ဝိုင်းချုပ်ထားလိုက်ပြီးသားဖြစ်သွား၏။

"ဟင်... လေရူး"

ထွတ်ဦး ကိုင်ထားသည့်လက်ကို ဖယ်ချပစ်လိုက်ပြီး အုပ်စီး လူကြားထဲ တိုးဝင်လိုက်၏။ စိတ်ညစ်ညစ်နှင့် မျိုချထားတာတွေ လေရူးကို မြင်လိုက်တော့ ဘယ်ရောက်ကုန်မှန်းမသိ။

"ပြဿနာ ဘယ်သူက စတာလဲ၊ စတဲ့သူက အလျော်ပေးပါ၊ ပျက်စီးကုန်တာတွေ မနည်းဘူး"

ဆိုင်မန်နေဂျာက လက်သီးလက်မောင်းတန်းနေ၏။ လေရူးကလည်း မခံပေ။

"ပြဿနာ စ,တယ်ဆိုတာ ဘာလဲ၊ လက်သီးနဲ့ စထိုးတာကို ပြောတာလား၊ သားအဖမှန်းမသိ၊ ဘာမှန်းမသိ ခွေးစကားဝင်ပြောတဲ့ လူကျတော့ အပြစ်မရှိဘူးပေါ့"

"ဒါ သားအဖတွဲလာတဲ့နေရာလား၊ ထင်တဲ့လူမှာ အပြစ်မရှိဘူး"

ဟိုဘက်ကလူငယ်ကလည်း အကျယ်ကြီး ဝင်ပြော၏။

"ဘာအပြစ်မရှိတာလဲ၊ ဒါ စားသောက်ဆိုင်လား၊ ဇိမ်ခန်းလား"

အဖေ့မှာလည်း သွေးထွက်သံယိုဖြစ်တာပါပဲ။ လေရူး မိုးမိုက်ရိုင်းရိုင်း မေးချလိုက်တော့ ဆိုင်မန်နေဂျာ မျက်နှာပျက်သွား၏။ ဟုတ်သည်၊ ဒါ စားသောက်ဆိုင်ပဲ။

"ခဏ... ခဏ နေပါဦး"

အသံတစ်သံ ဝင်လာပြန်သည်။ လေရူး မျက်လုံးတွေ ရောက်သွားတော့ တစ်ယောက်ကို တွန်းဖယ်ပြီး ရှေ့ရောက်အောင်ဝင်လာသူက အုပ်စီး ဖြစ်နေ၏။

အနက်ရောင်ဆွယ်တာလက်ရှည်၊ ဘောင်းဘီအနက်နှင့် လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ပလက်တီနမ်ကြိုးပြားက တုတ်ခဲဝင်းလက်နေသည်။ သောက်ထား ပုံရသောမျက်နှာက ရောင်စုံမီးလုံး၏အရောင်နှင့် ဟပ်ကာ နီလိုက်၊ စိမ်းလိုက်ဖြစ်နေပြီး ထုံးစံအတိုင်း လူက ရုပ်ရှင်မင်းသား ရှုံးလောက်အောင် အများထဲမှာ ထင်းနေသည်။

သူက ရှေ့ကိုရောက်လာကာမှ နောက်ကို ပြန်လှည့်ကြည့်ပြီး လက်ညှိုး နှင့်ခေါ်သည်။ ထိုအခါ ထွတ်ဦးလည်း ရှေ့ထွက်လာခဲ့ရ၏။ ထွတ်ဦး အနားရောက်လာမှ သူက မန်နေဂျာကို မိတ်ဆက်၍...

"ဒီကကိစ္စအားလုံး သူ့ ရှင်းပေးပါလိမ့်မယ်၊ ဘာမှ အစအန မကျန် စေရဘူး။ အိုခေနော်"

ပြောပြီး လေရှူးလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ လေရှူး က အဖေ့ကို ပြန်ဆွဲတော့ အုပ်စီးက ထိုလက်ကိုပါ အသာလေး လှမ်း ဆွဲကာ...

"ထွတ်ဦး ဦးလေးကို ဆေးခန်းသေချာပြပေးလိုက်၊ ပြီးရင် အိမ် တိုင်ရာရောက် ပို့ပေးနော်"

"ရတယ်. ဦး ဘာမှမဖြစ်ပါဘူး"

ဦးပေသီးက လေရှူးကိုလည်း တစ်ချက်မှမကြည့်တော့ဘဲ လူတွေ ရှေ့ကနေ တိုးထွက်သွားလေသည်။ မန်နေဂျာက ပါးစပ်ပြင်လိုက်တော့ ထွဋ်ဦးက မန်နေဂျာပခုံးကို လှမ်းပုတ်ကာ...

"သူ ဘာမှမပေးနိုင်ဘူး။ ပေးနိုင်တာက ကျွန်တော်"

"ဟင်..."

"အရေးကြီးတာကို အရင်လုပ်မှပေါ့"

ထိုအခါ ဆိုင်မန်နေဂျာ၏မျက်နှာ ငွေနောက်သို့ တကောက် ကောက်ပါခဲ့လေသည်။





## အခန်း (၆၀)

"ရှင် အရက်မူးနေတယ်မဟုတ်လား"

"အင်း...၊ ကိုယ် အထဲမှာသောက်နေတာ၊ ဒါပေမယ့် အခု မမူး တော့ဘူး"

ကားမောင်းနေရင်း အုပ်စီးက မှန်ထဲကနေ ပြုံးပြသည်။ ကားမီး ရောင်အောက်မှာ အသားဖြူသော သူ့မျက်နှာက နီရဲနေ၏။ ဒါပေမယ့် မျက်ဝန်းတွေက ရီဝေလာဟန်မရှိပေ။

"တကယ်ပြောတာပါ။ အပြင်မှာ ပြဿနာတွေတက်နေကြတယ် ကြားတော့ ထွတ်ဦးနဲ့ကိုယ် ပြန်ဖို့ထပြီးနေကြပြီ၊ မင်းဖြစ်နေတာမှန်း မသိဘူး။ ဘာဖြစ်လို့ ဒီထဲရောက်နေတာလဲ"

ရှေ့ကိုကြည့်လိုက် ဒီဘက်ပြန်လှည့်လိုက်နှင့် ပြောရင်း ပြန်မေး လာတော့ လေရှူး ကိုယ့်အဖြစ်ကို ဘယ်က စပြောရမှန်းမသိ။

"အဖေ့ကို လိုက်ရှာရင်း ရောက်လာတာ"

ဒါပဲပြောလိုက်ပြီး ထပ်မမေးအောင် ဟိုဘက်လှည့်နေလိုက်၏။ အုပ်စီး ခဏတော့ တိတ်နေသည်။ တစ်အောင့်ကြာမှ...

"မပြောချင်ဘူးထင်တယ်၊ ဘာဖြစ်ကြတာလဲလို့ ထပ်မမေးတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါပေမယ့် ကိုယ့်အကြောင်းတော့ ပြောပြချင်တယ်"

လေရှူး ဒီဘက်လှည့်လာသည်။ မျက်လုံးချင်းဆုံပြီးမှ အုပ်စိုး က ရှေ့ပြန်ကြည့်ကာ...

"ကိုယ် အိမ်ကဆင်းလာတာ တစ်ပတ်ရှိသွားပြီ"

"ဟင်...."

"ဟုတ်တယ်၊ ပြောရရင်တော့ အရှည်ကြီးပဲ၊ ဒါပေမယ့် မပြောချင်ဘူး၊ တစ်ခုပဲသိချင်တယ်၊ မင်းနဲ့ကျားလေး လက်ထပ်ဖို့ရက် ဘာဖြစ်လို့ ရွှေ့လိုက်တာလဲ"

လေရှူး မျက်လွှာချပစ်ပြီး နှုတ်ခမ်းလေး တင်းခနဲတော့ဖြစ်သွား၏။ လက်ထပ်ဖို့ ရက်ရွှေ့လိုက်ရတာက ဘိုးဘိုး မကျန်းမာတော့လို့ပါ။ ဒါပေမယ့် ခု...

"ပြောလေ"

"ဘိုးဘိုး နေမကောင်းလို့"

"သြော်..."

သြော်သံက အံကြိတ် ကြိမ်းဝါးလိုက်တာနှင့်တူနေသည်။ ဒေါ်မြလှတို့ ရောက်လာသည့်အဖြစ်က ရှောင်တခင်လေးမို့ အပြင်လူ မသိနိုင်သေးတာ သေချာပါသည်။

"မနေ့က မင်းတို့ရဲ့ ဖင်မလီဒေါက်တာ ဦးစောဝင်းနဲ့ ကိုယ် တွေ့တယ်၊ ဘိုးဘိုး ကျန်းမာရေးကောင်းနေပြီတဲ့၊ ဘယ်နေ့ ပြန်သတ်မှတ်မှာလဲ"

လေရှူးရင်ထဲမှာ နင့်သွား၏။ ဘယ်သူမှမသိပေမယ့် အလွန်ရှက်ဖွယ်ကောင်းသည့် အဖြစ်တစ်ခုမှာ သူမက လူလိမ်မ။

ငိုချင်နေတဲ့သူ ပါးတိုက်ရယ်ချလိုက်သလိုမျိုး၊ ရှက်ပေမယ့် ရှက်တာကို ထပ်ပြီးဖုံးကွယ်တာကမှ ပို၍ အဖြစ်ဆိုးမှာဟု ယူဆမိသည်။





ထို့ကြောင့်...

"မင်းယောကျ်ားနဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး"

"ဘယ်လို..."

"သူနဲ့ကျွန်မ အလုပ်သဘောအားလုံး ပြီးသွားပြီ"

"မင်း... မင်း တကယ်..."

အုပ်စိုး လှုပ်လှုပ်ရှားရှားဖြစ်သွားလျက် ကားကို ချက်ချင်း ဆွဲချရပ်ပစ်လိုက်သည်။ လေရှူးက ကိုယ့်ခံစားချက်နှင့်ကိုယ်ပါ။ ဒီလူ ဒီနာမည်တွေကိုထည့်ပြောနေရတာတောင်မှ ရှက်၍ လိပ်ပြာမလုံချင်။

"ဘယ်တုန်းကမှ မဆိုင်ခဲ့ပါဘူး၊ အားလုံးက ဘိုးဘိုးကို ငဲ့ပြီး ညာခဲ့ကြတာ၊ ကျွန်မကတော့ စီးပွားရေးသက်သက်နဲ့ ဒီအသိုင်းအဝိုင်းထဲကို ဝင်ခဲ့တာ၊ ပြောရမယ်ဆိုရင် 'လိမ်ခဲ့တာပေါ့'"

"လိမ်တာဖြစ်ဖြစ်၊ ညာတာဖြစ်ဖြစ် အဲဒါ မင်းဟာ ကိုယ့်အတွက် သေချာနေလို့ပဲ လေရှူး၊ ကိုယ် ထင်ပါတယ်၊ မင်းတို့ လက်ထပ်ဖြစ်မှာ မဟုတ်ဘူးဆိုတာ၊ ဘာဖြစ်လို့လဲဆိုတော့ အနိုင်တီဇင်က ခွဲခြားတတ်တယ်၊ ကျားလေးက မာနကြီးတယ်၊ မင်းကို အထင်သေးလို့ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီလူတွေ ဦးနှောက်ပရိုဂရမ်မှာ ၎လုံးသားကို ညာလို့ရမှာမဟုတ်ဘူး"

"ရှင် သိပ်ဝမ်းသာနေလား အုပ်စိုး"

လေရှူး ဒေါသဖြစ်ရမှန်း ခုမှသိသည်။ ကိုယ်က လိမ်တာတွေကို ရှုံးလာလို့ ဖွင့်ပြောခဲ့တာ၊ သူ့ကို လမ်းဖွင့်ပေးလိုက်တာမဟုတ်။ ပြီးတော့ လူတွေရဲ့ရင်ထဲထိ သူနဲ့ဆိုင်လို့လား။

အုပ်စိုးကတော့ မျက်နှာမော့၍ပင် ရယ်လိုက်သေးသည်။ ကားကို ခပ်ဖြည်းဖြည်းပြန်လိမ့်မောင်းရင်း...

"ဝမ်းသာတာပေါ့၊ ကျားလေး ဆိုတဲ့ကောင်ကို ကိုယ်က ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ ရှုံးချင်ခဲ့တာမဟုတ်ဘူး၊ ခုလဲ သူ မင်းကို လက်လွှတ်ချင်မှာတော့ မဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ ဒါပေမယ့် အခြေအနေတွေကို သူ ပြန်ဆွဲယူဖို့ ခက်သွားပြီ၊ ဟား ဟား ဟား"

"ဟွန်း... ဘာပဲဖြစ်ဖြစ် အခု သူနဲ့ လက်မထပ်ဖြစ်လို့ ရှင် ကြံစည်နိုင်တာမဟုတ်လား"

"နီးပါ၊ အဲဒါ လုံးဝ နီးပဲ၊ မင်း မသိလို့ပါ လေရှူးရယ်၊ ဖေဖေ ချုပ်ချယ်တင်းကျပ်ထားတဲ့ကြားထဲကနေ ကိုယ် ဘာဖြစ်လို့ ဖောက်ထွက်နေခဲ့သလဲ မင်း သိလား"

သူ့အကြောင်း သူပြောနေသည့်မျက်နှာက လျှို့ဝှက်ကြံစည်မှုတွေနှင့်ဖြစ်သည်။

မမှန်ကန်၊ ကောက်ကွေ့ခြင်းတွေကို မြင်နေရ၏။ ဘေးတစောင်းလှည့်သွားသည့်မျက်နှာကို လေရှူး စိုက်ကြည့်နေမိသည်။ အုပ်စီးက နှာခေါင်းတွန့် နှုတ်ခမ်းမဲ့လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ...

"မင်းနဲ့ ကျားလေး လုံးဝ လက်ထပ်လို့မရဘူး၊ လင်းအုပ်စီး ငုတ်တုတ်မေ့ကျန်ခဲ့ပြီလို့ အားလုံး တွက်ထားတဲ့အချိန်မှာ အလဲထိုးဖို့နည်းတွေ ကိုယ့်မှာရှိတယ်၊ အဲဒါတွေ စီစဉ်ချင်လို့ ဖေဖေ့မျက်စိအောက်မှာ မနေခဲ့တာ။ ဒီမှာ လေရှူး ကိုယ့်ဘဝမှာ ပထမဆုံး စွဲလမ်းရူးသွပ်ခဲ့ရတဲ့မိန်းမကို ကိုယ့်ရင်ထဲမှာ မိတ်ဆွေလို့ ဘယ်တုန်းကမှ ဓာတ်မှတ်ခဲ့တဲ့ကောင်ကြောင့် လက်လွှတ်ဆုံးရှုံးခံလိုက်ရမယ်ဆိုရင် ကမ္ဘာမြေကြီး ဟက်တက်ကွဲသွားအောင် ရယ်ပစ်လိုက်ဦးမယ်"

ရယ်လိုက်ဦးမည်ဟုပြောသော အုပ်စီး၏မျက်နှာက နီရဲခက်ထန်နေသည်။ ယုံပါလို့ ပြောစရာမလိုဘဲ ဒါ တကယ်ပဲဆိုတာကို လက်ခံမိပြီးဖြစ်နေခဲ့၏။

မှားပြီ။ လေရှူး အုပ်စီးဘက် ခံစားချက်တွေကို ခဏလေး မေ့





သွားခဲ့မိသည်။ သူ ပြောသွားသလို သူ တကယ်ပဲ လက်လျှော့ကျန်ခဲ့ပြီဟု တွေးထားခဲ့ဖူးတာလည်းမှန်သည်။ ကြောက်စရာကောင်းသည့်လူမှန်းသိတော့ စကားတွေက လွန်ကုန်ပြီ။

"ကားရပ်တော့ လင်းအုပ်စီး"

"ဘာဖြစ်လို့လဲ"

"ရောက်ပြီ"

"ဘာ..."

အုပ်စီးက လမ်းဘေးမီးတိုင်တွေမှလွဲ၍ အားလုံးမှောင်နေသည့်ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး ပြုံးကာ...

"ဘာဖြစ်လို့လဲ၊ မင်းအိမ်ကို သိမှာစိုးလို့လား"

"ဘာဖြစ်ဖြစ် ရှင့်အလုပ်မဟုတ်ပါဘူး၊ ဘယ်ယောကျ်ားနဲ့မှ ကျွန်မ မပတ်သက်ချင်ဘူး။ ကားရပ်လိုက်စမ်းပါ"

"မရပ်နိုင်ဘူး၊ မင်းအိမ်ကို သိသွားမှာလဲစိုးမနေနဲ့ ဒီမှာ အခု မျက်လုံးမှိတ်ပြီး မောင်းသွားလို့ရတယ် နားလည်လား၊ မင်းရဲ့အိမ်ကို ကိုယ်သွားပတ်ခဲ့တာ ဘယ်နှစ်ခေါက်ရှိပြီထင်လဲ"

လေရှူး အံ့သြသွားသည်။ သူက လေရှူး၏မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီး ရယ်သည်။

"လက်လျှော့လိုက်တော့၊ မင်း ပြေးလို့မရဘူး"

ပြောပုံက ...။ လေရှူး စိတ်ပျက်ပျက်နှင့် ကူရှင်မှာပဲ မှီနေလိုက်မိလေသည်။ ဒါကိုလည်း သူက ရယ်သေးသည်။

"လိမ္မာတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၁)

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် တံခါးလာဆွဲဖွင့်သည့်မျက်နှာလေးက ပေါ်လာသည်။ နန္ဒာ့ကို သူ တစ်ချက်ပဲ မျက်လွှာပင့်ကြည့်ကာ နောက်ခန်းထဲမှာပါလာသည့် ဖိတ်စာထုပ်နှစ်ထုပ်ကို ငုံ့ယူလိုက်သည်။

"ပေး ကိုကို"

နန္ဒာက ပြေးဆင်းလာပြီး သူ့ချိုင်းကြားထဲ ညှပ်လိုက်သည့်ဖိုင်ကို ဆွဲယူလိုက်၏။

"ရတယ် နေပါစေ"

သူ ငြင်းလိုက်ပေမယ့် လက်ထဲမှာလည်း ဖိတ်စာထုပ်တွေနဲ့မို့ ဖိုင်က နန္ဒာ့လက်ထဲမှာ ပါသွားသည်။ နန္ဒာက ရှူပါမင်းရောင်ဝတ်စုံကျပ်ကျပ်လေးနှင့် မျက်နှာမှာလည်း လိမ္မော်ရောင်နှုတ်ခမ်းနီရင့်ရင့်ကို ဆိုးထားသည်။

မျက်ရစ်လေးတွေမှာလည်း လိမ္မော်ရောင်ပြောင်လျက် ချစ်စရာလေးဖြစ်နေ၏။ အင်္ကျီက ပခုံးစွန်းနားကျမှ ဖဲပွင့်ပုံချုပ်ထားကာ လည်ပင်းတစ်ဝိုက်နှင့် ရင်ဘတ်တစ်ပြင်က ရှင်းပြောင်နေသဖြင့် ရိုင်း





သလိုဖြစ်နေသော်လည်း ကလေးဆန်သလိုဖြစ်သွား၏။ သို့သော် ကလေးနှင့်မတူတာက သူမ၏ အပြုံးအရယ်နှင့် မျက်ဝန်း။

"ကိုကို ..."

ဘေးမှာ အတူကပ်ပါလာရင်း ခေါ်တော့ ကျားလေးက လှည့်ကြည့်သည်။ နန္ဒာက သူ့လက်ထဲက ဖိတ်စာထုပ်တွေကို မျက်လုံးလေးနှင့်ပြကာ ...

"အဲဒါ ဘာလဲဟင်"

"ဖိတ်စာ"

"ဖိတ်စာ ဟုတ်လား၊ ဘာအတွက် ဖိတ်စာလဲ"

"တို့ မင်္ဂလာဆောင်မယ့် ဖိတ်စာ"

"ဟင်..."

နန္ဒာ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွား၏။ အစကတည်းက သူမကို စောင့်ခေါ်နေသည်မဟုတ်သော ကျားလေး၏ခြေလှမ်းတွေက အပေါ်ထပ်သို့ တောက်လျှောက်တက်သွားခဲ့သည်။

"ကျားလေး"

လှေကားထိပ်မှာရှိနေသည့် ဒေါ်သဇင့် အခန်းတံခါး ပွင့်သွား၏။ ဒေါ်သဇင်က အပြင်ထွက်လာရင်း ဧည့်ခန်းအလယ်မှာ ဖိုင်ကိုပိုက်၍ ရပ်ကျန်ခဲ့သည့် နန္ဒာ့ဆီ ငုံ့ကြည့်လိုက်သေးသည်။

"ရှော့ပင်ထွက်ဖို့ ကောင်မလေး မင်းကိုစောင့်နေတာ"

"ကျွန်တော်မှ မအားတာ"

ကျားလေးက ဒေါ်သဇင့်ရှေ့မှာ ခဏပဲရပ်ပြီး ဆက်လျှောက်သွား၏။ ဒေါ်သဇင်က ခပ်သုတ်သုတ်လိုက်လာရင်း မမီတော့ နောက်ကနေ လက်ကိုလှမ်းဆွဲထားလိုက်ကာ...

"ကျားလေး နေဦး"



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာမှန်းလည်းသိသည်၊ ဘာပြောမယ်မှန်းလည်း သိနေပြီးသည့် ကျားလေးမျက်နှာက မှုန်ကုတ်ကုတ်ကြီးနှင့်...

"ဘာပြောမလို့လဲ အန်တီဇင်၊ ကျွန်တော် မအားသေးဘူး"

ဒေါ်သဇင်က ကျားလေးပိုက်ထားသည့် ဖိုင်စာထုပ်တွေကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး...

"မင်း မအားတာ ဒီကိစ္စတွေကြောင့်မဟုတ်လား၊ စက်ရုံကို ငါ ဖုန်းဆက်သေးတယ်၊ ကုမ္ပဏီရုံးခန်းကိုလဲ ဆက်တယ်၊ မင်း ဘယ်မှာမှမရှိဘူး"

"ကျွန်တော် သတင်းစာတိုက်ကိုသွားနေတာ"

"ဘာ... ဘာသွားလုပ်တာလဲ"

ကျားလေးက ပင့်သက်ရှိုက်လိုက်ပြီး မျက်နှာလွှဲသည်။ ပြောပြန်လျှင်လည်း မတည့်အောင်ပြောသည် ဖြစ်ဦးမည်။ မပြောဘဲနေတာလည်းမရ။ ဒေါ်သဇင့်ဘက်ကို တည့်တည့်မတ်မတ် ရင်ဆိုင်ပြန်ရပ်လိုက်သည်။ ပြီးမှ...

"မင်္ဂလာရက်ကို ရက်အကန့်အသတ်မရှိ ခေတ္တ ရွှေ့ဆိုင်းထားမယ့်အကြောင်း သတင်းစာမှာ သွားထည့်တာ"

"ကြည့်စမ်း"

ဒေါ်သဇင် ဒေါသဖြစ်သွား၏။

"ကျားလေး မင်း ...."

ကျားလေး၏လက်မောင်းကို ဒေါသနှင့် ဖိဆုပ်၍ ဆောင့်ခါလွှတ်ပစ်လိုက်ရင်း...

"ဒီမင်္ဂလာပွဲ မင်းနဲ့ ဘာမှမဆိုင်တော့ဘူး၊ လေရှူးနဲ့မင်း ဘာဆိုင်တော့လို့လဲဟင်၊ သူလဲ သိလို့ သူ့လမ်းသူသွားပြီ၊ မင်းက လူကြီးတွေကို ဘက်တိုက်တာလား"





"ဘက်တိုက်စရာလား အန်တီဇင်၊ လေရှူးနဲ့လက်ထပ်ဖို့က ပွဲမဝင်သေးတာဘဲရှိတာ၊ အားလုံး သေချာနေခဲ့ပြီးသား"

"သေချာခဲ့ပေမယ့် လက်မထပ်ရသေးခင်မှာ ပြင်ဆင်ခွင့်ရှိတယ်ဆိုတာ သူ့ကိုလဲ ပြောခဲ့ပြီးသား၊ အားလုံးက သရုပ်ဆောင်နေကြရတာပဲမဟုတ်ဘူးလား၊ အဖေ့ကျန်းမာရေးကြောင့် သူနဲ့ငါတို့ ပတ်သက်ခဲ့ရတာ၊ သူ့ကို ဒီ ဝန်ဆောင်ခအတွက် မင်း ပေးခဲ့ရတာတွေ နည်းလားဟင်"

"ဟုတ်တယ်၊ ပေးလိုက်ရတယ်၊ သူ့နောက်ကို အားလုံး ပါသွားပြီ"

ကျားလေးမျက်နှာမှာ အမိပွာယ်တွေဖြစ်လာတာကို ဒေါ်သဇင် က ရိပ်မိသည်။ မကျေမနပ်နှင့် စူးရဲစွာကြည့်နေသည့်မျက်လုံးတွေကို ကျားလေးက ဂရုမစိုက်ပါ။

အပေါ်ထပ်ဧည့်ခန်းဆီသို့ တစ်လှမ်းချင်းလှမ်းသွားပြီး ဆိုဖာမှာ ထိုင်ချလိုက်သည်။ ကိုင်ထားသည့်ဖိုင်စာထုပ်တွေကို ဘယ်မှာမှမချဘဲ ပေါင်ပေါ်မှာတင်၍ ကိုင်ထားလျက်နှင့်...

"အခု ကျွန်တော် သူ့ကို လိုက်ရှာနေတာ"

"ဘာလုပ်ဖို့လဲ"

"လက်ထပ်မလို့"

ဒေါ်သဇင့်မျက်နှာ ဖွေးခနဲဖြစ်သွားသည်။ ကျားလေးရှေ့က ဆိုဖာကြားထဲကို ဝင်လိုက်ပြီး မထိုင်ဘဲ လက်သီးနှစ်ဖက် ဆုပ်ထား၏။

"ကျားလေး..."

"ကျွန်တော့်ကို လင်းလက်နန္ဒာနဲ့ လက်ထပ်ဖို့ပြောမှာဆိုရင် မပြောဘဲနေတာ အကောင်းဆုံးပဲ အန်တီဇင်၊ ကျွန်တော် မယူနိုင်ဘူး"

"အဲဒါ မင်း မှန်နေတာ၊ အတုနဲ့အစစ် ပြဿနာ တစ်နေ့မှာ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ အားလုံး သိထားကြတယ်၊ နောက်ဆုံး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မလာတော့ဘူးလို့ဘဲ ထားလိုက်ကြရအောင်လို့ စိတ်တုံးတုံးချပြီး မင်္ဂလာပွဲကို စီစဉ်ခဲ့ရတာ၊ အဲဒီအချိန်တွေတုန်းကတော့ မင်းက ဣန္ဒြေကောင်းလှချေလား"

"ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော့်ကိုယ်ကျွန်တော်လဲ မသိဘူး၊ သူ့ကျွန်တော် မသိအောင်ထွက်သွားတာ၊ ပျောက်သွားပြီဆိုမှ မမြင်ရရင်မနေတတ်တော့တာ၊ လေရူးကို ကျွန်တော် ချစ်တယ်"

"မဖြစ်နိုင်ဘူး"

ကျားလေး ဆတ်ခနဲမော့ကြည့်၏။

"ဖြစ်နိုင်၊ မဖြစ်နိုင် တွက်ချက်ညှိနှိုင်းပြီး အချစ်ကို လိုတိုး ပိုလျှော့လုပ်လို့မရဘူး အန်တီဇင်"

"မင်း ခုမှ ဒီစကားတွေမပြောနဲ့ ကျားလေး။ မင်းပဲ ဘိုးဘိုးအတွက်ဘာဖြစ်ဖြစ် လုပ်ပေးမယ်ဆို"

ကျားလေးမျက်နှာ ငုံ့သွားသည်။ ရုတ်တရက် စကားသံလည်း တိတ်ကျသွားခဲ့၏။ နောက်မှ ခေါင်းညိတ်ကာ..

"အချစ်ဆိုတာ ဘာမှန်းမသိခဲ့တုန်းက ကျွန်တော် အပြောကြီးသွားတယ်ထင်တယ်"

ဟု အေးစက်စက် ပြော၏။

"အပြောကြီးသွားတယ်လို့ မင်း ဝန်ခံပေမယ့် ငါကတော့ ဒီတိုင်းမထားလိုက်နိုင်ဘူး၊ လက်ထပ်ဖို့ စီစဉ်တာကိုက အဖေ့ရဲ့မြေးနဲ့ဖြစ်သွားဖို့၊ မင်း သူ့ကိုပဲ လက်ထပ်ရမယ်"

"ကျွန်တော် မယူနိုင်ဘူး"

ကျားလေးက ဖိတ်စာထုပ်တွေကို ဘေးမှာတွန်းချလိုက်ပြီး မတ်တတ်ရပ်သည်။ ဒေါ်သဇင်သည် မွေးမိတာ မှားလေခြင်းဆိုသည့် ယူကျုံးမရသော မျက်ဝန်းများဖြင့် အကြာကြီး မော့ကြည့်နေပြီး အံကြိတ်သည်။





"မင်း... မင်းက ပြောရဲနေပြီပေါ့၊ ခြေရာချင်းတူတော့ တိုင်းပြီလေ၊ ဟွန်း ... 'ဝမ်းနဲ့မလွယ် သားမမယ်'တဲ့၊ သိပ်မှန်တဲ့စကားပဲ"

"အန်တီဇင် အဲဒီလိုမပြောပါနဲ့၊ ဝမ်းနဲ့လွယ်မွေးရပြီး ဖအေ့လည်ပင်းညှစ် အရက်ဖိုးတောင်းတဲ့သားတွေ အများကြီးပဲ၊ ကျွန်တော့်မှာမိဘဆိုတာ ငယ်ငယ်ကတည်းက မရှိခဲ့ဘူး၊ ကျွန်တော့်ကို ကျွေးမွေးသုတ်သင်ခဲ့တဲ့ အန်တီ့ကို မပြောနဲ့ ဘိုးဘိုးကိုလဲ ကျွန်တော် လေးစားကိုးကွယ်ခဲ့တာပဲ၊ ဒါပေမယ့် လောကမှာ လိုချင်တိုင်း ဘယ်အရာမှ မရသလို သူလိုတဲ့အချိန် လိုတဲ့ပစ္စည်းကို ကိုယ့်မှာရှိပေမယ့် ကိုယ်ပေးချင်တဲ့အချိန် ဖြစ်ချင်မှဖြစ်မှာ၊ ကိုယ်က ပေးနေပေမယ့်လဲ သူက လိုချင်မှလိုမှာ၊ ပိုဆိုးတာက အဲဒါ ပစ္စည်းမဟုတ်ဘူး၊ ဆုပ်ဖမ်းထားလို့မရတဲ့ အချစ် ဖြစ်နေတယ်။ ကျွန်တော်က အန်တီဇင်တို့၊ ဘိုးဘိုးတို့ကို မလွန်ဆန်ချင်ပေမယ့် အချစ်က သူ့ခရီးသူဆက်နေတာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်တီဇင်၊ အချစ်တစ်ခုကလွဲရင် ဘိုးဘိုးအတွက် ကျွန်တော်အားလုံးပေးပါ့မယ်"

"ဟွန်း"

ဒေါ်သဇင်က ကျကျနန မဲ့ရွဲ့ပစ်သည်။ အထင်မြင်သေး စက်ဆုပ်သည့်မျက်ဝန်းများနှင့် မျက်တောင်တွေစင်းနေအောင် ကြည့်၏။

"မင်းရဲ့စိတ်ကူးတွေက မင်းရဲ့အနာဂတ်ကို လှပအောင် ဘယ်လောက်ဖန်တီးပေးနိုင်မှာလဲ ကျားလေး၊ ငါတို့တွေအားလုံး အဖေ့အရိပ်မှာခိုလှုံနေကြတာ၊ အဖေက မကျေနပ်ဘူးဆိုရင် မင်း ဘာမှ ခံစားခွင့်ရှိမှာမဟုတ်ဘူး၊ အဲဒါကို နားလည်ရဲ့လား၊ ရသင့်သလောက်တော့ ရမှာပဲလို့တွေးပြီး ပြောရဲနေတာလား"

"ဘယ်တုန်းကမှ ကျွန်တော် မတွေးခဲ့ဘူး၊ ကိုယ့်ပစ္စည်းလို သဘောထားပြီး ကိုင်တွယ်ဦးစီးလုပ်နေတာက စက်တွေ၊ စာရင်းတွေကိုပါ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုမဟုတ်ဘူး။ ဘိုးဘိုးက မင်းနဲ့မဆိုင်တော့ဘူးလို့ ပြောတဲ့တစ်နေ့ အားလုံးကို ချထားခဲ့ပြီး ထွက်သွားရုံပဲ။ ကျွန်တော် ယောကျ်ားပဲ အန်တီဇင်၊ မရှိရင် ရှိလာအောင် လုပ်နိုင်တယ်၊ ရှိပြီးရင် ပိုရှိအောင်လုပ်လို့ ရတယ်၊ အထူးသဖြင့် မချစ်ဖူးခဲ့လို့ အချစ်ကို ပိုပြီး တန်ဖိုးထားခဲ့မိတာ။ ကျွန်တော် ချစ်တဲ့သူကို ပွေ့ပိုက်ခွင့်ရဖို့အတွက် လိုအပ်သလောက်တော့ ရင်ဆိုင်ရမှာပေါ့"

ဒေါ်သဇင် စိတ်တိုရလွန်း၍ ရှေ့ဆက်ဖို့လည်း မရှိတော့ပါ။ ကျားလေး ပြန်ထိုင်လိုက်တာကို ကြည့်ပြီး သူမ တဖြည်းဖြည်း ထိုင်ချလိုက်ကာ...

"မင်း နန္ဒာ့ကို ယူမှဖြစ်မှာ၊ အဲဒါ ငါ့ကို လိုက်လျော့ပါ၊ နောက်ထပ် သတ္တိတွေ မပြပါနဲ့တော့၊ အဖေ့ ကျန်းမာရေးကိုပဲ မင်း ငဲ့ပါ"

ခယတောင်းပန်သံနှင့် မော့ကြည့်လာသည့် မျက်ဝန်းတွေမှာ မျက်ရည်တွေ ရဝ့နေတာမြင်တော့ ကျားလေး စိတ်ပျက်လက်ပျက် မဲ့လျက် မျက်နှာလွှဲပစ်၏။

"အားလုံး အဆင်ပြေနေပြီကို ဘာဖြစ်လို့ ဘေးထွက်ချင်ရတာလဲ၊ နန္ဒာက မင်းကို လိုက်လျောနေရှာတာ"

"မလိုချင်ရင် ဘာဖြစ်ဖြစ် တန်ဖိုးမရှိဘူး အန်တီဇင်၊ နေပါဦး ဘိုးဘိုးက ကျွန်တော့်ကို နန္ဒာနဲ့ပဲ လက်ထပ်ရမယ်လို့ အခု ပြောနေပြီလား၊ ကျွန်တော် ဘိုးဘိုးနဲ့ သွားတွေ့မယ်"

"သား..."

သူ ထရပ်ဖို့ပြင်လိုက်တော့ ဒေါ်သဇင် ကမန်းကတန်း လှမ်းတား၏။ ကျားလေး အိခနဲ ပြန်ထိုင်လိုက်ကာ...

"ဘိုးဘိုး အဲဒီလို ချက်ချင်းပြောင်းလဲလို့ရမှာမဟုတ်ဘူး၊ အဲဒါ ကျွန်တော် သိတယ်။ နန္ဒာ့ကို မြေးမှန်းသိလို့ လက်ခံလိုက်ရတာက သပ်သပ်၊ လေရှူးကို မြေးမဟုတ်ပေမယ့် ချက်ချင်း ဖယ်ထုတ်ပစ်ဖို့ မလွယ်တာက





ဏ်သတ္တိ မရှိဘူး၊ အချစ်ဆိုတာလဲ ကြာရင် တခြား၊ အဲဒါ မေတ္တာရဲ့သဘေ ား၊ အနေဝေးတာ ကြာလာရင် သွေးအေး

"ဖြစ်ရလေကွာ၊ တကယ် င်ထဲမှာ ရှိနေတဲ့ မိန်းကလေးက ချစ်ချင် ဦးမလား၊ မင်း အဲလိုဖြစ်ကျန်ခဲ့

လို့ရော နည်းနည်းမှ မတွေးမိဘူးလ

ကျားလေးက မျက်မှောင်ကြုတ်လျ လှူယေမို့ အချစ်နဲ့ ပတ် သဇင်ကိုယ်တိုင်လည်း လေရှူးကို ချိုးငဲ့ပြောချင်လို့မပ ချထား လေရှူး အနေအထိုင် စည်းကမ်းရှိမှန်း သိသည်။ ရောက်လာ သည်။ ငွေစကားတွေပြောလျက် တငွေတည်းငွေပေမယ့် တကယ်ကြ က်မ နေထိုင်ပြောဆိုလာသမျှမှာ လောဘ မောဟ နည်းပါသည်။

သို့သော် မြင်နေပေမယ့် အထင်မကြီးနိုင်ဘဲဖြစ်နေသည်။ ပိုဆိုးသည်က သူ့အဖေကိုယ်တိုင် ရောက်လာပြီး အဖေ့ကို ထပ်မံ လိမ်ညာခဲ့ခြင်းပင်။ လက်ထပ်ဖြစ်ဖို့ ထစီစဉ်ဖြစ်ခဲ့တာလည်း ဒီလူကြီးကြောင့် ဖြစ်၏။ ထို့ကြောင့် လေရှူးကိုတော့ သူမနှင့် သူမဘဝကိုပါ ဘယ်လိုမှ အထင်မကြီးနိုင်ခဲ့ပေ။

"မင်း မှတ်ထား သား၊ အတုနဲ့အစစ်ဆိုတာ အပေါ်ယံကြည့်ရင် တော့ ကွာတာပဲ၊ အတုက အစစ်ထက်သာအောင် ကြိုးစားမှာပဲလေ၊ လေရှူးကို တော်နေတာတွေပဲ မင်း တွေးမနေနဲ့၊ အဖေကလဲ သူ့ကို ချစ်နေတာမဟုတ်ဘူး၊ သနားနေတာ"

ကျားလေးက ခေါင်းခါသည်။

"အဲဒါ အန်တီဇင့်အမြင်ပဲ၊ အတုအစစ်ဆိုတာ ဒြပ်ရှိပစ္စည်းတစ်ခုခုကိုပဲ ခွဲခြားလို့ရတာ၊ မေတ္တာတရားမှာ စစ်မှန်တဲ့ဂုဏ်သတ္တိတစ်ခုပဲရှိတာပါ။ သူ ပေးသမျှကို ကိုယ်က လိုလိုချင်ချင် ဖြစ်နေတာ၊ ကိုယ်ဘာပေးပေး သူက ကြည်နူးနေတာ၊ အဲဒါတွေအားလုံးမှာ ဖန်တီးလို့ရတာ ဘာမှမရှိဘူး။ လေရှူး ဒီအိမ်မှာရှိနေခဲ့တဲ့ကာလနဲ့ နန္ဒာ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုမဟုတ်ဘူး။ ဘိုးဘိုးက မင်းနဲ့မဆိုင်တော့ကို အန်တီဇင် မခံစားမိ အားလုံးကို ချထားခဲ့ပြီး ထွက်သွားရုံပဲ။ ကျွန် ဇင်၊ မရှိရင် ရှိလာအောင် လုပ်နိုင်တယ်ပ်ရူးမျက်နှာလေးကို မြင်ယောင် ရတယ်၊ အထူးသဖြင့် မချစ်ဖူးခဲ့လို့ အလိုက်ဖို့ မစွမ်းနိုင်ဘဲရှိခဲ့၏။ အိမ်မှာ ကျွန်တော် ချစ်တဲ့သူကို မွေ့ပိုက်ခဲ့လေးတွေက စာနေသည်။ နောက်ဆုံး ရင်ဆိုင်ရမှာပေါ့” ဟုခဏ စကားများတတ်တာကိုက သူမတို့မှာ လိုက်

ဒေါ်ချ၊ အကဲခတ်ရုံနှင့် အပျင်းလည်းပြေသည်၊ ကြာလာတော့လည်း ပြန်ထိုင်ငံ ဒီအမူအရာတွေက ချစ်စဖွယ်လေးတွေဖြစ်နေခဲ့ရ၏။ ကျားလေး

“ဒေါ်သဇင် ငေးငိုင်သွားတာကို ကြည့်၍...

“အားလုံးကို သိလျက်နဲ့ မသိချင်လို့ထားလိုက်တာမျိုးဆိုရင်လဲ ရှိပါစေတော့။ ကျွန်တော်ကတော့ မလိုချင်တာကို မယူဘူး လိုချင် တာကိုလဲ ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါ ဘယ်လူကြီးကိုမှ မထီလေးစား အတိုက်အခံပြုတာမျိုးမဟုတ်ဘူး။ ကိုယ်လိုချင်တာကိုပ တန်ဖိုးထား တတ်တဲ့ ကျွန်တော့်အကျင့်ပါ။ ဘိုးဘိုးကို ကျွန်တော် တတ်နိုင်သမျှ စိတ်ချမ်းသာ ကိုယ်ကျန်းမာအောင် ဂရုစိုက်ခဲ့တယ်၊ တာဝန်ကျေပြီ လို့ မယူဆပေမယ့် ဘိုးဘိုးကျေနပ်မှာပါ။ အခု ဘိုးဘိုးရဲ့ အလိုအပ် ဆုံးက ဘိုးဘိုးဘေးမှာ ရောက်လာပြီ၊ ကျွန်တော် လိုအပ်တာကို ရှာဖွေ ခွင့်ပြုပါ”

“သားရယ်...”

ဘယ်လိုမှ မတတ်နိုင်တော့မှန်းသိတော့လည်း ဒေါ်သဇင် မျက်ရည် ဝဲလျက် ချော့မော့ပြောဖို့ပဲ ရှိပါတော့သည်။

“ဘိုးဘိုးအတွက် မင်း တာဝန်ကျေခဲ့တယ်လို့ ထင်ရင်လဲ ထား လိုက်ပါ။ ဒါပေမယ့် သားရယ် ချစ်တဲ့စိတ်ဆိုတာ သူ့ရဲ့ဂုဏ်သိက္ခာ တွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်နေရင် ပိုပိုပြီး ခမ်းနားကြီးကျယ်နေ





မှာပါပဲ၊ ဒါပေမယ့် မပြယ်တဲ့ ဂုဏ်သတ္တိ မရှိဘူး။ အချစ်ဆိုတာလဲ ကြာရင် မေ့သွားနိုင်တာပဲ မဟုတ်ဘူးလား၊ အနေဝေးတာ ကြာလာရင် သွေးအေး မယ်၊ ဟိုကိုမမြင်ရဘဲ ကိုယ့်ရင်ခွင်ထဲမှာ ရှိနေတဲ့ မိန်းကလေးက ချစ်ချင် ယုယဖွယ်ဖြစ်လာရင်...”

“ဖြစ်ဖို့မရှိပါဘူး”

ကျားလေးက ဖွတ်ခေါင်းခါသည်။ လူကြီးနဲ့ လူငယ်မို့ အချစ်နဲ့ ပတ် သက်ပြီး ဆက်လက်၍လည်း မဆွေးနွေးချင်တော့ပေ။ စောစောက ချထား လိုက်သည့် ဖိတ်စာထုပ်ကို ပြန်ကောက်လိုက်ပြီး အိတ်ကိုဖွင့်သည်။

ဆောင်းလေရူး ဆိုသည့်နာမည်လေးကို စိုက်ကြည့်ရင်း လက်မ နှင့် တယုတယလေး တို့ထိပွတ်သပ်လိုက်မိ၏။ ဒီနေရာလေးမှာ နောက် ထပ် ဘယ်မိန်းကလေးတစ်ယောက်၏နာမည်ကိုမှ အစားမထိုးနိုင် သော ကိုယ့်နှလုံးသားက စမ်းသပ်ခံနိုင်နေပြီဖြစ်သည်။ သူ့ကိုစိုက်ကြည့် နေသည့် ဒေါ်သဇင့်ထံသို့ မျက်နှာ ဖျတ်ခနဲ မော့ကာ ...

“ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်တီဇင်၊ အန်တီဇင့် စေတနာကို နားမလည်တာမဟုတ်ပါဘူး၊ ဒါပေမယ့် ချစ်နေတဲ့စိတ်ကအခိုင်အမာ ဖြစ်နေပြီးပြီ။ နောက်တစ်ခုက လေရူးရဲ့ဘဝလေးက ကြမ်းတယ်၊ သူ့ဘဝကို ကျွန်တော့်အရိပ်နဲ့ လုံခြုံမှုပေးချင်တယ်”

“သူကကော မင်းကို ချစ်တယ်တဲ့လား”

“မပြောခဲ့ပါဘူး၊ ကျွန်တော်တို့ အဲဒီလောက်ထိ မရင်းနှီးခဲ့သေးဘူး၊ ဒါပေမယ့် နှလုံးသားချင်းတော့ နီးခဲ့တယ်လေ၊ ကျွန်တော်ကိုယ်တိုင် မရိုးမသားစကားတွေပြောခဲ့ပြီးမှ ဖိတ်စာပေါ်မှာလည်း တင်ထားပြီးတဲ့အဖြစ် ကို ဘယ်လိုမှ အလွယ်တကူ ဖျက်မချနိုင်ဘူး၊ ယောကျ်ားတစ်ယောက် အနေနဲ့ ခိုင်မာချင်တယ်၊ ကိုယ်တိုင် မြတ်နိုးမိတဲ့မိန်းကလေးမို့လို့လဲ တခြား အစားထိုးဖို့ မလွယ်တော့ဘူး။ နန္ဒာက ကျွန်တော်နဲ့ လက်မထပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်လဲ ဘိုးဘိုးရဲ့ဘေးမှာ ရွှေငွေစည်းစိမ် အပြည့်နဲ့ ရှိနေရမယ့်သူ၊ ကျွန်တော့်ကို နားလည်ပေးပါ"

သူ ထရပ်လိုက်တော့ ဒေါ်သဇင်က စိတ်ပျက်အားလျော့သည့်မျက်နှာနှင့် လိုက်မော့ကြည့်သည်။ ပြီးတော့ သူမပါ လိုက်ထရပ်၍...

"လုပ်ပါ၊ မင်းစိတ်ကြိုက်ပဲ ဆုံးဖြတ်ပါ၊ ဒါ ငါ စိတ်ဆိုးပြီးပြောတာမဟုတ်ဘူး၊ ဒါပေမယ့် အဖေ့ကိုတော့ ဘာမှသွားမပြောပါနဲ့၊ ခုချိန်ထိ အဖေ့ပါးစပ်ကနေ ဘယ်သူက ဘယ်လိုဆိုတဲ့စကား ဘာမှ ပြောမလာသေးဘူး"

ကျားလေးက ခေါင်းညိတ်၍ အပိုင်သိနေပြီးသည့်ကိစ္စတစ်ခုလိုနှုတ်ခမ်းတစ်ချက်ဖိ၍ မဲ့လိုက်ပြီးမှ...

"ဟုတ်တယ် အန်တီဇင်၊ ဘိုးဘိုး တကယ်တော့ တစ်ခုခုကို ကျိတ်တွေးနေတာ၊ နန္ဒာ့ကို မြေးဆိုပြီး လက်ခံထားပေမယ့် လှိုက်လှိုက်လှဲလှဲ မရှိခဲ့ဘူး၊ လေရူး ဟန်ဆောင်ခဲ့မှန်း သိနေတာကိုလဲ ခွင့်လွှတ်နေခဲ့တယ်၊ ကျွန်တော် ဘိုးဘိုး ဆုံးဖြတ်တာကို နားထောင်ဦးမှာပါ၊ ဘိုးဘိုးစကားကို နားထောင်ပြီးမှ ကျွန်တော့်ဆန္ဒကို ပြောပြမှာ"

သူ ကျောခိုင်းလိုက်သည်။ ဆုံးဖြတ်ချက်တော့ ရှိပြီးသားပါ။ ဒါပေမယ့် အဆုံးသတ်နှစ်ပါးသွားလာဖို့က မဖြစ်နိုင်သေး။ ဇနီးစွဲမပါသေးသည့် ဖိတ်စာထုပ်တွေကို ပိုက်ထားရင်း သူ့မှာ သတို့သမီးပျောက်ကို ရှာရဦးမည်။

မင်း မကြောက်တတ်ဘဲနဲ့ လေရူးရယ် ... ဘာဖြစ်လို့ ထွက်ပြေးသွားရတာလဲ။





အခန်း (၆၂)

"ဗျာ... မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

အိမ်ကလေးကိုကြည့်၍ သူ တော်တော်နှင့် ကားပေါ် ပြန်မတက်ဖြစ်ခဲ့ပေ။ ခံလိုက်တော့ ကျားလေး၊ အဲဒါ မင်းအပြစ်နဲ့ မင်းပဲ။

လေရူးနဲ့ ရက်လများစွာ အတူနေခဲ့ကြပြီး လေရူး ဘယ်ကလာမှန်းမသိ၊ ဘယ်မှာနေမှန်းမသိ၊ လေရူးနဲ့ပတ်သက်သမျှ တော်တော်များများမှာ သူ ဂရုမစိုက်စွာ၊ အမှတ်တမဲ့ နေခဲ့တာတွေချည်းပင်။

ခြံကျယ်ကျယ်ထဲမှာ တစ်ထပ်ပျဉ်ထောင်အိမ်လေး သပ်သပ်ရပ်ရပ်နှင့် နောက်မှာလည်း အိမ်လေးတစ်လုံးရှိသေးသည်။

ရှေ့မှာ တံခါးပိတ်ထားတော့ နောက်ကအိမ်လေးကိုပဲ သူ သွားမေးရသည်။ အမျိုးသမီးကြီးတစ်ယောက်က ပျာပျာသလဲ ဖြေခဲ့ပါသည်။ ဒါပေမယ့် သူ မလိုချင်သည့်အဖြေ။

"မနောမြတ်စံအိမ် ဆိုတာကလားဟင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က..."

သူနဲ့လက်ထပ်မယ့်သူပါဟု ပြောလိုက်ဖို့ပေမယ့် လေရူး ဘယ်လိုပြောထားမှန်းမသိသောကြောင့် ရည်ရွယ်ချက်ကို ပြင်လိုက်ရသည်။

"ကျွန်တော်က မင်းယောကျ်ားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပဲ ပြောလိုက်တော့ အမျိုးသမီးကြီးက မျက်လုံးတွေ ပိုရှုံ့ပြုံး သွားသလိုဖြစ်ခဲ့၏။

"သြော်..."

သြော်သံကြီးက ရှည်လျားစွာဖြစ်ခဲ့ပြီးမှ လေရှူး မရှိတော့ကြောင်း ကို ပြောပြသည်။

"သူ အဲဒီကနေ ပြန်လာပြီး ဒီမှာ တစ်ညပဲအိပ်တာ"

ကားနားထိ အမျိုးသမီးကြီးက ပါလာပြီး သေချာပြောပြ၏။

"အသားဖြူဖြူ ခပ်ချောချောကောင်လေးတစ်ယောက်လဲ လာတယ်၊ ဒါပေမယ့် သူက လေရှူး ဒီပြန်ရောက်မလာခင်ကတည်းက ခဏ ခဏ လာဖူးတာ၊ လေရှူးနဲ့လဲ ခင်ခင်မင်မင်ပါပဲ၊ ဒါပေမယ့် သူလဲ မသိဘူးထင်တယ်၊ လေရှူး ထွက်သွားတဲ့နေ့က ရောက်လာသေးတယ်"

အုပ်စိုးပဲဆိုတာ သူ သိလိုက်သည်။ လေရှူးနဲ့အုပ်စိုး ဘယ်လောက် ထိ ရင်းနှီးနေကြပြီလဲ။ အထင်မြင်သေးတာမဟုတ်ပေမယ့် သူနဲ့ ဘာမှ မဟုတ်တော့သည့်နောက်မှာ လေရှူး အရှုံ့တိုက်သွားမလားဟုတွေး တွေးပူသွားမိသည်။ ဒါမှမဟုတ် အုပ်စိုး ချောင်ပိတ်ဖြားယောင်းနေလျှင် လေရှူး ဘယ်လိုဆုံးဖြတ်ပစ်လိုက်မလဲဟု စိတ်က ယောက်ယက်ခတ်လာ၏။

"ကျွန်တော် တစ်ခုလောက်မေးပါရစေဗျာ၊ ဟို … ဦးပေသီးရော၊ လေရှူးရဲ့အဖေလေ၊ သူ ဘယ်မှာရှိတယ်ဆိုတာ သိရင်ပြောပြပါလား"

အမျိုးသမီးကြီးက စဉ်းစားကြည့်လိုက်ပုံနှင့် မျက်မှောင်ကြုတ် သွား၏။ ဒါပေမယ့် ခေါင်းခါပြကာ...

"မသိပါဘူးကွယ်၊ ဆရာက အိမ်သိပ်မကပ်တာ ဟိုတုန်းကတည်း ကပဲ၊ သူ အိမ်မကပ်တတ်လို့ အဒေါ်တို့ကို ခုလို နေခွင့်ပေးခဲ့တာလေ၊ သွေးသားမတော်ကြပေမယ့် ခင်မင်နေကြပြီး လေရှူးကိုလဲ စောင့် ရှောက်ပေးပါလို့ တစ်ခါတည်းအပ်တယ်၊ လေရှူးလေးက အဒေါ်တို့





မျက်စိအောက်မှာပဲ ကြီးပြင်းခဲ့တဲ့ကလေးပါ"

"သြော်..."

လေရှူးဘဝလေးကို ပိုရှုံ့သနားသွားမိသည်။ အဖေတစ်ခု သမီး တစ်ခုဆိုပေမယ့် ဒီအဖေကလည်း ကြင်ကြင်နာနာမရှိခဲ့ရှာ။ မိဘမဲ့တာ ချင်းတူသော်လည်း သူကတော့ ယောကျ်ားလေးဖြစ်သည်။ ပြီးတော့ ငယ်ငယ်ကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရတယ်လို့ မရှိခဲ့ပေ။

"အဲဒီလို လေရှူးနဲ့ရင်းနှီးတယ်ဆိုရင် သူ ဘယ်ကိုသွားတယ် ဆို တာ ပြောမသွားဘူးလားဟင်၊ သူ့အဖေကိုရှာတွေ့ရင်ရော သူ့ အဖေက လေရှူးရှိတဲ့နေရာကို သိပါ့မလား"

သူ ထပ်မေးတာကိုလည်း အမျိုးသမီးကြီးက စဉ်းစားရင်းခေါင်းခါလေသည်။

"အမြဲတမ်း သူတို့သားအဖနဲ့ပတ်သက်ပြီး မသိတာ မရှိခဲ့ပေမယ့် အခု မသိတာကတော့ အမှန်ပါ၊ မနောမြတ်မှာ ဖလေရှူး ပြသ နာနည်း နည်းရှိခဲ့တယ်ထင်တယ်"

ပြောရင်း ကျားလေးကို အကဲခတ်သည်။ ဘာမှမပြောတော့မှ သူမ ပဲ ဆက်ပြော၍...

"အဲဒီက ပြန်ရောက်လာမှ သူတို့သားအဖလဲ အဆင်မပြေကြဘူး၊ အိမ်ကို နှစ်ယောက်ပြိုင်တူမလာဘဲ တစ်ယောက်မရှိမှ တစ်ယောက် လာတယ်၊ မျက်နှာတွေ မကောင်းကြပေမယ့် ဘာမှလဲ မပြောဘူးကွယ့်၊ တစ်ခုတော့ရှိတယ်၊ ဆရာ ရှိနိုင်တဲ့နေရာလေ..."

"ဟုတ်ကဲ့ ပြောပါ၊ ဘယ်နေရာဖြစ်ဖြစ် ကျွန်တော် တွေ့အောင် ရှာပါ့မယ်"

"သူ 'နတ်သမီးကလပ်'မှာ ရှိတတ်တယ်၊ ပြီးတော့ ညနေခင်း ကလေးမှာ..."

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၃)

ကားမောင်းနေရင်း ဖုန်းပြောတာ အန္တရာယ်ရှိပေမယ့် သူ စိတ်စောနေသဖြင့် ဖုန်းကိုင်လိုက်သည်။ သူ မခေါ်ရသေးမီမှာပဲ ဖုန်းဝင်လာ၏။

"မောင်မောင်လား၊ ဘယ်လိုလဲ"

"လွယ်အိတ်နဲ့ ကွမ်းစားတဲ့ပါးစပ်နီနီနဲ့ မျက်နှာပြည့်ပြည့်နဲ့"

"ဟိုတ်ကောင်း မြန်မြန်ပြော"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်က မမြင်ဖူးတော့ ဆရာပြောတဲ့ ပုံစံကို ရှာနေရလို့ပါ။ အဲဒီပုံစံ ဟုတ်တယ်မို့လား"

"ဟုတ်တယ်၊ အခု ရောက်နေပြီလား"

"ရောက်နေပြီ၊ ခုပဲ ဝင်လာတာ ဆရာ"

"ဟုတ်ပြီ၊ ငါ လာနေပြီ"

သူ ဖုန်းပိတ်ထားလိုက်သည်။ ဒီအချိန်မှာ နောက်ထပ် အလုပ်ရှုပ်စရာ ထပ်ပေါ်လာလို့မဖြစ်။ ဦးပေသီးနှင့်တွေ့ဖို့ အရေးကြီးနေသည်။ လေရှူး ဘယ်မှာရှိနေတယ်ဆိုတာ သူ့အဖေပဲ သိမှာဖြစ်၏။





မမြင်ရမှ မြင်ချင်လာသည်။ မတွေ့ရလေ လွမ်းလေ၊ ရန်ဖြစ်ချင်တယ် လေရှူးရယ်။ မင်း နှုတ်ခမ်းလေးတွေကို ဒီတစ်ခါမြင်ရင် ကိုယ် ဒေါသဖြစ်နိုင်တော့မှာမဟုတ်ဘူး။

လေရှူးမျက်နှာလေးကို မြင်ယောင်လာတာနဲ့တင် ရင်ခုန်သံတွေ မြန်လာခဲ့သည်။ အချစ်မှာ မတူတန်ဘူးဆိုတာ မရှိ။ လေရှူးဘဝ ဘယ်လောက်ပဲနိမ့်ကျနေပါစေ ကိုယ့်ရဲ့စောင့်ရှောက်မှုအောက်မှာပင် တင့်တယ်လာရမည်။ အုပ်စီးနဲ့သူမ ရင်းနှီးနေတဲ့အဆင့်ဟာ ဘယ်အခြေအနေပဲ ဖြစ်ဖြစ် ကိုယ်နဲ့ လက်ထပ်ဖို့ သေချာနေပြီးသည့် ဖနီးလောင်းအဖြစ် သူ သိမ်းပိုက်ရမှာပင်။

လေရှူး၏ ကိုယ်ကျင့်တရားကို သူ အထင်ကြီးခဲ့သည်။ ခုလည်း ယုံကြည်နေခဲ့၏။ ဒီကနေ ဟိုရောက်သွားတာနဲ့ပဲ အုပ်စီး၏ ဖြားယောင်းမှုအောက်ကို အလွယ်တကူ ပါသွားနိုင်မယ့်မိန်းကလေး မဟုတ်နိုင်ပါ။

စိတ်က လေရှူးကိုပဲ သတိတရဖြစ်နေမိရင်း 'နတ်သမီးကလပ်' ရှိသည့် လမ်းဘက်ကို ကွေ့ဝင်လာခဲ့၏။ ထိုစဉ် ကလပ်ထဲကနေ ထွက်လာသည့် ဦးပေသီးကို အဝေးကနေလှမ်းမြင်လိုက်ရလေသည်။

သူ အံ့သြရင်း စိုးရိမ်သွားမိသည်။ မောင်မောင့်ကို သူ ဖုန်းဆက်ပြီး နတ်သမီးကလပ်မှာ စောင့်ကြည့်ခိုင်းခဲ့သည်။ သူကတော့ ညနေခင်းကဖေးကို သွားခဲ့၏။ ညနေလေးနာရီမထိုးမီကတည်းကနေ ငါးနာရီခွဲကာမှ သူ ထဖြစ်ခဲ့သည်။

ဦးပေသီးကိုမြင်တာနှင့် ဖုန်းဆက်ဖို့ပြောထားသည့် မောင်မောင့်ဆီက အကြောင်းကြားချက်ကိုလည်း မစောင့်နိုင်ဘဲ ခဏခဏ ဖုန်းဆက်မေးခဲ့သည်။ သူ ညနေခင်းက ထလာခဲ့တော့မှ ဦးပေသီး ဝင်လာပြီဆိုသည့်အကြောင်း မောင်မောင် ဖုန်းဆက်ခဲ့တာဖြစ်၏။

ခု ဘာဖြစ်လို့ ချက်ချင်းကြီး ထွက်လာတာလဲ ။ ဖုန်းဆက်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အခုအချိန် ဘာမှ ကြာသေးတာမဟုတ်ပေ။ တွေးလိုက်မိတာကို ဘေးဖယ်ထားကာ ဦးပေသီးနောက်ကိုပဲ ဆက်လိုက်ဖို့ပြင်ရ၏။

ဦးပေသီးက လွယ်အိတ်တစ်လုံးကို ပခုံးမှာချိတ်လျက် ပလက်ဖောင်းပေါ်မှာ ခေါင်းငိုက်စိုက်နှင့် သွားနေ၏။ သူက ဒီဘက်လမ်းမှာမို့ လှမ်းခေါ်ရလည်းအခက်၊ ပြန်ကွေ့နေလျှင် ဦးပေသီး ကားတစ်စီး လှမ်းတားပြီး ပါသွားလျှင် ခက်ဦးမှာမို့ ကြည့်နေမိဆဲ...

"ဟာ..."

"ကျွိ"

"ဒုန်း"

ကားလမ်းမကြီးပေါ်မှာ ခဏအတွင်းမှာ ကြောက်မက်ဖွယ် ဆူညံသွားရလေသည်။ သူ ဘယ်လိုမှမယုံနိုင်။ ကံကြမ္မာဟာ ဒီလောက်ထိ ရက်ရက်စက်စက် သူ့ရှေ့မှာ ဆုံးဖြတ်ပေးသွားမည်ဟု မြင်နေရတာကိုပဲ မယုံနိုင်သေးပေ။

"ဦးပေသီး"

သူ ကားကို လှမ်းဘေး ချရပ်ခဲ့ပြီး ဦးပေသီး လွင့်ထွက်သွားသည့် လမ်းဘက်ကို ပြေးကူးလာခဲ့၏။ အနီရောင်အစင်းကျားလွယ်အိတ်လေးက အဝေးလှမ်းလှမ်းမှာ လွင့်ကျနေ၏။

"ခဏ ခဏ ဖယ်ပါဗျာ၊ ဒါ ကျွန်တော့်ဦးလေးပါ"

သူ လွယ်အိတ်ကို ပြေးကောက်ပြီး လူရှုတွေကိုပြောရင်း တိုးဝင်လိုက်၏။ တိုက်မိသည့်ကားသမားနှင့် ဘေးလူတွေ ပျာယာခတ်နေကြဆဲမှာ သူ ဦးပေသီးကို ပွေ့ယူလိုက်၏။

ဦးပေသီး၏ နှုတ်ခမ်းမှ သွေးတစ်ပွက် ထွက်ကျလာသည်ကို ထိတ်ခနဲ ဖြစ်လျက် ကားဆီ ပြေးခဲ့မိသည်။ ဘာမှမဖြစ်ပါစေနဲ့။

♡ ♡ ♡





## အခန်း (၆၄)

မျှော်လင့်ချက်နည်းပေမယ့် ဒီနည်းပဲရှိတာမို့ လေရှူးကို အကြောင်းကြားဖို့အတွက် လေရှူးတို့နောက်ဖေးအိမ်လေးထဲက ဒေါ်နုရီကိုပဲ ဦးပေသီး အက်ဆီးဒင့်ဖြစ်သည့်ကိစ္စ အကြောင်းကြားလိုက်ရသည်။

"လူနာရှင် ဝင်လို့ရပါပြီ"

သူ ကမန်းကတန်း ပြေးဝင်သွားတော့ ဦးပေသီး အခြေအနေ မကောင်းပေ။

"လူနာကို လိုအပ်တာအားလုံး လုပ်ပေးပါဗျာ၊ သူ့အတွက် ကျွန်တော် အားလုံး တာဝန်ယူပါတယ်၊ လိုအပ်တာမှန်သမျှ ပြောပါ"

ကားပေါ်ကနေ အရေးပေါ်လူနာဌာနသို့ ပြေးခဲ့ရသည့်တောက်လျှောက်မှာ သူ ဆရာဝန်တွေကို ဒီစကားကိုပဲ တတွတ်တွတ် ပြောခဲ့သည်။ ဆုတောင်းလိုက်ရတာလည်း အမော‌ပါ။

ဒါပေမယ့် ဦးပေသီး၏ ဒဏ်ရာက အတွင်းကြေဖြစ်သွားခဲ့၏။ ဆရာဝန်နှင့် သူနာပြုဆရာမတွေအားလုံးလည်း စိတ်မကောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများနှင့် မျက်နှာလွှဲသွားကြသည်။

"ဦးလေး..."

သူ ဦးပေသီးလက်မောင်းကို မထိရက်ထိရက်နှင့် သာသာလေး ကိုင်သည်။

"ဦး... ဦးလေး..."

ဦးပေသီး၏ မျက်တောင်များတွေ တလှုပ်လှုပ်ဖြစ်လာ၏။ ပြီးတော့ မျက်ခွံတွေ နှေးကွေးလေးလံစွာ ဖွင့်ဖို့ကြိုးစားလာသည်။ နှုတ်ခမ်းမှ တစိမ့်စိမ့်ယိုဆင်းနေသည့် သွေးစတွေက လည်တိုင် နောက်ကျောမှာ မြင်မကောင်းတော့ပေ။

"ဦးလေး ကျွန်တော်က မင်းယောကျ်ားပါ၊ လေရှူးနဲ့ လက်ထပ်ဖို့စီစဉ်ထားတဲ့ 'မနောမြတ်'စံအိမ်က၊ ကျွန်တော် လေရှူးကို လိုက်ရှာရင်းနဲ့ ဦးလေး ခုလိုဖြစ်တာနဲ့ တိုးမိတာ"

ဦးပေသီး၏ မျက်ဝန်းတွေက သူ့အသံကြားသည့်ဆီသို့ ရွေ့လျားလာသည်။ မြင်ပုံလည်း မရတော့ပေ။

"လေရှူးကို မှာပေးချင်ပေမယ့် သူ ဘယ်မှာမှန်းမသိတော့ အိမ်ကိုပဲ လှမ်းအကြောင်းကြားထားရတယ်။ ဦးလေး စိတ်အေးအေးနေပါ။ ပြောစရာရှိတာတွေ နောက်မှပြော၊ သူ ရောက်လာမှာပါ"

ဦးပေသီး ခေါင်းခါချင်နေပုံပေါ်သည်။ ခေါင်းခါခြင်းသို့ မရောက်သော်လည်း မျက်လုံးတွေမှိတ်ကျသွား၏။ ပြီးမှ ခပ်ဖြည်းဖြည်း ပြန်ပွင့်လာကာ...

"လေ... လေရှူး..."

"ဗျာ ဟုတ်ကဲ့၊ လေရှူးကို မှာထားပါတယ်၊ သူ မကြာခင် ရောက်လာမှာပါ"

မျက်စိကို ရှေ့သို့ပိုတိုးကာ ပြောသံကိုကြားအောင် နားစိုက်ရ





သည်။ ဦးပေသီး နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်နေပြီး လေသံက ထွက်လာလိုက်၊ ပျောက်သွားလိုက်။

"သူ... သူ ဘယ်မှာမှန်း ငါ..မ...သိ...ဘူး၊ မသိစေ...နဲ့ မ...မခေါ်ပါနဲ့... ငါ့သမီး... သမီးလေးက... သိပ်ကို သနားစရာ.. ကောင်း..."

ဦးပေသီး ပြောချင်တာတွေနှင့် ဝေဒနာက မမျှဘူးဖြစ်နေခဲ့၏။ အများကြီးပြောနေပြီးမှ နည်းနည်းပဲထွက်သည်။

"လေရှူး... လေရှူးက အတု မဟုတ်...ဘူး၊ အဲ...ဒါကို ယုံပါ.. ထွန်း... ထွန်းလုံ..."

"ဟင်..."

ဦးပေသီး ကော့ခနဲတစ်ချက်တွန့်သွား၏။ ပြီးတော့ ဖြည်းဖြည်းချင်း ပျော့ကျသွားကာ မှေးစင်းဖွင့်ထားသည့်မျက်လုံးတွေ မှိတ်ကျသွား၏။ နှုတ်ခမ်းထောင့်မှ သွေးတွေ ပွက်ခနဲ အန်ကျလာခြင်းသည် နောက်ဆုံးလှုပ်ရှားမှုသာဖြစ်၏။

"ဦးလေး..."

ကိုယ်နဲ့ ဘာမှမတော်စပ်သော်လည်း မျက်စိရှေ့မှာ အစအဆုံးဖြစ်ပျက်သွားခဲ့တာမို့ ရင်ထဲမှာ နင့်သွားမိသည်။ ထွက်ခွာသွားခဲ့သူနှင့် ကျန်ရစ်ခဲ့ရသူမှာ ကျန်ရစ်သူကသာ သနားစရာကောင်းသည်ဆိုလျှင် လေရှူးကို သူ ဘယ်လိုပြောရမလဲ၊ သူမ ဘယ်လိုနေရှာမည်လဲ။

ဦးပေသီး ဆုံးသွားခဲ့ပြီး ဆေးရုံကနေပဲ သင်္ဂြိုဟ်ဖို့ကိစ္စအတွက် သူ စီစဉ်ရသည်။ အိမ်မပြန်နိုင်သေးသည့်အကြောင်းကိုတော့ ဖုန်းဆက်ထားခဲ့သည်။

"ဘာ ဦးပေသီး ဟုတ်လား၊ ဦးပေသီး သေသွားပြီလို့ ပြောလိုက်တာလား"

အိမ်မှာ ဘယ်သူမှမရှိကြဘူးလား၊ ဖုန်းလာကိုင်တာက ဒေါ်မြလှ၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီဖင့်ကို ပြောပေးပါလို့ခိုင်းတာကို ပြုံးတူးပြတဲပုံနှင့် မေးနေတာ အလိုက်ကမ်းဆိုးမသိ။

သူ ဘာမှသေချာမပြောတော့ဘဲ ဖုန်းပြန်ပိတ်လိုက်ပြီး တက် ခေါက်မိ၏။ ဒီမိန်းမကြီးကို မြင်လိုက်ကတည်းက စိတ်ထဲမှာ ဘဝင် မကျခဲ့တာ။

ဦးပေသီး၏ အသုဘကိစ္စမှာပဲ သူ လုံးပမ်းရင်း လေရှုးကိုလည်း မေ့ပ်မိ၏။ တကယ်တမ်း လေရှုးရောက်လာတော့ အသုဘချလိုက်ပြီး အလောင်းကို မီးသဂြိုဟ်စက်ထဲ ထည့်လိုက်ကာမှ...

"နေပါဦး၊ အဖေ... အဖေ့ကို မထည့်ပါနဲ့"

လေရှုးအသံလေး စူးခနဲဝင်လာသည်။ အနားမှာ ဝိုင်းကူပေးနေ ကြသည့်လူတွေ နောက်ကိုလှည့်ကြည့်ကြ၏။ အသုဘရှင်အဖြစ် သူ ပဲရှိနေခဲ့ရသည့် ကျားလေးကတော့ လေရှုးနှင့်အတူ ပါလာသည့် အုပ်စီး ထံသို့ပါ အကြည့်ရောက်သွားခဲ့သည်။

"အဖေ..."

လေရှုး အော်လိုက်ပေမယ့် မီးသဂြိုဟ်စက် အလုပ်သမား၏ နား ထဲသို့ မပေါက်ခဲ့ပေ။ အလောင်းသွင်းပြီး ဂျိမ်းခနဲပိတ်လိုက်သံကြီး ထွက် ပေါ်လာခဲ့၏။

"ဟင်... ခဏ"

ကျားလေး ဒီအသံကြားမှ ပြန်လှည့်တော့ မမီတော့ပေ။ သူ လေရှုး၏အသံဆီကို လှမ်းကြည့်လိုက်တုန်းမှာ ဆွဲသွင်းသွားတာမို့ ဘာမှမတတ်နိုင်။

"အဖေ"

လေရှုး လူကြားထဲကိုဝင်ပြီး တံခါးကိုပြေးထုသည်။

"လေရှုး..."





"ဖယ် ရှင်ဖယ်ပေး၊ အဖေ့ကို လေရှုး ကြည့်ပါရစေ၊ ခဏ ပြန် ပေးပါ... ပြန်ပေးပါ"

"မရတော့ဘူး၊ မင်းစိတ်ကို နည်းနည်းလျှော့လိုက်ပါ လေရှုး"

"ဟင့်အင်း ဖယ်"

လေရှုး ခုမှ တကယ့်အရှုးနဲ့တူနေတာဖြစ်သည်။ သဂြိုဟ်စက်၏ တံခါးရှေ့မှာ အော်ဟစ်ခုန်ပေါက်နေသည်။ မျက်နှာတစ်ပြင်လုံး နီရဲ ကာ မျက်ရည်မကျဘဲ မျက်လုံးလေးတွေ ပြူးကျယ်လျက် ဖိတ်ဖိတ် လက်လက်ဖြစ်နေကြ၏။

"ထူးမှမထူးတော့တာ"

"အေးလေ၊ ဘာတော်လဲမသိဘူး၊ ခုနကတော့ အသုဘက ငိုမယ့် သူတောင်မရှိဘူး"

"အဖေခေါ်နေတာဆိုတော့ သူ့အဖေနေမှာပေါ့၊ ဖအေသေတာ ကို ခုမှ လာရတယ်လို့"

ပတ်ဝန်းကျင်၏ ဆူညံသံတွေထဲမှာ ဝေဖန်သံတွေကလည်း ကျယ် ကျယ်တချို့ထွက်လာ၏။ လေရှုး ဘယ်လိုမှ မျိုသိပ်အောင့်အည်း မနေနိုင်တော့ပေ။ အဖေ ဒီလိုဖြစ်ခဲ့တဲ့အကြောင်း သူမ ခုနလေး ကပဲသိခဲ့ရသည်။ ဒါတောင် အုပ်စီးက လေရှုးကိုသွားရှာရင်း သူ ပြန် လာရင် အကြောင်းကြားပေးပါဆိုပြီး ဒေါ်နုရီကို ဖုန်းနံပါတ်ပေးထား ခဲ့လို့ဖြစ် သည်။

အဖေ့ကိုကော ဒီအိမ်ကိုကော လေရှုး ကျောခိုင်းနေခဲ့တာ တစ် ချက်မှ ပြန်မကြည့်ခဲ့တော့ပေ။ ဒီလိုဖြစ်မယ်လို့လည်း ဘယ်သူက ထင် မှာလဲ၊ မနေ့ကမှ အုပ်စီးနှင့်သူမ ဘုရားပေါ်မှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့သည်။

တစ်နေ့ကုန်တောက်လျှောက် အနားမှာနေနေသဖြင့် လေရှုး



www.burmeseclassic.com

www.burmeseclassic.com



နေသည့်နေရာကို သူ သိသွားခဲ့၏။ ဒေါ်နုရီကလည်း ဒီသတင်းကို ဘယ်လိုအကြောင်းကြားရမှန်းမသိဖြစ်နေခဲ့ပြီး နောက်ဆုံး အချိန် လွန်မှ အုပ်စီး၏ဖုန်းနံပါတ်ကို သတိရသည်တဲ့။

အုပ်စီးနဲ့လေရှူး တွေ့လိုတွေ့ငြားဆိုပြီး ဖုန်းဆက်ပြောခဲ့သော်လည်း အုပ်စီးက ပြန်လာရာတော့ လေရှူးနဲ့ လွဲပြန်သည်။ ထို တိုက်ဆိုင်မှုကြောင့် အဖေတစ်ယောက်လုံး၏ အသုဘကိုတောင်မှ သူမ မမီခဲ့တော့ပေ။

အဖေရယ် လေရှူး မိုက်ပါတယ်၊ အဖေ သေခါနီးမှ လေရှူးကြောင့် အိုးမဲ့အိမ်မဲ့နဲ့ လမ်းပေါ်မှာ နေခဲ့ရတယ်၊ ဒါတွေကို အဖေ ညာပြောခဲ့တယ်ဆိုရင်တောင် လေရှူးကို ကောင်းစားစေချင်လို့ ဆိုတာ မလေရှူး သိတယ်၊ သိရက်နဲ့ အဖေ့ကို ဆိုးခဲ့မိတာ။

ခွင့်မလွှတ်ပါနဲ့တော့ အဖေ။ ရင်ထဲမှာ ဆို့နင့်နေတာကို ငိုချလို့လည်း မျက်ရည်က မကျ။ လေရှူး သံတံခါးကြီးကို ဆုပ်ကိုင်ခါယမ်းနေမိရင်း ပျော့ခွေကျသွားလေည်။

"လေရှူး"

ကျားလေး ထိတ်ထိတ်ပျာပျာ ရှေ့တိုးသည်။ ဒါပေမယ့် လေရှူးကိုယ်လေးက သံမံတလင်းပေါ်လည်းမကျ၊ သူ့ရင်ခွင်ထဲသို့လည်း မကျမလာဘဲ သူမအနားမှာ နီးကပ်စွာရှိနေသည့် အုပ်စီး၏ရင်ခွင်ထဲသို့ ...။

လေရှူးကို သူ ပိုင်ခွင့်မရှိဘူးလား...





အခန်း (၆၅)

"လေရှူးရယ် နင် ခုလိုဖြစ်နေတုန်းမှာ မမဖူးနဲ့မေမေ လုပ်ချလိုက်တာ ရက်စက်မှန်း ငါ သိပါတယ်"

"မရက်စက်ပါဘူး ချစ်သဲရယ်၊ မြေနိမ့်ရာလှံစိုက်၊ ကံဆိုးမ သွားရာ မိုးလိုက်ရွာ၊ စကားပုံတွေ အများကြီးရှိခဲ့တာပဲ ငါ ဖြေနိုင်ပါတယ်၊ ခုဆိုရင် အဖေကလဲ ငါ့ကို စိတ်ချလက်ချ ထားခဲ့ပြန်ပြီ၊ ငါ နေတတ်အောင်ကြိုးစားရမှာပေါ့၊ ဝမ်းနည်းတဲ့စိတ်ကို ငါ ကြာရှည်သိမ်းဆည်းပြီး မခံစားတတ်ဘူး၊ ငါ စိတ်ဓာတ်မပျော့ညံ့ဘူးဆိုတာ နင် သိပါတယ်၊ နောက်ထပ် ငါ့ကို မနှစ်သိမ့်ပါနဲ့၊ နင်က နှစ်သိမ့်တာပေမယ့် ငါ ပိုခံစားရတယ်၊ တော်ပါတော့"

လေရှူးမျက်နှာလေးက ချောင်ကျသွားပေမယ့် တင်းနေသည်။ မျက်ရည်ကြည်လေးတွေဝေ့နေသော်လည်း ရှူးရဲနေဆဲဖြစ်၏။

တိုက်ခန်းလေးတစ်ခန်းငှားထားသည်ဆိုတာ နာမည်ပဲရှိသည်။ အထဲမှာ သူများသုံးခဲ့သည့် ဆိုဖာခပ်စုတ်စုတ်တစ်စုံနှင့် အခင်းမရှိသော သံခုတင်တစ်လုံးပဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကြည့်ရှုကောင်းအောင် အခင်းလေး အကာလေး ဝယ်ထည့်ဖို့ အလုပ်ထဲက ငွေထုတ်တော့ မေမေနဲ့ မမဖူးက လေရှူး ဝင်ထားသည့် ရှယ်ယာကို အကုန်ပြန်အမ်းလိုက်သည်။

"လုပ်အားတွေ ဘာတွေကတော့ ငါ့သမီးလဲ ကြိုးစားရတာ အတူတူပဲ၊ မသိဘူး၊ အဲဒါ ညည်းထည့်ထားတဲ့ငွေ၊ အခု ညည်းက ဒုက္ခရောက်နေတော့ ကူညီတဲ့အနေနဲ့ သုံးသိန်းတိုးပေးထားတယ်၊ အလုပ်အတူတူလုပ်ဖို့ မလိုတော့ဘူးဆိုတော့ နောက်ထပ် ချစ်သဲကို ရှုပ်ရှုပ်ယှက်ယှက်တွေ လာမပတ်သက်ပါနဲ့၊ အစကတည်းက ချစ်သဲနဲ့ညည်း တွဲတာကို ငါတို့ မကြိုက်ခဲ့ဘူးဆိုတာ ညည်းလဲ သိတာပဲ"

သူ့ရှေ့မှာပဲ လေရှူးကိုပြော၍ ငွေတွေပြန်ပေးခိုင်းသည်။ ဖုန်းဆက်ပြောတာပေမယ့် လေရှူး ဘယ်လောက်ထိ ခံစားရမယ်ဆိုတာ ချစ်သဲ သိသည်။ ပြီးတော့ လေရှူးက မာနကြီးသည်။ ဟိုအိမ်ကလေးမှာနေလျှင် မတွေ့ချင်သည့်လူတွေကို တွေ့နေရမည်ဆိုပြီး ဒီလို စုတ်ချာချောင်ကျသည့်တိုက်ခန်းလေးကို စပေါ်ပျောက်တင်ပြီး လာနေခြင်းဖြစ်သည်။

ခုတော့ ဖုန်းထဲကဖြစ်နေ၍လား ဒါမှမဟုတ် ဖခင် သေဆုံးထားသည့်သောကတစ်ဖက်နှင့် သူငယ်ချင်းကို ငဲ့ညှာတာ တစ်ဖက်လား ဘာမှန်းမသိပေမယ့် လေရှူး ဘာမှမတုံ့ပြန်ဘဲ ငြိမ်ငြိမ်ကလေးနေခဲ့ရှာသည်။ နှုတ်ခမ်းသားနုနုလေးတွေမှာ မဲ့ပြုံးလေးတော့ထင်နေ၏။

"ငါလဲ ပုံမှန်လည်ပတ်နေရတဲ့ စက်ဝန်းကြီးထဲကနေ ထွက်ခွာချင်နေပါပြီ၊ ပြီးတော့ ဒီငွေတွေ ငါ့လက်ထဲမှာတစ်နေလဲ ငါ ပျော်မှာမဟုတ်ဘူး၊ အခု ဒီမှာ စာချုပ်ထားတဲ့လ မပြည့်မချင်း ထိုင်စားရင်းဖြုန်းမယ်၊ ဒီငွေကုန်တာနဲ့ ငါ ဟိုတုန်းက လေရှူးဘဝကိုပြန်ယူမယ်"

ကျောပိုးအိတ်လေးတစ်လုံးနှင့် အလုပ်ရှာဆိုပြီး ပလာဇာရောက်





လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ ဗိုက်ဆာလျှင် ကော်ဖီဆိုင်ကောင်းကောင်းရှာပြီး ထိုင်သည်။ ဒါက လေရှူးဘဝပဲဖြစ်၏။

ချစ်သဲကို ဖုန်းဆက်အဖော်ညှိလည်း လေရှူးနဲ့တွဲတာ မကြိုက်သော မိဘအုပ်ထိန်းသူများနှင့် ချစ်သဲက မလာနိုင်တာဘဲ များသည်မို့ ဘယ်သွားသွား၊ ဘယ်မှာထိုင်ထိုင် လေရှူး တစ်ယောက်တည်း ဖြစ်သည်။ အလုပ်ရှာသည်ဆိုတာ ပြောတော့ပြောနေတာပင်၊ တကယ်က ဘယ်ရုံမှာ ဘယ်ကားကောင်းသလဲ၊ ဘယ်ကော်ဖီဆိုင်က ဘယ်ဆိုင်ထက်သာသလဲ။

ဒါမှမဟုတ် နှင်းပုလဲရေခဲမုန့် ဘယ်ဆိုင်မှာပိုကောင်းသလဲ၊ လေရှူး လုံးပမ်းတာ ဒါပဲ။ ဘယ်လိုနေနေ အိမ်ပြန်လာလျှင် အိုးထဲမှာ ဆန်အပြည့်၊ ဟင်းအိုးဖွင့်လိုက်လျှင် ရှိပြီးသား။

ဦးပေသီးဟာ ဂရုစိုက်ကြင်နာနေတာမျိုးမဟုတ်ပေမယ့် လေရှူး မျက်နှာငယ်ခဲ့ရသည်ဆိုတာ သိပ်မရှိခဲ့ရပေ။ ခု ဒီအဖေ မရှိတော့ဘူးဆိုတာ လေရှူး တွေးမိရဲ့လား။

သူငယ်ချင်းဖြစ်သူကို ငေးကြည့်၍ ချစ်သဲ မျက်ရည်လည်လာသည်။ ပြီးတော့ မေမေပြောခဲ့သည့်စကားတွေကိုလည်း နားထဲမှာ ပြန်ကြားလာခဲ့၏။

"ဒီကောင်မလေးကို ညည်းက ဘာတွေခင်တွယ်နေတာလဲ ချစ်သဲ၊ အခု ဟိုတယ်ပိုင်ရှင်နဲ့ ဘာလိုလိုဖြစ်နေပြန်ပြီ၊ ဟိုအိမ်ကြီးမှာ ဟိုကသူဌေးနဲ့လဲ ဘာတွေဖြစ်လာမှန်းမသိဘူး။ လေိမ်မဆိုပြီး နာမည်ဆိုးတပ်ပြီး အခု ကန်ချလိုက်ပြီ မကြားဘူးလား။ လုံးဝ အတူတူ အလုပ်မလုပ်ရဘူး၊ ဒါပဲ"

နားထဲမှာ ခါးနေသည်။ လေရှူး ဒီလိုမဟုတ်ဘူးဆိုတာကိုလည်း သိနေပေမယ့် ချစ်သဲ ဘာမှပြန်မပြောရဲပေ။ ထို့ပြင် အပြင်ပန်းက ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် လေရှူးဖြစ်နေပုံကို ဒီလိုဝေဖန်ကြမှာပဲ ဖြစ်၏။ ဒါပေမယ့် ချစ်သဲ တစ်ခုတော့ သိနေပါသည်။ မေမေနဲ့ မမဖူးတို့ဟာ လင်းအုပ်စီး နှင့် ပတ်သက်ပြီး လေရှူးကို မလိုလားစွာ ရှိနေခြင်းသာဖြစ်၏။

မမဖူး အမျိုးမျိုး ကြိုးစားနေတာကျတော့ လင်းအုပ်စီးက သာယာနေသလိုလို၊ မသိသလိုလို။ လေရှူးဘေးမှာကျတော့ တကောက်ကောက် လိုက်ကပ်နေတာ တောက်တဲ့ထက်ဆိုး၏။

အထူးသဖြင့် ဖန်စီရှော့မှာ လေရှူးကို လာမေးတိုင်း မမဖူးနှင့် တိုးတတ်တာများသည်။ ဘယ်လိုသဘောတွေနဲ့ပဲဖြစ်ဖြစ် လေရှူးကို မမဖူး မနာလိုဖြစ်လာမှာကို ချစ်သဲ ကြိုတင်တွက်မိနေခဲ့၏။ ခုတော့ အဖြစ်က သူမ ထင်ထားတာထက်တောင်ပိုဆိုးနေသည်။

လေရှူးဆီကို သူမ ခိုးချောင်ခိုးဝှက် လာတွေ့နေရသည့်အဖြစ်။ ချစ်သဲ မျက်ရည်ဝဲနေတာကိုကြည့်ပြီး လေရှူးက ပြတင်းတံခါးဘက်ကို လှည့်ထွက်သွား၏။

"အဖေ မရှိတော့တာနဲ့ ငါ ဘဝပျက်သွားမှာပဲလို့ နင် တွေးပူနေတာလား ချစ်သဲ"

ကျောခိုင်းရင်းမေးတော့ ချစ်သဲက နေရာမှ ထလိုက်သွား၏။ သူမ နောက်မှာရပ်လိုက်၏။

"နင် သတ္တိရှိမှန်း ငါ သိပါတယ်၊ ဒါပေမယ့် အုပ်ထိန်းသူ ကင်းလွတ်သွားတဲ့ မိန်းကလေးဘဝကို ရောက်သွားပြီဆိုရင် ပတ်ဝန်းကျင်ဒဏ်က ကြောက်စရာကောင်းတယ် လေရှူးရဲ့။ နင့်ရဲ့ ရှုံ့ချင်တဲ့စိတ်ကို ငါ စိုးရိမ်တယ်။ နင် အန်တီရီတို့နဲ့ပဲ ပြန်နေပါဟာ၊ ကိုယ့်ရပ်ကွက်၊ ကိုယ့်အိမ်မှာဆိုတော့ အကြောင်းသိချင်းတွေ..."

"ငါ မနေဘူး"

"လေရှူး"





ချစ်သဲက လေရှူးဘေးမှာသွားရပ်ပြီး ကရုဏာဒေါသနှင့် စိုက်ကြည့်သည်။

"နင်... နင် မင်းယောက်ျားကို ရိုးမှရိုးရဲ့လားဟင်"

"ဘာ..."

"စိတ်မဆိုးနဲ့လေ၊ ငါ မေးချင်နေတာ ကြာပြီ၊ နင့်လောက် ပေါ့ပေါ့ပါးပါးနေတတ်တာ နင်ပဲ၊ မဆိုးဘူးဆိုပေမယ့် နင်ရော ငါရော လိမ္မာခဲ့လို့လား၊ အဲဒီအိမ်ကိုသွားဖို့ ဖြစ်လာတုန်းကလဲ နင် ရင်ကော့သွားခဲ့တာ အဖော်ပါလို့လား"

လေရှူး ချစ်သဲကို မျက်မှောင်ကြုတ် ကြည့်နေရင်း ငြိမ်နေ၏။

"လိမ်ဖို့မဟုတ်ရင်တောင်မှ ဘယ်ဟာ အမှန်တရားဆိုတာ မသိဘဲနဲ့ သွားရဲခဲ့တာ၊ ခုကျမှ လိမ်မိညာမိလေခြင်းဆိုပြီး အဆိပ်ပဲ သောက်တော့မလိုလို၊ တိုက်ကြီးပေါ်ပြေးတက်ပြီးတော့ပဲ ခုန်ချသေတော့မလိုလို နင် ဖြစ်နေတာလေ"

"ခုကျမှ ငါ အပြောခံခဲ့ရတာကိုး"

"အပြောခံရဖို့ရှိနေတာကို နင် သိတာပဲ လေရှူးရယ်၊ ဘာမှန်းညာမှန်းမသိဘဲ သွားကာမှတော့ မဟုတ်ရင် အပြောခံရမှာပဲမဟုတ်လား၊ ပြီးတော့ ခုချိန်ထိ နင့်ကို လိမ်ပါတယ်၊ ညာပါတယ်လို့ အဲဒီအိမ်က အော်ခဲ့လို့လား၊ မင်းယောက်ျားက ထွက်မသွားဖို့ထိ ပြောသေးတယ်ဆို"

လေရှူး မဖြေပါ။

"ဦးလေးရဲ့အသုဘမှာ သူပဲ လုပ်ပေးသွားတာမဟုတ်လား"

လေရှူး နှုတ်ခမ်းလေးတစ်ဖက်ကိုကိုက်၍ မျက်နှာလွှဲပစ်သည်။

"ဘယ်သူသိသိ မသိသိ ငါကတော့ သိတယ်၊ နင် မင်းယောက်ျားကို မရိုးသားလို့ အရှက်ကြီးရှက်နေတာ၊ သူ့ရဲ့ အထင်မြင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို နင် ရင်မဆိုင်ရဲတာ၊ မငြင်းပါနဲ့ဟာ၊ ဟုတ်ကိုဟုတ်ပါတယ်၊ နင်ကတော့ သူ့ကို အထင်တကြီးဖြစ်နေခဲ့တယ်၊ သဘောကျတာ ဖြစ်ချင်ဖြစ်မယ်၊ သူကတော့ နင့်ကို အထင်သေးတဲ့ဘက်မှာပဲရှိနေတာ၊ ဒါကို နင် မခံစားနိုင်တာပါ"

လေရှူး ခေါင်းခါပြီး ဒီဘက်ပြန်လှည့်တော့ ချစ်သဲက သူ့ပခုံးကို ဖက်လိုက်ပြီး 'မပြောနဲ့ဦး'ဆိုသည့်သဘောနှင့် ရင်ဘတ်နှင့်တိုက်ပစ်၏။

"မဟုတ်ဘူးဆိုရင် ဘာတွေခက်နေလို့လဲ။ အုပ်စီးကို မကြိုက်ရင် နင် ငြင်းလို့ရတယ်၊ ဘာမှမဆိုင်ကြတော့ကာမှ မင်းယောကျ်ားကိုလဲ ပြန်လှည့်မကြည့်တော့ရင် ရတာပဲ၊ ကိုယ့်စိတ်ရှင်းရင် ပြောတာ"

"ရှင်းပေမယ့် သူက ငါ့ကိုရှာနေတာ၊ ငါက မြေးအစစ်မဟုတ်မှန်းသိသွားပေမယ့် ဘိုးဘိုးက ငါ့ကို သံယောဇဉ်လက်ကျန်တော့ ရှိဦးမှာပေါ့။ ငါ ထွက်လာတာ ဘိုးဘိုးရော ဘယ်သူမှမသိဘူး၊ နောက်ထပ်ပြီး ဘိုးဘိုးကိုငဲ့ပါဦးလို့ သူ လာပြောရင်..."

"ဆောရီးပေါ့ လေရှူးရယ်၊ မဆိုင်ကြဘူးမဟုတ်လား"

လေရှူး ဘိုးဘိုးမျက်နှာကို ဖျတ်ခနဲမြင်ယောင်လာလျက် ခေါင်းခါလိုက်မိသည်။ ပြောရင့် ယုံပါ့မလား၊ ဘိုးဘိုးကိုထားခဲ့ရသည့် သူမရင်ထဲမှာလည်း မချမ်းသာခဲ့ရပေ။

မြေးကို အရိပ်တကြည့်ကြည့်နှင့်ပြုံးလာလိုက်၊ မဲ့သွားလိုက် ပြောင်းလဲတတ်ရှာသည့်ဘိုးဘိုးကို သနားနေမိသည်။ နန္ဒာ ဆိုသည့် တစ်ယောက်ကို မရင်းနှီးသရွေ့ သူမကို ဘိုးဘိုး တမ်းတနေနိုင်သည်။

ဒါကို ကျားလေး လိုက်လာပြီး ဘိုးဘိုးက မင်းကိုတမ်းတပြီး ရောဂါတိုးနေတယ်ဟုများ လာပြောခဲ့လျှင်...။

"ဘိုးဘိုးဆိုတာနဲ့ ဘယ်လိုရိုင်းပင်းကူညီပြီး သံယောဇဉ်ဖြစ်ခဲ့ကြသလဲ ငါမသိဘူး၊ ဒါပေမယ့် ဘာမှမဆိုင်ဘူးဆိုတဲ့စိတ်မွေးလိုက်ရင် ပြီး





တာပဲ၊ ဒီလိုမှမဟုတ်ရင်လဲ မင်းယောကျ်ား လိုက်ရှာနေတဲ့ကိစ္စကို နင် လက်ခံတွေ့သင့်တယ်၊ ဘိုးဘိုးကြောင့် ပါရင်ပါနိုင်ပေမယ့် နင့်ကို သူက ခံစားချက်သက်သက်နဲ့ ရှာတာဆိုရင်တော့ ..."

"အဓိပ္ပာယ်မရှိတာ ချစ်သဲရယ်၊ တော်ပါတော့၊ နင် ငါ့ကို ဝေဖန်တာတွေ ရုတ်သိမ်းပြီး ပြန်ပါတော့ဟာ၊ ငါ့ရဲ့ ကလေးကချေဘဝကို တစ်ကနေပြန်စဖို့ ဒီမှာ အခန်းအောင်းပြီး အားမွေးမလို့၊ နောက်ထပ်လဲ နင်မလာပါနဲ့၊ ဒီတစ်ခါ နင့်ရဲ့အိမ်ကလူတွေ တစ်ခုခုပြောလာရင် ငါ သည်းခံမှာမဟုတ်ဘူး"

လေရှူး က ချစ်သဲ ကိုစိုက်ကြည့်ရင်း မျက်ဝန်းလေးတွေ ရှူးရဲကျဉ်းမြောင်းသွားလိုက်၊ ရီဝေဖျော့ကျသွားလိုက်နှင့် စိတ်ကို အမျိုးမျိုး ထိန်းချုပ်နေခဲ့၏။

"နင်နဲ့ငါ မမုန်းချင်ဘူး၊ နောက် ဘယ်တော့မှ မတွေ့ကြကာဘူးဆိုရင်တောင်မှ လွမ်းနေချင်သေးတယ်"

စကားကုန်သွားပါပြီ။ လေရှူး ချာခနဲလှည့်ကာ တံခါးဘက်ကို လျှောက်ထွက်သွား၏။ ချစ်သဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

သူငယ်ချင်းကို လွမ်းနေခွင့်အတွက် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆၆)

"ဒေါက် ... ဒေါက် ..."

သစ်သားကိုခေါက်တာမဟုတ်ဘဲ အပြင်ဘာဂျာတံခါးကို မာကျော သည့် ပစ္စည်းတစ်ခုခုနှင့် ခေါက်လိုက်တာဖြစ်သည်။ လေရှုး ရှေ့ခန်းမှာ ထိုင်၍ ဆံပင်ကို ရေသုတ်နေဆဲ ခေါင်းထောင်သွားသည်။

မနက်က တိုက်ခန်းပိုင်ရှင်ဆီ သူမ သွား၍ ရေအိမ်မှာ ရေဆင်းသိပ် မကောင်းတဲ့အကြောင်း သွားပြောထားခဲ့သည်။ ဒါလုပ်ပေးဖို့ အလုပ်သမား လာတာများလား။

ရေသုတ်ထားသည့် ဆံပင်ရှည်မသေမသပ်နှင့် တဘက်ကို ပခုံးပေါ် တင်လိုက်ပြီး တံခါးကို အထဲက တစ်ထပ်ဖွင့်လိုက်၏။

"ဟင် ..."

လေရှုး အံ့သြသွား၏။ ထို့နောက် မျက်နှာကို တည်တည်တံ့တံ့ တမင်လုပ်ပစ်လိုက်ပြီးမှ ...

"ရှင် ဘယ်ကိုလာတာလဲ"

အုပ်စိုးက လက်မောင်းမှာ အနီစင်းပါသည့် စပို့ရှပ်အနက်နှင့်





ဘောင်းဘီအနီရဲရဲကို ခပ်ရိုင်းရိုင်းဝတ်ထားကာ လည်ပင်းမှာလည်း အနီ ရောင်ပဝါပါးလေးတစ်ထည်ကို ရင်ဘတ်နားထိ ဆွဲချပြီး လျော့တိလျော့ ရဲ စည်းထား၏။ ဘယ်အချိန်ကြည့်ကြည့် လင်းအုပ်စိုးက ရှင်းသန့် ချောမွေ့နေတာပင်။

ဒါပေမယ့် သူ့ရဲ့ချောမွေ့ထည်ဝါမှုတွေကို ဘယ်လိုမှ အထင်ကြီးမိခို လိုစိတ် ရှိလာမှာမဟုတ်သည့်မိန်းမတစ်ယောက်ကိုမှ ဘာဖြစ်လို့ ဒီထိ စိတ်ရှည်သည်းခံနေခဲ့တာလဲ။

တစ်ခါ ပြောပစ်လိုက်ပြီး သူ ကျန်နေခဲ့ပြီဟု ထင်ခဲ့သည်။ ဒါပေမယ့် အပြုံးမပျက်။ နောက်တစ်ခါ မုန်းစရာတွေပြောသည်၊ နာစရာတွေ လုပ် ခဲ့သည်။ အုပ်စိုး ပုံစံက နောက်ဆုတ်ကျန်မနေခဲ့တဲ့ ကြာလာလေ ပိုကဲလေ။

ရတာမလို၊ လိုတာမရ ဆိုသည့်လောကကြီးက တကယ်ပဲ သစ္စာ ကြီးမားလှပါသည်။ လိုချင်တာကို မရလို့ ခံစားရတာမျိုးတော့ မသိပေ။ မလိုချင်ပါဘူးဆိုမှ ယူပါ၊ ယူပါ ဖြစ်နေတာက တော်တော့်ကို စိတ်ညစ် စရာကောင်းနေ၏။

အုပ်စိုး ကတော့ လေရှုး မျက်နှာလေးကို မြင်လိုက်သည်နှင့် တစ် လောကလုံးကို မေ့သွားခဲ့သော မျက်ဝန်းများနှင့် ပြုံးအိလျက်။

"ဘယ်ကိုလာရမှာလဲ၊ ဟိုရှေ့ခန်းက ကိုယ့်အခန်းလေ၊ အခု ပြောင်းလာတာ"

"ဘယ်လို ..."

"တကယ်ပြောတာ"

အုပ်စိုး က မျက်နှာချင်းဆိုင်မှာ သော့တန်းလန်းနှင့်ရှိနေသည့်အခန်း ကို နောက်ပြန်လှည့်၍ မေးဆတ်ပြသည်။ ပြီးတော့ မချိုပြုံးနှင့် ပြန်လှည့် လာပြီး ခေါင်းငုံ့ရယ်၏။

"ကိုယ် မင်းနောက်ကို တကောက်ကောက်လိုက်နေတာမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါပေမယ့် မင်းရှိတဲ့နေရာမှာပဲ နေချင်တာတော့ အမှန်ပဲ၊ အပျွန်း ကိုယ်လဲ အိမ်ပြေးပဲလေ၊ မင်းနဲ့ကိုယ် အတူတူပဲ"

လေရှူး စိတ်မကောင်းဖြစ်သွား၏။ အုပ်စိုး ဒီလိုဖြစ်ရတာ ကိုယ့်ကြောင့်မှန်းလည်း သိသည်။ ကိုယ်ပြုခဲ့တာမဟုတ်ပေမယ့် ကိုယ်နဲ့ပတ်သက်လို့ပဲဖြစ်၏။ ပြီးတော့ ဘာပြောပြော ဘာဆိုဆို အနားက မခွာဘဲနေရင်း လေရှူး အတွက် အများကြီးကူညီခဲ့တဲ့သူ။ သို့သော် ...

"ရှင်နဲ့ကျွန်မ မတူပါဘူး၊ အထူးသဖြင့် ရှင် ကျွန်မဘေးမှာရှိနေတာ ကျွန်မအတွက် မကောင်းဘူး"

"ဟိတ် ... နေဦးလေ"

လေရှူး က တံခါးပြန်ပိတ်ဖို့ပြင်လိုက်သဖြင့် အုပ်စိုး က ဘာဂျာ တံခါးထဲကနေ လက်သွင်း၍ အတွင်းတံခါးကို တွန်းထားလိုက်၏။

"ဘယ်လိုဖြစ်တာလဲ၊ မင်း ရေအိမ် ပိုက်မကောင်းလို့ဆို"

"ဟင် ... အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ"

သူက ရယ်ကျဲကျဲနှင့် တံခါးပိတ်လို့မရအောင် လက်ကို ဆန့်တွန်းထား၍ ....

"မဆိုင်ပေမယ့် အလုပ်သမား ကိုယ်ခေါ်လာတာလေ၊ အဲဒီတော့ မင်း အပြင်ထွက်"

"ဘာလုပ်ဖို့လဲ"

"မေးပြန်ပြီ၊ အထဲမှာ မင်း တစ်ယောက်တည်းနဲ့ ရေပိုက်သမားနဲ့ နေမလား"

လေရှူး က သူ့နောက်ကို ကျော်ကြည့်လိုက်ပြီး နားမလည်သလို ဖြစ်သွားသည့် မျက်ခုံးလေးနှစ်ဖက်က တွန့်ကုတ်သွားသည်။

"နေပါဦး၊ အဲဒီကိစ္စကို တိုက်ခန်းပိုင်ရှင်က လုပ်ပေးရမှာမဟုတ်ဘူးလား"





"ဟုတ်တယ်၊ ဒါပေမယ့် ဒီတိုက်ခန်းအားလုံးမှာတော့ ထုံးစံမရှိဘူး၊ ငှားနေတာပေမယ့် ကိုယ့်ပြဿနာကိုယ် ရှင်းကြရတာပဲ"

တွေးကြည့်တော့ ဒါဖြစ်နိုင်ပေမယ့် ဒီကိစ္စကို ခုမှပြောင်းလာသည့် အုပ်စိုး က ဘာဖြစ်လို့သိပြီး တာဝန်ယူရတာလဲ၊ ဒါက သဘာဝမကျပေ။

"ဟော ... ဟိုမှာလာကြပြီ၊ မင်း ကိုယ့်အခန်းထဲ ခဏသွားနေလိုက်၊ အထဲကနေ ပိတ်ထားပေါ့၊ ကိုယ်ဒီမှာ ကြည့်ပြောလိုက်မယ်"

အသားမည်းမည်း၊ ကုလားပုံစံနှင့် နှစ်ယောက်ကိုကြည့်ပြီး လေရှူး တံခါးဖွင့်ပေးလိုက်ရသည်။ ဒါပေမယ့် သူ့အခန်းထဲမှာတော့ သွားမနေဖြစ်ပါ။ ကိုယ့်အခန်းထဲပြန်ဝင်ကာ ရှေ့ခန်းမှာပဲ ထိုင်နေလိုက်သည်။ အုပ်စိုး က နောက်ဖေးဝင်လိုက်၊ အပြင်ထွက်စကားပြောလိုက်။

"မင်းကို ကိုယ်တကယ်စိတ်ပူတာ၊ ချက်ချင်းကြီး တစ်ကောင်ကြွက် ဖြစ်သွားရတော့ မိန်းကလေးတစ်ယောက်တည်း စိတ်ရော၊ ကိုယ်ရော ဆင်းရဲနေမှာပဲဆိုပြီးတော့ ...."

ရှေ့မှာ အိခနဲ ထိုင်ချလိုက်ပြီး အုပ်စိုး ကပြောသည်။ မခြောက်သေးသည့် ဆံပင်တွေကို ကျောဘက်သို့ အားလုံးသိမ်းပို့ပစ်လိုက်ကာ လေရှူး က သူ့မျက်နှာကို မေးခွန်းများနှင့် စိုက်ကြည့်၏။

"လူဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ် ဆင်းရဲတာ၊ ချမ်းသာတာ ကျွန်မအတွက် မဆန်းတော့ပါဘူး။ အဖေမရှိတော့တဲ့အတွက် တစ်ကောင်ကြွက် အထီးကျန်ခြင်းဆိုတဲ့ ခံစားမှုကိုလဲ ထူးခြားပြီး မခံစားမိတော့ဘူး။ လောလောဆယ် ကျွန်မအတွက် ဆင်းရဲနေရတာက ရှင် ..."

"ဆင်းရဲပါစေ၊ မင်းအတွက်ဆို ကိုယ်ပေးနိုင်တာ အားလုံးပေးမယ်"

လေရှူးနဲ့အုပ်စိုး မျက်လုံးချင်းဆုံ၏။ အုပ်စိုး သည် ယောကျ်ားတန်မဲ့ တိုစိပ်ထူခဲသည့် မျက်တောင်များ ဝန်းရံနေသည့် မျက်ဝန်းများနှင့် လေရှူး ကို ငေးစိုက်ကြည့်နေသည်။ ညှို့ငင်ခံရသူလို လေရှူး ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိဆဲ ....

"မင်းကို ကိုယ်ချစ်လို့ .."

လေရှူး က ငေးကြည့်နေရင်း ခေါင်းကို ခပ်ဖြည်းဖြည်းခါ၏။ အုပ်စိုး က နောက်တွန့်သွားမည့်ပုံမရှိပေ။

"မင်း မကြားချင်ပေမယ့် ဒါကိုပဲ ပြောချင်တယ်၊ မင်း ကိုယ့်ကို ပြန်မချစ်နိုင်သေးရင်တောင် ကိုယ်ချစ်တာကို လက်ခံပေးပါ၊ မင်းကို စောင့်ရှောက်ခွင့်ပြုပါ"

"အခုလို နည်းမျိုးတွေနဲ့လား"

"ဒါက မိတ်ဆွေအဆင့်လောက်ပဲ ရှိတာပါ၊ မင်းရဲ့ဘေးမှာကို မနီးမဝေးလေးနေပြီး ဘာအခက်အခဲဖြစ်လာလာ မင်း မငြင်းဆန်ဘဲ ကိုယ့်ကို ပါဝင်ပတ်သက်ခွင့်ပြုဖို့ ..."

"ရှင့်ကို ကျွန်မ ဘယ်တော့မှ အားကိုးမှာမဟုတ်ဘူး အုပ်စိုး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ယုံကြည်လေးစားချင်တဲ့ယောကျ်ားမျိုး ရှင် မဟုတ်ဘူး"

ဒါလည်း အုပ်စိုး က ဖွဲ့မလျှော့ပါ။ လေရှူး နားကို အလွယ်တကူ နီးနီးလေး နေခွင့်မရပေ။ ချစ်နေတာက ပို၍ ခိုင်မာနေလေ။

ဘာဖြစ်လို့ ဒီလောက်ဖြစ်သွားတာလဲ ဟုမေးလျှင် သူ့မှာ ဖြေစရာ မရှိပေ။ ချစ်တာမှာ တန်ဖိုးအနည်းအများဆိုတာ ရှိတတ်သလား၊ အနိမ့်အမြင့် သတ်မှတ်ချက်တွေရှိသလား။

ဘယ်လိုပုံစံနဲ့ ချစ်ချစ် အချစ်က ဂုဏ်သတ္တိမပြောင်းလဲဘူးဆိုလျှင် ဘာကြောင့်ချစ်သွားမိမှန်း မသိပေမယ့် လေရှူး ကို သူ အထင်မြင်သေးခြင်းကင်းစွာ မြတ်မြတ်နိုးနိုး ချစ်သွားခဲ့မိတာ သေချာ၏။

လေရှူး ကတော့ အားနာပါးနာ တုံ့ပြန်ပြီး ချစ်ခွင့်ပြုမည့်ပုံလည်း မရှိပါ။

"ရှင် ကျွန်မကို ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးနှင့် အကူအညီပေး





ခဲ့တယ်၊ ရှင့်ကြောင့် နေရာတော်တော်များများမှာ ကျွန်မ အဆင်ပြေခဲ့ရတာတွေကို မမေ့ပါဘူး၊ ဒါပေမယ့် ရှင့်ရဲ့ကူညီမှုတွေက မသန့်စင်ဘူးဆိုတော့ ..."

"မင်းကို ကိုယ်ချစ်တယ်လို့ ဖွင့်ပြောခဲ့တာပဲ လေရှူးရယ်၊ မရိုးသားဘူးဆိုမှတော့ မသန့်စင်တာ ကိုယ်ဝန်ခံတယ်၊ ဒါပေမယ့် အဲဒီမရိုးသားမှုတွေက မင်းဘဝကို ဖျက်ဆီးဖို့ ဖြားယောင်းခဲ့တာ တစ်ခုမှမပါဘူး၊ မင်းကို တန်ဖိုးထားမြတ်နိုးပြီး မင်းကြည်ဖြူလာတဲ့အထိ ဒူးထောက်နေမယ့် တောင်းခံမှုမျိုးပါ"

သူ လိုက်လိုက်လှဲလှဲ ပြောနေမှန်းသိတော့ လေရှူး မျက်နှာလွှဲပစ်မိသည်။ ဘယ်လိုမှ မယုံကြည်လို့မရလောက်အောင် အုပ်စိုး ၏ စကားသံတွေက လေးနက်နေသည်။ မျက်ဝန်းတွေက ခယတောင်းပန်နေခဲ့၏။

ဒီလိုယောကျ်ားတစ်ယောက်က သူ့မထံမှ အချစ်ကို ဤမျှထိ အောက်ကျခယစွာ တောင်းခံနေခဲ့တာ အံ့သြခြင်းနှင့်အတူ မျက်နှာလည်း ပူမိသည်။ သူမကရော ဘာလဲ။

ကိုယ် ဘယ်လိုအခြေအနေဘဝမျိုးနှင့် ဒီလိုယောကျ်ားတစ်ယောက်ကို ဒီလောက်ထိ ငြင်းဆန်တောင့်ခံနေနိုင်တာ ဘာတွေအားကိုးနဲ့လဲ၊ ဖျတ်ခနဲ ဝင်လာသည့်မျက်နှာတစ်ခုကို ဖွတ်ဖျောက်ပစ်ရသည်။ ဒီလူ ဒီအုပ်စုတွေကို စိတ်နာနာနှင့် မေ့သွားချင်ခဲ့သည်။ အကြောင်းတိုက်ဆိုင်တိုင်း ပေါ်လာနေတတ်တာက မုန်းစရာကောင်းလှသည်။

လေရှူး၏ တစ်ဖက်လှည့်နေသည့် မျက်နှာလေးကိုလိုက်ကြည့်ရင်း ရေချိုးပြီးစ ဘာမှ အရောင်တင်မထားဘဲ နူအိဖြူဝင်းနေတာလေးကို တစိမ့်စိမ့်မြတ်နိုး၏။ သူ လေရှူး နှင့်ပတ်သက်ပြီး ဘယ်လောက်ထိ စွန့်လွှတ်ပြတ်သားခဲ့သလဲဆိုတာတွေလည်း မပြောလိုတော့ပါ။ ဒါပေမယ့် အချစ်ကိုမရသည့်အပြင် အထင်လွဲမုန်းတီးခြင်းတော့ သူ မလိုချင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် ကိုယ့်ဘက်က မင်းကို တန်ဖိုးထားခဲ့တာချည်းပဲ ဆိုတာကိုတော့ ယုံပါလို့တော့ ထပ်ပြောချင်တယ်၊ ဥပမာ မင်းမသိအောင် ဖုံးကွယ်ထားခဲ့တာမျိုး၊ တမင်ညာပြောထားခဲ့ရတာမျိုးပေါ့၊ အဲဒါတွေရှိခဲ့ရင် ကိုယ့်ဘက်က ဖြစ်သလိုဖြေရှင်းပြီး ဘယ်အခြေအနေပဲ ရင်ဆိုင်နေရပစေ၊ မင်းကိုချစ်လို့ပဲဆိုတာ မှတ်ထားပေးပါ"

"လင်းအုပ်စီး .."

"ပြော .."

"ရှင့်ကို ကျွန်မက ပြန်ပြီးတုံ့ပြန်ဖို့က ..."

"မမှန်းဘူးဆိုတာရယ်၊ နောက်ထပ်တစ်ယောက် ထပ်ရှိလာနိုင်တာရယ်၊ အဲဒါတွေမဟုတ်ဘူးဆိုရင် မင်းကြိုက်သလောက် ဆိုးပါ၊ ကိုယ့်ကို နှိပ်စက်သလို ပြုပါ၊ မင်းကို ဘယ်တော့မှ ကိုယ်စိတ်ပျက်သွားမှာ မဟုတ်ဘူး"

အလွန်ရှုပ်ထွေးခဲ့ဖူးသည့် အသည်းစားလူရိုင်းကြီးသည် ဓားစက်၊ လှံစက်ထဲကို ပစ်ချတာမသေဘဲ ဖြတ်ကိုက်လို့သေရသည့်အဖြစ်မျိုးသို့ ရောက်ခဲ့ပြီမှန်း သူ့ကိုယ်သူလည်း သိသည်။

ဘာကြောင့်ပဲသေသေ၊ ကိုယ်ခံနိုင်ရည်မရှိသည့် ဝေဒနာသာ အဆိုးဝါးဆုံး ....။





အခန်း (၆၇)

ဒရင်းဘက်ပေါ်လည်း မထိုင်၊ အိပ်ရာထဲမှာ ထိုင်နေတော့လည်း ဆင့်ခံပြီး ထူထူထောင်ထောင်ပေမယ့် မျက်လုံးတွေကို မှိတ်ထားတာပဲ များ၏။ ဦးမင်းညိုရော၊ ဒေါ်သဇင်တို့ပါ အာကြဲလို့ ဘာဆက်လုပ်ရမှန်းလည်း မသိတော့ပေ။

"သား ...."

အခန်းထဲကို ကျားလေး ဝင်လာသည်။ ကျားလေး နောက်မှ ဒေါ်မြလှနှင့် နန္ဒာလည်း ပါလာ၏။ ကျားလေးကိုမြင်လိုက်သဖြင့် အတွင်းစကားပြောမလို့ ပါးစပ်ပြင်လိုက်သည့် ဒေါ်သဇင်မျက်နှာက ဒေါ်မြလှတို့ ပေါ်လာတော့ တစ်ဖက်ပြန်လှည့်သွား၏။

ဒီအိမ်မှာ မြေးအစစ်ပေါ်လာကာမှပဲ ရယ်မောပျော်ရွှင်မှုတွေ ပျောက်ဆုံးနေခဲ့သလိုပင်။ ဦးစက်ရှင်သည် လေရှူး ကိုမှမေးသည်။ မရှိတော့မှန်းသိသွားကတည်းက ဒီတိုင်းပဲ နေတော့သည်။ ရှာပေးပါ၊ ခေါ်ပေးပါလို့လည်း မပြော။ ရှိနေသည့်မြေးကိုလည်း လှိုက်လှဲဝမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးခဲ့တာမျိုး မဖြစ်၊ ဦးမင်းညိုကတော့ ခန့်မှန်းသည်။

"ဦးလေး ဆုံးဖြတ်ရခက်နေတာထင်တယ်၊ လေရှူး ကို လက်လွှတ်ရမယ်မှန်းသိပြီး မလွှတ်လိုက်နိုင်ဘူး၊ နန္ဒာ့ကို မြေးလို့ လက်ခံထားလိုက်ပြီး ဒွိဟဖြစ်နေတယ်၊ ဒါပေမယ့် မြတ်ရှင်ရဲ့ဆွဲကြိုးကို ကိုင်လာတဲ့ကလေးဖြစ်နေတော့ တကယ်လို့ သံသယနဲ့ ဆုံးဖြတ်ပြီး မှားသွားရင် ဒါက ပြင်ဖို့ခက်တယ်လေ"

ဦးမင်းညို ပြောတုန်းက ဒေါ်သဇင် သိပ်မယုံချင်၊ လေရှူး ကို ဒီက ဘယ်လိုခေါ်ထားခဲ့တာလဲဆိုတာတောင် ဖွင့်ပြောပြီးပြီ။ လေရှူး ရဲ့ အဖေဆိုသည့် ဦးပေသီးကိုယ်တိုင်ရော၊ ဒေါ်မြလှ ပြောပြနိုင်တာမျိုး ဘာများပြောနိုင်ခဲ့လို့လဲ။

ရထားမှောက်တဲ့ထဲက ကလေးကို ကောက်သွားသည့်အဖြစ်ဆိုတာကတော့ ဒီအဖြစ်ကို သိထားလျှင် ပြောလို့ရတာပဲ၊ ကြီးကော့ ဒေါ်မြလှတို့ရောက်လာပြီး လေရှူး ထွက်သွားခဲ့ရသည့်နောက်မှာ တစ်ခုခုလာပြီး ရှင်းလင်းရင်ဆိုင်လို့ရတာပဲမဟုတ်ဘူးလား။

ဘာပဲဖြစ်ဖြစ် လိမ်ညာခဲ့သည့်အမြင်နဲ့ပဲ ရှိနေခဲ့တာတောင်မှ ဒီအိမ်မှာ လေရှူး ကို မုန်းတဲ့သူမရှိပေ။ ကျားလေးက ချစ်နေပါသည်ဟု ဝန်ခံသည်။ အဖေက ဘယ်မှလျှောက်မသွားစေနဲ့ဟု တားခိုင်း၏။ သူမတို့ရင်ထဲမှာရော ဘယ်မှာမုန်းခဲ့လို့လဲ။

"သား ... ဘယ်က ပြန်လာတာလဲ"

ရှေ့မှာ ကျားလေး ထိုင်လိုက်တော့မှ ဒေါ်သဇင် အတွေးစကိုဖြတ်၍ စောစောကမေးခွန်းကို ပြန်မေးရသည်။ ကျားလေး ဟုအသံကြားလိုက်တော့ ဦးစက်ရှင်မျက်လုံးတွေ တလျှပ်လျှပ်ဖြစ်နေရာက ပွင့်လာ၏။

"ဘိုးဘိုးက နေမကောင်းဘူးလားဟင်"

ကျားလေးက ဒေါ်သဇင် မေးတာကို ဖြေမလို့ပြင်ပြီးမှ ဦးစက်ရှင်





မျက်လုံးတွေပွင့်လာသဖြင့် နေရာပြောင်းထိုင်ရင်း မေးလိုက်သည်။ ဦးစက်ရှင်က ထိုမေးခွန်းကိုမဖြေဘဲ မတ်တတ်ရပ်နေကြသည့် နန္ဒာတို့သားအမိကို မျက်လွှာပင့်ကြည့်သည်။

"မြေး ... ဘာပြောစရာရှိလို့လဲ"

"ဟင့်အင်း ... မရှိပါဘူး"

နန္ဒာက ခေါင်းခါပြီးမှ ဒေါ်သဇင်တို့ကို ငဲ့ကြည့်ကာ ...

"ဘိုးဘိုးနားကိုကပ်ချင်ပေမယ့် အပွန်း ... ဝင်လာလိုက်ရင် ထိုင်စရာမရှိတာနဲ့ ပြန်ပြန်သွားရတယ်"

ဒေါ်သဇင် မျက်နှာ ကွက်ခနဲ ပျက်သွား၏။ မဆိုင်တဲ့လူတွေက ဝိုင်းနေတယ်လို့ ပြောလိုက်တာလား။

"အန်တီ ... ခဏလောက်နော်"

"လာပါ ... ဝင်ပါ"

ဒေါ်သဇင်က ဆတ်ခနဲ ထရပ်လိုက်သည်။ လူကြီးဆိုပေမယ့် သည်းခံနိုင်ခြင်းပါရမီဆိုတာ လူကြီးဖြစ်တိုင်း ရှိကြတာမဟုတ်၊ ဝင်ထိုင်လိုက်သည့် နန္ဒာ့မျက်နှာလေးကို စီးမိုးကြည့်ရင်း ပြုံးလိုက်သည်။

"နေရာစောင့်နေတာမှန်း အန်တီက မသိလို့ပါ၊ ကိုယ့်အဘိုးပဲကွယ်၊ မွေ့ရာဘေးဝင်ထိုင်လဲ ဖြစ်တာပဲ၊ လေရှူး ဆိုရင် သူ့အဘိုးမဟုတ်ဘဲနဲ့တောင်မှ ဝင်တွဲ၊ ဝင်ထူ၊ သူပဲ နှိပ်နင်းပြုစုတာ"

"အိုကွယ် ... ဒါကတော့ ..."

ဒေါ်မြလှက လွှတ်ခနဲ ထွက်လာပြီးမှ 'ပြောလိုက်လေ' ဆိုသည့် မျက်လုံးစူးစူးကို နန္ဒာ့ဆီ ပို့၏။ နန္ဒာက ဒေါ်သဇင့်ကို ပြုံးလိုက်သလို မဲ့လိုက်သလိုနှင့် မော့ကြည့်သည်။

"လေရှူး ဆိုတာကို နန္ဒာ အခုသိပါပြီ၊ သူနဲ့နန္ဒာ့ကို အန်တီက ဘာဖြစ်လို့ နှိုင်းတာလဲ၊ သူ အရှက်မရှိလိမ်ညာရဲလို့ ဒီလိုအလုပ်မျိုးကို ဝင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာပဲဟာ၊ ဘာဖြစ်ဖြစ် ရဲတင်းနေတာမဆန်းပါဘူး၊ သူနဲ့နန္ဒာ တူလို့လား"

ကျားလေး မျက်နှာတင်းနေလျက် နန္ဒာ့ကို စိုက်ကြည့်နေသည်။ နန္ဒာ့စကားဆုံးသွားမှ ....

"ဟုတ်တယ်၊ သူကတော့ ဒီမှာ တာဝန်ထမ်းဆောင်ခဲ့ရတာပါ၊ မင်းလဲ 'မနောမြတ်' ဆီကိုမရောက်ခင်တုန်းက ဒီလိုဘဝမျိုးကို ဖြတ်သန်းခဲ့ရဖူးတာပဲမို့လား"

နန္ဒာ့မျက်ဝန်းလေးတွေ စူးသွား၏။

"ဆင်းရဲတဲ့ဘဝတွေကို အမျိုးမျိုးရုန်းကန်ရင်ဆိုင်နေကြရတဲ့ လူတွေမှာ အကြောင်းအမျိုးမျိုးရှိတယ် နန္ဒာ၊ ဘာဖြစ်ဖြစ် ကိုယ်ချင်းစာတဲ့ စိတ်က မွန်မြတ်ပါတယ်"

"ကိုကို နန္ဒာ့ကို ..."

"မြေး ...."

ဦးစက်ရှင်၏ ခေါ်သံကြောင့် အားလုံးသောအသံတွေ တိတ်ကျသွား၏။ နန္ဒာက ပျာပျာသလဲလေးလှည့်ကာ ....

"ရှင် .. ဘိုးဘိုး .."

"မြေး .. ဒီမှာ ဘာလိုအပ်တာရှိသေးလဲ"

"ဟင့်အင်း ...မရှိပါဘူး ဘိုးဘိုးရဲ့၊ ဒါပေမယ့် ပလာဇာ ဆိုတာကို တစ်ခါမှ မရောက်ဖူးသေးဘူး၊ ကိုကိုကမှ လိုက်မပို့တာ ..."

ဦးစက်ရှင်က ကျားလေးကို လှမ်းကြည့်ပြီးမှ နန္ဒာ့ဘက် ပြန်လှည့်၍ ခေါင်းညိတ်သည်။

"ဟုတ်ပြီ ဘိုးဘိုးက မြေးအတွက် မုန့်ဖိုးတွေ ထုတ်ပေးမယ်၊ လူလေးကိုလဲ ပိုခိုင်းမယ်၊ ညနေကျတော့ သွားကြပေါ့"

"ဟုတ်ကဲ့ ..."





နန္ဒာ့မျက်နှာလေး ဝင်းလက်သွား၏။ ကျားလေးကိုလည်း 'ဘယ့်နှယ့်လဲ' ဆိုသည့်မျက်ဝန်းလေးနှင့် မျက်ခုံးပင့်ပြ၏။ ကျားလေး မျက်နှာလွှဲပစ်လိုက်သည်။

"လူလေးကို ဘိုးဘိုး ပြောစရာရှိတယ်"

ဦးစက်ရှင်က ကျားလေးဘက်ကို လှည့်၏။

"အဖေ လိုအပ်တာရှိရင် ခေါ်လိုက်နော်၊ ကိုညို .. လာ သွားမယ်"

ဒေါ်သဇင်က ဦးဆောင်ပြီးထွက်သည်။ ဘာကိစ္စဖြစ်ဖြစ် ဒီလူတွေပဲ စုရုံးတိုင်ပင်နေကြပေမယ့် အခု ဒီထဲမှာ လူရှင်းစေချင်မှန်း အဖေ့ မျက်နှာရိပ်မျက်နှာအကဲကိုခတ်၍ သူမ သိသည်။ အခန်းတံခါးဝရောက်မှ ပြန်ငဲ့ကြည့်လိုက်တော့ နန္ဒာ က နှုတ်ခမ်းလေးစူပုတ်ငေါ့ကာ ထရပ်နေတာတွေ့သည်။ 'မြေးက နေလို့ရတယ်၊ ပြန်ထိုင်' ဘာညာပြောလာဖို့ မျှော်လင့်သည့်မျက်ဝန်းလေးနှင့် ဘိုးအေကို ပြန်ငဲ့ကြည့်လိုက်သေးသည်။

ဒေါ်မြလှ မျက်နှာကတော့ သိသာစွာ တင်းနေခဲ့၏။ သူမတို့သည် ဒီအိမ်မှာ သူဌေးကြီး၏မြေးဖြစ်သည်ဟူသော ရာထူးနှင့် ဒီ့ထက်မက အခွင့်အရေးရချင်သည်။

နေရာတကာမှာ စိတ်ကျေနပ်မှုရှိပုံမရဘဲ လူတွေကွယ်သည်နှင့် သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်တော့သည်။ တကယ်ဆို ကလေးကို လာအပ်တာပဲ၊ အပ်ပြီးရင် ပြန်ပေါ့၊ သူဌေးကြီးဆီက ဘာလိုချင်သလဲ၊ ဘာဖြစ်ချင်သလဲ၊ လိုချင်တာ တောင်းခွင့်ရှိသည်။ ထိုအခါ ဦးပေသီး ဆိုသည့် လူကြီးကို အမှတ်ရလိုက်မိသည်။ ဒီလူကြီးက တိကျရေရာသောအဖြစ်ကို မပြောနိုင်ပေမယ့် လုပ်ပုံကတော့ ရှင်းသည်။ လေရှူးနေထိုင်ပုံကလည်း နန္ဒာနှင့် အများကြီးကွာသည်။

ပြောဆိုတာကအစ လူဆင်းရဲပေမယ့် ကြာကြာစကားပြောကြည့်တာနှင့် အထင်သေးလို့မရလောက်အောင် အဆင့်အတန်းရှိသည်။ ဒီလို

www.burmeseclassic.com



တွေ ဘာဖြစ်လို့ ဖြစ်နေတာလဲ။ နန္ဒာသည် ဘိုးဘိုးဟု ခေါ်နေပြီး သူ့အမေမှ သူ့အမေ၊ ဘိုးအေဖြစ်သူကို ခင်တွယ်ပုံလည်း မရ။

ဒေါ်သဇင့်မျက်နှာ ဘာကိုမှနားမလည်နိုင်သလို စိတ်ထဲမှာ ဘာမှလည်း ကျေနပ်မှုမရှိသောကြောင့် ညှိုမှောင်နေသည်။ ဦးမင်းညိုကဓနီးသည် ဖြစ်နေတာကိုလည်း နားလည်သည့်ပင့်သက်နှင့်အတူ ပခုံးကို ဖွဖွသိုင်းဖက်ကာ ...

"အမှန်တရားက သူ့အတိုင်းရှိနေတာပါ မိန်းမရာ၊ ဆန္ဒမစောပါနဲ့"





အခန်း (၆၈)

"ကိုကို ... ဒါလေး မလှဘူးလားဟင်"

"လိုချင်ရင် ယူပေါ့"

"ကိုကိုကလဲ ..."

သူ ဟိုဘက်လှည့်လိုက်ဖို့ဖြစ်သော်လည်း နန္ဒာက လက်မောင်းကိုဆွဲထား၏။ နှုတ်ခမ်းစူခြင်း၊ ခြေဆောင့်လိုက်ခြင်းဖြင့် ချစ်သူကို အလွန်ဆိုးနွဲ့အနိုင်ယူတတ်သည့် မိန်းမငယ်လေးနှင့် တူသွားသည်။ ထို့ပြင်သူမက လှလည်းလှသောကြောင့် ချစ်စဖွယ်လေး ဖြစ်နေလိမ့်မည်။ ကျားလေး ကတော့ စိတ်မရှည်နိုင်သည့်မျက်လုံးတွေကို အဆုံးအစမရှိ ပို့လွှတ်၍ စိုက်ကြည့်သည်။

"မင်း ဝယ်တာတွေလဲ ကားနောက်ခန်းတစ်ခန်း မဆံ့တော့ဘူးထင်တယ်၊ တစ်မနက်စာလဲ ကုန်ပြီ၊ မတော်သေးဘူးလား"

ပြုံးစိစိ၊ ရယ်မလိုနှင့် လှမ်းကြည့်နေကြသော အရောင်းစာရေးမလေးတွေရှေ့မှာပဲ မေးလိုက်၏။ နန္ဒာက မျက်နှာလေးတစ်ချက်ပဲ အရောင်ပြောင်းသွားသည်။ ဆံပင်တွေ လွင့်လူးပါသွားသည်အထိ ခေါင်းခါပစ်လိုက်ပြီး ဆုပ်ကိုင်ထားသော ကျားလေး လက်မောင်းကို ရင်ခွင်ထဲဆွဲယူပြီး ဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ၊ ကိုကိုက ပိုက်ဆံနဲ့မြောလို့လား"

"မနဲ့မြောဘူး၊ ဒီမှာ အကုန်ယူထားလိုက်"

သူကိုင်ထားသည့် သားရေလက်ကိုင်အိတ်မည်းကို သူမ လက်ထဲ တကယ်ထည့်ပေးလိုက်၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲကို လက်နှ ဖက်ထည့်ပြီး နန္ဒာ့ကိုကြည့်ကာ ...

"ကြိုက်သလောက်ဝယ်၊ ပြီးရင် ကားပါကင်ကို ဆင်းလာခဲ့"

"ကိုကို့ ...."

နန္ဒာ မရှက်တတ်ဘူးထင်သည်၊ အကျယ်ကြီး လှမ်းခေါ်၏။ လှည် မကြည့်ဖြစ်သော်လည်း လက်ခါမည်၊ ခြေဆောင့်မည်၊ ဆေးဆိုးထား သည့် နှုတ်ခမ်းကို လှလှပပလေးစူပုတ်၍ မကျေမနပ်ပြောကျန်ခဲ့ဦးမည်

မေးရိုးနှစ်ဖက်မှာ အံကြိတ်လိုက်သဖြင့် တင်းခနဲ ဖြစ်သွား၏။ သူ အိတ်ထဲမှာ မယူမဖြစ် သွားလေရာပါနေရသည့် စာရွက်စာတမ်းတစ်ချို ရှိနေသည်၊ အခြားအရေးကြီးတဲ့ အချက်အလက်ပါ စာရင်းဇယားတွေ လည်း ပါ၏။ ဒီအိတ်ကို ဘယ်သူ ထိကိုင်တာမှ သူ မကြိုက်ခဲ့ပေ၊ ဒါပေမယ် အခု ဒါကို ထိုးကြိတ်ပေးပစ်ခဲ့တဲ့အထိ စိတ်ပျက်သည်။ ဒီမိန်းကလေး သားမှာ လိုက်နေပေးရမည့်ဒုက္ခနှင့် ဘာမဆို လဲပစ်ချင်လောက်အောင် စိတ်ကုန်သည်။

ယောကျ်ားတိုင်းကို ယစ်မူးတိမ်းညွတ်စေသည့်အလှဆိုတာ ဘယ် မှာလဲ၊ လှတဲ့မိန်းကလေးတိုင်းကို ချစ်လို့ရကြသလား၊ မသိပါ။ သူက တော့ နန္ဒာ့ကို အလွန်အမင်းစိတ်ပျက်ခဲ့လေသည်။ ဘယ်မှာမှ ရှာမ လောက်အောင် ခြေရာပျောက်နေခဲ့သည့် လေရှုး ကိုပဲ သူ ...။

"ဟဲလို ..."

ကားပါကင်ထဲကို ပြေးဆင်းခဲ့ရင်း သူ ဖုန်းထုတ်ကိုင်လိုက်သည်

"ဒေါ်သီရိစံလားခင်ဗျာ"





"ဟုတ်ပါတယ်ကွယ်၊ ဘာကိစ္စများပါလဲ"

"ကျွန်တော် ... ချစ်သဲနဲ့ ခဏလေး စကားပြောပါရစေ၊ ရိုးရိုးသားသား မေးမြန်းစရာလေးရှိနေလို့ပါ"

"ဟင် ... မင်းက ဘယ်သူလဲကွယ်"

"ကျွန်တော်က ..."

ဖုန်းကိုင်ထားရင်း သူ့မျက်လုံးတွေ တစ်နေရာတည်းမှာ စူးစိုက်ကျ ရောက်သွား၏။ ဆံပင်ရှည်နှစ်ဖက်စည်းလေးနှင့် ပန်းနုရောင်ဂျင်းစကတ် လေးက ဒူးဖုံးရုံပဲရှိသည်။ ပခုံးအုပ်ရုံ ခါးတိုဂျင်းအင်္ကျီအဖြူလေးနှင့် သူ့မျက်လုံးထဲမှာ လျှပ်စီးလက်သွား၏။

"လေရှုး ...."

နက်စောက်နေသည့် ပို့ုင့်ဒေါက်အမြင့်ကြီးကို စီးထားသော်လည်း လေရှုး လှမ်းသွားပုံက မြန်ပြီး ကြည့်လို့ကောင်းနေသည်။ လက်ထဲမှာ အဖြူရောင်အင်္ကျီအိတ်လေးတစ်လုံးနှင့် ကားပါကင်ထဲမှာ ဒ ယ်ကိုသွား နေတာလဲ။ သူ ဖုန်းပြောနေခြင်းကိုမေ့သွား၏။ ဖုန်းကိုင်လျက် လေရှုး ဆီကို ပြေးသွားမိသည်။

"လေရှုး ..."

"ဟင် ..."

လေရှုး ခြေလှမ်းတွေ တုံ့သွား၏။

"လေရှုး ... ဟိတ် ..."

နောက်ထပ်ခေါ်တော့ ဖျတ်ခနဲ ပြန်လှည့်ကြည့်ကာ ...

"ရှင့် ..."

လေရှုး မျက်နှာလေး တင်းသွားသည်နှင့် သူ အနားရောက်သွား ကာ လက်ကို ဖမ်းဆွဲထားလိုက်သည်။

"မင်းကို ကိုယ်လိုက်ရှာနေတာ"

"ဘာလုပ်မလို့လဲ၊ ကျွန်မက မတွေ့ချင်လို့ တမင်ဝေးဝေးနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဖယ်စမ်းပါ”

“မဖယ်နိုင်ဘူး၊ မင်းနဲ့ငါ အလုပ်သဘောကနေ ပြန်စရမယ်ဆိုရင်တောင် ဘာမှ အဆုံးမသတ်သေးဘူး”

မပြောချင်ပေမယ့် လေရှူး လှုပ်လို့မရအောင် အညာကိုင်မှဖြစ်မည်မို့ ထည့်ပြောလိုက်ရသည်။ ထင်သည့်အတိုင်းပင် လေရှူး နှုတ်ခမ်းလေး တစ်ဖက်ကိုက်လိုက်တာ တွေ့ရ၏။

“မင်းကို ဘိုးဘိုးကလဲ ...”

“တော်ပါတော့၊ ကျွန်မမှာ အဘိုးမပြောနဲ့၊ အဖေတောင် မရှိတော့ဘူး၊ ကလေကချေ ဆိုတဲ့ ဂုဏ်ပုဒ်အပြင် အခု ပေါက်လွှတ်ပဲစားနေရတဲ့ ဘဝကို ရောက်သွားပြီ၊ ဘာမှ လာထပ်မပြောပါနဲ့”

ပြော၍ လေရှူး က လက်ကို လှည့်ပတ်လိမ်တွန့်ပြီး ရုန်းသည်။ ဘယ်လိုမှ ပြုတ်ကျမသွားအောင် သူက ဖိဆုပ်ထားလိုက်၏။

“မပြောလို့မရဘူး၊ မင်းကို ငါ မသွားပါနဲ့လို့ အတန်တန်တားထားရက်နဲ့ မင်းထွက်သွားတာ၊ ဘိုးဘိုးစိတ်ထဲမှာ ဘာရှိနေလဲ မင်းသိလား၊ အခု မင်းကို ပြန်ရှာခေါ်ခဲ့ဖို့ ဘိုးဘိုးပြောနေတယ်”

“မလိုက်ဘူး၊ မနောမြတ်စံအိမ်ကို ဒီတစ်သက် ဘယ်တော့မှ ကျွန်မ ခြေဦးမလှည့်ဘူး”

“မင်းက ဘိုးဘိုးရဲ့မြေးဖြစ်နေရင်ရော”

“ဘာ ...”

လေရှူး တစ်ချက်ကြောင်သွားသည်။ ကျားလေးက ထိုအခိုက်ကို ဖမ်းကာ လေရှူး ပခုံးလေးနှစ်ဖက်ကိုဆွဲ၍ မျက်နှာချင်းနီးအောင် ကပ်လိုက်၏။

“ဖြစ်နိုင်တာတွေရော၊ မဖြစ်နိုင်တာတွေရော ရှုပ်နေတဲ့ကြားမှာ မေတ္တာတရားကတော့ ခိုင်ခိုင်ညားညား နေရာယူသွားပြီးသားပါ၊ မင်းရဲ့ ဖြူစင်စွာပေးထားခဲ့တဲ့ စေတနာမေတ္တာတွေ မနောမြတ်မှာ ကျန်ခဲ့တယ်၊





မင်းကို အားလုံးက မျှော်နေကြပါတယ်၊ ပြန်လိုက်ခဲ့ပါ၊ နောက်ဆုံး မင်းနဲ့ နန္ဒာကို DNA စစ်ပြီး ....”

“အို .. မစစ်ဘူး၊ မလိုက်ဘူး”

လေရှူး ခါးခါးသီးသီး ထပြောလေသည်။ မြေးကိစ္စနှင့်ပတ်သက်၍ ကိုယ့်ဘဝပျက်ခဲ့ရသလို ခံစားခဲ့ရပြီးသည့်နောက်မှာ အသံကိုတောင် မကြားချင်တော့ပါ။ ဒါကို နောက်ထပ်တစ်ခါ အရှက်ကွဲခံဖို့ ပြန်သွားရဦးမှာလား။

“ကျွန်မ ဘယ်သူ့ကိုမှ စေတနာမထားခဲ့ဘူး၊ မေတ္တာရှိလို့လဲ မဟုတ်ဘူး၊ သူဌေးရဲ့မြေးဖြစ်မလားလို့ ဟန်ဆောင်ခဲ့တာ၊ သူဌေးကြီးကိုလဲ ပြောလိုက်ပါ၊ ဟန်ဆောင်ရတာ ပင်ပန်းလွန်းလို့ ပြန်လာဖို့ကို လုံးဝ စိတ်မကူးဘူးလို့”

ကျားလေး တစ်ခွန်းမှမပြောဘဲ မျက်ရည်ဥတွေ လိမ့်ဆင်းကျလာခဲ့သော လေရှူး ၏မျက်နှာလေးကို စူးစိုက်ကြည့်သည်။ ဘယ်လိုရုန်းရုန်း မလွှတ်ဘဲ မရမကဆွဲခေါ်သွားတော့ဖို့ ဆုံးဖြတ်၏။ သို့သော် ...

“ကြည့်မကောင်းပါဘူးကွာ၊ ပါကင်ထဲမှာ လူရှင်းနေတော့ ပိုအကျည်းတန်တယ်၊ ကောင်မလေးကို လွှတ်လိုက်ပါ”

ကျောနောက်က ရယ်သံသဲ့သဲ့နှင့် အသံပိုင်ရှင်ကို သူသိလိုက်သည်။ အုပ်စီး က ကားသော့တချွမ်ချွမ်နှင့် ဘေးမှာလာရပ်ပြီး ...

“ထပ်ပြောချင်တာက မင်းလက်တွေကို လွှတ်လိုက်ပါ၊ လေရှူးနဲ့ငါ လက်ထပ်တော့မှာ”

ကျားလေး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ကုတ်ကျသွား၏။ မျက်နှာလွှဲပစ်လိုက်သည့် လေရှူး ဆီသို့ အကြည့်က တန်းရောက်သွားသည်။ သူ မယုံပါ၊ တကယ်ဆိုရင်လည်း သူ ခွင့်မပြုနိုင်၊ လေရှူး က သူ့ဇနီးလောင်း အဖြစ် ဖိတ်စာထက်မှာ အကွရာတင်ပြီးသား။

“လေရှူး ...”



www.burmeseclassic.com

www.burmeseclassic.com



သူ လေရှူး ကို မရမကမေးဖို့ ပခုံးနှစ်ဖက်ကိုပဲ ဆွဲခါလိုက်မိသည်။ ထိုစဉ် နောက်ထပ်ရောက်လာတာက နန္ဒာ။

"ဘာဖြစ်နေတာလဲ ကိုကို"

ကျားလေးနှင့်လေရှူး ကိုကြည့်ပြီး နောက်ထပ်မျက်လုံးရောက်သွားတော့ နန္ဒာ ဟင်ခနဲ ဖြစ်သွား၏။

"သူ ..."

ပါးစပ်မှလည်း လွှတ်ခနဲ ထွက်မိသည်။ သူ့ကိုသိနေမှန်းသိလိုက်တော့ အုပ်စိုး နန္ဒာ့ကို သတိထားမိသွားသည်။ သေချာကြည့်လိုက်တော့ မှတ်မိသွားခဲ့၏။

"သြော် ... မင်းကိုး"

မော်လမြိုင်သွားခဲ့သည့်ညကို အမှတ်ရလိုက်သည်။ အရက်သမားကြီးရယ်၊ ဒီမိန်းကလေးနဲ့ အမျိုးသမီးကြီးတစ်ယောက်၊ အလွန် ပြောပေါက်ဆိုပေါက်ကြမ်းသည့် 'နန္ဒာ ... လာဦး" ဆိုသောခေါ်သံကြီးကိုပါ ပူးတွဲအမှတ်ရသည်။

အုပ်စိုး ၏မျက်လုံးတွေက နန္ဒာနှင့်ကျားလေးကို နှစ်ခေါက်မျှ ယှဉ်တွဲငေ့ကြည့်ပြီး သဘောပေါက်သွားခဲ့၏။

"နန္ဒာဆိုတာ မင်းပေါ့၊ အင်း ... တို့ အစက အမှတ်တမဲ့နဲ့ သတိမထားလိုက်မိဘူး"

အုပ်စိုး ထပ်ပြောလိုက်တော့ နန္ဒာ မျက်နှာပျက်ပျက်နှင့် ခေါင်းငုံ့သွား၏။

"ပြန်ရအောင် ကိုကို"

ကျားလေး လက်ကိုဆွဲသလိုနှင့် လေရှူး ပခုံးမှာ ဆုပ်ကိုင်သည့်လက်ကို ပြုတ်ကျစေလိုက်၏။

"အားလုံး သူ့နေရာနဲ့သူ ရှိပြီးသားကို ဘာဖြစ်လို့ လောဘကြီးနေတာလဲ ကျားလေး၊ ကိုယ်နဲ့ထိုက်တာ ကိုယ်ယူပေါ့ကွ"





"နေဦး"

နန္ဒာက ဆွဲထားသည်၊ အုပ်စိုး က လေရှူးကိုဆွဲ၍ ခွဲထွက်သွား၏။ ကျားလေး နောက်ကျသွားလေသည်။

"အုပ်စိုး"

"ဘာဖြစ်တာလဲ ကိုကို၊ နန္ဒာ့ကို ထားခဲ့ပြီးတော့ ..."

သူ ခြေလှမ်းပြင်လိုက်သည်နှင့် နန္ဒာက ဖွတ်ပြန်ဆွဲသည်။ အုပ်စိုးနဲ့လေရှူး ကားပေါ်ရောက်သွားတော့မှ သူ့ဒေါသက နေရာမှန်ကို ပြန်ရောက်ကာ ...

"ဖယ်စမ်း ..."

နန္ဒာ့လက်ကို ပုတ်ထုတ်ခါပစ်လိုက်ပြီး ကားနောက်ပြေးလိုက်၏။

"အုပ်စိုး ... မင်း ... မင်း ခဏရပ်ဦး"

အုပ်စိုး က ကားကို ဝိုက်ကွေ့ပစ်လိုက်ပြီး အရှိန်မချဘဲ ဆက်မောင်း၏။

"လေရှူး ... မင်းမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ငြိမ်နေတာလဲ၊ ကားရပ်လိုက်ပါ၊ အုပ်စိုး .. ဟိတ်ကောင် ..."

သူ တအားပြေးလိုက်ပေမယ့် မရတော့ပါ။

"တောက် ..."

မောတာမဟုတ်ဘဲနှင့် ပါးစပ်တွေပြန်ပိတ်လို့မရလောက်အောင် ရင်ဘတ်ထဲမှာ လှိုင်းထန်နေသည်။ ပူပြင်းလောင်မြိုက်နေသည့် ဒေါသ၊ သောကတွေကြောင့် ပါးစပ်မှ ရှူးရှူးရှားရှားမြည်သံတွေ ဖြစ်လာခဲ့၏။

အနူကို ကျွဲမခတ်ဖူးပေမယ့် လူသတ်ချင်စိတ်တွေဖြစ်လာတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၉)

"မရိုးသားတာတော့ သေချာတယ်ကွ၊ အရက်သမားရဲ့ပြောပုံဆိုပုံအရဆိုရင် ဆွဲကြိုးကို သူတို့ရထားတာက အခြားနည်းနဲ့ဖြစ်လိမ့်မယ်၊ လေရှူး တကယ်အစစ် ဟုတ်မဟုတ်တော့ မသိဘူး၊ နန္ဒာက အတုဆိုတာတော့ သေချာတယ်"

"မင်းဟာက ခန့်မှန်းခြေတွေချည်းပဲ၊ ကျွတ် ..."

အုပ်စီး က ဝိုင်တစ်ဝက်ကျန်နေသေးသည့် ဖန်ခွက်ကို ဘေးတွန်းပစ်လိုက်၏။ မျက်နှာက ရှုံ့တွနေသည်။ ထွတ်ဦးနဲ့သူ ဗီးနပ်စ်တီးရှော့မှာ မကြာခဏ ဆုံဖြစ်သည်။ သူ့ ဘယ်အခြေအနေရောက်ရောက် သူ့ဘက်မှာ အမြဲရှိနေခဲ့သည့် ထွတ်ဦးက ခုချိန်ထိ သူဖြစ်ချင်တာကို လက်ညှိုးထိုးလိုက်ရုံပဲဖြစ်သည်။

"မင်းကလဲ၊ စုံစမ်းရတာ မလွယ်ဘူးကွ၊ သူတို့ကိစ္စတွေက နှစ်ဆယ့်တစ်ရာစုနဲ့ ဟိုးအဝေးကြီးမှာ ကျန်ခဲ့တဲ့အကြောင်းတွေ၊ ပြီးတော့ အရက်





သမားကြီးက လည်တယ်၊ တိုက်သမျှသောက်ပြီး စကားတွေများနေတာပဲရှိတာ၊ လိုရင်းမရောက်ဘူး၊ သူက နောက်ယောက်ျားဆိုတော့ တကယ်မသိတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီဆွဲကြိုးကိစ္စကို ဒီ့ထက်ပိုသေချာအောင် စုံစမ်းသင့်တာပေါ့"

"ကဲ ... ဒါဆိုရင် လေရှူး က မြေးအစစ်ဖြစ်နေတယ်ဆိုရင် ဘယ်လိုလုပ်မှာလဲ"

ထွတ်ဦး မေးလိုက်တော့ အုပ်စီး မဖြေနိုင်။ ထွတ်ဦး က သက်ပြင်းရှည်ကြီးချပြီး ဝိုင်တစ်ခွက် ထပ်ထည့်၏။

"လေရှူး က စစ်စစ် မစစ်စစ်ကွာ၊ နန္ဒာ က အစစ်မဟုတ်ဘူးဆိုတာ ပေါ်လာရင်လဲ သံယောဇဉ်ရှိထားပြီးသားဖြစ်တဲ့ လေရှူး ကိုပဲ သူတို့ပြန်ရှာကြမှာ၊ ဘယ်ဘက်ကဖြစ်ဖြစ် မင်းပေးလိုက်ရဖို့ချည်းပဲ၊ အဲဒီတော့ ..."

"ထားလိုက်လို့တော့ မရဘူး ထွတ်ဦး၊ ဒါကို ငါ အမှန်အတိုင်းသိချင်တယ်"

ထွတ်ဦး က 'ခက်လိုက်တာ' ဟု ညည်းညူလိုက်သလို မျက်နှာနှင့် မျက်လွှာပင့်ကြည့်သည်။ ကထာန်းလက်မပေါင်းကို တူနှင့်ညှပ်ယူလိုက်ရင်း ပါးစပ်ထဲကိုမရောက်သေးဘဲ ခေါင်းဆတ်ညိတ်၏။

"မင်းသိချင်ရင် ငါ ဒီတစ်ခါ အားလုံးကိုသိရအောင် စုံစမ်းပေးမယ်၊ ဒါပေမယ့် လေရှူး ကို မင်းလက်ထပ်ထားလိုက်တော့"

"ဘာဖြစ်လို့လဲ"

"မင်း ကျန်ခဲ့မှာကို မြင်ယောင်နေလို့"

ထွတ်ဦး က ပြတ်ပြတ်ပဲပြောသည်။ မဖြစ်ခင်တုန်းက ဒီကောင်မလေး မလွယ်ဘူးလို့ ပြောပြီး တားခဲ့သေးသည်။ အဲဒီအချိန်မှာမလွယ်

www.burmeseclassic.com



တာက လမ်းပေါ်က ရိုးလင်းနံစတုံးလေးလို့ လေရှူး ကိုသတ်မှတ်ခဲ့လို့ ဖြစ်၏။

အခု တကယ်မလွယ်တဲ့ကောင်မလေးမှန်းသိလာတော့ ကိုယ့်သူငယ်ချင်းကို ရူးသွပ်အောင် ချုပ်ကိုင်ဖမ်းစားနိုင်စွမ်းရှိနေသည့် အထက်ပါ အရည်အချင်းများနှင့် ဖြစ်နေ၏။ ပို၍ တန်ဖိုးကြီးမားနေသည်မှာ လင်း အုပ်စိုး နှင့်ယှဉ်တိုင်း အမြဲတမ်း ရှေ့ကဖြစ်နေခဲ့သော မင်းယောကျ်ားလိုကောင်ကလည်း ပန်းကုံးစွပ်ခံလိုသူဖြစ်နေခြင်းကြောင့်ပင်။

"သူတို့လက်ထပ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေတာ မင်းပြောလို့ ငါသိတာပဲ။ ဒါကို မင်း ဘာဖြစ်လို့ ထည့်မတွက်တာလဲ၊ ပြီးတော့ လက်ထပ်ဖို့က မိဘတို့ဝတ္တရားရှိသည်နှင့်အညီ စီစဉ်ထားတာဆိုရင် ပြဿနာမရှိဘူး၊ ကျားလေးကိုယ်တိုင်က မင်းလိုဖြစ်နေတာ"

ထွတ်ဦး ပြောသည့်စကားတွေကြောင့် အုပ်စိုး မျက်နှာမှာ ဒဏ်ရာတွေ တစ်ချက်တစ်ချက်ဖြစ်လာခဲ့၏။ ဝိုင်ရဲ့အရသာကို အုပ်စိုး ခံနေသည်လား၊ မခံဘူးလားတော့ မသိ။ မျက်နှာမှာ နီညိုရောင်ရင့်လာသည်။ သူ ထင်ပါသည်။ ရင်ထဲကမီးတောက်တွေ မျက်နှာကို တက်ဟပ်နေတာဖြစ်မည်။

"ရွှေ့ မင်းရဲ့မွေးသဖခင်ကြီးကလဲ ခုနစ်လွှာကိစ္စကို မကျေနပ်လို့ ငါ့ကို တစ်မေးတည်းမေးနေတာ"

"ဘာလဲ"

"ဘာရမှာလဲကွ၊ အဲဒီခုနစ်လွှာကို ဒေါ်မေစန်းဆီက မင်းအဖေ ဝယ်ထားတာ၊ ဒီအစုတ်ကြီးအတိုင်း ထားပြီး ငုတ်တုတ်ထိုင်ကြည့်နေဖို့မှ မဟုတ်တာ၊ လက်ရှိဌားနေတဲ့လူတွေကို ဘယ်လ၊ ဘယ်ရက်မှာ ရွှေ့ပေးဖို့ တစ်ပြိုင်တည်းသတ်မှတ်ထားပြီးသား၊ ဒါကို မင်းက ဦးအောင်လင်းရဲ့သားဆိုပြီး ဒေါ်မေစန်းဆီမှာ လေရှူး တိုက်ခန်းငှားတာကို ငှားဖြစ်





အောင် မင်းဝင်ရောတာလေ"

"အေးလေ ... သူလဲ ခြောက်လပဲနေမှာ၊ ဘာဖြစ်သွားတာမို့လို့လဲ"

"မသိဘူး အဲဒါ။ မင်းအဖေကတော့ ဖောင်းပွနေတာ ပေါက်ထွက်တော့မယ်၊ ဟုတ်လဲဟုတ်တာပဲ၊ မင်းက သူသဘောမတူတာကို လုပ်မှာပဲဆိုပြီး အိမ်ပေါ်က ခုန်ချလာတယ်၊ ပြီးတော့ ကင်းတာလဲမဟုတ်ဘူး၊ မင်းက လေရှူး အတွက် တမင်ဝင်ရှင်းလိုက်တာမှန်းသိတော့ ဖောင်းတာပေါ့၊ ဒါပေမယ့် မင်း ကျေးဇူးတင်ထိုက်တယ်နော်၊ အဲဒီထိလိုက်လာပြီး လေရှူး ကို ပြဿနာမရှာဘဲနေတာ"

"ရှာကြည့်ပါလား"

အုပ်စိုး လေသံက မာနေသည်။ သူကလည်း လေရှူး ကြောင့်သာ မဟုတ်ရင် 'ဦးအောင်လင်းရဲ့သား' ပါဆိုပြီး ပါဝါလွှဲခံယူဖို့ လုံးဝ စိတ်ကူးမှာမဟုတ်ပေ။

"ဘာလဲ၊ မင်းက အန်ကယ့်ကို တင်းနေပြန်ပြီလား"

ထွတ်ဦး ကလည်း အုပ်စိုး မျက်နှာကြီးကို ကြည့်ပြီးသိသည်။ အုပ်စိုး က အံကြိတ်ထားသည့်မျက်နှာနှင့် ကုလားထိုင်မှာ ပက်ခနဲ ဆောင့်မှီလိုက်သည်။

"လေရှူး ကို ငါလက်ထပ်နိုင်အောင် ကြိုးစားမယ်၊ အဲဒီတိုက်ခန်းထဲကနေ ချက်ချင်းဆွဲထုတ်သွားမယ်"

"တွေ့လား၊ မာနက ..."

ထွတ်ဦး က မဲ့ရွဲ့ကဲ့ရဲ့သည်။

"မိဘက မင်း အဲဒီလိုမာနကြီးစေချင်တာ မဟုတ်ဘူးကွ၊ ရင်ခွင်ထဲကို ပြန်လာစေချင်တာ၊ သူတို့အမြင်မှာတော့ မင်းရဲ့လေရှူး က ဘာမှ မဟုတ်ဘဲ"

အုပ်စိုး မျက်နှာ တင်းခနဲဖြစ်လျက် လှမ်းကြည့်သည်။ ထွတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ပခုံးတွန့်ပြ၍ ....

"လူကြီးတွေဘက်က ပြောတာပါ၊ ပြီးတော့ လေရှူး ကို မင်း ဒီလိုပုံစံနဲ့ လက်ထပ်ဖို့ကြိုးစားရင် ရမယ်ထင်လို့လား"

"မရနိုင်တာတွေချည်းပြောနေတဲ့ မင်းပါးစပ်ကိုပိတ်ပြီး ပြန်တော့သွား ..."

"ဟာ ... သူငယ်ချင်းမိတ်ဆွေကောင်းဆိုတာ မြှောက်ပင့်ညာစားတာမဟုတ်ဘူးကွ၊ မတော်တာတွေ့ရင် အမုန်းခံပြီး တားဆီးရဲရမယ်၊ ဆိုးအတူ ကောင်းအတူ မျှဝေခံစားနိုင်ရမယ်၊ မင်းကိုငါက လုပ်ကွာ၊ ချကွာနဲ့ ပြောနေစရာလား၊ ဖြစ်လာမှာကို ကြိုတွေးတဲ့နေရာမှာ အဆိုးတွေကိုပဲ ကြိုတွေးထားတော့ ခံနိုင်ရည်ရှိတယ်၊ အကောင်းဖြစ်လာဖို့အတွက်က ပြင်ဆင်ထားဖို့မှ မလိုတာ၊ မဟုတ်ဘူးလား .. ငါပြောတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ငါပြောချင်တာက မင်းရဲ့လေရှူးက တော်တော်ခေါင်းကြောမာတယ်၊ အသည်းမာတာက ပိုဆိုးတာ၊ သူ့ကို တခမ်းတနားလိုချင်နေတဲ့ မင်းယောကျ်ားလိုကောင် ရှိနေတဲ့ဥစ္စာ၊ မင်းက နှစ်ဦးသဘောတူလက်မှတ်လေးထိုးယူပါ့မယ်ဆိုလို့ ရမလား"

"ဘာဆိုင်လို့လဲကွ၊ ကျားလေးနဲ့လက်ထပ်ဖို့ ဖြစ်ခဲ့တာက ဘိုးဘိုးကိစ္စပဲ"

"အခု သူ့ကိစ္စဖြစ်နေပြီလေ၊ ခက်တော့တာပဲ"

ထွတ်ဦး မျက်နှာမှာ အားမလိုအားမရဖြစ်ခြင်းများနှင့် ဘယ်လိုပုံစံရှုံ့တွနေမှန်းပင် မသိတော့ပေ။

"မင်း ဒီလောက်ခေါင်းကောင်းရဲ့သားနဲ့ လေရှူး နဲ့ကျမှ ဂေါက်သွားတာလား"

အုပ်စီး မျက်နှာနီသွားသည်။ ဒေါသဖြစ်သွား၍လား၊ ဝန်ခံနေတာ





လားတော့ မသိ။ ဝိုင်ရှိနေသေးသည့်ဖန်ခွက်ထဲ ထပ်၍ ငှဲ့ချနေသည်။

"မင်း စဉ်းစားကြည့်စမ်း၊ နန္ဒာ အိမ်ပေါ်ရောက်နေတာတောင်မှ သူ လေရှူး နောက်ကိုလိုက်နေတာ၊ အဲဒါ ဘိုးဘိုးနဲ့ဆိုင်နေသေးလား"

အုပ်စီး တစ်ခွန်းမှ မဟာတော့ပေ။ မျက်နှာပြင်သည် တစ်စစီပြုတ်ကျကုန်တော့မတတ် ပျက်စီးယိုယွင်းလာခဲ့၏။

"အတွေးမလွဲနဲ့ အုပ်စီး၊ မင်း အနိတ်ိမြတ်ကိုပဲ အပူကပ်သင့်တယ်"

အုပ်စီး ဖျတ်ခနဲ မော့လာသည်။ ထွတ်ဦး က လက်ကာပြလိုက်ကာ ...

"မိတွေးဆိုတာက မင်းရဲ့အဒေါ်ပဲမဟုတ်ဘူးလား၊ ဟိုမှာ သားသမီးလဲ ထပ်ရတာမရှိဘူး၊ မင်းကိုချစ်လိုက်တာ တုန်လို့ပါကွာ၊ ဒီကိစ္စမှာ အနိတ်ိမြတ်ပါမှ မင်းအဆင်ပြေမှာ၊ လေရှူး ကို မင်းသိမ်းသွင်းကြည့်တာ မရဘူးမို့လား၊ ခုချိန်မှာ လေရှူး စိတ်ထဲမှာ မင်းမရှိပေမယ့်လဲ မနောမြတ် ကို နာကြည်းနေတာတော့ ရှိနေမှာပဲ၊ အခြေအနေတွေ နောက်တစ်မျိုးပြောင်းမသွားခင် အနိတ်ိမြတ်နဲ့ လွှတ်ပေးလိုက်ရင် အများကြီးနိုးစပ်နိုင်တယ်"

အုပ်စီး ဖန်ခွက်ကို ဖိဆုပ်ထားရင်း ငြိမ်သက်နေခဲ့လေသည်။

အချစ်နဲ့သူဟာ ဒီလောက်ထိ စိမ်းသက်နေခဲ့သလား။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇၀)

"ဦးထွန်းလုံ"

သံတိုင်အပြင်ကနေ ခေါ်လိုက်တော့ ဘယ်သူထလာမလဲလို့ ကျားလေး လိုက်ကြည့်မိသည်။ လှည့်ကြည့်လိုက်သည့် ယောကျ်ားတွေထဲမှာ အရပ်ရှည်ရှည်၊ လက်ပြင်ကိုင်းကိုင်းနှင့် နီကျင်ကျင်စုတ်ပြဲနေသော ရှပ်အင်္ကျီရင်ကွဲကို ဝတ်ထားသည့်လူက ထရပ်၏။

အချုပ်ထဲက ထွက်ခွင့်ရလာသည့်အဖြစ်ထက် ဦးထွန်းလုံက ကျားလေး ကိုပဲ အံ့သြထူးဆန်းစွာ ကြည့်လာခဲ့သည်။ ကျားလေး က ကားကို မြို့လယ်ခင်းဘက်သို့မောင်းလာခဲ့ရင်း ...

"ကျွန်တော်က ရန်ကုန်ကပါ၊ နာမည်က မင်းယောကျ်ား လို့ခေါ်ပါတယ်"

"သြော် ... သြော် ... နာမည်ကြားလိုက်တာနဲ့ မင်းရဲ့အရည်အချင်း ကို ငါမြင်လိုက်ပါတယ်၊ ကဲ ... မင်းနဲ့ငါ မြန်မာပြည်အထက်ပိုင်းနဲ့ အောက်ပိုင်း၊ ဘယ်လိုဆက်စပ်မှုတွေနဲ့ ငါ့ကို အချုပ်ထဲက လာထုတ် တာလဲ၊ ပြောပါဦး"

"ဟုတ်ကဲ့၊ စကားပြောလို့ကောင်းတဲ့တစ်နေရာမှာ စားသောက်ရင်း





ပြောကြရအောင်ပါ၊ ဦးလေးဖြစ်တယ်မို့လား"

ဦးထွန်းလုံက အသည်းမည်းမည်းနှင့် နှာခေါင်းက ရှိသင့်တာထက် ပိုမွပြီး ရှုံ့နေသည်။ နှုတ်ခမ်းတွေကလည်း ကျယ်၏။ တဟဲဟဲရယ် လိုက်တော့ တော်တော်အကျည်းတန်ပါသည်။

"စားသောက်ဖို့ကို မဖြစ်ဘဲရှိပုံမလားကွာ၊ ဒါနဲ့ မင်းဘယ်မှာ တည်း တာလဲ"

"မိုတယ် မှာပါ"

"ဟင် .. မိုတယ်ကိုတော့ ငါမလိုက်ဘူးနော်၊ အဲဒီမှာ ငါ ပြဿနာ ရှိထားတယ်"

ဦးထွန်းလုံ ပျာပျာသလဲ ပြောတော့ ကျားလေးပြုံးနေ၏။ မိုတယ် ဟိုတယ်ကြီးက မိုးကုတ်မြို့မှာ အကြီးဆုံးပဲဖြစ်သည်။ နောက်နားမှာ မြို့လယ်ခင်းရှိနေသဖြင့် မိုတယ်၏သာယာလှပမှုက ပို၍ ကြွရွသွားတာ ဖြစ်မည်။

သူ မိုးကုတ်ကို မကြာခဏ ရောက်သည်။ မိတ်ဆွေတွေရှိနေပေမယ့် ဒီမိုတယ်မှာပဲ သူတည်းသည်။ နေဖြစ်ခဲ့တိုင်း အလွန်ဆုံးတစ်လ၊ မိုးကုတ် ကနေ အပန်းဖြေသဘောနှင့် ပတ်ဝန်းကျင်ရွာငယ်ဒေသတွေကို သွား သည်။ အထူးသဖြင့် ကမ္ဘာ့အံ့ဖွယ် တောင်ကြီးပေါ်တက်ပြီး အပန်းဖြေ ရတာကို နှစ်သက်မိခြင်းဖြစ်၏။ ဒါပေမယ့် သူ့ရဲ့ကျေးဇူးရှင်ဘိုးဘိုးနဲ့ ပဓာသက်ပြီး အလွန်အရေးပါသည့် လူတစ်ယောက် ဒီနယ်မြေမှာ ရှိနေ မယ်မှန်းတော့ တွေးပင်မတွေးမိခဲ့ပေ။

မိုတယ်၏ ညာဘက်နားမှာရှိနေသော မြို့လယ်ခင်းဘေးက လက်ဖက်ရည်ဆိုင်မှာ သူတို့အတူထိုင်ဖြစ်ကြပြီးမှ ...

"ဦးလေးက ခဏခဏ အချုပ်ကျဖူးပုံပဲ၊ ဘာတွေဖြစ်လို့လဲ၊ ဦးလေး ရဲ့မိန်းမကတော့ စိတ်ဆင်းရဲမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ လူမှုရေးအရ သူများအကြောင်း မစပ်စုသင့်သောစကား ဖြစ်သည်။ ဒါပေမယ့် ပြောချင်တာတွေရှိသေးသည်။ အတော်အတန် ရင်းနှီးမှုတော့ ရမှဖြစ်လိမ့်မည်။ ထို့ကြောင့် ...

"ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ကျွန်တော်က ဦးလေးမျက်နှာမြို့ နေတာကို ချီးကျူးတာပါ။ တချို့ကျတော့ မူးရင် လုပ်ချင်တာလုပ်တယ်၊ အပြစ်ကျတော့ ကြောက်ကြတယ်"

ဦးထွန်းလုံက ကျားလေး ပြောနေတာကို မျက်နှာကြည့်ရင်း နား ထောင်နေ၏။ ပြောပြီးမှရယ်ကာ ...

"ငိုနေလဲ မုန့်စားရမှာမှမဟုတ်တာ၊ လုပ်ချင်တာလုပ်ပြီးမှ ကြောက် နေတော့ရော၊ ဘယ်သူကမှ ခွင့်လွှတ်မှာမို့လို့လဲကွ၊ ငါ့မှာ ပူပန်ပေးမယ့် မိန်းမလဲ မရှိတော့ပါဘူး၊ ငါ့ရှာတာ ငါသောက်ဖို့ပဲ၊ ရှိရင်စားတယ်၊ မရှိ ရင်မစားဘူး၊ ငိုစရာ ရယ်စရာလိုသေးလား"

ကျားလေးက ရှမ်းတို့ဟူးနှစ်ပွဲနှင့် လက်ဖက်ရည် မှာလိုက်ပြီးမှ ပြန်လှည့်ကာ ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့်မနေနဲ့ကွာ၊ ငါလဲ မျိုချရတာ အခိပ္ပာယ်ရှိအောင် မင်းရဲ့ ရည်ရွယ်ချက်တွေကို ပြောစမ်းပါ။ မင်းကိုငါ လုံးဝမသိဘူး"

ကျားလေး သက်ပြင်းလုံးသေးသေးလေး ကြိတ်ချပြီး အရှိန်ယူ လိုက်သည်။ စကားမှားလို့ မဖြစ်။ အခြေအနေ အတော်အသင့်မခံ နိုင်။ မျက်လုံးထဲမှာ ကိုယ့်ရှေ့မှာပဲ ပိုးစိုးပက်စက် ဖြစ်သွားခဲ့သည့် ဦး ပေသီးကို ခုချိန်ထိ ဖျောက်လို့မရ။

"ကျွန်တော့်ကို ဦးလေးမသိပေမယ့် ဦးပေသီးကိုတော့ သိမှာပါ"

"ဟင် ..."

ဦးထွန်းလုံ မျက်နှာကြီး ညှိုးခနဲ ဖြစ်သွား၏။





"ကိုပေသီး"

ဟု တိုးတိုးရေရွတ်လျက် မျက်နှာငုံ့နေသည်။ သို့သော် ချက်ချင်း ပြန်မော့၍ ...

"သူ သေသွားပြီဆို"

"ဦးလေးကို ဘယ်သူပြောတာလဲ"

ဦးထွန်းလုံ တစ်ချက်စဉ်းစား၏။ ပြီးမှ ခပ်လေးလေးပြောသည်။

"ရန်ကုန်က လူငယ်ပဲ၊ ထွတ်ဦး တဲ့၊ မင်းနဲ့ ငါးရက်ပဲကွာတယ်၊ သူလဲ ငါ့ဆီကို ရှာဖွေလာပြီး ..."

စကားသံ ရပ်သွားသည်။ ကျားလေး မျက်နှာကို စူးစမ်းသလို ကြည့်လိုက်ပြီးမှ ဆက်ပြော၏။

"မင်းကရော ကိုပေသီး ဆုံးသွားပြီကို မပြောဖို့လာတာလား၊ တခြား ကိစ္စလား"

ထွတ်ဦး လာသွားသည်ဆိုတော့ အုပ်စီး မျက်နှာကို သူ မြင်ယောင် သွားသည်။ လေရူး အပေါ်မှာ အုပ်စီး ထားနေသည့်မျှော်လင့်ချက်ကို လျှော့တွက်လို့မဖြစ်တာတော့ သေချာပါပြီ။ ဒါမှမဟုတ် လေရူး ကပဲ ဒီကိစ္စကို အုပ်စီး နဲ့ပေါင်းပြီး ဖော်ထုတ်ဖို့ ကြိုးစားနေတာလား။ တွေး ကြည့်တော့ လေရူး မဖြစ်နိုင်ပေ။ ဒီကိစ္စနဲ့ပတ်သက်ပြီး လေရူး တော် တော် ခါးသီးနေခဲ့တာကို သူ ယုံသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်စရာရှိ တာကို လုပ်ရမှာပဲဖြစ်၏။

"ဟုတ်ပါတယ် ဦးရယ်၊ ကျွန်တော့်လက်ပေါ်မှာပဲ ဦးပေသီး ဆုံး သွားတာပါ၊ သူပြောခဲ့တဲ့ ထွန်းလုံ ဆိုတဲ့ နာမည်တစ်ခုကို ဆုပ်ကိုင်ပြီး မိုးကုတ်မြို့မှာ လာရှာတာပါ၊ ရအောင်မေးခဲ့တဲ့ဖြစ်ရပ်ကလဲ ဒီနယ်တစ် ဝိုက်မှာပဲဆိုတော့ မိုးကုတ်မြို့သားဖြစ်တဲ့ ဦးပေသီးနဲ့ ပတ်သက်တဲ့သူ ဟာ မိုးကုတ် သို့မဟုတ် ဒီနယ်တစ်ဝိုက်ကလူပဲဖြစ်ရမယ်လို့ တွက်ခဲ့

www.burmeseclassic.com



တာပါ။ ကံကောင်းချင်တော့ ဒီကိုရောက်ရောက်ချင်း ကျွန်တော်စုံစမ်းလိုက်တဲ့ ဈေးဆိုင်အိမ်က ဦးလေးရဲ့အစ်မဝမ်းကွဲအိမ် ဖြစ်နေတယ်”

“ဩော် ... မင်းက မသန်းနဲ့တွေ့ခဲ့တာကိုး”

“ဟုတ်ပါတယ်”

ဦးထွန်းလုံက ခေါင်းညိတ်နေ၏။ စားစရာတွေရောက်လာတာကိုတောင် ဟက်ဟက်ပက်ပက် မဖြစ်တော့ပေ။

“ဦးလေး ...စားလိုက်ပါဦး၊ စားရင်းပြောတာပေါ့”

“ရပါတယ်ကွာ”

ဦးထွန်းလုံသည် အတိတ်ကဖြစ်ရပ်များဆီသို့ သူ့စိတ်တွေ လုံးလုံးလျားလျား ရောက်သွားခဲ့ပုံရှိကာ ...

“မင်းလဲ ဒီကိစ္စနဲ့ပဲ ရောက်လာတာကိုး”

ဟု တစ်ကိုယ်တည်းရေရွတ်နေရင်း စူးစိုက်ကြည့်လာပြီး ...

“မင်းက ဒီကို တိုက်ရိုက်လာတာလား”

“ဟုတ်ပါတယ် ဦး၊ ကျွန်တော်က သူဌေးကြီးဦးရက်ရှင်ကိုယ်တိုင်လွှတ်လိုက်တဲ့ သူဌေးရဲ့ မွေးစားမြေးပါ”

“ဟွန်း ... ထွတ်ဦး ဆိုတဲ့တစ်ယောက်ကတော့ ဟိုအရက်သမားဆီက လာတာလို့ပြောတယ်”

ဘယ်အရက်သမားလဲလို့ ကျားလေး မမေးဘဲနေလိုက်၏။ ဦးထွန်းလုံဆက်ပြောလာမှာပဲဆိုတာကို သိ၍ဖြစ်သည်။ ဒါပေမယ့် ပြောတော့ အရက်သမား၏အကြောင်း မပါတော့ပါ။

ဦးထွန်းလုံ၏ နှုတ်ခမ်းပေါ်မှာ နာကျင်ကြေကွဲသည့်အပြုံးတို့ စွန်းထင်းလာရျက် အချုပ်ထဲက ထွက်ခဲ့တာတောင် ပြုံးနိုင်ခဲ့သည့်ကြည်လင်ရွှင်ပျနေသော မျက်နှာက ပျောက်ကွယ်သွားသည်။

“ဟိုတစ်ယောက်ကိုတော့ ငါ့စိတ်ထဲမှာ တစ်မျိုးခံစားမိပြီး ဘာမှ





အကျယ်တဝင့်မပြောလိုက်ပါဘူး၊ ဒါပေမယ့် မင်းက သူဌေးကြီးရဲ့လူဆိုတော့ ငါပြောမယ်၊ ရန်ကုန်မှာဖြစ်ပျက်နေတာ တချို့ကို ထွတ်ဦးဆိုတဲ့ကောင်လေး ပြောသွားလို့ ငါသိပြီးပါပြီ၊ မင်းမသိသေးတာက လင်းလက်နန္ဒာဆိုတာ ငါ့ရဲ့သမီးပဲ”

“ဗျာ ...”

ကျားလေး အံ့ဩသွားသည်။ ဦးထွန်းလုံ ဆိုသည့် နာမည်နောက်ကို သူ လိုက်ခဲ့သည်က ဒီပြဿနာတွေကို ရင်းနှီးပတ်သက်နိုင်သူအဖြစ်နှင့် တွေးခဲ့တာပဲဖြစ်၏။ ဒီပုဂ္ဂိုလ်ကြီးနဲ့နန္ဒာ ဒီလိုပတ်သက်နေမည်ဆိုတာ ဘယ်လိုမှ မတွေးခဲ့မိပေ။

“လင်းလက်ဆိုတာ သူတို့ ဒီကထွက်သွားကြမှ အပိုတပ်လိုက်တာကွ၊ ငါ့သမီးက နန္ဒာပဲ၊ လူတွေဟာ ငွေကြောင့် ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင် ဖနီးသားမယားကတောင်မှ သေကြောင်းကြံတာကို ခံခဲ့ရသေးတယ်၊ ဒါပေမယ့် ငါမသေခဲ့တာဟာ ဒီနေ့ သင်းတို့အလှည့်ရောက်လာဖို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇၁)

ဖုန်းနားထောင်ရင်း၊ ခေါင်းညိတ်နေရင်းနှင့် ဦးစက်ရှင်၏ မျက်ဝန်းထောင့်မှာ မျက်ရည်တွေ စိုစိုစွတ်စွတ် ဖြစ်လာခဲ့သည်။ ကျားလေးပြောပြနေသည့် သမီးလေးမေမြတ်ရှင်နှင့် ပတ်သက်သော အတိတ်ဟာ ခုပဲ ကိုယ့်မျက်စိရှေ့မှာ ဖြစ်ပျက်နေခဲ့သလိုပါလား။

လုပ်ရက်လိုက်ကြတာ ...။ ဇရာနှင့်ရောဂါ နပမ်းလုံးနေရလျက်၊ လျော့တိလျော့ရဲ ဖြူဖပ်ဖပ် ပါးပြင်ဝှိုမှာ မျက်ရည်ဥတွေ ပြိုဆင်းလာ ခဲ့သည်။ ဒေါ်သဇင် ထရတော့မလို၊ ပြေးကိုင်နှစ်သိမ့်ရတော့မလိုနှင့် မျက်ရည်တွေကျနေသည့် ဦးစက်ရှင်၏မျက်နှာကို ဘယ်လိုမှ မကြည့်ရက်နိုင်။

ကျားလေးထံမှ ဖုန်းဝင်လာကာ ဘိုးဘိုးကိုပေးလိုက်ပါ ဆိုလို့ လာပေးခဲ့သည်။ စပြီးနားထောင်ပြီဆိုကတည်းက ဒီမျက်နှာပြင်ဟာ ဖြူဖျော့သွားလိုက်၊ ညိုပုပ်ပုပ်ဖြစ်လာလိုက်။ ထို့နောက် မျက်ရည်တွေ ကျလာခဲ့ရှာသည်။ ကျားလေး ဘာတွေပြောပြနေပါသနည်း။ ထိုစဉ် အနီရဲရဲ ဝတ်စုံကပ်ကပ်လေးနှင့် နနွှာ အခန်းထဲဝင်လာသည်။

"ဘိုးဘိုးကလဲ၊ ဖုန်းပြောနေတာ ကြာလိုက်တာ"





စကားသည် အဆုံးသတ်မှာ လေးဖင့်တုံ့နှေးသွားလျက် ဦးစက်ရှင်၏မျက်နှာဆက်က မျက်ရည်တွေမှာ နန္ဒာ့အကြည့်တွေ စိတ်ဝင်တစားဖြစ်သွား၏။

ဦးစက်ရှင်၏မျက်ဝန်းတွေကလည်း သူ့မထံသို့ ပင့်တက်ငေးမောလာသည်။ နီရဲနေသည့် ဝတ်စုံက ပူလောင်နေသည့် သူ့ရင်ထဲကို သံပူရည်တွေ ထပ်လောင်းထည့်လိုက်သလိုပင်။

"ကျွန်မက ဒီကလေးကို ဘဝပျက်ခံပြီးမွေးခဲ့တာ၊ သူများကလေးကို မွေးစားတာမကြိုက်တဲ့ ကျွန်မယောကျ်ားနဲ့ ကျွန်မလွဲခဲ့ရတယ်၊ ပြန်ပို့မယ်ဆိုတော့လဲ ဆွဲကြိုးက ပျောက်သွားတယ်လေ၊ ဖုန်းဆက်တာက ကျွန်မပါ။ ဖုန်းဆက်ပြီးမှ ဆွဲကြိုးအခိုးခံရတော့ ကျွန်မမှာ သက်သေမရှိအဲ မလာဝံ့တော့ဘူး၊ သေသွားပြီလို့ ထင်ခဲ့ကြတဲ့နှစ်တွေက ကြာပြီမို့လား။ တကယ်တော့ ပေသီး ဆိုတဲ့ အရက်သမားဆီကနေ ကျွန်မ ဒီဆွဲကြိုးကို ပြန်ယူထားခဲ့တာပါ။ သမီးလေးကို မခွဲနိုင်လို့ ပြန်မပို့ဖြစ်ခဲ့ဘူး၊ အဲဒါကိုတော့ ခွင့်လွှတ်ပါ၊ ပေသီးလဲ သူ့သမီးကို ဒီကို လိမ်ညာပြီးလွှတ်ဖို့ ကြိုးစားတာဖြစ်မှာပေါ့၊ အခုက တကယ်တမ်း အတုတွေ၊ အစစ်တွေ ရှုပ်ထွေးလာရင် တကယ့်မြေးအရင်းဖြစ်တဲ့ ကျွန်မသမီးလေး နစ်နာသွားမှာစိုးလို့ တော်တော်လေးဆုံးဖြတ်ပြီးမှ လာခဲ့တာ၊ ကျွန်မကို ဒီမှာ တစ်လနှစ်လလောက်တော့ နေခွင့်ပြုပါ"

ဒေါ်မြလှ၏ စကားလုံးတွေက ထောင့်စေ့နေသည်။ ကိုယ့်အဖြစ်ကို သူ့အဖြစ်လုပ်သွားတာ ကျကျနန ပိပိရိရိ။ နားထဲမှာ ဒီစကားတွေကို ပြန်ကြားလာခဲ့သည်။ မျက်စိရှေ့ရောက်လာနေသည့် မိန်းကလေးကို နာကျင်စွာ ငေးနေမိ၏။

ငါ့မြေးလေး ... ငါ့မြေးကျတော့ နေစရာမရှိ၊ စားစရာမရှိနဲ့ ဘယ်မှာ နေရှာပါလိမ့် ...။ ဦးစက်ရှင် ရင်ထဲမှာ ဆို့နင့်လာသည်။ သမီးနဲ့တူတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး၊ ဒီမျက်နှာလေးကို ငါ ဘာဖြစ်လို့ မယုံကြည်ခဲ့တာလဲ၊ ထွက်သွားတဲ့အထိဖြစ်အောင် ငါ ဘာဖြစ်လို့ ဒီဘက်ကို ထည့်စဉ်းစားခဲ့တာလဲ၊ ပစ္စည်းသက်သေဆိုတာ ဘယ်သူပဲကိုင်လာပြပြ ရတာပဲဆိုတာ မတွေးမိခဲ့တဲ့ငါဟာ အလကားလူ။

"အဖေ"

ဦးစက်ရှင် ဖုန်းလွတ်ကျသွားသည်။

"အဖေ ..."

ဒေါ်သဇင် ကမန်းကတန်း ပွေ့ထူမိသည်။ ဦးစက်ရှင်၏ မောဟိုက်လှိုက်ခါနေသော ကိုယ်လုံးကြီးက ချွေးစေးတွေရွှဲနစ်၍ ခွေခေါက်ကျ သွား၏။

"လုပ်ကြပါဦး၊ ကိုညို .. ကိုညိုရေ ..လာပါဦး"

ဒေါ်သဇင် ငယ်သံပါအောင် အော်လိုက်တာကို ဦးစက်ရှင် ကြားနေရသည်။ ဒါပေမယ့် မျက်လုံးတွေလည်း မဖွင့်နိုင်၊ ခေါင်းထူလို့လဲ မရ။ မြေးလေး ... ငါ့မြေးလေးကို ငါ ပြန်တွေ့ရပါဦးမလား။

သူ လဲကျသွားတာကို ကျားလေး သိသွားပြီး ဖုန်းချလိုက်မှာစိုးသည့်စိတ်က ဝင်လာ၏။ ဖုန်းကို စိတ်ကရောက်ပြီး လက်က မရောက်နိုင်တော့ပေ။ သို့သော် သူ ကြားခဲ့ပြီးသည့်အကြောင်းအရာများပေါ်မှာ ဦးစက်ရှင် နောက်တစ်ခေါက် ပြန်လျှောက်သွားနေခဲ့၏။ ထိုကာလများထဲမှာ သမီးလေး မြတ်ရှင်က ရင်သွေးလေးကို ပွေ့ဖက်၍ ဒဏ်ရာများနှင့်။

"သမီး .. မြတ်ရှင် ..."

သမီးဆီကို သူ ပြေးသွားနေခဲ့ပြီး မရောက်နိုင်။ အဖေ့ဆီကို ပြန်ခဲ့ပါဆိုမှ ခွဲသွားခဲ့ရသလား သမီးရယ် ....။





အခန်း (၇၂)

အဖြစ်တွေဟာ တကယ်တော့ ကြေကွဲစရာပါ။ အတိတ်က အဖြစ်အပျက်တွေမှာ ပါဝင်ခဲ့တာက ဦးပေသီးရယ်၊ မြမြရယ်၊ မြလှရယ် သုံးယောက် မှန်သည်၊ ဒါပေမယ့် မြလှက လောဘကြီးသည်။ ညီအစ်မဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူမအတွက်ကျန်ဖို့ဆိုလျှင် ဘယ်မျက်နှာမှ ငဲ့ညှာရမှန်း မသိပေ။

ကလေးကို သူဌေးကြီးလက်ထဲ ထည့်ပေးဖို့ သေအံ့ဆဲဆဲလူနာက နာမည်၊ လိပ်စာနှင့်တကွ အပ်နှံလိုက်သည်နှင့် ကလေးကိုပွေ့ပိုက်ပြီး နောက်ကို ချက်ချင်းဆုတ်၏။ ဒီကလေးဟာ ရတနာထုပ်မှန်း သူမသိသလို ဦးပေသီးနှင့်မြမြတို့လင်မယားလည်း သိတာပါပဲ။ သို့သော် ကလေးရဲ့အမေက သေဆုံးသေးတာမဟုတ်။မရှင်နိုင်မှန်းသိပေမယ့်လည်း ဝေဒနာအပြင်းအထန်နှင့် လူနာတစ်ယောက်ကို ဒီတိုင်းမထားခဲ့ရက်တော့ ကလေးကိုခဏထားပြီး ခမြတ်ရှင်ကိုပဲ ဂရုစိုက်နေခဲ့ကြသည်။ ပိုဆိုးတာက မြမြမှာ ဒီအချိန်အထိ ကလေးမရသေးသဖြင့် ဒီကလေးလေးကို လိုချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ မေမြတ်ရှင်က ဆွဲကြိုးပါသည့်ရွှံ့အိတ်လေးကို ပေး၍ ဒီဆွဲကြိုးပါမှ ကလေးကို သူဌေးကြီးက ယုံကြည်မှာဖြစ်ကြောင်း ပြောလာခဲ့သည်။ ကလေးကိုရသွားပေမယ့် မြလှမှာ ဆွဲကြိုးမရှိဘဲ ဆွဲကြိုးကိုကိုင်ထားသည့် မြမြမှာတော့ ကလေးကို ပိုင်ဆိုင်ခွင့်မရခဲ့ပေ။

မြမြက ကလေးကို သူဌေးကြီးဆီသို့မပို့တော့ဘဲ မွေးထားချင်သည်။ မြလှကတော့ ကလေးကိုပြပြီး ငွေတွေ ကြိုက်သလိုတောင်းသုံးနေဖို့ပဲ စိတ်ကူး၏။

"ကလေးကို နင်သွားပို့ပြီး ဘယ်လောက်ရမှာမို့လို့လဲ မြလှရယ်၊ ငါ့ကို ကလေးပေးပါဟယ်နော်၊ နင့်မှာ ကလေးတစ်ယောက်ရှိတယ်၊ ငါ့မှာ ကလေးမရှိဘူး၊ ဒီကလေးကို ငါ မွေးပါရစေ"

တောင်းပန်ပေမယ့် မြလှက မရ။

"မွေးချင်ရင် လဲမယ်လေ၊ အဲဒီဆွဲကြိုး ငါ့ကိုပေး၊ ပြီးတော့ နင်တို့ဆီမှာရှိတဲ့ လယ်နှစ်ဧကနဲ့ နွားတစ်ရှဉ်းလဲ ပေးရမှာပဲ"

ကြားလိုက်တော့ ဒေါသတွေ ဗွေ့ဗွေ့ခုန်မတတ်ဖြစ်သွားသည်။ ကလေးကို မြင်ကတည်းက အရူးအမူးဖြစ်သွားခဲ့သည့် ဇနီးသည်ကြောင့် ဦးပေသီး က သဘောတူခဲ့သည်။ ဒီကြားထဲမှာ ထွန်းလုံက အရက်သမားပီပီ ပိုလို့တောင် ကောက်ကျစ်နေသေးသည်။ မိန်းမကို သူက ပြန်မြှောက်ပေး၏။ လင်မယားနှစ်ယောက် ပေါင်းကြံပြီး ပစ္စည်းတွေရော၊ ဆွဲကြိုးပါ ရအောင်ယူသည်။

ဒါက ပထမအရစ်ဖြစ်၏။ ကလေးက အခါလယ်အရွယ်လေးမို့ လူမှန်းသိတတ်နေပြီဖြစ်ကာ စကားလည်းသွက်၏။ ဒေါ်မြမြမှာ ကလေးအတွက် ဘာပဲပေးရပေးရ ကျေနပ်နေသည်။ လယ်ပိုင်ရှင်ဘဝကနေ စာရင်းငှားဘဝမှာ သေလောက်အောင်ပင်ပန်းလည်း ပျော်နေခဲ့ရှာ၏။

နောက်ထပ် ကလေး သုံးနှစ်ကျော် လေးနှစ်ဖြစ်လာတော့ မြလှက





နောက်တစ်ခေါက် ပြန်လှည့်လာသည်။

"မြမြရယ်၊ နင်ကလဲ မိုက်ပ့ါ၊ ကိုယ့်သားသမီးမဟုတ်ဘဲနဲ့များ စီးပွားပျက်ခံပြီး ချစ်တာ ...အံ့ရော"

ဟု စကားစလာ၏။ ညီအစ်မနှစ်ယောက်က ဘယ်တုန်းကမှလည်း မမ ဘာညာမခေါ်ခဲ့ပါ။

"ငါက အမြင်မတော်လို့ပြောတာ၊ နင်က ကလေးမြင်ပြီး လောဘတက်နေတာ၊ နင့်ကြောင့် ကလေးက ဆင်းရဲနေတာကျတော့ ထည့်မတွက်ဘူး"

ဟု စကားတတ်သလောက် ဒါကိုပဲ တူးဆွထိုးနှက်နေ၏။ နောက်တော့ သိပ်မကြာပါ။ ထွန်းလုံနှင့် လင်မယားနှစ်ယောက်ပေါင်းကာ သူဌေးကြီးထံသို့ အကြောင်းကြားဖို့ ကြံစားတော့သည်။ ထိုအခါ လင်မယားစုံတွဲနှစ်တွဲ အကြီးအကျယ် စကားထများတော့သည်။

"မြလှ၊ နင်ဟာ ကိုယ့်အစ်မမှန်းမသိ၊ ဘာမှန်းမသိ၊ မပြောသင့်တာတွေပြော၊ မလုပ်သင့်တာတွေလုပ်ပြီး တော်တော်ယုတ်မာတယ်၊ မြမြကြောင့်သာမဟုတ်ရင် နင်တို့လိုဟာမျိုးတွေနဲ့ ငါ တစ်နာရီတောင် မပတ်သက်ဘူး"

ဦးပေသီး ဒေါသတကြီး ထဖြစ်သည်။

"ပြောမှာ၊ ပြောကိုပြောမှာ၊ ဆွဲကြိုးလဲ ကုန်ပြီ၊ ဒါပေမယ့် အဲဒီဆွဲကြိုးကို ရအောင်ပြန်ရှာမယ်၊ ကလေးနဲ့အတူ ရန်ကုန်ကိုပို့မယ်၊ တကယ်လုပ်မှာ၊ မြလှ သိပ်ယုတ်မာတယ်လို့ အပြောခံရပြီးပြီ၊ တကယ်ယုတ်မာပြမယ်၊ တကယ်လုပ်မယ်"

လင်မယားနှစ်ယောက် တကယ်ကြံစည်ကာ၊ ဆွဲကြိုးနောက်ကို တကယ်လိုက်ကြ၏။ ဆွဲကြိုးက လိုက်လေဝေးလေဖြစ်လာတော့ မြလှက မကျေနပ်ပေ။ သူမအကျင့်ကိုက သူများဒုက္ခရောက်နေတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်သူမို့ သူဌေးကြီးဆီကို ဖုန်းဆက်လိုက်လေသည်။

ဦးပေသီးကလည်း ဒီစိတ်နဲ့ပဲ တရောင်ရောင်ဖြစ်လာသည့် ဇနီးကို ကြည့်ကာ ကလေးကိုသာ ပြန်ပေးလိုက်ရလျှင် ဘာဖြစ်သွားနိုင်သည်ကို ခန့်မှန်းမိ၏။ ထို့ကြောင့် ဦးထွန်းလုံတို့ မျက်ခြေပြတ်သွားတုန်းမှာ တခြားတစ်နေရာသို့ ပြောင်းထွက်ခဲ့လေသည်။

ဟိုမှာအကြောင်းကြားပြီးကာမှ ဒီဘက်မှာ ကလေးက ပြန်ပျောက်သွားသဖြင့် မြလှတို့လင်မယားလည်း သူဌေးကို နောက်ထပ် မဆက်သွယ်တော့ဘဲ သူတို့ပါရော၍ လူလုံးဖျောက်နေလိုက်ကြရတော့သည်။

ဒါတွေဟာ ဦးစက်ရှင်ထံသို့ ကလေးရှိနေသေးကြောင်း ဖုန်းဝင်လာပြီးမှ အစအနပျောက်သွားခဲ့ရသော အကြောင်းများပဲဖြစ်သည်။ နောက်ပိုင်းမှာ ဦးထွန်းလုံ၏ သံ့ဝေဂရလောက်ဖွယ် အဖြစ်သနစ်တွေသည် ဒေါ်မြလှ၏ ပညာခန်းတွေပဲဖြစ်လေသည်။

ဆွဲကြိုးကို ပိုင်ဆိုင်ထားသည့် ထင်ကျော်ဆိုသော ဆန်စက်ပိုင်ရှင်သူဌေးကို မိန်းမတို့မာယာဖြင့် စည်းရုံးသည်၊ ယောကျ်ားဖြစ်တဲ့သူကိုတော့ ဆွဲကြိုးရရေးအတွက်ဟု လှည့်ပြောပြီး နှစ်သိမ့်၏။ နောက်ဆုံးကျတော့ ဒီဘက်က အိမ်ထောင်ရေးလည်း ပြိုကွဲသည်၊ ဟိုဘက်မှာလည်း ကွဲကြ၊ ငိုကြနှင့်။ ဓာတ်ပေါင်းခန်းမှာ ထင်ကျော်နှင့်မြမြ ညားသွားခဲ့၏။

တကယ်တော့ ထင်ကျော်ကို ယူလိုက်ရပြီး ဆွဲကြိုးက အစပျောက်နေခဲ့၏။ သူ့ဇနီးဟောင်းဆီမှာပဲပါသွားသလိုလို၊ လက်ဆင့်ကမ်းရောင်းပြီးပြီလိုလို။

မြလှသည် ယောကျ်ားတစ်ယောက်ထပ်ယူလိုက်ရသည့်အဖြစ်သာ အဖတ်တင်လျက် ဆွဲကြိုးကိုမရခဲ့ပေ။ နောက်ပိုင်းမှာ ဆွဲကြိုးကို ရအောင်ရှာနိုင်ခဲ့သည်ဟုသာ အမှတ်ရမှာဖြစ်သည်။ ထင်ကျော်ကတော့





အရက်သမားကြီးလုံးလုံးဖြစ်ကာ သူမတို့သားအမိက သူဌေးကြီးဆီရောက်ခဲ့ကြ၏။ ဒီအဖြစ်တွေမှာ ဦးပေသီးနှင့် လေရှူးတို့သားအဖက မသမာစွာကြံစည်နေကြသူတစ်စု၏တစ်ဖက်မှာ ပျောက်ကွယ်နေခဲ့ကြသည်။ တကယ့်ကာယကံရှင်က ဘာမှမဟုတ်ဘဲ ဖြစ်နေခဲ့၏။

"ဆွဲကြိုးပျောက်သွားလို့ ဒါကိုမေ့ထားခဲ့ပေမယ့် ဆွဲကြိုးကိုပြန်ရှာတွေ့သွားပြီလို့ သတင်းကြားလိုက်တော့ ဒီကြားထဲမှာ တကယ့်မြေးဖြစ်တဲ့ ကျွန်တော့်သမီးလေး နစ်နာသွားမှာစိုးလို့"

ဟု ဦးပေသီး ပြောခဲ့ဖူးသေးသည်။ ဒီတုန်းကတော့ ဘာမှမရေရာသောအဖြစ်လောက်ကို စဖွဲ့ပြောနေသည်ဟု တွေးမိခဲ့သည်။ ဒါပေမယ့် လေရှူး မျက်နှာလေးကို သမီးနဲ့တူနေတာတစ်ခုတည်းနှင့် ဦးစက်ရှင် မှန်တာမှားတာ ဘာမှမဝေဖန်ခဲ့ပါ။

ဆွဲကြိုးကိစ္စနှင့် ဒီလိုဖြစ်နိုင်ဖွယ် နောက်တစ်ယောက်ပေါ်လာလိမ့်မည်ဟု ထင်လည်းမထင်ခဲ့။ ခုတော့ ကိုယ့်မြေးလေးက တခြားမှာ။

"မြေး ... ငါ့မြေးလေးကို ခေါ်မသွားကြပါနဲ့၊ လေရှူး .. မြေးလေး"

ဦးစက်ရှင် မြေးကို အမိအရ အတင်းလိုက်ဆွဲသည်။ ဝေးကွာလုလုဖြစ်နေသည့် မြေးလေးကြားရအောင် တအားအော်လိုက်မိ၏။

"ဟော ... အဖေ ... အဖေ သတိရလာပြီ၊ အဖေ ..."

ဒေါ်သဇင် မျက်ရည်တွေသုတ်လိုက်ပြီး ကမန်းကတန်း ရှေ့တိုးသည်။ လှုပ်ရှားလာသည့် လက်တို့ကို မထိရဲထိရဲနှင့် ကတုန်ကယင်ဆုပ်ကိုင်လိုက်မိ၏။

ဦးမင်းညိုက ဆံရာဝန်ကြီးတွေကို ပြေးခေါ်သည်။ အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ နှစ်ရက်လုံးလုံး သတိမရခဲ့သော ဦးစက်ရှင်၏ အသက်ဝင်လာမှုက ညဉ့်နက်သန်းခေါင်ကျော်မှာ နေထွက်လာသကဲ့သို့ အားလုံး ယုံလည်းမယုံနိုင်၊ ဝမ်းသာအားရနှင့် ခြေမကိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



လက်မကိုင်မိ ဖြစ်သွားကြသည်အထိပင်။

"ဒီတစ်ခါ အဖေ မရတော့ဘူးထင်တယ် ကိုညို၊ လုပ်ပါဦး"

လေရှုး ကိုလိုအပ်ပေမယ့် အလွယ်တကူ စုံစမ်းလို့မရ၊ ကျားလေးကလည်း အနားမှာမရှိတော့ ခက်နေသည်။ သူမကိုယ်တိုင် လေရှုးကို မြေးနေရာကနေဖယ်ပေးဖို့ ပြောခဲ့သည်။ ကျားလေးနဲ့လက်ထပ်ဖို့ကိစ္စကို မဖြစ်နိုင်ဘူးလို့ပြောခဲ့တာလည်း သူမပဲဖြစ်၏။ ထို့ကြောင့် လေရှုးကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရမည်မှန်းမသိပေ။

လူမမာ၏အသက်ဟာ သူ့ဆန္ဒပဲဖြစ်နေသောကြောင့် လင်းအုပ်စီးနှင့် အဆင်ပြေနေကြသလိုလို သတင်းကြားခဲ့သည့် လေရှုး ကို ပြန်လည်ပိုင်ဆိုင်ခွင့်က ...။

"မိန်းမ၊ မင်းငိုနေတာနဲ့ ပြီးမှာလားကွ၊ မြန်မြန်လုပ်၊ ကျားလေးဆီကို ဖုန်းဆက်စမ်း"

"ဟင် ... ဟုတ် .. ဟုတ်ကဲ့"

ဝမ်းသာ၍ကျသောမျက်ရည်တွေနှင့် စိုးရိမ်၍ ငိုင်တွေသွားခဲ့ခြင်းတွေ ပျောက်ကုန်၏။ ဆရာဝန်တွေ တက်ကြွစွာ လှုပ်ရှားနေကြတုန်းမှာ ဒေါ်သဇင် ဖုန်းကိုင်လိုက်၏။ ဦးမင်းညိုကတော့ သတိရနေပြီဖြစ်သည့် ဦးစက်ရှင်အနားမှာသာ။

"မောင်မင်းညို"

"ဗျာ ... ဦးလေး၊ ဦးလေး ဘာလိုချင်လို့လဲ၊ ကျွန်တော်ရှိတယ်၊ သဇင်လဲ ရှိတယ်လေ"

ဦးစက်ရှင် မျက်လုံးတွေက ဒါမဟုတ်ပါဘူးဆိုသည့် ပစ်မန်းမှုနှင့် ခဏပြန်ပိတ်သွား၏။ ပြီးမှ ခပ်ဖြည်းဖြည်းမွင့်လာကာ ...

"ငါ့မြေးကို ... ငါ ..."

"ဟုတ်ကဲ့ပါ၊ ကျားလေးလဲ မနက်ကမှ ပြန်ရောက်တာ၊ သူ့ မဆင်





မခြင်ဖုန်းပြောလိုက်လို့ ဒီလိုဖြစ်ရတယ်ဆိုပြီး တော်တော်စိတ်မကောင်းဖြစ်နေတာယ်၊ ဦးလေး၊ သက်သာရဲ့လား"

ခေါင်းမညိတ်၊ ခေါင်းမခါဘဲ ဦးစက်ရှင် မျက်ဝန်းထောင့်မှ မျက်ရည်တွေ စိမ့်ကျလာကြ၏။

"လူနာ တော်တော်အားနည်းနေသေးတယ်၊ စကားသိပ်ပြောဖို့ မသင့်သေးဘူး"

ဆရာဝန်က ဦးမင်းညိုကို တားဆီးသလိုပြော၏။ ဦးစက်ရှင် မျက်လုံးတွေက ဆရာဝန်ထံရောက်သွားကာ အင်အား ချိနဲ့စွာဖြင့် လက်ဝါးတွေထောင်ပြီး ကာပြသည်။ ပြီးတော့ သူ့လက်ကို လာကိုင်လိုက်သည့် ဦးမင်းညိုလက်ကို ပြန်၍ ဆုပ်ကိုင်ထားကာ ...

"ငါ ဘာဖြစ်သွားတာလဲ"

ဦးမင်းညိုက ဆရာဝန်ကို တစ်ချက်ကြည့်ပြီးမှ ...

"ဦးလေး၊ သတိလစ်နေတာ နှစ်ရက်ရှိပြီ၊ ကျားလေးနဲ့ဖုန်းပြောလိုက်မှ အကြောင်းစုံသိရပြီး ကျွန်တော်တို့ ဦးလေးအတွက်ရော၊ လေရှုးအတွက်ပါ စိတ်မကောင်းဖြစ်ကြရတယ်"

ဆရာဝန်နှင့်သူနာပြုဆရာမလေးက လူနာ၏ဆန္ဒကို နောက်ဆပ်မပိတ်ပင်တော့ဘဲ လှည့်ထွက်သွားကြသည်။ ဒီတော့မှ ဦးမင်းညိုက ရှေ့ကိုပိုတိုးကာ ...

"ကျားလေးနဲ့ ဦးခွန်းလုံဆိုတဲ့လူကြီး၊ ပါလာတယ်"

"အဲဒါ ငါမသိချင်တော့ဘူး။ ဟိုမိန်းကလေး အခုဘယ်မှာလဲ"

"မရှိတော့ဘူး ဦးလေး"

ဦးမင်းညို ပေါ့ပါးစွာပြောလိုက်ပြီးမှ မျက်နှာတစ်ချက်ပျက်ပြီး ငုံ့ကျသွားသည်။

"*အဖေ ...*"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဇင် ဟိုဘက်ကနေ ဝင်ထိုင်လိုက်ပြီး ဦးစက်ရှင်၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"သမီးတို့ မှားတော့မှားသွားပါတယ် အဖေ၊ ဒါပေမယ့် ယူထိုက်လို့ ယူသွားကြတယ်လို့ပဲ မှတ်ပေးပါ၊ သမီးတို့ကိုလဲ ခွင့်လွှတ်ပါနော်"

ဒေါ်သဇင်က ဦးမင်းညို ရှင်းပြနေသည်ကို ကြားဝင်၍ သူမပဲ ဆက်ရှင်းပြသည်။ ဦးစက်ရှင်က နားထောင်နေ၏။

"ဦးထွန်းလုံ ဆိုတဲ့လူကြီးက လိုက်လာတုန်းကတော့ သူ့မိန်းမကို ဆုံးမလို့ မတရားရှုက့်ဖော်မလို့ ဘာညာနဲ့ ဒီရောက်လာတော့ လင်မယား ပြဿနာတော့ တက်ကြတယ်၊ အဲဒါကြောင့် နန္ဒာက သူတို့ရဲ့သမီးသာ ဖြစ်တဲ့အကြောင်းတော့ ဒေါ်မြလှ ဝန်ခံသွားခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ ဘယ်လိုပြန်ပြီး သင့်မြတ်သွားကြသလဲ မသိဘူး အဖေ၊ သားအမိနှစ်ယောက်စလုံး ငိုကြီးချက်မနဲ့ တောင်းပန်လို့ အဖေကလဲ အရေးကြီး နေလို့ သူတို့ကို သတိတစ်ချက်လစ်သွားတယ်၊ ဒီနေ့လည် သူတို့ထွက်ပြေးသွားကြတာ၊ သမီးရဲ့လက်ဝတ်လက်စားတွေနဲ့ ဗီရိုထဲက သိန်းငါးဆယ်ပါသွားတယ်"

"မီးခံသေတ္တာဖွင့်မသွားလို့ တော်သေးတယ်" ဟုများ အဖေ တွေးလိုက်သလားမသိပေ။ ဘာမှမပြောဘဲ မျက်ဝန်းတွေ ရှေ့တည့်တည့်သို့ ပြန်ရောက်သွား၏။

"ပါပဖေ၊ ဒီအမှန်တရားကို ဖါသိလိုက်ရတာ တန်ပါတယ်၊ နောက်ထပ် ဘာပြဿနာတွေပဲရှိရှိ ငါ့မြေးလေး လေရုး ကို ငါ ဘယ်တော့မှ မစွန့်လွှတ်တော့ဘူး၊ နောက်ဆုံး မြေးမဟုတ်ဘူးဆိုတာမျိုးပဲ ထပ်ဖြစ်လာပစေ"

ဦးစက်ရှင် မျက်ရည်တစ်စက် ထပ်၍ လိမ့်ဆင်းလာပြန်သည်။

"ကျား‌လေးရော"





"သူ လေရှုး နောက်ကိုလိုက်နေတယ် အဖေ"

"အုပ်စီးနဲ့ လက်ထပ်တော့မယ်လို့ ကြားလို့" ဆိုတာ ထည့်မပြောရက်ပေ။ ဒီသတင်း တကယ်ဟုတ်မဟုတ်က မသေချာသေးပါ။ ဒါပေမယ့် လေရှုး ဒီလောက် လွယ်လွယ်ဆုံးဖြတ်မှာမဟုတ်ဟု ထင်ရသလို ဖြစ်လည်းဖြစ်နိုင်နေသည်။

လေရှုး သိထားတာက ဒီအိမ်ကလူတွေ သူမကို မစာနာကြဟု။ တွေးရင်း ဒေါ်သဇင် နေမထိထိုင်မသာ ဖြစ်လာသည်။ ထို့ကြောင့် ဦးမင်းညိုကိုတစ်ချက်ကြည့်ကာ နေရာမှ အမှတ်တမဲ့ပုံစံနှင့် ထထွက်လာခဲ့သည်။

ဒီကိစ္စ မမြတ်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇၃)

"ဘယ်လို .. ဘယ်လို သဇင်"

"ဟုတ်တယ်၊ အဲဒါပဲ မမြတ်၊ လေရှုး က အဖေ့ရဲ့မြေးဖြစ်နေတဲ့ အတွက် ဒီကလေးဟာ မနောမြတ်ရဲ့ ရတနာလေးပါ၊ အထူးသဖြင့် အဖေ့ရဲ့ကျန်းမာရေး၊ အသက်ရှည်ရေးက လေရှုး သူများလက်ထဲရောက် သွားလို့ လုံးဝမဖြစ်ဘူး"

ဒေါ်မြတ်နိုး ဖုန်းကိုင်ရင်း နှုတ်ခမ်းတွေတပြင်ပြင်နှင့် ဘာပြောရ မှန်းမသိ၊ သူမကိုယ်မှာ ဖက်ဖူးရောင်ဖျော့ဖျော့ ပိုးပျော့ချိတ်နှင့် ပဝါပါး ကို လက်မောင်းနှစ်ဖက်မှာ ချိတ်ထားခဲ့ပြီးပြီ။ ပြီးတော့ တံတောင်ဆစ် ကွေးမှာ ရွှေရောင်လက်ကိုင်အိတ်နှင့်။

ခုပဲ လေရှုးနဲ့အုပ်စီးကို လက်ထပ်ပေးဖို့ တရားရုံးကို သွားကြတော့ မလို့ဖြစ်သည်။ ဖုန်းထဲက သဇင့်အသံတွေကတော့ သူမ၏နားစည်ထဲ သို့ ဆက်လက်တိုးဝင်နေဆဲပင်။

"မမြတ်တို့ တကယ်ဆိုရင် ခုလိုကြိတ်လုပ်ကြတာ မကောင်းပါဘူး"

"အို ... အဲဒီလိုတော့ မဟုတ်ဘူး သဇင်၊ ဟိုအပတ်က သဇင်နဲ့





ရွှေဂုံတိုင်မှာ ဆုံလို့ ပြောလိုက်မိပါသေးတယ်၊ တို့ရဲ့စိတ်က သားလေး စိတ်ချမ်းသာဖို့ပါ၊ မိန်းကလေးက ရိုးရိုးသားသား၊ ဆွေသန့်မျိုးသန့်လေး ဆိုရင် ကျေနပ်လိုက်ဖို့ အစကတည်းက ဆုံးဖြတ်ထားတာ၊ အဲဒီအချိန် ကကိုပဲ သားနဲ့တို့နဲ့ အဆက်အသွယ်မရသေးတာ တကယ်အမှန်ပါကွယ်၊ တစ်နေ့ကမှ တို့ကို ဘယ်တုန်းကမှ အရေးမလုပ်ခဲ့တဲ့ သားက တို့ကို လာပြီး ပူဆာတယ်၊ သူ့အဖေကို ပြောပေးဖို့ပါ၊ လေရှုး ကိုလက်ထပ်ချင် တယ်၊ လာပြီး ပြောပေးပါတဲ့"

စကားစလာရပ်ကြည့်လိုက်တော့ သဇင်ငြိမ်နေသဖြင့် နားထောင် နေတာမှန်းသိကာ ...

"တို့ တကယ်ပါ၊ မိန်းကလေးကို အထင်သေးတာတော့ မဟုတ်ဘူး၊ သူ့ဘက်မှာ အကြောင်းကြားတောင်းရမ်းစရာလူကြီးမရှိတော့ သူ့ကိုပဲ တို့ကိုယ်တိုင်သွားပြီး စေ့စပ်ပေးလိုက်တယ်"

"လေရှုး က လက်ခံလိုက်တာပေါ့"

"တော်တော့်ကို ပြောယူရတာပါ၊ သူက သားကိုချစ်လို့တော့ မဟုတ်ဘူးထင်တယ်၊ ဒါပေမယ့် သားက အရူးအမူးဖြစ်နေတော့ တို့က တာဝန်ကျေအောင် ကြိုးစားရတယ်လေ၊ နှစ်ယောက်စလုံးကို သေချာ စီစဉ်ပေးပြီးမှ ကိုလင်းကို ပြောရတယ်၊ တို့လဲ တော်တော်ရင်ဆိုင်လိုက် ရပါတယ် သဇင်ရယ်၊ အခု ပြောချင်တာကလေ ... ကလေးတွေကို တို့ အခုပဲ လက်ထပ်ပေးမလို့"

"ဘာ .. အို ... မဖြစ်ဘူး မမြတ်၊ အဲဒါ မဖြစ်ဘူးနော်၊ ဒီမှာ လူမမာနဲ့"

"အားလုံးစီစဉ်ပြီးနေပြီ သဇင်၊ တို့သမီးဖြစ်သွားပေမယ့် မင်းတို့နဲ့ လဲ ဆိုင်ပါတယ် သဇင်ရယ်၊ ပြတ်တောက်သွားကြမှာမှမဟုတ်တာ"

"မသိဘူး၊ ဒါပေမယ့် အဖေက အဲဒီလိုအဖြစ်မခံနိုင်လို့ မင်္ဂလာ ကိစ္စကို အစကတည်းက အပူတပြင်း စီစဉ်နေခဲ့တာ၊ ဒီသတင်း အဖေ



www.burmeseclassic.com

www.burmeseclassic.com



ကြားရင် ဟတ်(ထ်)အတက်(ခ်) ရနိုင်တယ်၊ ဒီတစ်ခါ ပြန်ရှင်ဖို့ လုံးဝ မလွယ်တော့ဘူး”

“သဇင်ရယ်”

ဒေါ်မြတ်နိုး မခံချင်စိတ်လေးတော့ ဝင်မိပါပြီ။ ပြောရမယ်ဆို ကိုယ်စီစဥ်ပေးခဲ့တုန်းက လေရှူး က သန်းကြွယ်သူဌေးမလေးမှမဟုတ်ဘဲ၊ တကယ့်စေတနာအရင်းခံနဲ့ ထိမ်းမြားပေးဖို့ ဆုံးဖြတ်ခဲ့တာ။ သူတို့က တော့ ဦးစက်ရှင်ရဲ့ မြေးဆိုတာ သေချာနေလို့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ချင်နေကြတာမျိုး။

“ကောင်းပြီ သဇင်၊ တို့နှစ်ယောက်က နှစ်ဖက်လူကြီးတွေ ဖြစ်သွားပြီ၊ တို့လဲ နင်နဲ့ ပြဿနာမဖြစ်ချင်ဘူး၊ တို့အနေနဲ့ နောက်ဆုတ်ဖို့ စဥ်းစားပြီး အခု အုပ်စီးဆီကို ဖုန်းဆက်ပြောလိုက်မယ်၊ သူဆုံးဖြတ်မှာကိုတော့ တို့မတတ်နိုင်ဘူး”

“မမြတ် … လေရှူး က အဖေ့ရဲ့ မြေးမှန်း အုပ်စီး သိတယ်၊ မမြတ်တူ တမင်ဖုံးထားတာ သိလား”

ခေါ်ငင်အော်ဟစ်ရင်း ကျန်ခဲ့မှာပါ။ ဒေါ်မြတ်နိုး ဖုန်းပိတ်ပစ်လိုက်၏။ စက္ကန့်များစွာ ဖြတ်သန်းကျော်သွားခဲ့ပြီးမှ နံပါတ်တစ်ခုသို့ …။





အခန်း (၇၄)

တော်ရုံအသားမျိုးနှင့် မဝတ်ရဲကြသော ကော်ဖီရောင်ပိုးချိတ်ဝတ်စုံလေးက လေရှူး ကိုယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်လေး ရှိနေသည်။ ဝင်းနှစ်နေသည့် ပါးပြင်လေးနှစ်ဖက်က ပို၍ မှုန်ညက်နေသည်။

ပုလဲရောင်ဖျော့ဖျော့လေး ဆိုးထားသော နှုတ်ခမ်းသားပြည့်ပြည့်လေးတွေမှာ စိုလက်လက်နှင့် ရင်ခုန်သံမြန်လာအောင် ညို့နေသည်။ လေရှူး တစ်လှမ်းချင်းလာနေတာကို ငေးကြည့်နေ၍အားမရဘဲ သူ့အနားကိုရောက်သွား၏။

“လှလိုက်တာ လေရှူး ရယ်၊ ကိုယ်မြတ်နိုးနေလို့လား မသိဘူး၊ မင်းကို စူးစိုက်ကြည့်မိလေ၊ ရင်ခုန်သံတွေ မြန်လာလေပဲ”

ပြောရင်း လေရှူး လက်ဖဝါးလေးကို သူ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ လက်ခုံဖြူနုနုလေးကို မြတ်နိုးစွာ နမ်းလိုက်မိသည်။ လေရှူး က လက်ကို သူ့လက်ထဲကနေ အသာလေးဆုတ်ဖယ်သွားတော့ …

“ကျွန်မ ပြောစရာရှိလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

သူက နာရီကိုကြည့်ပြီး လေရှုး ၏လက်ကလေးကို ဆိုဖာနားထိ ဆွဲခေါ်သွား၏။ ဆံပင်တွေကို ဒီတိုင်းဖြန့်ချလျက် မခြုံဘဲ လက်မောင်းပေါ် တင်ထားသည့် ပဝါလေးကို သူ ဆွဲယူလိုက်သည်။ ပြီးတော့ နောက်ကနေ သိုင်း၍ လက်မောင်းနှစ်ဖက်ကနေ သေချာခြုံပေးသည်။ သူ လုပ်ပေးလိုက်တာကို သူ သေချာပြန်ကြည့်၍ ကျေနပ်နေသေးသည်။

"ပြော ... ဘာလဲ"

"သွားဖို့အချိန်နီးနေပြီလား"

သူ နာရီကြည့်လိုက်တာကို သတိရသဖြင့် လေရှုး ကမေးသည်။ အုပ်စီး ခေါင်းခါ၍ လေရှုး လက်ဖဝါးလေးကို သူ့လက်ဝါးပေါ်မှာ သေချာဖြန့်ထပ်လိုက်၏။

"လက်ထပ်တယ်ဆိုတာ ဘာကိုပြောတာလဲမသိဘူးနော်၊ ဒီမှာ ထပ်ပြီးပြီ၊ ကြည့်"

ဟုပြော၍ ဖိဆုပ်ထားသည့်လက်တို့ကို ထောင်ပြသည်။ ပြီးမှ မရယ်မပြုံးနှင့် စိုက်ကြည့်နေသည့် လေရှုး မျက်နှာလေးကို မျက်စိတစ်ဖက်မှိတ်ပြ၍ ...

"ပြောလေ၊ သွားဖို့အချိန်နီးတာ မနီးတာ ပြဿနာမရှိပါဘူး၊ ထွက်ဦး အချိန်ကိုက်ရောက်လာမှာ၊ ကိုယ်က စိတ်လှုပ်ရှားရင် ကားမောင်းလို့ မရဘူး၊ အခု မင်းကို ပိုင်ဆိုင်ခွင့်ရမယ့် ရင်ခုန်သံတွေနဲ့ တစ်ကိုယ်လုံး တုန်ယင်မြောက်ကြွနေတာ၊ ဘယ်လိုလုပ်ကားမောင်းမလဲ"

စကားပြောနေသည့်မျက်ဝန်းတို့က ရီဝေညို့ငင်နေ၏။ ချောမွေ့နေသည့် သူ့မျက်နှာတစ်ခုလုံးမှာ လေရှုးမှလွဲ၍ ဘာမှအရေးမပါသည့် တစ်ခုတည်းသော စူးစိုက်ခြင်းတို့သိသာစွာ ပေါ်လွင်နေသည်။ တစ်ယောက်၏မျက်ဝန်းတို့ကို တစ်ယောက်က ငေးကြည့်လျက် ...။





"ရှင် .. ကျွန်မကိုချစ်တာ သိပ်ကိုသိသာပါတယ်၊ မယုံနိုင်စရာပေမယ့် မယုံဘဲနေလို့မရဘူး၊ ဒီလိုလူမျိုးကို ဘယ်တော့မှ အထင်ကြီးမှာမဟုတ်ဘူးလို့ ယုံကြည်ခဲ့တဲ့စိတ်ထဲမှာ အခု လက်ထပ်ဖို့ထိဖြစ်လာခဲ့တယ်၊ ဒါပေမယ့် ..."

"ဒါဆို နည်းနည်းတော့ အထင်ကြီးခံရပြီပေါ့"

လေရှုး က ခေါင်းခါပစ်လိုက်ကာ ...

"ဒါပေမယ့် ရှင် ကျွန်မကို သိပ်ပြီးမြတ်နိုးမနေပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ပြန်မပေးနိုင်ဘဲနဲ့ သူများဆီက အဆမတန် ကျွန်မ မလိုချင်ဘူး"

"ကိုယ်က အဆမတန်ပေးနေရတာကိုပဲ ကျေနပ်နေလို့ဆိုရင်ရော"

မချိတရိရယ်ဖို့ ကြိုးစားနေသည့် သူ့နှုတ်ခမ်းတွေကို လေရှုး ကြာကြာမကြည့်ချင်၊ ဒီယောကျ်ား ကိုယ့်ကိုချစ်နေမှန်းသိလာတော့လည်း တုံ့ပြန်ဖို့ သူမဘက်မှာ ခဲယဉ်းနေခဲ့သည်။ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာက 'မနောမြတ်'နဲ့ ပြတ်တောက်သွားဖို့ပဲဖြစ်သည်။ တကယ်ဆို အားလုံးဟာ ကိုယ်ထွက်လာခဲ့တဲ့နောက်မှာ ကျန်ခဲ့တာမျိုးပဲ ဖြစ်သင့်၏။ ခုတော့ ကျားလေးက ထပ်ပါလာသည်။ ဒေါ်သဇင်ကလည်း လိုလားနေသည် ဟု ကြား၏။

ဘိုးဘိုးကြောင့်ပဲဖြစ်မှာပါ။ ဟန်ဆောင်ပေးပါဦး၊ လူမမာကို ငဲ့ညှာပါဦး၊ ဒါ့အပြင် ဘာမှဖြစ်ဖို့ မရှိပေ။ ငွေတွေထပ်ပေးမည်။ 'ဒါက တာဝန်၊ လူကို စိတ်မကူးနဲ့' လို့ ဒေါ်သဇင် ထပ်မံတားဆီးပိတ်ပင်လာဖို့လည်း ရှိသေးသည်။ ထို့ကြောင့် သူမ 'မနောမြတ်' ကို မေ့ချင်သည်။

သူမဟာ လူကဆင်းရဲပေမယ့် ဒီလောက်တော့ မာနရှိသေးတယ် ဆိုတာကို ဒီလူတွေ သိစေချင်၏။ အထူးသဖြင့် ဘိုးဘိုးကို တကယ်ချစ်ခဲ့၊ တကယ်ပြုစုခဲ့တာပါ။ ဒါကို စော်ကားခံရတာ ရင်နာစရာအကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြစ်သည်။ ထိုအကြောင်းများကြောင့် လက်ထပ်ဖို့ဆုံးဖြတ်လိုက်ခြင်းဟာ ကိုယ့်ဘက်က ဖြေရှင်းလိုသည့်ပြဿနာတစ်ရပ်ဖြစ်၏။

အုပ်စီး ကို အသုံးချလိုက်သလိုဖြစ်သွားခဲ့မှန်းသိတော့ ငါမတရားဘူးလို့ အဖြေထွက်၏။ ဒါကိုဖွင့်ပြော၍ ပွင့်လင်းချင်သည်၊ တောင်းပန်ချင်သည်။

စကားတွေပျောက်ဆုံး၍ မျက်တောင်ဖျားလေးတွေ စိုက်ချငေးရင်း ငြိမ်ကျသွားသည့် လေရှူး ကို အုပ်စီး က ဖွဖွလေးသိုင်းဖက်ကာ ...

"ဘာတွေ တွေးနေတာလဲ"

"ကျွန်မ ...."

"မလိုပါဘူးကွာ၊ မင်းပြောချင်တာကို ကိုယ်သိတယ်၊ မင်း ကိုယ့်ကို အသုံးချလိုက်တာမှန်းသိရက်နဲ့ ကိုယ်က ကျေနပ်နေခဲ့တာပဲ၊ ကိုယ် 'အ' လို့ ခံရတာမှမဟုတ်တာ၊ ပြီးတော့ မင်းရဲ့ကိစ္စတွေကို အစအဆုံး ကိုယ်က သိနေတဲ့သူ၊ ကူညီတယ်လို့လဲ မှတ်တယ်၊ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို အခက်အခဲတွေကြားထဲက ဆွဲထုတ်ပေးနိုင်လို့ ကျေနပ်တယ်၊ ကိုယ်လိုချင်တာက မင်း ကိုယ့်အပေါ်မှာ နောက်ထပ်မာနတွေ သိပ်မကြီးဖို့ပဲ၊ ကိုယ်ပေးသလိုပြန်ရမှ ကျေနပ်မယ်ဆိုတဲ့ စိတ်မျိုး ကိုယ်မထားဘူး၊ ဒါပေမယ့် ကိုယ်ပေးတာကိုတော့ မင်း ကြည်ကြည်ဖြူဖြူ ယူပေးပါ"

လေရှူး မျက်ဝန်းလေးတွေ ဝင့်တက်လာသည်။ သူ့မျက်နှာက ပို၍ ငုံ့ကျလာသည်။

"မင်းကို ကိုယ်ချစ်တယ်၊ ဘယ်လို ဘယ်ကာပဲ နေရနေရ၊ ကိုယ်လိုချင်တာ မင်းကိုချစ်နေခွင့်တစ်ခုပဲ၊ ကိုယ့်ရဲ့ချစ်ခြင်းမှန်ရင် မင်း ဘယ်လိုမှ မတုံ့ပြန်ဘဲနေလို့ မရဘူး၊ အဲဒါကိုလဲ ယုံတယ်"

"ဖြစ်မလာရင်ရော"





လေးနက်သိပ်သည်းမှုတွေနှင့်ပြည့်နေသည့် မျက်နှာမှာ ရယ်ကျဲကျဲ မချိုမချဉ်ပုံတွေ ပြန်ဖြစ်လာ၏။ ပြီးတော့ ဟွန့်ခနဲ ရယ်လိုက်ပြီး နဖူးချင်း တစ်ချက်တိုက်၏။

"မင်းကို ကိုယ်ကပိုင်ပြီဆိုရင် မင်း ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူဘူးဖြစ်စေ နေရာတကာ ဖွတ်ယူမှာပဲ၊ ဒါက ပိုင်ချင်တဲ့ ပထမစိတ်၊ နောက်တစ်ခုက ဇနီးမယားဆိုတာ ကိုယ်က ဘယ်လိုနေနေ တို့ယောကျ်ားက ကြင်နာတာကိုတော့ လိုချင်မှာပဲ၊ တခြားမိန်းမကို ကြင်နာနေတာမြင်ရင်လဲ ပြုံးနေနိုင်တဲ့မိန်းမ မရှိဘူး၊ တကယ်လို့ကွာ၊ ငါမှမချစ်တာ၊ ဘယ်သူ့ရှုပ်ရှုပ် ဆိုတဲ့ စိတ်မျိုးမွေးထားရင်တောင် ခဏပေ့"

"ကျွန်မကတော့ ဂရုစိုက်မှာမဟုတ်ဘူး"

"ဒါက မင်းအပြောကြီးတာပဲ၊ မယုံရင်ကြည့်နေ [illegible] ကောင်မလေးတွေနဲ့ တွဲမယ်၊ သွားမယ်၊ [illegible] ကြင်နာပြမယ်၊ အဲဒီအခါ ..."

"ကြင်နာပြမယ်လို့ ပြောမနေပါနဲ့ ကြင်နာမယ်လုပ်ပါ၊ ရှင် ဝါသနာပါမှန်း သိနေတာပဲဟာ"

"ဟော ... ဟော ... အဲဒါ ... အဲဒါ သဝန်တိုတယ်လို့ ခေါ်တယ်၊ မျက်ခုံးလေးတွေတွန့်နေပြီ၊ နှုတ်ခမ်းက မသိမသာ သုံးလက်မလောက် ရှေ့ကို စူထွက်လာပြီ၊ မှန်ယူပြရမလား"

"သွား ....."

ရယ်ချင်လာသဖြင့် နှုတ်ခမ်းကို အတင်းဖိပိတ်ထားကာ သူ့ကိုလည်း မျက်စောင်းထိုးလိုက်သည်။ အုပ်စီး ကရယ်နေရင်း လေရှူး တစ်ကိုယ်လုံးကို တင်းကျပ်စွာဖက်ထားလိုက်ပြီး ....

"ဟိုတုန်းက အဲဒီလို အသည်းယားအောင် လုပ်လုပ်သွားတာတွေပေါ့၊ ကိုယ် ရှူးကျန်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းပွတ်တိုက်ပြီး နှုတ်ခမ်းလေးတွေကို အမိဖမ်းဖို့ ကြိုးစား ၏။ လေရှူး တိမ်းရှောင်နေမိရင်းမှ သူ့စကားတွေကို သတိရသွား၏။ ရှက်ရှက်နှင့်ပဲ မျက်ဝန်းလေးတွေကို မှိတ်ထားပေးလိုက်သည်။

ထိုစဉ် ဖုန်းသံက ဆူညံစွာ ထမြည်လာ၏။ လေရှူး သူ့ကို တွန်း ပစ်လိုက်ကာ ...

"ဖုန်းကိုင်လိုက်လေ"

"မကိုင်ဘူး"

အုပ်စိုး က ဂျစ်ကန်ကန်၊ ဖုန်းကို ပိတ်ပစ်လိုက်တာလည်း မဟုတ်၊ ကိုင်လည်း မကိုင်ဘဲ ဖုန်းသံက ကြားမကောင်းအောင် ဆူညံနေလေ သည်။ ကဲလည်းကဲ၍ ရဲလည်းရဲသည်။ ပြီးတော့ ဇွတ်တရွတ်ဆန်လွန်း တာလည်း သူပဲဖြစ်သည်။

"တောက် ... ကိုင်ပေါက်လိုက်ရရင် ဒီကောင်လွန်ဦးမယ်"

တက်ခေါက်၍ ဖုန်းကို ကိုင်ရင်း ဆိုဖာမှာ ဆောင့်ခနဲ မှီသည်။ ကြည့်လိုက်တော့ အန်တီမြတ်ဆီက ဖုန်း။ တကယ်ကိုင်ပေါက်ချင်နေလျက် နှင့် နားထောင်လိုက်ရ၏။

"ဟင် ..."

ဆတ်ခနဲ ကိုယ်မတ်သွား၏။ သူ့မျက်လုံးတွေ ဟန်ဆောင်ကာကွယ် ချိန်မရလိုက်ဘဲ ရှုံးရဲကျဉ်းမြောင်းသွား၏။ လေရှူး ဘက်ကို ပခုံးတစ်ခြမ်း စောင်း၍ ကျောပေးထားလိုက်ပြီး နေရာမှ တဖြည်းဖြည်းထရပ်သည်။

သူ တံခါးဝသို့ လျှောက်ထွက်သွားတာကိုလည်း လေရှူး တစ်ချက် လှမ်းကြည့်ပြီး ဆံပင်တွေကို သေသပ်အောင် ပြန်၍ ဖိသပ်ချသည်။ ပဝါကို စောစောက သူချွပေးခဲ့သည့်အတိုင်း လက်မောင်းမှာ ပတ်ချိတ် ပြီး ခြုံထားလိုက်၏။ ပြီးတော့ ဖျတ်ခနဲ သတိရလိုက်သည်က နှုတ်ခမ်း၊ နှုတ်ခမ်းနီပြန်ဆိုးရန် လက်ကိုင်အိတ်လေးကိုဖွင့်၍ နှုတ်ခမ်းနီဘူးကို





ထုတ်ယူနေစဉ် ...

"သွားမယ် လေရှူး"

"ဒေါက် ..."

လက်ကိုလာဆွဲလိုက်သဖြင့် နှုတ်ခမ်းနီဘူးက ဒေါက်ခနဲ ပြုတ် ကျသွား၏။ လေရှူး အံ့သြဟန်နှင့် မော့ကြည့်လိုက်မိစဉ် သူ့မျက်နှာက သုန်မှုန်လျက်။

"ထလေ၊ သွားမယ်ဆိုမှ"

ပြောရင်း ဆွဲထူလိုက်သဖြင့် လေရှူး ပုံပျက်ပန်းပျက် ထရပ်လိုက် ရ၏။

"ဘယ်လိုဖြစ်နေတာလဲ အုပ်စိုး၊ စောစောကပဲ ထွက်ဦး လာမှဆို"

"အခု မစောင့်တော့ဘူး၊ သွားမယ်"

"အိုး ... ဒီမှာ"

"လာစမ်းပါ"

မိန်းမသားပီပီ နှုတ်ခမ်းနီလေးတော့ ထပ်ဆိုးချင်သေး၏။ သို့သော် ဘူးကိုငုံ့ကောက်လိုက်သည့် လေရှူး၏လက်တစ်ဖက်ကိုပါ သူက ထပ် ဆွဲပြီး ဒီတိုင်း အိမ်ရှေ့ကို ခေါ်ချသွား၏။

လက်ကိုင်အိတ်ကိုလည်း ပြန်မပိတ်ရ၊ သူ ဇွတ်ဆွဲလာသဖြင့် ပဝါ ကလည်းဖြစ်ချင်တိုင်းဖြစ်နေလျက် ကားပေါ် ရောက်လေသည်။

ဒီကားက သူ့ကား၊ အစောဦး လာခေါ်မှာက အန်တီမြတ် စီစဉ်ပေး လိုက်မည့်ကားဖြစ်သည်။ လေရှူး ကိုသူမပြောခဲ့သော်လည်း ကားမှာ အလွန်လှသော ချစ်စရာမင်္ဂလာစုံတွဲပုံလေးနှင့် မင်္ဂလာကားဖြစ်အောင် စီစဉ်ခိုင်းထားခဲ့၏။

ရုံးမှာ လက်မှတ်ထိုးရုံပဲ တော်ပါပြီဟု လေရှူး ပြောတာကို လိုက် လျောချင်သည်၊ ပြီးတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ်မှာ လေရှူး ကို အပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



လသာထပ်ထားလိုက်မှ ပိုင်ဆိုင်နိုင်မှာကိုသိနေသဖြင့် လက်မှတ်ထိုးဖို့ကို စီစဉ်ခဲ့တာဖြစ်သည်။

တကယ်ဆို ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးနှင့် လေရှူး ကို သိမ်းပိုက်ချင်သည်။ အခြေအနေက မဖြစ်ခဲ့တော့ ဖြစ်ခွင့်ရတာလေးကိုပဲ လှလှပပ ခမ်းနားအောင် ကြိုးစားရ၏။ ခုတော့ ....။

"ဘာဖြစ်လို့လဲဟင်"

ကားကို ခြံထဲကနေ အကြမ်းပရမ်း ဘက်ခ်ဆုတ်ရင်း အပြင်ကိုရောက်မှ လမ်းကြောထဲကို ကွေ့ဝင်ပစ်လိုက်ပြီး လှည့်ကြည့်၏။

"ဘာမှမဖြစ်ပါဘူး၊ ထွတ်ဦး မလာနိုင်တော့ဘူးတဲ့၊ ရုံးကနေပဲ စောင့်မယ်ဆိုလို့"

လေရှူး က သူမ အဖြစ်ဆိုးစွာ ကားပေါ်ပါလာရတာကို ကျေနပ်ပုံမရဘဲ မျက်မှောင်လေးကုတ်နေသည်။ ကားက လိုတာထက်ပိုပြေးနေတာကို ပြန်ကြည့်ကာ ...

"ဒါဆိုလဲ ဘာဖြစ်လို့ အရေးကြီးနေတာလဲ၊ လမ်းပေါ်မှာ ဒီလောက်မြန်နေတာ"

သူ ဘာမှပြန်မပြောနိုင်တော့ပေ။ အရင်လိုကာမှ အနေးတွေ့သည်။ မီးပွိုင့်လွတ်အောင်မောင်းလျက်နှင့် သေချာမိ၏။ ထိုစဉ် ဘေးမှာယှဉ်လျက် ရပ်လာသည့်ကားပေါ်မှာ ...

"လင်းအုပ်စီး"

"ဟင် ..."

ကျားလေးကို လေရှူး လည်း လှမ်းမြင်လိုက်၏။ ကြည့်လိုက်တော့ အုပ်စီး မျက်နှာက ရှိနေကျ ဂရုမစိုက်သည့်မဲ့ပြုံးတို့ ဘာမှမရှိဘဲ ပြေး၍ ထိုးသတ်တိုက်ခိုက်တော့မလို နီရဲခက်ထန်လျက် အံကြိတ်လိုက်တာကို တွေ့သည်။ ကားတွေက စီတန်းညပ်ပိတ်နေသဖြင့် ဘယ်ကမှ ဖောက်





ထွက်ကျော်တက်သွားလို့လည်း မရ။

"မင်းလုပ်နေတာ သူခိုးကျင့်သူခိုးကြံဖြစ်နေပြီ၊ အဲဒါ မင်းနားလည်ရဲ့လား၊ လေရှူး က ဘိုးဘိုးရဲ့ မြေးအရင်းဖြစ်နေမှန်း မင်းသိတယ်၊ ထွတ်ဦး ကို သေချာစုံစမ်းခိုင်းခဲ့ပြီးမှ ဒါကိုလျှို့ဝှက်ပြီး မင်း လေရှူး ကို သိမ်းပိုက်ဖို့ ကြိုးစားတာ"

"ဟင် ..."

လေရှူး ဒီဘက်ကနေ အားလုံးကြားလိုက်သည်။ နှစ်ယောက်စလုံး၏မျက်နှာတွေက လူကွယ်ရာမှာသာဆိုလျှင် တိုက်ခိုက်သတ်ပုတ်ကြတော့မှာ သေချာသည်။ ဘယ်သူမှားနေတာလဲ။

ကြည့်လိုက်တော့ အုပ်စီး မျက်နှာက အရောင်တွေအမျိုးမျိုးဖြစ်နေလျက် စတီယာရင်မှာ ဖိဆုပ်ထားသော လက်တို့မှာ တည်ငြိမ်မှုမရှိ။

"မင်း ရှေ့မှာကားရပ်လိုက်ပါ၊ ဒီကိစ္စတွေက လက်ထပ်ပြီးမှ လေရှူးသိရင်လဲ မင်းစိတ်ချမ်းသာရမှာမဟုတ်ဘူး၊ အန်တီမြတ်ကိုယ်တိုင် မင်းလက်ထပ်ဖို့ကိစ္စကို ဦးဆောင်မပေးတော့ဘူးဆိုတာလဲ မင်းသိတယ်မို့လား၊ မင်း ဘယ်သူမှမသိကြသေးဘူးထင်တဲ့ အမှန်တရားကို အခု အားလုံးသိလို့ ဘာဖြစ်သင့်တယ်ဆိုတာကို လက်ခံကုန်ကြပြီ"

"မင်းပါးစပ်ကိုပိတ်လိုက် ကျားလေး၊ အခု လေရှူး ငါ့ဘေးမှာ ရှိနေတယ်၊ ငါအသက်ရှင်လျက်နဲ့ ဘယ်ကောင့်လက်ထဲကိုမှ ငါကိုယ်တိုင်ထည့်ပေးမှာမဟုတ်ဘူး၊ လေရှူး ကို ပိုင်ဆိုင်ရမယ်ဆိုရင် ကျန်တာဘာဖြစ်ဖြစ် ငါ့အတွက် အသေးအဖွဲ့ပဲ၊ အမှန်တရားတွေ မွေ့ပိုက်ပြီးမင်း စိတ်ကူးယဉ်မနေနဲ့၊ အချစ်အတွက် အမှန်တရားမလိုဘူး"

ပြော၍ ဘေးမှန်ကို တင်ပစ်လိုက်သည်။ မီးပွိုင့်က စိမ်းသွား၏။

"အုပ်စီး ..."

လေရှူး က အုပ်စီး လက်မောင်းကို ဆုပ်ကိုင်၍ မျက်နှာကို သေချာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ငုံ့ကြည့်ကာ ...

"ရှင် မလိုပေမယ့် ကျွန်မက လိုတယ်၊ ရှင် ကားရပ်လိုက်ပါ။ အားလုံးကို ကျွန်မ သေချာသိချင်တယ်"

"မရပ်နိုင်ဘူး"

အုပ်စီး လေသံမှာ နူးညံ့လိုက်လျောမည့်ပုံ အလျဉ်းမရှိပေ။ ကားက ဘေးဘက်ကို ဝေ့ခနဲ ဝိုက်ကွေ့လျက် အရှိန်ပို၍ မြန်လာ၏။ ဒီလို ဖွတ်တာရှုတ်အနိုင်ယူတာကို လေရှူး မကြိုက်ပါ။

သူက အနိုင်ယူတတ်သည့်အကျင့်ရှိနေလျှင် ကိုယ်ကလည်း အရှုံးမခံနိုင်တဲ့လူပဲ။

နောက်ကိုကြည့်လိုက်တော့ ကားတစ်စီးကျော်မှာ ကျားလေး ပါလာ၏။ သူမ မသိခဲ့သော အချိန်အနည်းငယ်အတွင်းမှာ ဘာတွေ ပြောင်းလဲကုန်သည်ကို သူမ မသိပေ။

ဒါပေမယ့် စောစောက ကျားလေး ပြောသမျှ မမှားဘူးဆိုတာကို တော့ အုပ်စီး ၏အမူအရာ၊ အပြုအမူတွေက သက်သေခံနေပြီဖြစ်၏။ မြေးဖြစ်တော့လည်း ဘာဖြစ်လဲ၊ ကိုယ်ကိုယ်တိုင် ကြည်ဖြူစွာ ခေါင်းညိတ် ခဲ့ပြီးသည့်ကိစ္စမှာ ချက်ချင်းပြန်၍ ခေါင်းခါလိုက်၊ လက်ကာလိုက်နဲ့ ဒီက လုပ်မှာလား။

ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြပြီးမှ ထွက်လာတဲ့အဖြေကို ဆုံးဖြတ်ကြဖို့ပဲဖြစ်သည်။ အုပ်စီး ဒီလိုနည်းနဲ့ အနိုင်ယူချင်တာကို လေရှူး ဘယ်လိုမှ ခေါင်းငုံ့မခံနိုင်ပါ။ ရိုးသားမှုမရှိတာကို အချစ်သူရဲကောင်းကြီး လို ကိုးကွယ်ရမှာလား။

"တောက် ..."

တင်းမာနေသည့် သူ့မျက်နှာကိုကြည့်၍ လေရှူး တက်ခေါက်သည်။ အုပ်စီး က ဖျတ်ခနဲ လှည့်ကြည့်၏။





"သိပ်မခံချင်ဖြစ်နေလား လေရှူး၊ သိတယ်၊ မင်းက ကိုယ့်ကို အစကတည်းက အထင်မကြီးခဲ့တဲ့ မိန်းမပဲ၊ ကျားလေးကို မင်းရှက်ပြီး ထွက်ပေါက်ရှာတာ၊ မင်း အသုံးချတာကိုသိလျက်နဲ့ ကိုယ်က ကျေနပ်ပါတယ် လို့ပြောခဲ့တာကိုရော မှတ်မိလား၊ မင်းက ဦးစက်ရှင်ရဲ့မြေး အချိန်မရွေး ဖြစ်လို့ရတယ်၊ ကိုယ့်ရဲ့ဇနီးဖြစ်လာဖို့ မလွယ်ဘူး၊ အဲဒါကြောင့် ကိုယ် မပြောဘဲထားခဲ့တာ၊ မင်းကို ကိုယ်ပိုင်ပြီးရင် မင်းစိတ်ချမ်းသာဖို့ ကိုယ် အားလုံးလိုက်လျောမယ်၊ တစ်ရက်ပဲစောင့်၊ မင်းပြောသလို ဘာဖြစ်ဖြစ် ကိုယ့်ဘက်က ခေါင်းခါတာမရှိစေရဘူး"

ကားမောင်းနေရင်း၊ ရှေ့ကိုကြည့်နေရင်းနှင့် လေရှူး ဘက်ကို သူ မလှည့်တော့ပေ။ စကားတွေ မနားတမ်းပြောနေရင်း အံကြိတ်ထားသဖြင့် သူ့စကားသံတွေက အားစက်ခက်ထန်နေသည်။

"တစ်ရက်ဆိုတဲ့ကာလမှာ ကျွန်မကို ရှင်က ပိုင်ပြီလို့ တွက်လိုက်တာလား အုပ်စီး၊ မှန်တယ်၊ လက်ထပ်ပြီးရင် ရှင်ပိုင်ပြီ၊ ဒါပေမယ့် ကျွန်မ သဘောမတူဘဲ ရှင်တစ်ယောက်တည်း လက်ထပ်ချင်နေလို့မရဘူးဆို တာတော့ သိဖို့လိုတယ်"

အုပ်စီး ဖျတ်ခနဲ လှည့်ကြည့်သည်။ လေရှူး က မဲ့ကြည့်ပြီး လမ်း ဘက်ကိုလွှဲသည်။

"ရှင် လိုက်လျောမှာတွေ၊ ဘာမဆိုဖြစ်စေရမယ်ဆိုတာတွေ၊ အားလုံး ကို ဒီကိုမလာခင် ရှင် ကျွန်မကို ဆွေးနွေးသင့်တာ၊ ဖွင့်ပြောရမှာ၊ အခု နောက်ကျသွားပြီ၊ ကျွန်မအပေါ် မရိုးသားတဲ့ရှင့်ကို ကျွန်မ လက်တွဲဖို့ လုံးဝစိတ်မကူးဘူး၊ အခုကားရပ်ပေး"

အုပ်စီး က သရော်လှောင်ပြောင်သည့်အကြည့်နှင့် ပွန့်ခနဲ မဲ့သည်။ မျက်နှာကို ရှေ့ပြန်လှည့်ပြီးမှ ...

"ဆောရီးပဲ လေရှူး၊ မင်းနဲ့ပတ်သက်ခဲ့ဖူးတဲ့ ကိစ္စတချို့ကလွဲရင်



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးတဲ့ရာဇဝင် ကိုယ့်မှာမရှိဘူး။ မင်းမေ့သွားပြီထင်တယ်၊ စောစောကပဲ ကိုယ်ပြောခဲ့တာ၊ ကိုယ်အသက်ရှင်လျက်နဲ့ မင်းကို ဘယ်ကောင့်လက်ထဲမှ အပါမခံနိုင်ဘူးဆိုတာ ....”

“ဒီလိုလုပ်လို့ရမလား၊ ရှင့်ကို ကျွန်မက ...”

“ဟာ ...”

လေရှူး စကားမဆုံးလိုက်ပေ။ မျက်လုံးရှေ့မှာ ကားတစ်စီး ဘွားခနဲ ပေါ်လာ၏။ မျက်လုံးတွေ ပြာသွားသည်။

“အမလေး .....”

“ဂျိမ်း ......”

လေရှူး ကို အုပ်မိုး ဆွဲဖက်ပစ်လိုက်၏။ လေရှူး သည် သူ့ရင်ခွင်ထဲမှာ မြုပ်ကွယ်နေလျက် သူ့ဦးခေါင်းတစ်ခုလုံးမှာ ပြုတ်ထွက်သွားသည်သို့ အုန်းခနဲ မြည်ဟည်းသွားလေသည်။

ကံကြမ္မာဟာ ကိုယ့်လက်ထဲမှာ မရှိပါလား ....။





အခန်း (၇၅)

သူ့ခေါင်းမှာ ဒဏ်ရာအပြင်းအထန်ရသွားခဲ့၏။ လေရှူး ကိုတော့ သူ အချိန်မီကာကွယ်ပေးခဲ့သဖြင့် လက်တံတောင်ဆစ်မှာ အကြောရောင် ချက်ပဲဖြစ်သွား၏။ တိုစိပ်စိပ် မျက်တောင်တွေ ထူထူခဲခဲနှင့် မှိတ်လျှော့ ချထားသော မျက်ဝန်းတွေကို ထိုင်ငေးရင်း လေရှူး ၏မျက်ဝန်းမှာ မျက်ရည်တွေ တစိမ့်စိမ့် ဝေသီလာ၏။

ဖြောင့်စင်းနေသည့် နှာတံ၊ ခပ်ပါးပါးပေမယ့် ပုံကျကျလှပသည့် နှုတ်ခမ်း၊ ချောမွေ့သော အစိတ်အပိုင်းတို့ကို ကွင်းဝိုင်းပြထားသလို နဖူးနှင့် မေးရိုးပတ်လည်မှာ ပတ်တီးဖြူဖြူက နေရာယူထား၏။ ထို့ပြင် ကြယ်သီးအကုန်မတပ်ဘဲထားသည့် ရှပ်အင်္ကျီထဲမှာ ပတ်တီးတွေကို လှမ်းမြင်နေရသေးသည်။ သူ့ညာဘက်လက်လည်း ကျိုးသွားသည်တဲ့၊

စိုးရိမ်စရာမရှိတော့ပါဘူးဟု ဆရာဝန်တွေက ပြောသွားသော်လည်း လေရှူး စိတ်မဖြောင့်နိုင်။ မျက်လုံးထဲမှာ ပြာခနဲဖြစ်အောင် ထိတ်လန့်သွားသည့်အချိန်လေးမှာ သူ ဆွဲဖက်လိုက်တာကို သိသည်။ ထိုရင်ခွင်ထဲမှာ လေရှူး အလန့်တကြား သိမ်းကျုံးဖက်၍ ခိုဝင်ခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို သူ ကယ်တင်ခဲ့သည်။ အသက်ပေး၍ ချစ်တတ်ခဲ့သူကို သူမ ဥပေက္ခာပြုဖို့လည်း မစဉ်းစားတော့ပါ။ တံတောင်ဆစ်က ဒဏ်ရာဆီသို့ လက်တစ်ဖက်နှင့် ဖွဖွစမ်းမိရင်း ပြည့်အိုင်နေသည့်မျက်ရည်တို့ကို မျက်တောင်ရှည်များနှင့် ပုတ်ခတ်ချပစ်လိုက်မိ၏။

ပါးပြင်ထက်သို့ ပူနွေးစွာ ဖြတ်စီးလာသော မျက်ရည်တွေသည် သူ့အတွက် နွေးထွေးသောမေတ္တာများပဲ ဖြစ်ပါစေ။ သတိလစ်နေဆဲရှိသည့် သူ့လက်တစ်ဖက်ကို ထွေးဆုပ်၍ လေရှူး ရင်ထဲက ကတိစကားတွေကို တတွတ်တွတ်ပြောနေမိသည်။

ချစ်ခြင်းမေတ္တာဟာ ရင်ခုန်ခြင်းနဲ့မဟုတ်ဘဲ ခြုံလွှာအမျိုးမျိုးနဲ့ ရောက်လာတတ်တယ်ဆိုတာ ကျွန်မ လက်ခံပါပြီ၊ ကျွန်မအချစ်ကို ကျွန်မကိုယ်တိုင် နားမလည်ဘူး၊ ဒါပေမယ့် ရှင့်အချစ်ကို ကျွန်မ နားလည်တယ်၊ ကျွန်မက ချစ်ချစ် မချစ်ချစ် ရှင်က ချစ်နေတာကို တစိမ့်စိမ့် ခံစားမယ်၊ ရှင်နဲ့ကျွန်မ .. နားလည်မှုတွေနဲ့ ဘဝကိုဖြတ်သန်းကြမယ် အုပ်စီး ...။

"မင်း မပြန်သေးဘူးကိုး"

နံဘေးမှာ အဝါရောင်ပါတိတ်ထဘီ၏ ခြေရင်းပိုင်းက ဝင်လာ၏။ ဒေါ်မြတ်နိုးက ဘေးမှာ ခဏရပ်ပြီးမှ ခေါင်းရင်းဘက်ကို ပြန်လျှောက်သွား၏။ လက်ထဲမှာကိုင်လာသည့် ပစ္စည်းတွေကို ဗီရိုပုလေးပေါ်မှာ တင်လိုက်သည့်လှုပ်ရှားမှုကိုလည်း သိ၏။ မျက်ရည်စိုနေသည့် ပါးနှစ်ဖက်ကို သုတ်ပစ်လိုက်ရမှာ ရှက်မိသလို မော့ဖို့လည်းခက်ကာ လေရှူး ဒီတိုင်းငုံ့နေလိုက်၏။

ဆံပင်တွေက မျက်နှာတစ်ဖက်တစ်ချက်မှာ အုပ်ကွယ်ပေးထားသလိုပင်။ ခုချိန်မှာ သူမှလွဲ၍ အားလုံးဟာ လေရှူး ကို မလိုလားစွာ ရှိနေကြမည်၊ မကြည်ဖြူတာတွေ ရှိမည်။ ရှိကြပါစေ၊ သူ နိုးလာတဲ့အထိ





လေရှူး ဒီနားမှာပဲနေမည်၊ ဆုံးဖြတ်ချက်နှင့် သူ့လက်ဖဝါးကို ပို၍ တင်းအောင် ဖိဆုပ်ထားမိ၏။

"ကျွန်မသိတယ်၊ ရှင်နိုးလာရင် 'မင်း ဘာမှမဖြစ်ဘူးနော်' လို့ ရှင် တန်းမေးမှာ၊ ပြီးတော့ ကျွန်မလက်က ဒဏ်ရာကိုမြင်ရင်လဲ 'ဥုဖွ' လို့ မန်းပေးရင်း ရှင်ရယ်ဦးမှာပါ၊ ရှင်ဟာ ကျွန်မကို ဘယ်တော့မှ အပြစ်မြင်မယ့်သူမဟုတ်ဘူး၊ အဲဒါလဲ ကျွန်မယုံတယ်"

"လေရှူး ...."

ခေါ်သံက ယောကျ်ားသံဖြစ်သည်။ ဒါ ဒေါ်မြတ်နိုးမဟုတ်မှန်းသိပေမယ့် ဘယ်သူဆိုတာ လေရှူး မသိပေ။ နောက်ထပ် ခြေသံတွေ ပါလာသည်။ အခန်းထဲကို လူတွေအများကြီး ဝင်ယှာကြ၏။

ဆရာဝန်နှင့် သူနာပြုဆရာမတွေ၏ ခြေထောက်ပိုင်းတွေကို လိုက်ကြည့်ရင်း လေရှူး မျက်ရည်မသုတ်ဘဲ မော့လိုက်၏။ ထိုအခါ လူးလွန့်ပင့်တက်လာသည့် ဆံစတချို့က ပါးပြင်ကိုရိုက်ပုတ်ကာ မျက်ရည်နှင့် ငြိတွယ်ငြိမ်သက်သွားကြ၏။

သူမ၏ရှေ့တည့်တည့်မှာ ဘောင်းဘီရှည်ပွပွ၊ အကောင်းစားစပို့ရှပ် မီးခိုးရောင်နှင့် လူကြီးတစ်ယောက်က နူးညံ့ခြင်းကင်းစွာ ရပ်နေ၏။ နဖူးအနည်းငယ်ကျယ်ဂ္ဂာ နှာခေါင်းပွသလိုလိုရှိသည်၊ ဒါပေမယ့် နှုတ်ခမ်းမှိုး ချောမောဆဲဖြစ်၏။ ထို့ပြင် အုပ်စီးနဲ့ တော်တော်ကြီးတူနေသည်ကို လေရှူး သိလိုက်၏။ ဒါ ဦးအောင်လင်း ဆိုသူပင်။

"မင်းကို ဒီနေရာမှာ ..."

"လူနာ သတိရနေပြီ"

ဦးအောင်လင်း၏စကားမဆုံးခင် သူနာပြုဆရာမလေး၏ အသံကိုကြားလိုက်ရသည်။

"သား ...."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်နိုး ခုတင်ဘေးမှာ ထိုင်ချလိုက်ကာ အုပ်စီး၏ လက်မောင်းကို ဆုပ်ကိုင်၏။ ထိုအခါ လက်ဖျားမှာ လေရှူး ကိုင်ထားတာကို လှည့်ကြည့်ပြီး မျက်နှာတစ်ချက်ပျက်၏။

ဘယ်လိုဖြစ်ကုန်တာလဲ။ ဒေါ်မြတ်နိုးဟာ သူမကိုယ်တိုင် လေရှူး ဆီကိုလာပြီး တောင်းတောင်းပန်ပန် စေ့စပ်သွားတဲ့သူ။

"သားကို မင်းလက်ထပ်တဲ့အတွက် ဘယ်တော့မှ နောင်တမရစေရဘူး။ အန်တီက ဘာဖြစ်လို့ အာမခံရဲတာလဲဆိုတော့ သားလေး မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သိနေလို့ပါ" တဲ့။

အခု လေရှူး လည်းသိပါပြီဆိုတော့ လက်မခံနိုင်ဘူးတဲ့လား။ ကားမှောက်သည့်ကိစ္စမှာ ကံမကောင်းလျှင် နှစ်ယောက်စလုံး သေသွားနိုင်တာပဲ၊ လေရှူး ကို သူကာကွယ်ပေးခဲ့တာ၊ သူနဲ့ လေရှူး ပဲသိသည်။

အားလုံးက မလိုလားနေကြတာ ဘာဖြစ်လို့လဲ၊ သူလက်တစ်ဖက်ကို ဆုပ်ကိုင်ထားရပေမယ့် အားလုံးရှေ့မှာ လေရှူး သိမ်ငယ်လာမိသည်။

လက်ကိုလွှတ်လိုက်ပြီး သတိရနေပြီဆိုသည့် မျက်နှာကို အားပြုသလို လှမ်းကြည့်လိုက်မိ၏။ မျက်လုံးနှစ်လုံးပွင့်တာနဲ့ သူ လေရှူး ကိုပဲ တမ်းတမယ်ဆိုတာ အချိန်တန်တော့ သိရမှာပါ ဆိုသည့် ကြည်နူးစိတ်ကလေးလည်း ဝင်၏။ သို့သော် ....

"အား ... ကျွတ် ကျွတ် ..."

သူ မျက်လုံးတွေမဖွင့်ဘဲ ရှုံ့မဲ့သွား၏။

"ဖြည်းဖြည်းလေ၊ သိပ်မလှုပ်နဲ့ဒဏ်ရာရှိနေတယ်၊ လူလေးခေါင်းမှာ"

ဆရာဝန်ကြီးက ဂရုစိုက်သည်။ အုပ်စီး ပြန်ငြိမ်သွားပြီးမှ မျက်လုံးတွေ တဖြည်းဖြည်းပွင့်လာ၏။

"သား ...အုပ်စီး"

ဒေါ်မြတ်နိုး ထပ်ခါထပ်ခါခေါ်ရင်း ပြုံးပြရင်းနှင့် လေရှူး လွှတ်ပေး





လိုက်သည့် လက်ဖဝါးကို ထောင်ကိုင်ပြီး ရင်ခွင်ထဲမှာ ထည့်ပိုက်သည်။ ဟိုဘက်လက်မှာက ပတ်တီးတွေအပြည့်နှင့်ဖြစ်သည်။

အုပ်စီး ပက်လက်ကနေ သူ့မျက်နှာအထက်မှာ၊ ဘေးမှာ ဝိုင်းဝန်းနေကြသူတွေကို လိုက်ကြည့်၏။ လေရှူး မျက်နှာလေးကိုမြင်တော့ မျက်ခုံးနှစ်ဖက် တွန့်ခနဲ တစ်ချက်ဖြစ်၏။ သို့သော် ....

"ကျွန်တော် ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ"

"ဟင် ..."

လေရှူး ထိတ်ခနဲ ဖြစ်သွား၏။ ဒေါ်မြတ်နိုး 'သားလေး' ဟု ချော့ချားစွာ ခေါ်လေသည်။ လေရှူး မျက်လုံးလေးဝိုင်းကာ အော့ကြည့်လိုက်တော့ ဦးအောင်လင်းက မျက်မှောင်ကုတ် အံကြိတ်၍ သူမကို စိုက်ကြည့်နေ၏။

"လူလေး၊ မင်း ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်လာတာလေ၊ မှတ်မိလား။ မိန်းကလေးနဲ့မင်း နှစ်ယောက်စလုံး ရောက်လာတာ မိန်းကလေးက ဘာမှမဖြစ်ခဲ့ဘူး"

ဆရာဝန်က ရှင်းပြသည်။ သူ့မျက်လုံးက ဟိုဒီဝေ့နေသည်။ ပြီးတော့ လေရှူး ထံသို့ ပြန်ရောက်၏။ အနားမှာ မိန်းကလေးဆိုလို့ ဆံပင်ရှည်တွေဖားလျားနှင့် ဒီမိန်းကလေးပဲရှိသည်။ ဖြူဝင်းမွန်ညက်သည့် မျက်နှာလေးမှာ နှာသီးဖျားလေးတွေ၊ မျက်စပ်လေးတွေလည်း နီရဲနေသည်။ နှုတ်ခမ်းပြည့်ပြည့်လေးတွေ ရဲနေတာက မျက်လုံးလွှဲဖယ်ပစ်ချင်ဖွယ် မရှိ။ သူမ တော်တော်လှပါသည်။ ဒါပေမယ့် သူမကို သူမသိ။

"သားလေး ... အန်တီမြတ်ကို မှတ်မိလားဟင်၊ မင်းရဲ့အဒေါ်လေ။ ဟိုမှာ မင်းရဲ့ဖေဖေ"

ဒေါ်မြတ်နိုး မျက်ရည်ကျနေပြီဖြစ်သည်။ ရှိုက်သံမပါအောင်ထိန်းရင်း ဦးအောင်လင်းကိုလည်း ပြ၏။ မျက်လုံးနှင့် ညွှန်ပြသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်စီး လိုက်ကြည့်သည်။ ဘယ်သူ့ကိုမှ မသိပေ။ ဒီလူတွေကို သိဖို့ နေနေသာသာ သူကိုယ်သူလည်း မေ့နေသည်။

"ကျွန်တော်ကရော၊ ကျွန်တော့်နာမည် ကျွန်တော်မေ့နေတယ်၊ ပြောပါ"

"သားရယ်"

ဒေါ်မြတ်နိုး ပါးစပ်ပိတ်၊ မျက်နှာငုံ၍ ရှိုက်ငိုသည်။ လေရှုး ပါးစပ်ပိတ်ဖို့ သတိမရသဖြင့် ရှိုက်သံလေးထွက်သွား၏။ အုပ်စီး မျက်လုံးတွေ သူ့မထံ ရောက်လာသည်။

"အုပ်စီး .. ရှင်က လင်းအုပ်စီးလေ၊ ကျွန်မက လေရှုး ရှင့်နဲ့ကျွန်မ ..."

"လေရှုး ..."

ဒေါ်မြတ်နိုးနှင့် ဦးအောင်လင်းတို့ ဓာတ်တိုက်ထားသလို သံပြိုင်ထွက်လာကြသည်။ နောက်ထပ်တူညီနေကြသည်က တင်းမာနေသော မျက်ဝန်းများဖြစ်၏။

"ကျွန်တော် မသိဘူး"

အုပ်စီး မျက်လုံးတွေပိတ်သွား၏။ အလွန်အမင်းစိတ်ပျက်သွားသည့် မျက်နှာမှာ မျက်လုံးတို့မှိတ်လျက်နှင့် မျက်ခုံးနှစ်ဖက်က တွန့်ကုတ်နေဆဲဖြစ်သည်။

ဆရာဝန်ကြီး၏ သက်ပြင်းချသံသဲ့သဲ့က အားလုံး၏ တင်းမာမှုတွေကို သတိပေးလိုက်သလို ထွက်ပေါ်လာသည်။ ဦးအောင်လင်း လှည့်ကြည့်လိုက်တော့ သူ့ပခုံးကို ဆရာဝန်က ဆုပ်ညှစ်အားပေးသည်။

"စိတ်မကောင်းစရာပဲဗျာ၊ သူ အာရုံကြောထိခိုက်သွားတယ်"

ဦးအောင်လင်း မကြားလိုပါ။ ဒီမိန်းကလေးကို မရမကလိုချင်လို့ မြတ်က လက်မှတ်ထိုးဖို့ကိစ္စ ရွှေဆိုင်းပြီးစဉ်းစားကြဖို့ ဖုန်းဆက်လိုက်လို့။ ကျားလေးက နောက်က လိုက်သွားခဲ့သေးသည်။ ဒီမိန်းကလေး





က ဘယ်လောက်အရေးပါနေတဲ့ မိန်းကလေးလဲ။ သီတာဒေဝီလို လှနေသလား။ အမ္ဗပါလီလို မိန်းမလား။

မခံချင်ဒေါသတွေက ရင်ထဲမှာ ရှန်းကြွလှိုင်းထနိုလာသည်။ ကိုယ့်သားဒီဘဝရောက်အောင် တမင်တကာ ကျူးသွင်းခြောက်လှန့်ကြတာနှင့် တူသည်။

"မင်းနဲ့ စကားပြောချင်တယ်"

ဆရာဝန်ကြီးတွေ ထွက်သွားကြတော့ ဦးအောင်လင်းက စ၍ စိန်ခေါ်သည်။ လေရှုး မျက်ရည်တွေကို မျက်ဝန်းအိမ်မှာ မကျနိုင်အောင် ပုတ်ခတ်ဖယ်ရှား၏။ ပါးပြင်နှစ်ဖက်ကို လက်ချောင်းများနှင့် ဖိပွတ်ထိန်းလိုက်ပြီး နေရာမှ ထသည်။ ရင်မဆိုင်ရဲအောင် ကိုယ့်ဘက်က ချို့ယွင်းတာ ဘာမှမရှိခဲ့။

အပြင်ကော်ရစ်ဒါမှာ ဦးအောင်လင်းက ခါးနှစ်ဖက်ထောက်လျက်ရပ်နေ၏။ လေရှုး သူ့ရှေ့မှာရပ်လိုက်မှ ခါးထောက်ထားသည့်လက်တစ်ဖက်ကို မာန်ပါပါဖြုတ်ချပစ်၍ ....

"ငါ့သားရဲ့ဘေးမှာ မင်းကို နောက်ထပ်တစ်ကြိမ် မမြင်ချင်ဘူး"

"အဲဒီလိုနှင်လွှတ်တဲ့အထိ ကျွန်မက မျက်နှာပြောင်တိုက်ပြီး နေနေတာမဟုတ်ဘူး ဦး၊ ကျွန်မရဲ့ အသက်သခင်ကျေးဇူးရှင်မို့လို့၊ ပြီးတော့ သူသာ ပုံမှန်အတိုင်း သတိရလာမယ်ဆိုရင် ကျွန်မ ရှိကိုရှိသင့်တယ်လို့ ထင်လို့"

လေရှုး လေသံကမာတော့ ဦးအောင်လင်း အံ့ဩသလိုဖြစ်သွားပြီးမှ မဲ့သည်။

"မင်းက ဒီလိုမိန်းကလေးကိုး၊ ဟွန်း .. ငါ့သားက မင်းကို မရရင်သေမလိုဖြစ်နေပေမယ့် မင်းနဲ့သူ့ကို ဘယ်တုန်းကမှ လက်ထပ်ပေးဖို့ ငါ စိတ်မကူးခဲ့ဖူးဘူး၊ ငါ့သားအတွက် အနားမှာရှိသင့်တဲ့ မိန်းကြင်ယာ



www.burmeseclassic.com

www.burmeseclassic.com



ကလဲ မင်းလိုမိန်းကလေး ဘယ်တော့မှ မဖြစ်ရဘူး၊ အခု သူ အာရုံကြော ထိခိုက်လို့ ဘာမှမသိတော့ဘူး၊ ဒီထက်မက သွက်သွက်ခါရူးသွားလဲ မင်းနဲ့မထိုက်တန်သေးဘူး”

“စကားလုံးက မပြင်းထန်လွန်းဘူးလား အန်ကယ်လင်း”

လေရှု ဘေးမှာ မိုးပေါ်က ကျလာသလိုရောက်လာသူက ကျားလေး ဖြစ်၏။ ပြတ်သားရင့်သီးလွန်းသည့် ဦးအောင်လင်း၏ စကားတွေမှာ အံ့သြမှင်တက်မိနေစဉ် ပတ်ဝန်းကျင်ကို လေရှု မေ့လျော့သွားခဲ့၏။

ကျားလေး က တောင့်တောင့်လေးရပ်နေသည့် လေရှု ၏လက် ကောက်ဝတ်လေးကို ဆုပ်ဆွဲ၍ တွန်းဖယ်သလိုလုပ်ကာ ရှေ့မှာ ဝင် ရပ်လိုက်သည်။

“ပြဿနာကို အစအဆုံး တစ်ခေါက်လောက် လျှောက်ကြည့်လိုက်ဦး၊ အန်ကယ်လင်းရဲ့သား အခုမှ ရူးတာမဟုတ်ဘူး”

“ကျားလေး ...”

“ကံကြမ္မာကို လူတွေဖန်တီးလို့မရဘူး၊ ဖြစ်သင့်တဲ့အတိုင်း စီရင်သွားတာပါ၊ အန်ကယ်လင်း လူကြီးတစ်ယောက်အနေနဲ့ ဆင်ခြင်သင့်တယ်၊ ပြီးတော့ ဒါ လူငယ်ချင်း ငြိမိကြတဲ့ အချစ်ကိစ္စ၊ ကိုယ်မကျွမ်းကျင်တဲ့ကိစ္စကို ထဲထဲဝင်ဝင် မပါတာကောင်းပါတယ်”

“သား ... သားဖယ်နေ၊ ဒီကိစ္စ အန်တီရှင်းမယ်”

ဒေါ်သဇင်တို့ ရောက်လာကြ၏။ ဦးအောင်လင်းဘေးမှာလည်း ဒေါ်မြတ်နိုး ရောက်လာသည်။ ကျားလေး လေရှုလက်ကိုဆွဲ၍ နေရာမှ ထွက်လာခဲ့သည်။

သူ ကားတံခါးဖွင့်ပေးလိုက်တော့ လေရှု မဝင်ဘဲ ဒီတိုင်းလေး ရပ်နေသည်။ သူပဲ အထဲရောက်အောင် တွန်းတင်လိုက်ပြီး တစ်ဖက်က ဝင်ထိုင်လိုက်၏။ ဒါပေမယ့် မမောင်းဖြစ်သေးဘဲ သူ ငိုင်နေမိ၏။ အကြာ





ကြီးကြာမှ လေရှု ကိုလှည့်ကြည့်မိသည်။

လေရှု သည် မျက်ရည်တွေတပေါက်ပေါက်ကျလျက် နှုတ်ခမ်းလေး ကို ဖိကိုက်ထား၏။ သူ လေရှု ရဲ့လက်ဖဝါးလေးကို လှမ်း၍ ဆုပ်ကိုင် ထားလိုက်၏။

“မငိုနဲ့တော့လေ”

ပြော၍ ပခုံးလေးကို ဖွဖွလေးဖက်လိုက်၏။ လေရှု မျက်နှာလေး သူ့ပခုံးစွန်းမှာ မှီကျလာ၏။ ပြီးတော့ အင့်ခနဲ ရှိုက်လေသည်။

ကိုယ်ချစ်တဲ့သူ ငိုနေတဲ့မျက်ရည်ဟာ ကိုယ့်အတွက်မဟုတ်မှန်း သိရင် အဲဒီယောကျ်ား ဘယ်လိုနေမလဲ။

ရင်ထဲမှာ တစ်ခုခုတော့ ရှိကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၆)

"အနံတီဖင် ပြောဆိုဆက်ဆံတာတွေမှာ အမှားရှိခဲ့ပါတယ်၊ အဲဒါကို တောင်းပန်ပါတယ်၊ ဒါပေမယ့် အဲဒီအမှားဟာ အဖေ့အပေါ် ငဲ့ညှာတာတွေ အများကြီးရှိပါတယ်ဆိုတာကိုတော့ ယုံပါသမီးရယ်၊ နောက်ထပ် အနံတီ့အပေါ်မှာ မကျေနပ်တာတစ်ခုခုရှိလို့ ထုံးဖွဲ့ခံစားနေမိတာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ အဖေ့ဘေးကနေထပ်ပြီး ဘယ်ကိုမှ ခွဲထွက်မသွားပါနဲ့၊ နောက်ဆုံး သမီးက မကျေနပ်ဘူးဆိုရင် ထွက်သွားပေးကြရမှာက အနံတီတို့ပါ"

မနော်မြတ်ကို စဝင်သည်နှင့် ဒေါ်သဇင်က လေရှု လက်ဖဝါးလေးနှစ်ဖက်ကို ပူးဆုပ်ဖျစ်ညှစ်ရင်း ဤစကားကို ဆိုခဲ့သည်။ ဦးမင်းညိုကလည်း ရှေ့မှာလာရပ်ပြီး ပြောဏ်။

"ကျားလေးက သဇင့်ရဲ့တူဖြစ်နေတဲ့အတွက် သမီးစိတ်ထဲမှာ တစ်မျိုးတစ်မည်ထင်နေနိုင်တယ်၊ လက်ထပ်ဖို့ကိစ္စကို သမီးကြိုက်သလိုဆုံးဖြတ်ပါ၊ ဦးလေးကိုလဲ ပြောထားပြီးပြီ၊ ကလေးတွေရဲ့ဆန္ဒကိုဘောင်မခတ်ဖို့ပါ၊ ပြီးတော့ သမီး စိတ်ကျဉ်းကျပ်ပြီး နောက်ထပ်တစ်ကြိမ် ထွက်မသွားစေချင်ဘူး၊ ဒါကို ဦးလေးလဲ နားလည်နေပါပြီ"

အားလုံး အေးချမ်းနေပါလား၊ ဝမ်းသာရမည့်အစား ကြေကွဲနေမိ





သည်။ သူမဟာ အဖေ့အပေါ်မှာ အထင်လွဲခဲ့ရုံမကဘဲ စော်ကားပြော ခဲ့မိသည်။

"သမီးကို အဖေက မျက်နှာလွှဲခဲပစ်လွှတ်ပါ့မလား၊ ဒါ ကလေ ကစားစရာကိစ္စမှ မဟုတ်တာ လေရှုရယ်၊ သမီးက သူဌေးကြီးရဲ့ အစစ်ပါ၊ ခိုင်မာတဲ့သက်သေဆိုတာကတော့ အခု အဖေ့လက်ထဲ မရှိဘူး၊ အဲဒီအတွက် အဖေ လုံးပမ်းနေတာပါ၊ အဖေ့ကို ညည်းဘာ လို့ မယုံတာလဲ"

ဘယ်လိုရှင်းပြပြ အဖေ့ကို လေရှု မယုံခဲ့ပေ။

"တော်ပါတော့၊ အဖေ့စကားကို ယုံခဲ့မိလို့ အခု လေရှု ဘ ဘုး မတတ်ဖြစ်နေပြီ၊ ထပ်မပြောနဲ့ မယုံတော့ဘူး"

လေရှုပြောတော့ အဖေ့မျက်နှာဟာ မီးမှို့ဘိခံရတဲ့ ... တစ်ပင်လို ဖြစ်ခဲ့ရှာသည်။ ခုတော့ လေရှုက 'မနော်မြတ်' ... ကေရီတစ်ပါးတဲ့လေ။

လေရှု ကိုကောင်းစားစေချင်တယ်ဆိုတဲ့ အဖေ၊ သမီးနဲ့ဝေး ... ပြီး ဒီလိုအဆောင်အယောင်တွေနဲ့ နေရတာကို ကျေနပ်တယ်ဆိုတဲ့ အဖေ၊ ပြီးတော့ သမီးကြောင့်ပဲ တိုက်ပေါ်က ပြန်ခုန်ဆင်းလိုက်ရတဲ့ အဖေ။

လေရှု ချုံးပွဲချငိုမိသည်။ ဘာဖြစ်လို့ငိုမှန်းမသိပေမယ့် ဘိုးဘိုးကတော့ ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ ချော့ရှာပါသည်။

"မငိုပါနဲ့ မြေးလေးရယ်၊ နောက်ဆိုရင် မြေးလေးကို ပူပင်သောက ဘာမှမရှိအောင် ဘိုးဘိုးထားမယ်၊ မြေးသဘောမကျတာ ဘာမှမရှိစေရဘူး၊ မြေးက ဘိုးဘိုးကို ပွင့်လင်းရမယ်"

ဒရင်းဘက်ပေါ်မှာ လှဲနေရင်း အားပေးနေသည့် ဦးစက်ရှင်မျက်နှာမှာလည်း ပီတိက တစ်ဝက်၊ မချမ်းမြေ့ခြင်းတွေကိုလည်း ဖုံးလို့မရ



www.burmeseclassic.com

www.burmeseclassic.com



ရှာ။ နာလန်ထဆိုသည့်မျက်နှာ ဖြူဖျော့ချောင်ကျလျက်ရှိ၏။

လေရှုး ဘိုးဘိုးကိုမော့ကြည့်၍ ခေါင်းညိတ်သည်။ မျက်ရည်ကို သုတ်ပစ်လိုက်ပေမယ့် ထပ်ကျနေသည်မို့ မသုတ်ဖြစ်တော့ပါ။ ဒါပေမယ့် ဒီမျက်ရည်တွေဟာ အဖေ့အတွက် ယူကျုံးမရခြင်းတွေပဲဖြစ်၏။

သေဆုံးသွားပြီးသူကိုတမ်းတနေရင်းဖြင့် သက်ရှိထင်ရှားရှိနေသူကို စိတ်ဆင်းရဲစေမလား။ လေရှုး ဘိုးဘိုးရင်ဘတ်ပေါ် မှာ မျက်နှာလေး ဖေးတင်၍ အားပါးတရ ဖက်ထားလိုက်မိ၏။ မငိုတတ်တဲ့လေရှုး ဖြစ်အောင် သူမ ကြိုးစားရပါဦးမည်။

"မြေးလေး ..."

ဘိုးဘိုးက လေရှုး ခေါင်းလေးကို တယုတယပွတ်သပ်ပေးရင်း ပီတိမျက်ရည်တွေလည်း ဝေနေ၏။ ထိုစဉ် ကျားလေး အခန်းထဲကို ဝင်လာသည်။ မြေးအဘိုးနှစ်ယောက်ကို ကြည့်၍ ချက်ချင်းနောက်ပြန်လှည့်၏။

"လူလေး ... လာလေ။ ဟောဒီဘေးမှာထိုင်"

ဒီမှာထိုင်ဟု ဘိုးဘိုးပြသည့် လေရှုးနှင့် မျက်နှာချင်းဆိုင်တစ်ဖက်မှာ ကျားလေး ဝင်ထိုင်လိုက်၏။ လေရှုး သူ့ကိုကြည့်လိုက်မိတော့ သူက မျက်လုံးချင်းဆုံသည်နှင့် မျက်နှာလွှဲသွားသည်။

"မြေးလေးကို ဘိုးဘိုး ပွင့်ပွင့်လင်းလင်းမေးမယ်၊ အုဝ်စီးနဲ့မြေး လက်ထပ်ကြဖို့ထိ စီစဉ်ဖြစ်ခဲ့ကြတယ်ဆို"

လေရှုး မျက်နှာပူသွားသည်။ နောက်ထပ် သူ့ထံသို့ လှမ်းကြည့်မိတော့ သူ့မျက်လုံးတွေက တခြားမှာဖြစ်၏။

"အုပ်စီးနဲ့မြေး အဲဒီလိုရင်းနှီးနေနိုင်တယ်ဆိုတာ ဘိုးဘိုး အစကတည်းက တွေးမိပါတယ်၊ ဒါပေမယ့် ဘိုးဘိုးရဲ့ဆန္ဒက ဒီလိုဖြစ်စေချင်နေတာမဟုတ်တော့ လူငယ်တွေကို ဖိနှိပ်ချုပ်ကိုင်သလိုဖြစ်ခဲ့တယ်၊





နောက်ထပ်ဒီလိုမဖြစ်စေရဘူးလို့ ဘိုးဘိုး ကတိပေးပါတယ်၊ မြေးလေး ဘိုးဘိုးဆီကနေ ဘယ်မှ ထွက်မသွားပါနဲ့ကွယ်"

"မဟုတ်ဘူး ဘိုးဘိုး"

"အင်း ... အခုဖြစ်သွားတဲ့အခြေအနေတွေကို ဘိုးဘိုးသိပြီးပြီ၊ ပြောချင်တာက ဒီလိုကွယ်"

ဦးစက်ရှင် စကားပြောရင်း မောလာသည်။ 'ဝါသေလို့မဖြစ်သေးဘူး' လို့ တင်းထားခဲ့ရသည့်စိတ်မှာ မှုန်သေခင်မှာ ကျားလေးနဲ့လေရှုး ကို လက်ထပ်ပေးသွားခဲ့ချင်တာဖြစ်သည်။ မြေးကတော့ သွေးဖြစ်သလို ကျားလေးကတော့ သူ့ပေါ်မှာ သွေးမတော်ပေမယ့် အဆွေခင်ပွန်းကောင်း ပီသခဲ့သည်။ ရဲဘော်ရဲဘက်ကောင်းသဖွယ် သူ့အတွက် ဘာမဆိုရင်ဆိုင်ဖြေရှင်းပေးနိုင်ခဲ့၏။ ထို့ပြင် သဇင်ကိုယ်တိုင် သမီး၊ ချွေးမ ဘာမှမဟုတ်ဘဲ သမီးနဲ့မခြား စေတနာမေတ္တာတွေ ထားခဲ့သည်။

ထို့ကြောင့် ဒီစေတနာ မေတ္တာတွေကို ဦးစက်ရှင် မဆုံးရှုံးချင်။ ဤကဲ့သို့ ဖြူစင်ကြသည့်လူတွေလက်ထဲမှာ မြေးကို စိတ်ချလက်ချ ထားခဲ့ချင်သည်။ ဒါပေမယ့် သားသမီးနဲ့မိဘ အယူအဆ သဘောထား တစ်ထပ်တည်းကျတယ်ဆိုတာ ရှိခဲပါသည်။

ကိုယ်ဖြစ်စေချင်တာချည်းပဲ ကြည့်လို့မရမှန်း သူ နားလည်ခဲ့ပြီဖြစ်၏။ ကိုယ်က ဒီလိုကောင်းပါသည်ဟု မြင်ပေမယ့် သူတို့အတွက် မကောင်းဘူးဆိုတော့လည်း မတတ်နိုင်။

ဦးစက်ရှင် ဆက်ပြောဖို့အတွက် တော်တော်အားယူနေရသည်။ ပြီးမှ ....

"မြေးရဲ့အိမ်ထောင်ရေးမှာ ဘိုးဘိုးမပါတော့ဘူး၊ အဆိုးပဲဖြစ်ဖြစ် အကောင်းပဲဖြစ်ဖြစ် မြေးလေးစိတ်ချမ်းသာမယ်ဆိုရင် ဘိုးဘိုးဘာမဆို ဖြစ်သလို ဖြေရှင်းပေးသွားမယ်၊ အခု ...."



www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရှင် ကျားလေးကို လှည့်ကြည့်သည်။ သူ ကြည့်လိုက်မှ မျက်လွှာချထားသည့် ကျားလေးက ဖျတ်ခနဲ ကြည့်သည်။ ပြီးတော့ မျက်လွှာချလိုက်ပြီး ခေါင်းလည်းညိတ်ကာ ...

"ပြောပါ ဘိုးဘိုး၊ ဘိုးဘိုး စီစဉ်တဲ့အတိုင်း အားလုံးနာခံမှာပါ၊ သိလဲ သိပြီးသားတွေမို့လို့ အားမနာတမ်းပြောပါ"

ဦးစက်ရှင်မျက်နှာမှာ စိတ်မကောင်းခြင်းတွေ ဖြတ်စီးညို့မှောင်လျက် ခေါင်းညိတ်ရှာသည်။ ထို့နောက် လေရှူး ၏မျက်နှာလေးကို မော့ယူပြီး မျက်ရည်စတို့ကို သုတ်ပေးရင်း ...

"အခု ဖိတ်စာတွေတော့ ရိုက်ထားတာရှိနေတယ်၊ မင်္ဂလာရက်ကို အကန့်အသတ်မရှိ ရွှေ့ထားတာလဲ မြေးသိပြီးဖြစ်မှာပါ၊ ဒါတွေကြောင့် သေချာသလောက်ရှိနေပေမယ့် မြေးက ... မြေးက ငြင်းမယ်ဆိုရင် ရတယ်၊ ဘိုးဘိုး စိတ်ဆိုးမှာလဲ မဟုတ်ဘူး၊ စိတ်လဲ မဆင်းရဲဘူး၊ မြေးရဲ့စိတ်ချမ်းသာမှုက ဘိုးဘိုးရဲ့စိတ်ချမ်းသာမှုပဲ၊ မြေး နားလည်တယ်နော်"

"ဘိုးဘိုးရယ်၊ ဘိုးဘိုး ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ အစတုန်းက ဒီအဖေတစ်ယောက်ပဲ တွယ်တာစရာရှိတယ်လို့ လေရှူး သတ်မှတ်ထားခဲ့တဲ့ အဖေလဲ မရှိတော့ဘူး၊ အခု လေရှူး မှာ ဘိုးဘိုးတစ်ယောက်ပဲ အားကိုးစရာရှိပါတယ်၊ ဘိုးဘိုး တစ်ခုခုဖြစ်သွားရင် လေရှူး ဘယ်လိုလုပ်ရမလဲဟင်"

ဦးစက်ရှင် မြေးဖြစ်သူရဲ့ခေါင်းလေးမှာ လက်ဝါးကပ်တင်ရင်း ပြုံးတော့မလို၊ မဲ့တော့မလိုမျက်နှာကြီးမှာ မျက်ရည်ဥတို့လည်း ပြို့ဆင်းလုလုဖြစ်နေခဲ့သည်။

"လူလေးကိုလဲ ဘိုးဘိုးက ကိုယ်ဖြစ်ချင်သလို ဟိုလိုဒီလို ပြောင်းလဲစီစဉ်နေတာတွေကြောင့် စိတ်ညစ် စိတ်ပျက်ပြီး ကျွန်တော့်ကို သွားခွင့်ပြုပါ၊ ဒါတွေ အပ်ပါတယ်၊ ဘာညာပေါ့၊ ဘိုးဘိုးကို မထားခဲ့ပါနဲ့၊ ရှိသမျှ





ပုံအပ်ခဲ့ပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်သွားတာမျိုး မလုပ်ခဲ့ပါနဲ့"

ကျားလေး မျက်နှာညိုရင်းကနေ ပြုံးနိုင်အောင် ကြိုးစားသည်။ လေရှူး ထံသို့ အကြည့်မရောက်မိအောင် ကြိုးစားရင်း ဆံပင်တစ်ချက်သပ်မိ၏။ ပြီးမှ ...

"ကျွန်တော့်အတွက် မပူပါနဲ့ ဘိုးဘိုးကို စိတ်ဆင်းရဲအောင် ဘယ်တော့မှ လုပ်မသွားပါဘူးလို့ ကတိပေးပါတယ်၊ ဒီအိမ်မှာ ဘယ်အခြေအနေပဲဖြစ်နေနေ၊ ဘိုးဘိုးက 'မင်းသွားတော့' လို့ မပြောသရွေ့ မသွားဘူး၊ ကျွန်တော့်မှာ ဘာအကြောင်းတွေပဲရှိရှိ 'မင်းထွက်သွား' လို့ ဘိုးဘိုးပြောရင် ချက်ချင်းထွက်သွားပေးမယ်၊ အဲဒါ သစ္စာစကားပါ"

"သာဓု ...သာဓု ...သာဓု ..."

ကြည်နူးစိတ်ဖြင့် ပြို့ကျလုလုမျက်ရည်က ပေါက်ခနဲ လိမ့်ခနဲ ကျဆင်းလာသည်။

ရင်ထဲကဆန္ဒအတိုင်းသာ ကလေးတွေ နာခံကြမည်ဆိုလျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇၇)

ဟိုတုန်းက မတည့်ပေမယ့် ရန်ဖြစ်ရင်းနဲ့ပဲ ရင်းနှီးခဲ့သေးသည်။ ခုကျတော့ ကိုယ်ကတွေ့ချင်လို့ တကူးတကာ ရှာတာမဟုတ်ပေမယ့် သူ ရှောင်နေတာ သိသာလာတော့ မခံချင်စိတ်လေး ဖြစ်လာမိသည်။

မနက် လက်ဖက်ရည်ပွဲကို လေရှူး ရောက်ပြီဆို သူ မရှိတော့ပေ။ ညဘက် အိမ်မှာ သူ ထမင်းစားနေကျပေမယ့် လေရှူး အထဲမှာရှိနေတာ မြင်လျှင် 'မစားသေးဘူး' ဆိုပြီး ဝင်သွားတာ နောက်ထပ် ညဉ့်နက်မှ ပြန်ထွက်လာတတ်၏။

ကြားထဲက အနေခက်ရသူက ဒေါ်သဇင်ပဲဖြစ်သည်။ လေရှူး အိမ်မှာပျော်အောင် သူမ အမျိုးမျိုးကြိုးစားခဲ့သည်။ လေရှူး ဟာ လေရှူး ဆိုသည့်အတိုင်း စိတ်မြန်လက်မြန်ရှိသည်။ သူမအတွက် လိုအပ်ချက် တစ်စုံတစ်ရာမှလွဲလျှင် ဘာကိုမှ လောဘတကြီး မက်မောပုံလည်းမရှိ။

ပြီးတော့ မာနကြီးသည်။ သူမစိတ်ထဲမှာ ဒီနေရာဟာ စိတ်ပျက် ငြီးငွေ့ဖွယ်ဟု မြင်လာတာနှင့် စိန်ပုံ၊ ရွှေပုံကြီးပဲရှိနေနေ၊ ထားခဲ့ပြီး ထွက်သွားနိုင်သည့်သဘောမျိုး ရှိနေတာကိုလည်း ခန့်မှန်းမိသည်။ ထို့ကြောင့် လေရှူး ဒီမှာပဲ စိတ်တိုင်းကျဖြစ်စေချင်မိသည်။ လေရှူး ရှိမှ အဲဖေ- စိတ်ချမ်းသာမည်။ ဒါကို ကျားလေး မသိဘူးလား၊ ဘိုးဘိုး





စိတ်ချမ်းသာပါစေဆိုပြီး ဒီလိုနေတာကျတော့ ကောင်းသလား။

အမြင်မတော်ဖြစ်လာတော့ ကျားလေးရှိတဲ့နောက်လိုက်ပြီး တိတ် တိတ် ကျိတ်ပြောရသည်။

"မင်း ဘယ်လိုအချိုးချိုးနေတာလဲ ကျားလေး၊ လေရှူး က သူ့ဟာ သူ ပုံမှန်ပဲနေတာ၊ သူက အိမ်ရှင်ဆိုပေမယ့် မင်းလို ရင်းနှီးသေးတာ မဟုတ်ဘူး၊ မင်း ပျူပျူငှာငှာရှိသင့်တယ်"

"မတတ်နိုင်ဘူး အန်တီဇင်၊ ကျွန်တော် ဟန်မဆောင်တတ်ဘူး"

ဘာကိုပြောမှန်းမသိ၊ စကားကြာကြာ ပြောလို့လည်းမရ၊ ဒီအကြောင်း စလိုက်တာနှင့် ထထွက်သွားတာပဲဖြစ်သည်။ ဒီကိစ္စကို ဦးမင်းညိုကတော့ ပြောသည်။

"မင်းတူ ရင်ကွဲနာကျနေတာ" တဲ့။

ဒါ ဖြစ်နိုင်သည်ဟု ဒေါ်သဇင် တွေးမိသည်။ လေရှူး ထွက်သွားတုန်းက ဖိတ်စာတွေကို ဖွေ့ပိုက်ပြီး ကျားလေး ပျာယာခတ်နေခဲ့သည်။ နန္ဒာကို မယူနိုင်ပါဘူးဟု ဖွင့်ပြောင်းပြီး လေရှူး နောက်ကိုပဲ နေ့မနား ညမနားလိုက်ခဲ့သည်။ နောက်ဆုံးကျတော့ လေရှူး က အုပ်စီးနဲ့ လက်ထပ်ဖို့ထိ ဆုံးဖြတ်သွားခဲ့၏။

တွေးကြည့်မိတော့လည်း ကိုယ့်တူလေးကို သနားမိပါသည်။ တကယ်တော့ သူတို့အားလုံးဟာ ဒီအိမ်ကြီးနှင့် အရှင်သခင်တို့အပေါ်မှာ တတ်နိုင်သမျှ ဝိုင်းဝန်းပေးဆပ်သွားကြဖို့သာ အဆင်သင့်ရှိနေခဲ့ကြတာ ဖြစ်သည်။ ဒါကို လေရှူး နားလည်စေချင်ပါသည်။

"ဟော ... သမီး ..လာလေ၊ အန်တီက သမီး စားပြီးသွားပြီမှတ်လို့ မေးတောင်မမေးမိဘူး"

ဒေါ်သဇင်က သူမ ထမင်းစားခန်းဝင်တာ နောက်ကျနေသဖြင့် အားလုံးစားပြီးသွားပြီဟု တွက်လိုက်မိတာဖြစ်၏။ အချိန်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ခင်း ဖြစ်နေပြီမို့ ....။

"လေရှူး မဆာလို့ပါ၊ ခုလဲ သိပ်တော့ မဆာသေးဘူး၊ ဘိုးဘိုးကို ဆေးလိမ်းပေးနေရင်းနဲ့ ထမင်းမစားရသေးဘူးဆိုတော့ ဘိုးဘိုးက ဖွတ်လွတ်နေလို့"

"ဟုတ်တယ်လေ သမီးရဲ့၊ ဆယ့်နှစ်နာရီတောင် ခွဲနေပြီဥစ္စာ"

ဒေါ်သဇင်က သူမကိုယ်တိုင် လေရှူး ကို ထမင်းထည့်ပေးဖို့ ပြင်၏။ လေရှူး က ဖွတ်ပြန်ယူကာ ...

"အန်တီ စားပါ၊ လေရှူးဘာသာ ထည့်မယ်"

"ရတယ် သမီးရဲ့၊ အန်တီက ပြီးနေပြီ"

နှစ်ယောက်ကိုကြည့်၍ မိထူးကလည်း လိုအပ်သမျှ ပျာပျာသလဲ လုပ်ကိုင်ပေးသည်။ ဒေါ်သဇင် ကွယ်သွားသည်နှင့် လေရှူး နားကို မိထူး ကပ်လာသည်။

"မမနဲ့အစ်ကိုလေးနဲ့ ဘာဖြစ်လို့ လက်မထပ်တာလဲဟင်"

"မထပ်ချင်လို့ ..."

ဘာဖြစ်လို့မှန်းမသိဘဲ သူ့အကြောင်းမေးလိုက်တာနှင့် ဒေါသက ထောင်းခနဲ ဖြစ်သွား၏။ အလကား ... ယောကျ်ားဖြစ်ပြီး ကောက်ချိတ်ချိတ်နဲ့ မိန်းမနဲ့ မာနချင်းပြိုင်နေတာ၊ တကယ်ဆို ဘိုးဘိုးက လမ်းဖွင့်ပေးခဲ့ပေမယ့် လေရှူး တခြားမှာ ဘာလုပ်ခဲ့လို့လဲ။ သူ ဘာမှမမေးတော့ဘူးလား၊ အခန်းထဲမှာ ဖိတ်စာထုပ်ကြီးတွေ ထည့်ထားရတဲ့ကိစ္စကို ဘာမှမလုပ်တော့ဘူးလား။

အုပ်စီး ကို လေရှူး တွေ့ခဲ့တုန်းက ကိုယ့်အပေါ်မှာ အထင်မြင်သေးစွာ စတင်လာသည့်အဖြစ်ကြောင့် အုပ်စီးနှင့်ပတ်သက်ပြီး လေရှူး ရင်ထဲမှာ ဘာမှထည့်ထားခဲ့တာ မရှိ။ သူ့ကိုကျတော့ ဒီယောကျ်ားကိုမှ မြင်မြင်ချင်း မျက်လုံးထဲမှာ စွဲသည်။ သူ့ကြောင့်ပဲ ဖြစ်သလို ကြုံသလို





ဆုံးဖြတ်ရဲခဲ့၊ နေရဲခဲ့သည့် လေရှူး ဘဝမှာ ရှက်တာတွေ၊ အောက်ကျမခံချင်တာတွေ ဖြစ်လာခဲ့၏။ ဒါပေမယ့် ကိုယ့်ဘဝက သူ့အောက်အဝေးကြီးမှာ ပိပြားနေခဲ့သည်မို့ မာနတွေ ထားခဲ့မိသည်။ ရန်ဖြစ်နေရင်းနဲ့ပဲ ဂရုမစိုက်တတ်အောင် နေခဲ့ရ၏။

ထမင်းစားဖို့ကို အစကတည်းက စိတ်မပါခဲ့ခြင်းဟာ မိထူး၏ မေးခွန်းတစ်ခုနဲ့ပဲ ဒေါသတွေထပ်ဖြစ်ကာ တွေ့သမျှ ဟင်းတွေခပ်ထည့်ကာ ရောမွှေနေခြင်းသို့ ရောက်လေသည်။

"မမ ..."

"ဟင် ..."

"ဘာ ... ဘာဖြစ်လို့လဲဟင်၊ ဟင်းမကြိုက်လို့လား၊ မိထူး ဘာလုပ်ပေးရမလဲဟင်"

"မဟုတ်ပါဘူး၊ ဒေါသဖြစ်လို့၊ နင် နောက်ကို အဲဒီကိစ္စတွေ လာမမေးနဲ့"

လာမမေးနဲ့ဆိုတာတောင် မိထူးက မချိမဆန့် ပြောချင်နေသည့် မျက်နှာနှင့် လေရှူး ရှေ့မှာ ခါးလေးကိုင်းကျလာအောင် ငုံ့ကာ ...

"မမရယ်၊ မမေးနဲ့ဆို မမေးပါဘူး၊ မိထူးက အံ့သြလို့ပါ၊ မမ ဒီက ထွက်သွားတော့လေ အစ်ကိုလေးနဲ့ကြီးကြီး စကားတွေ အကြီးအကျယ်များကြတာ"

လေရှူး စိတ်ဝင်စားသွားသည်။ တစ်ဇွန်းမှ မစားဖြစ်သေးသည့် ထမင်းပန်းကန်ကို မေ့သွား၏။

"ဘာဖြစ်လို့လဲ"

"ကြီးကြီးက မမနဲ့နှာနဲ့ လက်ထပ်ရမယ်လို့ ပြောတယ်၊ အစ်ကိုလေးက မယူနိုင်ဘူးတဲ့၊ သူက ... သူကလေ ..ဟို ..."

အားတက်သရောပြောနေရင်းမှ လေရှူး ကို မဝံ့မရဲ ပြန်ကြည့်လိုက်သဲ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

"သူက မမကိုပဲ ချစ်တာတဲ့၊ ကိုယ်ချစ်တဲ့မိန်းမကိုပဲ လက်ထပ်နိုင်မယ်တဲ့"

လေရူး မျက်နှာ ဖျန်းခနဲ ပူနွေးသွား၏။ သူ ကိုယ့်ကို ပြောလိုက်တာ မဟုတ်ဘဲနဲ့တောင်မှ ရင်ထဲမှာ ဒိတ်ခနဲ လှုပ်ခတ်သွားခဲ့သည်။

"အဲဒီတုန်းကဆို 'မင်းက ပြောရဲနေပြီပေါ့' ဆိုပြီး ကြီးကြီး ငိုတော့တာပဲ၊ ဘဘကြီးနဲ့ လုံညှိပြောလဲ ရမှမရတာ၊ ဘိုးဘိုးဘေးမှာ သူ့မြေး ရှိနေပြီတဲ့၊ မမနန္ဒာကို သူမယူလဲ ဘာမှမဖြစ်ဘူး၊ လေရူး ကမှ တခြားမှာ ဒုက္ခရောက်မှာဆိုပြီးတော့ နေကုန်နေခမ်း အိမ်ကပ်တယ်ကို မရှိဘူး၊ မမကိုပဲ ရှာနေတာ၊ မမနန္ဒာဆိုလဲ အစ်ကိုလေးကို 'ကိုကို' ဆိုတာ မိုးမွှန်နေတာပဲ၊ သူနဲ့လဲ မရင်းနှီးဘဲနဲ့၊ ပြီးတော့ အစ်ကိုလေးက မျက်နှာ ကြီးတင်းတင်းနဲ့နေတာကို ခေါ်ရဲတာ အံ့ရော"

ထမင်းလည်း မျိုချလို့မရတော့ပါ။ အနည်းအကျဉ်းပဲ စားနိုင်ပြီး ထထွက်လာခဲ့မိသည်။ ဘယ်ကိုမှလည်း သွားစရာမရှိတော့ ဘိုးဘိုးကို တရားစာအုပ်ဖတ်ပြဖို့ စိတ်ကူးနှင့် ခြေဦးလှည့်ခဲ့မိစဉ် ....

"မဟုတ်ပါဘူး ဘိုးဘိုး၊ အဲဒီသဘော လုံးဝမဟုတ်ပါဘူး၊ ဂျပန်နည်းပညာပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ကျွန်တော် ဆည်းပူးချင်တာ ဟိုအရင်ကတည်းကဆိုတာ ဘိုးဘိုးလဲသိပါတယ်၊ အခုမှ သွားဖို့ဆုံးဖြတ်လိုက်တာက စက်ရုံနဲ့ကုမ္ပဏီမှာ လွှဲအပ်ခဲ့ရလောက်အောင် စိတ်ချရတဲ့ လူယုံတွေလဲ ရှိတယ်၊ လေးလေးလဲ ရှိတယ်လေ၊ ပြီးတော့ လေရူးနဲ့ ဘိုးဘိုး နွေးနွေးထွေးထွေး ပြန်ဖြစ်သွားကြပြီဆိုတော့ စိတ်လဲ အေးသွားလို့ပါ၊ အကြောင်းကြီးလဲ မဟုတ်ပါဘူး၊ အလွန်ဆုံး နှစ်နှစ်ပဲ"

"လူလေးရယ်၊ ဘယ်ဘက်မှာပဲ ခြေရာကောက်ကောက်၊ အချိန်တန်တော့ 'ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာကထွက်' ဆိုတာမျိုး၊





လူငယ်တွေက မျိုးသိပ်ကြပေမယ့် ဘိုးဘိုး နားလည်ပါတယ်၊ ဒါပေမယ့် လူလေးကို ဘိုးဘိုး ခွင့်ပြုမှာပါ၊ လွန်တာက ဘိုးဘိုးပဲလေ၊ ကျန်တဲ့လူတွေအားလုံးဟာ ဘိုးဘိုးအတွက်ပဲ အားလုံး စုပုံစွန့်လွှတ်ပြီး အနစ်နာခံခဲ့ကြတာ"

"အဲဒီလိုမဟုတ်ပါဘူး ဘိုးဘိုး၊ အခုလဲ မဖြစ်မနေသွားဖို့ မဟုတ်သေးဘူး၊ ဘိုးဘိုးစိတ်ထဲမှာ ဒီလိုထင်ထားတာကိုသိလိုက်တော့ စိတ်လဲလေးသွားပါပြီ၊ ဘိုးဘိုး စိတ်ချမ်းသာအောင်နေပါ၊ ကျွန်တော် ဂျပန်သွားဖို့ကိစ္စကို စိတ်ထဲမထားပါနဲ့တော့၊ ဒါ လက်မထပ်ဖြစ်တာနဲ့ မဆိုင်ဘူးဆိုတာ ယုံပါ၊ နောက်တစ်ချက်က အုပ်စီး တို့သားအဖလဲ နိုင်ငံခြားကို ထွက်ကြမယ်လို့ ကြားထားတယ်၊ အုပ်စီး ရဲ့ရောဂါကိုကုရင်း တခြားအကြောင်းလေးတွေပေါ့၊ အဲဒါ လေရူးသိလား၊ မသိဘူးလား ကျွန်တော် မသိဘူး"

"သိတော့လဲ အုပ်စီး က အတိတ်မေ့ဝေဒနာသည်ဖြစ်သွားပြီမို့လား၊ ပြီးတော့ ဟိုဘက်က မြေးလေးကို အထင်မြင်လွဲပြီး ပြောလား ဆိုလား လုပ်ထားကြသေးတယ်ဆို"

"ဟုတ်ပေမယ့် ချစ်တဲ့စိတ်ဆိုတာ ချစ်ကြတဲ့လူတွေနဲ့ပဲ သက်ဆိုင်တာပါ၊ အုပ်စီး အတွက် လေရူး ဆုံးဖြတ်ချင်တာ တစ်ခုခုဖြစ်လာနိုင်တယ်၊ ဒါမှမဟုတ် ခဏဖြစ်ဖြစ် တွေ့ချင်၊ ပြောချင်တာမျိုး၊ အဲဒီအခြေအနေတွေမှာ ကျွန်တော့်ကို အားနာရမှာစိုးတယ်"

လေရူး အံကြိတ်ထားလိုက်မိသည်။ သင်းက ဒီလောက်တောင် အလိုက်သိနေတယ်ပေါ့။

အခန်းရှေ့ကနေ ပြေးထွက်လာခဲ့ပြီးမှ ဝရန်တာတံခါးနားမှာ ရပ်လိုက်မိသည်။ မငိုတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့ပေမယ့် ငိုချင်လာ... ဆိုစဉ် နောက်ဘက်က လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရ...



www.burmeseclassic.com

www.burmeseclassic.com



သူ သုံးနေကျ ရေမွှေးနံ့တစ်ချက်။

လေရှုး နောက်ကို ဖျတ်ခနဲ လှည့်ရပ်လိုက်သည်။ သူနှင့်မျက်လုံးချင်းဆုံနေပြီးမှ ကျားလေးက ရှောင်လွှဲထွက်သွားဖို့ ခြေလှမ်းပြင်၏။

"ဒီမှာ ..."

သူလှည့်မကြည့်ဘဲ ခြေလှမ်းရပ်သွားသည်။

"ဖိတ်စာတွေက ဘာလုပ်ဖို့ သိမ်းထားတာလဲ၊ ကျွန်မ မမြင်ချင်ဘူး၊ မီးပုံရှို့ပစ်လိုက်ပါ"

"ဘာ ..."

ကျားလေး ဆတ်ခနဲ ဖြစ်သွား၏။ တဖြည်းဖြည်းလှည့်ကြည့်လာသည့် မျက်နှာက အံ့တကြိတ်ကြိတ်နှင့် အကြည့်တွေ စူးရဲနေသည်။

"ကောင်းပြီ၊ မင်းစိတ်တိုင်းကျစေရမယ်"

သူ့ခြေလှမ်းတွေ ခုန်လွှားသွားနေတာနှင့် တူနေပြီလား၊ ရင်ထဲမှာနာနေသည်။ ခြေထောက်နှင့် ကြမ်းပြင်မထိဘဲ လွင့်နေသလို ခံစားရ၏။ လေရှုး ရင်ထဲမှာ သူဟာ ဒီလိုနေရာမျိုးမှာ ရှိနေခဲ့မည်ဟု မထင်ခဲ့မိတာ ကိုယ့်ကိုကိုယ် အထင်ကြီးခဲ့မိခြင်းသာဖြစ်မှန်း သိလိုက်ရတော့ ရှက်ဖွယ်လိလိ။

အခန်းထဲကို ဝင်လာခဲ့တဲ့အထိ ကိုယ့်ကိုကိုယ် ကတုန်ကယင် ဖြစ်နေတာကို ထိန်းချုပ်မရနိုင်။ အလုပ်စားပွဲအံဆွဲကို ဆွဲဖွင့်လိုက်၊ အဝတ်ဗီရိုဘက်ကိုသွားလိုက်နှင့် ဘာမှလည်း မကိုင်ဖြစ်။ တကယ်က ဖိတ်စာထုပ်နှစ်ထုပ်ဟာ မှန်တင်ထားသည့် အဆင့်အောက်က အံဆွဲလေးထဲမှာဖြစ်သည်။ ဆံပင်ကိုပွတ်၍ လက်က ဆံပင်တွေထဲကိုရောက်သည်၊ ဘောင်းဘီအိတ်ထဲ ထည့်ထားမိပြီးမှ မှန်ရှေ့ကိုရောက်၏။

"မီးပုံရှို့ပစ်လိုက်ပါ"

အသံကို နားထဲမှာကြားမိရင်း ရင်ထဲမှာ ကျင်ခနဲ ထိရှသွားသည်။





ရှိတယ် လေရှုး၊ အချစ်က မင်းထင်ထားတာထက် မာနပိုကြီးတယ်။

သူ အံဆွဲကို လှမ်းဆွဲဖွင့်ကာ ဖိတ်စာထုပ်တွေကို ယူချလိုက်သည်။ ဒေါသ မာနများနှင့် ဖွေ့ပိုက်ထားလိုက်ပြီး ငုံ့ကြည့်လိုက်မိတော့ ရင်ထဲမှာဆွေးသွားသည်။ သို့သော် ....။

မီးခြစ်ကို သွားထုတ်ယူလိုက်သည်။ ခြံကျယ်ကြီး၏ နောက်ဖေးဘက်မှာ မီးရှို့မှ ဘိုးဘိုးမသိမှာမို့ အပြင်ထွက်ဖို့ ဒီဘက်လှည့်လိုက်လျှင် ...

"ဟွန့် ..."

တံခါးခပ်ဟဟဖွင့်ထားကာ တံခါးကြားမှာ ပခုံးတစောင်းမှီ၍ ရပ်ကြည့်နေသည့် လေရှုး က သူကြည့်လိုက်ကာမှ နှုတ်ခမ်းမဲ့ပစ်လိုက်ပြီး ဝင်လာသည်။

"ရှင် ခလုတ်တိုက်နေမှာစိုးလို့ လာကူတာပါ၊ ကျွန်မကို တစ်ထုပ်ပေး"

"လေရှုး ..."

လေရှုး က မျက်နှာတည်တည်လေးနှင့် သူကိုင်ထားသည့် ဖိတ်စာတစ်ထုပ်ကို ဆွဲယူလိုက်၏။ သူ ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ဘဲ လေရှုး လက်ကလေးကို ဆောင့်ဆွဲပစ်လိုက်သည်။ ဖိတ်စာထုပ်နှစ်ထုပ်က နှစ်ယောက်ရင်ခွင်ထဲကနေ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျကုန်လေသည်။

"မင်း ... မင်း ဘာလုပ်တာလဲ၊ ငါ့ကို တမင်ပညာပြနေတာလား၊ အဲဒီလောက်ထိ တကယ်ကို ပြတ်သားနိုင်တာလား၊ မထိတထိနဲ့ ရိမနေနဲ့ လေရှုး၊ အဲဒီပညာတွေ ငါ မကျွမ်းကျင်ဘူး"

"ဩော် ... ကျွန်မကတော့ ကျွမ်းကျင်နေတယ်ပေါ့"

"မသိဘူး၊ မင်းရင်ထဲမှာ ဘာတွေရှိနေမှန်း ငါ ဘယ်လိုမှမခန့်မှန်းနိုင်လို့ ငါ ရူးချင်နေတာ၊ အခု မေးပြီ၊ ပြော ... မင်း .. လင်းအုပ်ဇင်းနဲ့ ချစ်ခဲ့ကြသလား"

လေရှုး အံကြိတ်ထားလျက် နှုတ်ခမ်းတွေကို မရမက ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဓါ။ ဖြေသင့်တာရော၊ ပြောချင်နေတာတွေရော၊ မဖြေမိအောင် နေမည်။ ဘယ်တော့မှ မပြောမိအောင် နေရမည်။

ကိုယ်က သူ့ရှေ့ကိုသွားမှ ဒီလိုမေးခွန်းကြုံမေးတာကို မဖြေနဲ့ လေရူး။

"လေရူး ... မင်းဖြေလေ၊ ငါ မင်းကို မထင်ခဲ့ဘူး၊ အုပ်စီး လိုကောင်ကို မင်း အလွယ်တကူ ယုံကြည်သွားမှာမဟုတ်ဘူးလို့ ထင်ခဲ့တာ၊ သူ့ရဲ့ စကားတစ်ခွန်းနဲ့ ငါ့ရဲ့စကားတွေအများကြီးက အဲဒီလောက်တောင် တန်ဖိုးကွာသွားသလား"

"ရှင် သူများကို မစော်ကားနဲ့၊ ကျွန်မမှာ သူပေးတဲ့အသက်ပဲ ရှိတော့တာ"

"ဩော် ..."

ကျားလေးက ဖိဆုပ်ထားသည့်လက်ကို လွှတ်၍ ခါးနှစ်ဖက်ထောက်သည်။ ပြီးတော့ ခေါင်းညိတ်၍ ...

"ထားလိုက်ပါ။ ငါလိုကောင်တောင်မှ ရူးချင်နေတာ၊ သူများက ချစ်တတ်လာတာလဲ ငါယုံတယ်၊ ဒါပေမယ့် မင်းယုံလိုက်တာ မြန်လွန်းပါတယ်၊ ငါ မင်းအတွက် ဘယ်လောက်ထိ မီးတောက်သွားခဲ့ရသလဲ မင်းသိလား၊ သူချစ်တာကိုကျတော့ မင်း အသိအမှတ်ပြုတယ်၊ ငါချစ်တာကိုကျတော့ မင်း မမြင်ခဲ့ဘူးပေါ့"

လေရူး က 'ဘာ' ဆိုသည့်စကားကို မဲ့ရွဲ့ခါးထောက်ပြီးပြောဓါ။

"သူက ကျွန်မရဲ့ခြေရင်းမှာ ဝပ်စင်းပြီး ခယတောင်းဆိုခဲ့တာ။ ဒါ ဟိုတုန်းကတည်းကပဲ၊ ဂရုမစိုက်ခဲ့တာက ကျွန်မ၊ ရှင် ကျွန်မကို ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ ပြောခဲ့ဖူးသလား၊ ဟွန်း ... ရှင်က မာနမင်းသားကြီးပဲ"

ကျားလေး မျက်နှာ တင်းခနဲ ဖြစ်သွားဓါ။ လေရူး က ဒါကိုပဲ နာကြည်းသည့် ရှုံ့မဲ့မဲ့အကြည့်နှင့် ကြည့်ကာ ...





"ကျွန်မက မချစ်နိုင်ရင်တောင်မှ သူက ချစ်နေခွင့်ရရင်ကျေနပ်ပါပြီဆိုပြီး ဖွင့်ဟတောင်းခံခဲ့တာ"

"ဆောရီးပဲ လေရူး၊ အချစ်ရဲ့ဖလှယ်ရဂုဏ်သတ္တိမှာ ငါသိထားတာ အဲဒီလိုမဟုတ်ဘူး၊ မချစ်ဖူးခဲ့တဲ့ ငါ့အသည်းနှလုံးက မာနကြီးတာတော့ အမှန်ပဲ၊ ဒါပေမယ့် မင်းပြောတဲ့မာနမျိုးမဟုတ်ဘူး၊ ငါ့ရင်ထဲကဖြစ်လာတဲ့ အချစ်ကိုတန်ဖိုးထားလို့ ဆက်တွဲပါလာတဲ့မာနပဲ၊ ဘယ်သူ့ကိုမှ နည်းနည်းများများ အမျိုးအစားခွဲပြီး ငါမချစ်ခဲ့ဖူးဘူး၊ တစ်သက်မှာ တစ်ယောက်၊ အချစ်က တစ်ချစ်ပဲ၊ ကိုယ်ပေးသလောက်ပဲ အချိုးတူပြန်လိုချင်တာ ငါ့အတ္တများသွားသလား၊ ဝတ္တုဆန်ဆန် စကားတွေနဲ့ လှည့်ပတ်ဖွဲ့ချမယူတတ်တာတော့ ရှင်းရှင်းပဲ မင်းနဲ့ငါ့ကြားမှာ အရှင်ထို့ ငိုတောချဲ့ဖို့ ဘယ်သူစိတ်ကူးယဉ်နိုင်ခဲ့သလဲ၊ ကိုယ်နဲ့လက်ထပ်ဖို့ သေချာနေတဲ့ မိန်းမတစ်ယောက်ကို ကိုယ့်ရင်ထဲမှာကြိတ်ပြီး မြတ်နိုးနေခဲ့တယ်၊ မင်းနဲ့ပတ်သက်ပြီး စိုးရိမ်တတ်လာတာ၊ လိုက်လျောချင်လာတာ၊ မင်း ဘာပြောပြော ဒေါသဖြစ်လို့မရတော့တာ အားလုံး ကိုယ့်ဘက်က ထူးထူးခြားခြား ခံစားခဲ့ရတဲ့အချစ်တွေပဲ၊ အဲဒီခံစားချက်မျိုး ကိုယ့်တစ်သက်မှာ ဒီတစ်ခါ ပထမဆုံးပဲ၊ လက်ထပ်ပြီးသွားရင် မင်းအတွက် ကိုယ့်အချစ်တွေအကုန်လုံး နောက်ဆုံး ပုံအပ်မယ်လို့ ရည်ရွယ်ထားခဲ့တာလဲ ကြိုပြောထားဖို့ လိုသလား"

စကားတွေ အများကြီးပြောချလိုက်ပြီးမှ သူ ပင့်သက်ရှိုက်သည်။ လေရူး ၏နောက်ကို လျှောက်သွားမလို့ခြေလှမ်းပြီး ရှေ့မဆက်ဖြစ်တော့ဘဲ ဘေးမှာရပ်ဓါ။

"မှန်ပါတယ်၊ မိန်းမတစ်ယောက်ဆီက အချစ်ကိုရဖို့ ငါ ပညာမစုံပါဘူး၊ ငါ့ပုံစံ၊ ငါ့ရဲ့စိတ်ဓာတ်ကို မာနကြီးတယ်လို့ မင်းယူဆပြီး ခေါက်ထားခဲ့လိုက်တာ သဘာဝကျပါတယ်၊ ဒါပေမယ့် မင်းကြိုက်သလို ယူဆ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်သလို နေလို့ရတယ်၊ ငါက မနေတတ်ဘူး၊ အထူးသဖြင့် မင်းရှိနေတဲ့အရပ်မှာ ဟန်ဆောင်မပြုံးနိုင်တဲ့ ငါ့အတွက် နေရာအရမ်းကျဉ်းတယ် လေရှူး"

"ဒါက ရှင် ပြည့်ဝဖို့ကြိုးစားပေါ့၊ ယောကျ်ားပဲ၊ မိန်းမထက် သည်းခံနိုင်မှ ပိုရမယ်၊ မျိုသိပ်နိုင်ရမယ်"

"မပြည့်ဝဘူး၊ အချစ်ကြောင် ကြောင်ပြီး ငါ မိုက်တိမိုက်ကန်းတွေ လုပ်ချင်နေတာ၊ မင်း ... မင်းကို ငါ ထပ်မေးမယ်"

ထပ်မေးမယ်ဆိုပြီး သူ ငြိမ်ကျသွားတော့ လေရှူး က မျက်လွှာလေး ပင့်ကြည့်သည်။ ဒီနေ့ကျမှ ဟိုတုန်းကပုံစံလေးလို ဆံပင်နှစ်ဖက်ခွဲ၍ မြင့်မြင့်လေး စည်းထားကာ တီရှပ်အစင်းကျားအဖြူလေးနှင့် ဒူးဖုံးရုံ စကတ်အဖြူကျပ်ကျပ်လေးကို လေရှူး ဝတ်ထား၏။

မျက်နှာလေးကလည်း မှုန်ညက်နေသည်။ နှုတ်ခမ်းနီညိုညစ်ညစ်က မျက်နှာဖွေးဖွေးလေးမှာ ဖူးအိပြည့်တင်းလျက်။ လေရှူး တစ်ကိုယ်လုံးကို ဝေ့ခနဲတစ်ချက်ကြည့်ပြီး မျက်နှာလေးထက်မှာ သူ့မျက်လုံးတွေ ငြိမ်သက်ရပ်တန့်သွား၏။ မျက်တောင်ကော့ကော့လေးတွေနှင့် မျက်ဝန်းညိုလေးကို သူ စူးစိုက်ကြည့်မိရင်း ...

"မင်း ... အုပ်စိုးကို မချစ်ခဲ့သေးဘူးမို့လား"

လေရှူး ရွှံ့လိုက်ချင်သေးသည်။ ဒါပေမယ့် ပြောလို့မထွက်တော့ပေ။ ဒီလူ မနူးညံ့တတ်တာကို သူမ သိသည်။ သူ့ထံမှ နူးညံ့နွေးထွေးခြင်းကို ကိုယ့်ဘက်က လမ်းခင်းကြိုဆိုမှုမပြုဘဲ ဆင်းလျှောက်လာဖို့မလွယ်။

"ဖြေလေ"

ကျားလေး က လေရှူး ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ့ဘက် လှည့်ယူလိုက်၏။ လေရှူး ကိုယ်လေး ယိမ်းယိုင်သွားပြီးမှ သူ့ရှေ့တည့်တည့်ရောက်၏။





"အုပ်စိုးအတွက် မေးတာလား၊ ရှင့်အတွက် သိချင်တာလား"

သူ စကားပြောမှားသွားပြီကို ကျားလေး သိလိုက်သည်၊ ဒါပေမယ့် ...

"အုပ်စိုး နဲ့လက်ထပ်ဖို့ကို မင်းကိုယ်တိုင်ဆုံးဖြတ်ခဲ့တာ၊ အဲဒီဆုံးဖြတ်ချက်ကို ငါ နားလည်ချင်တယ်"

"သေလိုက်တော့"

လေရှူး သူ့လက်တွေကို ဆတ်ခနဲပုတ်ချကာ လှည့်ပြေး၏။ ကျားလေး က အတင်းပြန်ဆွဲသည်။

"ဖယ်နော်"

သူ့ရင်ဘတ်ကို တွန်းသည်၊ လက်သီးဆုပ်နှင့် ထုပစ်မိ၏။ ရှင်ကြီးကို မုန်းတယ် ...။

ရှုပုပ်ပုပ် ရဲတွတ်နေသည့် ပါးပြင်လေးတွေကို ငုံ့မိုးကြည့်မိရင်း ကျားလေး သဘောပေါက်သွား၏။ ရင်ထဲမှာ နေ့ခင်းကြောင်တောင်ကြီးမှာ လမင်းသာသွားခဲ့သည်။ ထုနက်ရုန်းကန်နေသည့် လက်ကလေးတွေကို သိမ်းချုပ်၍ နမ်းမိသည်။ ပြီးတော့ တစ်ကိုယ်လုံးကို ပွေ့ယူသိမ်းထားလိုက်ကာ ...

"မင်းကို သိပ်ချစ်တာပဲ လေရှူးရယ်"

မျက်တောင်ဖျားလေးတွေ စင်းချလျက် ရှက်ပြုံးလေး လူးလွန့်လာသည့် နှုတ်ခမ်းလေးတွေကို သေချာအောင်မေးဖို့ ရှေ့တိုးကပ်သည်။ ထို့နောက် လေရှူး ကို ပွေ့ဖက်ထားရင်း အခိုးအငွေ့တွေဖြစ်သွားခဲ့သလို ရင်ထဲမှာ ကျင်ခနဲအေးစက်သွား၏။

အချစ်က ချိုတာလား။ နှုတ်ခမ်းလေးတွေက ချိုတာလား၊ ဘာမှန်းမသိပေမယ့် ချိုနေသည်။ တစ်ခုခုတော့ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၈)

"မိန်းမရေ ... ဘာလုပ်နေတာလဲကွ၊ အပြင်မှာ မင့်သား ဘိုးဘိုး ပေါ်မှာ ရှူးရှူးတွေပန်းချလို့ ဘိုးဘိုးအော်နေပြီ"

လေရှူး ထိုင်နေတာကို အမှတ်တမဲ့နှင့် ပြောရင်းဝင်လာကာ နောက်ကနေ သိမ်းဖက်ထားလိုက်မိသည်။ လေရှူး က သူဖက်လိုက်သည့်လက်တွေပေါ်မှာ ထပ်အုပ်ကိုင်ပြီး နောက်ပြန်လေးမော့ကြည့်၏။ ပြီးတော့ မျက်ဝန်းလေးတွေက မော်နီတာပေါ် ပြန်ရောက်သွားလေသည်။

"ဟင် ..."

သူ့မျက်လုံးတွေလည်း အင်တာနက်မှာ ပေါ်နေသည့် စာလုံးတွေဆီရောက်သွား၏။

"E-mail ဘယ်သူပို့တာလဲ"

လေရှူး မဖြေပါ။ သူ့လက်ခုံကို လက်ဖဝါးနုနုလေးနှင့် ခပ်တင်းတင်းဖိဆုပ်ထားလိုက်ပြီး 'ဖတ်ကြည့်'လို့ ပြောသည့်နှယ်။

သူလည်း လေရှူး ကို ဖက်ထားလျက်ကနေ နောက်ကနေ ဖတ်ကြည့်လိုက်မိ၏။

"ကွန်ဂရက်ကျူလေးရှင်း လေရှူး ...

မင်းမှာ သားတစ်ယောက်ရနေပြီနော်၊ ကိုယ် ဒီနေ့မနက် ဆယ်နာရီမှာ ကံဆိုးမိုးမှောင်ကျပြီး အတိတ်ကို ပြန်သတိရခဲ့တယ်၊ ရောဂါပျောက်တယ်ဆိုတာ ကိုယ့်အတွက်ကတော့ ကံဆိုးတာပါ။ ဒီတိုင်း တစ်သက်လုံး ဆက်မေ့သွားခွင့်မရခဲ့တာ မင်းနဲ့ကျားလေးအတွက်လဲ မကောင်းဘူး။

ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ကိုယ့်အတွက် မရှိရင်မဖြစ်တဲ့ မိန်းမတစ်ယောက်၊ မင်းတို့အတွက် ရက်တွေ၊ လတွေ အများကြီးကျန်ခဲ့ပြီးပေမယ့် ကိုယ့်အတွက်ကတော့ မနေ့ကနဲ့ ဒီနေ့ပဲလေ၊ မြတ်နိုးခွင့် ဆိုတာ သက်ရှိသက်မဲ့ ဘာကိုဖြစ်ဖြစ် ကိုယ်က မြတ်နိုးခွင့်ရှိတယ်၊ ကိုယ်ပြောခဲ့ဖူးသားပဲ၊ မင်းမတုံ့ပြန်နိုင်ရင်လဲ ကိုယ်က ချစ်နေခွင့်ရရင် ကျေနပ်တယ်ဆိုတာ၊ အချစ်မှာ နူးညံ့ခြင်းတွေပါလာရင် အဲဒါ မြတ်နိုးခြင်းပဲ မင်းအတွက် ကိုယ် မစူးရက်၊ မပန်ရက်နဲ့ အများကြီးနူးညံ့ခဲ့တယ် လေရှူး၊ အဲဒါ မြတ်နိုးလွန်းလို့ပဲ၊ ကိုယ့်ဘက်က မြတ်နိုးခွင့်ရှိတယ် ဆိုပိုင်ခွင့်တွေလဲ အများကြီးရှိသေးတယ်၊ ကျားလေးကို ပြောလိုက်စမ်းပါ။ လင်းအုပ်စိုး က စိန်ခေါ်တယ်လို့ ပွဲလန့်တုန်း ဖျားခဲ့တယ်ဆိုတာ အရှက်မရှိမှုဖြစ်တာ၊ ကြောင်သူတော်ရုပ်နဲ့ မရဲတရဲလုပ်တာ ရှက်စရာကြီးပါ။ ကိုယ် မြန်မာပြည်ကိုပြန်ရောက်တာနဲ့ မင်းတို့ဆီကို လာမယ်၊ လက်ဖွဲ့ပစ္စည်းလေးနဲ့ မျက်ရည်ခံထိုးဖို့မဟုတ်ဘူး၊ ကိုယ်ကျခဲ့တဲ့ မျက်ရည်တွေအတွက် အစားပြန်ယူမှာ၊ ဒီ့ထက်ရှင်းအောင်ပြောမယ်၊ မင်း ဘယ်ကောင့်ရင်ခွင်ထဲမှာမှ ငြိမ်းချမ်းခွင့်မရှိဘူး၊ ကားအက်ဆီးဒင့်မှာ ကိုယ်မသေခဲ့တာ မင်းအတွက် ဝမ်းနည်းစရာပဲ၊ နောက် ငါးရက်အတွင်းမှာ ပျော်နိုင်ပါစေ ...။

မြတ်နိုးခွင့်နဲ့

*လင်းအုပ်စိုး*

"မောင် ..."

လေရှူး နေရာမှ ထိတ်လန့်ဟန်လေးနှင့် ထရပ်လိုက်၏၊ ပြီးတော့







BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေဖက်ထားသည့် သူ့လက်တွေကို ဖယ်ချပြီး ရင်ဆိုင်လှည့်ရပ်သည်။

"ဘယ်လိုလုပ်ကြမလဲဟင်"

ဆံနွယ်တွေ ဖြန့်ချလျက် အဝါရောင်ဝတ်စုံလေးအတိုင်း ဝင်းနှစ်နေသည့် တစ်သားမွေး တစ်သွေးလှ ဖြစ်နေသော ချစ်ဇနီးလေးကို ကျားလေး နှစ်သိမ့်ပြုံးနှင့် ကြည့်၏။ ပြီးတော့ ပါးလေးတစ်ဖက်ကို တယုတယ ပွတ်သပ်ပေးရင်း တစိမ့်စိမ့်ကြည့်၍ ...

"ဘာလုပ်စရာလိုလို့လဲ"

"လေရှူး သူ့ကိုချစ်ခဲ့တာမဟုတ်ဘူး၊ လေရှူး လေ ... လေရှူး မောင့်ကို သိပ်ချစ်တာ"

"လေရှူးရယ်"

သူ လေရှူး ကိုယ်လေးကို ခါးလေးကနေ တင်းကျပ်စွာ ဖက်ထားလိုက်၏။ ဘယ်အချိန်ဖြစ်ဖြစ် ရင်ခုန်နေဆဲရှိသည့် ချစ်တဲ့စိတ်က မျက်နှာလေးတစ်ပြင်လုံးကို မြတ်နိုးမဝစွာ နမ်းရှိုက်ပြီးမှ သက်ပြင်းချဖြစ်မြဲ။

ဒီမိန်းကလေးကို သားလေးတစ်ယောက်ရနေတာတောင် သူ့မျက်စိအောက်က အပျောက်မခံနိုင်။ ဘဝမှာ အလှအပတွေ ဝေဆာစွာ ဖူးပွင့်ခဲ့တာဟာ သူ့မ ရှိနေလို့ပဲဖြစ်၏။

"မစိုးရိမ်ပါနဲ့ လေရှူး ရယ်၊ လေရှူး ကို မောင်ယုံတယ်၊ သူက မင်းနဲ့ မောင့်ရဲ့ သဝန်တိုစိတ်တွေကို နှိုးဆွပြီး ဒုက္ခပေးချင်ပေးမယ်၊ "ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်" တဲ့၊ အဲဒီဆောင်ပုဒ်လေးကို မောင်တို့အတွက် မှတ်ထားလိုက်၊ သားလေးလဲ ရှိနေပြီလေ၊ တကယ်လို့ မောင်တို့ စိတ်ဆိုးရန်ဖြစ်ကြတဲ့အထိ သူက တတ်နိုင်ပြီဆိုရင်လဲ လေရှူးနဲ့မောင် ကတိတစ်ခု ထားမယ်"

"ဘာလဲ မောင်"





"ဘယ်လောက်စိတ်ဆိုးဆိုး၊ ရန်ဖြစ်ဖြစ်၊ ကွဲဖို့ကွာဖို့ မပြောကြေး"

"မောင်ပဲ ဒေါသကြီးတာ"

"ခင်ဗျားလေးကရော၊ မာနအိုးလေး မဟုတ်ဘူးလား"

"မောင်နော်"

"အကောင်က ပညာတော်တယ်ကွ၊ တော်ကြာ လေရှူး က မောင့်ကို ..."

"ကြည့်ပါလား ...ခုတည်းက ပြောပြီ"

လေရှူး ငိုတော့မလိုလေးဖြစ်သွားမှ အတင်းပြန်ချော့ရသည်။ ထွေးပိုက်ထားမိသည့် ကိုယ်လုံးလေးက နွေးအိနူးညံ့နေသည်။ သူ့ခါးကို ပြန်ဖက်ထားပြီး ရင်ခွင်ထဲမှာ မှေးမှိန်နေသည့် လေရှူး ၏ဆံနွယ်တွေကို သူ သိမ်းယူနမ်းရှိုက်နေမိ၏။ မျက်လုံးထဲမှာ စာတွေက ဒီတိုင်းရှိနေခဲ့၏။

"ကိုယ့်ဘက်က မြတ်နိုးခွင့်ရှိတယ်" တဲ့။ မင်း သေချာစဉ်းစားကြည့်ဖို့ကောင်းတယ် အုပ်စိုး ...။ အချစ်နဲ့မြတ်နိုးခြင်း ဘယ်လိုတော်စပ်သလဲ ဆိုတာ မင်း သေချာသိရဲ့လား။

တကယ်တော့ မြတ်နိုးခွင့် ဆိုတာ .................။

# လရောင်ကျူးရင့်

ဝေဖန်အကြံပြုစာများကို'
ရွှေသမင်စာပေ
အမှတ် (၁၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com